


# ကောရိမဟုရား

( ရတနာပုံနန်း၏ အတွင်းရေးဇာတ်သိမ်းများ )

## တက္ကသိုလ်ဘုန်းနိုင်

စတုတ္ထအကြိမ်

ကောရိမပုရား
(ရတနာပုံနန်း၏ အတွင်းရေးဇာတ်လမ်းများ)
**တက္ကသိုလ်စိန်တင်**

**စာမူခွင့်ပြုချက်အမှတ်** [၃၁၀၀၆၆၀၅၀၈]

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** [၃၁၀၀၉၆၀၅၁၂]

**မျက်နှာဖုံးပန်းချီ** ◆ ပန်းချီဝသုန်

**ထုတ်ဝေသည့်လ** ◆ ပထမအကြိမ်၊ ချင်းတွင်းစာအုပ်တိုက်
၁၉၇၅-ခုနှစ်၊ ဩဂုတ်လ၊ အုပ်ရေ(၂၀၀၀)
ဒုတိယအကြိမ်၊ ဉာဏ်လင်းစာအုပ်တိုက်
၁၉၇၇-ခုနှစ်၊ ဇူလိုင်လ၊ အုပ်ရေ (၂၀၀၀)
တတိယအကြိမ်၊ တက္ကသိုလ်များ
သမိုင်းသုတေသနဦးစီးဌာန
၂၀၀၂-ခုနှစ်၊ ဒီဇင်ဘာလ၊ အုပ်ရေ(၂၀၀၀)
စတုတ္ထအကြိမ်၊ တက္ကသိုလ်များ
သမိုင်းသုတေသနဦးစီးဌာန
၂၀၀၆-ခုနှစ်၊ ဖေဖော်ဝါရီ၊ အုပ်ရေ(၂၀၀၀)

**ထုတ်ဝေသူ**
ဦးဘသောင်း၊ ညွှန်ကြားရေးမှူး
တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာန
ရန်ကုန်တက္ကသိုလ်ဝင်း၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်သူ**
ဦးကြည်ဝင်း၊ တက္ကသိုလ်များပုံနှိပ်တိုက်
သထုံလမ်း၊ ရန်ကုန်တက္ကသိုလ်ဝင်း၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပုံနှိပ်**
ဦးတိုးဝင်း(၀၂၄၃၁) နေလရောင်အော့ဖ်ဆက်
(၉၆/ခ)၊ ၁၁ လမ်း၊ ရန်ကုန်မြို့။

**စာအုပ်ချုပ်** ◆ ပပစိုး၊ ဦးစိုးမြင့်

**တန်ဖိုး** ◆ ၂၄၀၀ ကျပ်

# ကောရိမပုရား

(ရတနာပုံနန်း၏ အတွင်းရေးဇာတ်လမ်းများ)

## တက္ကသိုလ်စိန်တင်

**တက္ကသိုလ်များသမိုင်းသုတေသနဌာန**

ပြည်လုံးကျွတ်ဖြန့်ချိရေး
**အားမာန်သစ်စာပေ**
အမှတ် ၅၁၊ မန္တလေးလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၅၁၉၂၃

ချစ်သားလည်ရွှဲ၊ ဝမ်းဝယ်စွဲလော့
စိန်ကဲရွှေကဲ၊ ဤနှစ်ကဲထက်
မိန်းမကဲခတ်၊ လွန်ခဲကတ်၏
ယုတ်မြတ်ကောင်းဆိုး
ဖြောင့်ရိုးကိစ္စ၊ သဘာဝဖြင့်
မိန်းမအလို၊ သဘောကိုလျှင်
ထဲသိရိုက်ထား၊ ရေ၌ငါးသို့
ထင်ရှားဘယ်ခါ၊ မသိရာဘူး။

မဃဒေဝ လင်္ကာသစ်

## တက္ကသိုလ်စိန်တင်၏ စာအုပ်များ

၁။ နှင်းမှုန်ကြားမှ တပ်နီတော်
၂။ ကမ္ဘာ့ငြိမ်းချမ်းရေး ဗိသုကာ ဦးသန့်
၃။ ဟစ်တလာ၏ သစ္စာဧကရီ
၄။ ၁၉၄၅ မြန်မာနိုင်ငံ ဖက်ဆစ်တော်လှန်ရေးသမိုင်း
၅။ ရဲဘော်သုံးကျိပ်မော်ကွန်း
၆။ ငွေခေါးဗိုလ်
၇။ အန္တရာယ်တောင်ကြား
၈။ နွေမင်းသားနှင့် ဆောင်းဧကရီ
၉။ ကံ့ကော်မြိုင်တန်း လွမ်းပန်းဝေဝေ
၁၀။ နန်းကျဘုရင်သီပေါ
၁၁။ အကျဉ်းခံသီပေါ
၁၂။ မင်းတုန်းမင်း၏ နောက်ဆုံးနေ့များ
၁၃။ မြန်မာ့နိုင်ငံရေးဇာတ်ခုံမှ စောစံဖိုးသင်
၁၄။ ၁၉၇၃ အာရပ်-အစ္စရေး သဲကန္တာရစစ်ပွဲ
၁၅။ ဗိုလ်ကြီးအောင်ဆန်းသူရိယတိုက်ချွန်း
၁၆။ ဧကရီစုဖုရား
၁၇။ မုန်တိုင်းဗိုလ်ရဲဒင်
၁၈။ အိုဘယ့်အနော်ရထာ
၁၉။ ပုဂံမှာကျန်စစ်သား
၂၀။ ဗိုလ်မှူးအောင်ဆန်းသူရိယအေးချို
၂၁။ သိင်္ဂီဆောင်အခန်းအမှတ် (၃)
၂၂။ မိန်းမချောကလေးများ မချစ်ရ
၂၃။ ထို့ကြောင့် မိန်းမဟုခေါ်သည်
၂၄။ စတီရိယိုမင်းသမီး
၂၅။ ကျွန်တော်တို့အမေ
၂၆။ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲနှင့် သခင်ဗစိန်
၂၇။ ပခုက္ကူဦးအုံးဖေ (ဘဝခရီးနှင့် အောင်မြင်နည်း အတွေ့အကြုံများ)
၂၈။ ဆိုဗီယက်ယူနီယံပြိုကွဲခြင်း
၂၉။ မြန်မာ့တော်လှန်ရေးအာဇာနည် ပုဂံဗိုလ်ချို
၃၀။ ပုဂံရှာပုံတော် (၁) (နရသီဟပတေ့မင်း၊ မိဖုရားစောလုံနှင့် မိဖုရားဖွားစော)
၃၁။ မြင်ကွန်းနှင့် ကနောင်
၃၂။ ပုဂံရှာပုံတော် (၂) (အနန္တသူရိယ၊ နရပတိစည်သူမင်းနှင့် ဝေဠုဝတီမိဖုရား)

# မာတိကာ


| | | | |
|---|---|---|---|
| – | တတိယကြိမ် ပုံနှိပ်ခြင်းအတွက် အမှာ | ... | ၁၁ |
| – | စာရေးသူ၏ အမှာစာ | ... | ၂၃ |
| ၁။ | သွေးစွန်းခဲ့သော သမိုင်းစာမျက်နှာ | ... | ၂၇ |
| ၂။ | စုဖုရားဆိုသော စုဖုရား | ... | ၃၉ |
| ၃။ | တစ်ကွက်မှားသော ‘ကျား’ နှင့် နိုင်ငံတော် | ... | ၆၂ |
| ၄။ | ရှင်ဘုရင်နှင့် တစ်လင်တစ်မယားစနစ် | ... | ၉၀ |
| ၅။ | ရွှေဓားနှစ်လက်က ပြောသော အချစ်ဇာတ်လမ်း | ... | ၁၁၇ |
| ၆။ | ရနောင်မင်းသား၏ ဂြိုဟ်ဆိုးကြမ္မာ | ... | ၁၄၉ |
| ၇။ | ဆေးရောင်မှိန်လာသော ပန်းချီကား | ... | ၁၇၁ |
| ၈။ | ရတနာပုံနေပြည်တော်၏ နေဝင်ချိန် | ... | ၁၉၈ |
| ၉။ | ရတနာပုံမှ ရတနာဂီရိသို့ | ... | ၂၁၈ |
| ၁၀။ | **ဧကရီစုဖုရား၏ နောက်ဆုံးနေ့များ** | ... | ၂၄၅ |
| – | **မှီငြမ်းပြုသောစာအုပ်များ** | ... | ၂၅၉ |

# သမိုင်းဝင် ဓာတ်ပုံများ



ပုံ(၁)။ နိဗ္ဗာန်ဆုမှန်းမျှော်ရည် မာရ်အောင်ရတနာမြတ်စေတီ
မန္တလေး ရတနာပုံနေပြည်တော် သီပေါဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီး စုဖုရားလတ်တို့၏ ကုသိုလ်တော်၊ မာရ်အောင်ရတနာစေတီ (ပြင်ဦးလွင်သွားကားလမ်းဘေးတွင်ရှိ၍ ဒေသအခေါ် ဘွဲ့မည် ဝါခင်းကုန်းဘုရား)



**ပုံ(၂)။ မဟာလောကရန်နိမ့် စေတီတော် အကြိမ်ကြိမ်မြော်ဖူး**

မန္တလေး ရတနာပုံနေပြည်တော် အရှေ့ပြင်ရှိ သီပေါဘုရင်မင်းမြတ် နံတော်သင့် တည်ထားခဲ့သော မဟာလောကရန်နိမ့်စေတီတော် မုခ်ဦး။ (ဒေသအခေါ်ဘွဲ့မည် အောင်တော်မူဘုရား)




**ပုံ(၃)။ အောင်မြင်ရာ အောင်မြင်ကြောင်း ဆုတောင်းကြမြတ်စေတီ**

သီပေါဘုရင်မင်းမြတ် နံတော်သင့် မဟာလောကရန်နိမ့်စေတီ။ အဓိဋ္ဌာန်ပြုပုတီးစိပ် ဆုတောင်းသူများဖြင့် နေ့စဉ်စည်ကားလျက်ရှိသည်။




**ပုံ(၆)။ နှစ်ပါးအရှင် ချစ်ကြင်ကြ ရာသက်လုံး**

ရတနာပုံနေပြည် ဒုတိယနန်းစံ သီပေါဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီး စုဖုရားလတ်တို့၏ နှစ်ပါးယှဉ်တွဲ ဆေးရောင်စုံပန်းချီကား



**ပုံ(၇)။ ကျုံးရေနှင့်နန်းမြို့သဘင် ဆင်းသွင်က ပဏ္ဏာတင့်**

မန္တလေး ရတနာပုံနေပြည်တော် ကျုံးနှင့် နန်းမြို့။ ဤကျုံးအတွင်း ကရဝိတ်ဖောင်တော်ဖြင့် အရှင်နှစ်ပါး အပူဇော်ခံအပြီး၊ ရနောင်မောင်မောင်တုတ် ပြသနာ ပေါ်ခဲ့သည်။



ပုံ(၇)။ ခေတ်အတွေးခေတ်အမြင်၊ လှယဉ်တဲ့ သည်မြတောင်

မန္တလေး ရတနာပုံနေပြည်တော် မိဖုရားခေါင်ကြီး စုဖုရားလတ်၏ ကုသိုလ်တော် မြတောင် ကျောင်းတိုက်အတွင်းမှ၊ ခေတ်အမြင်ဖြင့် ပြုပြင် တည်ဆောက်ထားသော ကျောင်းဆောင်





ပုံ(၉)။ မြတောင်တိုက်ကျက်သရေ တင့်ရှန်းဝေအမြင်ခံ့

မန္တလေး ရတနာပုံနေပြည်တော် မိဖုရားခေါင်ကြီး စုဖုရားလတ်၏ ကုသိုလ်တော် မဏိရတနာရာမ မြတောင်တိုက်၏ ကျက်သရေ တင့်လှသော မုခ်ဦးသစ်




**ပုံ(၁၀)။ ယခုအခါ ရှုစရာ တစ်ခုသာ ကျန်တော့သည်**

မန္တလေး ရတနာပုံနေပြည်တော် မိဖုရားခေါင်ကြီး စုဖုရားလတ်၏ ကုသိုလ်တော် မဏိရတနာရာမ မြတောင်တိုက်မှ မပြိုမပျက် ကျန်နေခဲ့သော ရှေးဟောင်း လှေကားကြီး





**ပုံ(၁၁)။ ခမည်းတော် မင်းတုန်းဘုရင် ဘုန်းသွင်ကာအလွန်ထူး**

မိဖုရားခေါင်ကြီး စုဖုရားလတ်၏ ခမည်းတော် ပဥ္စမ သံဂါယနာတင် မင်းတုန်း ဘုရင်မင်းမြတ်၊ ဤမင်းတရား၏ ရာဇပရိယာယ် ကြွယ်ဝမှုကြောင့် နယ်ချဲ့တို့ မန္တလေးနေပြည်တော်ကို ၂၅ နှစ် တိတိ လက်ရှောင်နေခဲ့ ရသည်။



ပုံ(၁၂)။ နန်းမြို့တွင်းက သင်္ချိုင်းတော် သမိုင်းကျော် သာဓကေ
မိဖုရားခေါင်ကြီး စုဖုရားလတ်၏ ခမည်းတော် မင်းတုန်းမင်းတရားကြီး၏ သင်္ချိုင်းတော်။ မန္တလေး ရတနာပုံနေပြည် နန်းမြို့အတွင်း၌ ရှိသည်။ တိုင်းနိုင်ငံကို ၂၅ နှစ်တိုင် ဖွံ့ဖြိုးတိုးတက် ငြိမ်းချမ်းအောင် ကြိုးပမ်းခဲ့သော သာသနာ့ ဒါယကာ မင်းတုန်းမင်းတရား၏ သမိုင်းဝင် ဆောင်ရွက်မှုများကို ယနေ့ထက်တိုင် မမေ့တဲ့နိုင်။




ပုံ(၁၃)။ ဆင်ဖြူမရှင် မိဖုရား၊ ထားခဲ့တဲ့ သမိုင်းရာဇဝင်
မိဖုရားခေါင်ကြီး စုဖုရားလတ်၏မယ်တော် ဆင်ဖြူမရှင် မိဖုရား၏ သင်္ချိုင်းတော် မန္တလေးနန်းမြို့တွင်း၌ ရှိသည်။ နန်းမတော် မယ်နု သမီး ဆင်ဖြူမရှင် မိဖုရားကလည်း သမီးတော် မိဖုရားခေါင်ကြီး စုဖုရားလတ် ကဲ့သို့ပင် သူ့သမိုင်းကို သူရေးခဲ့သည်မှာ...



**ပုံ(၁၄)။ စုဖုရားလတ်ရှာပုံတော် ကျော်ပါပေ့ ထိုခရီး**


မိဖုရားခေါင်ကြီး စုဖုရားလတ်နှင့် သက်ဆိုင်သော ဓာတ်ပုံများ ရှာဖွေ ရိုက်ကူးရန် မန္တလေး ရတနာပုံ နေပြည်တော်သို့ ထွက်ခွာမည့် စာပေ ခရီးသည်များ။ ၄-၁၁-၂၀၀၁ နေ့က ရန်ကုန်ဘူတာကြီးတွင်။

(ဝဲမှယာ) ခွန်ဂျာမှိုင်း၊ တက္ကသိုလ်စိန်တင်နှင့် စိမ့်(ပညာရေး)




**ပုံ(၁၅)။ မြန်မာနိုင်ငံ တံဆိပ်တော်၊ သမိုင်းနော် လွှန်ထင်ရှား**

မန္တလေး ရတနာပုံနေပြည်တော် သီပေါဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီး စုဖုရားလတ်တို့ သုံးစွဲခဲ့သော မြန်မာနိုင်ငံ တံဆိပ်တော်




ပုံ(၁၆)။ အသွင်တင့်ပါဘိ ဘုရင်နှင့်မိဖုရား နန်းတော်ဆောင်

သီပေါဘုရင်နှင့် မိဖုရားခေါင်ကြီး စုဖုရားလတ်တို့ စံမြန်းခဲ့သော သီဟာသနပလ္လင် ထားရှိသည့် ပင်မနန်းတော်ဆောင်ကြီးမှာ မြနန်းစံကျော် ရွှေနန်းတော်ကြီးအတွင်း၌ ခံ့ညားထယ်ဝါစွာ တွေ့မြင်ရသည်။



ပုံ(၁၇)။ နန်းမြို့ပေါ်ကနေဝင် လွမ်းချင်စရာပ သည့်ရှုခင်း

၃၁–၁၂–၁၉၉၉ နေ့၊ နှစ်ဆယ်ရာစု၏ နောက်ဆုံးနေ့တွင် မန္တလေး ရတနာပုံနေပြည် နန်းမြို့ပေါ်က နေဝင်ချိန်မှာ လွမ်းစရာ။ အမှန်တော့ ရတနာပုံနန်းတွင် နေဝင်ခဲ့သည်မှာ ၃၀–၁၁–၁၈၈၅ အရှင်နှစ်ပါး ပါတော်မူစဉ်ကပင် မဟုတ်ပါလား။




**ပုံ(၁၈)။ နန်းဆောင်နှင့် သစ်ပင် ရှုချင်ဖွယ် ထိုအလှ**

မန္တလေး ရတနာပုံနေပြည် မြနန်းစံကျော် ရွှေနန်းတော်ဝင်းအတွင်းမှ သီပေါဘုရင်နှင့် မိဖုရားခေါင်ကြီး စုဖုရားလတ်တို့ စံမြန်းရာ နန်းတော်ဆောင်တစ်ဆောင်




**ပုံ(၁၉)။ ခံ့ညားတဲ့ မဟောသီဆောင် မိဖုရားခေါင်စံမြန်း**


မန္တလေး ရတနာပုံနေပြည်တော် မြနန်းစံကျော် ရွှေနန်းတော်ဝင်းအတွင်းမှ ခံ့ညားထယ်ဝါလှသော မဟောသီဆောင်။ မိဖုရားခေါင်ကြီး စုဖုရားလတ် စံမြန်းသောအဆောင်




ပုံ(၂၀)။  မြနန်းစံကျော် ရွှေနန်းတော် အမြောက်တော်နှင့် အလွန်ခံ့
မန္တလေး ရတနာပုံနေပြည်တော် မြနန်းစံကျော် ရွှေနန်းတော်ကြီးမှာ ခံ့ညား
လှသည့် အမြောက်တော်နှင့် တင့်တယ် လိုက်ဖက်လှသည်။




ပုံ(၂၁)။  နန်းမြင့်နှင့် ထိုမျှော်စင် သမိုင်းဝင်ဇာတ်လမ်းတစ်ပုဒ်
မန္တလေး ရတနာပုံနေပြည် မြနန်းစံကျော် ရွှေနန်းတော်ဝင်းအတွင်းက နန်း
မြင့်မျှော်စင်။ နယ်ချဲ့ ကုလားဖြူတပ်များ ရတနာပုံနေပြည်တော်သို့ ချီတက်
လာစဉ် ထိုမျှော်စင်မှ မိဖုရားခေါင်ကြီး စုဖုရားလတ် တက်ကြည့်ခဲ့ရာ




ပုံ(၂၂)။ ဗီရိုပေါ်မှာ မောင်နံ့တင်လို့ ဆောင်ပျံ့အရှင် ဇာတာနွမ်းလို့ မြန်းရရှာလေပြီ (ပါတော်မူသီချင်း)

၁၈၈၅ ခုနှစ် နိုဝင်ဘာလက သီပေါဘုရင်နှင့် မိဖုရားခေါင်ကြီး စုဖုရားလတ်တို့အား နယ်ချဲ့စစ်တပ်က ဖမ်းဆီးသွားစဉ် အထက်ပုံပါ ဗီရိုလှည်းနှင့် အလားတူ လှည်းဖြင့် ပင့်ဆောင်ခဲ့သည်။



ပုံ(၂၃)။ ရတနာပုံ ကျွန်နိဒါန်း ရင်ကျွမ်းသည်းလှိုက်ဖြေမဆီ

သီပေါဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီး စုဖုရားလတ်တို့အား နယ်ချဲ့စစ်တပ်က ဖမ်းဆီး ခေါ်ယူသွားခဲ့စဉ်က နယ်ချဲ့ စစ်သင်္ဘောပေါ်သို့ အတက်တွင်၊



**ပုံ(၂၄)။ ဂေါဝိန်ဆိပ် ထိုသမိုင်း ရှိင်းလှတဲ့ရာဇဝင်**

မန္တလေး ရတနာပုံနေပြည်တော် ဧရာဝတီမြစ်ကမ်းမှ ဂေါဝိန်ဆိပ်ရှုခင်း။ ၁၈၈၅ ခုနှစ် နိုဝင်ဘာလက မြန်မာဘုရင်သီပေါမင်းတရားနှင့် မိဖုရားခေါင်ကြီး စုဖုရားလတ်တို့အား ဂေါဝိန်ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော နယ်ချဲ့သင်္ဘောပေါ်သို့ ဖမ်းဆီးခေါ်ယူသွားခဲ့သည်။




**ပုံ(၂၅)။ ကင်းဝန်မင်းကြီး ဦးကောင်း သမိုင်းကြောင်းမှုရိရိ**

ခရစ်နှစ် ၁၈၈၅ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၄၇ ခုနှစ်တွင် မြန်မာ့ ဦးစွန်းမြေသို့ ယွန်းခဲ့စဉ်က ကင်းဝန်မင်းကြီး ဦးကောင်း နယ်ချဲ့တို့ဘက် လိုက်ခဲ့သည်ဟု မိဖုရားခေါင်ကြီး စုဖုရားလတ်က သံသယ ပွားခဲ့ဖူးသည်။



ပုံ(၂၆)။ မိဖုရားခေါင်ကြီး ပြည်တော်ပြန် စံမြန်းတဲ့ အိမ်တော်ရာ

ခရစ်နှစ် ၁၉၁၉ ခုနှစ် ဧပြီလတွင် မိဖုရားခေါင်ကြီး စုဖုရားလတ် အိန္ဒိယပြည်မှ မြန်မာပြည်သို့ ပြန်လာခဲ့ရာ ထိုစဉ်က ချာချီလမ်း၊ နောင် ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ အိမ်တော်တွင် စံမြန်းခဲ့၏။ ထိုအိမ်တော်နေရာတွင် ယခု ဓိဝိတဒါန ဆေးရုံကြီး၊ သီလရှင်ဆောင်အဖြစ် အထက်ပါအတိုင်း မြင်ရသည်။



ပုံ(၂၇)။ တစ်ကိုယ်တည်း စံမြန်းပြီ လွမ်းစဖွယ် ထိုမြင်ကွင်း

မိဖုရားခေါင်ကြီး စုဖုရားလတ်သည် ရန်ကုန်မြို့၌ နတ်ရွာစံတော်မူခဲ့ရာ ရန်ကုန်မြို့ (ယခု) ကန်တော်မင်္ဂလာပန်းခြံ၊ (ယခင်) ဦးဥတ္တမပန်းခြံဝင်းအတွင်း ဤသင်္ချိုင်းတော်၌ စံမြန်းခဲ့လေပြီ။



ပုံ(၂၈)။ စုဖုရားလတ်စေတီရှာပုံတော် မောသော်လည်းပြုံးတုံ့တုံ့ မန္တလေးတောင် အရှေ့ဘက် အာရုံခံ ဥယျာဉ်တော်တွင် မိဖုရားခေါင်ကြီး စုဖုရားလတ် တည်ထားခဲ့သော စေတီတော်ကို ဓာတ်ပုံရိုက်ရန် ရှာပုံတော် ဖွင့်ခဲ့ကြသော တက္ကသိုလ်စိန်တင်နှင့် စိမ့်(ပညာရေး)။ နောက်ကျောဘက် အဝေးမြင်ကွင်း၌ မှုံပျပျ မန္တလေးတောင် အလှကို ရှုမျှော်နိုင်သည်။

## တတိယအကြိမ်ပုံနှိပ်ခြင်းအတွက် စာရေးသူ၏အမှာစာ

## ကေရိမပုရား ရှာပုံတော်

[ ၁ ]

"ညီလေး၊ မဲခင်းကုန်းရွာကို ဘယ်လမ်းက သွားရသလဲ"

၅၊ ၁၁၊ ၂၀၀၁ နေ့က ဖြစ်သည်။ တက္ကသိုလ်စိန်တင်နှင့် စိမ့်(ပညာရေး) တို့သည်၊ လေးဘီးကားကလေး တစ်စီးဖြင့်၊ မန္တလေးတောင်၏ အရှေ့ဘက်၊ ကားလမ်းပေါ်တွင်၊ အလုပ် ရှုပ်နေကြသည်။ 'ပါးစပ်ပါ ရွာရောက်' ဆိုကြသည် မဟုတ်ပါလား။ လက်ထဲတွင် ကိုင်ထားသော၊ ဘုရားသမိုင်းက ညွှန်းဆိုနေသည့် ကျေးရွာကို၊ မတွေ့ တွေ့အောင် လိုက်ရှာနေကြသည်။ ဘာကိစ္စပါလိမ့်။

ပြောပါမည်။ ယခုတစ်ခေါက်၊ မန္တလေး ခရီးစဉ်မှာ ၃၊ ၁၁၊ ၂၀၀၁ နေ့က စတင်ခဲ့သည်။ ထိုနေ့က၊ ဒဂုံမန်း ရထားဖြင့်၊ တက္ကသိုလ်စိန်တင်၊ စိမ့်(ပညာရေး) တို့၊ မန္တလေးသို့ ထွက်ခွာလာစဉ်၊ အားမာန်သစ် စာပေမှ၊ ဆရာ ခွန်ဂျာမှိုင်းပင် ပါလာသေးသည်။ ကိုစိန်တင်တို့က၊ အထက်တန်းတွဲမှာ ထိုင်ခုံဖြင့် လိုက်၏။ ဆရာ ကိုမှိုင်းက၊ စည်းစိမ်ကြီးကြီးနှင့် အထက်တန်း အိပ်ခန်းမှာ၊ 'ငြိမ့်' လို့။

သည်တစ်ခေါက် စာရေးဆရာတို့ မန္တလေးခရီးက၊ ဘာကိစ္စလဲဆိုတော့၊ အမှာစာ ထိပ်စီးမှာ၊ စာလုံးကြီးကြီးဖြင့် ရေးထားသည့်အတိုင်းပါ ခင်ဗျ။ 'ကေရီ မဖုရား စာအုပ်၊ တတိယအကြိမ် ပုံနှိပ်ခြင်း' အတွက်၊ မိဖုရားခေါင်ကြီး၊ စုဖုရားလတ်နှင့် ပတ်သက်သော၊ ဓာတ်ပုံများ ရှာဖွေ ရိုက်ကူးရန်။ ဆိုကြပါဆို့၊ 'ကေရီ မဖုရား ရှာပုံတော်'။

ဤသို့ဖြင့် မန္တလေးမြို့တွင်၊ တွေ့ရသော၊ လေးဘီး အငှားကားလေး တစ်စီး (ဘာဖြစ်လို့လဲ မသိ၊ ရန်ကုန်မှာ မျက်စိနောက်အောင် တွေ့ရသော၊ ကက– အငှားကား မန္တလေးမြို့မှာ အလွန်ရှားလှသည်။ ကိုယ်ညံ့လို့ ရှာမတွေ့တာလည်း ဖြစ်မည်။) ငှားပြီးလျှင် ရတနာပုံ မန္တလေး၊ အရှေ့ ပြေးလိုက်၊ အနောက် မောင်းလိုက်၊ တောင် ရောက်လိုက်၊ မြောက် သွားလိုက်၊ လေးဘီးကားကလေးဖြင့်၊ ပြေးပြေး လွှားလွှား၊ မောသလားမေး၊ အဖြေက 'မောပါဘူးဗျား'။

[ ၂ ]

'သီပေါဘုရင်မင်းမြတ်သည်၊ ၁၂၄၄ ခုနှစ်၊ တပေါင်းလဆန်း (၃) ရက်နေ့၊ နံနက် တစ်ချက်တီးကျော်၊ ခြောက်မောင်းအချိန်၊ အမြောက်သံကြား၍၊ ရွှေမြို့တော်ကြီး အရှေ့တောင်ထောင့်၊ ဓမ္မူ မျက်ရှင်ရပ်၊ သာယာစွာသော မြေအပြင်တွင်၊ အသျှင် ဘဝရှင် မင်းတရားကြီးဘုရား နံတော်သင့်၊ 'လောကရန်နှိမ် စေတီတော်'၊ ရွှေမြို့တော်ကြီး အရှေ့မြောက်ထောင့်၊ မန္တလေးတောင်၏၊ အရှေ့ ဘက် အာရုံခံ ဥယျာဉ်တော်အတွင်း၊ အသျှင် မိဖုရားခေါင်ကြီးဘုရား၊ နံတော်သင့်၊ 'ရတနာ တန်ဆောင် စေတီတော်' နှစ်ဆူကို၊ အရပ်တော် နှင့် ဖိနပ်တော်၊ သံခုနစ်တောင် ထား၍၊ ခုနစ်ရက်နှင့် ပြီးပြေအောင်၊ ပွဲသဘင် အခမ်းအနားတို့ဖြင့်၊ တစ်ရှိန်တည်း အုတ်မြစ်စီခင်း တည် လုပ်ရသည်။ လောကရန်နှိမ် ဘုရားတွင်၊ သေနတ်ဝန်၊ ကင်းမှူးနှံ့၊ လယ်ကိုင်း မြို့စားဝန်ကြီး၊ အတွင်းဝန် တိုင်တား မြို့စား၊ မြေတိုင်း ဝန်ထောက်၊ ညောင်ဝန်း ဝန်ထောက်၊ ရတနာ တန်ဆောင် ဘုရား တွင်၊ တောင်ခွင် မြို့စားဝန်ကြီး၊ အတွင်းဝန် ပင်းမြို့စား၊ အတွင်းဝန်



မြို့သစ် မြို့စား ဝန်ထောက်၊ ဝက်မစွပ်မြို့စား၊ ဝန်ထောက် ကွပ်ရာ မြို့စား၊ ဝန်ထောက် သံချပ်ဝန်၊ ဝန်ထောက် မလွန်မြို့ဝန်တို့ သွားရောက် ကြီးကြပ်ရသည်။

တပေါင်းလဆန်း (၁၁) ရက်နေ့တွင်၊ လောကရန်နှိမ်ဘုရား၊ ရတနာတန်ဆောင် ဘုရားများကို၊ အမြောက်သံ ကြား၍ စည်ပင် သာယာ အောင်ပွဲသဘင် ကျင်းပပြီးလျှင် ရွှေထီးအထွတ် တင်တော် မူသည်'

(ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီး၊ တတိယတွဲ၊ စာ–၅၈၉)

သီပေါဘုရင်၏ ကုသိုလ်တော်ဖြစ်သော မန္တလေးမြို့၊ အရှေ့ပြင် နယ်လုံး ဆိုင်ရာ၊ မဟာ လောကရန်နှိမ်စေတီ၊ (အောင်တော်မူမြတ်စွာဘုရား) သမိုင်း စာအုပ် တွင်၊ အထက် ဖော်ပြပါအတိုင်း၊ ပုံနှိပ်ပါရှိခဲ့၏။ 'မဟာ လောကရန်နှိမ်' စေတီ တော်သို့၊ ကိုစိန်တင်တို့၊ ၄–၁၁–၂၀၀၁ နေ့တွင် အဖူးအမြော် ရောက်သောအခါ၊ စေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးအောင်သန်းက၊ ဖော်ပြပါ ဘုရားသမိုင်း စာအုပ်ကလေးကို၊ လက်ဆောင်ပေးသည်။ ဘုရားသမိုင်းတွင် ဖော်ပြပါရှိသော၊ မိဖုရားခေါင်ကြီး စုဖုရားလတ်၏ ကုသိုလ်တော် ဖြစ်သည့် 'ရတနာ တန်ဆောင် စေတီတော်' ဘယ်နားမှာ ရှိသလဲဟု၊ ဦးအောင်သန်းကို၊ စာရေးဆရာက မေးတော့၊ ဦးအောင်သန်းက အတိအကျမဖြေနိုင်။ "မန္တလေးတောင်ရဲ့ အရှေ့မှာ၊ မဲခင်းကုန်းရွာ ဆိုတာရှိတယ်။ မိဖုရားခေါင်ကြီးရဲ့ ကုသိုလ်တော် စေတီက၊ အဲဒီ ရွာမှာလို့ ပြောကြ တယ်၊ ကျွန်တော်တို့လည်း အဲဒီရွာကို မရောက်ဖူးသေးဘူး" 'ဗုဒ္ဓေါ'၊ မန္တလေးသား တွေပင် မရောက်ဖူးသေးတဲ့ ဘုရားဆိုပါကလားဗျို့။

ဤသို့ဖြင့်။ တက္ကသိုလ်စိန်တင်နှင့် စိမ့်တို့မှာ ဘုရားရှာပွဲ ကျင်းပ ရသည်။ ဟိုမေး၊ သည်စမ်း၊ မှန်းဖြေသူလည်း တွေ့၏။ တိတိကျကျ ညွှန်ပြသူလည်း ကြုံသည်။ " အဲသည့် ရွာကတော့၊ မဲခင်းကုန်းရွာပဲ၊ ရွာထဲမှာ။ စေတီ နှစ်ဆူ ရှိတယ်၊ မိဖုရားခေါင်ကြီး တည်တဲ့ စေတီ ဟုတ် မဟုတ် မပြောတတ်ဘူး၊ စေတီ နှစ်ဆူကလည်း ရွာဦးကျောင်းဝင်း ထဲမှာရှိတာ"

ဤသို့ဖြင့်၊ မဲခင်းကုန်းရွာကိုကား၊ ရောက်သွားပါပြီ။ ရွာဦးကျောင်း ဆရာတော်ဘုရားကို ဖူးမြော် မေးလျှောက်တော့၊ "ကျုပ်ကလဲ၊ ဒီရွာ ရောက်တာ

**ရာမ မြတောင် ကျောင်းတိုက်ကြီးကို၊ သက္ကရာဇ် ၁၂၄၄ ခုနှစ်၊ တပေါင်းလဆန်း၊ (၁၀) ရက် နေ့တွင်၊ အရှင် သီပေါ မင်းတရားကြီး နှင့် အဂ္ဂမဟေသီ မိဖုရားခေါင်ကြီး စုဖုရားလတ်တို့က၊ စတင် ဆောက်လုပ် လှူဒန်းခဲ့ခြင်း ဖြစ်လေသည်။**

**ထို "မဏိရတနာရာမ" မြတောင်တိုက်ကြီး၏ သက်တမ်းကား၊ ယခု ၁၃၄၄ ခုနှစ်၊ တပေါင်းလဆန်းတွင်၊ နှစ်ပေါင်းတစ်ရာ ပြည့်တော့မည်ဖြစ်၍၊ ရင့်ရော်အိုမင်းခြင်း၊ ဆောက်လုပ် လှူဒါန်းသော ဒါယကာ အရှင် သီပေါမင်း တရားကြီးနှင့် ကျောင်းအမ အဂ္ဂမဟေသီ မိဖုရားခေါင်ကြီး စုဖုရားလတ်တို့၊ ၁၂၄၇ ခုနှစ် တန်ဆောင်မုန်း လဆုတ် (၈) ရက်နေ့တွင်၊ ရာဇပလ္လင်ပေါ်မှ ဆင်းသက်၍၊ အင်္ဂလိပ်တို့ ဖမ်းယူ ခေါ်ဆောင်ရာသို့၊ လိုက်ပါတော်မူရခြင်း၊ သက္ကရာဇ် ၁၃၀၃ ခုနှစ်၊ နှောင်းတန်ခူးလဆုတ် (၈) ရက်နေ့တွင်၊ အင်္ဂလိပ်တို့၏၊ စစ်ဘေးစစ်ဒဏ် မြေလှန်စနစ်ကြောင့် ကျောင်းတော်ကြီးများ ပျောက်ကွယ်သွားရခြင်း ဟူသော၊ ဝိပ္ပတ္တိနှင့် ကြုံရသော်လည်း၊ ပထမ မြတောင် ဆရာတော် ဘုရားကြီးမှ စ၍၊ ယခု လက်ရှိ ဆရာတော်များ တိုင်အောင်၊ ဆရာတော် အဆက်ဆက်တို့၏ မပျက်သော သဒ္ဓါစေတ်ဖြင့် ပရိယတ် ပဋိပတ် တရားတို့ကို၊ မပြတ် အားထုတ်တော်မူခဲ့ ကြခြင်းကြောင့် နှစ်ပေါင်း တစ်ရာ ကြာသည့်၊ ၁၃၄၄ ခုနှစ် တပေါင်းလ တိုင်အောင်၊ မဏိရတနာ ရာမ မြတောင် ကျောင်းတိုက်ကြီး အနေနှင့်၊ ဘုရားရှင် သာသနာတော်၌၊ အရှိန်မကျဘဲ၊ ထိန်ပ တိုးတက်ထွန်းလင်းလျက် ရှိနေရသည်။**

**"မြတောင်သာသနာ နှစ်တစ်ရာပြည့်သမိုင်းကျမ်း"** စာအုပ်မှ၊ ကျမ်းပြု ဆရာတော်၊ 'အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သာသနာဘိဝံသ' ၏၊ မော်ကွန်း မှတ်တမ်း ဖြစ်လေသည်။

မြတောင်ကျောင်းတိုက်ကြီးကား၊ အရှင်သီပေါမင်းနှင့် မိဖုရားခေါင်ကြီး စုဖုရားလတ်တို့၏၊ ကုသိုလ်တော်အဖြစ် ယနေ့တိုင် တည်တံ့ ထွန်းကား စည်ပင် ဖြာဝေလျက် ရှိသည်ကို တွေ့ရ၍ တက္ကသိုလ်စိန်တင်တို့ ဝမ်းသာပီတိ ဖြစ်ရ၏။



မူလ အလှူရှင် သီပေါ ဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီး စုဖုရားလတ်တို့များ၊ တွေ့မြင်ရလျှင် ဘယ်လောက်တောင် ဝမ်းမြောက်ဝမ်းသာ ရှိမည်လဲဟု တွေးတောမိသော အခါတွင် စာရေးဆရာ၏ ရင်တွင်း၌၊ မဖော်ပြတတ်သော ဝေဒနာ တစ်ရပ်ကို ခံစားနေရသည်မှာ တနုံ့နုံ့။

[ ၄ ]

၆–၁၁–၂၀၀၂ နေ့ နံနက် စောစောထ၍၊ တည်းခိုနေသော၊ 'နဒီမြန်မာ အင်း' မှ ထွက်ခဲ့သည်။ ယခုလို၊ ဆောင်းရာသီ၊ နံနက်ခင်းတွင် ကျူးပတ်လည် ဝိုင်းနေသော ရတနာပုံ ရွှေနန်းတော်၏ ရှုခင်းမှာ၊ မြူနှင်း တဝေဝေနှင့်၊ အလွန် ကြည့်၍ ကောင်းလှသည်။ ထို့ကြောင့်ပင်၊ ရွှေနန်းတော်ကြီး ဆီသို့၊ ခပ်စောစော ထွက်လာကြခြင်း ဖြစ်သည်။

မျှော်လင့်ထားသည့် အတိုင်းပင်၊ ကျူးရေထဲတွင်၊ ပေါ်ထင်နေသော နန်းမြို့ပြာသာဒ်၊ စုလစ်မွန်းချွန် တို့၏ အလှနှင့်၊ ကျူးရေရိပ်သည် ပနံရ လှသည်။ နံနက်ခင်း နေခြည် နုနုက ကျူးရေပေါ်မှ မြူနှင်းဖြူ တစ်ဆုပ်တစ်ခဲကို၊ ခြုံလွှမ်းထားသော အလှမှာ၊ ပြိုးပြိုးပြက်ပြက်၊ လင်းလင်းလက်လက်။ သည်ရှုခင်းမှာ ကြည့်၍မဝ၊ ရှု၍မဝ၊ ခံစား၍ မဝနိုင်သော တကယ့်အလှ။ ဘယ်ပန်းချီ ရေးသီ၍ မရနိုင်သော မြင်ကွင်း အလှပင်။ ထိုနေ့က၊ တက္ကသိုလ်စိန်တင်နှင့် စိမ့်(ပညာရေး) တို့သည်၊ တစ်နံနက်လုံးပင်၊ မြနန်းစံကျော် ရွှေနန်းတော်ကြီး၏ ဝင်း အတွင်း၌ အချိန်ကုန်ခဲ့သည်။

"စိမ့်ရေ… မင်းသား ဝတ်စုံဝတ်ထားတဲ့ စုဖုရားလတ် မင်းသမီးက၊ သာဂရ မင်းသားလေးကို ဘယ်မှာ တွေ့ခဲ့သလဲ မေးပြီး၊ သီပေါ မင်းသားလေးကို၊ ခေါင်းခေါက် လိုက်တာ ဒီနေရာနားမှာ ထင်ပါရဲ့"

"စိမ့်ရေ… သီပေါမင်းတရားက၊ မိဖုရားခေါင်ကြီး စုဖုရားလတ်ကို၊ သံလျက်ကိုင်ပြီး ပြေးလိုက်ခဲ့တာ၊ ဒီ နန်းဆောင်ထဲမှာ ပေါ့နော်" မြနန်းစံကျော် ရွှေနန်းတော်ကြီး အတွင်းမှာ ကိုစိန်တင်က၊ သည်လို ပြောတော့၊ စိမ့်က ပြုံးပြီး ပြန်ပြောသည်။ " ကိုယ့်စိတ်ကူးနဲ့ကိုယ်၊ ခံစားပေတော့၊ စာရေးဆရာရေ၊ တို့များလည်း၊ တို့များ စိတ်ကူးနဲ့ပဲကွယ်"။ သည်လိုနှင့်၊ နန်းမြင့် အနားသို့ ရောက်လာကြသည်။

ထိုနေရာသို့ ရောက်လျှင်၊ ကိုစိန်တင် ရင်ထဲမှာ၊ အသက်ရှူ ကျပ်ချင်ချင် ဖြစ်လာ၏။ ‘ဩော်... နယ်ချဲ့ကုလားဖြူတပ်တွေ၊ မန္တလေးမြို့ထဲ ဝင်လာတဲ့အခါ၊ တို့များ လေးစားတဲ့ မိဖုရားခေါင်ကြီး စုဖုရားလတ်မျော မဆုတ်မနစ်သော ဒေါသ၊ သောက၊ မောဟ ဝေဒနာတွေနဲ့၊ မြေမှာ လူးခဲ့တာ ဒီနေရာပဲ။’ ဟိုလွှန်ခဲ့သော၊ နှစ်ပေါင်း တစ်ရာကျော်က၊ သမိုင်းဝင်၊ ကြေကွဲဖွယ် ဖြစ်ရပ်တို့သည်ပင်၊ အာရုံထဲတွင်၊ ရုပ်ရှင် ကား တစ်ကား၊ ထိုးပြလိုက်သည်သို့ ကြေကွဲစွာ ခံစားခဲ့ရလေသည်။

“လွန်ခဲ့ပြီ။ ကျွံခဲ့ပြီ။ ကျော်ခဲ့ပြီ။ လွှားခဲ့ပြီ။ သည်သမိုင်းဖြစ်ရပ်ကို အခြေခံပြီး မှားခဲ့တာတွေကို၊ သံဝေဂ ယူ။ သင်ခန်းစာ ပွား၊ အမှန်တရားကို၊ စံထား အတုယူဖို့ပဲ ရှိတော့တယ်၊ စာရေးဆရာရေ၊ ခုနေအခါမှာ၊ ကြေကွဲစရာ နာကြည်းစရာ၊ ဘာ ဝေဒနာတွေမှ။ ရင်မှာ မထွေးပိုက်ချင်နဲ့တော့လေ၊”

ကိုစိန်တင် တစ်ယောက်၊ နန်းမြင့်ဘေးက၊ မြက်ခင်းထဲမှာ၊ ဖိနပ်ခု ထိုင်ပြီး၊ တွေးချင်ရာတွေး၊ ငေးချင်ရာငေး၊ ဆွေးချင်ရာ ဆွေးနေသည်ကို မြင်၍၊ စိမ့်(ပညာရေး) က။ ဘေးမှ သတိပေး စကား၊ ပြောနေခြင်း ဖြစ်လေသည်။

[၅]

သီပေါမင်းတြားနဲ့၊ မိဖုရားခေါင်ကြီး၊ စုဘုရားလတ် (စုဖုရားလတ် မဟုတ်) တို့ရဲ့ မြေးတော်ဖြစ်သူ၊ ကျွန်တော့် အနေနဲ့၊ တက္ကသိုလ်စိန်တင်နဲ့ စိမ့်(ပညာရေး) တို့နှစ်ယောက်ကို၊ လူချင်း မမြင်ဖူးကြ၊ မသိဖူးကြမိက၊ ဘိုးတော် ဘွားတော် အကြောင်း၊ ရေးကြတာတွေနဲ့၊ ပတ်သက်ပြီး၊ မကျေမနပ် ဖြစ်ခဲ့မိတာကို၊ ဝန်ခံပါရစေ။

သူတို့ နှစ်ယောက် ရေးကြတာနဲ့ ပတ်သက်ပြီး။ ကိုယ်တိုင် ရေးတာထက်၊ အထူးသဖြင့်၊ အင်္ဂလိပ်တွေ ရေးထားတာတွေကို တိုက်ရိုက်၊ မှီငြမ်း၊ ကောက်နုတ် ဖော်ပြတာ၊ ကိုးကားတာတွေကို၊ ဖတ်ရတော့၊ ကိုယ့်ဘုရင်၊ မိဖုရားနဲ့၊ မြန်မာ မျိုးချစ်တွေကို၊ ယစ်ထုပ် ကြီး၊ သွေးဆာမကြီးနဲ့၊ သူခိုး ဓားပြတွေလို့၊ သိက္ခာချ ချိုးနှိမ် ရေးထား တာတွေကို၊ ပြန်လည် မချေပဘဲ၊ ရေးပြတာကို၊ ခံပြင်းမိတာပေါ့။”



တက္ကသိုလ်စိန်တင်၏၊ ပုဂံရာပုံတော် (၁) စာအုပ် (ဒုတိယအကြိမ်) ပုံနှိပ်ခြင်းကို၊ ကိုစိန်တင် ကြည်ညို ခင်မင်သော စာရေးဆရာ တော်ဘုရားလေး (အောင်ဇေ) က၊ “ပုဂံရဲ့အားမာန်” ခေါင်းစဉ်ဖြင့် ဝေဖန် အကြံပြု ရေးသား ပေး သဖြင့်၊ လေးစား၊ ကျေးဇူးတင်ရပါ၏။ အဆိုပါ ဝေဖန် စာစုတွင်၊ အထက်ပါ အတိုင်း၊ တော်ဘုရားလေး (အောင်ဇေ) က ရေးသား ခဲ့သည်။

ဝေဖန်သူ ဆရာ တော်ဘုရားလေး၏ စာသားကို၊ မဖြတ်မတောက်၊ မတည်း၊ မပြဘဲ၊ မူလအတိုင်း၊ ဖော်ပြပေးခဲ့သည်။ ထိုစာစုအတွက်၊ ဘာများ ချေပရေးသားရန် လိုပါမည်နည်း။ တက္ကသိုလ်စိန်တင် ဘာသာပြန်ခဲ့သော “နန်းကျဘုရင်သီပေါ” စာအုပ်၏ အမှာစာတွင် မြန်မာပြန်သူက ဖော်ပြခဲ့သည့် စာတစ်ပိုဒ်ကိုတော့ ပြန်၍တင်ပြပါရစေ။

**“ဤစာအုပ်၏၊ မူရင်း စာအုပ်ဖြစ်သော Mandalay The Golden ကို၊ ရေးသားသူ၊ ‘အီး၊စီ၊ဗွီ၊ဖူးကား’ သည် မြန်မာရာဇဝင်တွင် မပါရှိခဲ့ဖူးသေးသော။ အချက် အချို့ကို၊ ရှာဖွေ ထည့်သွင်း ရေးသားထားသည်ကို တွေ့ရပါလိမ့်မည်။ သို့သော် အချို့ နေရာများ၌၊ မူရင်း စာရေးသူသည်၊ ဗြိတိသျှတို့ အလိုကျ၊ ဘက်လိုက်သော သဘောဖြင့်၊ မြန်မာတို့၏ အခြေအနေကို၊ အရှိ အတိုင်း၊ မတင်ပြဘဲ၊ လိုသလို ဆွဲ၍ ရေးသား ထားသည်ကို၊ ဖတ်ရှု ရပါသည်။**

**ဤနေရာတွင်၊ မြန်မာပြန်သူကလည်း၊ ဘက်လိုက် ခဲ့သည်ကို၊ ရိုးသားစွာ ဝန်ခံလိုပါသည်။ သို့သော်၊ မူရင်း စာရေးသူ “အီး၊စီ၊ဗွီ၊ဖူးကား”၏ အယူအဆကို ပြင်ဆင် ပြောင်းလဲ၍၊ ရေးသား ပြန်ဆိုခဲ့ခြင်းကား မဟုတ်ပါ။ မူလ စာရေးသူက၊ ဘက်လိုက်၍ လိုသလို ဆွဲပြီး၊ ရေးသား ထားသည်ဟု ယူဆသော အချက်များကို၊ မြန်မာ ဘာသာသို့၊ မပြန်ဆိုဘဲ၊ ချန်ထားခဲ့ခြင်းသာ ဖြစ်ပါသည်။**

တက္ကသိုလ်စိန်တင် ရေးသားပြုစုသော၊ “ကေရီမဖုရား” စာအုပ်၊ မူလ အမှာစာတွင်လည်း၊ စာရေးသူက၊ နိဂုံးချုပ်ထားပုံကို၊ ဖော်ပြပါရစေဦး။

**ရာဇဝင်ဘီးသည်၊ တစ်ပတ်လည်မြဲဟု ဆိုကြပါ၏။မြန်မာ ရာဇဝင်ဘီးကြီးသည်၊ ဘယ်နှပတ်ပဲ လည်လည်ပေါ့၊ 'ရှေးလူ' တို့ မှားခဲ့သည့် ဖြစ်ရပ်မျိုးကို၊ 'နောက်လူ' တို့က ထပ်မမှားအောင် ဆင်ခြင်နိုင်မည် ဆိုလျှင်ကား၊ စာရေးသူ အဖို့၊ ဝမ်းသာမဆုံး ရှိရတော့မည်တည်း။**

အရေးတကြီး၊ ဖော်ပြလိုသော၊ အကြောင်းအရာ တစ်ခုမှာကား၊ ဆရာတော်ဘုရားလေး၏ အာဘော်အတိုင်း၊ ဖော်ပြရသော် "သူခိုး ဓားပြတွေလို သိက္ခာချ ရေးသားထားသည်" ဟူသော၊ အရေး အသားမျိုး၊ ကိုစိန်တင်တို့ ရေးသားခဲ့သည်ကိုကား မမှတ်မိပါ။

[ ၆ ]

**"တက္ကသိုလ်စိန်တင်ကို အကြံ ပေးရဦးမယ်၊ ခင်ဗျား ရေးတဲ့၊ ကေရိစုဖုရားစာအုပ်၊ ပြန်မထုတ်သေးဘူးလား၊ အဲဒီ စာအုပ်ထဲမှာ၊ မိဖုရားခေါင်ကြီး စုဖုရားလတ်နဲ့၊ စာရေးဆရာကြီး ဆရာဇေယျတို့ တွေ့ကြတဲ့ အခန်းဟာ၊ သိပ်စိတ် ဝင်စားဖို့ ကောင်းတယ်၊ ဘယ်စာအုပ် မှာမှ၊ မပါဖူးသေးဘူး"**

၂၀၀၁- ခုနှစ်ဆန်းက၊ တစ်နေ့တွင်၊ တက္ကသိုလ်များ၊ သမိုင်း သုတေသနဦးစီးဌာန အောက်ထပ်ရှိ၊ စာအုပ်ဆိုင်သို့ ကိုစိန်တင် အသွား၊ တက္ကသိုလ်များဗဟို စာကြည့်တိုက်မှူး(ငြိမ်း) ၊ ဆရာဦးသော်ကောင်းနှင့် ဆုံမိကြသည်။ ဆရာက တက္ကသိုလ်စိန်တင်ကို အထက်ပါအတိုင်း မေးခဲ့သည်။ ကိုစိန်တင် ဝမ်းသာရ၏၊ ကမ္ဘာ တစ်လွှားရှိ၊ စာကြည့်တိုက်ပညာ သင်တန်းများသို့၊ စာပေ ပို့ချရန်၊ နှစ်စဉ်သွားရောက်နေသော၊ စာကြည့်တိုက်ပညာရှင် အကျော်အမော်၊ ဆရာ ဦးသော်ကောင်းသည်၊ မြန်မာပြည်မှ၊ အညတရ စာရေးဆရာ တစ်ဦး၏ စာအုပ်ကို ဖတ်ရှုပြီး ထောမနာ ပြုနေပါလား။ ဂုဏ်ယူရ၏။ ကြားရသည်မှာပင်၊ မယုံချင်စရာ။ သို့သော်၊ စကား အပို ပြောလေ့ မရှိသော ဆရာ ဦးသော်ကောင်းသည်၊ ထိုစကားကို၊ လေးလေးနက်နက် သဘောထား၍ ပြောကြားနေခြင်း ဖြစ်ကြောင်း၊ မျက်နှာ ဟန်အမူအယာ အရ၊ သိရပေသည်။ တက္ကသိုလ်စိန်တင်ကပင်၊ ထိုစာအုပ်ကို၊ မကြာမီ ပြန်လည် ထုတ်ဝေရန် ကြိုးစား နေပါကြောင်း၊ ဆရာ ဦးသော်ကောင်းအား၊ လေးစားစွာ ပြန်လည် ပြောကြား ခဲ့ပါသည်။



[ ၇ ]

ချစ်စွာသော စာရှုသူများ ခင်ဗျာ။

'**ကေရိမဖုရား**' စာအုပ်ကို ၁၉၇၅ ခုနှစ် ဩဂုတ်လက၊ ချင်းတွင်း စာအုပ်တိုက်မှ ပထမအကြိမ်၊ ၁၉၇၇ ခုနှစ် ဇူလိုင်လတွင် ဉာဏ်လင်း စာပေတိုက်မှ ဒုတိယအကြိမ်၊ ယခု ၂၀၀၂ ခုနှစ်တွင်၊ '**တက္ကသိုလ်များ သမိုင်းသုတေသနဌာန**' မှ၊ တတိယအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ပါပြီ။ စာအုပ်ကို ပထမအကြိမ် ထုတ်ဝေပေးသော၊ ချင်းတွင်း စာအုပ်တိုက်မှ၊ ဦးဘကြည်နှင့် ဦးသိန်းလွင် တို့ကို လည်းကောင်း၊ ဒုတိယအကြိမ် ထုတ်ဝေ ပေးသော၊ ဉာဏ်လင်း စာပေတိုက်မှ၊ ကိုအောင် (စာရေးဆရာ မြက်ရိုင်း) နှင့် ကိုတင်အောင်တို့ကို လည်းကောင်း၊ ယခု တတိယအကြိမ် ထုတ်ဝေပေးသော၊ 'တက္ကသိုလ်များ သမိုင်းသုတေသနဌာန' မှ ညွှန်ကြားရေးမှူးချုပ်နှင့်၊ ဆရာ၊ ဆရာမများ၏ ကျေးဇူး အထွေထွေကို လည်းကောင်း စာရေးသူက အမြဲ သတိရနေမည် ဖြစ်ပါသည်။ ဤ အမှာစာကို၊ နိဂုံး မချုပ်မီ 'ဆိုခဲ့စေ၊ မြဲစေ' ဆိုသော စကားအတိုင်း ထပ်မံ ဖော်ပြလိုသည်မှာ ဤစာအုပ် ပထမ အကြိမ် အမှာစာတွင် နိဂုံး၌ ဖော်ပြခဲ့သည် အတိုင်း...

**ရာဇဝင်ဘီးသည်၊ တစ်ပတ်လည်မြဲဟု ဆိုကြပါ၏။ မြန်မာ ရာဇဝင် ဘီးကြီးသည်၊ ဘယ်နှပတ်ပဲ၊ လည်လည်ပေါ့၊ 'ရှေးလူ'တို့ မှားခဲ့သည့်။ ဖြစ်ရပ်မျိုးကို 'နောက်လူ' တို့က၊ ထပ် မမှားအောင် ဆင်ခြင်နိုင်မည် ဆိုလျှင်ကား၊ စာရေးသူ အဖို့ ဝမ်းသာမဆုံး ရှိရတော့မည်တည်း။**

တက္ကသိုလ်စိန်တင်
၂၇-၉-၂၀၀၂

မိုးမခမြိုင်
၁ဂုံမြို့သစ်၊ မြောက်ပိုင်း
ရန်ကုန်မြို့။ ဖုန်း-၅၈၀၄၅၅

# စာရေးသူ၏အမှာ

၁

'ဦးလေး ကျွန်တော်နဲ့ တစ်ကုပ်ကြေး ကျားထိုးမလား'

စာရေးသူသည် အင်္ဂလိပ် ရှစ်ကွက်ကျား ကစားခြင်းကို ငယ်စဉ်က စ၍ ဝါသနာ ကြီးခဲ့သည်။ ကျားထိုးတတ်အောင် သင်ပေးခဲ့သူမှာ အဖေ ဖြစ်သည်။ အဖေသည် ကျားထိုးခြင်းကို သဲသဲမဲမဲ ဝါသနာကြီးသူ ဖြစ်၏။ သို့နှင့် အဖေတူ သားဖြစ်သော စာရေးသူမှာ ကျားဝိုင်းတစ်ဝိုင်း တွေ့လျှင် ခြေတွ ခဏ ဖြစ်စေ ဝင်၍ ရပ်ကြည့်မိသည်။

မကြာမီက ဖြစ်၏။*

ရန်ကုန်မြို့လယ် မော်တော်ကား ပွဲစားတို့၏ ဌာနချုပ် ဖြစ်သော မဟာဗန္ဓုလလမ်းနှင့် (၃၈) လမ်းထောင့်ရှိ လွင်လွင်ကဖီးရှေ့တွင် ကျားဝိုင်း တစ်ဝိုင်းကို ဝင်ငေးမိသည်။ သည်နေရာမှာ 'ကျားဗိုလ်' တွေ စုဝေးရာ ဖြစ်၍ တစ်ပွဲတစ်ကျပ်နှင့် အလောင်းအစား လုပ်ပြီး ကျားထိုးကြမြဲ ဖြစ်သည်။ ထိုနေ့ကလည်း လာသမျှလူကို မိမိဘက်မှ တစ်ကောင်ကျ ပေး၍ ကျားထိုး အနိုင်ယူတတ်သော ကားပွဲစား 'ကျားဗိုလ်' ကြီးတစ်ဦးနှင့် ၁၃ နှစ် အရွယ် ကောင်ကလေး တစ်ဦး အထက်ပါ အတိုင်း ချေးဆို နေကြသည်ကို နားထောင်နေမိ၏။

* ၁၉၇၆ ခုနှစ်

'ဟ, မင်းကများ ငါ့ကို လာပြိုင်လို့ မလောက်လေး မလောက်စားနဲ့ကွာ' ကျားဗိုလ် လူဝဝကြီးက ပြန်ပြော၏။

'ပညာလိုချင်လို့ပါ ဦးရဲ့၊ တစ်ပွဲနှစ်ပွဲထဲပါ'

ဖွတ်သမား ကျောင်ကလေးက အတင်း နားပူတော့ ကျားဗိုလ်ကြီးလည်း မငြင်းသာတော့၊ သို့နှင့် ကျားဗိုလ်ကြီးသည် မိမိဘက်ရှိ ကျား ၁၂ ကောင်မှ တစ်ကောင်ကို ထုံးစံအတိုင်း ဖယ်ပေးသည်။ တစ်ကောင်ကျ ပေးသပေါ့။ ကောင်ကလေးက သဘော မတူ။

'ကိစ္စမရှိပါဘူး ဦးရဲ့၊ ပညာယူတာပဲဟာ၊ တစ်ကောင်ကျ မပေးပါနဲ့'တဲ့။

ပွဲ စပါပြီ။ ကျားဗိုလ်ကြီးသည် အကွက်ကောင်းတွေ ဆင်၍ ထိုး၏။ တစ်ကောင်ကျွေးပြီး နှစ်ကောင်စား၏။ နှစ်ကောင်ကျွေး၍ သုံးကောင်စား၏။ သုံးကောင်ကျွေးပြီး 'ကင်း' ယူ၏။ သည်ပွဲမှာ ကျားဗိုလ်ကြီး နိုင်သွား၏။ ကောင်ကလေး ထံမှ ငွေတစ်ကျပ် ရလိုက်သည်။

'ကစားဦးမှာလားကွ' ကျားဗိုလ်ကြီးက မေး၏။

'သုံးပွဲပြည့်အောင် ကစားမှာပေါ့ ဦးရဲ့' ကောင်ကလေးက ဖြေ၏။

ထိုနေ့က သုံးပွဲတိတိပင် ကစားကြသည်။ သို့သော် ဒုတိယပွဲတွင်ကား ကောင်ကလေးက ဘယ်လို အကွက်ဆင်လိုက်သည်ကိုပင် နားမလည် လိုက်တော့ပါ။ ကျားဗိုလ်ကြီးကို နှစ်ကောင်ကျွေးပြီးတော့ ကောင်ကလေးက 'ကင်း' တက်ယူလိုက်၏။ နောက်ထပ် အကွက်ဆင်ပြီး 'ကင်း' တစ်ကောင်ထပ်ယူသည်။ ထိုပွဲမှာ ကျားဗိုလ်ကြီး ရှုံးပါလေ၏။ နောက်ပွဲမှာလည်း သည်လိုပင် ကျားဗိုလ်ကြီးခမြာ ချွေးတွေပြန်၍ ရှုံးရသည်။ ကျားဗိုလ်ကြီးကို သုံးပွဲတစ်ပွဲနှင့် အနိုင်ယူသွားပါပြီ။ တော်လည်း တော်တဲ့ ကျားဗိုလ်ကလေးပါပဲ။

## ၂

ဧကရီစုဖုရားစာအုပ်ကို ရေးနေရင်းက စာရေးသူသည် ကားပွဲစားတို့ ကျားဝိုင်းက ကောင်ကလေးနှင့် ကျားဗိုလ်ကြီးတို့ ဖြစ်ရပ်ကို သတိရနေမိသည်။ ရတနာပုံနန်းမှ ဆင်ဖြူမရှင် မိဖုရားနှင့် ကင်းဝန်မင်းကြီးတို့မှာ 'ကျားဗိုလ်ကြီး' နှင့် မတူလား။ သီပေါဘုရင်၏မိဖုရား စုဖုရားလတ်မှာ ကျားထိုး တော်သော ကောင်ကလေးနှင့် မတူလား။



ပထမတော့ ဆင်ဖြူမရှင်နှင့် ကင်းဝန်မင်းကြီး တို့သည် နှစ်ကောင်ကျွေး၍ ကင်း တက်ယူရန် စိတ်ကူးယဉ်ခဲ့ကြသည်။ ရတနာပုံ ရွှေနန်းပေါ်တွင် သီပေါဘုရင်နှင့် စုဖုရားလတ်တို့ကို တင်လိုက်ပြီး နိုင်ငံတော် အာဏာကို ချုပ်ကိုင်ခြယ်လှယ်ကြမည်ပေါ့။ သို့သော် စိတ်ကူးနှင့် လက်တွေ့သည် တစ်ခါတစ်ရံတွင် ဆန့်ကျင်ဘက်ဖြစ်တတ်မြဲ မဟုတ်လား ဆင်ဖြူမရှင်နှင့် ဝန်အိုကြီးတို့ အကြံပျက်သွား၏။ မိဖုရား စုဖုရားလတ်သည် နန်းပလ္လင်၏ အာဏာကို ကိုင်စွဲ၍ နိုင်ငံတော်ကို (၇) နှစ် တိုင်တိုင် အုပ်စိုးသွားလေသည်။ ဆင်ဖြူမရှင်နှင့် ကင်းဝန်မင်းကြီးတို့မှာ သုံးပွဲတစ်ပွဲနှင့် အရှုံးပေးရပြီ။ 'ကင်း' ကလေး တစ်ကောင်မှ မရလိုက်ပါ။

သည်ဖြစ်ရပ်ကလေးကို ဆက်စပ်၍ စုဖုရားလတ် ဆိုသော မိန်းမတစ်ယောက် အကြောင်းကို စာရေးသူ၏ ရှုထောင့်မှ တင်ပြလိုသဖြင့် သည်စာအုပ်ကို စာရေးသူက ကြိုးပမ်း ရေးခဲ့ပါ၏။ မိန်းမသည် မိန်းမပဲ မဟုတ်လား။ ထို့ကြောင့် မိဖုရားတွင် ရှိနေသော မိန်းမ စိတ်ဓာတ်၊ မိန်းမတို့ အမူအကျင့်၊ သဘော သဘာဝများနှင့် စုဖုရားလတ်၏ 'ဟန်' ကို မြင်ကြရအောင် ကြိုးပမ်းကြည့်ပါ၏။ အကယ်၍ စုဖုရားလတ်၏ ဟန် ပီပီပြင်ပြင် မပေါ်လွင်ပါက စာရေးသူ၏ ညံ့ဖျင်းမှုပင် ဖြစ်ပါလိမ့်မည်။

စာထက်ခဲ့သော မိန်းမတစ်ယောက်၏ ရတနာပုံခေတ်ကို ပြန်လည်မျှော်ကြည့်လျှင် သံဝေဂပွားစရာတွေ၊ သင်ခန်းစာ ယူစရာတွေ၊ ဆင်ခြင်စဉ်းစားစရာတွေက များလှပါဘိ။

အာဏာယစ်မူးမိ၍ မှားခဲ့သော သာဓကတွေ၊ 'လောဘ၊ ဒေါသ၊ မောဟ သားကောင်' များ ဘဝတွင် မဆင်မခြင် လုပ်ခဲ့သော ဖြစ်ရပ်တွေ၊ အတ္တဆန်သော အပြုအမူတွေ စသည်ဖြင့်။

## ၃

ဤစာအုပ်ကို ရေးသားရာတွင် စာရေးသူအား အကြံပြု၊ စာအုပ်စာတန်းများ ရှာဖွေကူညီသူ စာပေမိတ်ဆွေများကို ကျေးဇူးစကား ဆိုချင်ပါ၏။ စာအုပ်

ဖြစ်မြောက်ရေး အတွက် စာရေးသူအား သမိုင်း အချက်အလက်များကို ရှာဖွေပြောပြသူ ဆရာကြီး ဇေယျနှင့် ဆရာမြင့်ဆွေ၊ သုတေသီ စာရေးဆရာ မြင့်ထွန်း၊ စာအုပ်များ ကူညီ ငှားရမ်းကြသော ပန်းချီ ဦးစံတိုး၊ ချောင်းဆုံအုန်းသွင်၊ စာပေဝါသနာရှင် ဦးဘသော် (၂၃လမ်း)၊ တင်မောင်ဆွေ (ဝံသာနုစာအုပ်တိုက်) တို့ကို အထူး ကျေးဇူးတင်ပါသည်။

ရာဇဝင်ဘီးသည် တစ်ပတ်လည်မြဲဟု ဆိုကြပါသည်။ မြန်မာရာဇဝင်ဘီးကြီးသည် ဘယ်နှစ်ပတ်ပဲ လည်လည်ပေါ့။ 'ရှေးလူ' တို့ မှားခဲ့သည့် ဖြစ်ရပ်မျိုးကို 'နောက်လူ' တို့ ထပ်မမှားအောင် ဆင်ခြင်နိုင်ကြမည် ဆိုလျှင်ကား စာရေးသူအဖို့ ဝမ်းသာမဆုံး ရှိရတော့မည်တည်း။

တက္ကသိုလ်စိန်တင်

ကြို့ကုန်းရိပ်သာ
အင်းစိန်။
၁၉၇၆ ခုနှစ်

# ၁။ သွေးစွန်းသော သမိုင်းစာမျက်နှာ

## ၁

မန္တလေး ရတနာပုံနေပြည်တော်သည် အမင်္ဂလာသတင်းများဖြင့် သိမ့်သိမ့်ခါလျက် ရှိသည်။ နေပြည်တော် တစ်ဝှမ်းရှိ ပြည်သူပြည်သား လက်လုပ်လက်စား၊ ပွဲစားကုန်သည်တို့သည် ပုံမှန် အခြေအနေမျိုးဖြင့် သွားလာလှုပ်ရှားနေဟန် မတွေ့ရ။ သူတို့၏ မျက်နှာမှာ တစ်စုံတစ်ခုသော အရေးအခင်းအတွက် ထိတ်လန့်နေဟန်၊ စိုးရွံ့နေဟန်၊ ချောက်ချားနေဟန် တွေ့ရသည်။ သူတို့ ဘာကို ထိတ်လန့်နေကြတာလဲ၊ သူတို့ ဘာကို စိုးရွံ့ နေကြတာလဲ၊ သူတို့ ဘာကြောင့် တုန်လှုပ်ချောက်ချားနေကြတာလဲ...။

စင်စစ်ဆိုသော် သည်အချိန်မှာ နေပြည်တော်တွင်း၌ ပွဲတခြိမ့်ခြိမ့်ခံ၍ ပျော်ပွဲတွေ နွှဲနေသင့်ကြသပေါ့။ ခမည်းတော်မင်းတရား၏ အရိုက်အရာကို ခံယူခဲ့သော သီပေါဘုရင်ကလေး နန်းသိမ်းပွဲခံခဲ့သည်မှာ ဘာကြာသေးလို့လဲ။ ပုပ္ပနွေးနွေး နန်းရခဲ့သော ဘုရင်ကလေးသည် သူ့ငယ်ချစ် မိဖုရားကို လက်ဆွဲ၍ နန်းပလ္လင်ပေါ် တက်ခဲ့သည်မှာ လအနည်းငယ်သာ ရှိပါဦးမည်။

မိဖုရားနှင့် နို့စို့ဖက်လည်းဖြစ်၊ ဘုရင်နှင့် ကျောင်းနေဖက်၊ ကစားဖက်၊ ရောင်းရင်းတစ်ဦးလည်း ဖြစ်သော ရနောင်မောင်မောင်တုတ်လို နန်းဆီနန်းသွေး

တစ်ပြားသားမှ မပါသူတွေက မင်းသားဘွဲ့ခံလို့၊ အဆောင်အယောင်တွေနှင့် ဘွဲ့တွေ ဆုတံဆိပ်တွေနှင့် မောင်းမမိဿံ မိဖုရားငယ်တွေ ခြံရံလို့၊ ကောင်းစားပြီးရင်း ကောင်းစားနေလို့ပါလား။ ရနောင်မောင်မောင်တုတ်ပင် မင်းသားဘွဲ့ ခံယူရတယ် ဆိုတော့ ဘုရင်နှင့် အဆင်ပြေသူ၊ မိဖုရားသစ်နှင့် အလွမ်းသင့်သူ၊ မိဖုရားမယ်တော် ဆင်ဖြူမရှင် အနားမှာ ခစားသူ အမှုထမ်း အရာထမ်းတွေ ဝန်ကြီးဝန်ငယ်တွေလည်း ရာထူးရာခံ အသီးသီးနှင့် တင့်တယ်နေကြပြီ။ အခွင့်ထူး အမျိုးမျိုးကို ခံယူနေကြပြီ။ ရာထူး ဝေသန္တရာ အလှူပွဲကြီးနှင့် တိုးနေကြပြီ။

ဘုရင်သစ်ကလေးကို နန်းတင်ရန် အားထုတ်စဉ်က ခါးတောင်းကျိုက်၍ ဆောင်ရွက်ခဲ့သူ၊ ကင်းဝန်မင်းကြီးဆိုလျှင် လက်နက်ကိုင် တပ်တွေကို ဦးစီးရသော သေနတ်ဝန်ရာထူးကိုပင် အပိုဆုပေါက်လို့၊ ဝန်ကြီးဝန်ငယ်၊ အရာထမ်း အမှုထမ်းတွေ အားလုံးမှာ ပွဲတော်ထူး ပွဲတော်မြတ်နှင့် တိုးလို့ အပျော်ကြီး ပျော်နေချိန်။

ဘုရင်နှင့် နီးစပ်သူတွေ၊ ရာထူးဂုဏ်ရှိန် တင့်သူတွေ၊ ဝန်ကြီးဝန်ငယ် မင်းမှုထမ်း၊ ဗိုလ်မင်း၊ တပ်မင်းတို့ တစ်တွေ ဝမ်းသာရွှင်မြူး၍ အပျော်ကြီး ပျော်နေချိန်မှာ နေပြည်တော်ရှိ ပြည်သူပြည်သား၊ လက်လုပ်လက်စားတွေ၊ 'လက်လှုပ်မှ ပါးစပ် လှုပ်ရမည့်' သူတွေက ဘာအတွက် စိုးရိမ်နောင့်လို့ ကြောင့်ကြနေသလဲ၊ ဘာအတွက် ထိတ်လန့်နေကြတာလဲ၊ ဘာအတွက် ချောက်ချားနေကြရတာတဲ့လဲ...။

အမေးရှိလျှင် အဖြေ ရှိရလိမ့်မည်။ 'မကြားကြဘူးလား၊ နတ်ရွာစံ မင်းတုန်း ဘုရင်မင်းမြတ်ရဲ့ သားတော်သမီးတော်၊ ဆွေတော်မျိုးတော်၊ မင်းညီမင်းသား လေးဆယ်ကျော်နဲ့၊ သူတို့ သားသမီး အဆက်အနွယ်တွေ စုစုပေါင်း ရှစ်ဆယ်ခန့်ကို ကျူပင်ခုတ်လို့ ကျူငုတ်မှ မကျန်အောင် သုတ်သင်တော့မယ်တဲ့။

စင်စစ်တော့ သည်သတင်းသည် ထိတ်လန့်ဖွယ် ဖြစ်ချင်ဖြစ်မည်၊ ကြောက်ရွံ့ဖွယ် ဖြစ်ချင်လည်း ဖြစ်မည်။ သို့သော် အံ့သြစရာ သတင်း တစ်ပုဒ်တော့ မဟုတ်။ သည် မင်းသား မင်းသမီးတွေကို မူလပထမ ဆင်ဖြူမရှင် မိဖုရားနှင့် ဝန်ကြီးတွေက ပရိယာယ်ဆင်၍ ဖမ်းဆီး ထောင်သွင်း အကျဉ်း ချခဲ့စဉ်ကပင်၊ ပြည်သူတွေက နားလည်ခဲ့ပြီး ဖြစ်၏။ 'မင်းသားကလေးတွေ၊ မင်းသမီးကလေးတွေ ကော့ မပြန်လမ်းကို တန်းတန်းမတ်မတ် သွားရှာကြတော့မှာ ကေန်ပါပဲ။'



ထို့ကြောင့် အဖမ်းခံ မင်းသားတို့ အကြောင်းသည် စောစောပိုင်းကတော့ ဘာမှ အဆန်းတကြယ် မဖြစ်ခဲ့။ မင်းသားကလေးတို့၏ သတင်းတွေကို ဈေးထဲမှာ၊ အရပ်ထဲမှာ၊ ဥပုသ်ဇရပ်ထဲမှာ၊ ရေတွင်းမှာ၊ အိမ်ကြိုအိမ်ကြားမှာ 'တီးတိုးတီးတိုး သဖန်းပိုး' လုပ်ခဲ့ကြသည်။ နှစ်ကိုယ်ကြား သုံးကိုယ်ကြား တိုးတိုးတိတ်တိတ် စိုးတထိတ်ထိတ်နှင့် မေးကြမြန်းကြ ရှိခဲ့ကြသည်။ သို့သော် အရေးတကြီး အလျင်စလို ဖြစ်တော့မည်ဟု မည်သူကမှ အကဲမခတ်မိခဲ့။

ဟိုအရင်တုန်းက သည်သတင်းတွေသည် 'အရပ်သတင်း' မျှသာဖြစ်ခဲ့သကိုး။ အရပ်ထဲမှာ လူစုမိတိုင်း အရပ်သူ အရပ်သားတွေ ပြောကြလေသော သတင်းများသည် အရပ်သတင်းများပဲ ဖြစ်ပေလိမ့်မည်။ အရပ်သတင်းမို့ မှန်ချင်လည်း မှန်ပေမပေါ့။ မှားချင်လည်း မှားပေလိမ့်မည်။ တစ်ဝက်တစ်ပျက် မှန်ပြီး တစ်ဝက်တစ်ပျက်လည်း မှားတတ်သည်။ ဘယ်သို့သော အာမခံချက်မျှ မရှိ၊ သို့သော်...။

တစ်ခုထူးခြားသည်က ထို'အရပ်သတင်း'သည် ယခုတော့ အဆင့်အတန်း သတ်မှတ်ခြင်းခံရပြီ။ အရပ်ထဲမှာ သာမန်လူတွေ တောင်စဉ်ရေမရ လျှောက်ပြောကြသော 'သတင်းပေါ့၊ သတင်းသွမ်း' မဟုတ်။ သီပေါဘုရင် မင်းတရား၏ အမှုထမ်းတို့ ထံမှ ပေါက်ကြားလာသော တရားဝင် သတင်း... ယုံကြည်အားထားရသော ဌာနမှ မှောင်ခိုထွက်လာသော သတင်းစစ် သတင်းမှန် ဖြစ်နေပြီ။

'နတ်ရွာစံ မင်းတုန်းဘုရင်မင်းမြတ်၏ ရင်သွေးတော်များကို နန်းမြို့အတွင်းမှာ ညဥ့်အချိန် အဆုံးစီရင်တော့မတဲ့...'

မူလ ပထမတုန်းကတော့ သည်သတင်းသည် ထိပ်တန်း မဟာလျှို့ဝှက် သတင်းကြီးပင် ဖြစ်ခဲ့ပါ၏။ သို့သော် 'လျှို့ဝှက်ခြင်းသည် ပေါက်ကြားခြင်း၏ အစ'ဟု ဆိုကြသည် မဟုတ်လား။ မင်းမှုထမ်းတွေ၊ လွှတ်ရုံးမှုထမ်းတွေ၊ အပျိုတော်သား လူပျိုတော်သားတွေ၊ သည်သတင်းကို ဘယ်နှစ်ဦးက လျှို့ဝှက်ပေးနိုင်မှာလဲ။ ဘယ်လို လျှို့ဝှက်စွာ ထိန်းသိမ်းကြမှာလဲ၊ ဘယ်နည်းနှင့် လျှို့ဝှက်လို့ကောရမှာတဲ့လဲ...။

မေးလာလျှင် အဖြေက အသင့်၊ လျှို့ဝှက်ထားသော သတင်းသည် လျှို့ဝှက်၍ပင် ပေါက်ကြားသွားလိမ့်မည်။ 'မင်းနားတစ်ထောင်' လို့ ပြောကြသည်။ သို့ဆိုလျှင် 'ပြည်သူ့နားသည် တစ်သောင်းပေါ့။ တစ်သိန်းပေါ့'။ ရှင်ဘုရင်ဆိုတာက

တစ်ဦးထဲသာ၊ ပြည်သူတွေကတော့ အရာ အထောင် အသောင်း အသိန်း ရှိနေသည်။ ပြည်သူတို့ လုပ်သမျှကို ရှင်ဘုရင်က မသိချင်ရင်သာ နေလိမ့်မည်။ ရှင်ဘုရင်က ကျိတ်ဝိုင်းကလေးလုပ်ပြီး မှူးမတ်တွေနှင့် ဘာပဲ တိုင်ပင်တိုင်ပင်၊ ပြည်သူတွေ တစ်နေ့နေ့ သိမည် ဧကန်။

သည်လိုနှင့်ပင် မင်းသားတွေကို တစ်စုတစ်ဝေးတည်း ကွပ်မျက်တော့မည် ဆိုသော သတင်းသည် ပြည်သူတို့အကြား ပေါက်ကြား လွင့်ပျံ့သွားရခြင်း ဖြစ်၏။ တစ်ခါဖြင့် ခက်ကြပါပေါ့။ သည်မင်းသားကလေးတွေကို သေတွင်းက မကယ်နိုင်ကြတော့ဘူးလား။ ရေတိမ်မှာနစ်ကြရှာတော့မည်။ ငယ်ငယ်ရွယ်ရွယ် နှင့် ဘဝတုံးကြရှာရတော့မည်။ မဟာဆီ မဟာသွေးကလေးတွေ အကျိုးမဲ့ အကြောင်းမဲ့ အသက် ဆုံးရှုံး ကြရရှာတော့မည်။

'အကျိုးမဲ့ အကြောင်းမဲ့' ဆိုတာကတော့ ပြည်သူတွေဘက်က အမြင်ကိုး တကယ်ဆိုတော့ ဘုရင်သစ်ကလေးနှင့် စုဖုရားလတ် မိဖုရားတို့ ဘက်က ကြည့်လျှင်တော့ သည်မင်းသားတွေ အသက်ထင်ရှား ရှိနေမည်ဆိုလျှင် တိုင်းပြည် မငြိမ်မသက် ရှိတော့မည်။ တိုင်းကား မြို့ရွာ မငြိမ်းမချမ်း ရှိလေတော့မည်။ မင်းသားတွေက ရရာ လက်နက်ကိုင်ပြီး ထ,ပုန်ကန်လို့၊ ပြည်သူတွေအကြား ပင်ပန်းဆင်းရဲ ဖြစ်ကြတော့မည်။

သည်တော့ အပ်နှင့်ထွင်းရမည့် ကိစ္စကို အပ်နှင့်ပဲ ထွင်းကြစို့ရဲ့။ မင်းသား တွေ၊ အနွယ်တော်တွေ အချုပ်ထဲမှာ ရှိနေဆဲ၊ မြန်မြန်ကွပ်မျက်လိုက်မှ တော်ရော့ မည်။ သို့မှသာ ပြည်သူဘဝ ငြိမ်းချမ်းသာယာလိမ့်မည်။ နန်းပလ္လင်လည်း သူပုန်ရန် ကင်းတော့မည် မဟုတ်လား။

သီပေါ ဘုရင်သစ်ကလေးနှင့် စုဖုရားလတ်မိဖုရားတို့ဖက်က စိုးရိမ်နောင့်လို့ ပူပင်ကြောင့်ကြမည် ဆိုကလည်း ပူပင်စရာပဲ။ နတ်ရွာစံ မင်းတုန်းဘုရင် လက်ထက်တော်တုန်းက မြင်ကွန်းစားနှင့် မြင်ခုန်တိုင်စားတို့ ပုန်ကန်ကြလို့ နန်းပြာသာဒ်ထိပ်ဖျား မီးစွဲခဲ့ပါရော့လား။ တစ်တိုင်းပြည်လုံး အုံးအုံးကျွက်ကျွက်နှင့် ပွက်လောရိုက်ခဲ့ရသည်။ ဘထွေးတော် ကနောင်မင်းနှင့် အတူ သေလိုက်ကြသည့် လူတွေမနည်း။ နောက်တော့ ပန်းတိမ်းမင်းသားနှင့် အပေါင်းပါတို့က တစ်ဆက်တည်း ပုန်ကန်ကြပြန်သည်။



တစ်နိုင်ငံလုံးမှာ သူပုန်ရန်ကြောင့် ကျိုးလန့်စာစားဖြစ်ရ၊ စားကောင်းခြင်း မစားရ၊ အိပ်ကောင်းခြင်း မအိပ်ရ၊ သောက ဗျာပါဒတွေ ဝေခဲ့ရပြီ။ ပြီးတော့ ညောင်အုပ်စားနှင့် ညောင်ရမ်းစား မင်းသားညီနောင်ကလည်း တစ်မှောင့်။ မင်းသား တွေကို ဖမ်းဆီးစဉ်က သူတို့သည် ဗြိတိသျှသံရုံးသို့ ခိုဝင်ကြသည်။ ယခုအခါ ဗြိတိသျှတို့ နယ်ပယ်သို့ ရှောင်ပြေးနေကြပြီ။ သူတို့က ငြိမ်ငြိမ်မနေဘဲ သူပုန်ရန်နှင့် ရောက်ခံလာကြလျှင် ဖမ်းထားတဲ့ မင်းသားတွေနှင့် ဆက်မိကြပါက အခက်ပေါ့။

သည်အဖြစ်မျိုး မကြုံရအောင် အစွယ်တထောင်ထောင်နှင့် မင်းညီ မင်းသားတွေကို စောစောစီးစီး ဝိညာဉ်ဖြုတ်ထားလိုက်မှ အေးတော့မည်။

၂

သို့နှင့်ပင် သည်သတင်းတွေ နေပြည်တော်အနှံ့ ပျံ့ပြီး ပြည်သူတို့ အကြား တိမ်းတိမ်းဒုံ့ဒုံ့ ဖြစ်ကြ။ ချောက်ချောက်ချားချား ဖြစ်ကြ၊ ဝမ်းနည်းကြေကွဲ ဖြစ်ကြ။ မခံချင်သူတွေက လက်သီးကို ဆုပ်၏။ အံကို တင်းတင်း ကြိတ်၏။ 'တက်' ပြင်းပြင်းခေါက်၏။ သို့သော် အားမတန်တော့လည်း မာန်လျှော့နေကြရ ပေသည်။

ဘုရင့်အရာရှိတွေ၊ မှူးကြီးမတ်ကြီးတွေ။ မှူးငယ်မတ်ငယ်တွေက နေပြည် တော်၏ အခြေအနေကို အတတ်နိုင်ဆုံး ထိန်းရန် ကြိုးပမ်းကြပါ၏။

မင်းညီမင်းသားတွေကို ကွပ်မျက်မည့် ညဥ့်မတိုင်မီကပင် တင်ကြို၍ နေပြည်တော် တစ်ခွင်မှာ ကြည့်ချင်ပွဲတွေ၊ ဇာတ်၊ အငြိမ့်၊ ရုပ်သေးပွဲတွေ ခင်းကျင်း ကပြရန် စီစဉ်သည်။ မြို့အုပ်ခွန်အုပ်တို့က စီစဉ်ပေးကြ၊ သူကြီးတွေက ဆောင်ရွက်ကြ၊ ဆယ်အိမ်ခေါင်းတွေက နာခံကြ၊ ရပ်ကွက်တိုင်းမှာ ပွဲခင်းကြ၊ လမ်းဆုံလမ်းခွ တိုင်းမှာ ဇာတ်ကကြ၊ ဘုရင်မင်းတရားကြီးနှင့် မိဖုရားကြီးတို့၏ ဘုန်းကံရှိန်ဝါ ထွန်းတောက်ပုံ၊ ရန်သူတွေအပေါ် အောင်မြင်ပုံ၊ နိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာ ပုံကို သရုပ်ဖော်သော ဇာတ်လမ်းတွေ ရေးကြ၊ သီကြ၊ ဆိုကြ၊ ကကြစေ။ ဘုန်းတော် ကြီးမြတ်တော်မူသော ဘုရင်ထီးဘုရား ခမိန့်တော်...။

အမိန့်ဆိုတော့ နာခံကြဖို့ပဲ။ မြို့အုပ်ခွန်အုပ်တို့ အလုပ်ရှုပ်ကြပြီ။ သူကြီးနှင့် ဆယ်အိမ်ခေါင်းတို့လည်း မနားကြရ၊ ဇာတ်ပွဲရှာရ၊ အငြိမ့်ကိုခေါ်၊ ရုပ်သေးပွဲကို ဆင့်ရနှင့်။ ဇာတ် အငြိမ့် ရုပ်သေးပွဲမှ ရှာမရသူတို့က အရပ်ထဲမှာ ရသမျှ လူစု၍ ခြေမြှောက်လက်မြှောက် လုပ်တတ်လျှင် ပြီးရော၊ စင်ပေါ်တက်ရဲလျှင် ပြီးရော၊ ပွဲကနိုင်လျှင် တော်ပြီ၊ ဖြစ်သည်နည်းဖြင့် စီစဉ်ကြရတော့သည်။

သို့သော် သည်ပွဲကလေး၊ လမ်းကလေး၊ ဇာတ်ကလေး၊ အငြိမ့်ကလေး ကပြရုံ နှင့်တော့ ချောက်ချားနေသော နေပြည်တော်ကို ကယ်တင်ခြင်းငှာ မစွမ်းပြီ။ စိတ်ဓာတ် ကျဆင်းနေသော ပြည်သူတွေကို စည်းရုံး၍ မရနိုင်ပြီ။ လမ်းဆုံ လမ်းခွက ပွဲတွေလမ်းတွေမှာ ပွဲကြည့်လာသူ ဟူ၍ စည်စည်ကားကား မရှိပါ။ မျောက်ပွဲသာသာမျှ လူရှိသောပွဲကို အစည်ကားဆုံးဟု ဆိုရတော့မည်။ ပြည်သူတို့သည် မိမိတို့ ဈေးဆိုင် အိမ်ဆိုင်များကို စောစောစီးစီး ပိတ်လိုက်ကြသည်။ အိမ်ငယ် တဲပုတ်တို့၏ ကဲလား တံခါးတွေကို နေမဝင်မီ ပိတ်ချထားပြီး ဖြစ်နေသည်။

ခါတိုင်းလို လမ်းမလယ်ကောင်မှာ ဖုတ်တထောင်းထောင်းနှင့် ပြေးလွှား ဆော့ကစားနေသော ကလေးသူငယ်တို့ကို မတွေ့ရ။ နေဝင်ရီတရောအ္ဘ မှောင်ရိပ် ခို၍ သီချင်းကလေး ညည်းရင်း အိမ်ပြန်တတ်သော မိုးသမားတို့၏ အသံပင် တိတ်ဆိတ် နေကြပြီ။ အပျို့အိမ်နားမှာ လျှောက်ပြန်သံပေးလုပ်ရင်း၊ ထရံခွာ သံစူးလုပ်ရင်း အချိန်ဖြုန်းပြီးနောက် အိမ်သို့ သီချင်း တကြော်ကြော်နှင့် ပြန်လာ တတ်သော ကာလသားတို့ အသံကိုပင် မကြားကြရတော့။ ပွဲတွေ ဇာတ်တွေမှာ ဆိုင်းသံတွေက အဟီးမပျက် အဆိုမပျက် ရှိပါ၏။ ပြည်သူတို့၏ စိတ်က ပွဲမှာ မရှိ၊ ဇာတ်မှာမရှိ။

ပိတ်ချထားသော ကဲလားတံခါးတွေ၏ နောက်မှာတော့ ပြည်သူတို့ ရှိကြသည်။ သူတို့သည် အိမ်သားအချင်းချင်း သို့မဟုတ် နောက်ဖေး ပြတင်းများကို တိတ်တဆိတ် ဖွင့်၍ အိမ်နီးနားချင်း အချင်းချင်း တီးတိုးစကားများကို လေသံဖြင့် ပြောနေကြမည် ဖြစ်သည်။

'ဒီနေ့ညပေါ့၊ နတ်ရွာစံ ဘုရင်မင်းမြတ်ရဲ့ သားတော်တွေကို အဆုံးစီရင် တော့မယ်၊ မင်းသား မင်းသမီးတွေနဲ့ အနွယ်တော်တွေက အများကြီးတဲ့၊ သုံးည



ဆက်ပြီး ကွပ်မျက်ရမယ်ဆိုပဲ၊ မင်းသားတွေ သူပုန်ထမှာ စိုးလို့ အပြီးတိုင် စီရင် ရတာလို့ ပြောတာပဲ၊ ဘယ်တတ်နိုင်မလဲလေ၊ သတ္တဝါတစ်ခု ကံတစ်ခုပေါ့'

ဗုဒ္ဓဘာသာဝင်တွေကိုး၊ နောက်ဆုံးတော့ ဘာမှ မတတ်နိုင်လျှင် ကံကို လွှဲချ၍ စိတ်ဖြေရုံသာရှိသည်။ သည်သို့ စိတ်ဖြေနိုင်မှလည်း ရင်ထဲမှ ဝေဒနာတွေ သက်သာရာရတော့မည်။ နှလုံးတုန်တုန် ရင်ခုန်ခုန် ဖြစ်နေသူတွေ စိတ်ဖြေနိုင်ကြမည်။

'အို ဒါက ပြည်သူတွေနှင့် ဘာဆိုင်လို့လဲ၊ ကျုပ်တို့နှင့် ဘာမှ မပတ်သက် ဘူး၊ သူတို့ ရှင်ဘုရင်နဲ့ မိဖုရားတွေ ဘုရင့် အနွယ်တော်တွေ အကြား အာဏာလုပွဲ ကျင်းပတာ မဟုတ်လား...၊ နေတတ်ရင် လေညှာက နေသာသပေ့ါ...'

သည်သို့မြင်သူတွေကလည်းရှိသေးသည်။ သူတို့ အပြောကလည်း ငြင်း၍ မလွယ်။ တကယ်တော့ သည်အရေးအခင်းသည် ပြည်သူတွေနှင့် တိုက်ရိုက် ပတ်သက်သည်ဟုတော့ ပြောရ ခပ်ခက်ခက်။

မင်းတုန်းဘုရင်မင်းမြတ် နတ်ရွာစံခါနီးမှာ သားတော် သမီးတော်တွေ အားလုံးနီးနီးကို ဘုရင့်မိဖုရား ဆင်ဖြူမရှင်၏ အမိန့်ဖြင့် ဖမ်းဆီးခဲ့၏။ သည်လို ဖမ်းရန် ကင်းဝန်မင်းကြီးနှင့် ဝန်ကြီးဝန်ငယ်တွေကလည်း မီးစိမ်းပြခဲ့သည်။ ပြီးတော့ မင်းတုန်းမိဖုရား၊ ဆင်ဖြူမရှင်၏ သမီးတော် စုဖုရားလတ်နှင့် မေတ္တာ ကူးယှက်နေသူ သီပေါမင်းသားကလေးကို အိမ်ရှေ့စံမင်းသား အဖြစ် ကြေညာ သည်။

မင်းတုန်းမင်းကြီး နတ်ရွာစံသောအခါ သီပေါမင်းသားကလေးက ကုန်းဘောင်နန်းပလ္လင်ကို သိမ်းယူစိုးစံသည်။ ဆင်ဖြူမရှင် မိဖုရားကြီး၏ သမီး တော် စုဖုရားလတ်သည် သီပေါမင်းတရား၏ မိဖုရားဖြစ်လာ၏။ ထို့နောက် နန်းပလ္လင် အန္တရာယ် ပွားမည် စိုးရိမ်၍ သည်မင်းသား မင်းသမီးတွေကို အဆုံး စီရင်ရန် ကြံစည်သည်တဲ့။

ကဲ... ဆင်ခြင်ဉာဏ် အလွှာလွှာပါး၍ စဉ်းစားကြည့်ပါတော့။ တကယ် ဆိုရင် ပြည်သူတွေ၏ အရေးအခင်းနှင့် သည်နန်းတွင်း အာဏာလုပွဲ၊ ဘယ်လိုများ ပတ်သက်လို့ပါတဲ့လဲ...။

မှန်ပါ၏။ တိုက်ရိုက် ပတ်သက်လာသည်တော့ မဟုတ်။ သို့သော် အိမ် ရှေ့ပူလျှင် အိမ်နောက်က ချမ်းသာပါ့မလား။ မတော်တာတွေ မသင့်တာတွေ ကြားနေ မြင်နေရတော့လည်း ဘယ်သူကမှ စိတ်မချမ်းသာနိုင်၊ ပြီးတော့ ဆင်ခြင်

စဉ်းစားစရာ ရှိသည်။ နိုင်ငံတော် ပြည်အရေးကလည်း နဂိုရ်ကမှ သိပ်ပြီး တည်ငြိမ်သည်မဟုတ်၊ မြေထဲမြို့အထိ သိမ်းယူထားသော ဗြိတိသျှနယ်ချဲ့ အစိုးရ ကလည်း အထက်မြန်မာပြည်ကို မျက်စောင်း တထိုးထိုးနှင့် ရှိနေသည်။ နေပြည်တော်မှာ မလျော်တဲ့ အခင်းတွေ ဖြစ်ကြသည်ဆိုလျှင် နယ်ချဲ့ ဝံပုလွေသည် အပြစ် အမျိုးမျိုးရှာ၍ သိုးငယ်ကို လာကိုက်သတ်ပါက မခက်ပါလား။

ပြီးတော့ အရှည်ကို မျှော်ကြည့်။ ဖအေတူ မအေကွဲ ညီအစ်ကိုတော်သူ၊ မောင်နှမရင်းတော်သူ၊ တကယ့် ဆွေမျိုးအရင်းကြီးတွေကိုပင် တန်ခိုး အာဏာကလေး 'ဓားရှက်' လောက်အတွက် ရက်ရက်စက်စက် သတ်ဖြတ် သုတ်သင်ခဲ့သူ ထို 'ဘုရင်' သည် ပြည်သူပြည်သား အများအပေါ် ရင်ဝယ်သားကဲ့သို့ သနား ကြင်နာ အုပ်ချုပ် ပါတော့မလား။ မင်းကျင့်တရား ဆယ်ပါးနှင့်အညီ အုပ်ချုပ် ပါတော့မလား။ ဘုရင်မင်းတရားကမှ ပြည်သူတွေကို သနားညှာတာ မရှိခဲ့လျှင် ဝန်ကြီးဝန်ငယ်တွေ၊ မှူးကြီး မတ်ငယ်တွေက ပြည်သူတွေ အပေါ် ထောက်ထား ပါဦးမလား...။

အကြောင်းကြောင်းကို ထောက်၍ စာနာ မျှော်ကြည့် တတ်သူတို့ကလည်း ဤသို့ ဆင်ခြင်ရုံမှအပ ဘာမျှ မတတ်နိုင်ပြီ။ နှုတ်ဆန်ရုံမှအပ ဘာမျှ မတတ်နိုင်ပြီ။ ဘုရင်မင်းတရားနှင့် မိဖုရား စုဖုရားလတ်တို့၏ အဆုံးအဖြတ်ကို ဘယ်သူက ဝင်တားနိုင်မှာလဲ။ မင်းတို့စကား မိုးကြိုးသွားတဲ့။ ထွက်ပြီးသော ဆင်စွယ်သည် ဝင်တယ်လို့ မရှိနိုင်ပြီ။ ထို့ကြောင့် မိုးကြိုးပစ်၍ ထန်းလက်ဖြင့် ကာရန် မကြိုးစား လေနှင့်၊ အချည်းနှီးဒုက္ခ တွေ့ကြလိမ့်မည်။

## ၃

၁၈၇၉ ဖေဖော်ဝါရီလ ၁၅ ရက်နေ့ကား မင်းတုန်းဘုရင် မင်းတရား၏ ရင်သွေးတော် အနွယ်တော်တို့အတွက် လောကကြီးမှာ အသက်ရှင်နေနိုင်ရန် နောက်ဆုံးနေ့ ဖြစ်၏။ နေလုံးကွယ်သည်နှင့် ပွဲကြည့်ဆောင်တွင် အထူး စီမံထားသော ဇာတ်သဘင်မှ ဆိုင်းသံများ စည်စည်ဝေဝေ တီးမှုတ် နေကြပြီ။ ဘုရင် မင်းတရားနှင့် မိဖုရားကြီးတို့ ကိုယ်တိုင် ရှုစားရမည့် ပွဲသဘင်ဆိုတော့ ဝန်ကြီးမှူးကြီးတို့သည် လည်းကောင်း၊ ဝန်ငယ်မှူးငယ်တို့သည် လည်းကောင်း၊



နန်းတွင်း အမှုထမ်း၊ နန်းပြင် အမှုထမ်းတို့ သည်လည်းကောင်း၊ ကိုယ့်မိသားစုနှင့် ကိုယ့်အဖွဲ့အသင်းကလေးများနှင့် ပွဲသဘင်သို့ မပျက်မကွက် ရောက်လာကြသည်။

ပွဲသဘင်မှာ နေရာထိုင်ခင်းကအစ အဆင့်အတန်းလိုက် ထိုင်ကြရသည် ဆိုတော့ ဝန်ငယ်မှူးငယ်တို့က နောက်က၊ ဝန်ကြီးမှူးကြီးတို့က ရှေ့ကပါပဲ။ ရှေ့နားက ထိုင်ရသော ဝန်ကြီးမှူးကြီးတို့နှင့် ကတော်တွေကတော့ မိမိတို့ သည်ပွဲကို မပျက်မကွက် ရောက်လာကြောင်းကို ဘုရင်နှင့်မိဖုရားတို့ မြင်စေရန် ခေါင်းကလေး တမော်မော်၊ မျက်နှာကလေး တပြပြနှင့်။ နောက်နားက ဝန်ငယ်မှူးငယ်တို့ ခမျာမှာ သည်အခွင့်အရေးမျိုး မရရှာ။ သည်တော့၊ 'တို့မျက်နှာကို ဘုန်းတော်ကြီးဘုရားနှင့် မိဖုရားကြီးတို့ မြင်အောင် ဒူးထောက်လို့ ပြရရင် ကောင်းမလား၊ အမှတ်တမဲ့ မတ်တတ်ရပ်လို့ ပြရရင် ကောင်းမလား၊ ဘယ်လိုနေရင် မြင်ပါ့မလဲ' တွေးရင်း တောရင်း စိတ်အလုပ်များ နေကြရှာပြီ။

သည်အချိန်မှာပဲ ဘုရင်နှင့် မိဖုရားကြီးတို့ ကြွချီလာကြ၏။

ပွဲကြည့်ပရိသတ် လှုပ်လှုပ်ရွရွ ဖြစ်သွားသည်။ ဘုရင်မင်းမြတ်နှင့် မိဖုရား ကြီးကို မော်ဖူးခွင့်မရှိ၊ ကိုယ်ကိုကြုံ့၍ ခေါင်းကိုနှိမ့်၍ စုံဆယ်ဖြာ ထိပ်မှာမိုး၍ ဦးတိုက်ကြရသည်။ ဘုရင်မင်းမြတ်နှင့် မိဖုရားကြီးတို့သည် မိမိတို့အတွက် အထူး စီမံထားသော နေရာသို့ ရာဇပလ္လင်မြေ့ ဆောင်တော်မူလျက် ခံ့ညား ထည်ဝါစွာဖြင့် လှမ်းကြွလာလေသည်။

အရောင်တဖိတ်ဖိတ်တောက်၍ ရွှေငွေ ကျောက်သံပတ္တမြားတွေ စီခြယ် ထားသော သလွန်တော်၌ နေရာယူပြီးကြသော ဘုရင်မင်းမြတ်နှင့် မိဖုရားကြီး တို့သည် ပွဲခင်းကို မျက်နှာမူ၍ ထိုင်ကြ၏။ ထိုအချိန်တွင် ပွဲခင်းဆီမှ ဆိုင်းတော် မဟာသည် ဘုန်းတော်ဘွဲ့ တစ်ပုဒ်ကို သာယာငြိမ့်ညောင်းစွာဖြင့် စတင် တီးမှုတ် ပါလေပြီ။

မိဖုရားကြီး စုဖုရားလတ်ကမူ ပွဲခင်းသို့ ရောက်ရှိလာသော ပရိသတ်ကို တစ်ချက်မျှ မျက်စိကစားလိုက်၏။ ထို့နောက် ဆေးပေါ့လိပ်ကြီးကို မီးတဖွားဖွား ဖြစ်အောင် ဖွာလိုက်ရင်း ဇာတ်စင်ဘက်သို့ လှည့်လိုက်သည်။ မိဖုရား၏ စိတ်အစဉ် သည် ပွဲသဘင်မှာ ရှိရဲ့လား၊ သို့မဟုတ် ဘာတွေကို စဉ်းစားနေသလဲ၊ ဘာတွေကို တွေးတောနေသလဲ၊ ဘာတွေကို သတိရနေသလဲ...။

မိဖုရားကိုယ်တိုင်မှပင် သိပေလိမ့်မည်။

ညဥ့်နက်လာပါပြီ။ ဆိုင်းသံ၊ ဗုံသံ၊ နှဲသံ လင်းကွင်းသံတွေ စည်စည်ဝေဝေ တီးမှုတ်နေသည့်အခိုက် ဇာတ်ဆောင်တစ်ဦးသည် ဘုရင်မင်းတရား၏ ဘုန်းတော်ဘွဲ့ တေးတစ်ပုဒ်ကို အောင်မြင်လှစွာသော အသံဖြင့် ဆိုလိုက်၏။ သူ့အသံနှင့်အတူ အခြားအသံတစ်သံက စူးစူးဝါးဝါးပေါ်လာသည်၊ နန်းဥယျာဉ်ကွင်းဝယ် ကျင်းပနေသော လူသတ်ပွဲမှ သေလုဆဲဆဲ မင်းသားတစ်ပါး၏ နောက်ဆုံးအော်သံပင် ဖြစ်ပေလိမ့်မည်။

ထိုတဒင်္ဂဝယ် သီပေါဘုရင်သည် မင်းသား တစ်ပါး၏ အော်သံကို ကြားလိုက်ရသည်။ ဘုရင်မင်းမြတ်သည် ခေါင်းကိုလှည့်၍ အမှတ်မထင် မော့ကြည့်လိုက်သည်။

'မောင်တော်ဘုရား၊ ပွဲသဘင်ကို ရှုစားပါလား'

အေးဆေးငြင်သာ ပြောလိုက်သော စုဖုရားလတ်၏ အသံ ဖြစ်ပါ၏။ သို့သော် အမိန့်သံလိုလို…။

ဘုရင်မင်းမြတ်သည် အိပ်မက်ဆိုးတစ်ခုကို မက်နေရာမှ လှုပ်နှိုးခံလိုက်ရသလို တုန်လှုပ်သွား၏။ မိဖုရားမျက်နှာကို လှည့်ကြည့်သည်။ ပြီးတော့ ဘာဖြစ်လို့လဲ မသိ၊ မိဖုရားထံမှနေ၍ မျက်နှာလွှဲလိုက်၏။ ဘာကိုမှ မတွေးတာပဲ ကောင်းတော့မည်။ ဒါမှလည်း တဒင်္ဂခဏ စိတ်ချမ်းသာခွင့် ရတော့မည်။ သည်လိုများ ဘုရင်မင်းတရား တွေးနေသလား၊ စုဖုရားလတ် မိဖုရားကမူ ဆေးပေါ့လိပ်ကြီးကို တစ်ဖွာတည်း ဖွာနေရင်း ပွဲကို ဆက်ကြည့်နေ၏။ သူ့မျက်နှာမှာ တစ်စုံတစ်ရာကို ကျေနပ်အားရသော ဟန်ဖြင့် အပြုံးရိပ်သန်းနေလေသည်။

တကယ်တော့ အောင်ပွဲရသူ တစ်ဦးအနေဖြင့် စုဖုရားလတ်မိဖုရားသည် လှလှပပ ပြုံးနိုင်ပေလိမ့်မည်…။ မိမိ၏ နန်းပလ္လင်ကို တစ်နေ့နေ့မှာ ကိုင်လှုပ်လာမည့် သတ္တိကောင်းသည် ဆိုသော မက္ခရာမင်းသား၊ ဗဟုသုတ အကြံဉာဏ်ပညာ ကြွယ်ဝလှသည်ဆိုသော သုံးဆယ်မင်းသား၊ သည်မင်းသားတွေနှင့် အတူ ရန်စွယ် ရန်ငြောင့်တွေကို ဇာတ်သိမ်းနိုင်ခဲ့ပြီ မဟုတ်လား…။ သည်လိုပွဲမှာမှ ဝမ်းမသာလျှင် ဘယ်လိုပွဲကျမှ ကျေနပ်ဝမ်းသာရတော့မှာလဲ။ မိဖုရားသည် အကျေနပ်ကြီး ကျေနပ်ကာပြုံးပါ၏။ အပြုံးကြီးပြုံးကာလည်း ကျေနပ်အားရလျက် ရှိပေသည်။



သည်အချိန်တွင်…နန်းမြို့အတွင်း တစ်နေရာဝယ်… မင်းတုန်းဘုရင်မင်းမြတ်၏ ရင်သွေးတော် မင်းညီမင်းသားတို့ကို အာဏာပါးကွက်သားတို့က အဆုံး စီရင်လျက်ရှိ၏။ မင်းသားတို့၏ ဆံပင်ကို ဆွဲ၍ ဦးခေါင်းကို မော့စေကာ လည်မျိုကို တုတ်တိုဖြင့် ရိုက်သတ်ရသော အလုပ်မှာ စင်စစ်တော့ ခက်ခဲပင်ပန်းလှသော ကိစ္စမဟုတ်…။ သို့သော် လူနှင့်လူချင်း သွေးအေးအေးနှင့် ရက်စက်စွာ သတ်ဖြတ်ရမည့် အရေးကိစ္စမှာကား မလွယ်လှ။ အလွန်တရာမှ ရက်စက်ကြမ်းကြုတ်သော အာဏာပါးကွက်သားတို့ အဖို့ပင် ခက်ခဲပင်ပန်းသော လုပ်ငန်းတစ်ရပ်ဖြစ်နေသည်။

သည်တော့ဘာလုပ်မလဲ၊ အာဏာပါးကွက်သားတွေကို အရက်ဖြင့် ရဲဆေးတင်ပေးလိုက်၏။ ဘုရင်မင်းမြတ်သည် ထိတ်လန့်တုန်လှုပ်ဖွယ်ရာ အချိန်ကာလများကို ကျော်လွန်ရန် အားထုတ်နေရချိန်…။ သည်အချိန်တွင် အာဏာပါးကွက်သားတွေကလည်း ဝါးကျည်တောက်တွင်းမှ သေရည်တို့ကို တစ်ခွက်ပြီးတစ်ခွက် မော့ရင်း မင်းညီမင်းသားတို့၏ လည်မျိုကို တုတ်တိုဖြင့် တစ်ချက်ပြီးတစ်ချက် ရိုက်နေရလေသည်။

မဟာဆီ မဟာသွေးတို့၏ 'သွေး' ကို မြေမှာ မကျကောင်းဘူးတဲ့…။ သည်တော့… လည်မျိုကို တုတ်တိုဖြင့် ရိုက်၍ ကွပ်မျက်ပြီးသမျှ မင်းညီမင်းသားတို့၏ အလောင်းများကို ကတ္တီပါ အနီရောင်အိတ်များဖြင့် ထည့်ရ၏။ ပြီးတော့ အသင့်တူးထားသော မြေကြီးကျင်းထဲသို့ ပစ်ချကြရသည်။

မင်းညီမင်းသားတို့ကား တုတ်တစ်ချက် နှစ်ချက်ဖြင့် အသက်ပျောက်သည်လည်းရှိ၏။ သုံးချက်လေးချက်မှာပင် အသံတိတ်သွားသူလည်း ရှိ၏။ ငါးချက် ခြောက်ချက် ရိုက်လို့မှ တလူးလူး တလွန့်လွန့် ရုန်းကန်နေသူတွေလည်း ရှိသည်။ ဘာပဲဖြစ်ဖြစ် အားလုံးကို ကျင်းထဲသို့ ပစ်ချလိုက်၏။ ပြီးတော့ အပေါ်မှနေ၍ မြေကြီးတွေ ဖို့လိုက်သည်။ မြေကြီးတွေ သိပ်သွားအောင် အပေါ်က ဆင်ဖြင့် နင်းစေရသည်။ ဖိုးသက်ပြင်းတို့ မြေကျင်းထဲမှာ ရုန်းရင်းကန်ရင်း တမလွန်သို့ ခရီးဆက်ကြပေရော့…။

နန်းတွင်း၌ ကပြသော ပွဲသဘင်သည် သုံးညလုံးလုံး အသုံးတော်ခံရသည်။ စည်စည်ကားကား ရှိပါသည်။ ထယ်ထယ်ဝါဝါ ရှိပါသည်။ သီပေါဘုရင်မင်းတရားကြီးလည်း… ပွဲခင်းကို တစ်ချက်တစ်ချက် ရှုစားရင်း သုံးညလုံးလုံး အချိန်ဖြုန်းရ၏။ စုဖုရားလတ် မိဖုရားကြီးမှာ ဆေးပေါ့လိပ်ကြီးကို မီးတရဲရဲဖွာရင်း

ပွဲခင်းထဲသို့ တစ်ချီတစ်ချီ မျက်စိကစားရင်း၊ သေခါနီး မင်းသားတို့ အသက်လု အော်သံကို ဆောင်းလေက သယ်ယူလာ၍ ကြားနေရင်း၊ အချိန်ကုန်ရတော့သည်။

ဘုရင်မင်းတရားနှင့် မိဖုရားကြီးတို့ကိုယ်တိုင် သုံးညလုံးလုံး မပျက်မကွက် ပွဲကို ရှုစားကြသည်ဆိုတော့ ဝန်ကြီး၊ ဝန်လတ်၊ ဝန်ငယ် အများလည်း ဘယ်လိုများ ပျက်ကွက်ကြမှာလဲ...။ မိသားစုတစ်တွေ စည်စည်ဝေဝေနှင့် သုံးညလုံးလုံး ပွဲကြည့်မှန်ကြရသည်။

ပွဲခင်းဆီမှ ဆိုင်းသံဗုံသံ ကြေးမောင်းသံတို့နှင့်အတူ သဘင်သည်တို့၏ ဆိုသံကသံ တေးသီသံတို့သည် ရွှေနန်းတော်တံခါး အပြင်သို့တိုင် လွင့်ပျံ့ မြည်ဟည်း လာခဲ့သည်။ သို့သော် မင်းညီမင်းသား အနွယ်တော်များ၏ သေခါနီး အသက်လု၍ အော်သံများကမူ နန်းမြို့ အပြင်သို့တိုင် မလွင့်ပါးနိုင်ပြီ...။ သူတို့၏ အသံတွေသည် ဆူညံသော စည်၊ နှဲ၊ ကြေးနောင်တို့ကို မလွှမ်းမိုးနိုင်...၊ မထိုးဖောက်နိုင် ရှာပြီ။

သို့နှင့်...ခရစ် ၁၈၇၉ ခုနှစ် ဖေဖော်ဝါရီလ ၁၅–ရက်နေ့မှ စတင်ခဲ့သော နန်းတွင်း လူသတ်ပွဲကြီးသည် သုံးညအကြာတွင် ပြီးဆုံးသွား၏။ သည်လူသတ် ပွဲကြီးဝယ် မင်းညီမင်းသား အနွယ်တော်များ၏ သွေးများ မြေသို့မကျအောင် 'လည်မျို' ကို တုတ်တိုနှင့် ရိုက်၍ ကတ္တီပါ အိတ်ကြီးများမှာထည့်၊ မြေကျင်းကြီး ထဲသို့ မြှုပ်ခဲ့ကြောင်း အထက်တွင် ဖော်ပြခဲ့ပြီ။

သည်မျှ များပြားသော လူတွေကို တမလွန်သို့ ခရီးကြမ်းနှင်၍ ပို့ရသည့် ကိစ္စမှာ မဟာဆီ မဟာသွေးတို့၏ 'သွေး' တစ်စက်မျှ မြေသို့ မကျအောင် လုပ်ဆောင်နိုင်ကြရဲ့လား...။ မေးနိုင်ကြသည်။ သည်သို့မေးလာလျှင် ဘယ်လို ဖြေမလဲ...။ စင်စစ်ဆိုလျှင် မှတ်စုမှတ်တမ်း ကျကျနန မရှိတော့လည်း သေသေ ချာချာ မဖြေနိုင်ပါ။

သေချာတာ တစ်ခုတော့ ရှိသည်။ ယခုလို မင်းညီမင်းသား အနွယ်တော် များ စုစုပေါင်း ဦးရေ ရှစ်ဆယ်ခန့်ကို ရက်ရက်စက်စက် ကွပ်မျက်လိုက်ခြင်းဖြင့် **'သွေးစွန်းခဲ့သော သမိုင်းစာမျက်နှာ'** ကို ဘယ်သောအခါမှ ချေဖျက်၍ မရတော့ပြီ။

## ၂။ စုဖုရားဆိုသော စုဖုရား

### ၁

သည်လူသတ်ပွဲကြီး အကြောင်းကို ပြောကြတိုင်း မိဖုရား စုဖုရားလတ်၏ အမည်ကား တစ်ဆက်တည်းပါလာ၏။ 'ဓားထက်တဲ့ မိဖုရား မဟုတ်လား၊ စိတ်ဆတ်တဲ့ မိဖုရား မဟုတ်လား၊ ရဲရင့်တဲ့ မိဖုရား မဟုတ်လား၊ နန်းပလ္လင်ရဲ့ ရန်စွယ်ရန်ငုတ်တွေကို သုတ်သင်ဖို့ မိဖုရားက အမိန့်ပေးခဲ့တာပေါ့'...တဲ့။

စုဖုရားလတ်၏ နာမည်ကဖြင့် 'ကြီး' ပါပေ့... သတင်းကဖြင့် 'သင်း' ပါပေ့။ သည်လူသတ်ပွဲကြီးသည် စုဖုရားလတ်၏ ဆန္ဒဖြင့် ပေါ်ပေါက်လာရသည် ဆိုတာ မှန်လေမလား၊ သို့ဆိုလျှင် ရှင်ဘုရင်ကကော ဘာပြောသတဲ့တုန်း၊ ဝန်ကြီး ဝန်ငယ်တွေကကော...သဘောတူသတဲ့လား...။

သီပေါဘုရင်မင်းမြတ်ကား အလိမ်မာ သုံးခဲ့လိုဟန်ရှိ၏။ မင်းသားတွေကို သတ်နေ ဖြတ်နေစဉ်က ဘုရင်မင်းတရားသည် ပွဲကြည့်ရင်း မသိလိုက် မသိဖာသာ နေပြသည်။ နောင်အခါ၌ ဘုရင်မင်းမြတ်က ဤသို့ မိန့်တော်မူသတဲ့...

'သည်လူသတ်ပွဲကို ငါမသိ၊ ငါ့လက်သုံးတော် ခြွေရံသင်းပင်းတို့ လက်လွန် သွားလို့ မနှစ်မြို့ဖွယ် ကိစ္စရပ်ကြီး ပေါ်ခဲ့ရတာ'။

မင်းညီမင်းသားတို့ကို ကွပ်မျက် သုတ်သင်ခြင်းအတွက် ရတနာပုံနေပြည်တော်ရှိ ဗြိတိသျှ သံအမတ်ကြီးက ကန့်ကွက်စာ ပို့ခဲ့သည်။ ထိုအခါတွင် ကင်းဝန်မင်းကြီးက ပြန်စာပို့၏။

'ဤ အရေးအခင်းသည် အချုပ်အခြာ အာဏာပိုင်သော မြန်မာဘုရင်၊ မင်းမြတ် အစိုးရ၏ ပြည်တွင်းရေးမျှသာ ဖြစ်သည်' တဲ့။

သည်လိုဆိုတော့လည်း ကင်းဝန်မင်းကြီးသည် ရတနာပုံ လူသတ်ပွဲကြီးအတွက် ဝန်ကြီးအဖွဲ့ကိုယ်စား တာဝန်ခံယူခဲ့လေသလား၊ စဉ်းစားစရာ ဖြစ်သည်။ ထူးဆန်းသည်ကတော့ စုဖုရားလတ် မိဖုရားကြီးသည် ဤအရေးအခင်းအတွက် နှုတ်ပိတ်ရေငုံ နေခဲ့ခြင်း ဖြစ်သည်။ သည်လူသတ်ပွဲနှင့် ပတ်သက်၍ 'ကောင်းသည် ဆိုးသည်' ထိုနှစ်လီကို မိဖုရားကြီးက ဘာမျှ မပြောခဲ့၊ ထင်မြင်ချက်လည်းမပေး။

သို့ဆိုလျှင် စုဖုရားလတ် မိဖုရားကြီးကို ဘယ်လိုယူဆမလဲ၊ ဘယ်လို အကဲဖြတ်မလဲ၊ ဘယ်လို သဘောထားမလဲ၊ မိဖုရား၏ အခြေခံစိတ်ထားကို လေ့လာကြည့်ရအောင်...။

စုဖုရားလတ်သည် မင်းတုန်းဘုရင်မင်းမြတ်နှင့် ဆင်ဖြူမရှင် မိဖုရား**ကြီး၏** သမီးတော်အလတ် ဖြစ်သည်။ ဆင်ဖြူမရှင် မိဖုရားတွင် သမီးတော် သုံးပါး**ရှိ၏။** စုဖုရားကြီး၊ စုဖုရားလတ်၊ စုဖုရားငယ်...။

သမီးတော် သုံးပါးတွင် စုဖုရားလတ်က 'အစွာ' ဆုံးဖြစ်၏။ စုဖုရားလတ်က 'အသွက်' ဆုံးဖြစ်၏။ စုဖုရားလတ်က 'အထက်' ဆုံးလည်း ဖြစ်နေပေသည်။ ဘုရင့်သမီးတော်ဆိုတော့ နန်းတွင်းမှာ အရှိန်အဝါကြီးသည်။ ပြီးတော့ မယ်တော်ကလည်းကြည့်၊ 'ဆင်ဖြူမရှင် မိဖုရားတဲ့' နည်းတဲ့ ဘွဲ့ထူး ဂုဏ်ထူးကြီးလား။

ဆင်ဖြူမရှင် မိဖုရားဆိုတာက စင်စစ်တော့ အလယ်နန်း မိဖုရား မျှသာ ဖြစ်၏။ ရွှေဘုံနိဒါန်းလာ နန်းဓလေ့ထုံးစံအရသာဆိုပါက အလယ်နန်းမိဖုရားဟူသည် မိဖုရားခေါင်ကြီး အမည်တွင်သူ တောင်နန်းမိဖုရား၏ မျက်နှာရိပ် မျက်နှာကဲကို ကြည့်ပြီး နေတတ်ရသူဖြစ်သည်။ မိဖုရားခေါင်ကြီး စိတ်ကြိုက်မတွေ့သော် အလယ်နန်း မိဖုရားသည် ဘုရင်မင်းမြတ်၏ အငြိုအငြင်ကို ခံရလိမ့်မည်။ ရရှိထားသော အရှိန်အဝါ။ အဆင့်အတန်း၊ အခွင့်အရေးများ ထိခိုက်ခံရမည်။ ဘုရင်နှင့် မိဖုရားခေါင်ကြီးက 'မကြည်' လျှင် အလယ်နန်းမိဖုရားကို ရွှေနန်းတော်



အသိုင်းအဝိုင်းကလည်း ကြည်ကြည်ဖြူဖြူ ဆက်ဆံတော့မည်မဟုတ်၊ အရေးထားလေးစား ကြတော့မည်မဟုတ်။

သို့သော် ဆင်ဖြူမရှင် မိဖုရားက အလယ်နန်း မိဖုရားဖြစ်ပေမယ့် ရွှေဘုံနိဒါန်းလာ မိဖုရားမျိုးမဟုတ်။ မိဖုရားခေါင်ကြီး မျက်နှာကိုလည်း ကြည့်စရာမလို၊ မိဖုရားခေါင်ကြီးက စိတ်ကြိုက်တွေ့သည် မတွေ့သည်ကိုလည်း ဂရုမထား၊ 'ရှင်ဘုရင်မှာ ရှိနေတဲ့ မိဖုရားတွေ အခွင့်အရေး ညီတူမျှတူ ရှိရပေမပေါ့' ဟု ပြောပြောဆိုဆို နန်းဓလေ့ နန်းထုံးစံကို ရဲရဲဝံ့ဝံ့ တော်လှန်ခဲ့သူလည်း ဖြစ်သည်။

သည်လိုမိဖုရားမျိုးက မွေးလာသူ စုဖုရားလတ်မှာ အမေ့သွေးတော့ ပါလာပေမပေါ့။ ထို့ကြောင့် နန်းတွင်းမှာ စုဖုရားက သွက်နေတာ ထက်နေတာ ကိုး ...ဟု ယူလိုက ယူနိုင်ကြသည်။ စုဖုရားလတ် တစ်ယောက် ဘယ်လိုများ 'ထက်' နေသလဲဆိုတော့၊ ကြည့်လေ၊ စုဖုရားလတ် ငယ်ငယ်တုန်းက နောင်တွင် 'ဆဒ္ဒန် ဆင်မင်းသခင် ရွှေတွင်း၊ ငွေတွင်း၊ ပယင်း၊ ဒုတ္တာ၊ ရတနာ ခုနစ်ပါးတို့၏ အရှင်၊ တစ်ရာသော ထီးဆောင်းမင်းတို့၏ ဘုရင်' ဖြစ်လာမည့် သီပေါမင်းသားကလေး၏ ငယ်ထိပ်ကို ခပ်နာနာကလေး 'ခေါက်' ခဲ့သည့် ဖြစ်ရပ်။

သည်တုန်းက စုဖုရားလတ် အပျိုဖော်ဝင်စ 'မိန်းမသွေး' ကြွချိန်၊ လောကကို စူးစမ်းလိုသောအရွယ်၊ မသိသေးသော အရာကို သိချင်နေသည့်အရွယ်၊ မခံစားဖူးသော အရသာကို ခံစားကြည့်လိုသော အရွယ်ပင် ဖြစ်သည်။

စုဖုရားလတ်သည် မိမိနှင့်ကစားဖော် အပျိုတော်လေး တစ်ပါးကို ကပ်၍ နားပူသည်။ 'ညည်းအစ်ကိုရဲ့ ယောကျ်ား အဝတ်အစား တစ်စုံကို ခဏယူခဲ့စမ်း၊ စုဖုရား အသုံးတော်ရှိလို့...'

အပျိုတော်ကလေးက မငြင်းဝံ့ရှာ။ သူ့အစ်ကိုတစ်ယောက်၏ အမျိုးသားဝတ်စုံကို တိတ်တဆိတ် ဝှက်ယူ၍ ယူလာသည်။ တကယ်ဆိုတော့ ဘုရင့်သမီးတော် မဟုတ်လား။ သမီးတော်၏ အကြိုက်ကို လိုက်ရလိမ့်မည်။ သမီးတော်၏ အလိုဆန္ဒကို ဖြည့်ရလိမ့်မည်။ သို့နှင့်ပင် စုဖုရားလတ် အလိုရှိသော အမျိုးသားဝတ်စုံသည် မဆိုင်းမတွ ရောက်လာပြီ။

လိုချင်သော ဝတ်စုံကို ရတော့ စုဖုရားက အပျိုတော်ကလေးကို ဆုချလိုက်သေးသည်။ ပြီးတော့ မှာလိုက်ရ၏ 'ဒီအကြောင်းကို ဘယ်သူ့မှ သွားမပြောနဲ့'။

စုဖုရားလတ်သည် မိုးသည်းထန်သော ညတစ်ညတွင် အကြဲကြီး ကြံလေ၏။ ရရှိထားသော အမျိုးသား ဝတ်စုံကို ဝတ်လိုက်၏။ သူ့ကိုယ်သူ လူပျိုတော်သားတစ်ဦးအသွင် ဆင်ယင်သည်။ ပြီးတော့ မှောင်ရိပ်ခို၍ မြောက်ဥယျာဉ်တော်ရှိ မင်းသားများ၏ အဆောင်သို့ ကူးသွား၏။ မင်းသားတွေ အကြားမှာ လှုပ်လှုပ်ရှားရှား သွားနေသော လူပျိုတော်သားတစ်ဦး၏ ဟန်ပန်မျိုး မြင်ကြရသည်။ စုဖုရားလတ် လုပ်ပုံက ပိရိသားပါပဲ။

စုဖုရားလတ်သည် မြောက်ဥယျာဉ်တော်တွင် ဟိုမှ သည်မှ လျှောက်သွား၍ တွေ့လိုသူ တစ်ဦးကိုရှာ၏။ အမှန်တော့ အပျိုဖော်ဝင်စအရွယ် မင်းသမီးသည် မိမိနှင့် မောင်နှမ ဝမ်းကွဲတော်သော လူပျိုအရွယ် မင်းသားတစ်ပါးကို ရှာခြင်းဖြစ်သည်။ သည်မင်းသား နာမည်ကတော့ 'သာဂရ'။

မင်းတုန်းမင်းကြီးနှင့် ထီးလှိုင်စား မိဖုရား၏ သားတော် သာဂရ မင်းသားကို စုဖုရားလတ် သဘောကျနေသည်မှာ ကြာပြီ။ ကိုယ်ဟန် ထောင်ထောင်မောင်းမောင်း၊ စကားပြောလျှင် အလွန်တည်သောသူ၊ ယောကျ်ားပီသသူ။ သည်မင်းသားကား စုဖုရားလတ်နှင့် မောင်နှမဝမ်းကွဲတော်သည် မဟုတ်လား။ မောင်နှမချင်း တွေ့ဖို့ဆုံဖို့များ သည်မျှ ခက်ခက်ခဲခဲ ကြံနေရသလား။

ကြံရပါမည်။ ရွှေနန်းတော် အတွင်းမှာက အဖိုနှင့် အမ၊ အမနှင့် အဖိုပူးတွဲတွေ့ဆုံခွင့် လုံးဝမရှိ။ အထူးသဖြင့် မင်းသားတွေနှင့် မင်းသမီးတွေအကြား လူသိရှင်ကြား တွေ့ဆုံ ဆက်ဆံခွင့်မရှိ။ အကယ်၍ ခွင့်မပြုဘဲ ပြစ်မှုကျူးလွန်သူရှိလျှင် အဆုံးစီရင် ခံရမည်မှာ သေချာသည်။ ထိုအချိန်က စုဖုရားလတ်နှင့်အတူ စုဖုရားကြီး၊ စုဖုရားငယ်တို့မှာ တစ်ပင်တိုင်မြနန်း စံမြန်းခွင့်ရသူများ ဖြစ်၏။ တစ်ပင်တိုင်နန်း စံမြန်းသူတို့မှာ နောင်တက်လာမည့် ဘုရင်မင်းမြတ်အတွက် သီးသန့်ထားရသော မိဖုရားလောင်းတွေဆိုတာ အများအသိ။

သည်လို တစ်ပင်တိုင်နန်း စံမြန်းခွင့်ရှိသူ စုဖုရားလတ်ကိုယ်တိုင်က မြောက်ဥယျာဉ်တော်သို့ တိတ်တဆိတ်ကူးပြီး သူတွေ့ချင်နေသော သာဂရ မင်းသားကို ရှာသော်လည်းမတွေ့။ သည် ကိုယ်တော်ကလေးကလည်း တွေ့ချင်နေကာမှ ဘယ်ကိုများ ကြွချီနေပါလိမ့်။

စုဖုရားလတ်သည် တစ်နေရာတွင် မင်းသားတစ်ပါးနှင့်ပက်ပင်းတိုးမိသည်။ သီပေါမင်းသားကလေး ဖြစ်၏။ သည်တော့ စုဖုရားလတ်က သူလိုချင်သော အဖြေကို တောင်းသည်။



'သာဂရမင်းသားလေးကို မတွေ့ဘူးလား.....'

သီပေါမင်းသားသည် စုဖုရားလတ်ကိုကြည့်၍ ခပ်ကြောင်ကြောင် ဖြစ်သွား၏။ ဘယ့်နှယ်လဲ၊ လူပျိုတော်သား ဝတ်စုံနှင့် လာမေးသူကို မြင်ဖူးသလိုလို၊ မင်းသမီး တစ်ပါးပါးနှင့် တူသလိုလို၊ ဇဝေဇဝါ ဖြစ်နေသော သီပေါမင်းသားကို စုဖုရားလတ်က ထပ်မေးသည်။

"သာဂရကိုယ်တော်လေးကို မတွေ့ဘူးလားလို့ မေးနေတာ"

စုဖုရားလတ်သည် စိတ်မရှည်ဟန်ဖြင့် ပြောပြောဆိုဆို သီပေါမင်းသား၏ ခေါင်းကို မိမိလက်ဖြင့် ခပ်နာနာကလေး ခေါက်လိုက်သည်။ ထိုအခါမှ သီပေါမင်းသားက ဖြေတော့သည်။

"ဟိုအဆောင်ထဲမှာ..."

သီပေါမင်းသားက နီးစပ်ရာ အဆောင်တစ်ဆောင်ကို လက်ညှိုးညွှန်ပြသည်။ စုဖုရားလတ်သည် သီပေါမင်းသားပြသည့် အဆောင်ထဲသို့ ပြေးဝင်သွားပြီး သာဂရမင်းသားကို ရှာ၏။ မတွေ့။ ထို့ကြောင့် စုဖုရားလတ်သည် အဆောင်ထဲမှ ပြေးထွက်လာပြီး တောင်ဥယျာဉ်တော်ဖက်သို့ ခပ်သုတ်သုတ် ပြန်လာခဲ့သည်။ စုဖုရားလတ်က ထင်၏။ 'မိမိ လုပ်ခဲ့တာကို ဘယ်သူမှ မသိ'။

သို့သော် စုဖုရားလတ် မင်းသမီးက မြောက်ဥယျာဉ်တော်သို့ ကူးပြီး သာဂရမင်းသားကို ရှာသော သတင်းမှာ မယ်တော် ဆင်ဖြူမရှင် မိဖုရားထံသို့ ရောက်သွား၏။ နန်းမဆောင် အတွင်းမှာက မိဖုရားရဲ့ သူလျှို အထောက်တော်တွေ အများကြီးကိုး။ တစ်ယောက်က မသိရင် တစ်ယောက်တော့ သိလိမ့်မည်။ ဖုံးဖိထားလို့များ ရမတဲ့လား။ ဆင်ဖြူမရှင် မိဖုရားသည် သမီးတော်၏ အကြောင်းကို ကြားတော့ အလွန်စိတ်ဆိုးသည်။ အမေ့မျက်နှာ အိုးမည်းသုတ်တဲ့ သမီးတော်ပဲ၊ **အရုပ်ဆိုး**လေစွ၊ အမိုက်ကြီးမိုက်လေစွ။ မှတ်လောက်အောင် ဆုံးမရတော့မည်။ **သားသမီးမကောင်း** မိဘခေါင်းလို့ ဆိုသကိုး။

**သို့နှင့်** စုဖုရားလတ် မင်းသမီးကလေးသည် အဆောင်တော်ထဲမှာ အလုံပိတ် ခံရသည်။ ဘယ်သူနှင့်မှ တွေ့ခွင့်မရ။ အပြင်သို့လည်း ထွက်ခွင့်မရှိ။ တစ်ကိုယ်တည်း စံနေရ၏။ ဒါနှင့် မပြီးသေး၊ ဆင်ဖြူမရှင် မိဖုရားက မင်းတုန်းဘုရင်မင်းမြတ် ထံသို့ ချက်ချင်း အခစား ဝင်၍ သမီးတော် မိုက်လုံးကြီးပုံကို လျှောက်တင်လိုက်သေးသည်။

ဆင်ဖြူမရှင် မိဖုရားကား အလိမ္မာသုံးလေသလား မသိ။ သမီးတော်၏ သတင်းကို ဘုရင်မင်းတရားထံ အခြားတစ်ပါးသူက မတင်မီ အလျှင်ဦးစွာ လျှောက်တင်ထားသည်။ ပြီးတော့ သမီးတော်ကို အဆောင်တော်ထဲ ပိတ်၍ လှောင်၍ အပြစ်ပေးထားလိုက်ပြီ ဖြစ်ကြောင်းကိုလည်း သံတော်ဦး တင်သည်။ မင်းတုန်းမင်းတရားကြီးက ဘာများ ထပ်ပြောစရာ ရှိတော့မှာလဲ။ မိဖုရား ဆောင်ရွက်တာကို ကျေနပ်လိုက်ရသည်။ သို့သော် တစ်ခုတော့ မိန့်ကြားလိုက်၏။

"သမီးတော် သည်မျှ အတင့်ရဲနေတာဟာ နိုင်ငံခြားသူတွေနဲ့ အဆက်အဆံ ရှိလို့ အတုယူ မှားတာပဲ ဖြစ်မယ်။ သမီးတော်ဆီကို နိုင်ငံခြား အပျိုတော်တွေ မခစားစေနဲ့..."

ထိုအချိန်က နန်းတော်ထဲသို့ ဝင်ထွက်ခစားနေသူ နိုင်ငံခြားသား အမှုထမ်း တော်တော်များများ ရှိသည်ကိုး။ သူတို့၏ သမီးပျိုကလေးများကို ဘုရင့် သမီးတော် များထံ ခစားခွင့်ပြုထား၏။ ထိုသို့ အခစား ဝင်သူတွေကို သမီးတော်ကလေး များက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြသည်။ သည်အပျိုတော်ကလေးများထံမှ နိုင်ငံခြားပစ္စည်း ထူးထူးဆန်းဆန်းကလေးတွေ ရတတ်တော့လည်း မင်းသမီး ကလေးများက သဘောတော် ကျကြပေမပေါ့။ သို့သော် ယခုတော့ စုဖုရားလတ် တစ်ယောက် 'ရမ်း' လိုက်ပုံကြောင့် နိုင်ငံခြားသူကလေးတွေ ရွှေနန်းတော်နှင့် ဝေးရပြီ၊ အထူးသဖြင့် ဘုရင်းမင်းမြတ်ထံ အခစားဝင်ခွင့်ရနေသော ဂရိအမျိုးသား ကာလူဂရီဒီ၏ သမီး 'မတ်တီ' ကလေးမှာ စုဖုရားလတ်ထံ အခစားဝင်ခွင့် မရရှာတော့ပြီ။

ဘယ်လိုပဲဖြစ်ဖြစ် စုဖုရားလတ်၏ အပျိုဖော်ဝင်စအရွယ်က၊ သည်အဖြစ် အပျက်ကြောင့် သူစိတ်သဘောကို အကဲခတ်နိုင်ခွင့် ရကြပြီ။ စုဖုရားလတ်သည် ဆန္ဒရှိသည်ကို ရဲရဲဝံ့ဝံ့ လုပ်တတ်သူ၊ လုပ်ရပ်အတွက် ပြဿနာ ပေါ်မည်ဆိုလျှင် 'နောင်ခါလာနောက်ခါချေးပေါ့' ဟု ရင်ဆိုင်ရန် အသင့်ရှိသူတစ်ဦး ဖြစ်သကိုး။

သို့သော် ထိုစဉ်က စုဖုရားလတ်သည် အဆောင်တော်ထဲမှာ အချိန်ကာလ အနည်းငယ်သာ နေခဲ့ရဟန်တူသည်။ မိဖုရားကြီးကလည်း သမီးတော်လေးကို အဆောင်ထဲမှာ အမြဲပိတ်လှောင်ထားဖို့ ဘယ်မှာ ဆန္ဒရှိပါမလဲ။ ဘုရင်မင်းတရား ကြီးကကော သမီးတော်လေးကို အချိန်ကြာကြာ စိတ်မကွက်နိုင်ပြီ။ ထို့ကြောင့်



နောက်ပိုင်းတွင် စုဖုရားလတ်သည် ခါတိုင်းကဲ့သို့ပင် ဉယျာဉ်တော်ထဲမှာ၊ နန်းမ ဆောင်တွေထဲမှာ လူးလာပြေးလွှား မြူးထူးနေသည်ကို ပြန်တွေ့နိုင်ကြလေသည်။

သည်တော့လည်း ယခင်က ပိတ်ပင်ထားသော နိုင်ငံခြားသူ အပျိုတော် ကလေးများသည် စုဖုရားလတ်တို့ ညီအစ်မတစ်တွေထံသို့ ဆက်လက်ခစားခွင့် ရခဲ့ပြန်သည်။ သည်တော့ စုဖုရားလတ်၏ အချစ်တော်ကလေးဖြစ်သူ နိုင်ငံခြားသူ အပျိုတော်ကလေး 'မတ်တီ' လည်း စုဖုရားလတ်အနီးသို့ ပြန်လည်ခစားခွင့် ရခဲ့ပြန်သည်။

## ၂

'မတ်တီ'ကား ဂရိအမျိုးသားကြီး 'ကာလူဂရီဒီ' နှင့် မြန်မာမိခင်တို့မှ ဖွားမြင်သူ ကလေး ဖြစ်သည်။ အင်္ဂလန်နိုင်ငံတွင် ပညာသင်ကြားခဲ့၍ သွက်လက်ချက်ချာသူ ဖြစ်သည်။ ကာလူဂရီဒီသည် မင်းတုန်းမင်းတရားထံ ဝင်ထွက်ခစားခွင့်ရသည်။ သည်တော့ သမီးတော် 'မတ်တီ' ကလည်း ဘုရင့်သမီးတော် စုဖုရားလတ်ထံတွင် ဝင်ထွက်ခစားခွင့်ရခဲ့သည်။ ဘုရင့်သမီးတော်တစ်ပါးထံ ခစားခွင့်ရသဖြင့် ဟန်ကျ လှပြီတော့ မဟုတ်ပါ။ ရှင်ဘုရင်ဆီမှာ ခစားရသလိုပေါ့၊ သူတို့အကြိုက်လိုက်ပြော၊ သူတို့ခိုင်းတာလုပ်၊ သူတို့သဘောနှင့် မတွေ့လျှင်တော့ ကျောကော့အောင်ခံပေရော့ အနီးစပ်ဆုံး အပြစ်ဒဏ်မှာ သေလမ်းပဲ ဖြစ်တော့သည်။

'သေလမ်း' ဆိုလို့ သတိရသေးသည်။ တစ်ကြိမ်တွင် 'မတ်တီ'နှင့် စုဖုရား လတ်တို့ နှစ်ဦးသည် ဉယျာဉ်တော်တွင်းမှာ ကစားနေကြသည်။ ဒန်းစီးကြ၊ ပန်းကလေးတွေခူးကြ၊ လိပ်ပြာကလေးတွေဖမ်းကြနှင့် အပျော်ကြီး ပျော်နေ ကြသည်။ ခဏကြာသော် စုဖုရားလတ်က လှေစီးချင်သည်ဟု ဆိုသည်။ သို့နှင့် ရေကန်တော်သို့ဆင်း၍ လှေစီးကြ၏။ လှေစီးတယ်ဆိုပေမယ့် စုဖုရားက လှေဦးက ထိုင်၍ မတ်တီက နောက်မှ လှော်ရခြင်းသာ ဖြစ်၏။ သို့သော် စုဖုရားလတ်သည် လှေဦးမှာ ထိုင်ရင်း ကောင်းကောင်းမလိုက်။ သီချင်းဆိုရင်း မေါင်းခါခါ လည်ခါခါ နှင့် ရှိနေသည်။ ခပ်လှမ်းလှမ်းတွင် ကြာပွင့်နီနီကြီး တစ်ပွင့်ကို စုဖုရားလတ် တွေ့ရပြီ။ လှလိုက်တဲ့ ကြာပွင့်ကြီး၊ လိုချင်စရာ ကောင်းလိုက်တဲ့ ကြာပွင့်ကြီး...။

စုဖုရားလတ်သည် လှေပေါ်မှနေ၍ ကြာပွင့်ကြီးကို လှမ်းခူးသည်။ မိန်းမဆိုတော့ ပန်းမြင်လျှင် အငမ်းမရ ဖြစ်မြဲ မဟုတ်လား။ အန္တရာယ်ကို သူမမြင်။

စုဖုရားလတ်၏ ကိုယ်အလေးချိန် တစ်ဖက်စောင်းနင်း ဖြစ်သွားသဖြင့် လှေထဲသို့ ရေတွေ ဒလဟောဝင်လာသည်။ မတ်တီသည် လှော်တက်ကို လက်မှ ယောင်ရမ်း၍ လွှတ်ချလိုက်ရင်း လန့်၍ အော်မိသည်။ စုဖုရားလတ်သည် ကြောက်ကြောက်လန့်လန့်ဖြင့် လှေထဲ ပြန်ထိုင်ချလိုက်၏။ သည်တော့မှ လှေသည် ပုံမှန်အတိုင်း ပြန်ဖြစ်သွား၏။ လှေထဲမှာတော့ ရေတွေ ဝင်နေပြီ။

နိုင်ငံခြားသူ အပျိုတော်ကလေး မတ်တီမှာ ကြောက်လွန်းလို့ တုံတုံရီရီ ဖြစ်နေရှာ၏၊ စုဖုရားလတ်ကတော့ ရုတ်တရက် ထိတ်လန့်သွားရုံမှအပ ထူးထူး ခြားခြား မဖြစ်၊ မတ်တီ ကြောက်လန့်နေသည်ကို ကြည့်၍ပင် ရယ်မောနေ သေးသည်။

'ကံကောင်းလိုက်တာနော်... စုဖုရားသာ ရေနစ်သေသွားရင်တော့ ခမည်းတော် မင်းတရားက မတ်တီကို ကွပ်မျက်လိုက်မှာပဲ'

ကြောက်ပါတယ်ဆိုမှ စုဖုရားလတ်က ချောက်လှန့်နေသေးသည်။ သည် တော့မှပင် မတ်တီက ပို၍ ကြောက်နေမိပြန်၏။ သို့သော် နောက်ပိုင်း၌ သေသေ ချာချာ စဉ်းစားမိသောအခါ မတ်တီ မကြောက်တော့ပြီ။ လှေစုံးစုံး နစ်သွား၍ စုဖုရားလတ်သာ ရေနစ်သွားလျှင် မိမိလည်း ရေနစ်ပြီး ကိစ္စချောပြီ မဟုတ်လား။ ဘုရင်မင်းတရားပေးမယ့် သေမိန့်ကို ဘာဖြစ်လို့ ကြောက်နေစရာ လိုသေးသလဲ။

စုဖုရားလတ် မင်းသမီးထံ ခစားကြသည့် အပျိုတော်များတွင် စုဖုရားလတ် ၏ အဆိုးအန္တ့ကို မတ်တီ အခံရဆုံး ဖြစ်၏။ ကြည့်လေ၊ နောင်အခါတွင် သီပေါမင်းသားနှင့် စုဖုရားလတ် မင်းသမီးတို့ ချစ်ကြိုက်ခဲ့ကြသည်။ ထိုစဉ်က စုဖုရားလတ် ရည်းစားစာရေးရန် စာရေးစက္ကူ လှလှကလေးတွေကို အပျိုတော် မတ်တီကပင် ရန်ကုန်မြို့သို့ ကြေးနန်းရိုက် မှာပေးခဲ့ရသေး မဟုတ်လား။

သည်တုန်းက နိုင်ငံခြားသူ အပျိုတော်ကလေး မတ်တီသည် ရွှေနန်းတော် နှင့် ဝေးနေရာမှ တစ်ပတ်ကျော့၍ အခစား ဝင်လာစဉ် ဖြစ်သည်။ မတ်တီမှာ သဘောၤကပ္ပတိန် တစ်ဦးနှင့် လက်ထပ်သွား၍ စုဖုရားနှင့် ဝေးခဲ့သည်။ ယခုတော့ မိဘများရှိရာ ရတနာပုံ နေပြည်တော်သို့ ခေတ္တပြန်လာခဲ့၏။ သည်တွင် မတ်တီသည် နန်းတော်ကြီးသို့ ဝင်၍ စုဖုရားလတ် မင်းသမီးကို ခစားခဲ့ပြန်သည်။



'အတော်ပဲ မတ်တီ၊ ကြုံကြိုက်တုန်းမှာ သီပေါ ကိုယ်တော်ကလေး အကြောင်း ပြောရဦးမယ်၊ မတ်တီ မရှိတာ စုဖုရားဖြင့် ပျင်းနေလိုက်တာ'

စုဖုရားလတ်က သည်စကားနှင့် စ,သည်။ တကယ်ဆိုတော့ ကိုယ် ရည်းစားထားတာကို အပေါင်းအသင်း သူငယ်ချင်းကို ပြောမြရမှ ကျေနပ်သည်မှာ မိန်းကလေးတိုင်း၏ ဓလေ့ပဲ မဟုတ်လား။ ဘုရင့်သမီးတော် ဖြစ်နေရှာသော စုဖုရားလတ် မင်းသမီးကလေးလည်း သူ့ချစ်သူ ရည်းစားအကြောင်းကို တစ်ဦးဦး ထံ ဖောက်သည်ချချင်သည်မှာ ကြာပြီ။ ခက်သည်မှာ အဲသည် တစ်ဦးဦးက ရွှေနန်းတော်ထဲကို လျှောက်ပြီး 'ပါးစပ်မောင်း' ခတ်ရင် အခက်။ ထို့ကြောင့် ရွှေနန်းတော်နှင့် သိပ်မအပ်စပ်သော 'မတ်တီ' ကိုမှ တိတ်တိတ်ကျိတ်၍ ဖွင့်ပြောရ ရှာတော့သည်။

ထိုနေ့က စုဖုရားပြောလိုက်သည်မှာ စုံလို့ပါပဲ။ အစကတော့ မိမိက သီပေါမင်းသားလေးကို မေတ္တာထားခဲ့သည် မဟုတ်။ အမှတ်မဲ့ပင် နေခဲ့သည်။ သို့သော် နောက်တော့ သည်မင်းသားငယ်သည် ဘာသာရေးမှာ အလေးကဲ လာသည်။ ပထမပြန်စာမေးပွဲတွေမှာ ထူးထူးချွန်ချွန်ပင် အောင်မြင်ခဲ့သည်။ ပဥ္စမ သံဂါယနာတင် မင်းတုန်းဘုရင်မင်းမြတ်က ဘာသာရေးတွင် အလေးကဲ နေချိန်မှာ သားတော် သီပေါမင်းသားက ပထမပြန်စာမေးပွဲ၌ ထူးချွန်လာတော့ 'တိုင်း၍ရက်တဲ့ ပတ္တလာ... မိုးရွာတာနှင့် အဆင်သင့် ဖြစ်ရပြီ'။ မင်းတုန်းဘုရင် မင်းမြတ်က မိမိ၏ အရိုက်အရာ ဆက်ခံမည့် မင်းသားတွေကို ရွေးထုတ်သောအခါ သီပေါမင်းသားကို ချန်ထားတော့မည် မဟုတ်။

ထိုအချိန်တွင် သီပေါမင်းသားက စုဖုရားလတ်ကို မေတ္တာစာ ကမ်းခဲ့သည်။ အောင်မယ်... ခေါင်းခေါက်ခံရတဲ့ မင်းသားကလေးက တကယ်လာပါကလား။

'အစကတော့လည်း စုဖုရားက သီပေါမင်းသားလေးကို သိပ်ဂရုမစိုက် ပါဘူး မတ်တီရယ်၊ နောက်တော့ မယ်တော်ဖုရားက စုဖုရားကို အပြစ်တင်တယ်။ ဘာဖြစ်လို့ သီပေါမင်းသားလေးကို ပစ်ပယ်ထားတာလဲ တဲ့လေ...'

ဟုတ်ပါရဲ့၊ မယ်တော် ဆင်ဖြူမရှင်က ငေါက်လိုက် ငန်းလိုက်လုပ်တော့မှ စုဖုရားလတ်ခမြာ သီပေါမင်းသားလေးကို ဂရုစိုက်ဖော်ရတော့သည်။ ယခုတော့ လည်း ဂရုမစိုက်လို့ မရတော့ပြီ။ သီပေါမင်းသားလေးထံမှ ပေးလိုက်သည့်

စာတွေမှာ စုဖုရားကို လှကြောင်း၊ ချောကြောင်း၊ မေတ္တာတုံ့ပြန်ရန် တောင်းပန်ပါကြောင်းတွေ အထပ်ထပ်ပါခဲ့သည်ကိုး။

ထိုနေ့က သီပေါမင်းသားကလေး၏ စာတွေကို စုဖုရားလတ်က တစ်ဆောင် စီဖတ်ပြ၏။ ရွှေကို အပါးလွှာဆုံးဖြစ်အောင် အပြားခတ်၍ စာအိတ်နှင့် စာရွက် လုပ်ထားသည်။ ရွှေစာရွက်ထဲမှာ သီပေါမင်းသား ရေးသီထားတာတွေကို အပျိုတော် မတ်တီက မငြီးမငြူ နားထောင်ရသည်။ စုဖုရားလတ်ကပင် ထပ်ပြော၏။

'ကဲ...သီပေါကိုယ်တော်လေးက သူ့ကို မေတ္တာတုံ့ပြန်ဖို့ ဘယ်လောက်တောင် အောက်ကျို့ အသနားခံတယ်ဆိုတာ သိပြီမဟုတ်လား၊ ဒီတော့လဲ စုဖုရားက သူ့ကို မေတ္တာတုံ့ပြန် ရတာပေါ့လေ။ ခက်တာက စုဖုရားမှာ မေတ္တာစာရေးဖို့ ရွှေစာရွက်ထက်ကောင်းတဲ့ စာရွက်လိုချင်တယ်။ ဘယ်မှာရှာရမလဲဟင်...'

သည်တွင် အကွက်ဆိုက်ပြီ။ စုဖုရားအကြိုက် ဘယ်လို လက်ဆောင်ဆက်ရမလဲဟု မတ်တီက တွေးနေသည်။ ယခုတော့ အကြံရပြီ။ ထို့ကြောင့် ရန်ကုန်ရှိ ခင်ပွန်းသည်ထံ ပန်းရောင်စာရေးစက္ကူ လှလှလေးတွေကို မှာပေးမည်။ စာရေးစက္ကူမှာ ကပ်ဖို့ ကော်သုတ်ထားသော၊ ပန်းပွင့်စက္ကူ လှလှကလေးတွေပါ မှာပေးပါမည်ဟု လျှောက်တင်သည်။

သည်တော့မှ ခက်ကပြီ။ စုဖုရားလတ်ကား သူလိုချင်လျှင် ချက်ခြင်းရမှ။ ခုဆိုလျှင်ခုမှ။ ယနေ့ဆိုလျှင် ယနေ့ရမှ ကျေနပ်သည့်မိန်းမ။ ယခုလည်း ပန်းရောင် စာရေးစက္ကူ လှလှကလေးတွေကို အမြန်မှာပေး၊ ကြေးနန်းရိုက်ပြီးမှာပေး၊ မရမရှိစေနှင့်ဟု စုဖုရားက အမိန့်မှတ်တော့သည်။ အပျိုတော် မတ်တီကပြုး၍ ခေါင်းကို အကြိမ်ကြိမ် ညိတ်ပြရ၏။ ခေါင်းညိတ်ပြရင်းလည်း အကြိမ်ကြိမ် ပြုံးရ၏။

သည်မင်းသမီးကား သူလိုချင်ပြီဆိုလျှင် ဖွတ်ပါလား။ လျှောက်တင်မိမှတော့ စကားအဖတ်တင် မခံရအောင် စာရေးစက္ကူတွေ အမြန်မှာပေးရတော့မည်။ သည်စာရေးစက္ကူ လှလှလေးတွေကို လက်ဆောင်ထိုးပြီး စုဖုရားလတ်ထံမှ အဖိုးတန် ရွှေငွေ ရတနာပစ္စည်းတွေ ရမည်ဟုတော့ မျှော်လင့်၍မဖြစ်။ စုဖုရားထံမှာ ဝတ်ဆင်ထားသော ရတနာပစ္စည်းတွေက အစစ်ဆိုလို့ အနည်းအကျဉ်းသာ ရှိသည်။ ကျန်တာတွေ အားလုံးမှာ အတုတွေ ဖြစ်နေသတဲ့။ ဒါကို အတွင်းတော်မှ



ထွက်လာသော သတင်းများအရ အပျိုတော် မတ်တီက သိထားသည်ကိုး။

ဟုတ်သည် မဟုတ်သည် အပထား။ သည်လို အကြောင်းဆိုက်မှတော့ သည်ဖြစ်ရပ်ကလေးကို ပြောရဦးမည်။

မယ်တော်ဆင်ဖြူမရှင် မိဖုရားက သမီးတော်သုံးပါးကို ရွှေငွေ့လက်ဝတ် ရတနာပစ္စည်းများ ဆင်ပေးရာတွင် အားလုံး အညီအမျှ ဆင်ယင်ပေးသည်။ ခမည်းတော် မင်းတုန်းမင်းကြီးကလည်း စလင်းမင်းသမီးကလေးက လွဲလျှင် သည်သမီးတော် သုံးပါးကို အချစ်ဆုံး မဟုတ်လား။ သည်တော့ သမီးတော်များကို ရွှေငွေ ကျောက်သံပတ္တမြားတွေ မကြာခဏ ဆင်ယင်ပေးသည်။ သို့နှင့် စုဖုရားကြီး စုဖုရားလတ်နှင့် စုဖုရားငယ်တို့ ညီအစ်မသုံးဖော်မှာ ရွှေငွေလက်ဝတ် ရတနာတွေက အပြည့်အစုံ ဖြစ်နေသည်။ လိုသည်ဟူ၍ မရှိ။ အားလုံး ပြီးပြည့်စုံပြီးသားပါပဲ။

ဒါက စောစောပိုင်းက အကြောင်းပါ။ နောက်ပိုင်းတော့ စုဖုရားလတ်က 'ဖောက်' လာသည်ဟုဆို၏။ မိမိတွင် ဝတ်ဆင်ထားသော လက်ဝတ် ရတနာတွေကို နန်းတွင်းမှာပင် 'အပေါင်အရောင်း' လုပ်သည်။ ပေါင်ပြီးတော့ ငွေရလျှင် ဝယ်ချင်တာဝယ် သုံးချင်တာ သုံးသည်။ ဖြုန်းချင်တာ ဖြုန်းသည်။ ပေါင်ထားသည့် ပစ္စည်းကိုလည်း ရွေးသည်မရှိ။ ကြာတော့ ဘယ်သူ့ထံမှာ ဘယ်ပစ္စည်းကို ပေါင်ထားမိသလဲ မမှတ်မိ။ သို့နှင့် နောက်တော့ ရောင်းတာက ကိစ္စရှင်းသည်ဆိုပြီး အပြတ်ရောင်းပစ်တော့သည်။ ရောင်းရသောငွေသည် အမွှေးနံ့သာ အဝတ်အထည်နှင့် အခြားပစ္စည်းများ ဝယ်သည့်အခါလည်း ဝယ်သည်။ လှူချင်တာလည်း ရက်ရက်စက်စက် လှူသည်။

ကြာတော့ စုဖုရားလတ်ထံမှာ ရှိနေသော လက်ဝတ်ရတနာတွေ တဖြည်းဖြည်း ပျောက်လာ၏။ ဆင်ဖြူမရှင် မိဖုရားကြီး သိ၍ စစ်မေးသောအခါတွင်ကား ဉယျာဉ်တော်ထဲမှာ ကျပျောက်သလိုလို၊ ရေကန်တော်ထဲမှာ ကျပြီး ဆုံးခဲ့သလိုလို၊ အဆောင်တော်ထဲမှာပဲ ပျောက်ခဲ့သလိုလို စကားတွေဖြစ်လာ၏။ ပထမတော့ ဆင်ဖြူမရှင် မိဖုရားက ထပ်၍ ဆင်ပေးသေးသည်။ သည်လိုကိစ္စမျိုးက ထပ်ကာ ထပ်ကာ ဖြစ်ဖန်များတော့ အကြောင်းစုံကို သိလာ၏။ သည်တွင် စုဖုရားကို ရွှေငွေ ရတနာပစ္စည်း အနည်းငယ်ကိုသာ ဆင်ပေးပြီး ကျန်တာတွေကို အတုတွေ လုပ်ပေးထားလိုက်ရသတဲ့။ သည် 'အတု' သတင်းကိုတော့ 'ထိပ်တန်းလျှို့ဝှက်' အဖြစ် ထားရသည်ပေါ့။

သို့သော် မသိစေချင်သော သတင်းတို့သည် မောင်းခတ်သည်ထက်ပင် မြန်မြန် ပြန့်ပွားတတ်သေးသည် မဟုတ်လား။ သည် ထိပ်တန်း လျှို့ဝှက်သတင်းကြီးသည် ဘယ်နှစ်နာရီကြာ ခံမည်လဲ၊ အပြင်သို့ ပေါက်ကြားလာရတော့သည်။

သည်အကြောင်းတွေမှာ ရွှေနန်းတော်ပြင်ပရှိ နိုင်ငံခြားသား အမှုထမ်းရပ်ကွက်၌ မကြားချင်အဆုံး ဖြစ်ခဲ့၏။ စကားဆိုတာကလည်း စ,ကတည်းကပင် 'ချဲ့ကား' ပြောတတ်ကြလေတော့ သည်သတင်းတွေမှာ ဟိုးလေးတကျော်ကျော်နှင့် ဟားစရာတွေ၊ လှောင်စရာတွေ ဖြစ်လာသည်။ အထက်လွှာ ရေပေါ်ဆီ သတင်းများသည် ပြင်ပကမ္ဘာတွင် အဆီတစ်ထပ် အသားတစ်ထပ် ပြောစရာတွေ မဟုတ်လား။ သည်သတင်းများသည် မှန်တာလည်း ရှိမည်။ မှားတာလည်း ပါမည်။ မှန်ချင်သလောက် မှန်၍ မှားချင်သလောက် မှားမည်မှာ သေချာနေပါသည်။

ယခုလည်း စုဖုရားလတ်က သူလိုချင်နေသော စက္ကူလှလှလေးတွေကို ချက်ခြင်းဆိုမှ ချက်ခြင်း လိုချင်ပြီတဲ့။ စုဖုရားလတ်ထံမှ ရွှေငွေ ရတနာပစ္စည်းအစစ်တွေရဖို့ မျှော်လင့်၍ မဖြစ်သော်လည်း တခြား အခွင့်အရေးတွေ အများကြီး ရနိုင်သည်။

ဘာအခွင့်အရေးမှ မရနိုင်သည်ပဲထား၊ ဘုရင့်သမီးတော်တစ်ပါးနှင့် သည်မျှ ရင်းနှီးကျွမ်းဝင်နေရသည့် 'ဂုဏ်'က နည်းသလား။ နန်းတော်ပြင်ပ ရောက်တော့ နန်းတွင်းက အဖြစ်စုံ သနစ်စုံကို တစ်ဆင့် ဖောက်သည်ချနိုင်သော အခွင့်အရေးမျိုးကလည်း လူတိုင်းရနိုင်သည့် အခွင့်အရေး မဟုတ်။ သည်တော့ ဘာပဲဖြစ်ဖြစ် စုဖုရား အလိုကိုတော့ ဖြည့်ဦးမှ...ဖြည့်ဦးမှ။

နိုင်ငံခြားသူ အပျိုတော် မတ်တီသည် သည်သို့ တွေးသလား၊ မတွေးသလားတော့ မသိချေ။ စုဖုရားလတ် အလိုရှိသော ပစ္စည်းတွေကို ရန်ကုန်ရှိ ခင်ပွန်းသည်ထံသို့ ကြေးနန်းရိုက်၍ အရေးတစ်ကြီး မှာခဲ့သည်ကတော့ အမှန်ပင် ဖြစ်၏။

'ပန်းရောင် စာရေးစက္ကူကပ်နှင့် စာအိတ်လှလှကလေးတွေ၊ စာအိတ်မှာ ကပ်ဖို့ ပန်းပွင့်လှလှကလေးတွေကို မီရာ သင်္ဘောပတ်မှာ အမြန်ဆုံး ပို့ပေးပါ။ သမီးတော် စုဖုရားလတ် အသုံးတော်ရှိလို့'



ခေတ်မီကြေးနန်းဆိုတော့ ရန်ကုန်သို့ အမြန်ဆုံးရောက်သည်။ စာထည့်လျှင် ကြာလိမ့်မည်။ ကြေးနန်းစာကတော့ ရက်ပိုင်းအတွင်းရောက်၊ မှာလိုက်သော ပစ္စည်းတွေကို ရက်ပိုင်းအတွင်းမှာပဲ အမြန်ဆုံး ပို့လိုက်သည်။

ပစ္စည်းတွေရောက်လာတော့ မတ်တီသည် စုဖုရားလတ်ထံသို့ အပြေးအလွှား သွားပို့ရသည်။ စာရေးစက္ကူမှာ ရေမွှေးနံ့သင်းနေ၏။ ပန်းနုရောင်စက္ကူလှလှလေးတွေက လှပါပေ့။ ပြီးတော့ ပန်းရုပ် စက္ကူချပ်ကလေးများလည်း ပါသေးသည်။ စက္ကူချပ်ကလေးများကို စာရေးစက္ကူမှာပဲ ကပ်ကပ်၊ စာအိတ်မှာပဲ ကပ်ကပ်၊ အသုံးပြုနိုင်၏။ ပန်းနုရောင် စာအိတ်ကလေးတွေကလည်း ရေမွှေးနံ့ သင်းလို့ပါပဲ။ ချစ်စရာကောင်းပါဘိ။

စုဖုရားလတ်မှာ သည်ပစ္စည်းတွေရသည်နေ့က ဝမ်းသာလွန်းလို့ ဆွေ့ဆွေ့ခုန်နေ၏။ မောင်တော်သီပေါကိုယ်တော်လေးထံ သည်စာရွက် လှလှကလေးတွေနှင့် စုဖုရားမေတ္တာတွေကို ဖော်ကျူးရေးသား ပေးပို့ရတော့မည်။ သည်စာရွက်နှင့် စာရွက်လှလှကလေးတွေ ရလျှင် မောင်တော် သီပေါကိုယ်တော်လေး ဘယ်လောက် ဝမ်းသာရှာမလဲ။ စုဖုရားကိုလည်း ဘယ်လောက်ပိုပြီး ချစ်မြတ်နိုးလိုက်မလဲ။

သီပေါကိုယ်တော်လေးက ချစ်မြတ်နိုးစေရအောင် စုဖုရားလတ်က သည့်နှယ် ကြိုးပမ်းခဲ့သည်။ သည်လို ကြိုးပမ်းလို့ပဲ သီပေါမင်းသားက စုဖုရားကို စွဲစွဲလန်းလန်း ဖြစ်နေလေသလားမသိ။ စုဖုရားထံမှ အစေတော်ထောက်၍ စုဖုရားဆန္ဒကို သိရသည်နှင့် သီပေါမင်းသားက အတတ်နိုင်ဆုံး ဆောင်ရွက်ခဲ့သည် ချည်းဖြစ်သည်။

ဥပမာ သီပေါမင်းသားသည် ရတနာပုံရွှေနန်းကို သိမ်းပိုက်စိုးစံခဲ့ပြီးနောက် ကြုံရသော ဖြစ်ရပ်ကလေးကို ကြည့်ပါတော့။

## ၃

မင်းတုန်းမင်းတရားကြီး နတ်ရွာစံတော်မူပြီးသောအခါ အိမ်ရှေ့စံ သီပေါမင်းသားသည် ရတနာပုံရွှေနန်းကို သိမ်းမြန်းစိုးစံရလေတော့သည်။ ဆင်ဖြူမရှင်

မိဖုရားနှင့် ကင်းဝန်မင်းကြီး ခေါင်းဆောင်သော ဝန်ကြီးအဖွဲ့၏ လုပ်ရပ်များသည် ပီယိသေချာပါ၏။ မသေချာဘဲ နေပါ့မလား။

မင်းတုန်းမင်းတရား နတ်ရွာမစံမီကပင် ဘုရင့်သားတော်တွေကို အချုပ်ထဲ ချထားခဲ့ပြီ။ မင်းသားတွေ၏ မယ်တော် မိဖုရားတွေကိုလည်း မင်းတုန်းမင်း တရားထံ ဝင်ခွင့်မပြုတော့။ ထိုအချိန်တွင် မင်းတုန်းမင်းတရားကြီး၏ အမိန့်တော် တစ်ရပ်ကို ထုတ်ပြန်ကြေငြာလိုက်၏။ 'သားတော် သီပေါမင်းသားကို အိမ်ရှေ့စံ အဖြစ် ခန့်ထားလိုက်သည်'...တဲ့။

သည်အချိန်က သမိုင်းမော်ကွန်းတင် ကျန်ရစ်ခဲ့သော ဖြစ်ရပ်ကလေးကို သတိရသေးတော့။ မင်းတုန်းမင်းတရားကြီး၏ အရိုက်အရာကို ခံယူရန် သီပေါ မင်းသားကလေးကို ရွေးချယ်ကြသည်မှာ ရေကြည်နန်းတော်ဆောင်မှာ ဖြစ်သည်။

သည်နန်းတော်ဆောင်မှာ နိုင်ငံတော်၏ အနာဂတ်ကို ပိုင်းဖြတ်စီမံပေးမည့် 'ကျိတ်ဝိုင်း' ကလေးတစ်ခု လုပ်ခဲ့သည်။ 'ကျိတ်ဝိုင်း' ဆိုပေမယ့် သာမန်ကျိတ်ဝိုင်း တော့မဟုတ်၊ တန်ခိုးရှင် အာဏာရှင် မင်းကြီး မင်းကလေး ဝန်ကြီး ဝန်ကလေးတို့ တက်ရောက်ကြသော အလွန်ရေးကြီးသည့် အစည်းအဝေးတစ်ရပ် ဖြစ်ခဲ့သည်။

သည်အစည်းအဝေးကို မင်းတုန်းမင်းတရားကြီး၏ အထက်ဆုံး အသွက်ဆုံး မိဖုရား ဆင်ဖြူမရှင်၏ ညွှန်ကြားကွပ်ကဲမှုဖြင့် ကျင်းပသည်ဟုလည်းဆိုသည်။ အစည်းအဝေးတက်သူတွေကို ကြည့်ပါဦး။ ကင်းဝန်မင်းကြီး ဦးကောင်း၊ ယော အတွင်းဝန် ဦးဖိုးလှိုင်၊ ရေနံချောင်းမင်းကြီး။ နောင်တွင် တိုင်တားမင်းကြီး ဖြစ်လာမည့် တောင်ထားဝယ်ဗိုလ် ဦးဖိုး၊ ပေါက်မြိုင်အတွင်းဝန်၊ ကျောက်မြောင်း အတွင်းဝန်နှင့် အခြားအခြားသော ဝန်ကြီးဝန်ငယ် အရွယ်ရွယ် အစားစား စုံစုံ လင်လင် တက်ရောက်ကြသည်။

သည်အစည်းအဝေးမှာ တောင်ထားဝယ်ဗိုလ် ဦးဖိုးတစ်ယောက် မြောက်ကြွမြောက်ကြွ ဖြစ်နေသည်။ တကယ်ဆို သူ့ရာထူးသည် တတိယတန်း တစ်နေရာ၏ နောက်ဖက်မှာ ရှိသည် မဟုတ်လား။ သို့စင်လျက် ခုတော့ ဦးဖိုး သည် အစည်းအဝေး၏ ရှေ့နားကနေရာမှာ ဆေးပေါ့လိပ် တစ်ဖွာဖွာနှင့် လာထိုင်၏။ ပြီးတော့ ဟိုဝန်ကြီးနှင့် စကားပြော၊ သည်မင်းကြီးကို နှုတ်ဆက်လိုဆက်၊ မောင်ဖိုးတို့ ဘယ့်နှယ်များ အာကျယ်နေပါလိမ့်။



ဦးဖိုးတစ်ယောက် ဣန္ဒြေမရ ဖြစ်နေပုံကို ယောအတွင်းဝန် ဦးဖိုးလှိုင်က သတိပြုမိရင်း အံ့သြရပြီ။ ယောအတွင်းဝန်သည် ပညာရှိ ပီသပါပေ၏။ မိမိသတိ ပြုမိသည်ကို ဖွင့်ဟ၍ ဘာမျှ မဆိုဘဲ အကဲခတ်နေ၏။ ငြိမ်ငြိမ်နေနိုင်လျှင် အကောင်းဆုံးဖြစ်မည်။ ဘာဖြစ်လာမလဲ အကဲကို စောင့်ကြည့်ဦးမှ ဟော်တော့ မည်။

ပညာရှိတို့ အဂတွးအသိသည် ပြေးကြည့်တာထက် မှန်ပေလိမ့်မည်။ အစည်းအဝေး စတင်ပြီဆိုသည်နှင့် တောင်ထားဝယ်ဗိုလ် ဦးဖိုးက နေရာမှ အရင်ဆုံးလှုပ်ရှားသည်။ သူက စကားတစ်ခွန်းကို ဆိုင်းမပါ ဗုံမဆင့်ဘဲ ခပ်ပွင့်ပွင့် ဆိုပါချေပြီ။

'သီပေါမင်းသားငယ်ကို ဘဝရှင် မင်းတုန်းမင်းတရားကြီး၏ အရိုက်အရာခံ အိမ်ရှေ့စံအဖြစ် ရွေးတင်ကြစို့'

ဦးဖိုးစကားကမာသည်၊ ဆတ်သည်၊ ပြတ်လည်းပြတ်သည်။ ဘယ်သူ့ အားကိုးလို့ သည်လို စကားမျိုးကို ခပ်ဆတ်ဆတ်ဆိုလိုက်သလဲ မသိ။ သူ့မျက်နှာ ရိပ် မျက်နှာကဲကို ကြည့်တော့ နားမလည်နိုင်စရာ ကောင်းပါဘိ။ ဦးဖိုး၏ဟန်မှာ အောင်ပွဲရ စစ်သူကြီးတစ်ဦးနှယ် ခပ်ကြွားကြွား ခပ်ထွားထွားပါလား။

ဦးဖိုး၏ ဟန်ကိုမြင်သော် ယောအတွင်းဝန်မင်းနှင့်တကွ ဝန်ကြီးဝန်ငယ်တို့ မျက်လုံးကျယ်သွား၏။ ယခင်က မိမိတို့ရှေ့မှာ မှန်ပ့ါ၊ ဟုတ်ပ့ါ လုပ်ခဲ့သော မောင်ဖိုး၊ စကားကျယ်ကျယ်မပြောဝံ့သော မောင်ဖိုး၊ ခြေလှမ်းကြဲကြဲ မလှမ်းဝံ့သော မောင်ဖိုး၊ ခုတော့ သကောင့်သား မောင်ဖိုးသည် အမူအရာ မာကျွတ်ကျွတ်နှင့် ဘယ်ဓာတ်ကို ဝင်က,လေပြီလဲ။

သည်အစည်းအဝေးမှာ စိတ်မထိန်းနိုင်သော ဝန်ကြီးအချို့က အမှတ်တမဲ့ ကန့်ကွက်စကား ဆိုကြသည်။

'မဟုတ်သေးဘူးလေ ဦးဖိုးရဲ့၊ အိမ်ရှေ့စံ မြှောက်တယ်လို့ ဆိုတာ ကလေး ကစားတာ မဟုတ်ဖူး၊ စိတ်ထဲရှိတာ ထပြောလို့ မဖြစ်သေးဘူး၊ တော်သင့်၏ မတော်သင့်၏ကို စိစစ်ကြည့်ပြီးမှ ဆို၊ စဉ်းစားပြီးမှ ပြော၊ ပြည်တွင်းရေး၊ ပြည်ပရေးတွေကို ခြေခြေမြစ်မြစ် ဖြစ်ဖြစ်မြောက်မြောက် တွေးတော ဆင်ခြင်ပြီးမှ သည်စကားမျိုးကို ဆိုရပေမပေါ့။ သီပေါမင်းသားက သဘောကောင်းတာ တစ်ခုပဲ၊

စာတတ်တာ တစ်ခုပဲ။ သတ္တိဗျတ္တိရှိတဲ့ မက္ကရာမင်းသားတို့၊ ညောင်ရမ်းတို့၊ သုံးဆယ်မင်းသားတို့နဲ့မှ နန်းပလ္လင်နဲ့ သင့်တော့မပေါ့'

ဝန်ကြီးဝန်ငယ်တွေဖက်က ကြည့်တော့ သူတို့စကားက မှန်နေပြန်ပါသည်။ သို့သော် တကယ်ဆိုလျှင် ဒင်္ဂါး တစ်ပြားကို ခေါင်းနှင့် ပန်းဖက်က အပြန်ပြန် ကြည့်သလိုပါပဲ။ ကိုယ့်ဖက်ကနေ ကြည့်လျှင်တော့ ကိုယ့်အမြင်က မှန်ပါလိမ့်မည်။ ဘာဖြစ်လို့လဲ ဆိုတော့...။

ဦးဖိုးတို့ အနေဖြင့်လည်း ဆင်ဖြူမရှင်၊ ကင်းဝန်မင်းကြီး အပါအဝင် ကြိုးဆွဲကြိုးကိုင်လုပ်သူ တန်ခိုးတော်ရှင်များ၏ အမိန့်အတိုင်း ဆောင်ရွက်နေရခြင်းဖြစ်သည်။ တိုင်းပြည်မှာ ဘယ်သူ ရှင်ဘုရင်ဖြစ်လို့ ဘယ်လိုပဲ အခြေအနေတွေ ပြောင်းပါစေ၊ မိမိတို့ မသိ။ မိမိတို့ သိတာက သီပေါမင်းသားကလေး ဘုရင်ဖြစ်သော် ငါတို့လည်း ရာထူးတိုးမည်၊ ဂုဏ်ရှိန်ဖြိုးမည်။

သည်လို တစ်ဖက်နှင့်တစ်ဖက် အကျိုးအနယ် ပြောဆို ငြင်းခုန်နေစဉ် ကင်းဝန်မင်းကြီး ဦးကောင်းက ငြိမ်နေပါ၏။ 'သီပေါကို' ဘုရင်မင်းမြှောက်ဖို့ ဆင်ဖြူမရှင် မိဖုရားကြီးနှင့် စီမံကိန်း ဆွဲထားသော ကင်းဝန်မင်းကြီးက ခုကိစ္စမှာ အသာ ထိုင်ကြည့်**နေ၏**။

သည်**အချိန်မှာ** ရေနံချောင်းမင်းကြီး၏သား ရနောင်မောင်မောင်တုတ်က ရွှေဓားတစ်လက်**ကို ဝင့်**ကာ ဝင့်ကာ ခွင့်မပန်ဘဲ အစည်းအဝေးခန်းမထဲ ဝင်လာသည်။ ပြီးတော့ **သူက** ကြမ်းတမ်းရန့်ရင်းစွာ ဆိုပါပြီ။

'ကဲ ကဲ စကား**တွေ** အရှည်ကြီး ပြောမနေပါနှင့်တော့၊ သီပေါကိုယ်တော်လေးကို နန်းတင်ဖို့ **သဘောမတူသူတွေ** သည်နေရာမှာ 'ခေါင်း' ထားခဲ့ပြီး ကိုယ်ချည်းသာ ပြန်သွားကြပေ**တော့**'

မြတ်စွာဘုရား။ လက်နက်အား**ကိုးနှင့်** တဲ့တိုးကြီး ပြောလိုက်သော သူ့စကားက စော်ကားမော်ကား နိုင်လှချည့်။ သည်လိုဆိုလျှင် အခြေအနေတွေ တင်းမာခက်ထန် လာတော့မည် ထင်ရဲ့။

မစိုးရိမ်ကြပါနှင့်။ အခြေအနေက သည့်ထက်ပိုပြီး ဆိုးရွားလာစရာ မရှိပြီ။ ဘာဖြစ်လို့လည်းဆိုတော့ ခုလိုဖြစ်လာသည်အထိ စောင့်နေသော ကင်းဝန်မင်းကြီး **ဦးကောင်းက** ကိုယ့်ဖဲကိုယ်ချိုးလို့ အခြေအနေအရပ်ရပ်ကို ပြတ်ပြတ်**သားသား ထိန်း**ထားလိုက်ပါ၏။



ယခုအခါတွင် ဘုရင်သစ်ကလေးသည် ရတနာပုံ နန်းပလ္လင်ပေါ်တွင် ခန့်ညားစွာ စိုးစံနေပေပြီ။ တစ်ချိန်က သူ့အထက်မှ မင်းသားကြီးတွေ ဖြစ်သော သုံးဆယ်မင်းသား၊ မက္ကရာမင်းသား၊ ညောင်ရမ်းမင်းသားတို့၏ အရှိန်အဝါကို ယခု စိုးရွံ့စရာ မလိုတော့ပြီ။ ရှင်ဘုရင်ပေကိုး။ ဘယ်သူ့ ကြောက်နေစရာ ရှိတော့သလဲ။ တစ်ချိန်က ဟိုမသွားရ၊ ဒီမလာရနှင့် နန်းတော်ထဲမှာ အတားအဆီးတွေ စည်းကမ်းတွေ ကန့်သတ်ချက်တွေ တပြုံကြီးကို ရင်ဆိုင်ခဲ့ရသည်။ ယခုတော့ သည်လို မဟုတ်တော့။ နန်းတော်ထဲမှာ ငါရှင်ဘုရင်၊ ဘယ်နှစ်ပတ်ပဲ ပတ်ပတ် ဘာကိစ္စ ရှိမှာလဲ။

သီပေါ ဘုရင်ကလေးသည် မိဖုရားမြှောက်**ရေး၊ ကိစ္စတွင်** သည်သဘော
တားကို ရင်ဝယ်ပိုက်၍ တင်းတင်းမာမာ လုပ်ခဲ့လေသ**လား။ ကင်းဝန်မင်းကြီးနှင့်**
မင် င်တားမင်းကြီး အပါအဝင် ဝန်ကြီးများက **မိဖုရား မြှောက်ရန်** အရေး
သို့နှင့် ကြ်ထားသောအခါ ဘုရင်သည် သူ့ ဆန္ဒနှင့် **သူ ငါတကော** ကောတော့သည်။
သူတို့ ဧ ရွှေဘုံနိဒါန်းလာ ထုံးတမ်းစဉ်လာကို ဘေး**လောင်းတော်**၊ ဘိုးလောင်းတော်
များ ကျင့်ခဲ့သလို၊ သီပေါမင်းတရားက **ကျင့်ကြံ**ရမည် မဟုတ်လား။
သည ဘုရင်သည် စုဖုရားကြီး၊ စုဖုရားလတ်၊ **စုဖုရား**ငယ်တည်းဟူသော
ထားကြောင်း မ ၌တွင် မိဖုရားခေါင်ကြီးအဖြစ် အ**ကြီးဆုံးသမီးတော်** စုဖုရားကြီးကို
ယူး၍ မဆန်းတော့ ၌။ သမီးတော် စုဖုရားကြီးကို လက်တွဲ၍ နန်းသိမ်း ဘိသိက်
သည်အမိန့်သ ားတော့မှသာ စုဖုရားလတ်ကို အလယ်နန်းမိဖုရားတင်၊
လိုက်လေသည်။ အစကပေ ားတင်၊ ကြိုက်သလို စံပေရော့။ အရေးကြီးသည်က
မျက်နှာသာ မရရှာခဲ့ပါ။ မင်းသားမ သော စုဖုရားကြီးကို တောင်နန်းစံမိဖုရားကြီး
မင်းတရားက 'အမျက်တော်' ထားခြင်း

လည်း သီပေါမင်းသား ငယ်ဘဝမှာ မျက်နှ ာပ်နေ၏။ စုဖုရားလတ်ကိုသာ
ဟူလို့မှ ရှေ့တန်းမှာ ရဲရဲဝံ့ဝံ့ မထိုင်ရဲသော ဘဝမျိုး။ ရင် မဟုတ်လား၊ ကိုယ်
သို့သော် သီပေါမင်းသားကလေးသည် မိမိဘဝင်၊ တောင်နန်းမှာ တင်ချင်
ပဲလား၊ ပင်ကိုယ်ဝါသနာ ပါလို့ပဲလား၊ သူသည် မင်းတုန် ၌။ သို့နှင့် ပြဿနာ
အားရဖြစ်မည့် လုပ်ရပ်များကို လုပ်ပြခဲ့သည်။ မင်းသားသည် ပဝ
များကို ဝင်ဖြေသည်။ ပထမပြန် ငယ်၊ လတ်၊ ကြီး စာမေးပွဲများငှ်တို့ အကြား
ရတနာ

စာတတ်တာ တစ်ခုပဲ။ သတ္တိဗျတ္တိရှိတဲ့ မက္ကရာမင်းသားတို့၊ ညောင်ရမ်းတို့၊ သုံးဆယ်မင်းသားတို့နဲ့မှ နန်းပလ္လင်နဲ့ သင့်တော့မပေါ့'

ဝန်ကြီးဝန်ငယ်တွေဖက်က ကြည့်တော့ သူတို့စကားက မှန်နေပြန်ပါသည်။ သို့သော် တကယ်ဆိုလျှင် ဒင်္ဂါး တစ်ပြားကို ခေါင်းနှင့် ပန်းဖက်က အပြန်ပြန် ကြည့်သလိုပါပဲ။ ကိုယ့်ဖက်ကနေ ကြည့်လျှင်တော့ ကိုယ့်အမြင်က မှန်ပါလိမ့်မည်။ ဘာဖြစ်လို့လဲ ဆိုတော့...။

ဦးဖိုးတို့ အနေဖြင့်လည်း ဆင်ဖြူမရှင်၊ ကင်းဝန်မင်းကြီး အပါအဝင် ကြိုးဆွဲကြိုးကိုင်လုပ်သူ တန်ခိုးတော်ရှင်များ၏ အမိန့်အတိုင်း ဆောင်ရွက်နေရခြင်းဖြစ်သည်။ တိုင်းပြည်မှာ ဘယ်သူ ရှင်ဘုရင်ဖြစ်လို့ ဘယ်လိုပဲ အခြေအနေတွေ ငံ့ ပြောင်းပါစေ၊ မိမိတို့ မသိ။ မိမိတို့ သိတာက သီပေါမင်းသားကလေး ဘုရင် :က ဖြစ်သော် ငါတို့လည်း ရာထူးတိုးမည်၊ ဂုဏ်ရှိန်ဖြိုးမည်။ .မြတ်

သည်လို တစ်ဖက်နှင့်တစ်ဖက် အကျိတ်အနယ် ပြောဆို ငြင်းခုန်နေအောင်မြင် ကင်းဝန်မင်းကြီး ဦးကောင်းက ငြိမ်နေပါ၏။ 'သီပေါကို' ဘုရင်မင်းမြှောက်ကြည့်မည်။ ဆင်ဖြူမရှင် မိဖုရားကြီးနှင့် စီမံကိန်း ဆွဲထားသော ကင်းဝန်မင်းကြီးက နတ်ရွာစံသော် အသာ ထိုင်ကြည့်နေ၏။ ၁ကို လက်ဆွဲ၍

သည်အချိန်မှာ ရေနံချောင်းမင်းကြီး၏သား ရနောင်မောင်ကလေးကို မိမိနှင့် ရွှေခြားတစ်လက်ကို ဝင့်ကာ ဝင့်ကာ ခွင့်မပန်ဘဲ အစည်းအဝေးတက်လာ။ သွန် လိုက သည်။ ပြီးတော့ သူက ကြမ်းတမ်းရုန့်ရင်းစွာ ဆိုပါပြီ။

'ကဲ ကဲ စကားတွေ အရှည်ကြီး ပြောမနေနဲ့သည် ပြည့်စုံသလောက် ပြည့်စုံပြီး၊ လေးကို နန်းတင်ဖို့ သဘောမတူသူတွေ.. နောက်ပိုင်းတွင် တွေ့ရပြီ။ အကြောင်းက ကိုယ်ချည်းသာ ပြန်သွားကြပေတော့'

မြတ်စွာဘုရား။ လက်နှးသည် အသက်ငယ်ငယ်ရွယ်ရွယ်တွင် နန်းရခဲ့သည်မှန် စကားက စော်ကားမော်ကူ အသက်ငယ်သည်ဆိုပြီး အထင်သေး၍ မဖြစ်။ နန်းရပြီး တင်းမာခက်ထန် လာမှသည် ယောက္ခမဆင်ဖြူမရှင်နှင့် ဝန်ကြီးတွေ ကြိုးဆွဲတိုင်း

မစိုးရိမ်ကြပင်း အဖြေပေးလိုက်၏။ နဂါးတို့ ထုံးစံ အမောက်ကလေး 'ထောင်' ဘာဖြစ်လို့လည်း ဥပမာ စုဖုရားလတ်နှင့် သီပေါဘုရင်ကလေးတို့ ပြဿနာကို ကြည့်ပါ

ဦးကောင်း၊

ထိန်း၊



ယခုအခါတွင် ဘုရင်သစ်ကလေးသည် ရတနာပုံ နန်းပလ္လင်ပေါ်တွင် ခန့်ညားစွာ စိုးစံနေပေပြီ။ တစ်ချိန်က သူ့အထက်မှ မင်းသားကြီးတွေ ဖြစ်သော သုံးဆယ်မင်းသား၊ မက္ကရာမင်းသား၊ ညောင်ရမ်းမင်းသားတို့၏ အရှိန်အဝါကို ယခု စိုးရိမ်စရာ မလိုတော့ပြီ။ ရှင်ဘုရင်ပေကိုး။ ဘယ်သူ့ ကြောက်နေစရာ ရှိတော့သလဲ။ တစ်ချိန်က ဟိုမသွားရ၊ ဒီမလာရနှင့် နန်းတော်ထဲမှာ အတားအဆီးတွေ စည်းကမ်းတွေ ကန့်သတ်ချက်တွေ တပြုံကြီးကို ရင်ဆိုင်ခဲ့ရသည်။ ယခုတော့ သည်လို မဟုတ်တော့။ နန်းတော်ထဲမှာ ငါရှင်ဘုရင်၊ ဘယ်နှစ်ပတ်ပဲ ပတ်ပတ် ဘာကိစ္စ ရှိမှာလဲ။

သီပေါ ဘုရင်ကလေးသည် မိဖုရားမြှောက်ရေး၊ **ကိစ္စတွင်** သည်သဘောထားကို ရင်ဝယ်ပိုက်၍ တင်းတင်းမာမာ လုပ်ခဲ့လေသ**လား။ ကင်းဝန်မင်းကြီးနှင့်** တိုင်တားမင်းကြီး အပါအဝင် ဝန်ကြီးများက **မိဖုရား မြှောက်ရန်** အရေး လျှောက်ထားသောအခါ ဘုရင်သည် သူ့ ဆန္ဒနှင့် သူ ငါ**တကော** ကောတော့သည်။

ရွှေဘုံနိဒါန်းလာ ထုံးတမ်းစဉ်လာကို ဘေးလောင်းတော်၊ ဘိုးလောင်းတော် မင်းတရားများ ကျင့်ခဲ့သလို၊ သီပေါမင်းတရားက **ကျင့်ကြံ**ရမည် မဟုတ်လား။ သည်တော့ ဘုရင်သည် စုဖုရားကြီး၊ စုဖုရားလတ်၊ **စုဖုရား**ငယ်တည်းဟူသော မင်းသမီးသုံးဖော်တွင် မိဖုရားခေါင်ကြီးအဖြစ် အကြီးဆုံးသမီးတော် စုဖုရားကြီးကို တင်မြှောက်ရလိမ့်မည်။ သမီးတော် စုဖုရားကြီးကို လက်တွဲ၍ နန်းသိမ်း ဘိသိက်ပွဲကျင်းပရလိမ့်မည်။ ပြီးတော့မှသာ စုဖုရားလတ်ကို အလယ်နန်းမိဖုရားတင်၊ စုဖုရားငယ်ကို မြောက်နန်းမိဖုရားတင်၊ ကြိုက်သလို စံပေရော့။ အရေးကြီးသည်က ညီအစ်မသုံးဖော်တွင် အကြီးဆုံးဖြစ်သော စုဖုရားကြီးကို တောင်နန်းစံမိဖုရားကြီး မြှောက်ဖို့ပါပဲ။

သို့သော် သီပေါဘုရင်က တဇွတ်ထိုး လုပ်နေ၏။ စုဖုရားလတ်ကိုသာ မိဖုရားခေါင်ကြီးအဖြစ် တင်မြှောက်မည်။ ရှင်ဘုရင် မဟုတ်လား၊ ကိုယ်မေတ္တာထားသူကိုသာ မိဖုရားခေါင်ကြီးအဖြစ် တင်မှာပေါ့။ တောင်နန်းမှာ တင်ချင်တဲ့သူကို တင်ခွင့်ရှိရမှာပေါ့ဟု သီပေါဘုရင်မင်းမြတ်က ဆိုသည်။ သို့နှင့် ပြဿနာမှာ လိပ်ခဲတင်းလင်း ဖြစ်နေရပြီ။

သည်အတွင်း ဆင်ဖြူမရှင် မိဖုရားနှင့် သမီးတော်စုဖုရားလတ်တို့ အကြားမသင့်မတင့် ဖြစ်ခဲ့သည်။ တစ်နေ့တွင် ဆင်ဖြူမရှင် မိဖုရားသည် နန်းစဉ်ရတနာ

သေတ္တာကို ဖွင့်၍ လက်ဝတ်ရတနာတွေကို စစ်ဆေးကြည့်ရှုနေ၏။ ပေါလိုက်တာ၊ များလိုက်တာ၊ စိန်တွေ၊ ပတ္တမြားတွေ၊ မြတွေ၊ နီလာတွေ၊ ပုလဲတွေ၊ အရွယ်အမျိုးမျိုး အရောင်အမျိုးမျိုး တောက်တောက်ပပ၊ ဝင်းဝင်းလက်လက်နှင့်။ အနီးတွင် သမီးတော် စုဖုရားလတ် ရှိနေ၏။ စုဖုရားလတ်ထံ အခစားဝင်သော နိုင်ငံခြားသူ မတ်တီလည်း ရှိနေပေသည်။

ထိုစဉ် စုဖုရားလတ်သည် လက်ဝတ်ရတနာအပုံထဲမှ စိန်ဘယက်ကြီး တစ်ခုကိုယူ၍ လည်ပင်းမှာ ဆွဲကြည့်၏။ ပြီးတော့ အပျိုတော်မတ်တီဘက် လှည့်ပြီး ရယ်ရယ်မောမော ပြောလိုက်လေသည်။

'ဒီမှာကြည့်စမ်း မတ်တီ၊ ဒီလိုဆင်လိုက်တော့ စုဖုရားက မိဖုရားခေါင်ကြီးနဲ့ မတူဘူးလား ဟင်'

စုဖုရားလတ်၏ စကားများကို ကြားသောအခါ မတ်တီက ဘာမှ ပြန်မပြောနိုင်ဘဲ ငေးကြည့်နေမိသည်။ အလုပ်များနေသော ဆင်ဖြူမရှင် မိဖုရားကြီးက ခေါင်းမော့ကြည့်ပြီး စိတ်ဆိုးဆိုးနှင့် အော်ပြောလိုက်လေသည်။

'နန်းတော်ထဲမှာ မိဖုရားခေါင်ကြီး တစ်ပါးထဲ ရှိတယ်လို့ မှတ်ထားလိုက်စမ်း စုဖုရား'

ဆင်ဖြူမရှင်သည် ပြောပြောဆိုဆိုနှင့်ပင် စုဖုရား၏ လည်ပင်းမှ စိန်ဘယက်ကို ခပ်ကြမ်းကြမ်း ဆွဲယူလိုက်၏။ ရွှေကြိုးများက စုဖုရား၏ ဆံပင်များနှင့် ငြိနေ၏။ စုဖုရားခမျာ နာလွန်း၍ ရုတ်တရက် အော်လိုက်သည်။ သူ့ လက်ကလည်း တင်းသွားသော ဆံပင်တွေကို ဖိထားလိုက်ရ၏။ နောက်တော့မှ စိန်ဘယက်ကို အသာအယာ ဖြုတ်ပေးလိုက်သည်။

စုဖုရားလတ်သည် အပျိုတော်မတ်တီကိုခေါ်၍ ဥယျာဉ်တော်သို့ ထွက်လာခဲ့၏။ မယ်တော်ကို အလွန်စိတ်ဆိုးမိသည်။ ဘာလုပ်ရမလဲ။ ငါ ဘာလုပ်ရမလဲဟုလည်း စဉ်းစားနေ၏။ တစ်ခုခုတော့ လုပ်သင့်ပြီဟု စုဖုရားလတ်က တွေးမိသည်။

တကယ်တော့ သည်ကိစ္စတွင် ဆင်ဖြူမရှင် မိဖုရားကြီး ဒေါသထွက်သည်မှာလည်း အဆိုးမဆိုသာဘူးပေါ့။ စုဖုရားကြီးကို မိဖုရားခေါင်ကြီးအဖြစ် တင်မြှောက်ရန် ဆင်ဖြူမရှင်နှင့် ဝန်ကြီးများ အစီအစဉ်ကို ဘုရင်သစ်ကလေး ခေါင်းခါနေသည် မဟုတ်လား။ သည်တော့ ဆင်ဖြူမရှင် မိဖုရားမှာ 'ကိုယ်တင်တဲ့



စစ်ကဲ ဆက်ထားရအခက် ဆွဲချရအခက်' ဖြစ်နေလေသည်။ သည်ကိစ္စတွင် တကယ့် အတားအဆီးမှာ သမီးတော် စုဖုရားလတ်ဖြစ်၏။ ဘုရင်သစ်ကလေးက သမီးတော် စုဖုရားလတ်ကိုသာ မိဖုရားခေါင်ကြီးအဖြစ် တင်တော့မည် တကဲကဲ လုပ်နေသည်ကိုး။

ယခုတော့ စုဖုရားလတ်က သူ့ကိုယ်သူ 'မိဖုရားခေါင်ကြီးနှင့် မတူလား'တဲ့။ မယ်တော်ဖုရား၏ စိတ်ဓာတ်ကို သမီးတော် အလတ်က အကဲ 'စမ်း' လိုက်လေသလား။ မယ်တော်ရဲ့ အတွင်းစိတ်မှာ ခံစားနေရမှုကို သမီးတော်က မသိလို့ အကဲ 'ထောင်' လိုက်လေသလား။ ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့။ သမီးတော် စုဖုရားလတ်ကို အချိန်မီ 'နှိမ်' ထားလိုက်မှသာ ဖြစ်တော့မည်ဟု မယ်တော်ဆင်ဖြူမရှင်က စိတ်ကူးမိဟန် ရှိသည်။

သမီးတော်ဖက်က ကြည့်ပါဦးတော့။ အပျိုတော်တွေ အခြွေအရံတွေ အလယ်မှာ သမီးတော်ရဲ့ အရှက် ခွဲလိုက်သည်ကို စုဖုရားလတ်က ဘယ်လိုများ သည်းခံနေနိုင်မှာလဲ။ မယ်တော်သည် သမီးတော်ကို တမင်နှိမ်လိုက်တာပဲလား၊ သည်လိုနှိမ်လို့ စုဖုရားလတ်က တစ်ဖက်သတ် ငြိမ်ခံနေရမှာလား။ ကျားနှင့်ဆင် လယ်ပြင်မှာ တွေ့ကြတော့မည်။ စုဖုရားလတ်သည် ချက်ချင်းပင် တုံ့ပြန်လိုက်လေသည်။

စုဖုရားလတ်က သီပေါဘုရင်မင်းမြတ်ထံသို့ သဝဏ်လွှာတစ်စောင်ကို အမြန်ဆုံး ပို့လိုက်သည်။ သဝဏ်လွှာကို သီပေါဘုရင် မင်းမြတ်၏ မယ်တော်၊ သီလရှင်ဝတ်နေသော လောင်းရှည်မိဖုရားမှတစ်ဆင့် ဘုရင့်ထံပေးပို့ရန် ဖြစ်၏။ စာတွင် ခပ်တိုတိုပဲ ဖော်ပြသည်။

'မောင်တော် ဘုန်းတော်ကြီးဘုရားရဲ့ ဆံပင်တော်ကို ရှင်းလင်းပေးရန် အကြောင်းပြချက်ဖြင့် နှမတော်ကို မောင်တော်၏ အဆောင်တော်သို့ အမြန်ဆုံးခေါ်ယူပါ။ နှမတော်ကို မယ်တော် ဆင်ဖြူမရှင်ထံမှာ မထားပါနှင့်။ မယ်တော်က သဘောတူသည် ဖြစ်စေ၊ မတူသည် ဖြစ်စေ မောင်တော်ဘုရင်မင်းမြတ်ရဲ့ အမိန့်နှင့် နှမတော် စုဖုရားကို အမြန်ဆုံး ခေါ်ယူပါတော့'

စာမှာ ဖော်ပြသော အမိပ္ပာယ်ကို အကျဉ်းချုပ်လိုက်ပါက သည်မျှသာ ဖြစ်သည်။ သီပေါဘုရင်ကလေးသည် စုဖုရားလတ်၏ တောင်းဆိုချက်ကို ချက်ချင်း ဖြည့်စွမ်းသည်။ သူက အမိန့်တစ်ရပ် ထုတ်ပြန်သည်။ ဆင်ဖြူမရှင်မိဖုရားထံမှ သမီးတော် စုဖုရားလတ်ကို အမြန်ပို့ပေးရန် တောင်းဆိုလိုက်၏။ မိမိ၏ ဆံတော်ကို ရှင်းရန်အတွက် အလိုရှိနေသည်ဟုလည်း ဘုရင်ကလေးက အကြောင်းပြသည်။

သီပေါဘုရင်၏ အမိန့်ကို ဝန်ကြီးများက မလွန်ဆန်နိုင်။ ဆင်ဖြူမရှင် မိဖုရားကလည်း ဘယ်လိုမှ မဆန့်ကျင်နိုင်ပြီ။ သူက တကယ်ဟုတ်သည် မဟုတ် သည်ကို အပထား၊ 'ဆဒ္ဒန်ဆင်မင်းသခင်၊ စိန်တွင်းရွှေတွင်း ပယင်းဒုတ္တာရတနာ ခုနှစ်ပါးတို့၏ အရှင်၊ တစ်ရာ့တစ်ပါးသော ထီးဆောင်းမင်းတို့၏ အရှင်၊ သက်ဦး ဆံပိုင် ဘုရင် ကေရာဇ်' ဟု ဆိုထားသည် မဟုတ်လား။ သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ဘုရင့်အမိန့်တော်ဆိုတာက ဘယ်သူကမှ ဆန့်ကျင်ဝံ့ကြမည် မဟုတ်၊ ဆန့်ကျင်နိုင်ကြမည် မဟုတ်။

သို့နှင့်ပင် ဆင်ဖြူမရှင် မိဖုရားသည် သမီးတော် စုဖုရားလတ်ကို သီပေါ ဘုရင်၏ အဆောင်တော်သို့ ဆိုင်းမပါ ဗုံမဆင့်ဘဲ ခပ်မြန်မြန် ပို့ပေးလိုက်ရ လေသည်။

ကောင်းကြရော မဟုတ်လား၊ ရှေးထုံးကို ဖယ်လိုက်ကြပြီ။ ဈေးသုံးလည်း လွယ်ကြတော့မည်။ ဘုရင့်အဆောင်တော်မှာ တရားဝင် လက်ထပ်ပွဲ မကျင်းပရ သေးဘဲနှင့် မင်းသမီးတစ်ပါး ရောက်နေပြီ။ ဘုရင်မင်းမြတ်နှင့် စုဖုရားလတ် မင်းသမီးတို့ အတူတကွ ပေါင်းဖော်နေထိုင်ကြပြီပေါ့။

သမီးတော် စုဖုရားလတ်သည် ထိုသို့ အောင်ပွဲခံခဲ့သည်။ မယ်တော် မိဖုရားတို့ ဘာတတ်နိုင်သေးလဲ။ ကင်းဝန်မင်းကြီးကကော ဘယ်လိုများ ခြယ်လှယ် ချင်သေးလို့လဲ။ ယခုအခါတွင် ဆင်ဖြူမရှင် မိဖုရားသည် လည်းကောင်း၊ ကင်းဝန်မင်းကြီးသည် လည်းကောင်း။ တိုင်တားမင်းကြီးသည် လည်းကောင်း ဘာဆို ဘာမှ မတတ်နိုင်ကြတော့။ အချိန်တွေက နှောင်းခဲ့ပြီ။

ဘာသာရေးကို အလေးကဲသော ဘုရင်ကလေး၊ နန်းတွင်းနန်းပြင်မှာ ဆင်ဖြူမရှင်နှင့် ဝန်ကြီးတွေခိုင်းသလို ခေါင်းညိတ် လိမ့်မည်ဟု ထင်ခဲ့သော ဘုရင်ကလေး၊ မင်းသမီး စုဖုရားလတ်ကို နန်းပလ္လင်ပေါ် ဆွဲတင်ပြီးနောက် စုဖုရား၏ သတ္တိစွမ်းပကားတွေကို ပိုင်ဆိုင်နေသော ဘုရင်ကလေး။ သည်ဘုရင်



ကလေးသည် ယခုအခါတွင် မိမိတို့ စိတ်ကူးထဲမှ ဘုရင်ပျော့၊ ဘုရင်ညံ့ကလေး မဟုတ်တော့ပြီ။ စုဖုရားလတ် စေခိုင်းသမျှကို တသွေမတိမ်း လုပ်တော့မည် ဘုရင် 'ထက်'၊ ဘုရင် 'သွက်' ကလေး ဖြစ်နေပြီ။ စုဖုရားလတ်၏ စည်းရုံးရေး အောင်မြင်ပါ၏။

စုဖုရားလတ်ဆိုတာက သည်လိုပါပဲ။ စိတ်က ထက်ထက်၊ လူက သွက်သွက်၊ လုပ်ဆောင်စရာ ရှိသမျှကို ရဲရဲရင့်ရင့် လုပ်သည်။ ပြဿနာကိုစွကို နောက်မဆုတ်တမ်း ပြုံ့ဝံ့သည်။ မှန်သည်ထင်သမျှကို ထင်သလို လုပ်ရန်အတွက် စုဖုရားက အသင့်ပါပဲ။

သည်မိဖုရားသည် နန်းပလ္လင်၏ ရန်ဆူးရန်ငြောင့်များ ဖြစ်ကြသော မင်းသား မင်းသမီးများနှင့် ရင်သွေးတော်များ စုစုပေါင်း ၈၀ ခန့်ကို သုတ်သင် ကွပ်မျက်ရာတွင် အရေးပါသော ကဏ္ဍမှ ပါဝင်ခဲ့သည် ဆိုပါက ထိတ်လန့်အံ့ဩ ဖြစ်ကြအုံးမှာလား။ မယုံမကြည် ဖြစ်ကြအုံးမှာလား။ ရင်သပ်ရှုမော ဖြစ်ကြအုံး မှာလား။

## ၃။ တစ်ကွက်မှားသော "ကျား" နှင့် နိုင်ငံတော်

### ၁

ရတနာပုံနန်းတွင်းဝယ် ယခုအခါ ပြဿနာတစ်ရပ်နှင့် ထိပ်တိုက်တိုးလျက်ရှိ၏။ သည်ပြဿနာက တိုင်းပြည် စီးပွားတိုးတက် ဖွံ့ဖြိုးရေးအတွက်လား။ တိုင်းပြည် အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေး အတွက်လား။ တိုင်းပြည်၏ ယဉ်ကျေးမှုနှင့် ဘာသာရေး လုပ်ငန်းများအတွက်လား။

မဟုတ်ပါ။

သာမန်လူတို့ စကားနှင့် အားမနာတန်း ဆိုရလျှင်တော့ ရှင်ဘုရင်နှင့် မိဖုရားတို့၏ 'လင်ယူ မယားယူ' ပြဿနာပါပဲ။

စုဖုရားလတ် မင်းသမီးသည် သီပေါဘုရင်မင်းတရားနှင့် အတူတကွ စိုးစံလျက် ရှိ၏။ ဘုရင်သည် မိဖုရား အသစ်စက်စက်ကလေးနှင့် အပျော်ကြီး ပျော်နေသည်။ တိုင်းရေးပြည်ရေး ကိစ္စတွေ ဆောင်ရွက်စရာ ရှိနေသလား၊ ဝန်ကြီးတွေ ခန့်ထားတာ ဘာလုပ်ဖို့လဲ၊ သူတို့ တိုင်ပင်ဆောင်ရွက်ကြလိမ့်မည်။ ယခုအခါတွင် ချစ်စခင်စ မိဖုရားအသစ်ကလေးနှင့် ပျော်ပါးစရာတွေ၊ သောကပွားစရာ တွေကို ခေတ္တခဏ မေ့ထားလိုက်ဦးမည်။ သီပေါဘုရင်မင်းတရားသည် သည်သို့ ကြံ၍ စည်းစိမ်အပြည့်နှင့် စံလေသည်။



သို့သော် 'ပြဿနာ'က ရှိနေသေးသည်ကိုး။ ဘုရင်ကလေးသည် အေးအေးချမ်းချမ်း မစံမြန်းရရှာ။ ဆင်ဖြူမရှင်မိဖုရားက သမီးတော် စုဖုရားလတ်အား မြန်မြန်ပို့ပေးရန် သဝဏ်လွှာကို ဘုရင်မင်းတရားထံ အဆက်မပြတ် ပို့နေသည်။ ဝန်ကြီးတွေကိုလည်း ကြည့်ဦး။ ဘုရင်ထံ အခစားဝင်သည်နှင့် အလျှင်ဦးစွာ လျှောက်တင်ကြသည်က ရှေးဘုံနိဒါန်းလာ ထုံးလေ့နည်းများအတိုင်း မိဖုရားခေါင်ကြီး တင်မြှောက်ရန် ကိစ္စ။

ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့ အဆက်ဆက်က စီစဉ်ဆောင်ရွက်ခဲ့ကြသော ထုံးနည်းအဖြာဖြာအတိုင်း ဘုရင်မင်းမြတ်သည် မိဖုရားခေါင်ကြီးကို မချ င်မြှောက်ရတော့မည်။ ထိုသို့ တင်မြှောက်ရမည်ဆိုလျှင် ဘုရင့်သဘောကျ စုဖုရားလတ် မိဖုရားကို မိဖုရားခေါင်ကြီးမြှောက်၍ မဖြစ်၊ ညီအစ်မ သုံးဖော်တွင် အကြီးဆုံးသမီးတော်ဖြစ်သော သမီးတော် စုဖုရားကြီးကိုသာ တင်မြှောက်မှ ဖြစ်ပေလိမ့်မည်။

ဝန်ကြီးတွေက သည်ကိစ္စကို အထပ်ထ  တင်ကြပြန်တော့လည်း ဘုန်းတော် ကြီးမြတ်တော်မူသော ဘုရင်မင်းတရား စိတ်အိုက်လှပြီ။ တစ်ဖက်က ရှေးနန်းတော်၏ ထုံးတမ်းစဉ်လာအရ မိဖုရားခေါင်ကြီး တင်ရမည့် စုဖုရားကြီး၊ တစ်ဖက်က ငယ်ချစ် စုဖုရားလတ်။

တကယ်တော့ စုဖုရားလတ် မိဖုရားကား နောက်မှပေါ်သည့် ရှေကြာပင်မဟုတ်။ သီပေါဘုရင်ကလေး မင်းသားငယ်ဘဝကပင် အစဉ်မြတ်နိုးစွာ ချစ်ခဲ့သူမဟုတ်လား။ သီပေါမင်းသား သာသနာ့ဘောင် ဝင်တော့လည်း စုဖုရားလတ်က အချစ်မပျက်ခဲ့။ ရဟန်းတော်ဖြစ်နေသော သီပေါမင်းသားထံသို့ ချစ်မေတ္တာသဝဏ်လွှာတွေ ပလှပုံအောင်ဆက်၊ ဆွမ်းခဲဘွယ်ဘောဇဉ် လှူဘွယ်ပစ္စည်းတွေ မပြတ်တန်းပို့ခဲ့တာ စုဖုရားလတ်ပဲ မဟုတ်လား။

ပြီးတော့ စဉ်းစားစရာ ရှိသေးသည်။

သီပေါမင်းသားကလေး၏ မယ်တော် လောင်းရှည် မိဖုရားအကြောင်းကို အများက သိပြီးဖြစ်သည်။ လောင်းရှည်မိဖုရားသည် မင်းတုန်းဘုရင် မင်းတရား၏ မိဖုရားများတွင် သတ္တမအဆင့်မျှသာ ရှိသည်။ မိဖုရားသည် မယ်သီလရှင်ဝတ်ဖြင့် အရိုးထုတ်သွားရရှာ၏။ မယ်တော်လောင်းရှည်မိဖုရားက သူများ တံတွေးခွက်မှာ ပက်လက်မျောခဲ့ရတော့ သားတော်သီပေါမင်းသား၏ 'ငယ်ဘဝ' သည် မည်သို့ရှိ

မည်လဲ၊ စဉ်းစားကြည့်ကြပါတော့။ မင်းသားခမြာ ဘယ်လောက် မျက်နှာငယ်ရှာမလဲ၊ တွေးဆ ကြည့်ကြပါတော့။

မျက်နှာငယ်နေရှာသော သီပေါမင်းသားကလေးအတွက် စုဖုရားလတ်သည့် 'ကယ်တင်ရှင်' ပင် ဖြစ်ပေလိမ့်မည်။ စုဖုရားလတ်သည် သီပေါမင်းသားကလေး၏ ညှိုးငယ်သော 'ဘဝေါနီးပင်' ကို မိမိ၏ မေတ္တာရေစင်ဖြင့် သွန်းလောင်းပေးခဲ့ရပါ၏။ ဒါကိုမေ့ထားလို့ ရမှာလား။

နောက်ဆုံးတော့ သီပေါဘုရင် မင်းမြတ်သည် ဒါတွေကို စဉ်းစားချင်လည်း စဉ်းစားပေလိမ့်မည်။ ထောက်ထားချင်လည်း ထောက်ထားပေလိမ့်မည်။ ထို့ပြင် စုဖုရားလတ်၏ မေတ္တာစစ် မေတ္တာမှန်ကို တန်ဖိုးအထားကြီး ထား၍ လေးစားချစ်ကြည်မဆုံး ဖြစ်ချင်လည်း ဖြစ်နေပေလိမ့်မည်။ ထိုကြောင့်ပင် မိဖုရားခေါင်ကြီးမြှောက်ရန် အရေးတော်နှင့် ပတ်သက်ပြီး သီပေါဘုရင်က တစ်ခဲနက် ကြေငြာလိုက်ခြင်း ဖြစ်မည်။

'စုဖုရားလတ်ကိုသာလျှင် တောင်ညာစံဒေဝီမဟေသီ မိဖုရားကြီးတင်မြှောက်တော့မည်" ဟု ဘုရင်မင်းမြတ်၏ ဆုံးဖြတ်ချက်ကို ကြားရသောအခါ စုဖုရားလတ်မိဖုရားသည် အကျေနပ်ကြီး ကျေနပ်မည်မှာ သေချာပါ၏။ ချစ်စရာကောင်းသည့် မောင်တော်ဘုရား၊ မြတ်နိုးစရာ ကောင်းသည့် မောင်တော်ဘုရား၊ ကြည်ညိုလေးစားစရာ ကောင်းသည့် မောင်တော်ဘုရား၊ သည်မောင်တော်ဘုရားကယခုတော့ နန်းဓလေ့ ထုံးထမ်းစဉ်လာကိုပင် ပယ်ရှား၍ နှမတော် စုဖုရားဘက်ကရပ်တည်ခဲ့ပြီကိုး။ သည်လိုနှင့်ပင် ပြဿနာသည် ရှေ့မတိုးသာ နောက်မဆုတ်သာဘဲ လိပ်ခဲတင်းလင်း ဖြစ်နေခဲ့ပေသည်။

သမီးတော်နှင့် သမက်တော် ဘုရင်မင်းတရားတို့၏ တုံ့ပြန်မှုကို သိရတော့ မယ်တော် ဆင်ဖြူမရှင်သည် ထမီကို စွန်တောင်ဆွဲ၍ နန်းမဆောင်အတွင်းမှာ လူးလားခေါက်တုံ့ လျှောက်နေ၏။ အစိုင်အခဲနှင့် ထုထည်ကြီးမားစွာ ထွက်လာသော ဒေါသကို ထိန်း၍မနိုင် သိမ်း၍မရ ဖြစ်နေရှာသည်။ မိုက်လိုက်တဲ့သမီးတော်၊ ဆိုးလိုက်တဲ့ သမီးတော်၊ မယ်တော် မျက်နှာကို အိုးမဲသုတ်တဲ့ သမီးတော်၊ မယ်တော့် စကားကို သဲထဲရေသွန် လုပ်ပစ်တဲ့ သမီးတော် စုဖုရားလတ်ပါလား။ သည်သမီးမျိုးမွေးရတာ ဝမ်းရေစပ်ပါသေးရဲ့။



ကြည့်လေ၊ ခုတော့ လင်တော်မောင် ဘုရင်အသစ်ကလေး အားကိုးနှင့် မယ်တော် အရင်းခေါက်ခေါက်၏ စကားကို သမီးတော် ပစ်ပစ်ခါခါ ပယ်ခဲ့ပါပကော။

ဆင်ဖြူမရှင် မိဖုရားသည် ဒေါသထွက်လွန်း၍ စကားပင် ဆက်မပြောနိုင်ရှာတော့ပြီ။ ထို့ကြောင့် မီးမရှိတော့သော ဆေးပေါ့လိပ်ကြီးကို လက်မှဆောင့်၍ လွှင့်ပစ်လိုက်သည်။

ထိုအချိန်၌ မယ်တော် ဆင်ဖြူမရှင် မိဖုရားကြီးထံ အခစားဝင်နေသော ကင်းဝန်မင်းကြီးသည် ကြမ်းပြင်မှာ ဝပ်စင်းနေလျက် သက်ပြင်းရှည်ကြီးကို ချလိုက်၏။ လွန်ခဲ့ပြီ...။ အခြေအနေနှင့် အချိန်အခါတို့သည် ယခုတော့ လွန်ခဲ့ပြီ။ မူလပထမက မိမိနှင့် သည်မိဖုရားကြီးတို့ တိုင်ပင်ခဲ့သော 'လေထဲမှာ ဆောက်သည့်တိုက်အိမ်ကြီး' သည် မုန်တိုင်းမထန် လေပြင်းမတိုက်ပါဘဲနှင့် ပြိုလဲခဲ့ရပါပြီ။

အစတုန်းကတော့ သည်မိဖုရားအိုနှင့် သည်ဝန်ကြီးအိုတို့သည် သီပေါမင်းသားနန်းပလ္လင်ပေါ် ရောက်လာရအောင် 'ဒေါးကွက်ကျား' တွေ၊ 'ရှစ်ကွက်ကျား' တွေ အမျိုးမျိုး ကစားခဲ့ကြသည် မဟုတ်လား။ တစ်ကောင်ကျွေးပြီး နှစ်ကောင်စားမည်။ နှစ်ကောင်ကျွေးပြီး သုံးကောင်စားမည်။ သုံးကောင်ကျွေးပြီးတော့ 'ကင်း' ပေါက်ရော မဟုတ်လား။ ကိုယ့်လက်ထဲမှာ 'ကင်း' တစ်ကောင် ရထားမှတော့ ဘယ်ကျားငယ်၊ ကျားလတ်၊ ကျားကြီးတွေကိုမှ ကြောက်စရာမလို။ ကင်းကိုကိုင်ပြီး ပိုင်ပိုင်ကြီး လျှောက်စားဖို့သာ ရှိတော့သည်။

နန်းပလ္လင်ပေါ် ရောက်လာမည့် သီပေါဘုရင်သည် အသက်ကလည်းငယ်၊ ပြီးတော့ ဆင်ဖြူမရှင်၏ သမီးတော်နှင့်လည်း မေတ္တာရှိနေသူ။ သည်တော့ ဆင်ဖြူမရှင်၏ စကားကို မြေဝယ်မကျ နားထောင်လိမ့်မည် ထင်ခဲ့သည်မှာ အမှားကြီးမှားပါပေါ့။ အရှုံးကြီး ရှုံးပါပေါ့။

ကဲ– မတတ်နိုင်ပြီဘူး။ လုပ်ချင်သလို မဖြစ်ရင၊ ဖြစ်သလို လုပ်ရတော့မည်။ ရာဇဘိသိက်ခံဖို့ ကိစ္စ သည်အတိုင်း ထားလိုက်ကြ။ ဘုရင်ကိုသော်လည်းကောင်း၊ သမီးတော် စုဖုရားလတ်ကိုသော်လည်းကောင်း၊ နောင်များမှပဲ ဖြေးဖြေး ဖြောင်းဖျယူတော့မည်။ ဝန်ကြီးတွေအနေနှင့်သာ တိုင်းပြည် ငါးပါး၊ ဆယ်ပါး၊ သံဃာစင်ပါ မမှောက်ရအောင် အတတ်နိုင်ဆုံး ပိုင်းဝန်း ထိန်းသိမ်းကြပါတော့။

ဆင်ဖြူမရှင် မိဖုရားက ကင်းဝန်မင်းကြီးကို သည်သို့ မှာကြားရတော့သည်။ မင်းတုန်းမင်းကြီး သက်တော်ထင်ရှား ရှိစဉ်က ပြင်သစ်နှင့် အင်္ဂလန်သို့ အခေါက်ခေါက်ပြန်၍ ကမ္ဘာ့ကစ်ခြမ်းကို လှည့်ခဲ့သောကင်းဝန်မင်းကြီးသည် ရတနာပုံ နန်းတော်အတွင်း၌ ဖြစ်ပေါ်နေသော ဇီးရှက်လောကျ် ပြဿနာကလေးကိုမှ မရှင်းနိုင်ပြီ။ သည်တော့ ဝန်အိုကြီးသည် နောင်တပြုံးလား၊ မချိပြုံးလား မသိ။ ခပ်ယဲ့ယဲ့ ပြုံးရင်း ဆင်ဖြူမရှင်အဆောင်မှ ပြန်ခဲ့လေသည်။

၂

ယခုအခါတွင် နေပြည်တော်၏ အခြေအနေသည် ပြန်လည်ငြိမ်သက်စပြုလျက်ရှိနေပြန်ပြီ။

ဘုရင်အသစ်ကလေး နန်းတက်အပြီး လေး–ငါးလ အကြာတွင် မင်းညီမင်းသား အနွယ်တော် ရှစ်ဆယ်ကျော်ကို ကွပ်မျက်ခဲ့စဉ်က တုန်လှုပ် ချောက်ချားနေသော ရတနာပုံ နေပြည်တော်။ ယခုအခါ၌ ပုံမှန်အခြေအနေသို့ ပြန်ရောက်ခဲ့ပြီ။ နေပြည်တော်အတွင်းမှာ အသွားအလာမပျက်၊ အစည်အကားမပျက်၊ အလုပ်အကိုင် မပျက် ရှိနေပြီ။ ပြည်သူတို့အနေဖြင့် စားဝတ်နေရေးက ရှိသေးသည်။ ရောင်းရေး ဝယ်တာက ရှိသေးသည်။ ရှင်ဘုရင် ဘာတွေလုပ်နေသလဲ စောင့်ကြည့်ပြီး၊ ကိစ္စ လုပ်နေ၍တော့ မဖြစ်သေးဘူး။

နေပြည်တော် ပုံမှန်အခြေအနေ ပြန်ရောက်လာခြင်းကို အခွင့်ကောင်းယူ၍ သီပေါဘုရင်သည် နိုင်ငံတော်၏ စီးပွားရေးအခြေအနေ ပြန်လည်ဖွံ့ဖြိုးရန် အတတ်နိုင်ဆုံး ကြိုးပမ်းရလေသည်။ မင်းတုန်းမင်းတရားကြီး နတ်ရွာစံပြီးချိန်တွင် ရွှေတိုက်ထဲမှာ ဘဏ္ဍာတော်ငွေတွေ အထုပ်အထည်နှင့် ကျန်ခဲ့မည်ဟု မျှော်လင့်ရသည်။ သို့သော် လက်တွေ့ စစ်ကြည့်လိုက်သောအခါ မှန်းချက်နှင့် နှမ်းထွက်မှာ အကွာကြီး ကွာနေ၏။

ရွှေတိုက်တော်အတွင်းမှာ ကျန်ရှိနေသော ဘဏ္ဍာရေးအခြေအနေသည် အားရဖွယ်မရှိလှ။ အလှူအတန်း ရက်ရောလှသော၊ ဘုရားတည်ရန် ဝါသနာ



ုံလှသော မင်းတုန်းဘုရင်မင်းတရားကြီးသည် ရွှေတိုက်တော်မှ ဘဏ္ဍာငွေတွေကိုစိတ်ကြိုက် လှူခဲ့၊ သုံးခဲ့၊ ပေးခဲ့၊ ကမ်းခဲ့သည် မဟုတ်လား။ သည်တော့ ရွှေတိုက်တော်၌ ဘဏ္ဍာငွေ များများ မကျန်ခြင်းမှာ အံ့သြစရာ မဟုတ်တော့ပြီ။

သီပေါမင်းတရား၏ တစ်ဦးတည်းသော မိဖုရားကြီး စုဖုရားလတ်ကမူ ဘဏ္ဍာတိုက်အတွင်းမှာ ငွေဘယ်လောက်ရှိသလဲ စုံစမ်းမေးမြန်းရန် အချိန်မရပါ။ ယခုအချိန်တွင် မိဖုရားသည် မိမိအတွက် လက်ဝတ်ရတနာများ လုပ်ရန် အလွန်အလုပ်များနေသည်။ မိဖုရားဆိုတော့ အများသူငါလို ဝတ်စားဆင်ယင်ရန်က ဖြစ်။ တောက်တောက်ပပ သစ်သစ်လွင်လွင် ဆင်မြန်းကြွားဝါနိုင်မှ ဖြစ်မည်။ ဖုရားသည် လက်ဝတ်ရတနာပစ္စည်းတွေ လုပ်ဖို့ကိစ္စကိုသာ အရေးတကြီး အားထုတ် လုံးပမ်းရလေတော့သည်။

သည်တော့ ဘုရင့် ပန်းထိမ်တော်တွေထဲက အကောင်းဆုံး ပန်းထိမ်တော်တွေ လာခဲ့ကြ၊ မိဖုရား၏ စိတ်ကြိုက် လက်ဝတ်ရတနာတွေကို အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ပေးကြ။

သည်တွင် ငွေကုန်ကြေးကျ များဖို့ ဖြစ်လာသည်။ မိဖုရားသည် ပတ္တမြား၊ လာ၊ မြ၊ စိန်၊ ကျောက်၊ ပုလဲရတနာတွေကို ရှာဖွေ ဝယ်ယူရသည်။ အောက်မြန်မာပြည်နှင့် အဆက်အဆံရှိနေတော့၊ ဗြိတိသျှကုန်သည်တို့က နန်းတော်တွင်းသို့ ဝင်အထွက် ရှိကြ၏။ သူတို့ထံမှ နိုင်ငံခြားဖြစ် ပိုး၊ ဖဲ၊ ကတ္တီပါ အဝတ်အထည်တွေ၊ ကျောက်မျက်ရတနာတွေ ဝယ်၍ရသည်။ မိုးကုတ်ဖက်မှလည်း တွင်းထွက်ပတ္တမြား ရတနာတွေ ရှာဖွေဝယ်ယူရသည်။ ပန်းထိမ်တော်များ ထံမှလည်း ကြိုက်နှစ်သက်ရာ ရတနာများ ရွေးချယ် ဝယ်ယူရသည်။ သို့နှင့် မိဖုရားသုံးစွဲ၍ ကုန်ကျသော ငွေကပင် တစ်လုံးတစ်ခဲကြီး တစ်ထမ်းတစ်ပိုးကြီး ဖြစ်လာသည်။

သီပေါဘုရင်သည် ဤအခြေအနေကိုမြင်သော် အတတ်နိုင်ဆုံး ထိန်းသိမ်းရန် ကြိုးပမ်းရသည်။ ထိန်းသိမ်းသည် ဆိုရာ၌ မိဖုရားကို အသုံးအစွဲ လျှော့ရန် ပြောဖို့တော့ မဟုတ်။ ပြော၍လည်း ရမည် မဟုတ်။ မိမိ၏ ဘဏ္ဍာတိုက်သို့ ယခုထက် ဝင်ငွေပိုပြီး ဝင်လာရန်၊ စီးပွားရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်လာစေရန် ဘာလုပ်မလဲ။ ဘုရင်မင်းမြတ်သည် အလေးအနက်စဉ်းစားရပြီ။

ထိုအချိန်က မြန်မာနိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေးမှာ ဘုရင့်အစိုးရက လက်ဝါးကြီးအုပ် ကုန်သွယ်မှု စနစ်ဖြစ်၏။ ပြည်တွင်း၌ ကုန်သည်ပွဲစားတို့ကို

လွပ်လပ်စွာရောင်းဝယ်ခွင့်ပြုထားပြီး၊ ပြည်ပရောင်းဝယ်ရေးတွင် ဘုရင့်အစိုးရကသာလျှင် တစ်ဦးတည်း ချုပ်ကိုင်ထားသည်။ ပြင်သစ်နှင့် ဗြိတိသျှကုန်သည်များ အပါအဝင် နိုင်ငံခြားနှင့် ဆက်ဆံရောင်းဝယ်ရေးတွင် ဘုရင့်အစိုးရကသာလျှင် တိုက်ရိုက် ချုပ်ကိုင်ထားလေသည်။

သည်စနစ်သည် တိုင်းပြည်ငြိမ်ဝပ်အေးချမ်းသော မင်းတုန်းဘုရင်မင်းမြတ်၏ လက်ထက်တွင် အောင်မြင်သလောက် အောင်မြင်ပါ၏။ သို့သော် ယခုအခါတွင် နိုင်ငံတော်၏ အခြေအနေသည် ယခင်ကနှင့် နှိုင်းယှဉ်၍ မရတော့ပြီ။ နယ်စပ်ဒေသတွင် အခြေအနေတွေက တစ်နေ့ရွှေ၊ တစ်နေ့ငွေ ဖြစ်နေ၏။ အင်္ဂလိပ် ပိုင်နက်သို့ ထွက်ပြေးလွတ်မြောက်သွားသော ညောင်ရမ်းမင်းသားသည် မြန်မာပိုင် ကျေးရွာများကို လူအင်အား ကောင်းကောင်းနှင့် မကြာခဏ ထိုး တိုက်ခိုက်လာသည်။

နယ်စပ်ဒေသအခြေအနေ မငြိမ်မသက် ရှိခြင်းကြောင့် ဘုရင့်အစိုးရ၏ ကိုယ်စားလှယ်များအဖြစ် ဆောင်ရွက်နေကြသော လက်ကားကုန်သည် တို့၏ လုပ်ငန်းများ ထိခိုက်ရ၏။ တစ်ဖက်နိုင်ငံက ကုန်များ အမှာအကြား လျော့သွားသည်။ မှာသလောက်ကုန်ကို၊ သည်ဖက်မှာ တင်ပို့ရန် ကိစ္စမှာလည်း လုံခြုံမှု မရှိ။ အနှောင့်အယှက် အတားအဆီး များလှသည်။ သို့နှင့် နိုင်ငံ ပြင်ပသို့ ကုန်တင်ပို့ ရောင်းချရေး လုပ်ငန်းများသည် အထစ်ထစ် အငေါ့ငေါ့ ဖြစ်လာသည်။ ထိုအခါတွင် ဘုရင့်စီးပွားရေး လုပ်ငန်းများသည် အနုတ်လက္ခဏာတွေ နှစ်ထပ်ကွမ်း၊ သုံးထပ်ကွမ်း ပြလာလေပြီ။

နယ်စပ်အခြေအနေ မကောင်းတာကိုချည်း အပြစ်မတင်ကြနှင့်။ တကယ်တော့ တစ်ဖက်နိုင်ငံတွင် ရှိနေကြသော ဗြိတိသျှ အစိုးရနှင့် မြန်မာဘုရင့် အစိုးရတို့ မသင့်မတင့် ဖြစ်ခဲ့ရခြင်းကလည်း နယ်စပ်အခြေအနေ ဆိုးရွားအောင် ဖန်တီး နေသလို ဖြစ်ခဲ့သည်။

မြန်မာမင်းသားများကို သုတ်သင်ကွပ်မျက်ခဲ့စဉ်က ဗြိတိသျှ သံအမတ်မစ္စတာရှောသည် မြန်မာအစိုးရအပေါ် ပြစ်တင်ကန့်ကွက်သော စာတစ်စောင်ကို ပေးပို့ခဲ့၏။ ထိုစာကို ကင်းဝန်မင်းကြီးက ခပ်မာမာကလေး ပြန်ကြားခဲ့၏။ 'မြန်မာ အစိုးရသည် အချုပ်အခြာ အာဏာပိုင်အစိုးရ ဖြစ်သည်။ ယခုလို တိုင်းပြည်၏ ရန်ဆူးရန်ငြောင့်တွေကို သုတ်သင်ရခြင်းမှာ ရှေးရှေးက ဘုရင်မင်းမြတ်တို့၏



ထုံးတမ်းစဉ်လာအတိုင်း ဆောင်ရွက်ခြင်း ဖြစ်သည်။ ယင်းသို့ ဆောင်ရွက်ရာတွင် အခြားမည်သူ တစ်စုံတစ်ယောက်၏ နှောင့်ယှက်မှုကိုမှ ဂရုစိုက်နေစရာ မလို' စသည့် အဓိပ္ပာယ်မျိုး စာတွင် ဖော်ပြခဲ့၏။

ကင်းဝန်မင်းကြီးက ဗြိတိသျှတို့၏ စာကို ပြန်ကြားလိုက်ပြီးနောက် ဗြိတိသျှအစိုးရ သံအမတ်သည် တိတ်တိတ်ဆိတ်ဆိတ် ဖြစ်သွားသည်။ သို့သော် ဗြိတိသျှ သံအမတ်က တိတ်ဆိတ်သွားခြင်းသည် နယ်စပ်ဒေသတွင် ဆူပူလာရန် နိဒါန်းစလိုက်ခြင်းပင် ဖြစ်သည်ကို ဘယ်သူမှ မရိပ်မိကြ။ ဗြိတိသျှ အစိုးရသည် နယ်စပ်ဒေသသို့ စစ်တပ်အများအပြား ပို့လွှတ်ချထားခဲ့၏။ ညောင်ရမ်းမင်းသား ဆူပူလှုပ်ရှား ထကြွလာခြင်းကိုလည်း ဗြိတိသျှတို့က မည်သို့မျှ တားဆီး ထိန်းသိမ်းခြင်း မရှိခဲ့။ သို့နှင့် ဗြိတိသျှ အစိုးရနှင့် မြန်မာဘုရင် အစိုးရတို့ အကြားတွင် အခြေအနေမှာ တင်းတင်းမာမာ ဖြစ်လာသည်။

ထိုအချိန်တွင် ရတနာပုံ နေပြည်တော်၌ ထားရှိသော ဗြိတိသျှ သံအမတ်ကြီး မစ္စတာရှောသည် ရုတ်တရက် နာဖျားမကျန်း ဖြစ်ပြီး ကွယ်လွန်သွား၏။ ထုံးတမ်းစဉ်လာအရတော့ မစ္စတာရှော၏ နေရာမှာ ဗြိတိသျှတို့က သံအမတ်အသစ် ခန့်ထားရန် ဖြစ်လေသည်။ သို့သော် မခန့်ခဲ့။

ဗြိတိသျှတို့သည် သံအမတ်သစ်ကို ဘာဖြစ်လို့ ခန့်အပ် ပို့လွှတ်ခြင်း မပြုတာလဲ။ ဘာ အကြံနှင့်လဲ။

စဉ်းစားစရာတွေ ဖြစ်လာ၏။ တွေးခေါ်စရာတွေ ပေါ်လာ၏။ သည်တော့ ပြဿနာ ဖြစ်လာလျှင် ကိုယ့်ဖက်က လက်ဦးမှုရအောင် မြန်မာဘုရင်အစိုးရက စီစဉ်သည်။ နယ်စပ်ဒေသတွင် မြန်မာ့တပ်မတော်သားများကို ပိုမိုစေလွှတ်၍ စောင့်ကြပ်စေ၏။ ရှမ်းပြည်နယ်ဖက်သို့ မြန်မာဝန်ကြီးတို့ ကိုယ်တိုင်ဆင်း၍ တပ်မတော်သားသစ်များ စုဆောင်းစေသည်။ ရတနာပုံနေပြည်တော်ကို မြန်မာ့တပ်မတော် အင်အား အခိုင်အမာဖြင့် ပိုင်းဝန်းတားဆီးကာထားလိုက်သည်။ ဧရာဝတီမြစ်ကြောင်း ဝဲယာရှိ ခံတပ်များကို အခိုင်အခံ့ ဖြစ်အောင် ပြင်ဆင်မွမ်းမံဆောက်လုပ်ရသည်။ ပြီးတော့ ရတနာပုံ နေပြည်တော်တွင် ထားရှိသော ဗြိတိသျှ သံရုံးဝန်းကျင်ကိုလည်း မြန်မာအစောင့်တပ်များ ပိုမိုထူးကဲစွာ ချထားလိုက်လေသည်။

မြန်မာအစိုးရဘက်မှ ဤသို့ ကာကွယ်ပြင်ဆင်မှုများ ပြုလုပ်သည်ကို ဗြိတိသျှ အစိုးရက အထူး ဂရုပြုလေ့လာသည်။ ရှေ့ဆက်၍ နှစ်ပြည့်တစ်ပြည် ရွှေလမ်းငွေလမ်း ဖောက်ဖို့ဆိုသည်မှာ မိုးပေါ်က ရွှေလကို တမ်းတသည်သို့ ဖြစ်တော့မည်။ မဖြစ်နိုင်သော အရာပေပဲ။ သည်တော့ စောစောစီးစီးပင် လမ်းဖြတ်ထားလိုက်သည်ကမှ အန္တရာယ်ကင်းလိမ့်မည်ဟု ဗြိတိသျှတို့က ယူဆဟန်တူသည်။ ယင်းအယူအဆကို အကောင်အထည်ဖော်သည့် အနေဖြင့် ဗြိတိသျှတို့သည် ရတနာပုံ နေပြည်တော်ရှိ မိမိတို့သံရုံးကို ပြန်၍ ရုပ်သိမ်းသွားခဲ့လေသည်။ ပြတ်ပြီ။ ဗြိတိန်-မြန်မာ ဆက်ဆံရေး အခြေအနေများသည် လမ်းစပြတ်လေပြီ။

ဝန်ကြီးအဖွဲ့သည် အခြေအနေကို သည့်ထက်ဆိုးရွား မသွားစေရန် စီစဉ်ပါသေး၏။ ဗြိတိသျှသံအဖွဲ့ ပြန်လည်ရုပ်သိမ်းခြင်း မပြုပါရန် စေ့စပ်စကားဆိုဖို့ မြန်မာသံကိုယ်စားလှယ်အဖွဲ့ကို အောက်မြန်မာနိုင်ငံသို့ စေလွှတ်သော်လည်း ထို သံအဖွဲ့သည် နယ်စပ်ဒေသ သရက်မြို့မှ လွန်၍ ရှေ့သို့ သွားခွင့်မရအောင် ဗြိတိသျှ အရာရှိများက တားဆီးခဲ့လေသည်။

ပြောကြစို့ဆိုလျှင် သည်အဖြစ်မျိုးသည် စင်စစ်တော့ မဖြစ်ကောင်းသော အကြောင်းတွေပါ။ မင်းတုန်းဘုရင်ကြီး လက်ထက်တုန်းက ဗြိတိသျှပြည့်ရှင် အဲလီဇဘက် ဘုရင်မကြီးနှင့် မြန်မာနိုင်ငံပြည့်ရှင် ဘဝရှင် မင်းတုန်းမင်းတရားတို့ အကြား နှစ်ပြားရွှေကို တစ်ပြားတည်း ခပ်ခဲ့သော ချစ်ကြည်ရေး ရွှေတံခါးသည် ယခုတော့ လုံးဝ ပိတ်သွားပြီ။ ခမည်းတော် လက်ထက်က စခဲ့သော ချစ်ကြည်ရေး ရွှေတံခါးကို ဆက်လက်ဖွင့်ထားနိုင်ဖို့ သီပေါမင်းမြတ်က မကြိုးပမ်းသင့်ဘူးလား။ ဘုရင့် လွှတ်တော် ဝန်ကြီးတွေကော အားထုတ်ဆောင်ရွက်ခြင်း မပြုခဲ့ဘူးလား၊ နိုင်ငံခြား ဆက်ဆံရေး ကိစ္စများတွင် ဦးဆောင်ဦးရွက် ပြုနေသော ကင်းဝန်မင်းကြီးလို ပုဂ္ဂိုလ်ကြီးက ဘာမှ မပြောတော့ဘူးလား။

သည်နေရာတွင် သီပေါဘုရင်မင်းတရားနှင့် ဝန်ကြီးအဖွဲ့သည် ဗြိတိသျှ အစိုးရနှင့် ဆက်ဆံရေး အခြေအနေများ ဆိုးရွားမသွားစေရန် အတတ်နိုင်ဆုံး ကြိုးပမ်းမည်ကို သံသယ ရှိစရာမလို၊ ယင်းသို့ ကြိုးပမ်းမှုကို အဓိကအတားအဆီး ဖြစ်နေသူမှာ စားထက်သည်ဆိုသော စုဖုရားလတ်ပင် ဖြစ်ပေလိမ့်မည်။

ဘုရင့်ညီလာခံတွင် မိဖုရား စုဖုရားလတ်သည် သီပေါဘုရင်နှင့်အတူ တက်ရောက်လေ့ ရှိသည်။ ဝန်ကြီးမှူးကြီးများ၏ အဆောင်အရွက်ကို မကျေနပ်



လျှင် စုဖုရားလတ်သည် ညီလာခံခန်းမမှာပင် ပက်ပက်စက်စက် အပြစ်တင် ဝေဖန်တတ်သည်ဟု ဆိုသည်။ တစ်ခါတစ်ရံ သီပေါမင်းတရား၏ စကားမဆုံးမီပင် စုဖုရားလတ်က ဝင်ပြောသည့်အခါလည်း ရှိသည်။ ထိုအခါတွင် ဝန်ကြီးတွေအဖို့ စိတ်အားငယ်စရာ၊ စိတ်ဓာတ်ပျက်ပြားစရာ ကြုံရပြီ။ မိမိတို့အဖို့ ဘုရင်မင်းတရား၏ အမိန့်ကို နာခံရမည်လား၊ မဖုရား၏ ဩဇာအရှိန်အဝါကို ဦးခိုက်ရတော့မှာလား ဝေခွဲ၍ပင် မရတော့ပြီ။

သည်အခြေအနေကို သိနားလည်ထားသူများအဖို့ မှန်းဆနိုင်ကြပါ၏။ မြန်မာနိုင်ငံဘုရင့်အစိုးရအဖွဲ့၏ အချုပ်အခြာ အာဏာသည် ဘုရင့်ထံမှာ ရှိသလား၊ မိဖုရားထံမှာ ရှိသလား၊ ဝန်ကြီးတွေထံမှာ ရှိသလား၊ လွှတ်တော်မှာရှိသလား။

ထိုအချိန်က မြန်မာပြည့်ရှင် ဘုရင်မင်းမြတ်၏ တန်ခိုးအာဏာ၊ အရှိန်အဝါတွေသည် မိဖုရား စုဖုရားလတ်၏ လက်ထဲမှာ ရှိခဲ့ရိုး မှန်လျှင် ဗြိတိသျှ မြန်မာ ဆက်ဆံရေး အခြေအနေ တင်းမာမှုများအတွက် မိဖုရား၏ တာဝန် ဖြစ်သည်ဟု မုချ ဆိုရပေတော့မည်။ မိဖုရားကသာ အဆုံးအဖြတ်ပေးနိုင်သော တန်ခိုးအာဏာကို ရယူထားသည်မှန်လျှင် မြန်မာနိုင်ငံ၏ နိုင်ငံခြားဆက်ဆံရေး အခြေအနေများ ချွတ်ယွင်းပျက်စီးခြင်းမှာ မိဖုရားစုဖုရားလတ်၏ 'ငါတကော ကော' ခဲ့ခြင်းကြောင့်ဟု ဆိုရပေတော့မည်။

ဆိုလည်း ဆိုစရာ၊ ပြောလည်း ပြောစရာပေပဲ။ တစ်ဖက်က ဗြိတိသျှတို့ထံ သံကိုယ်စားလှယ်လွှတ်၍ စေ့စပ်ရန် ကြိုးပမ်းမှုများ မအောင်မြင်သည်နှင့် စုဖုရားက လွှမ်းမိုးနေသည်ဆိုသော သီပေါဘုရင် မင်းတရားသည် ဗုဒ္ဓရှင်တော် ဘုရားထံမှောက်တွင် သစ္စာဆိုလိုက်၏။ 'နောင်တွင် မည်သည့် ကုလားဖြူ တစ်ယောက် တလေကိုမှ ဘုရားတပည့်တော်၏ နန်းတွင်းသို့ ဝင်ခွင့်မပြုတော့ပါ'

ဘုရင်သည် သစ္စာတိုင်ချက်ကို သေသေချာချာပင် စောင့်ထိန်းလေသည်။ ထိုနေ့မှစ၍ နေပြည်တော်ရှိ ဥရောပတိုက်သားများကို လက်ရှိခံစားနေသော အထူးအခွင့်အရေးများ မပေးတော့ဘဲ ရုပ်သိမ်းလိုက်သည်။ ဥရောပ မျက်နှာဖြူကောင်တွေ နန်းတော်ထဲကို ဘယ်တော့မှ ဝင်ခွင့်မပြုဟု သစ္စာဆိုသည်နှင့် အညီ တသွေမတိမ်း ဆောင်ရွက်ကြရ၏။ ဥရောပတိုက်သား မျက်နှာဖြူတွေသည် တကယ်ပဲ နန်းတော်ထဲသို့ ဝင်ခွင့်မရကြ။ (သို့သော် ၁၈၈၅ ခုနှစ်တွင် ဗြိတိသျှ

စစ်တပ်ကြီး နန်းတော်သို့ ဝင်ရောက်သိမ်းပိုက်သောအခါ သီပေါဘုရင်၏ ခွင့်ပြုချက်ကို စောင့်ဆိုင်းရန် မလိုတော့ပြီ။)

သီပေါဘုရင် မင်းတရားသည် မျက်နှာဖြူ ဧည့်သည်တွေအပေါ် ပြတ်ပြတ်သားသား အရေးယူလိုက်တာ စောလွန်းများနေသလား၊ ပါးကိုက်တော့ နားပြန်ကိုက်မည်ဟု ဘုရင်မင်းတရားက စိတ်ဇောထက်သန် ဆုံးဖြတ်ခြင်းသည် မှန်ကန်ပါရဲ့လား၊ ဘုရင်မင်းတရားက သည်သို့ပင် ဆုံးဖြတ်သည်မှန်စေဦး၊ ဘုရင့်အပေါ် အရှိန်အဝါ လွှမ်းမိုးနေသူ စုဖုရားလတ်က တားဆီးကန့်ကွက် မပြုသင့်ဘူးလား။ သို့သော် သတိပြုသင့်သည်မှာ မိဖုရား စုဖုရားလတ်ကို ‘ပို’ ၍ မတွက်ကြဖို့ပင် ဖြစ်သည်။ စုဖုရားလတ်သည် တိုင်းပြည်အုပ်ချုပ်ရေး ကိစ္စများကို ဘယ်လိုနားလည်နိုင်မှာလဲ။ သီပေါဘုရင် နန်းတက်စအချိန်တွင် စုဖုရားလတ်သည် အပျိုတော်တွေနှင့် ကစား၍ ကောင်းတုန်း၊ ဆော့၍ ကောင်းတုန်းအရွယ်၊ သည်အခြေအနေမှာ စိုင်ကော်၍ ချူပေါ်ရောက်ခဲ့သော စုဖုရားလတ်သည် နိုင်ငံခြားဆက်ဆံရေးလို အရေးပါသော လုပ်ငန်းများအတွက် မည်သို့ ထောက်ခံဆုံးဖြတ် ပြုနိုင်မှာလဲ။

၃

နယ်စပ်မှာ ဖြစ်နေသော အရေးအခင်းတွေ၊ နေပြည်တော်ထဲမှာ ကြုံနေသော ပြဿနာတွေ၊ နန်းတော်ထဲမှာ တွေ့နေသော အဖြစ်အပျက်များသည် မကြာခင်မှာပင် ဘုရင်နှင့် မိဖုရားတို့၏ စိတ်အစဉ်မှ ကွယ်ပျောက်သွားပေပြီ။

ဝန်ကြီးမှူးကြီးတို့သည် ယခုအခါတွင် အခြေအနေအရပ်ရပ်ကို သုံးသပ်နားလည်သွားကြပြီ ဖြစ်၏။ ပြဿနာတိုင်းကို ညီလာခံသို့ မတင်ကြတော့ပြီ။ လွှတ်တော်မှာ ပြီးနိုင်သည့် ကိစ္စကို လွှတ်တော်မှာ တင်မည်။ ဝန်ကြီးအချင်းချင်း လက်တို့၍ ဆောင်ရွက်လျှင် ပြီးနိုင်မည့် ကိစ္စကို လက်တို့၍ ဆောင်ရွက် အပြီးသတ် တော့မည်။ ပြဿနာတိုင်းကို ဘုရင့်ညီလာခံသို့ သွားတင်လျှင် ဘုရင်က ပါးစပ် မဟမီပင် မိဖုရား စုဖုရားလတ် ဝင်ကိုင်လို့ ရှုပ်သည်ထက် ရှုပ်၊ ထွေးသည်ထက် ထွေးပြီး ရှင်းမရအောင် ဖြစ်သွားလျှင် မခက်လားဟု စဉ်းစား မိကြပြီ။



တကယ်တော့ သည်အချိန်မှာ ‘နိုင်ငံတော်ပြည်အရေး သာလှတယ်လေး’ ဟု အော်၍ မဖြစ်သော အချိန်ပါ။ နိုင်ငံတော်တွင် ဘုရင်မင်းမှာရားသြဇာ အာဏာထက် မိဖုရား စုဖုရားလတ်၏ သြဇာအရှိန်အဝါက နေရာယူနေသောကြောင့် ပြည်သူတို့က တစ်စတစ်စ သိလာကြသည်။ ထိုအခါတွင် တိုင်းကားကျေးလက်တို့တွင် ခိုးသားဓားပြတို့ ပေါများလာကြ၏။ မြို့စားနယ်စားတို့ကလည်း တစ်နယ်မှာ တစ်မင်းဆိုသလို ဥပဒေအမျိုးမျိုး၊အာဏာအမျိုးမျိုး ပြ၍ တန်ခိုးထွားနေကြသည်။ ပြည်ရွာနယ်ပယ် အသီးသီးမှ အကောက်ခွန်၊ ကင်းခွန်တို့သည် အချိန်မှန်မှန် ကောက်ခံနိုင်ခြင်း မရှိတော့။

မင်းမှုထမ်းတွေသည် တာဝန်ကို တာဝန်မမှတ်။ လာဘ်ပေးလာဘ်ယူ ကိစ္စများတွင်သာ ပျော်မွေ့နေကြပြီ။ အကျင့်ပျက်၊သိက္ခာပျက်နေကြသော ဘုရင်အမှုထမ်းတို့ကလည်း ရတန်သမျှ အခွင့်အရေးကို လက်တစ်ဆုံး နှိုက်ဖို့သာ ကြိုးစားနေကြသည်။ သူတို့ကလည်း သူတို့ စီမံကိန်းနှင့် သူတို့ ဖြစ်နေကြသပေါ့။ လသာတုန်း ဗိုင်းငင်မှ။ ရာထူးရာခံကလေးတွေ ရှိတုန်း ပစ္စည်းစုမှ။ သည်တော့ စေတနာ ရှိရှိ၊ မရှိရှိ၊ ပေးလာသမျှ လာဘ်ကိုယူ၊ မပေးနိုင်သူတွေ အနားမကပ်ကြနှင့်။ ‘ခုခေတ်တွင် ခုကာလ ငွေရှိမှ လူလိမ္မာတဲ့’ မကြားကြဘူးလား။

သာသနာရေးဖက်ကို ကြည့်ဦး၊ မင်းတုန်းဘုရင်မင်းမြတ်လက်ထက်တော် အခါက ရဟန်းသံဃာတို့ ဝင်ထွက်ကြွသွားနေသော နန်းတော်တွင်းမှာ ယခုအခါတွင် ဆရာတော် သံဃာတော်တို့ အကြွအလာ နည်းကြသည်။ ဒါယကာဘုရင်မင်းမြတ်သည် သာသနာအကျိုး ထမ်းဆောင်ရန်ထက် မင်းသားငယ်တွေ အပြတ်ရှင်းဖို့ ဝီရိယ စိုက်ထုတ်နေသည်ဟု သံဃာတော် ဆရာတော်တို့က ထင်နေသလား။ တစ်ချိန်က သီပေါဘုရင် မင်းတရားကိုယ်တိုင် ဝင်ရောက်ဖြေဆိုခဲ့သော ပထမပြန် စာမေးပွဲကို ယခုအခါ ဘုရင်မင်းတရားက စိတ်ဝင်စားတော်မူဟန် မတူပြီ။ ပြီးတော့ နန်းတော်ထဲမှာ အလှူအတန်းတွေ၊ ဆွမ်းကပ်လှူပွဲတွေ နည်းပါး လာသည်။

ဒါဖြင့် ဘုရင်နှင့် မိဖုရား ဘာတွေ အလုပ်များနေရှာကြပါလိမ့်။

သီပေါမင်းမြတ်သည် မိဖုရား စုဖုရားလတ်နှင့်အတူ ဥယျာဉ်တော်မှာ ကစားမြူးတူးရင်း မိမိ၏ အဖိုးတန်သော အချိန်တွေကို အသုံးချနေသည်ဆိုလျှင်

ယုံနိုင်ကြပါမလား။ မယုံမရှိကြလေနှင့်။ ကိုယ်တွေ့ကြုံ၍ တစ်ဆင့် ပြန်လည်ပြီး ဖောက်သည်ချသူတွေက  အများကြီးရှိခဲ့သည်။

ဘုရင်မင်းမြတ်နှင့် မိဖုရားတို့သည် ဥယျာဉ်တော်ထဲမှာ အပျိုတော် တစ်စုနှင့် မကြာခဏ တူတူပုန်းတမ်း ကစားကြသတဲ့။ သစ်ပင်ကွယ်မှာ၊ ဝါးရုံပင်ရိပ်မှာ၊ ရေကန်နောက်ဖက်မှာ၊ ပုန်းစရာတွေက အများကြီး။ ဘုရင်နှင့် မိဖုရားတို့နှစ်ယောက် အတူတူ ပုန်းကြသည့်အခါလည်း ရှိ၏။ ပုန်းနေသော ဘုရင်မင်းမြတ်ကို အပျိုတော်တွေက လိုက်ရှာ၍ တွေ့သွားလျှင် ဘာမျှ ပြဿနာမရှိ၊ သို့သော် ပုန်းနေသော မိဖုရား စုဖုရားလတ်ကို လိုက်ရှာသူ အပျိုတော်ကလေးတွေ 'တွေ့ပြီ တွေ့ပြီ' ဟု ပြောလိုက်မိလျှင် မသက်သာပြီ။ မိဖုရား၏ အမျက်ဒဏ်ကို ကောင်းကောင်းကြီး ခံပေရော့။

တစ်နေ့တွင် စုဖုရားလတ် မိဖုရားသည် ဥယျာဉ်တော်ထဲရှိ ဝါးရုံပင်ရိပ်အနီးတွင် တူတူပုန်းနေ၏။ အပျိုတော် တစ်သိုက်က လိုက်ရှာရသည်။ အပျိုတော်တွေဆိုတော့ အခြေအနေကို သိကြသည်၊ အရိပ်အခြည်ကို နားလည်ကြသည်။ မိဖုရားကြီး တူတူပုန်းရာ လိုက်ရှာမည်ဆိုလျှင် မမြင်ချင်ယောင် ဆောင်ရမြဲမဟုတ်လား။ အပျိုတော်တွေ ခြေချင်းလိမ်၍ ရှာဖွေရင်း မောတော့ မိဖုရားလည်း ပုန်းရတာ ပျင်းတော့မှ 'ဟဲ့၊ ဒါလောက်ကလေးမှ တွေ့အောင်မရှာနိုင်ဘူးလား။ ငါဒီမှာ' ဟု ချုံကွယ်မှ ထွက်လာ၏။ သည်တော့မှပင် 'သြော်' အံ့သြဟန် ပြကြရမြဲ။

ထိုနေ့က မိဖုရားကြီး ဝါးရုံပင်ရိပ်မှာ ပုန်းနေသည်ကို တခြားအပျိုတော်တွေက မမြင်ချင်ယောင် ဆောင်ကြပါ၏။ သို့သော် အပျိုတော်ထဲမှာ ကိုးနှစ်ရွယ် အပျိုတော်ပေါက်စန တစ်ယောက် ပါလာသည်။ သူကလည်း မိဖုရားကို လိုက်ရှာ၏။ တွေ့ပါပြီ။ ဝါးရုံပင်ရိပ် တစ်နေရာမှာ ပုန်းနေတဲ့ မိဖုရား။ အပျိုတော်ပေါက်စနသည် ဝမ်းသာသွား၏။ တွေ့ပြီ တွေ့ပြီ၊ ပုန်းနေသော မိဖုရားကြီးကို တွေ့ပြီ။ မိမိက တွေ့ကြောင်း ပြောနိုင်လျှင် မိဖုရားက ဆုတွေ လာဘ်တွေ ပေးမှာ ထင်ပါရဲ့။

သည်သို့ တွေး၍၊ သည်သို့ စဉ်းစားမိရှာသလားတော့ မသိ။ အပျိုတော်ကလေးက မိဖုရားကို တွေ့ပြီ ဖြစ်ကြောင်း အော်၍ပြောလိုက်၏။ သို့သော် အပျိုတော် ပေါက်စနသည် ကံဆိုးရှာပါသည်။ မိဖုရားသည် သူ့ကို ရှာဖွေ၍



တွေ့ရမလားဟု စိတ်ဆိုးမာန်ဆိုးနှင့် ဝါးရုံရိပ်က ပြေးထွက်လာသည်။ ပြီးတော့ ရှာတွေ့သူ အပျိုတော်ကလေး၏ ပါးကို ခပ်ပြင်းပြင်း ရိုက်ချလိုက်၏။ အပျိုတော်ပေါက်စနသည် ဆုတော် လာဘ်တော် ကောင်းကောင်း ရသွားလေသည်။ တစ်သက်လုံး မှတ်လောက်သားလောက်သော ဆုတော် လာဘ်တော်ပဲ ဖြစ်တော့သည်။

တူတူပုန်းတန်း ကစား၍ ပျင်းရိလာသော အခါတွင် မိဖုရားနှင့် ဘုရင်မင်းတရားသည် ဥယျာဉ်တော်ရှိ ရေကန်မှာ လှေစီးကြသည်။ လိပ်ပြာကလေးတွေ ပျံဝဲနေစဉ်၊ ပန်းမျိုးစုံက ဖူးပွင့်လန်းစွင့်နေစဉ်၊ အပျိုတော်ကလေးတွေက တေးသံသာတွေ သီဆိုပေးနေစဉ်မှာ လှေကလေးတစ်စင်းနှင့်၊ ရေကန်တော်မှာ ပျော်နေသော စုဖုရားသည် မိမိ၏ မိဖုရားဘဝကို ဘယ်လောက်များ ကျေနပ်နေနိုင်မလဲ။ ဘယ်လောက်များ အားရနှစ်သိမ့်လို့ နေလေမလဲ။

ဥယျာဉ်တော်ထဲရှိ ရေကန်မှာ ငါးတွေ မွေးထားသည်။ မင်းတုန်းမင်းတရားကြီး လက်ထက်တော်ထဲက မွေးလာသော ငါးတွေပါပဲ။ ငါးတွေကို ဘေးမဲ့ပေးထား၏။ လူက အစာကျွေးရန် ခေါ်လိုက်လျှင် ရေကန်စပ်သို့ အပြေးအလွှား လာကြသည်အထိ ယဉ်ပါးနေကြသည်။ သီပေါဘုရင်နှင့် မိဖုရားတို့ ရေကန်ထဲမှာ လှေစီးရင်း အပျင်းဖြေနေချိန်၌ ငါးကလေးများက လှေနောက်မှ ရေကူး၍ လိုက်နေ ကြသည်။ တစ်ကြိမ်တွင်မူ ဘုရင်နှင့် မိဖုရားတို့ လှေစီးနေစဉ် 'ငါးထွေကြီး' တစ်ကောင်သည် ရေထဲမှ ခုန်ပျံတက်လာရာ လှေတော်၏ ဝမ်းထဲသို့ ကျလာသည်။  ရုတ်တရက်ဆိုတော့ ဘုရင်နှင့် မိဖုရားတို့ခမျာ  အလန့်ကြီး လန့်သွားရှာသည်။ နောက်မှတော့မှ သတိရပြီး လှေဝမ်းထဲမှ ငါးကို မိဖုရားက အသာအယာ ပွေ့ယူပြီး ရေထဲသို့ ပြန်ချပေးလိုက်ရ၏။

ဘုရင်နှင့် မိဖုရားတို့ ဥယျာဉ်တော်ထဲမှာ အပန်းဖြေ ကစားကြသည့်နည်းတွေကတော့ စုံလှချည့်။ တစ်ကြိမ်တွင်တော့ ကြက်ကြက်ဖန်ဖန် မိဖုရားသည် ထမင်းချက်ဝန်း ကစားချင်သတဲ့။ ထမင်းဆိုတာ ဘယ်လိုဖြစ်လာသလဲ မသိတော့လည်း စမ်းချက်ကြည့်ချင်ရှာမပေါ့။ ထိုစဉ်က အဖြစ်ကလေးတွေမှာ ရယ်စရာလည်း ကောင်းပါသေးတော့။

နွေနေ့လည်ခင်းတစ်ခု ဖြစ်သည်။ အညာဒေသ၏ နွေဆိုတော့ ရာသီဒဏ်က ပြင်းထန်သည်။ အလုပ်မရှိဘဲ နန်းတော်ထဲမှာ နေသော ဘုရင်နှင့် မိဖုရားတို့မှာ

ဥယျာဉ်တော်ထဲသို့ ထွက်၍ ပြေးလွှားဆော့ကစားလိုသော ဆန္ဒ မရှိပြီ။ သို့နှင့် အကြံ ရကြသည်။ ထမင်းဟင်းချက်တန်း ကစားရအောင်။ ဒါက သစ်ပင်ရိပ်မှာ အေးအေးဆေးဆေး ကစားရသော ကစားနည်းပဲ။

အပျိုတော်ကလေးတွေမှာ နွေပူပူတွင် ငိုက်မျဉ်းနေကြ၏။ သူတို့ကို မိဖုရားက လှမ်းခေါ်သည်။ ထမင်းဟင်းချက်တန်း ကစားကြမည်ဟုလည်း ပြောလိုက်၏။ ပထမတော့ အပျိုတော်တွေခမျာ အံ့သြသွားကြသည်။ ဘုရင်နှင့် မိဖုရားတို့ ဘယ်လိုများ ဖြစ်တာပါလိမ့်၊ တစ်ခါမှ မကြားဖူးပါလား၊ တစ်ခါမှလည်း ထမင်းမချက်ဖူးဘဲနှင့် ဘယ်လို့များ လုပ်ကြမလို့ပါလိမ့်။

အပျိုတော် တစ်သိုက်မှာ ထင်းရှာသူက ရှာ၊ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန် သွားရှာသူက ရှာ။ ထမင်းချက်ဖို့ အိုးတွေ၊ ခွက်တွေ ရှာသူကရှာနှင့် အလုပ်များကြရသည်။ ဆန်တွေ၊ ဆီတွေ၊ ငရုပ်၊ ကြက်သွန်တွေကို စားဖိုဆောင်က သွားမယူကြနှင့်၊ သီးသန့်ဝယ်ကြဟု ဆိုပြီး မိဖုရားက ငွေတော်ကို ထုတ်ပေးသဖြင့် ပေးသည့်ငွေနှင့် ဝယ်ကြရ၏။ ထိုနေ့က ချက်စားကြသည်က ဖရုံသီးဟင်း။

ဘုရင်ရော မိဖုရားရောက အမိန့်ပေးထားသည်။ ထမင်းဟင်းချက်ရာတွင် ဘယ်အပျိုတော်ကမှ နည်းလမ်းမပြနှင့်၊ ဆရာလာ မလုပ်ကြနှင့်၊ တို့တတ်သလို တို့ချက်မည်၊ ဘေးက ထိုင်နေကြ။

သည်တော့လည်း အပျိုတော်တစ်သိုက် အငြိမ်းစား ရသွားကြသည်။ သူတို့သည် ဘုရင်နှင့် မိဖုရားတို့ ဆန်တွေ ဆီတွေနှင့် အလုပ်များ နေသည်ကို ကြည့်ရင်း ရယ်ချင်သော်လည်း မရယ်ရဲကြ၊ ပြုံးချင်သော်လည်း မပြုံးရဲကြ။

ဘုရင်က မီးမွှေးနေ၏။ ဖိုခနောက်ကို ဘယ်လိုဆိုင်ရမှန်း မသိ၊ ထင်းကို ဘယ်သို့ ထိုးရမှန်း မသိ၊ မီးကို ဘယ်လို မွှေးရမှန်း မသိသူက မီးမွှေးနေသည် ဆိုတော့ အပေါက်အလမ်းက မတည့်။ သည်တွင် မနေနိုင်သော အပျိုတော် တစ်ဦးက ဖိုခနောက်သုံးခုကို ဆိုင်ထား၍ အလယ်မှာ ထင်းတွေထည့်ပြီး မီးမွှေးနည်းကို ပြောပြ၏။ သည်တော့မှ မီးတောက်ကို မြင်ရ၏။ သို့သော် ခဏအကြာတွင် မီးပြန်ငြိမ်းသွားပြန်သည်။

ဘုရင်မင်းတရား စိတ်အိုက်သွားသလား မသိ၊ တစ်ကိုယ်လုံးလည်း ပေယေ ညစ်ပတ်နေပြီ၊ ထမင်းအိုးတစ်လုံး မီးဖိုပေါ် မရောက်သေး။ ထမင်းချက်တယ်ဆိုတာ တယ်ခက်ပါလား၊ ရှင်ဘုရင် လုပ်ရတာလောက် မလွယ်လှ။



ဘုရင် လုပ်ရတယ်ဆိုတာ မိမိပြိုင်ဖက် မင်းသားတွေကို ဖမ်း၊ အချုပ်ထဲထည့်၊ ပြီးတော့ လည်မျိုကို တုတ်နှင့်ရိုက်ရှင်း၊ ကိုယ်က နန်းပလ္လင်ပေါ်မှာ စံပေရော့။ ဘာမှ အခက်အခဲ မရှိဟု ထင်လေမလား။

ဘုရင်မင်းတရားသည် မီးငြိမ်းလိုက်၊ ပြန်မွှေးလိုက်နှင့် ကြာတော့ မီးဖိုတစ်ဖို ဖြစ်လာပါ၏။ ~

မိဖုရားသည် ဆန်ကို ယူ၏။ ရေကို ယူ၏။ ပြီးတော့ အိုးတစ်လုံးထဲမှာ ရေနှင့်ဆန်တွေ ရောထည့်လိုက်သည်။ ဆန်ကို ရေနှင့်အလျင်ဆေးရမည်ဟု မိဖုရား မသိပါ။ ဘုရင်မင်းတရားကလည်း မသိ။ ဆန်ကို ပြာတီးထားသည် ဆိုပေမယ့် ဆန်ထဲမှာ မမြင်နိုင်သော ဖုံတွေ၊ သဲတွေ ပါကောင်း ပါလိမ့်မည်။ သည်တော့ ဆန်ကို ဆေးပြီး ချက်ရမည်ကို ကလေးကအစ သိမှာပါ။ ယခုတော့ မိဖုရားသည် ဆန်နှင့်ရေကို တစ်ခါတည်းထည့်၍ အိုးကို မီးဖိုပေါ် တင်လိုက်၏။

ပြီးတော့ ဟင်းချက်ရန် စီမံသည်။ ဖရုံသီးဟင်းချက်ရန် စီစဉ်၏။ ခက်တာက ဖရုံသီးအခွံ မန္တာတတ်။ လှီးလည်း မလှီးတတ်၊ သို့နှင့် လှီးချင်သလို လှီး၏။ အတုံးလိုက် အတစ်လိုက် ဖရုံသီးဟင်းပင် ဖြစ်တော့၏။ ဖရုံသီးထဲမှာ ထည့်ရန် ငရုတ်သီးတွေကို ငရုတ်ဆုံထဲထည့်၍ မိဖုရားက ထောင်းရသည်။ ငရုတ်သီးတွေ မြင်မကောင်း ရှုမကောင်းအောင်ပင် ငရုတ်ဆုံထဲထည့်၏။ သတ္တဝါနှင့် လက်နက် မမျှပါ။ ဖရုံသီးကလေး တစ်လုံး ချက်ဖို့ ထည့်ရမယ့် ငရုတ်သီးတွေက ဆယ်အိုးချက်မကအောင် များနေ၏။ သို့သော် အပျိုတော် မမတို့ခမျာ နှုတ်မှ မဟာရဲရှာကြ။

သည်လိုနှင့် ထမင်းအိုးမှာ မကြာခင် ကျက်ပါပြီ။ ထမင်းရေခန်းချက်တာ မဟုတ်တော့ ရေတွေ အများကြီး ဖြစ်နေသည်။ သည်ရေတွေကို ငှဲ့ချရန်လည်း မသိ။ ဒါပေမယ့် ဘုရင်မင်းတရားက ပြောနေ၏။ ထမင်းကျက်ပြီတဲ့။ ထမင်းကျက်ပြီ ဆိုတော့မှ ဟင်းအိုးကို ဆက်တည်ရသည်။ ငရုတ်သီးက များများ၊ ဆီတွေက အိုင်ထွန်းလို့၊ ဖရုံသီးဟင်းထဲမှာ မဆလာတွေကလည်း ထည့်လိုက်သေးသတဲ့။ စားလို့ကောင်းမည့် ဟင်းပါပဲ။ ဘယ်လောက်များ စားကောင်းမည်ဟု ယုံကြည်ရသလဲ မသိ။ ထမင်းတွေ ဟင်းတွေကျက်တော့ ဘုရင်ရော၊ မိဖုရားပါ မြည်းစမ်းကြည့်ပြီး အပျိုတော်တွေကို ပြောလိုက်၏။ 'တို့မဆာသေးဘူး၊ ညည်းတို့ပဲ စားလိုက်ကြတော့' တဲ့။

ဟန်ပဲကျပါသေးရဲ့။ ဘုရင်မင်းတရားကိုယ်တိုင် ချက်သည့် ထမင်း၊ မိဖုရားကြီး ချက်သည့် ဟင်း။ ထမင်းနပ်တာ မနပ်တာ အရေးမကြီး။ ဟင်းက ငရုတ်သီးစပ်တာ မစပ်တာ အရေးမကြီး။ ရတောင့်ရခဲသည့် အခွင့်အရေးမို့ အပျိုတော်တွေ အကုန်လုံးပင် ထမင်းနှင့် ဟင်းကို တစ်ဆုပ်တစ်ခဲ မြည်းစားခွင့် ရကြသည်။ ထမင်းက အပေါ်ယံမှာ ပျော့နေပြီး အလယ်က မနပ်ပါ။ ဆန်စေ့ အတိုင်း ရှိနေ၏။ ဟင်းကလည်း ဖရုံသီး အတုံးလိုက် အတစ်လိုက်မို့ မနူးသေး။ ပြီးတော့ ဆီတွေ အိုင်နေလိုက်တာ။ ငရုတ်သီးကလည်း အတိုင်းအဆမရှိ ထည့်ထားသည်မို့ စပ်လိုက်တာလွန်ပါရော။ ဒါပေမယ့် ရှင်ဘုရင်ချက်တဲ့ ထမင်း ဟင်းကို စားဖူးတယ်ဆိုတဲ့ ဂုဏ်က နည်းသလား၊ အပျိုတော်တွေက များသဖြင့် ထမင်းတစ်ဆုပ်ရဖို့ပင် မနည်းလုစားကြရသည်။ စားလို့ပြီးကြတော့ မိဖုရားက မေးလေသည်။။ 'အရသာ ဘယ်လို နေကြသလဲဟဲ့' တဲ့။

ဘယ်လို တင်လျှောက်ကြရမလဲ။ ထမင်းက မနပ်၊ ဟင်းက မနူး၊ စပ်ကလည်း စပ်၊ ဘာအရသာမှ မရှိ။ သို့သော် သည်ကိစ္စကို အမှန်တိုင်း တင်လျှောက် ရဲကြလို့လား။ ဝေးပါသေးရဲ့။ သည်တော့ ထမင်းရော ဟင်းရော အရသာ ရှိလှ ကြောင်း၊ စားလို့ကောင်းလှကြောင်း စသည်ဖြင့် အပျိုတော်တစ်စုက တင်ကြလေ သည်။ အပျိုတော်တစ်စု တင်လျှောက်သမျှ ကြားရတော့ ဘုရင်မင်းတရား ကလည်း ပြုံး၊ မိဖုရားကလည်း ပြုံး၊ အပြုံးတွေ ပြိုင်လို့။ အပြုံးတွေ ဆိုင်လို့။

တကယ်တော့ ဒါလည်း ဘုန်းတော်ဘွဲ့ တစ်မျိုး မဟုတ်လား။ ဘုန်းတော် ဘွဲ့ဆိုတာက ဘုရင်နှင့် မိဖုရားတို့ တန်ခိုးရှိန်ဝါ အဘယ်မျှ ကြီးမားကြောင်းကို ချဲ့ကားဖွဲ့နွဲ့ တင်ဆက်နေမှသာ မဟုတ်။ ဘုရင်နှင့် မိဖုရားတို့ လုပ်သမျှ၊ မဟုတ်လည်း ဟုတ်ပါ့ဘုရား၊ မကောင်းလည်း ကောင်းပါ့ဘုရား၊ မမှန်လည်း မှန်ပါ့ဘုရား လျှောက်တင်နေရခြင်းသည်ပင် သူတို့ကို ကြံကြံဖန်ဖန် ချီးကျူးရင်း ဘုန်းတော်ဘွဲ့ ကြီး တင်ဆက်နေရသည် မဟုတ်လား။

## ၄

**သီပေါမင်းတရားနှင့် စုဖုရားတို့ နန်းစံသက်က အတော်ကလေး ရလာပြီ။ တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ်။**



သည်အချိန်မှာ နန်းတွင်းနန်းပြင် နိုင်ငံရေးအခြေအနေတွေ ငြိမ်တန်သလောက် ငြိမ်ပြီ။ ဣန္ဒြေရတန်သလောက် ရပါပြီ။ ဘုရင်နှင့် မိဖုရားတို့၏ နန်းပလ္လင်ကို အံတု ရန်ပြုဝံ့မည်သူ ဟူ၍ မရှိနိုင်ပြီ၊ သည်တော့. . .။

ဘုရင်နှင့် မိဖုရားတို့သည် ဘာသာရေး လုပ်ငန်းများဆီသို့ ခေါင်းငုံ့ကြည့် လာကြ၏။ ခု ခံစားနေရသော ရာထူးဂုဏ်ရှိန် စည်းစိမ်များ အချိန်ကြာကြာ ခံစားနေကြရအောင်။ ပြီးတော့ နောင်သံသရာ အဆက်ဆက်မှာ ဆီဆုံလှည့်နွား၊ ရဟတ်ချားလို မနားတမ်း လည်ပတ်ရပြီ ဆိုပါစို့။ ခုလို အရသာရှိရှိ စည်းစိမ်အပြည့် နှင့်၊ တန်ခိုးရှင်၊ အာဏာရှင်၊ ဘုရင်ဧကရာဇ် ဘဝမျိုးကို ဘဝတိုင်း ဘဝတိုင်း ရရှိအောင်။

အထူးသဖြင့် စုဖုရားလတ် မိဖုရားက ဘုရားကျောင်းကန်များနှင့် ပို၍ နီးသည်။ မိဖုရားသည် ဘုရားစေတီများသို့ မနားတမ်း ရောက်၏။ ကျောင်းကန် ဇရပ်များသို့လည်း အချိန်မှန်မှန်သွားသည်။ ဆရာတော် သံဃာတော်များ ဆွမ်း ကွမ်းမျှတပါရဲ့လား၊ ပရိယတ် ပဋိပတ် လုပ်ငန်းများကို ချောချောမောမော ဆောင်ရွက်နိုင်ပါရဲ့လား။ ပစ္စည်းလေးပါး ပြည့်စုံ ကုံလုံပါရဲ့လား။ မေးရ မြန်းရ လျှောက်ကြားရနှင့် မိဖုရားမှာ နားပဲမနားရရှာ။

သည်လို ဘုရားကျောင်းကန်များသို့ မပြတ်သွားရင်း တစ်ကြိမ်၌ မိဖုရား ခမျာ ရီရအခက် ငိုရအခက် ပြဿနာတစ်ရပ်နှင့် ကြုံခဲ့၏။ ဖြစ်ပုံက သည်လို. . . ဝါတွင်းကာလ တစ်နေ့၊ နေ့လယ်မှာ မိဖုရားသည် ခြွေရံများစွာ မပါဘဲ နန်းမြို့ပြင်ရှိ ရတနာ ဇေယျ ကျောင်းတိုက်သို့ ရောက်ခဲ့သည်။ သက်တော် ၈၄ နှစ် ရှိပြီဖြစ် သော တိုက်အုပ်ဆရာတော်ကြီးကို မိဖုရားက ပထမဆုံး ဝင်ရောက်ဖူးမြော် ကန်တော့၏။ ပြီးတော့ မိဖုရားသည် ကျောင်းတိုက်အတွင်းရှိ စာသင်သံဃာတော် များ အဆောင်သို့ လှည့်လည်ကြည့်ရှုသည်။

စာသင်ဆောင်မှာ ရဟန်းငယ်တို့ စာတက်နေကြသည်။ တချို့လည်း ပေပုရပိုက်များကို ရှေ့မှာချကာ တစာစာနှင့် စာပြန်နေကြသည်။ ရဟန်းငယ်တို့ သည် စာအံရင်းနှင့် အချို့က ကျောင်းတိုင်ကို မှီလျက်၊ အချို့က သစ်ပင်ရိပ်မှာ ထိုင်လျက်၊ အချို့က ရေတွင်းဘောင်၌ လက်ထောက်လျက်။ ဗုဒ္ဓကျမ်းစာများ အရှည်တည်တံ့လို့ အနာဂတ် နိုင်ငံတော်မှာ သာသနာရောင်ဝါ ထွန်းလင်းရေး အတွက် အားထုတ်ကြမည့် သာသနာ့သူရဲကောင်းတွေ မဟုတ်လား။ ရဟန်းငယ်

တို့ ကြိုးပမ်းမှုကို မြင်ရသည်မှာ အားတက်စရာ၊ ရွှင်မြူးစရာ၊ ကြည်နူးစရာပါ။

မိဖုရားခမျာ သာသနာ စည်ပင်ရေးကို လိုလားသော ဗုဒ္ဓဘာသာဝင် တစ်ဦးဆိုတော့ ရဟန်းတို့ စာအံနေပုံ မြင်ရသည်နှင့် ဘဝင်ခိုက်အောင် ကျေနပ်နှစ်သိမ့်ဖြစ်ရပြီ။ ထိုအခိုက်တွင် . . .

မိဖုရားသည် ကျောင်းတိုက် တစ်နေရာရှိ လှေကားထစ်များဆီသို့ မျက်စိရောက်သွားသည်။ လှေကားခုံပေါ်တွင် ရဟန်းတစ်ပါးသည် သင်္ကန်းစုတ်များဖြင့် အလုပ်ရှုပ်နေ၏။ ရဟန်းငယ်သည် စုတ်ပြဲနေသော သင်းပိုင်၊ ကေသီများကို အပ်တစ်ချောင်းဖြင့် သီချုပ်ကာ အလုပ်များနေခြင်း ဖြစ်သည်။ တခြားရဟန်းတွေ ဗုဒ္ဓကျမ်းစာများ သင်အံနေဆဲ သည်ရဟန်းတစ်ပါးက စာမအံဘဲ ဘာဖြစ်လို့ အချိန်ဖြုန်း နေရတာလဲ။

မိဖုရားအဖို့ သည်ရဟန်းမှာ မျက်စိ စပါးမွေးစူးစရာ ဖြစ်လာပြီ။

မိမိတို့မှာ ရဟန်းတော်များ ဆွမ်းကွမ်းပစ္စည်းလေးပါး မျှတပါရဲ့လားလို့ ပူရပင်ရနှင့်။ သာသနာရေးတာဝန်တွေ ကျေကျေပွန်ပွန် ထမ်းရွက်နိုင်ပါစေလို့ လှူဖွယ်ပစ္စည်း ထမ်းကာ ရွက်ကာ ကျောင်းတိုက်တကာ လည်ပြီး လှူဒါန်း ဆက်ကပ် နေရသည်။ သည်ကျောင်းတိုက်ရောက်တော့မှ၊ စာကျက်ရမှာ ပျင်းလို့ အများနည်းတူ စာမအံဘဲ သင်္ကန်းစုတ် ချုပ်နေသော ရဟန်းပျင်းတစ်ပါးကို တွေ့နေရပါပကော။

မိဖုရား စုဖုရားလတ်သည် စိတ်ဆတ်သူ ဖြစ်၏။ ပြောစရာရှိလျှင် မြုံထား၍ မရ။ ငုံထား၍ မရ။ စိတ်ထဲ ရှိသမျှ ဘွင်းဘွင်းကြီး ပြောချလိုက်ရမှ ကျေနပ်သူ ဖြစ်၏။ ယခုလည်းကြည့်၊ ဆိုရေးရှိမှဖြင့် မိဖုရားက ဆိုရပေတော့မည်။ မိဖုရားသည် သင်္ကန်းစုတ် ချုပ်နေသော ရဟန်းအနားသို့ တိုးကပ်သွားသည်။ ပြီးတော့ မတ်တတ်ရပ်လျက် သည့်နှယ် ပြောဆိုမိလေသည်။

'ကိုယ်တော်တို့ ဘယ့်နှယ်လဲ။ စာလဲ မကြိုးစားပါလား။ တခြားရဟန်းတော်တွေ စာအံစာတက်လုပ်နေချိန်မှာ သင်္ကန်းစုတ် ချုပ်နေတာနဲ့ အချိန်ကုန်နေတော့မှာလား။ ဒီလိုဆိုရင် ဘယ်လိုလုပ်ပြီး စာတတ်တော့မှာလဲ ဘုရာ့'

မိဖုရားသည် ပြောချင်ဆိုချင်သမျှကို အားမနာတမ်း ပြောချကာ ထိုနေရာမှ ချာကနဲ လှည့်ထွက်ခဲ့သည်။ အပြောခံရသော ရဟန်းငယ်မှာ မိဖုရားအသံကို ကြားလို့ မော့ကြည့်နေဆဲ မိဖုရားက ပြောပြောဆိုဆို ထွက်သွားတော့ ဘယ်သို့မှ ချေပစကား မဆိုလိုက်ရ၊ ငုတ်တုတ်သာ ခံလိုက်ရရှာသည်။ ရဟန်းငယ်သည် အဝေးသို့ ရောက်သွားပြီဖြစ်သော မိဖုရား၏ ဟန်ကို ငေးကြည့်ရင်း 'တောက်' တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်လိုက်လေသည်။



မိဖုရား စုဖုရားလတ်သည် ရဟန်းကျောင်းတိုက်များသို့ တစ်လ တစ်ကြိမ်၊ နှစ်လ တစ်ကြိမ် ရောက်လေ့ရှိ၏။ ယခုလည်း သည်ရတနာဓမ္မေယျကျောင်းတိုက်သို့ ပစ္စည်းလေးပါး လှူဒါန်းရင်း နောက်တစ်ကြိမ် ရောက်လာပြန်သည်။ ခုတစ်ခေါက် မိဖုရားနှင့် အခြွေအရံများ ကျောင်းတိုက်တွင်း ရောက်လာသည်နှင့် မိဖုရား အပြောအဆို ခံထားရသော ရဟန်းငယ်က မိမိ၏ စီမံကိန်း တစ်ရပ်ကို ပြည့်ပြည့်ဝဝ အကောင်အထည် ဖော်တော့သည်။

ရဟန်းငယ်သည် ထိုနေ့က စုတ်ပေ့ဆိုသော ကေသီ တစ်ထည်ကို ပခုံးပေါ်မှာ တင်ထား၏။ ပြီးတော့ ဗလပွကျဲအောင် စုတ်ပြဲနေသော သင်းပိုင် အဟောင်း တစ်ထည်ကို ခါးမှာ လဲ၍ ဝတ်လိုက်သည်။ ကျောင်းတိုက်လှေကားမှာ မိဖုရားတက်လာသည်ကို တွေ့ရတော့ ရဟန်းငယ်သည် လှေကားထိပ်က တိုင်မှာ ကျကျနန မှီထိုင်နေ၏။ ပြီးတော့ ပုရပိုက်တစ်ဆူကို မျက်နှာအပ်ပြီး ကျက်မှတ်လို့ ရထားပြီးသော စာတွေကို အာဘောင်အာရင်း သန်သန်နှင့် ကုန်းအော်၍ ဆိုနေ၏။ သည်လို စာဆိုနေဆဲမှာ ရဟန်းငယ်၏ ဒူးနှစ်လုံးကို ထောင်ပြီး ပေါင်ကိုကားထားသည်။ သည်မှာတင် ရဟန်းငယ်၏ ကိုယ်ပိုင်ပစ္စည်းတွေမှာ မဖုံးနိုင် မဖိနိုင် အမြင်မတော် ဖြစ်နေပါပြီ။

မိဖုရားသည် ပထမတော့ လှေကားမှာ အမှတ်မဲ့ပင် တက်လာခဲ့၏။ လှေကားထိပ် ရောက်တော့ စာကျက်နေသော ရဟန်းငယ်ကို တွေ့ပြီ။ ပြီးတော့ သင်းပိုင်စုတ်ဝတ်ထားသော ရဟန်းငယ်၏ အနေအထိုင် မဟုတ်ပုံကို မမြင်ချင်လည်း မြင်၊ မတွေ့ချင်လည်း တွေ့ရပြီ။

မိဖုရားသည် ရဟန်းငယ်၏ ဖြစ်ပုံကိုကြည့်ပြီး ရုတ်တရက် ကြက်သေသေသွား၏။ ပြီးတော့မှ သတိရပြီး ရဟန်းမျက်နှာကို တစ်ချက် စောင်းငဲ့ကြည့်ကာ လှေကားမှ ခပ်သုတ်သုတ် ပြေးဆင်းသွားတော့သည်။ လက်စသပ်တော့ အရင်တစ်ခေါက် မိမိအော်ခဲ့ ပြောခဲ့သော ရဟန်းငယ်က ခုချိန်မှာ မိမိကို ရေရေလည်လည်ပဲ ပညာပေးပါရောလား။

မိဖုရားသည် ထိုနေ့က တခြားကျောင်းတိုက်များသို့ ခြေဦးမလှည့်တော့ဘဲ ရွှေနန်းတော်သို့ တန်းတန်းမတ်မတ် ပြန်ခဲ့သည်။ နန်းတော်ရောက်တော့ အသင့်ချုပ်ပြီးသား သင်္ကန်းငါးစုံကို ယူပြီး စောစောက ရဟန်းကျောင်းသို့ ပို့၍ လှူဒါန်းနိုင်းလိုက်၏။ သင်္ကန်းသွားပို့မည့် မင်းမှုထမ်းကိုလည်း မိဖုရားက အသေအချာ မှာသည်။

'စောစောက ဖွားဖက်တော် မလုံတဲ့ ရဟန်းငယ်ကို သွားလှူလိုက်။ ပြီးတော့ မိဖုရားကြီးက မှာလိုက်တယ်လို့ပြော၊ နောက်များမှာ စာကျက်တဲ့အခါ ကိုယ်တော်ရဲ့ ပစ္စည်းတွေကို လုံလုံခြုံခြုံ သိမ်းထုပ်ပြီးမှ စာကျက်တော်မူပါလို့ လျှောက်ထား လိုက်ကြောင်းလဲ ပြောလိုက်ပါကွယ်'

မိဖုရားထံက သင်္ကန်းငါးစုံကို အလှူခံရရှိသော ရဟန်းငယ်မှာ မိဖုရား၏ အမှာစကားကို ကြားတော့ တဝါးဝါး ရယ်လို့ မဆုံးပြီ။

စုဖုရားလတ်ခမျာမှာလည်း ကြုံခဲ့ရသည့် အရေးအခင်းကို တွေးမိတိုင်း ရယ်မိပြုံးမိသည်။ မောင်တော် မင်းတရားကို ပြန်ပြောပြီးတော့လည်း တဝါးဝါး တဟားဟားနှင့် ရယ်ရွှင်မဆုံး တပြုံးပြုံးပါ။ အဲသည်လိုပါပဲ။ နေရာတကာမှာ ဓားထက်ခဲ့သော၊ အနိုင်ယူခဲ့သော မိဖုရား၊ ခုတော့ အညတြ စာသင်ရဟန်း တစ်ပါးကို အရှုံးပေးခဲ့ရသတဲ့။ သည်သတင်းကို ကြားရတော့ နန်းတွင်းနန်းပြင်မှာ မပြုံးဘဲနှင့် ဝါးလုံးကွဲ ရယ်မိကြရတော့သည်။

မိဖုရား စုဖုရားလတ်ထံတွင် ခစားရန် ခန့်ထားသော အပျိုတော်များမှာ စုစုပေါင်း ငါးရာ့ငါးဆယ်ကျော် ရှိသည်။ အပျိုတော်များကို သုံးဆယ်တစ်စု၊ လေးဆယ်တစ်စု အဖွဲ့ကလေးများ ဖွဲ့ထားပေးသည်။ သုံးဆယ်တစ်စုတွင် လည်းကောင်း၊ လေးဆယ်တစ်စုတွင် လည်းကောင်း အဖွဲ့ခေါင်းဆောင်များ ခန့်ထားရသည်။ တိုင်တားမင်းကြီး၏ သမီးတစ်ဦး အပါအဝင် ထင်ရှားသော ဝန်ကြီး၊ မှူးကြီး၊ မတ်ကြီးတို့၏ သမီးများကိုသာ အပျိုတော်အဖွဲ့၏ ခေါင်းဆောင် အဖြစ် ခန့်အပ်ခြင်းခံရပေသည်။ အပျိုတော်အဖွဲ့ဝင်တို့မှာ ရှမ်းစော်ဘွားများ၏ သမီးတော်များ၊ မြို့ဝန်၊ မှူးကြီး၊ မတ်ကြီးတို့၏ သမီးငယ်များသာ ဖြစ်ကြသည်။

အပျိုတော်အဖွဲ့သည် မိဖုရားထံပါး၌ နေ့ညမပြတ် ခစားကြရ၏။ အဖွဲ့များကို တစ်ကြိမ်လျှင် ၆ နာရီကြာမျှ အဆိုင်းများ ခွဲပေးထားသည်။ အပျိုတော် အဖွဲ့များ တာဝန်ချထားရေး ကိစ္စများကို မိဖုရားကိုယ်တိုင် ခွဲဝေသတ်မှတ်ပေး၏။



အပျိုတော်များသည် ရွှေနန်းတော်ထဲမှာပင် နေထိုင်ကြရသည်။ ပွဲကြည့်ဆောင်အဖြစ် သတ်မှတ်ထားသော ဇေတဝန်ဆောင်၏ တောင်ဖက်တွင် အပျိုဆောင်များ သီးသန့်ဆောက်လုပ်ပေး၏။ ယင်းအပျိုဆောင်များတွင် မိဖုရား၏ အပျိုတော်များကို နှစ်ယောက်တစ်ခန်း နေရာချထား၏။

စုဖုရားလတ်မိဖုရားသည် မိမိထံပါး ခစားနေကြသော အပျိုတော်များကို ကောင်းစွာ ပြုစုစောင့်ရှောက်သည်။ နေ့စဉ် ဝတ်ဆင်ရန်အတွက် လစဉ်ပင် ပိုးထမီကိုးထည် ထုတ်ပေးသည်။ အခြား အဝတ်အစား အသုံးအဆောင်တွေ ဝယ်ယူဝတ်ဆင်ရန်လည်း ငွေတော်ကို သီးသန့် ထုတ်ပေးသေးသည်။

မိဖုရားကြီးက အပျိုတော်တွေကို ပိုးလုံချည် ခပ်များများ ထုတ်ပေးရခြင်းမှာ အံကြောင်းရှိ၏။ ဥယျာဉ်တော်ထဲမှာ မိဖုရားနှင့်အတူ ဒုနေ့စဉ် ပြေးလွှားဆော့ကစားကြသည်ဆိုတော့ အဝတ်အစားတွေလည်း ဘယ်မှာ ကြာကြာခံတော့မလဲ။ ပြီးတော့လည်း မိဖုရားသည် သစ်သစ်လွင်လွင်ကို အလွန်ကြိုက်၏။ ဟောင်းနွမ်း စုတ်ပြတ်နေသော အဝတ်အထည်များ ဝတ်ဆင်လာလျှင် အလွန်စိတ်ဆိုးသည်။ မိဖုရားရှေ့တွင် အသစ်လွင်ဆုံး၊ အတောက်ပဆုံး၊ အလှဆုံး ဝတ်ဆင်ခြယ်သ၍ လာသူ အပျိုတော်များက မျက်နှာသာရကြ၏။ သို့သော်...။

အပျိုတော်တစ်ဦးသည် မိဖုရားနှင့် ထမီဆင်တူ၊ အင်္ကျီဆင်တူ၊ မဝတ်မိစေရအောင် အထူး သတိပြုရသည်။ မိမိ ဝတ်ဆင်ထားသော အဆင်အသွေးနှင့် တူညီနေအောင် ဘယ်တော့မှ မဝတ်ဆင်ရဟု စုဖုရားလတ်က အမိန့်ထုတ်ဆင့်ထားသည်။ သည်တော့ အပျိုကလေးများသည် မိဖုရားထံ အခစားဝင်ရန် နန်းမတော်ဆောင်သို့ ဝင်လာလျှင် ယနေ့ မိဖုရားဝတ်ဆင်ထားသော ဝတ်စုံကို ဘာအဆင်လဲဟု ချောင်းမြောင်းကြည့်ရ၏။ မိမိခါးမှ ဝတ်ဆင်ထားသော ဝတ်စုံသည် မိဖုရားနှင့် အဆင်အသွေး တူနေသလား။ တူနေရင်တော့ ချက်ချင်းပြန်ပြီး လဲလိုက်ပေရော့။ အဆင်မတူမှသာ အေးအေးဆေးဆေး ခစားခွင့် ရကြတော့သည်။

အဆောင်ထဲမှာ အပျိုတော်များအဖို့ သိပ်ပြီး တာဝန်ရှိလှသည် မဟုတ်။ မိဖုရား၏ ဝေယျာဝစ္စကိုသာ အပျိုတော်များက ဆောက်ရွက်ကူညီရ၏။ အပျိုတော်များသည် နန်းတွင်း၌ မိဖုရားကို ပုံပြောပြရ၏။ စာဖတ်ပြရ၏။ တေးသီချင်းများ သီဆိုပြရသည်။ မိဖုရားက စီးကရက် ကြိုက်တတ်ပြော့ အပျိုတော်ကလေးတွေ

ကပင် စီးကရက်ကို လက်ဖြင့် လိပ်ပေးရသည်။ ပွဲကြည့်ဆောင်မှာ ပွဲကြည့်လျှင် မိဖုရားအနီးမှာ ခစားရင်း ပွဲကြည့်နိုင်ကြသည်။

တစ်ခါတစ်ရံတော့ နန်းတော်ထဲမှာ အပျော်တမ်း မဲနှိုက်ပွဲများ ကျင်းပသည်။ အိတ်ကြီးတစ်အိတ်ထဲမှာ ရွှေလက်စွပ်၊ ကျောက်သံပတ္တမြားတွေ၊ ကြက်တောင်စတွေ၊ အမှိုက်တွေကို ရောနှော၍ ထည့်ထားသည်။ အပျိုတော်တွေက ယင်းအိတ်ကြီးထဲသို့ လက်ထည့်၍ ရရာပစ္စည်းကို ဆွဲယူကြရသည်။ ကြက်တောင်စတွေ၊ အမှိုက်စတွေရသော အပျိုတော်များကိုမူ ဝိုင်းဝန်းလှောင်ပြောင်ကြသည်။

တစ်ခါတစ်ရံတော့ ငွေတော်တွေ ထည့်ထားသော ထောင်အိတ်သောင်းအိတ်ကြီးတွေကို သယ်ယူလာပြီး နန်းတော်အတွင်းရှိ တပ်မတော်သားများ၊ ခင်းမှူထမ်းများ၊ စားဖိုဆောင် အမှုထမ်းများ စသည်တို့အကြား ဘုရင်နှင့် မိဖုရားတို့က ကြဲချသည်။ ငွေဒင်္ဂါးပြားတွေကို အလုအယက် ကောက်ကြရသည်မှာ ပျော်စရာပါပဲ။ တစ်နှစ်မှာ သုံးလေးကြိမ်မျှပင် ငွေတော်ကြဲချပွဲ ပြုလုပ်၏။ သို့သော် ယင်းသို့ ငွေတော်ကြဲချရာသို့ မိဖုရား၏ အမှုထမ်းများဖြစ်ကြသူ အပျိုတော်ကလေးများက ဝင်ရောက်လုယက် မကောက်ယူကြရ။ မိဖုရား၏ အပျိုတော်များသည် မိဖုရား၏ ဂုဏ်ထူးဆောင် အမှုထမ်းများ မဟုတ်လား။ ဂုဏ်ထူးဆောင် အမှုထမ်းတို့သည် ဣန္ဒြေပျက်စေသော ပိုက်ဆံ လုကောက်သည့် အလုပ်မျိုးကို လုံးဝ လုပ်ဆောင်ခွင့် မရှိ။

ထူးဆန်းသည်ပဲ ဆိုရမလား။ မိဖုရား စုဖုရားလတ်အပေါ် ထားရှိသော သီပေါဘုရင်၏ ချစ်မေတ္တာကိုပင် အသိအမှတ်ပြုရလေမလား မသိ။ သီပေါဘုရင်မင်းတရားသည် အချိန်ရှိသရွေ့ပင် စုဖုရားလတ်နှင့်အတူ ရှိနေခြင်းပင် ဖြစ်သည်။ နေ့ညီလာခံတွေ၊ ညညီလာခံတွေ ပြီးပြီလား။ ဝန်ကြီးဝန်ငယ်တွေ ဘာများ တင်လျှောက်စရာ ရှိသေးလဲ။ တင်စရာ မရှိဘူးလား။ တင်လျှောက်စရာ မရှိပြီ ဆိုသည်နှင့် ဘုရင်မင်းတရားသည် မိဖုရားအဆောင်တော်မှာ ဖြစ်စေ၊ ဥယျာဉ်တော်မှာဖြစ်စေ အချိန်ကုန်သည်က များ၏။ စုဖုရားလတ်နှင့်အတူ ပျော်လိုက်ပါးလိုက်၊ ကစားလိုက်၊ စားလိုက်နှင့် ဘုရင်မင်းတရားမှာ တိုင်းရေးပြည်ရေး တာဝန်တွေ သိပ်ပြီးထမ်းဆောင်ရန် မရှိလေရော့သလား။

တကယ်တော့ ဘုရင်နှင့် မိဖုရားတို့အဖြစ်က ကြည်နူးစရာ ဇာတ်လမ်းကလေးတစ်ပုဒ်ပင် မဟုတ်လား။ ဘုရင်မင်းတရားသည် မိဖုရားအနားမှ မခွာသွား



နိုင်ရှာပါ။ အမြဲ တတွဲတွဲ စံစားတတ်သည်။ ငယ်ချစ်မိဖုရား မဟုတ်လား။ မိဖုရားကကောတဲ့။ သီပေါဘုရင်ကို မျက်စိအောက်က အပျောက်မခံနိုင်။ ဘုရင်မင်းတရား၏ အလိုဆန္ဒကို အမြဲဖြည့်စွမ်းပြုလုပ်နေ၏။ ဘုရင် စိတ်ဆင်းရဲမည့် ကိစ္စမျိုးကို မလုပ်လို။ တစ်ခါတစ်ရံ မိဖုရားသည် ဒေါသထွက်စရာ ကိစ္စနှင့် ကြုံနေသည် ဆိုပါစို့။ ဘုရင်မင်းတရားက ဝင်ရောက် ဖျောင်းဖျလျှင် မိဖုရားခမျာ မိမိဒေါသကို အတတ်နိုင်ဆုံး ထိန်းသိမ်းသည့် သာဓက ရှိခဲ့သည်။ ဥပမာ မိဖုရား မွေးမြူထားသော သဘော်ခွေးကလေး သေတုန်းက ဖြစ်ရပ်ကို ကြည့်ပါလား...။

မိဖုရားသည် ဘုရင်မင်းတရားနှင့် မိမိတို့ စံမြန်းသော ခန်းမဆောင်များကို မြန်မာမှုဆန်သော ပရိဘောဂများဖြင့်သာ ဆင်ယင်၏။ စားပွဲကုလားထိုင်များကို မကြိုက်။ ပြင်သစ်ပြည်မှ လက်ဆောင်ရသော စန္ဒယားကြီးကို တီးသည့်အခါ၌သာ ကုလားထိုင်မှာ မိဖုရားက ထိုင်လေ့ရှိသည်။ ကျန်အချိန်များတွင် သလွန်ညောင်စောင်းမှာဖြစ်စေ၊ အနောက်တိုင်းဖြစ် အဖိုးတန် ကော်ဇောကြီးများပေါ်တွင် ဖြစ်စေ ဘုရင်နှင့် မိဖုရားတို့ စံမြန်းတတ်၏။ နိုင်ငံခြားပစ္စည်းများထဲတွင် ကိုယ်လုံးပေါ် မှန်ကြီးများကိုသာ စုဖုရားလတ်က အမြတ်တနိုး သုံးစွဲလေသည်။ တစ်ကြိမ်တွင်တော့ သည်ကိုယ်လုံးပေါ် မှန်ကြီးများကြောင့် မိဖုရားကြီး အမြတ်နိုးဆုံး သဘော်ခွေးကလေး တစ်ကောင် သေခဲ့ရသည်။ ထိုစဉ်က ဖြစ်ရပ်မှာ ပြန်စဉ်းစား ကြည့်လျှင်ပင် အသည်းထိတ်စရာ ကောင်းလှပါဘိ။

စုဖုရားလတ် မိဖုရားသည် သဘော်ခွေးကလေး တစ်ကောင်ကို မွေးထားသည်။ ထိုစဉ်က နိုင်ငံခြားသားများ သဘော်ဖြင့် တင်ဆောင်လာသော နိုင်ငံခြားခွေးကလေးများကို လွယ်လွယ်ပင် နာမည်ပေးကြသည်။ 'သဘော်ခွေး' တဲ့။

ယခုလည်း စုဖုရား မွေးထားသော သဘော်ခွေးကလေးမှာ နားရွက်ဖားဖား မျက်လုံးပြူးပြူး။ အဖြူရောင် အမွေးရှည်ရှည်နှင့် ချစ်စရာ ကောင်းလှပါဘိ။ ပြီးတော့ ခွေးကလေးသည် အလွန်လည်း သိတတ်သည်။ လူစကားကို ပြန်မပြောရုံ တမယ်ပဲ ကျန်သည်။ သူ့ကို ပြောသမျှ အားလုံး နားလည်သည်။ မိဖုရားက လက်ခုပ်တီးလိုက်သော အခါတွင် ခွေးကလေးသည် မြေပြင်မှာ ဖင်ထိုင်၍ လက်ကလေးနှစ်ဖက် မြှောက်ခါမြှောက်ခါနှင့် ရှိခိုးပြ၏။ သည်တော့လည်း ခွေးရှင် မိဖုရားကို မပြောနှင့်အုံး။ ခွေးကလေးကို မြင်သူတိုင်းကပင် အသည်းစွဲ ချစ်မိကြပြီ။

သည်အထဲမှာ စုဖုရားလတ် မိဖုရားကတော့ အကဲဆုံးပင် ဖြစ်သည်။ မိဖုရားကြီးသည် ခွေးကလေးကို အမြဲ ပွေ့ဖက် ယုယနေတတ်ပြီး စားကောင်း သောက်ကောင်းများကိုမှ ကျွေးသည်။

တစ်နေ့တွင် မိဖုရားအချစ်တော် ခွေးကလေး ပျောက်သွား၏။ အပျိုတော်တွေ အလုပ်များကြ၏။ ဘုရင်နှင့် မိဖုရားကိုယ်တိုင်ပင် အလုပ်များရသည်။ နန်းတော်တွင်းရှိ အခန်းဆောင်တွေ အားလုံးမှာ မွှေကြ၊ နှောက်ကြ၊ ရှာကြဖွေကြရသည်။ ဟိုလူ့မေးကြည့်၊ သည်လူ့မေးကြည့်။ မိဖုရားကြီးရဲ့ ခွေးကလေးကို တွေ့ကြသလား…၊ တွေ့ကြသလား…၊ တွေ့ကြသလား။

ဘယ်သူကမှ တွေ့သည်ဟု မပြောနိုင်ကြ။ သည်တော့ မိဖုရား ဒေါသူပုန်ထပြီ။ 'ငါ့ခွေးကလေးကို ဘယ်သူခိုးသလဲ…၊ ခွေးကို ခိုးတဲ့ လူတော့ သတ်ပစ်မယ်…၊ အခု ပြန်ပေး'

အပျိုတော်များမှာ ယခုတော့ ပြေးစရာ မြေမရှိ ဖြစ်ကြရပြီ။ ဘယ်မှာပြေးပြီး ပုန်းနေရမှန်း မသိကြတော့။ မိဖုရား ဒေါသကြီးသည်ကို မမြင်ရဲကြ၊ မကြည့်ဝံ့ကြ။ သူ့အနားမှာ မနေဝံ့ကြ။ စိတ်မထင်၍ ပေးလိုက်သော ပြစ်ဒဏ်မှာ သေဒဏ်ပင် မဟုတ်လား။ သေရမှာတော့လည်း သက်ရှိလူတိုင်းက ကြောက်ကြ ရွံ့ကြပေသည်။

မိဖုရားကြီး၏ ခွေးကို ဘယ်သူကမှ ခိုးဝံ့မည် မဟုတ်ပါကြောင်း အပျိုတော်အုပ်များက အထပ်ထပ် တောင်းပန်လျှောက်ကြားကြသည်။ သို့နှင့်လည်း မိဖုရားက စိတ်မပြေ။ ဒေါသတကြီး အော်ဟစ်နေခဲ့သည်။

သို့သော် မကြာမီ အဖြေ ပေါ်လေသည်။ နန်းမဆောင်အတွင်း နေသားတကျ မရှိသော ကိုယ်လုံးပေါ် မှန်တစ်ချပ်ကို မိဖုရားအမိန့်ဖြင့် စစ်သည်တော်တို့က ရွှေ့ပေးကြရသည်။ သည်တွင်ပျောက်နေသော ခွေးကလေးကို တွေ့ရ၏။ ခွေးကလေးသည် ကိုယ်လုံးပေါ် မှန်ကြီးနှင့် နံရံအကြားမှာ လည်ပင်းညပ်ပြီး အသံပင်မထွက်နိုင်ဘဲ သေရှာရခြင်း ဖြစ်လေ၏။ ဘုရင့် စစ်သည်တော်တစ်ဦးက ခွေးသေလေးကို မိဖုရားရှေ့သို့ ယူသွားပြသည်။ အချစ်ဆုံးခွေးကလေး သေနေသည်ကို တွေ့ရသဖြင့် မိဖုရားခမျာ စိတ်မကောင်းဖြစ်ရပြီ။ မိဖုရားသည် မျက်ရည်စက်လက်နှင့် ခွေးသေကောင်ကလေးကို လှမ်းယူ၏။ ပြီးတော့ ခွေးသေကောင်ကို လက်ဖြင့် အသာအယာ ပွတ်သပ် ပေးနေရှာ၏။



သည်အဖြစ်ကို မြင်ရတော့ အပျိုတော်ကလေးများကပင် စိတ်မကောင်းဖြစ်ရ၏။ မိဖုရားကို သနားမိကြသည်။ ခုလိုခွေးသေကောင်ကလေး တွေ့တော့ အရှင်မိဖုရားစိတ်မှာ ကြေကွဲနေရှာပြီ မဟုတ်လား။ နှမြောတသ နေရှာပြီ မဟုတ်လား…

သို့သော် ဒါက တစ်ခဏလေးပါ။ မကြာမီပင် မိဖုရား၏ သဘာဝစိတ်ဓာတ် ပေါ်လာသည်၊ ခွေးသေကောင်ကို ပွေ့လျက် မိဖုရားသည် နေရာမှ ထရပ်၏။ ပြီးတော့ နှုတ်မှလည်း ခက်ထန်စွာ ပြောလိုက်သည်။

'ကြေးမုံမှန်ချပ်ကြီးကို ဒီနေရာမှာ ဘယ်သူတွေ ရွှေ့ထားသလဲ…၊ မူလပထမ ရွှေ့ထားခဲ့တဲ့ စစ်သည်တော်တွေ ဝတ္တရားပေ့ါလို့ ငါ့ခွေးကလေး သေရတယ်၊ တာဝန်မဲ့ စစ်သည်တော်တွေကို ကွပ်မျက်ဖို့ အပြစ်ပေးရမယ်'

မြတ်စွာဘုရား…'မင်းတို့စကား မိုးကြိုးသွား' တဲ့။ ရတနာပုံ နန်းတွင်းမှာတော့ 'စုဖုရားတို့စကား မိုးကြိုးသွား' ဖြစ်ပေလိမ့်မည်။ မင်းတရားကြီးထက် မိဖုရားက အာဏာပိုထက်နေသကိုး။ ထိတ်လန့်စရာ ကောင်းလှပါဘိတော့။

မိဖုရား ဒေါသပွားနေချိန်တွင် သီပေါမင်းတရားက ဝင်ဖျောင်းဖျသည်။ 'အလွန် ကြီးမား၍ လေးလံလှသော ကြေးမုံ မှန်ချပ်ကြီးတွေကို စစ်သည်တော်နှစ်ဆယ်လောက် ဝိုင်းမမှပင် ရွှေ့နိုင်လိမ့်မည် မဟုတ်လား။ ခွေးကလေး သေရခြင်းသည် သူတို့ တာဝန် ပေ့ါလျော့သည်ဟုပင် ဆိုစေဦး။ ခွေးကလေးတစ်ကောင်အတွက် လူနှစ်ဆယ်ကို သတ်ပစ်ရတော့မှာလား။ လူနှစ်ဆယ်သတ်ပြီး နောက်တစ်နေ့ကျမှ နောင်တ ရနေလိမ့်မည်။ စဉ်းစား ချင့်ချိန်စရာကို နှမတော်ချင့်ချိန်စဉ်းစားပါတော့'… ဘုရင်မင်းတရားက ထောက်ပြသည်။ ဖျောင်းဖျသည်။

သို့စဉ်လျက် မိဖုရားက စိတ်မလျှော့။ အာဂမိန်းမပါပဲ။ ဒေါသမုန်တိုင်းထန်ပြီဆိုမှဖြင့် ဖြေဆေးက အလွန်ရှားပါးသည်။ ဖြစ်သင့်သည် မဖြစ်သင့်သည် စူးစမ်းခြင်း မပြု။ ခွေးတစ်ကောင် သေရသည့်အတွက် လူနှစ်ဆယ်ကို သတ်တော့မတဲ့။ မဖြစ်သင့်တာတွေ ဖြစ်ရတော့မည်။ မကြုံဖူးတာတွေ ကြုံရတော့မည်။ မကြားဖူးတာတွေ ကြားနေရပြီ။ ဘုရင်မင်းတရားကမူ သည်အဖြစ်မျိုး မရောက်ရလေအောင် အတတ်နိုင်ဆုံး ထိန်းရန် ကြိုးစားရှာပါ၏။

မိဖုရားသည် ဒေါသတကြီးနှင့်ပင် နန်းတော်ဖက်သို့ ပြေးထွက်သွားလေ၏။ သေဒဏ်အမိန့် ထုတ်ပြန်ရန်ပင် ဖြစ်သည်။ တော်ပါသေးရဲ့ ဘုရင်မင်းတရားက

ထပ်ကြပ်မကွာ နောက်မှ လိုက်ပြီးချော့မော့နေ၏။ နောက်ဆုံးတော့ ကိုယ့်အမှားကို ကိုယ်မြင်လို့လား။ ဘုရင်မင်းတရားကပင် အချော့သန်လို့လား။ မိဖုရားသည် လူသတ်ချင်သော စိတ်ကို တစ်ပတ်နှစ်ပတ် လျှော့လိုက်လေသည်။ ဒါတောင် စိတ်က မပြေသေးပါ။ 'နောက်တစ်ခါ သည်အဖြစ်မျိုး ကြုံရလျှင် အသက်ချမ်းသာ မပေးနိုင်။ အားလုံးကို ကွပ်မျက်ရမှ ကျေနပ်မည်' တဲ့။ ကြုံးဝါး၍နေပြန်တော့သည်။ အာဂ မိဖုရားပါတည်း။

တစ်ခါတစ်ရံတော့လည်း မိဖုရား၏ အပြုအမူတို့မှာ နားလည်ရခက်သည်။ အတော် 'ကြောင်' သော၊ 'ပြောင်' သော၊ 'ခေါင်' သော အတွေးအခေါ်တို့ဖြင့် ထင်ရာမြင်ရာကို စွပ်၍ လုပ်တတ်သည်။ ဥပမာ ပြရလျှင် နန်းစဉ် အသုံးပြုလာသော 'တော်ဝင်ကာမသျှုတ္တရကျမ်း' ကို ဌာပနာတိုက်ထဲ ထည့်သွင်းဌာပနာလိုက်သည် ဆိုသော ကိစ္စကိုပဲ ကြည့်။

ရတနာပုံ ရွှေနန်းတော်မှာ ရှေးရှေးသော ဘေးလောင်းတော် ဘိုးလောင်းတော်တို့ ခေတ်ကတည်းက အစဉ်အဆက် သိမ်းဆည်း သိုမှီးထားခဲ့သော နန်းစဉ်သုံး တော်ဝင်ကာမသျှုတ္တရကျမ်းတဆူ ရှိသည်။ သည်ကျမ်းမှာ ရွှေသားအဖုံး၊ အဖိုးတန် ကျောက်မျက်ရတနာ စီ၍ ရွှေပိန်းချထားသော ပုရပိုက်တွင် စနစ်တကျ ရေးသားပြီး ကုန်းဘောင်မင်းဆက် အသွယ်သွယ်တို့သည် ကျမ်းအဆိုအတိုင်း လိုက်နာကြရသည်။ မိဖုရားများ ရွေးချယ် တင်မြှောက်ရာတွင် လည်းကောင်း၊ ရှင်ဘုရင်နှင့် မိဖုရား သွားလာဆက်ဆံရာတွင် လည်းကောင်း၊ ယင်းသို့ ဆက်ဆံရာမှ ဖြစ်ထွန်းလာသော သားတော် သမီးတော်များကို ပြုစုစောင့်ရှောက်ရာတွင် လည်းကောင်း၊ ကျမ်း၏ ညွှန်ကြားမှုအတိုင်း ကျင့်ကြံအားထုတ်ရမြဲ ဖြစ်သည်။

ဤကျမ်းအတိုင်း လိုက်နာဆောင်ရွက်ကြခြင်းဖြင့် နန်းပလ္လင်ကိုဆက်လက်စိုးစံမည့် သတ္တိဗျတ္တိနှင့် ပြည့်စုံသော အမျိုးကောင်း သားရတနာများ ပေါ်ထွန်းမည်။ ဘာသာ၊ သာသနာနှင့် နိုင်ငံတော်၏ အကျိုးစီးပွားကို လိုလားသူ မင်းကောင်းမင်းမြတ်များကို မွေးထုတ်နိုင်မည်ဟုလည်း အဆိုရှိ၏။ သည်သို့ မင်းသားချွန်၊ မင်းသားမွန်များ မွေးထုတ်မည့် သားကောင်းမိခင် မိဖုရားများ၏ ဆင်းပြင်လက္ခဏာ အပြုအမူ အပြောအဆို အနေအထိုင်များကိုပါ သည်ကျမ်းက ညွှန်ပြသည်ဟုလည်း ဆိုသည်။



မိဖုရား စုဖုရားလတ် နန်းပလ္လင်ပေါ် ရောက်လာသောအခါ နန်းစဉ်သုံး 'တော်ဝင် ကာမသျှုတ္တရကျမ်း' ကို လေ့လာဖတ်ရှုသည်။ ထို့နောက် ဘယ်လို အတွေးပေါက်သလဲ မသိ။ သည်ကျမ်းကို ရွှေနန်းတော်တွင်းမှာ မရှိသင့်ဟု ဆုံးဖြတ်သည်။ ဆုံးဖြတ်ချက်နောက်တွင် စိတ်သွားတိုင်း ကိုယ်ပါသော မိဖုရားသည် ထိုကျမ်းကို ရတနာပုံနေပြည်တော် အရှေ့ဘက် စေတီတော်တစ်ဆူ တည်ထားရာ၌ ထည့်သွင်းဌာပနာလိုက်သော ဟူ၏။

အဲဒီလိုပါပဲ။ ဘယ့်ကလောက်များ နားလည်ရ ခက်သော မိဖုရားပါတဲ့လဲ။ သည်တော်ဝင်သျှုတ္တရကျမ်းကို မလိုချင်လျှင် မီးရှို့လိုက်ရုံဖြင့် ကိစ္စပြီးနိုင်ပါ၏။ ဘယ့်နှယ်က ဘယ့်နှယ် မောင်တော်မင်းတရား တည်ထားကိုးကွယ်သည့် စေတီတော်အတွင်းမှာ ထည့်သွင်းဌာပနာလိုက်ပါလိမ့်။

ရတနာပုံရွှေနန်းရှင် သီပေါမင်း၏ တစ်ပါးတည်းသော ကေရီ စုဖုရားလတ်ကား သည်လို မိန်းမမျိုးပါပဲ။ ဒေါသစိတ်မာန်ကြီး၏။ စဉ်းစားချင့်ချိန် ဉာဏ်နည်း၏။ မိမိတစ်ဦးတည်း၏ ဆန္ဒရမ္မက်ကိုသာ အဓိက ထား၏။ အမှားအမှန်ကို ဝေဖန်နိုင်သော စိတ်ဓာတ်အင်အားက စုဖုရားမှာ မရှိ။ သို့နှင့် ရတနာပုံ နန်းတွင်းမှာ စိတ်မချမ်းမြေ့စရာ ကိစ္စတွေက အဆက်မပြတ် ဖြစ်ခဲ့ရပါပကော။

သို့သော် ဤဖြစ်ရပ်များအတွက် စုဖုရားလတ် မိဖုရားကိုသော် လည်းကောင်း၊ သီပေါမင်းတရားကိုသော် လည်းကောင်း၊ တစ်ဖက်သတ် အပြစ်ဖို့လို့ ရမလား။ အသက် ၂၀ မျှသာ ရှိသော ဘုရင်နှင့် အသက် ၁၉ နှစ်မျှသာ ရှိသေးသော မိဖုရားတို့သည် သူတို့တွင်ရှိသော အသိဉာဏ် အတိုင်းအတာအရ အရာရာကို ဆုံးဖြတ်ကြပေလိမ့်မည်။

ပြောစရာရှိသည်ကား 'မနူးမနပ်ဘုရင်' အား နန်းပေါ်ဆွဲတင်ပြီး ကကြိုးရုပ်လုပ်၍ တိုင်းပြည်ကို စိုးအုပ်ရန် ကြံခဲ့သော ဆင်ဖြူမရှင် မိဖုရားနှင့် တာဝန်ရှိဝန်ကြီးများတို့သာ ဖြစ်သည်။ တိုင်းပြည်ကို ဘယ်လို အုပ်ချုပ်မည် ဆိုသော စီမံကိန်းကြီးတွေနှင့် နိုင်ငံပြုပြင်ရေးကို ဘယ်သို့ ဆောက်ရွက်ကြမည်ဟု ကြံစည်ခဲ့ကြ၏။ သူတို့သည် ယခုတော့ ဘုရင်ကိုလည်း ဖနိုင်၊ ဘုရင့်နောက်ပါးက မိဖုရား ပေါက်စနကိုလည်း မပိုင်နှင့်၊ လက်မှိုင်ချလို့ ထိုင်နေကြပေရော့။

ဩော်...နိုင်ငံတော် ပြည်အရေး ဆိုသည်ကား **တစ်ကွက်မှားရုံနှင့်လည်း အစားခံရသည်** မဟုတ်လား။

# ၄။ ရှင်ဘုရင်နှင့် တစ်လင်တစ်မယားစနစ်

၁

ဘုရင်နှင့် မိဖုရားတို့သည် ဥယျာဉ်တော် အတွင်းမှာ ထမင်းချက်တမ်း ကစားနေချိန်၊ တူတူပုန်းတမ်း ကစားနေချိန်၊ ခွေးတစ်ကောင် သေရခြင်းကြောင့် လူနှစ်ဆယ်ကို သတ်ပစ်ရန် ကြံစည်နေချိန်မှာ နိုင်ငံတော်၏ စီးပွားရေး အခြေအနေတို့သည် ဖြူခါပြာခါ ကျလျက် ရှိလေသည်။

ဘုရင့်ဘဏ္ဍာတိုက်မှာ ရွှေသား၊ ငွေသား နည်းလာခဲ့ပြီ။ ပြည်ပနိုင်ငံတို့နှင့် စီးပွားကုန်သွယ်ရေးကလည်း တဖြည်းဖြည်းလျော့ကျနေခဲ့ပြီ။ ဘုရင်နှင့် မိဖုရားတို့ ကိုယ်တိုင်က နိုင်ငံတော်ကို စောင်းငဲ့ မကြည့်နိုင်တော့လည်း မင်းမှုထမ်း အများစုတို့သည် အကျင့်သီလ မစောင့်ထိန်းနိုင်ကြတော့။ ကိုယ်ကျိုးရှာ၊ အကျင့်ပျက် မင်းမှုထမ်းတို့သည် စီးပွားရေးနှင့် အုပ်ချုပ်ရေး လုပ်ငန်းများ အချိန်မှန် လည်ပတ်ရေးတွင် အတားအဆီးများ ဖြစ်လာကြလေသည်။ နိုင်ငံစီးပွားရေး ကျဆင်းမှုနှင့် အမှုထမ်းတို့ အကျင့်ပျက်ကြခြင်းကား အပြန်အလှန် ဆက်စပ်နေ၏။ နိုင်ငံ စီးပွားရေး ကျဆင်းမှုကြောင့် အမှုထမ်းတို့ အကျင့်ပျက်ရသည်။ အမှုထမ်းတို့ အကျင့်ပျက်ခြင်းသည်ပင် နိုင်ငံစီးပွားရေး ကျဆင်းသည်ထက် ကျဆင်းရန် အကြောင်း တစ်ချက် ဖြစ်ခဲ့ရပြန်လေသည်။



ဘဏ္ဍာတိုက်၌ ငွေကြေး တစ်စတစ်စ လျော့ပါးလာခြင်းကို ကာကွယ်ရန် ရတနာပုံ နေပြည်တော်တွင် ဘုရင့် အစိုးရက ဦးစီး၍ 'ထီ' ဖွင့်ခဲ့၏။ ထီစနစ်ကား အလွန်တရာမှ သေချာကျနသော စီးပွားရှာနည်းတစ်မျိုး ဖြစ်သည်။ ထီလက်မှတ်တွေရောင်း၊ ရသမျှ ငွေထဲမှ အခွန်အကောက် နုတ်၊ ကျန်ငွေကို၊ အောင်ဘာလေမဲ ပြန်ဖွင့်ပေးရသည်။ နုတ်ယူထားလိုက်သော ငွေမှာ ဘုရင့် အစိုးရ အတွက် ပုံသေရလိုက်သော ငွေ ဖြစ်နေလေသည်။

အစိုးရက ထီဖွင့်ရန် စီစဉ်ခြင်းကား မြန်မာတို့၏ ပင်ကိုယ်သဘာဝနှင့် အလွန်မှပင် ဟပ်မိတော့သည်။ မြန်မာတို့သည် ဗုဒ္ဓဘာသာဝင်များ မဟုတ်လား၊ သည်တော့ ကံနှင့် ကံ၏ အကြောင်းတရား အကျိုးတရားကို ယုံကြည်ကြသည်။ ယခင်ဘဝက ကောင်းတာလုပ်ခဲ့လျှင် ယခုဘ၀တွင် ကောင်းတာဖြစ်လိမ့်မည်။ ယခင်ဘဝက အလှူအတန်းပေးခဲ့လျှင် ယခုဘဝမှာ ငွေတွေ အများကြီး ရမည်။ ကံကောင်းမည်၊ စီးပွားဖြစ်လိမ့်မည်။ သည် အယူအဆသည် လူသားတို့အား အလိုရမ္မက် ကြီးစေခဲ့သည်။ လောဘအင်အား ကြီးထွားစေခဲ့သည်။ သို့နှင့်ပင် ကံယုံသော မြန်မာတို့သည် ဘုရင့်ထီရုံများမှာ ကျိုတ်ကျိတ်တိုး ထီထိုးကြသည်။

ထီကို နှစ်မျိုးခွဲ၍ ဖွင့်လှစ်ပေးသည်။ နေ့စဉ် ဖွင့်သော ထီနှင့် လစဉ်ဖွင့်သော ထီဖြစ်သည်။ နေ့စဉ်ဖွင့်သော ထီမှာ ထီတစ်စောင်မှ တစ်ပဲသာ ဖြစ်၏။ ထီလက်မှတ်တွေကို ထီကိုယ်စားလှယ်ထံမှ ဝယ်ယူထိုးနိုင်ကြသည်။ ခမည်းတော် မင်းတုန်းဘဝရှင်မင်းတရား လက်ထက်တုန်းက ကမ္ဘာကျော်ခဲ့သော ပဥ္စမသံဂါယနာ တင်ပွဲကြီး ကျင်းပခဲ့သည် မဟုတ်လား။ ထိုစဉ်က သံဂါယနာတင် အခမ်းအနား ကျင်းပရာ အဆောက်အဦကြီးကို သားတော် သီပေါဘုရင် လက်ထက်တွင် ထီရုံလုပ်ထားလေသည်။ ကောင်းလေစွ။

နေ့စဉ် ဖွင့်သော ထီမှ ပေါက်မဲ ရရှိသူသည် မိမိ ထိုးထားသော ငွေ၏ ၄၈ ဆကို ရရှိသည်။ တစ်ပဲထိုးလျှင် ၄၈ ပဲ၊ တစ်ကျပ်ထိုးလျှင် ၄၈ ကျပ်၊ ငွေ ၁၀ ကျပ် ထီထိုးလျှင် ၄၈၀ ကျပ် လျော်ပေးရသည်။ ထီထိုးသူက မိမိနာမည်နှင့် ထီဘယ်လောက်ဖိုး ထိုးမည်ကို ပြောပြီး ငွေပေးလိုက်လျှင် ထီလက်မှတ် ရောင်းသူက နံပါတ် ပါသော လက်မှတ်တစ်စောင်နှင့် ထိုးသောငွေ အရေအတွက်ကို ရေးသား၍ ပေးလိုက်သည်။

မွန်းတည့်ချိန်တွင် ထီရုံကြီး၌ ထီစတင်ဖွင့်သည်။ ဝန်ကြီးတစ်ပါးနှင့် စစ်သည်တော်များက ထီရုံတွင် တာဝန်ယူ စောင့်ကြပ်သည်။ ထီနံပါတ်ကို တစ်ဖက်က ခေါ်လိုက်ပြီး ဘောလုံး ၆၀ ထည့်ထားသော စည်ကြီးထဲမှ ပေါက်မဲများ လှည့်ထုတ်၏။ ဘောလုံး ၆၀ ထဲတွင် တစ်လုံးမှာ ရွှေချထားသည်။ တစ်ဖက်က ထီလက်မှတ် နံပါတ်ကို ရွတ်ဆိုလိုက်ပြီး ဘောလုံးထည့်သော စည်ကို အောက်ဘက် လှည့်ပေးလိုက်၏။ စည်ထဲမှ ရွှေဘောလုံး ထွက်ကျလာလျှင် အောင်ဘာလေဆု ပေါက်ပြီ။ ထီဆိုင် တစ်ဆိုင်အတွက် အောင်ဘာလေ တစ်မဲသာ ရှိ၏။

နေ့လယ် မွန်းတည့်ချိန်တွင် ထီရုံကြီးသို့ လူတွေ ဝိုင်းလာကြပြီ။ ထီပေါက်မဲကို ဖွင့်သောအခါ ထီပေါက်သူတွေမှာ တပြုံးပြုံးပေါ့။ ထီ မပေါက်သူတွေမှာ တကုန်းကုန်းနှင့် ရှာပေဦးတော့ ငွေ။ ထိုးပေဦးတော့ ထီ။ စားဝတ်နေရေးအတွက် အလုပ်လုပ်ရန် မစဉ်းစား။ သူစဉ်းစားသည်က နောက်တစ်နေ့ နေ့လယ်မှာ ထီပေါက်အောင် ဘယ်လို နံပါတ်မျိုး ရွေးထိုးရပ့်... ထိုးရပ့်။

အကြီးစားထီကို တစ်လတစ်ကြိမ် ဖွင့်၏။ တစ်ကြိမ်ဖွင့်လျှင် ငွေတော် တစ်သောင်း ဆုရသည်။ ငွေတော် တစ်သောင်းရသူကို ဝန်ကြီးတစ်ပါးက 'သူဌေးမင်း' ဆိုသည့် ရွှေစလွယ် ချီးမြှင့်၏။ သူဌေးမင်းကို ဆင်ဖြင့်တင်၍ ရတနာပုံ နေပြည်တော် အတွင်းမှာ စစ်သည်တော်တွေ ခြံရံ၍ လှည့်ပြရသည်။ လူတွေ၏ ထီပေါက်ချင်သော လောဘကို ထိုးဆွပေးသည့် နည်းကား အောင်မြင်ပါဘိ။

သို့နှင့်ပင် ထီရုံတွေမှာ နေပြည်တော်ရှိ ပြည်သူတို့ ထီထိုးကြပြန်သည်။ ရဟန်း ရှင်လူ ပြည်သူအပေါင်း လှည်းနေလှေအောင်း မြင်းဖောင်းပါမကျန် ထီရုံတွေမှာ စုဝေး၍ ထီထိုးကြ၏။ ငွေတော်တစ်သောင်းရလျှင် ဆင်ပေါ်ခုန်တက်၍ နေပြည်တော်တွင်းမှာ မျက်နှာထား တင်းတင်းနှင့် လှည့်ပြလိုက်ဦးမည်။ 'သူဌေးမင်း' ဆိုတဲ့ စလွယ်ကြီးလွယ်လို့၊ ခံ့ခံ့ထယ်ထယ် ရှိတော့မည်ပေါ့။

ထီထိုးသူ ဘုန်းကြီးတွေကလည်း သည်လို တွေးလိမ့်မည်။ မာတုဂါမကလေးတွေလည်း သည်လိုပဲ တွေးမည်သာ။ အပျိုတော်တွေ လူပျိုတော်သားတွေ မင်းမှုထမ်းတွေကလည်း သည်ဘဝမျိုးကို အားကျတမ်းတမည်သာ။ ကုန်သည်၊ လယ်လုပ်၊ စားမခုတ် ဦးကြီးတို့ကလည်း ဈေးဆိုင်ကို ပစ်၍ လုပ်ငန်းခွင်ကိုခွာ၍၊ ထွန်တုံးကိုစွန့်၍ ထီရုံကို ဝိုင်း၏။ ထီဖွင့်ချိန်ကို မျှော်သည်။ ထီပေါက်ပါစေကြောင်း



ရတနာပုံ နေပြည်တော်ရှိ မဟာမြတ်မုနိ ကိုယ်တော်မြတ်ကြီးထံမှာ ဆုမွန်တွေ တောင်းသည်။ ဗေဒင်ဆရာတွေ၊ နတ်ကတော်တွေထံမှာ ယတြာချေ နတ်ပွဲတင်ပြီး ကြိုးစားကြသည်။

ထီလက်မှတ်က လေးထောင် ငါးထောင်၊ ပေါက်မဲကတော့ တစ်ဆုတည်းပါပဲ။ ထီတစ်ဆောင် ငါးကျပ်ဆိုတော့ ထီလက်မှတ် ငါးထောင် ရောင်းရလျှင် ငွေတော်နှစ်သောင်း ငါးထောင်ရပြီ၊ ထီပေါက်သူကို ငွေတစ်သောင်းပေးလိုက်၊ ကုန်ကျစရိတ်နုတ်ပြီး ကျန်ငွေ တစ်သောင်းကျော်မှာ သွားပေဦးတော့ ဘုရင့်ဘဏ္ဍာတိုက်သို့...။

ငွေရပုံက ဟန်ကျပါ၏။ လွယ်လှပါ၏။ မပူရ မပင်ရ။ အသားတင် အမြတ်ငွေက မက်မောစရာ တစ်ပုံတစ်ပင်ကြီး ဖြစ်နေသည်။ သည်တော့လည်း ငွေလိုနေသော သီပေါဘုရင် မင်းတရားသည် အပျော်ကြီးပျော်ဖို့ ကောင်းပါ၏။ ငွေသုံးကြမ်းသော မိဖုရား စုဖုရားလတ်သည် အကျေနပ်ကြီး ကျေနပ်ဖို့ကောင်းပါ၏။ ဘုရင်အစိုးရအဖွဲ့ဝင် ဝန်ကြီးတွေအဖို့လည်း အားရဝမ်းသာစရာပဲ မဟုတ်လား။ သို့သော်...။

ထီဖွင့်ပွဲများသည် ပြိုလုလု နိုင်ငံတော်ကို ဝါးကူ၍ တွန်းဖြိုနေသလို ရှိတော့သည်။ လူတွေက ကုန်ထုတ်လုပ်ငန်းခွင်မှာ မရှိကြတော့ပြီ။ ထီပေါက်ဖို့ ဘုရားဝင်းထဲမှာ၊ ဗေဒင်ဆရာအိမ်မှာ၊ နတ်ကတော်အိမ်မှာ၊ ဆုယူဆုတောင်း။ ဗေဒင်မေး၊ နတ်မေးရင်း အချိန်ကုန်သူတွေက မနည်း။ သုံးစွဲရန်ရှိသော ငွေကလေးကို ထီထိုးလိုက်မိသဖြင့် ပါသွားပြီဖြစ်တော့ စိတ်ညစ်ညစ်နှင့် အရက်ဆိုင်မှာ မထတန်း ကဖော်မူးနေသူတွေက တစ်စုတစ်ဝေး။ လက်ဝတ်လက်စား ချွတ်ပေါင်၊ အိမ်ကိုရောင်း၊ အဝတ်အစားရောင်းပြီး ထီထိုးကြ။ မပေါက်တော့ ထမင်းငတ် ဟင်းငတ် စားစရာမရှိကြသူတွေက တစ်ပုံကြီး။ ထီလည်းမပေါက်၊ ငွေလည်းမရှိ။ အလုပ်လည်း မလုပ်ချင်တော့သဖြင့် နေပြည်တော် တစ်ခွင်လှည့်ပြီး ခိုးဆိုးတိုက်ခိုက် လုယက်နေသော လူဆိုး ဓားပြတွေကလည်း ရိုက်သတ်လို့ပင် မကုန်နိုင်အောင် များလာပြီ။

နန်းတွင်းမှာ ကြည့်အုံး။ အပျိုတော်တွေထဲက အချို့မှာ ရွှေဆိုလို့ မှုး၍ ရှူစရာ မရှိပြီ။ ပေါင်ပြီး ထီထိုးလိုက်တာ ကုန်ပါရော။ လူပျိုတော်သားတွေလည်း မခြားအတူပါပဲ။ မိဖုရားအိုတွေ၊ နန်းတွင်းအမှုထမ်းတွေမှာ ထီအစားခံရလို့

လက်ဖဝါးနှင့် ခြေဖဝါးပဲကျန်တော့သည်။ တစ်ခါဖြင့် ခက်ကြပြီ။ဘာလုပ်ကြမလဲ...။

နောက်ဆုံးတော့ ထီဖွင့်ပွဲ စတင်ကျင်းပသည်မှ သုံးနှစ်အကြာတွင် အခြေအနေကို ပြန်ထိန်းလိုက်သည်။ ထီရုံကို ပိတ်လိုက်၏။ ထီဖွင့်ခြင်းကို လုံးဝရပ်စဲလိုက်သည်။ သို့သော် လွန်ခဲ့ပြီ။ ထီဖွင့်ခြင်းကို ရပ်ဆိုင်းလိုက်သောအခါတွင် ပြည်သူတို့မှာ လက်ဖဝါးနှင့် ခြေဖဝါးသာ ကျန်တော့ပြီ။ သည်အခြေအနေရောက်မှတော့ မိုးလွန်မှ ထွန်ချသလိုပါပဲ။ သေခါနီး လူမမာကို ဆေးတိုက်ရန် ကြံနေလို့ကတော့ ရောဂါကို ဆေးတိုးနိုင်တော့မည် မဟုတ်။

ဘယ်သို့ပဲဖြစ်ဖြစ် နိုင်ငံရှိ ပြည်သူတို့ စီးပွားရေး ချွတ်ခြုံကျအောင် ဝင်နှောက်ခဲ့သော ထီဖွင့်ပွဲကို ပိတ်ပင်လိုက်ခြင်းအတွက် သာခုသုံးကြိမ် ခေါ်ကြရမည်ဖြစ်၏။ တစ်နေ့ ထီပေါက်နိုး၊ နှစ်နေ့ ထီပေါက်နိုး၊ နက်ဖြန် သူဌေးဖြစ်နိုးနိုး။ သဘက်ခါ သူဌေးဖြစ်နိုးနိုးဖြင့် ရှိသမျှ အကုန်ချွတ်၍ ပေါင်နှံကာ ထီထိုးသူတို့ ရပ်တန်းကရပ်သွားပြီ။ သည့်ထက်ပိုဆိုးသည့် အခြေအနေသို့ မရောက်လာတာကိုပဲ ဘုရင်နှင့် မိဖုရားကို ကျေးဇူးတင်ရပါသေးရဲ့။

ထီဖွင့်ပွဲကို စိတ်အဝင်စားကြီး ဝင်စားနေသော ဘုရင်နှင့် မိဖုရားတို့သည် ဘဏ္ဍာတိုက်သို့ ဝင်လာသော ငွေတွေကို ကြည့်ကာ ပီတိဖြစ်ကြမည် ကေန်ပါပဲ။ ငွေတွေ...ငွေတွေ...အလုံးလိုက်၊ အခဲလိုက် ဝင်လာသော ငွေတွေကား ဖွေးဖွေးလှုပ်နေ၏။ နိုင်ငံခြားဖြစ် အဝတ်အထည်တွေကိုမှ နှစ်သက်မြတ်နိုးသော စုဖုရားလတ် မိဖုရားအတွက် ထမီဖိုးရပါပြီ။ နိုင်ငံခြားဖြစ် ပစ္စည်းကလေးများနှင့် စည်းစိမ်ခံချင်သူ ဘုရင်မင်းတရားအတွက် ငွေတော်ကောင်းကောင်း ရသွားပြီ။ သည်အချိန်ရောက်မှတော့ ထီပွဲကို ပိတ်လိုက်ရလို့လည်း ဘုရင်နှင့် မိဖုရားအဖို့ ပူစရာ ပင်စရာ မဟုတ်တော့။

ဘုရင်နှင့် မိဖုရားတို့အဖို့ ငွေရေးကြေးရေး သုံးစွဲဖို့ ပူပင်သောက ဖြစ်စရာ မရှိတော့သော်လည်း ဘုရင်နှင့် မိဖုရားတို့ အကြားမှာ ဖြစ်ပေါ်လာသော ပြဿနာ အဖုအထုံး ကလေးတွေက သောကပွားစရာ၊ စိတ်မချမ်းသာစရာ ကလေးများ ဖြစ်နေသည်။ ဥပမာ စော်ဘွားသမီးနှင့် သီပါဘုရင်မင်းတရားတို့ ကိစ္စမျိုး။

ဘုရင်မင်းတရားထံသို့ လက်အောက်ခံ နယ်စားပယ်စားတို့ထံမှ သမီးတော်ဆက်သည့် ဓလေ့ထုံးစံများ ရှိခဲ့မြဲ ဖြစ်သည်။ ယင်းသမီးတော်များကို တိုင်းပြည်



အုပ်ချုပ် မင်းလုပ်သူ ဘုရင်မင်းတရားက မြတ်နိုးလွန်းလျှင်လည်း မြတ်နိုးသည့်အလျောက် ကိုယ်လုပ်တော်၊ မိဖုရားငယ်၊ အဆောင်ရမိဖုရား၊ နန်းရ မိဖုရား စသည်ဖြင့် ခန့်ထားရ၏။ စုဖုရားလတ်ခေတ်တွင်တော့ ဘုရင်မင်းတရားသည် သည့်သို့ အစီအစဉ်မျိုး ထားရှိလုပ်ဆောင်ပိုင်ခွင့် မရှိပြီ။ ဘုရင်သည် စုဖုရားလတ်မိဖုရားမှ တစ်ပါး တခြား မည်သည့် မိန်းမနှင့်မှ ဆက်ဆံခွင့် မရှိ။ ကိုယ်လုပ်တော်ယားခွင့်လည်း အလျဉ်းမရှိ။ မိဖုရား အပို မထားရ။ ဤသို့ စုဖုရားလတ်က အမိန့်တော် ပြန်ထားလေသည်။

တစ်ညတွင် စုဖုရားလတ် မိဖုရား၏ အပျိုတော်ကလေး တစ်ဦးသည် မိဖုရား၏ အဆောင်ထဲမှာ အိပ်ပျော်သွားမိသည်။ သူ့ကို အခြားအပျိုတော်တွေက ဝိုင်းနှိုး၏။ စုဖုရားလတ် မိဖုရားကြီးကိုယ်တိုင်ကပင် သည်အပျိုတော်ကလေးနှင့် ဝင်တိုး၍ အဆောင်ပြန်သွားရန် အော်လွှတ်လိုက်ရသည်။

သည်တွင် အပျိုတော်ကလေးသည် နန်းမဆောင်များကို ဖြတ်ဘာန်း၍ အပျိုဆောင်သို့ ပြန်လာ၏။ လမ်းတွင် အခန်းခန်း ၊ ၁ဆောင်ဆောင်ကို ကျော်ဖြတ်သွားရ၏။ အဆောင်တစ်ခုတွင် မီးလင်းနေသည်။ ယောကျ်ားတစ်ဦးနှင့် အမျိုးသမီး တစ်ဦး၏ ရုပ်သွင်ကို အပျိုတော်ကလေးက တွေ့ရသည်။ အခန်းထဲမှ ယောကျ်ားသည် အခန်းအပြင်သို့ ရုတ်တရက် ထွက်လာ၏။

သည်ယောကျ်ား မျက်နှာကို မမြင်ရ။ မိမိကို ငေါက်ငမ်းနေတော့မှပဲ မော်ကြည့်လိုက်မိသည်။ ဘုရား ဘုရား ဘုရင်မင်းတရားကြီးပါလား။ သည်အခန်းဆောင်ထဲမှာ ဘုရင်မင်းတရားကြီးသည် ဘယ်သူနှင့် ဘာကိစ္စတွေ ဆောင်ရွက်နေပါလိမ့်။

ဘုရင်မင်းတရားက အပျိုတော်ကလေး၏ နားရွက်ကို လိမ်ဆွဲ၍ အရေးတကြီး မေးနေ၏။ သည်နေရာကို ဘယ်သူက လွှတ်လို့ လာတာလဲ။ မိဖုရားကြီးက လာအကြည့်ခိုင်းတာလား၊ ဘာဖြစ်လို့ တစ်ယောက် ဲဲ ရောက်လာတာလဲ။

သည်တော့ အပျိုတော်ကလေးက အဖြစ်မှန်ကို လျှောက်တင်ရလေသည်။ မိမိလာခဲ့သည်မှာ မိဖုရားကြီး စေခိုင်း၍ မဟုတ်ပါ။ အပျိုတော်ဆောင်သို့ ပြန်လာခဲ့ခြင်း အမှန်ဖြစ်ကြောင်းပါ။

ထိုနေ့ညက မြင်ကွင်းသည် မေ့ထား၍ မရသော မြင်ကွင်းပင် ဖြစ်သည်။ ဘုရင်မင်းတရားသည် အခြားတစ်ပါးသော မိန်းမတစ်ယောက်နှင့် အခန်းထဲမှာ

အတူရှိနေခြင်းကတော့ ငြင်းကွယ်၍မရသော ကိစ္စပါပဲ။ သို့သော် ဘယ်သူနှင့်လဲ၊ ဘယ်က မိန်းမလဲဆိုတာကို အပျိုတော်ကလေး မသိ၊ သည်အကြောင်းကိုလည်း ဘယ်သူ့ကိုမှ မပြောဝံ့။

သို့သော် ရက်များမကြာမီ အဖြေပေါ်လာသည်။ ဘုရင်မင်းတရားနှင့် စော်ဘွားသမီးတော်တို့ ပြဿနာ ဖြစ်သည်။ စော်ဘွားသမီးတော်ကို မိဖုရားကြီး၏ အပျိုတော်အဖြစ် ခန့်ထား၏။ ယင်းအပျိုတော်ကလေးသည် ဘုရင် မင်းတရားနှင့် ငြိစွန်းမိလေသည်။ ကုန်းဘောင်နန်းရိုးစဉ်လာအရ ဆိုလျှင်တော့ ရှင်ဘုရင်သည် အပျိုတော်တွေထဲမှ မိမိနှစ်သက်သဘောကျသူကို ကိုယ်လုပ်တော်အဖြစ် အသိအမှတ်ပြုပြီး ပျော်ပါးစံစားနိုင်သည်ပေ့ါ။ ယခု စုဖုရားလတ် မိဖုရား၏ လက်ထက်တွင်တော့ ဒါတွေ မရှိတော့ပြီ။ ရှင်ဘုရင်သည် မိဖုရား တစ်ပါးမှ လွဲ၍ အခြားတစ်ပါးသော မိန်းမများနှင့် ဆက်ဆံရန် အခွင့်မရှိ။

သည်အခြေအနေတွင် ဘုရင်မင်းတရားသည် အပျိုတော်ကလေးနှင့် ငြိစွန်းသော အဖြစ်ကို သိရတော့ စုဖုရားလတ်မိဖုရားသည် ယမ်းပုံမီးကျ ဒေါသထွက်ရပြီ။ ဒါမျိုးကိုတော့ စုဖုရားလတ်တို့က ဘယ်လိုလုပ်ပြီး သည်းခံနိုင်မှာလဲ။ စုဖုရား အကြောင်းကိုများ မကြားဖူးကြပြီ ထင်ပါရဲ့။

စော်ဘွားသမီးငယ်ကို သေဒဏ်အပြစ်ပေးလိုက်ရန် မိဖုရားက ဆုံးဖြတ်သည်။ သို့သော် ဤကိစ္စတွင် ဘုရင်မင်းတရားက ဝင်ရပ်သည်။ သည် အကြောင်းကလေးနှင့် သေဒဏ်ပေးလို့ ဖြစ်မှာတဲ့လား၊ အရပ်ရပ်နေပြည်တော်မှာ ကြားလို့မှ မလျော်သည့်အခင်းပါကလား။ ဘုရင်မင်းတရားသည် မိဖုရားကို ဥယျာဉ်တော်အတွင်းရှိ ရေတံခွန်အနီးသို့ ခေါ်သွား၏။ နှစ်ကိုယ်ကြား ဖျောင်းဖျသည်။ ပထမတော့ မိဖုရားက အကြောက်အကန် ငြင်းသည်။ မှတ်လောက်သားလောက်ဖြစ်အောင် ဆုံးမရမည်။ စုဖုရား၏ တစ်ဦးတည်းပိုင် ဘုရင်ကို သူ့ဘဏ္ဍာမှတ်လို့ ဝင်ခိုးသူ မဟုတ်လား။ မှတ်သားလောက်အောင် ဆုံးမပေးမှတော်တော့မည်။

သို့သော် နန်းတော်ထဲမှာ သည်လိုကိစ္စမျိုးက သည်တစ်ကြိမ်တည်းသာ ဖြစ်ခဲ့သည် မဟုတ်လား။ မိဖုရားက တစ်ပတ်လျှော့သည့် သီပေါမင်းတရားနှင့် ချစ်မေတ္တာ ကူးယှက်ခဲ့သူ အပျိုတော်လေးကို ဥယျာဉ်တော်သို့ ခေါ်ထုတ်နိုင်းလိုက်၏။ ပြီးတော့ အပျိုတော်တွေ၊ စစ်သည်တော်တွေ၊ နန်းတွင်း အမှုထမ်းတွေ



အလယ်မှာ စုဖုရားက အပျိုတော်လေး၏ ပါးကို သုံးလေးချက် ဆင့်ကာဆင့်ကာ ရိုက်သည်။ မိန်းကလေး အရှက်ရ သွားအောင် သည်လို ဆုံးမ၏။ ထို့နောက် နန်းတော် တံခါးမှနေ၍ ရိုက်ပုတ်ကာ နှင်ထုတ်လိုက်လေသည်။

သည့်လိုအဖြစ်မျိုးတွင် သီပေါဘုရင်မင်းတရားက ငုတ်တုတ်ပင် ကြည့်နေလိုက်ရသည် မဟုတ်လား။ စုဖုရားတို့များတော့ ဘုရင်ကိုနိုင်ထား လိုက်သည်မှာ ပြားပြားကို ဝပ်လို့။ မင်းတရားသည် မိဖုရား၏ ဩဇာ အရှိန်အဝါကို မပယ်ဝံ့ဘူး ဆိုတာ ဟုတ်မှာပေ့ါ။

ထိုနေ့မှစ၍ မိဖုရားကြီးသည် ရက်အတန်ကြာမျှ စိတ်ကောက်နေသည်။ ဘုရင်မင်းတရားကို စကားမပြော၊ အပျိုတော်တွေနှင့် ဆက်ဆံရာမှာပင် ငေါက်လိုက် ငမ်းလိုက်ဖြင့် စိတ်နှင့် အခန့်မသင့်နိုင်။ မိဖုရားမျက်နှာမှာ မကျေမနပ်ဖြစ်နေဟန်ထက် ကြေကွဲဝမ်းနည်း နေသည့်ဟန်က ပိုသည်။ ငယ်ချစ်မင်းတရားသည် မိမိအပေါ် အချစ်ပေ့ါသွားပြီဟု ထင်ပြီး မိဖုရားခမျာ ဝမ်းနည်း၍မဆုံး ဖြစ်နေရှာသလား။ 'ရှင်ဘုရင်လည်း တစ်လင် တစ်မယားစနစ်' လိုက်နာရေး ကိစ္စတွင် စည်းဖောက်သူ မောင်ဘုရားအတွက် မထွေးနိုင် မအန်နိုင် ဖြစ်လေသလား...၊ သည်အရေးကိစ္စမျိုး နောက်ဖြစ်လာဦးမှာ စိုးရိမ်ကဲ၍ စိတ်ထဲမှာ မချမ်းမမြေ့ ဖြစ်နေရှာသလား။

## ၂

သည်အတွင်းမှာ စုဖုရားလတ် မိဖုရား စိတ်နှင့် အခန့်မသင့်စရာ ကိစ္စတစ်ရပ်က ပေါ်လာပြန်သည်။ ဘုရင်မင်းတရား၏ ရာဇဘိသိက် ခံယူပွဲကျင်းပရေး ဖြစ်သည်။ နန်းတက်စ အချိန်တုန်းကတော့ သည်ကိစ္စ ပေါ်လာသည်နှင့် စုဖုရားလတ် မိဖုရားက ခါးခါးသီးသီး ငြင်းခဲ့ပြီးသည်ကို သတိရကြဦးမည် ထင်၏။

ရာဇာဘိသိက် ခံယူတော့မည် ဆိုသည်နှင့် စုဖုရားလတ်၏ အစ်မတော် စုဖုရားကြီး အခန်းကဏ္ဍက ပါလာပြီ၊ ဘိသိက်ခံယူပွဲတွင် စုဖုရားကြီးကသာလျှင် ဘုရင်နှင့်အတူ နန်းပလ္လင်မှာ စံစားခွင့်ရတော့မည် ဖြစ်၏။ သည်လိုပုံနှင့် စုဖုရားလတ်က ဘယ်လိုလုပ်ပြီး သဘောတူနိုင်မည်လဲ။ မိမိ၏ လင်တော်မောင်ဘုရားကို

နန်းပလ္လင်မှာ အစ်မတော်ဘုရားနှင့် ယှဉ်တွဲနေတာ ဘယ်လိုလုပ် **ကြည့်ရက်ပါ** မည်လဲ။

သို့နှင့်ပင် ဘိသိက်ခံယူရေး ကိစ္စကို ရက်၊ လ၊ နှစ်တွေ **ကြာအောင်** ရွှေ့ဆိုင်းထားခဲ့ကြသည်။ ယခုတော့ သည်ကိစ္စကို မဖြစ်မနေ ဆောင်ရွက်ကြတော့မည်။ ဆင်ဖြူမရှင် မိဖုရားကြီးသည် သမီးတော် စုဖုရားလတ်ကို တွေ့ဆုံ၍ နန်းရိုးစဉ်လာကို ထိန်းသိမ်းရန် ဖျောင်းဖျသည်။ 'ယခုအခါတွင် နယ်ချဲ့ ကုလားဖြူတွေက အထက်မြန်မာပြည်ကို အန္တရာယ်ပြုဖို့ ချိန်နေသည်။ ညောင်ရမ်းစားကလည်း မကြာခဏဆိုသလို နယ်စပ်မှာ ဒုက္ခပေးနေ၏။ လာတိုက်လိုက် ရှောင်သွားလိုက်နှင့်။ ပြီးတော့ အပြည်ပြည်နှင့် ဆက်ဆံရေးမှာ ဘိသိက်ခံ ဘုရင်မှသာ တစ်ရာ့တစ်ပါးသော ထီးဆောင်းမင်းတို့က လေးစားကြပေတော့မည်။ ထို့ကြောင့် ထို့ကြောင့် ဘိသိက်ခံပွဲကို မဖြစ်မနေ ဆောင်ရွက်ကြရအောင်'။

ကင်းဝန်မင်းကြီးနှင့် တိုင်တားမင်းကြီးတို့ကလည်း စုဖုရားလတ်ထံ ဝင်ကြသည်။ သည်အကြောင်းများကိုပင် တင်သည်။ ဘိသိက်ခံပွဲကျင်းပတော့မည်ဆိုပါက စုဖုရားကြီးကိုပင် မိဖုရားခေါင်ကြီး တင်ရတော့မည်။ မလွဲမသွေ ဆောင်ရွက်ရမည့် ကိစ္စက ဒါပဲ။ မိဖုရားခေါင်ကြီးသည် ဘုရင်မင်းတရားနှင့်အတူ ဘမရာသနပလ္လင်ထက်မှာ စံ၍ တိုင်းပြည်အတွက် တာဝန်ကို မယိမ်းမယိုင် ထမ်းဆောင်ပါမည်ဟု ကတိသစ္စာ ပြုရလိမ့်မည်။

နောက်ဆုံးတော့ အခြေအနေ အရပ်ရပ်ကို ဆင်ခြင်ပြီးလျှင် ဘုရင်မင်းမြတ်၏ ရာဇဘိသိက် မင်္ဂလာပွဲကို ကျင်းပရန် စုဖုရားလတ်က သဘောတူရပြီ။ နန်းပလ္လင်ပေါ်မှာသာ အစ်မတော် စုဖုရားကြီးဟာ မောင်တော်နှင့်အတူ တွဲထိုင်ခွင့်ရမှာပဲ။ ဘိသိက်ပွဲပြီးလျှင် အစ်မတော်ကို သူ့အဆောင်ပြန်ပို့လိုက်မည်။ နန်းတော်ထဲမှာ မိဖုရားခေါင်ကြီးအဖြစ် နာရီပိုင်းသာ စံခွင့်ပြုမည်။ ကျန်တဲ့ အချိန်မှာတော့ မောင်တော်မင်းတရားတွင် မိဖုရားတစ်ပါးသာ ရှိရမည်။ သည် မိဖုရားက နှမတော် စုဖုရားလတ်။

သည်သို့သော ကတိကဝတ်များကို ရယူကာ မိဖုရားသည် ဘုရင်မင်းတရားနှင့် စုဖုရားကြီးတို့၏ ရာဇဘိသိက် မင်္ဂလာအခမ်းအနား ကျင်းပရန် ခေါင်းငြိတ်ခဲ့ရသည်။ ၁၈၈၀ ပြည့်နှစ် အောက်တိုဘာလတွင် သီပေါဘုရင်မင်းတရားနှင့် စုဖုရားကြီးတို့ လက်ထပ်ထိမ်းမြားခြင်း မင်္ဂလာပွဲကို စည်ကားစွာ ကျင်းပမည်။



လက်ထပ်ပွဲနှင့် ဘိသိက်ခံယူပွဲကို တစ်ချိန်တည်းကျင်းပမည်။ စည်ကားလိုက်သည့် ပရိသတ်၊ ခံ့ညားလိုက်သည့် အခမ်းအနား၊ ပျော်စရာကောင်းလိုက်ပါတဲ့ ဘိသိက်ခံယူပွဲ။ နန်းတွင်း ဆိုင်းအဖွဲ့များက ဘုန်းတော်ဘွဲ့များစွာကို မြိုင်မြိုင်ဆိုင်ဆိုင် တီးကြ ခတ်ကြနှင့် ရှိလိမ့်မည်။

ရာဇဘိသေက မင်္ဂလာပွဲကား တိုင်းပြည်အုပ်ချုပ် မင်းလုပ်သော ရှင်ဘုရင်တစ်ပါးအဖို့ မလွဲမသွေ ကျင်းပရမည့် ပွဲဖြစ်သည်။ ဘိသိက်ပွဲကိုမှ မကျင်းပရသေးလျှင် ရှင်ဘုရင်သည် 'မည်ကာမတ္တရှင်ဘုရင်' သာ ဖြစ်နေပေတော့မည်။ နန်းပလ္လင်ပေါ်မှာ ကြွားကြွားဝါဝါ ထိုင်နေလို့သာ ရှင်ဘုရင်ဟု သိလိုက်ရမည်။ ဘယ်တုန်းက ဘိသိက်ခံခဲ့တာလဲ။ ကြားပဲ မကြားလိုက်ရပါလား။ သည်သို့ မေးလာကြလိမ့်မည်။ စစ်ကြောလာကြလိမ့်မည်။ လက်အောက်ခံ တစ်ရာ့တစ်ပါးသော မင်းတွေက (တကယ်ရှိတာ မရှိတာ အပထား) မကြည်မသို **ဖြစ်လာနိုင်သည်။** သည်တော့...။

ရာဇဘိသေက မင်္ဂလာပွဲကို သီပေါဘုရင် မင်းတရားသည် မုချမသွေ ကျင်းပရတော့သည်။ သည်လို ကျင်းပရတော့မည်ဆိုလျှင် ဆင်ဖြူမရှင် မိဖုရား၏ သမီးတော်ကြီး စုဖုရားကြီး၏ အခန်းကဏ္ဍက မပါလျှင် မပြီးတော့။ ဘုရင်မင်းမြတ်၏ တောင်ညာစံ ဒေဝီ မိဖုရားခေါင်ကြီးမှာ စုဖုရားကြီးပင် ဖြစ်ပေတော့မည်။ မင်းပရိသတ် ဗိုလ်ပုံအလယ်တွင် နန်းမတော် မိဖုရားကြီးအဖြစ် ကတိသစ္စာဆိုရပေတော့မည်။ ထိုအခါတွင် ဆင်ဖြူမရှင် မိဖုရား၏ ဒုတိယသမီးတော် စုဖုရားလတ်အဖို့ ဒုတိယအဆင့်မျှသာ ဖြစ်သော အလယ်နန်း မိဖုရား အဖြစ်နှင့်သာ ကျေနပ်ရတော့မည် မဟုတ်လား။

ခရစ်နှစ် ၁၈၈၀ ပြည့်နှစ် အောက်တိုဘာလတွင် ရာဇဘိသေက မင်္ဂလာပွဲကို ခမ်းနားကြီးကျယ်စွာ ကျင်းပ၏။ ဘိသိက်ခံပွဲနှင့် တစ်ပါတည်းပင် စုဖုရားကြီးကို မိဖုရားခေါင်ကြီးအဖြစ် ကြေညာမည်။ ပြည်သူပြည်သားတို့ အပေါ် မင်းကျင့်တရား ဆယ်ပါးနှင့် အညီ အုပ်စိုးမည်ဟု ဘုရင်မင်းတရားနှင့် မိဖုရားခေါင်ကြီးတို့က ကတိသစ္စာ ပြုကြမည်။ ပြီးတော့ စုဖုရားလတ်ကိုလည်း အလယ်နန်း မိဖုရားအဖြစ် တစ်ပါတည်း တင်မြှောက် ကြေညာမည် ဖြစ်၏။

ဘိသိက်ပွဲနေ့ နံနက်က တစ်နန်းလုံး စည်စည်ကားကားရှိလှ၏။ အရှေ့တက် ရောင်နီလာချိန်၌ ရဟန်းသံဃာတော်များအား ဆွမ်းခဲဘွယ် ဘောဇဉ်တို့ဖြင့်

ကပ်လှူသည်။ ပြီးတော့ ပရိက္ခရာ ရှစ်ပါး အပါအဝင် လှူဘွယ် ပစ္စည်းများကို ရဟန်းတော်များအား ဘုရင်နှင့် မိဖုရားခေါင်ကြီးတို့က ကပ်လှူလေသည်။

ထိုနေ့က ဘိသိက်ခံ မင်္ဂလာပွဲကျင်းပရန် နန်းပြာသာဒ် သုံးဆောင်ကို သီးသန့် ဆောက်လုပ်ပေးရသည်။ ပထမ ပြာသာဒ်ဆောင်တွင် ဘုရင်နှင့် မိဖုရားတို့ ရေမိုးချိုး ကိုယ်လက်သန့်စင်ရန်နှင့် ခေါင်းဆေးမင်္ဂလာပြုရန်။ ဒုတိယ ပြာသာဒ်ဆောင်တွင် ဘိသိက်ပွဲတက် ဝတ်လဲတော်များကို ဘုရင်နှင့် မိဖုရားတို့ ဝတ်ဆင်လဲလှယ်ကြရန်ဖြစ်သည်။ တတိယ ပြာသာဒ်ဆောင်မှာမူ ဘိသိက်ခံ ဘမရာသနပလ္လင်ခန်းမဆောင်သို့ မဝင်မီ ဘုရင်နှင့် မိဖုရား စံမြန်းနေထိုင်ရန် ဖြစ်သည်။

ပထမ ပြာသာဒ်ဆောင်၌ အမွှေးနံ့သာတို့ဖြင့် စီရင်ထားသော ရွှေရေအိုးများနှင့် ရွှေဖလားများက အဆင့်သင့်။ ချိုးရေမှာ တွင်းရေ၊ ချောင်းရေ၊ ကျုံးရေ၊ စမ်းရေ၊ မြစ်ရေ စသည့် ရေစင်ငါးမျိုး ဖြစ်သည်။ အနီရောင်ဆေးများဖြင့် ခြယ်သ ထားသော ယွန်းရုပ်ခံ စင်ပေါ်ရှိ ရွှေရေအိုးများကို အနီရောင် ပိတ်စများဖြင့် ဖုံးအုပ်ထားသည်။

ပြင်သစ်လုပ် ဆပ်ပြာမွှေးများ၊ မြန်မာ့ရိုးရာ တရော်ကင်မွန်းနှင့် စပ်ထားသော ခေါင်းလျှော်ရေများ၊ မျက်နှာသုပ်ပုဝါများကလည်း သူ့ကဏ္ဍနှင့်သူ အသင့်။

ဘိသိက်ခံမည့် နံနက်ပိုင်း တစ်ချိန်လုံး နန်းတော်တွင်း၌ စည်ကားစွာ လှုပ်ရှား သွားလာနေကြသည်။ အဝတ်သစ်များကို တောက်တောက်ပြောင်ပြောင် ဝတ်ဆင်ထားသော နန်းတော် အမှုထမ်း လူပျိုတော်သားတွေ၊ အပျိုတော်တွေ၊ ဝန်ကြီး၊ ဝန်ငယ်၊ မှူးကြီး မတ်ကြီး၊ မှူးငယ် မတ်ငယ်တို့သည် မိမိတို့ သက်ဆိုင်ရာ နေရာ အသီးသီးတွင် နေရာယူကြသည်။ ဆိုင်းတော် မဟာသည် ဗုံ၊ စည်၊ နှဲ၊ ပွတ်သာ၊ မောင်း၊ ဒုံမင်းတို့ကို တီးမှုတ်လျက် ဘုရင့် ဘိသိက်ပွဲတော်တွင် ညှို့ခံလျက် ရှိ၏။

နေမွန်းတည့် ၁၂ နာရီအချိန်တွင် သီပေါဘုရင်မင်းတရားသည် စုဖုရားကြီးနှင့် စုဖုရားလတ် မိဖုရား နှစ်ပါးကို ဝဲယာ လက်တွဲ၍ ဘမရာသန ပလ္လင်ခန်းမဆောင်သို့ ကြွလှမ်း ဝင်ရောက်လာ၏။ ဘုရင့် မျက်နှာမှာ တည်ငြိမ်လှသည်။ ယခုအခါတွင် မိမိသည် မြန်မာနိုင်ငံ တစ်ခြမ်းကို သိမ်းမြန်း စိုးအုပ်နေသော ဘုရင်မင်းတရားဖြစ်ကြောင်း သီပေါဘုရင် တွေးချင်လည်း တွေးနေမည်။ အင်္ဂလိပ်



တို့ မသိမ်းဘဲ ထားသဖြင့် ကျန်နေသေးသော နိုင်ငံတစ်ခြမ်းကိုသာ အုပ်စိုးနေသော သီပေါဘုရင်ပါပဲ။ သို့သော် ယခုအချိန်အခါတွင်တော့ ဘုရင်မင်းတရား၏ ဟန်မှာ တစ်ရာ့တစ်ပါးသော ထီးဆောင်းမင်းတို့အပေါ် စိုးအုပ်နေသော ကေရာဇ် မင်းကြီး၏ ဟန်က တစ်ပြားသားမှ မလျော့။ တည်ငြိမ် ခန့်ညားစွာဖြင့် လှမ်းကြွလာခြင်း ဖြစ်လေသည်။

စုဖုရားလတ် မိဖုရားသည် မိမိကိုယ်ကို အထူးမွမ်းမံ ခြယ်သထား၏။ နက်မှောင်၍ တောက်ပြောင်လျက်ရှိသော ဆံထုံး၊ ဝင်းလက် ရွှန်းမြသော မျက်လုံး၊ ရတနာ ကိုးပါး စီခြယ်ထားသော လက်ဝတ်တန်ဆာတို့သည် ချောမောပြေပြစ်သော မိဖုရား၏ အလှကို တန်ဆာဆင်ပေးထားသည်။ နှုလိုက်တဲ့ စုဖုရား၊ လှလိုက်တဲ့ စုဖုရား၊ ချောလိုက်တဲ့ စုဖုရား။ သည် အချောအလှများ ပိုင်ရှင် မိဖုရားသည် နန်းပလ္လင်ပေါ်မှာ စိတ်ချလက်ချ ထိုင်ခွင့်ရဖို့ မင်းညီ မင်းသားများနှင့် အနွယ်တော် ရှစ်ဆယ်ကို ရက်ရက်စက်စက် သုတ်သင်ခိုင်းခဲ့သူ ဟုတ်မှ ဟုတ်ပါ့မလား။

စုဖုရားလတ်နှင့် ယှဉ်သော် အစ်မတော် စုဖုရားကြီး၏ အပြင်အဆင်မှာ နောက်တွင် ကျန်ခဲ့ပြီ။ အသက်ကလည်း စုဖုရားလတ်ထက် ကြီးသည် မဟုတ်လား။ ပြီးတော့ အပြင်အဆင်မှာလည်း စုဖုရားလတ်ကိုတော့ မပြိုင်နိုင်တာ အမှန်ပါပဲ။ သို့သော် ရတနာ ကိုးပါး စီခြယ်သော မိဖုရားခေါင်ကြီး 'စည်းပုံ' ကို ဆောင်းထားသော စုဖုရားကြီးမှာ ခန့်ညားလှပနေသည်ကိုတော့ ငြင်း၍ မရ။

သီပေါဘုရင် မင်းတရားသည် အထက်သို့ ပုံကြွတော့မည်ဟန်၊ ဝင်းလက် တောက်ပနေသော မကိုဋ်တော်ကို ဆောင်းထားသည်။ ကိုယ်တွင် မင်းမြောက် တန်ဆာ ငါးပါးကို စုံလင်စွာ ဆင်ယင်ထား၏။ ဘုရင်မင်းမြတ် တစ်ကိုယ်လုံးမှာလည်း တောက်ပြောင် ဝင်းပနေသော ရတနာများကို သွယ်တန်း စီခြယ်ထားပေသည်။

ရာဇဘိသိက် မင်္ဂလာပွဲကြီးတွင် တာဝန်ရှိသူ ပုဏ္ဏားတော်များက ဂါထာ မန္တရားများ ရွတ်ကြ ဖတ်ကြသည်။ ဘုရင်မင်းတရားနှင့် မိဖုရားခေါင်ကြီးတို့က တိုင်းပြည်ကို မင်းကျင့်တရား ဆယ်ပါးနှင့် အညီ အုပ်စိုးမည်ဟု သစ္စာကတိပြုကြသည်။ ဝန်ကြီး၊ ဝန်ငယ်၊ ဝန်ရွှယ်၊ ဝန်လတ်တို့က ဘုရင့် ဂုဏ်တော် ဘုန်းတော် ကံတော် ကြီးမြတ်ပုံကို လျှောက်တင်ကြသည်။ စည်စည်ကားကားပင်

ကျင်းပပြီးစီးသွားသော ဘိသိက်မင်္ဂလာပွဲ ဖြစ်၏။ ညနေပိုင်းတွင်တော့ ဘုရင်နှင့် မိဖုရားကြီးတို့ ရှုစားတော်မူရန် အထူးကပြ ဧည့်ခံသော ပွဲသဘင်များ ရှိသည်။

စုဖုရားလတ် မိဖုရားသည် အဆောင်တော်သို့ ခပ်စောစောပင် ပြန်လာခဲ့သည်။ လူတွေကများ၊ နားကဆူ၊ မျက်စိကနောက်နှင့် မပျော်လို့ ထင်ပါရဲ့၊ ပြီးတော့ စိတ်ထဲမှာ သိပ်ပြီးတော့လည်း ကြည်ကြည်ရွှင်ရွှင် မရှိ။ မောင်တော် ဘုရင်မင်းတရားကို အစ်မတော် စုဖုရားကြီးလည်း ပိုင်ဆိုင်ခွင့် ရှိကြောင်း တရားဝင် ကြေညာသော သည်ပွဲမှာ ကြာကြာ မနေလိုပြီ။

သီပေါဘုရင် မင်းတရားသည် ပွဲသဘင်တွင် မိဖုရားခေါင်ကြီး စုဖုရားကြီးနှင့်အတူ ခေတ္တတော့ ကြည့်နေသေးသည်။ သို့သော် သိပ်မကြာ၊ ဘုရင် မင်းတရားသည် အဆောင်တော်သို့ ခပ်သုတ်သုတ် ပြန်လည် ကြွလှမ်းခဲ့၏။ ပွဲကြည့်ရတာလည်း စိတ်မပါ၊ စုဖုရားကြီး အနားမှာ ထိုင်နေရတာလည်း မကြည်နူး၊ နှမတော် စုဖုရားလတ် တစ်ယောက် ခပ်စောစော ပြန်ကြွသွားတာကို ဘုရင်မင်းတရား သိလိုက်၏။ သည်တော့ စိတ်ထက်သော နှမတော်ကို အချော့တော် ဝင်ဖို့လိုပေဦးမည် မဟုတ်လား။

ထိုနေ့ညက စုဖုရားကြီးသည် မိမိအတွက် သတ်မှတ်ထားသော မိဖုရားခေါင်ကြီး အဆောင်တော်တွင် တစ်ကိုယ်တည်း စက်တော်ခေါ်ရရှာလေသည်။ ပူပူနွေးနွေးပင် ဘိသိက်သွန်းလောင်း လက်ထပ်ခဲ့သော မောင်တော် ဘုရင်မင်းတရားက ဘယ်မှာလဲ။ မိဖုရားခေါင်ကြီး၏ အဆောင်တော်သို့ ထိုနေ့ညက ဘုရင်မင်းတရား ကြွလှမ်း မလာခဲ့ချေ။ စုဖုရားကြီး အဆောင်တော်သို့ ဘုရင်မင်းတရားကြီး ကြွလာရန်မှာ ညီမတော် စုဖုရားလတ်ကလည်း သဘောတူ ခွင့်ပြုခြင်း မရှိဘူး မဟုတ်လား။

စုဖုရားလတ် အောင်ပွဲ ရပါ၏။ ကုန်းဘောင်မင်း အဆက်ဆက်တွင် ဘိသိက်သွန်း၍ လက်ထပ် မင်္ဂလာ ပြုခဲ့သော မိဖုရားခေါင်ကြီးနှင့် ပေါင်းဖက်ပျော်စံခြင်း မပြုရသော ဘုရင်ဆို၍ သီပေါဘုရင် တစ်ပါးသာ ရှိပေလိမ့်မည်။ စုဖုရားလတ် မိဖုရားကား ကုန်းဘောင် နန်းပလ္လင်၏ ကျင့်ထုံး နည်းနာတို့ကို သည်လို တော်လှန်ခဲ့သော မိဖုရား၊ သည်လို ဆန့်ကျင်ခဲ့သော မိဖုရား၊ သည်လို ဖြိုလှဲပစ်ခဲ့သော ရဲရဲတောက် မိဖုရားပင် ဖြစ်ပေသတည်း။

နန်းမတော်ဟု တွင်သော၊ မိဖုရားခေါင်ကြီးလည်း ဖြစ်သော စုဖုရားကြီးမှာ



မိဖုရားခေါင်ကြီးတို့တွင် ရှိသော၊ အဆောင်အယောင် ပစ္စည်းတန်ဆာပလာ အစုံအလင်ကို ခံစားခွင့် ရပါ၏။ မိဖုရားခေါင်ကြီးအတွက် သတ်မှတ်ထားသော အဆောင်တော်တွင် ခန့်ထယ်တင့်တယ်စွာ စံမြန်းရသည်။ သတ်မှတ်ထားသော ရွှေငွေရတနာ ကျောက်သံပတ္တမြားများ စီခြယ်သော ဘိသိက်ခံ ရတနာ ပစ္စည်း အစုံအလင်ကို ဆင်မြန်းနိုင်သည်။ ထို့ပြင် သတ်မှတ်ခွင့်ပြုသော ဘဏ္ဍာ တော်ငွေများကိုလည်း ဘဏ္ဍာတိုက်မှ ထုတ်ယူခံစား သုံးစွဲနိုင်သည်။ ဘာလိုသေးသလဲ။

လိုပါ၏။ အရေးအကြီးဆုံးပစ္စည်း လိုနေပါ၏။ ဘုရင်မင်းတရားပါပဲ။ ဘုန်းရှင်၊ ကံရှင်၊ ပြည့်ရှင်မင်းက မိဖုရားခေါင်ကြီး အနားတွင် မရှိ။ မိဖုရားခေါင်ကြီး အနားသို့ မကြွလာ။ မိဖုရားခေါင်ကြီးကို အသိအ႒တ် မပြုပြီ။ဆရာတော် ဦးသြဘာသ၏ ဝေဿန္တရာဇာတ်တော်မှာ 'တံခွန်မရှိသော ရထားသည် အချည်းနှီးတည်း၊ လင်မရှိသော မယားသည် အချည်းနှီးတည်း' ဆို မဟုတ်လား။ ယခုတော့ ညီမတော် စုဖုရားလတ်၏ 'ရှင်ဘုရင်လည်း တစ်လင်တစ်မယားစနစ် ကျင့်သုံးရမည်' ဆိုသော ဥပဒေကြောင့် မိဖုရားခေါင်ကြီး စုဖုရားကြီးဘဝမှာလည်း 'အချည်းနှီးတည်း' ဟု ဆိုရတော့မည်။

ဘုရင်မင်းတရားကလည်း စုဖုရားလတ်အပေါ်တွင် တန်းတန်းစွဲ မေတ္တာပိုနေသည်ကို တစ်နန်းတော်လုံးအသိ။ ကင်းဝန်မင်းကြီးအပါအဝင် ဝန်ကြီးများက ဘုရင်မင်းတရားထံ မကြာခဏပင် တင်လျှောက်လေ့ ရှိကြသည်။ 'တိုင်းနိုင်ငံ အသီးသီးကလည်း လေးစားကြည်ညိုမှု ပိုကြလေအောင် ရွှေဘုံနိဒါန်းလာ ရှေးရှေးက ဘေးလောင်းတော်၊ ဘိုးလောင်းတော် မင်းတရားတို့ ချမှတ်ခဲ့သော နန်းဓလေ့ထုံးစံများနှင့် ညီညွတ်ရလေအောင် ဘုရင်းမင်းမြတ်သည် မိဖုရားကြီး လေးပါးစုံအောင် တင်မြှောက်သင့်ပါကြောင်း။

သို့သော် သီပေါဘုရင်ကား ခေါင်းကို တွင်တွင်ခါနေ၏။ မိဖုရားတွေ အများကြီးထားပြီး သာယာမှု ရှာဖို့ကို ဘုရင်မင်းတရားက တကယ်ပင် ငြီးငွေ့လေသလား၊ အကြောင်းစုံကို နောက်တော့ သိလိမ့်မည်။ မင်းသားခေါင်းဆောင်းထားသော ဘီလူးသည် အစွယ်ပေါ်သော် ဇာတိရုပ်လည်း 'ဘွား' ကနဲ ပေါ်လိမ့်မည်။

တဏှာပေမ၏ 'ကျွန်' သာလျှင်ဖြစ်သော လူသား ဘုရင်မင်းတရားလည်း ဟန်ဆောင်မှု ဇာပဝါကို ခွာလိုက်သောအခါတွင် 'ရမ္မက်' ပုံသဏ္ဍာန်သည် 'ကား' ကနဲ ပေါ်ရမည် မဟုတ်လား။

ထိုအချိန်တွင် စုဖုရားလတ်သည် ပဋိသန္ဓေ ရှိလာလေသည်။ ရွှေနန်းတော်မှာ တန်ခိုးအရှိန်အဝါ အထက်ဆုံး ဖြစ်နေသော မိဖုရားကြီး စုဖုရားလတ်မှာ ပဋိသန္ဓေ ရှိပြီဆိုတော့ တစ်နန်းတော်လုံး ပျာယာခတ်နေကြသည်။ 'ရှင်ဘုရင် ခေါင်းခဲတော့ သဲသတဲ့'၊ မိဖုရား ပဋိသန္ဓေ ရှိပြီဆိုတော့လည်း တစ်နန်းတော်လုံးပင် ဝိုင်း၍ 'သဲ' ပြကြပြီ။ ဝန်ကတော်တွေ အလှည့်ကျ ဝင်ရောက်ခစား၍ ပဋိသန္ဓေ စောင့်ကြရ၏။

စုဖုရားလတ်သည် ကိုယ်လက်လှုပ်ရှားမှု ရှိအောင် ဥယျာဉ်တော်အတွင်းမှာ နေ့စဉ် နေပူစာလှုံ၏။ အာသာဆန္ဒ ပြင်းပြသော စားသောက်ဖွယ်များကို မှာယူစားသုံးသည်။ ဖွတ်ဥကို စားချင်သည် ဆို၍ စားဖိုမှူးတို့က မရမက ရှာဖွေပေးသည်။ မိဖုရားသည် ဖွတ်ဥကို မီးကင်၍စားသည်။ ဖွတ်ဥများမှာ ကိုယ်ဝန်ဆောင် အမျိုးသမီးတို့အတွက် အားဖြစ်စေသော စားဖွယ်ဟု သမားတော်တို့က နည်းပြကြသည် မဟုတ်လား။ ထို့ပြင် ကိုယ်ဝန်ဆောင် နွားမကြီး၏ ဝမ်းထဲမှ လွယ်ထားသော မမွေးသေးသည့် နွားကလေးအသားကိုလည်း မိဖုရားကြီး စားသုံးရန် ချက်ပြုတ်ပေးရ၏။

နွားသားကို မိဖုရား စုဖုရားလတ်အတွက် သီးသန့်ချက်ပေးရခြင်း ဖြစ်သည်။ အမဲသားကို တစ်နိုင်ငံလုံး စားသုံးခွင့် မရှိဘူး မဟုတ်လား။ ကျေးဇူးရှင် နတ်ရွာစံ မင်းတရားကြီး လက်ထက်တော်ကတည်းက အမဲသားကို ဘေးမဲ့ အမိန့်ပေးခဲ့သည်။ 'နွားမသတ်ရ၊ နွားသားမစားရ၊ ထမင်းရှင် ကျေးဇူးရှင် နွားကို သတ်ဖြတ်စားသူအား ကြီးလေးသော အပြစ်ဒဏ် ချမှတ်ခံရမည်'။

ခုတော့ သည်အမိန့်ကို ခဏမေ့ထားကြစို့ရဲ့။ ပြည်ရှင် ဘုရင်မင်းတရား၏ တစ်ဦးတည်းသော 'ချစ်မိဖုရား' အတွက် သီးသန့် ကင်းလွတ်ခွင့်ရလိမ့်မည်။ ကိုယ်ဝန်ဆောင် နွားမကြီးကို သတ်၊ ဗိုက်ကို ခွဲ၊ ဗိုက်ထဲကနွားကလေးကိုလည်း သတ်၊ မိဖုရားအားရှိဖို့၊ မိဖုရား စားလို့ဝင် အိပ်လို့ပျော်စေဖို့ နွားကလေးသား ဟင်းကို စားတော်ကဲတို့က ကောင်းကောင်းချက် စားတော် ဆက်ကြရလေသည်။

စုဖုရားလတ်တွင် ပထမ ပဋိသန္ဓေ ရှိခဲ့ခြင်းမှာ မိဖုရားခေါင်စုဖုရားကြီး ကံဆိုးဖို့ ကြုံရခြင်းပင် ဖြစ်သည်။

စုဖုရားလတ်၏ ကိုယ်ဝန် ပဋိသန္ဓေ ရင့်လာပြီ။ သုံးလ၊ လေးလ၊ ငါးလ၊ ခြောက်လ၊ ကိုယ်ဝန် လရင့်လာလေလေ အစောင့်အကြပ် ထူထဲစွာ



စောင့်ကြပ်ရသည်။ အခြွေအရံ အထပ်ထပ် များပြားလာသည်။ ဝန်ကတော်တွေဆိုလျှင် ယခင်ကလို အိမ်ပြန်ခွင့်ပင် မရတော့ပြီ။ မိဖုရားအနားမှာ နေညဥ့်မပြတ် ခစားမပျက်ကြစေရ။

ဘုရင်မင်းတရားကလည်း မိဖုရားကြီး ကိုယ်ဝန် ပဋိသန္ဓေသည် မိမိ၏ နန်းပလ္လင်ကို ဆက်ခံရမည့် နန်းလျာ မင်းသားလေး ဖွားမြင်လိမ့်မည်ဟု အားထားမျှော်လင့်သည်။ စုဖုရားလတ်ကလည်း နန်းလျာ မင်းသားကလေးကိုပင် ဆန္ဒရှိနေ၏။ စုဖုရားလည်း တွေးမိသပေါ့။

မောင်တော်မင်းတရား လိုချင်နေသော နန်းလျာ သားတော်ကလေးကို မွေးဖွားပေးနိုင်လျှင် မောင်တော် မင်းတရားက ယခုထက် အချစ်ပိုလိမ့်မည်။ မေတ္တာကဲ လိမ့်မည်။ သစ္စာမြဲလိမ့်မည်။ နန်းတွင်းရှိ ပုဏ္ဏားဗေဒင်ဆရာ အကျော်အမော်တွေကို ခေါ်သည်။ ဘုရင်မင်းတရားနှင့် မိဖုရားတို့၏ ဇာတာတော်များကို တွက်စစ်ကြစမ်း။ သားတော် ဖွားမလား၊ သမီးတော်ဖွားမလား ဟောကြစမ်း။ မှန်မှန်လည်း ဟောကြ။ မမှန်လျှင် ခေါင်းပြတ်ကြလိမ့်မည်။ ပုဏ္ဏားတော်တို့ ချွေးပျံကြရပြီ။ တစ်၊ နှစ်၊ သုံး၊ လေး၊ ဂဏန်းတွေ ပေါင်းကြ၊ နုတ်ကြ၊ စားကြ၊ မြှောက်ကြသည်။ နောက်ဆုံးတော့ အဟောထွက်လာ၏။ သားတော်တစ်ပါး မုချ ဧကန် ဖွားမြင်တော့မည်တဲ့။ ဟန်ကျလိုက်လေ။ သည်တော့ မိဖုရားကို ပို၍ပင် ဂရုစိုက်ကြရပြီ။ မိဖုရားဖွားရန် အရေး၊ တစ်နန်းတော်လုံး ပျားပန်းခတ်မျှ ပြင်ကြ၊ ဆင်ကြ၊ ကြိုးပမ်းကြရသည်။

ယခု စုဖုရားစံနေသော ဘုရင်မင်းတရား၏ အဆောင်တော်တွင် စုဖုရားမီးဖွားရန် မသင့်တော်ပြီ။ ထိုအခါ မိဖုရားအတွက် သီးသန့် အဆောင်တစ်ခု လိုအပ်လာ၏။ ယင်း သီးသန့်အဆောင်အဖြစ် လက်ရှိ မိဖုရားခေါင်ကြီး စုဖုရားကြီး စံမြန်းနေသော 'နန်းမတော်ဆောင်' ကိုပင် လိုချင်သည်ဟု စုဖုရားလတ်က ဆိုသည်။ သို့ပေါ့ဘုရင် မင်းတရားက ဘာပြောမလဲ။ 'တို့ဘုရားသည် မယားဖက်ခပ်ပါပါ' မဟုတ်လား။ ယူစေ၊ ရစေ၊ ပေးစေဟု အမိန့်တော် မှတ်လေသည်။

အမှန်ဆိုသော် စုဖုရားကြီးကလည်း သည်နန်းမတော်ဆောင်ကို မက်မောဟန် မပြတော့ပါ။ ဘုရင်မင်းတရားကမှ မိမိထံ မကြွလာဘဲ နာမည်ခံ မိဖုရားခေါင်ကြီး ဘဝမှာ မပျော်တော့ပြီ။ ပြီးတော့ 'ဘောင်းတော် လုံခတဲ့ ကျောင်းတော်ကရန်စကလေး' ကလည်း ရှိနေသည်။ သည်လိုပါ–

စုဖုရားကြီးသည် မိမိ၏ နန်းမတော်ဆောင်တွင် ဘုရားဝတ်ပြုရန် ဖယောင်းတိုင်များကို ညဥ့်တိုင်းထွန်းညှိပူဇော်သည်။ ဒါကို မနာလိုဝန်တိုသူ ရုံရွှေတော်အချို့က စုဖုရားလတ်ထံမှာ မျက်နှာရအောင် မဟုတ်သည်ကို အဟုတ်ပြုလုပ်ကြံ သတင်းပို့ကြသည်။ 'စုဖုရားကြီးသည် ဘုန်းတော်ကြီးဘုရားနှင့် နန်းမတော်စုဖုရားလတ်တို့ ဒုက္ခရောက်အောင် ညစဉ်ညတိုင်း ဖယောင်းတိုင်များ မီးပူဇော်၍ယတြာချေ ကြံစည်နေသတဲ့'။

ထိုသတင်းကိုကြားတော့ စုဖုရားလတ် တစ်ယောက် အလွန်အမင်းစိတ်ဆိုးသည်။ သည်အတိုင်း အမှန်ပဲလား။ မှန် မမှန် သိရအောင် စုံစမ်းပြီးထိထိရောက်ရောက် ဆောင်ရွက်မှ ဖြစ်မည်။ ဘုန်းတော်ကြီးဘုရားကို ထိပါးရန်ကြံသူမှာ နန်းပလ္လင်၏ ရန်သူ၊ တိုင်းနိုင်ငံ၏ ရန်သူပင် ဖြစ်လိမ့်မည်။ ပြတ်ပြတ်သားသား အရေးယူမှ တော်သင့်တော့မည်။

သည်အကြောင်းကို ဘုရင်မင်းတရားထံ စုဖုရားလတ်က တင်၏။ ဘုရင်မင်းတရားက အမှုကို သေချာစွာ စုံစမ်းဖော်ထုတ်စေရန် စုဖုရားလတ်ကို ပြန်လွှဲသည်။

ထိုနေ့ညတွင် မိဖုရားခေါင်ကြီး၏ အဆောင်တော်ကို ဝင်ရောက်ရှာဖွေကြသည်။ မိပါ၏။ မိဖုရားခေါင်ကြီး၏ အထိန်းတော် အမျိုးသမီးကြီးသည် ဘုရားစင်တွင် ဖယောင်းတိုင်များ ထွန်းညှိလျက် ရှိ၏။ သည်တွင် အထိန်းတော်ကြီးကို စုဖုရားလတ်၏ အမိန့်ဖြင့် ဖမ်းဆီးသည်။ နန်းတွင်းမှာပင် အထိန်းတော်မိန်းမကြီး၏ ဆံပင်ကို ဆွဲ၍ ထု၍၊ ထောင်း၍ စစ်ဆေးသည်။ 'စုဖုရားကြီး၏ အမိန့်ဖြင့် ဘုရင်နှင့် စုဖုရားလတ်တို့ ဒုက္ခရောက်အောင် စုန်းပြုစားနေတာမဟုတ်လား၊ မတော်မတရား ကြံစည်ပြီး ဖယောင်းတိုင်ထွန်းလို့ ယတြာချေနေတာမဟုတ်လား'။

အထိန်းတော်ကြီးက ငိုကာ ယိုကာ အစစ်ခံရှာ၏။ လုပ်ရိုးလုပ်စဉ်အတိုင်း ဗုဒ္ဓဘုရားရှင်အား ဖယောင်းတိုင်မီးပူဇော်ခြင်း ဖြစ်ကြောင်း အမှန်အတိုင်း ပြောသည်။ 'စုဖုရားကြီးက ခိုင်းလို့ စုန်းပြုစားနေတာ မဟုတ်လား' ဟု အကြိမ်ကြိမ် စစ်မေးကြ၏။ ညှဥ်းပန်းနှိပ်စက်ပြီး လိုချင်သော အဖြေရအောင် ကြိုးပမ်းသည်။ သို့သော် အထိန်းတော်ကြီးသည် ရဲဝံ့စွာပင် ဆို၏။ ဘုရားမီး ပူဇော်ခြင်းသာ ဖြစ်ကြောင်း ကြိမ်ဖန်များစွာ ဖြေဆိုခဲ့သည်။



နောက်ဆုံးတော့ စုဖုရားကြီး၏ အထိန်းတော်ကြီးကို စစ်ကိုင်းဖက်သို့ ပို့လိုက်သည်။ စစ်ကိုင်းမြို့ပြင် လယ်တဲကလေး တစ်ခုအတွင်းမှာ အထိန်းတော်ကြီးကို ချုပ်ထားသည်။ အစာမပေး။ ရေမပေးဘဲ ထားကြသည်။ သို့နှင့်ပင် အထိန်းတော်ကြီးခမျာ အစာငတ်၊ ရေငတ်ဖြင့် ကွယ်လွန်ရှာခဲ့၏။ ကြေကွဲဝမ်းနည်းစရာ၊ စိတ်မကောင်းစရာ ဖြစ်ရပ်တစ်ခုကား ပြောစမှတ်အဖြစ် ကျန်ခဲ့ပြီ။

သည်ကိစ္စအတွက် စုဖုရားကြီးသည် များစွာ စိတ်မချမ်းမြေ့ ဖြစ်ရှာပေသည်။ ညီမတော် စုဖုရားလတ်၏ ထောက်ထား ညှာတာခြင်း ကင်းမဲ့မှုကိုလည်း စိတ်နာသည်။ ရွှေနန်းရှင် ဘုရင်မင်းတရား ကိုယ်တိုင်က စုဖုရားလတ်အပေါ် အာဏာကုန် လွှဲထားခြင်းကိုလည်း စိတ်မချမ်းမြေ့ ဖြစ်ရသည်။ သို့သော် ရှိပါစေတော့။ ကံနှင့် ကံအကြောင်းတရားပဲဟု စိတ်ဖြေသည်။ ကုသိုလ်ကံရှိသမျှတော့ ခံကြရမည် ဖြစ်၏။ အကုသိုလ်ကံ ရှိသမျှအတွက်လည်း ခံကြရမည် မဟုတ်လား။

သည်လို ကျောင်းတော်က ရန်စကလေးများ ရှိသမို့ကြောင့် စုဖုရားကြီးသည် နန်းမတော်ဆောင်မှာ မပျော်တော့ပြီ။ သို့နှင့် မိဖုရား စုဖုရားလတ်က နန်းမတော်ဆောင်ကို လိုချင်သည်ဟု တောင်းလာသောအခါ စုဖုရားကြီးသည် အသာတကြည် လွှဲပေးလိုက်တော့သည်။

ယခုအခါတွင် စုဖုရားလတ်အဖို့ ကြံတိုင်းအောင်၍ ဆောင်တိုင်းမြောက်နေ၏။ သည်တော့ စုဖုရားလတ်သည် ကျေနပ်အားရဖြစ်မိသည်။ ကျေနပ်စရာပေပဲ။ ဘိသိက်ခံစဉ်က ဘုရင်မင်းတရားနှင့် တွဲ၍ ဘိသိက်ခံယူခဲ့သူ အစ်မတော် မိဖုရားခေါင်ကြီးအား နန်းမတော်ဆောင်ပေါ်က ဖယ်ရှားနိုင်ခဲ့ခြင်းကိုမှ မကျေနပ်လျှင် ဘယ်သင်းကို ကျေနပ်ရအုံးတော့မှာလဲ။

စုဖုရားလတ် မိဖုရားထံ နေ့စဉ် ဝင်ရောက် ခစားလာကြသော 'ကိုယ်ဝန်စောင့်' ဝန်ကတော်တွေ၏ စာရင်းကို အပျိုတော်များက မိဖုရားထံ တင်ပြကြရ၏။ ထိုသို့ တင်ပြရသည် ဆိုတော့ အကြောင်းကြီးငယ် ရှိလို့မှ ဝန်ကတော်တို့မှာ အခစား မပျက်ကွက်ရဲကြရှာ။ နေ့စဉ် ညဆက်ပင် အချိန်မှန်မှန် အခစား ဝင်ကြရသည်။ ဝန်ကတော်တွေ 'တစ်ချက်' ဝတ္တရားပျက်လျှင် မိမိတို့၏ ခင်ပွန်းဖြစ်သူ ဝန်ကြီး ဝန်ငယ်တွေ 'တစ်သက်' ဒုက္ခတွေ့ကြမည်ကို ရွှေဉာဏ်ရှင် ဝန်ကတော်တို့က တွက်ချက်မိကြမည် ဧကန်ပါပဲ။

စုဖုရားလတ်၏ ကိုယ်ဝန်လစေ့သောအခါ သားတော်ကလေးတစ်ပါးကို ချောမောစွာ ဖွားမြင်လေသည်။ ဗေဒင်ဆရာ ပုဏ္ဏားတော်များသည် ယခုမှ စိတ်ချ လက်ချ အိပ်ပျော်နိုင်ကြပြီ၊ ဗေဒင်ဟောထားသည့် အတိုင်းသာ သားတော် ကလေး မဖွားလျှင် မိမိတို့ အနာဂတ်ရေးကို မတွေးဝံ့ပြီ။ ခုတော့ သားတော် နန်းလျာမင်းသားကလေး တစ်ပါးကို မီးဖွားသတဲ့၊ ကောင်းလေစွ။

နန်းလျာ မင်းသားကလေးအတွက် အထူးစီမံ ပြုလုပ်ထားသော ပုခက် တော်ကို ဆင်ယင်စေ၏။ ရွှေ ငွေ ကျောက်သံပတ္တမြားတို့ဖြင့် စီခြယ်သည့် ပုခက်တော်ကို နန်းတွင်းမှာ ခစားနေသော အီတလီ အင်ဂျင်နီယာ တစ်ဦးက စက်ခလုတ်နှင့် တွဲဆင်ပေး၏။ အပျိုတော်များလက်နှင့် လွှဲပေးခြင်းကို ဘုရင် မင်းတရား မနှစ်ခြိုက်။ ခေတ်မီ သိပ္ပံနည်းဖြင့် စီရင်သော ပုခက်တော်မှာ နန်းလျာမင်းသားငယ် စက်တော်ခေါ်စေရမည်။

သို့သော် နန်းလျာ မင်းသားလေးခမျာ ကံကုသိုလ်ဆိုးရှာလေသည်။ ၁၈၈၀ ပြည့်နှစ်တွင် ရတနာပုံနေပြည်တော်၌ ကျောက်ရောဂါများ ကူးစက်ပြန့်ပွား ခဲ့၏။ မင်းတုန်းဘုရင် မင်းတရားကြီး၏ နောင်တော် နန်းကျပုဂံမင်းမှာ ကျောက် ရောဂါဖြင့် နတ်ရွာစံ၏။ သီပေါဘုရင် မင်းတရားနှင့် နန်းမတော်မိဖုရား စုဖုရား လတ်တို့၏ နန်းလျာ သားတော်ကလေးလည်း ကျောက်ရောဂါဖြင့် ကွယ်လွန်ရှာခဲ့ လေသည်။ မိမိတို့၏ နန်းပလ္လင်ကို ဆက်ခံမည်ဖြစ်သော နန်းလျာ မင်းသားငယ်ကို ဆုံးရှုံးရသဖြင့် ဘုရင်နှင့် မိဖုရားတို့မှာ ကြေကွဲမဆုံးပြီ။ နှမြောမဆုံးပြီ။ တသ၍ လည်း မဆုံးတော့ပြီ။

သို့သော် စုဖုရားလတ်က အားတင်းပါ၏။ နန်းလျာသားတော်ကလေး အစား နောက်တစ်ယောက် ဖွားမြင်ရန် ကြိုးစားမည်။ အပူလုံးကြွ၍ လုလုံးမပှဘဲ နေလို့ ဖြစ်မတဲ့လား။ ဘုရင်မင်းတရားကို မိဖုရားတစ်ပါးတည်းနှင့် စံရအောင် မိမိက ကြိုးပမ်းနေသည် မဟုတ်လား။ သည်တော့ မိမိကိုယ်ကို လုပအောင် ပြင်မှပေါ့။ တစ်သားမွေးလျှင် တစ်သွေးလှသတဲ့။ မိမိအဖို့ တစ်သားမွေးလျှင် တစ်သွေးလှရုံမျှဖြင့် ကျေနပ်၍ မဖြစ်။ နှစ်သွေး သုံးသွေးလှအောင် ကြိုးပမ်းရမည်။ ဒါကို မိဖုရား သိသည်။ ထို့ကြောင့် စုဖုရားလတ်သည် မိမိကိုယ် မိမိ အတတ်နိုင်ဆုံး ပြင်ဆင်မွမ်းမံသည်။ လှအောင်ပြင်သည်။ ပအောင် ဆင်သည်။



ဘုရင်မင်းတရားနှင့် မိဖုရား စုဖုရားလတ်တို့သည် စက်ရာမှ မိမိတို့ နိုးထလိုသောအခါမှသာ ထလေ့ ရှိကြသည်။ ဘုရင်နှင့် မိဖုရားတို့ စက်တော်ခေါ် နေလျှင် မည်သူမျှ လာရောက်နှောင့်ယှက်ခြင်း ပြုဝံ့ကြမည် မဟုတ်။ အဝေးမှ ခစားကြရသည်။ စုဖုရားလတ်ကမူကား တစ်ခါတစ်ရံမှသာ နံနက် ၉ နာရီအထိ စက်ရာဆောင်မှာ အိပ်ပျော်နေတတ်သည်။ နံနက်အရုဏ်မတက်မီ ၄ နာရီခန့်တွင် စက်ရာတော်ဆောင်မှ နိုးထလာတတ်သည်။ ပြီးတော့ မိမိလိုအပ်သမျှကို အပျိုတော်များအား ကြိုတင်ခိုင်းစေ မှာကြားထားသည်။ ဘုရင်မင်းတရားကြီးနှင့် မိမိတို့ တစ်နေ့တာ စားသုံးလိုသော ဟင်းလျာစားဖွယ်တို့ကိုလည်း ထိုအချိန်မှာပင် မှာကြားသည်။ အပျိုတော်တို့က စားတော်ကဲများထံ တစ်ဆင့် မှာကြားခိုင်းစေ ရလေသည်။

ဘုရင်နှင့် မိဖုရားတို့ စက်ရာဆောင်မှ နိုးလာ၍ မျက်နှာသစ် ကိုယ်လက် သန့်စင်ပြီးသည်နှင့် နံနက်စာ လက်ဖက်ရည်တော်များ ဆက်ကပ်ကြရသည်။ ထို့နောက် ဘုရင်နှင့် မိဖုရားတို့ ချိုးရေတော် သုံးပြီး ဝတ်လဲတော်များ လဲလှယ်ကြ သည်။ တစ်နေ့တာအတွင်း ဝတ်လဲတော် လေးကြိမ် လဲလှယ်ကြသည်။ ယခု နံနက်စောစောမှာ ပထမအကြိမ် ဖြစ်သည်။

မိဖုရား ချိုးရေတော် သုံးနေစဉ် ရေချိုးခန်းအပြင်မှ အပျိုတော်များက ပရိတ်တရားတော်များကို ရွတ်ဖတ်နေကြရသည်။ မိဖုရားသည် ရေချိုးနေရင်းမှ ခန္ဓာငါးပါး အစုအဝေးကို ကြည့်၍ တရားဆင်ခြင်နိုင်ရန် ဤသို့ စီစဉ်သည်ထင် ပါရဲ့။ ရေချိုးပြီးသော် အပျိုတော်များက မိဖုရားကို အနောက်တိုင်းဖြစ် နူးညံ့ သိမ်မွေ့လှသော မျက်နှာသုတ်စောင်ဖြင့် ရေသုတ်ပေးရ၏။ ခေါင်းလျှော်လျှင် လည်း ဆံပင်ကို ညင်သာစွာ ရေသုတ်ပေးရ၏။ ပြီးတော့ မိဖုရားကိုယ်တွင် ပြင်သစ်နိုင်ငံလုပ် ရေမွှေးအကောင်းစားဖြင့် ဆွတ်ဖျန်းပေးရသည်။ ရေမွှေးတွေ များများဆွတ်ပေးကြ။ ဘုန်းတော်ကြီးဘုရားက အမွှေးနံ့သာဆိုလျှင် အလွန် နှစ်သက်သည်။ နှမတော်အပါးမှ ဘုရင်မင်းတရား မခွာနိုင်အောင် အမွှေးအထုံ သင်းရနံ့တွေဖြင့် ဆွတ်ပျံ့ ထုံမွှန်းထားရအုံးမှပါပဲ။

နောက်တော့ ဆံပင်ကို နိုင်ငံခြားဖြစ် ဆံသအမွှေးအဆီများဖြင့် သုတ်လိမ်း ပေးရ၏။ ခေါင်းမှာ ရတနာတွေ ရှုပ်ရှုပ်ပွပွ ဆင်သသည်ကို မိဖုရားက မကြိုက်။

ဆံထုံးကို လှပသေသပ်စွာ ထုံး၏။ စိန်ဆံထိုး တစ်ချောင်းကိုသာ ဆံထုံးမှာ စိုက်ထားလိုက်၏။ ပြီးတော့ ပန်းကလေး တစ်ပွင့်ကိုလည်း အပျိုတော်တို့က မပျက်မကွက် ပန်ဆင်ပေးရလေသည်။

မိဖုရားသည် သနပ်ခါးကို အလွန် နှစ်သက်သည်။ နံနက် ရေချိုးပြီးသည်နှင့် သနပ်ခါး နုနုညက်ညက်ကလေး လိမ်း၏။ ပြီးတော့ မိဖုရား၏ မျက်ခုံး၊ မျက်တောင်မွေးနှင့် နှုတ်ခမ်းတစ်ဝိုက်မှာ သနပ်ခါးတွေ သပ်သပ်ယပ်ယပ် ဖြစ်အောင် အပျိုတော်တို့က ပိုးပဝါပါးဖြင့် ပွတ်သပ်ညှိဆွဲပေးရသည်။ ထို့နောက် ပြင်သစ်နိုင်ငံသို့ မှာယူရရှိထားသော ပဲရစ်မြို့လုပ် နှုတ်ခမ်းနီဆိုးဆေးကို နှုတ်ခမ်းမှာ ခပ်ပါးပါး လိမ်း၏။ ပါးနီဆိုးဆေးကိုလည်း အနီရောင် ပြေးရုံမျှကလေးသာ ပါးမှာ သုတ်လိမ်းပေးရ၏။ ကဲ ခေတ်မီလိုက်တဲ့ မိဖုရား၊ တစ်သားမွေး တစ်သွေးလှလို့ ဆိုကြအုံးမှာလား။ တစ်သားမွေးသူ စုဖုရားလတ်သည် နှစ်သွေး သုံးသွေး လှအောင် အလှပြင်ထားသည်ဆိုလျှင် ငြင်းနိုင်ကြပါ့မလား။

ဆံပင်နှင့် မျက်နှာကို အလှပြင်ပြီးပြီ။ တစ်ကိုယ်လုံးကိုလည်း ခြေဆုံး ခေါင်းဆုံး သနပ်ခါး၊ ပေါင်ဒါ၊ အမွှေးနံ့သာရည်တို့ဖြင့် လိမ်းကျံပြီးပြီ။ သည်တော့မှ မိဖုရားသည် ဝတ်လဲတော် လဲသည်။

မိဖုရားတွက် နေ့စဉ်ဝတ်စုံမှာ ပိုးအင်္ကျီ၊ ပိုးထမီများနှင့် ခါသာပိတ် ဝတ်စုံများသာ ဖြစ်သည်။ အခမ်းအနား ပွဲသဘင် မရှိသော နေ့ ညီလာခံ မရှိသော နေ့များတွင် မိဖုရားသည် ရိုးရိုးဝတ်စုံများကိုသာ ဝတ်ဆင်၏။ ထိုနေ့များ၌ ကန့်လန့်စင်းများပါသော ပိုးထမီများကိုသော်လည်းကောင်း၊ အကွက်စိပ်ကလေး များဖော်ထားသော ပိုးထမီများကိုသော်လည်းကောင်း မိဖုရားက နှစ်သက်စွာ ဆင်မြန်းသည်။ အခမ်းအနားများသို့ မိဖုရား တက်ရောက်ရတော့မည် ဆိုပါစို့။ မိဖုရားသည် ပိုးချိတ်ထမီများကို အဆင်အသွေး အမျိုးမျိုး လဲ၍ ဝတ်ဆင်သည်။ ထမီအောက်ခံထည်အဖြစ် မိဖုရားသည် ခါသာပိတ်ထည်များကိုသာ အမြဲ ဝတ်ဆင်၏။

အင်္ကျီကို ပိုးသားထည်များ၊ ခါသာပိတ်ထည်များဖြင့် ချုပ်လုပ်ဝတ်ဆင်သည်။ အင်္ကျီနှင့်ထမီအဆင်အသွေးကို မိဖုရားသည် အလွန် ရွေးချယ်တတ်သည်။ မျက်စိထဲတွင် ကန့်လန့်ဖြစ်မည့် အဆင်အသွေးကို မဝတ်။ ဘုရင်မင်းတရား၏ မျက်စိတွင် ကြည့်၍ အဆင်ပြေမည့် အထည်အဝတ်များကို မိဖုရားက ဂရုစိုက်၍



ရွေးချယ်သည်။ ပြီးတော့ အင်္ကျီထမီ အရောင်အသွေးနှင့် လိုက်ဖက်ညီမည့် ပိုးပဝါတစ်ထည်ကို မိဖုရား၏ ကိုယ်မှာ လွှမ်းတင်လိုက်သည်။

မိဖုရားသည် လည်ပင်းတွင် အရည်အသွေး တောက်ပြောင်ဝင်းလက်လှသော စိန်ဆွဲကြိုး သုံးကုံးကို အဆင့်ဆင့် ထပ်၍ ဆွဲသည်။ နားတွင် တစ်လုံးတည်းနှင့် ဝင်းလက်နေသော စိန်တစ်လုံး နားကပ်ကြီး တစ်ရန်ကိုသာ ဆင်သည်။ ပွဲလမ်းသဘင် မရှိဘဲနှင့် ကိုယ်ပေါ်တွင် လက်ဝတ်ရတနာတွေကို ရှုပ်ရှုပ်ထွေးထွေး ဖြစ်အောင် မိဖုရားက မဆင်ယင်တတ်။ ပွဲလမ်းသဘင်ရှိလျှင် သို့မဟုတ် ညီလာခံ သဘင်သို့ တက်ရမည် ဆိုလျှင်တော့ မိဖုရားသည် ဂုဏ်သရေနှင့် လိုက်ဖက်ညီအောင်နန်းစဥ်ရတနာများကို လှလှပပ ဆင်ယင်ထားတတ်လေသည်။

ဘုရင်နှင့် မိဖုရားတို့ ဝတ်ဆင်ရန်အတွက် အဝတ်အထည်များကို နိုင်ငံခြားသို့လည်း မှာယူသည်။ နန်းတွင်း၌ရှိသော ဘုရင့် အထည်ရက်ကန်းရုံမှလည်း ရက်လုပ်ပေးသည်။ နိုင်ငံခြားမှ ခေါ်ယူထားသော အမျိုးသမီးငယ်တို့သည် ဘုရင်နှင့် မိဖုရားတို့ ဝတ်ဆင်ရန် နန်းတွင်း ရက်ကန်းရုံတွင် အထည်အမျိုးမျိုးကို နေ့စဥ် ရက်လုပ်ပေးရလေသည်။

ဘုရင်နှင့် မိဖုရားတို့အတွက် အဝတ်အထည်များက အမြဲလိုအပ်နေသည်။ ဘုရင်နှင့် မိဖုရားတို့သည်ဝတ်လဲတော်များကို တစ်ခါ ဝတ်ပြီးလျှင် နောက်တစ်ကြိမ် ဝတ်ဆင်လေ့ မရှိ။ အမြဲ သစ်သစ်လွင်လွင်သာ ဝတ်ဆင်လေ့ ရှိသည်။ ရှင်ဘုရင်ပေကိုး။ မိဖုရားပေကိုး။ လူသာမန်တွေလို ဝတ်ပြီး ဖွပ်၍ လျှော်၍ ပြန်ဝတ်ဖို့ ဘာလိုတော့မှာလဲ။ သည်တော့ ဝတ်ပြီးသား ဝတ်လဲတော်ကျတွေကို ဆင်းရဲသား ကျေးတော်မျိုး၊ ကျွန်တော်မျိုး၊ မင်းမှုထမ်းတို့ထဲမှ ဘုရင်နှင့် မိဖုရားတို့ သဘောကျသူများအား ရွေးချယ်၍ ဆုချပေးမြဲ ဖြစ်လေသည်။

စုဖုရားလတ်သည် နန်းတွင်းဖြစ် အဝတ်အထည်များကိုတော့ ခုံခုံမင်မင် ဝတ်ဆင်ပါရဲ့။ နိုင်ငံခြားဖြစ် အဝတ်အထည်များကိုလည်း စွဲစွဲလမ်းလမ်း မှာယူ တင်သွင်းခိုင်းလျက် ရှိသည်။ နန်းတော်ထဲမှာ နန်းတော်ပြင်ပမှာ နေရာတိုင်းမှာ မိမိသာ အလှအပ အချောမွေ့ဆုံးဖြစ်အောင် ကြိုးပမ်းသည်။ သီပေါဘုရင်မင်းတရားကို မျက်စိအောက်က အပျောက်မခံ။ ဘုရင်ကို မတွေ့သည်နှင့် ‘ဘုန်းတော်ကြီးဘုရား ဘယ်မှာလဲ’ ဟု နီးရာ အပျိုတော်တွေထံ မေးတော့သည်။ မိမိကိုသာ ဘုရင်မင်းတရားက စွဲလမ်းတပ်မက် နေအောင် အားထုတ်

သည်။ မိန်းမတို့၏ အလှသည် 'ဥစ္စာ'ဆို မဟုတ်ပါလား။ ဒါကို မိဖုရား သိ၏။ ပြီးတော့ မိန်းမတို့၏ ဩဇာသည် 'အလှ' မှာ တည်သည်ကိုလည်း နားလည်သည်။ သို့နှင့် မိဖုရားသည် မိမိကိုယ်ကို အမြဲပဲ လှနေအောင်၊ နုနေအောင် ပျို့ရွယ်နေအောင် အခါမလပ် ဆောင်ရွက်နေရသည်။ နိုင်ငံခြားဖြစ် အလှကုန်များ၊ အဝတ်အထည်များ၊ ပြည်တွင်းဖြစ် အလှကုန်များ၊ အဝတ်အထည်များဖြင့် ခြယ်သထားသော မိဖုရား စုဖုရားလတ်ကို 'ဘယ်သူပြိုင်လို့ လှပါတော့နိုင်'။

## ၃

အပြင်ဘမ်းက ကြည့်လျှင်တော့ မိဖုရား စုဖုရားလတ်၏ ဘဝမှာ အလွန်တရာမှ အားကျစရာ လိုချင်မက်မောစရာ ပေပဲ။ သို့သော် စုဖုရား၏ ရင်ထဲသို့ ဝင်ကြည့်နိုင်လျှင်တော့ သောကနှယ်အိမ်တွေ ရှုပ်လိမ်နေသော အတွင်းစိတ်သဏ္ဍာန်ကို အထင်းသား မြင်ကြရပေလိမ့်မည်။ လောဘ၊ ဒေါသ၊ မောဟ ပင်လယ်ပြင်မှာ လူးလာစုန်ဆန် ကူးခတ် လှုပ်ရှားနေရသည့် ဟန်ကို ဘွင်းဘွင်းကြီး မြင်ကြရပေလိမ့်မည်။

မိဖုရားမှာ ကြင်ယာတော် ဘုရင်မင်းတရားကို တစ်လင်တစ်မယားနှင့် ကျေနပ် ရောင့်ရဲနေအောင် ညှို့ယူ ကြိုးပမ်းနေရသည်။ ဘုရင်မင်းတရားကြီး တခြားမှာ ကိုယ်လုပ်တော်တွေ မိဖုရားငယ်တွေ ထားနေသလားဟုလည်း ရှာရ၊ ဖွေရ၊ စူးစမ်း၊ ထောက်လှမ်းရသည်။ တိုင်းပြည် အာဏာကို ရှင်ဘုရင် လက်ထဲမှာ မထားဘဲ သူတစ်ဖိုလ် ငါတစ်မင်း လုပ်နေသော ဝန်ကြီးတွေ ကိစ္စကိုလည်း အခါမလပ် မျက်စိဒေါက်ထောက် ကြည့်နေရသေးသည်။

ဘုရင်မင်းတရားဆိုတာက 'စိုင်ကော်လို့ ချုံပေါ်ရောက်' လာရသူ မဟုတ်လား။ တိုင်းရေးပြည်မှုကို သိပ်နားမလည်။ လူရည် လူကဲကို ကောင်းကောင်း မခတ်တတ်။ ဒါကို ဝန်ကြီးတွေက အခွင့်ကောင်းယူသည်။ နိုင်ငံ အုပ်ချုပ်ရေး ကိစ္စတွေမှာ ကျိတ်ဝိုင်းကလေးတွေ လုပ်ပြီး ဆောင်ရွက်နေတာ ကြာပြီ။ ဘုရင်မင်းတရားထံ တင်၍ အဆုံးအဖြတ် ယူရမည့် ကိစ္စတွေကို မတင်။ ဝန်ကြီးတွေ အချင်းချင်း ဝိုင်းပန်းညှိနှိုင်းပြီး လုပ်ကြတာလည်း ရှိသည်။ ဝန်ကြီး တင်ပါးတည်း



ကိုယ်ပိုင် ဆုံးဖြတ်ချက်နှင့် လုပ်ပစ်လိုက်တာတွေလည်း အများကြီး။ သည်ကိစ္စတွေကို ဒီလိုပဲ ကြည့်နေလို့သာ ပြီးရတော့မှာလား။

ဘယ်ပြီးလိမ့်မလဲ။ ယခုအခါတွင် ဘုရင်မင်းတရား၏ ရာဇပလ္လင်သည် တည်ငြိမ်စ ပြုပြီ။ နန်းပလ္လင်၏ အန္တရာယ်အဖြစ်ကို ထိပါးမည့် မင်းသားတွေလည်း မရှိတော့ပြီ။ သည်အချိန်မှာ ဝန်ကြီးအဖွဲ့ကို ကောင်းကောင်း 'ကိုင်တွယ်'ပေးမှ ဖြစ်တော့မည်ဟု မိဖုရားက ဆုံးဖြတ်သည်။ မိဖုရားသည် ဘုရင်မင်းတရား၏ အခြေအနေ ဘယ်နေရာ ရောက်နေကြောင်း ထောက်ပြလိုက်သည်။

ယခုအခါတွင် ဘုရင်မင်းတရားသည် 'ဝန်ကြီးတွေ ဘာလုပ်နေသလဲ သိရဲ့လား' ဟု စုဖုရားလတ်က မေးလိုက်သည်။ ဘုရင်မင်းတရားက နန်းပလ္လင်ပေါ်မှာ အချိန် မှန်မှန်ထိုင်၊ တိုင်းတော် ပြည်တော် သာယာရဲ့လားမေး။ ဝန်ကြီးတွေက ပြန်တင်မည်။ မှန်ပါ့ ဘုရား။ တိုင်းပြည်တစ်ဝန်း ငြိမ်းချမ်းသာယာပါသတဲ့။ ပြည်သူတွေလည်း ရေထိပန်းလို လန်းဆန်း အေးချမ်းနေကြပါသတဲ့။ ဆန်ရေစပါးပေါများ၍ ပြည်တစ်လွှားမှာ အလှူကြီးတွေပေး၊ စည်ဖျောသံသာလို့ နေပါသတဲ့။ ဘုရင်ကလည်း ယုံကြည်မည်။ ဟုတ်လား။ ကောင်းပေစွ ကောင်းပေစွဟု မြည်တမ်းပြီး အဆောင်တော်သို့ပြန်။ သည်လို ဝန်ကြီးတွေ တင်လျှောက်တိုင်း ယုံကြည်နေလို့ ဖြစ်ပါတော့မလား မောင်တော် ဘုန်းတော်ကြီး ဘုရားရဲ့။

သည်တော့မှ သီပေါဘုရင်မင်းတရားသည် နန်းစည်းစိမ် အိပ်မက်မှ နိုးထလာပြီ။ အထိတ်တလန့် မေးရပြီ။ 'အို ဒါဆိုရင် နိုင်ငံတော် အခြေအနေတွေက ဘယ်လို ဖြစ်နေလို့လဲ'

မိဖုရားက အေးအေးဆေးဆေး ရှင်းပြ လျှောက်တင်ရတော့သည်။ နေပြည်တော်တစ်ဝန်းမှာ ပြောနေကြသော အရပ်စကားတွေကို မောင်ဘုရားမှ မကြားဘဲကိုး။ 'တိုင်ကို ကင်းတက်သတဲ့၊ တိုင်ပေါ် တက်လာတဲ့ ကင်းကို ရေနံ့သုတ်ချ လိုက်သတဲ့'။ အဓိပ္ပာယ်တွေများစွာ ကျယ်ဝန်းကြောင်း ပြည်သူတို့ စကားထဲမှာ ဇာတိ ပြနေသည်။ ပြည်သူဆိုတာက နိုင်ငံ၏ ကြေးမုံပြင် မဟုတ်လား။ နိုင်ငံမှာ ဘာဖြစ်ဖြစ် ပြည်သူတို့ကသာ အရင်သိရသည်။ ယခုလည်း ကြည့်ပါတော့။

'တိုင်ကို ကင်းတက်သည်ဆိုတာက တိုင်တားမင်းကြီးကို ကင်းဝန်မင်းကြီးက နေရာတကာမှာ လွှမ်းမိုးနေခြင်းကို ပြောတာ။ သည်တော့ ကင်းဝန်မင်းကြီး

လွှမ်းမိုးနိုင်တာ တိုင်တားကိုပဲ မဟုတ်လား။ ရေနံချောင်း ဝန်ကြီးကျတော့ ကင်းဝန်က အရှုံးပေးရသတဲ့။ ဒါကြောင့် ကင်းတက်ရင် ရေနံသုတ်ချလို့ပြောတာ'

စကားတွေက အနက်အဓိပ္ပာယ် ကြွယ်သား။ သည်အဓိပ္ပာယ်တွေကို မှန်ဘီလူးဖြင့် ချဲ့လိုက်လျှင် မထင်မှတ်သည့် ဖြစ်ရပ်တွေ အများကြီးပေါ်လာတော့မည်။ ဘာပဲဖြစ်ဖြစ် သေချာတာကတော့ နိုင်ငံအာဏာကို ဝန်ကြီးတွေ လက်ထဲမှာ ဆက်ထားရင် အာဏာဝေ့ ခွဲပြီး အုပ်ချုပ်နေတာ ခံရမည်။ ဘုရင်သည် ရုပ်သေးရုပ်ဘဝက ဘယ်တော့မှ တက်လာတော့မည် မဟုတ်။

နိုင်ငံအုပ်ချုပ်ရေး အခြေအနေတွေကို နည်းနည်းကလေးသာ စောင်းငဲ့ကြည့်ပါအုံး။ ရေကြောင်းဆိုင်ရာ ကိစ္စတွေက လေ့သင်းအတွင်းဝန် လက်ထဲမှာ လုံးလုံးလွှဲ အပ်ထားသည်။ နိုင်ငံခြားရေး ကိစ္စတွေ၊ သေနတ်ကိုင် စစ်တပ်ကိစ္စတွေကို သေနတ်ဝန်လည်းဟုတ်၊ နိုင်ငံခြားရေးဝန်လည်းဟုတ်၊ ဝန်ကြီးချုပ်တစ်ဦး၏ အရှိန်အဝါ ဩဇာအာဏာတွေကိုပါ ဆုပ်ကိုင်ထားသူ ကင်းဝန်မင်းကြီးက ယူထားသည်။ အခွန်ဘဏ္ဍာတော်ကိစ္စ၊ နယ်စပ်ဒေသ အုပ်ချုပ်ရေး ကိစ္စတွေကိုကော ဘုရင်မင်းတရားက ဘယ်အတိုင်းအတာထိ သိရှိခွင့်ရခဲ့သလဲ။

ပြောကြစို့ဆိုလျှင် စုဖုရားလတ်သည် မယ်တော်ဆင်ဖြူမရှင်၏ သမီးတော်မဟုတ်လား။ မအေ့သွေးက ပါလာသည်။ ဒါကြောင့်လည်း ထက်သည်၊ ပြတ်သည်။ ရဲသည်၊ စွာသည်။ တစ်ခါတစ်ရံတော့ 'ဖအေ့ထက် သားတစ်လကြီး' ဆိုသလို စုဖုရားလတ်သည် 'မအေ့ထက် သမီးတစ်လကြီး' ဟုပင် ဆိုရလေမလား။ မအေထက် ပို၍ မြင်တတ်သော စွမ်းရည်လည်း ရှိသည်။ ယခုပင်ကြည့်လေ၊ ဘုရင်မင်းတရားကို အထက်ကအတိုင်း သေချာကျနစွာ ကိုင်စွဲနိုင်အောင် ပိပိရိရိ အားထုတ်သည်။ ရပြီ။

ဝန်ကြီးများသည် ဘုရင်မင်းမြတ် မသိဘဲ ဘာကိစ္စကိုမှ ဆောင်ရွက်နိုင်ခွင့် မရှိတော့ပြီ။ ယခင် စောစောက ဝန်ကြီးတွေ ကိုင်စွဲထားသော တာဝန်တွေအားလုံးကို ဘုရင်မင်းတရားထံ ပြန်အပ်ရသည်။ ဘုရင်မင်းတရားဆိုပေမယ့် တကယ်တော့ မိဖုရား စုဖုရားလတ်ထံ တင်ရခြင်းပါပဲ။ ဘုရင်ကို ချုပ်ကိုင် လွှမ်းမိုးနိုင်သော မိဖုရားသည် 'အာဏာစားစက်' ကို ကောင်းကောင်းကြီး လည့်ပတ်ကစားနိုင်လေပြီ။



ယခုအခါတွင် မိဖုရား စုဖုရားလတ်အဖို့ လောကအားလုံးသည် ကျေနပ်ဖွယ်ချည်းသာ။ မိမိနှင့် ပြိုင်ဖော်ပြိုင်ဖက် ဖြစ်နေသော အစ်မ စုဖုရားကြီးကို နန်းမတော်ဆောင်မှ ဖယ်ရှားပြီးပြီ။ သီပေါဘုရင် မင်းတရား၏ လုပ်ပိုင်ခွင့် အာဏာ ဩဇာတွေကိုလည်း ဝန်ကြီးတွေလက်မှ ပြန်သိမ်းပြီးပြီ။

ဘုရင်မင်းတရားဆိုတာက မိဖုရားလက်ခုပ်ထဲမှာ ရှိနေသော 'ရေ' ဖြစ်နေသည်။ သွန်လိုသလား သွန်လိုက်တော့။ မှောက်လိုသလား မှောက်လိုက်တော့။ မိဖုရား ဘာလုပ်ချင်သလဲ၊ စိတ်ထဲရှိတာ လုပ်နိုင်ပြီ။ မိဖုရားပြောသမျှကို 'ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူသော ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီး' သည် ခေါင်းတဆတ်ဆတ် ညိတ်၍ သဘောတူပါလိမ့်မည်။ ဒီတော့ စုဖုရားလတ်တို့ အဖို့ ဘာလိုသေးသလဲ။ ပန်းခင်းသော လမ်းသည် မိဖုရားရှေ့မှာ အဆင်သင့်မဟုတ်လား။

သည်လို တစ်ဖက်သတ် 'တွက်' ၍တော့ မဖြစ်သေး။ လောကဓံတရားကို ဘယ်သွားထားမလဲ။ မိဖုရားသည် တန်ခိုး၊ ဩဇာ၊ အာဏာတွေကို လည်းကောင်း။ ငွေတွေ၊ ပစ္စည်းတွေ၊ ဂုဏ်သိက္ခာတွေကို လည်းကောင်း လိုသလောက် ရရှိနိုင်မည်ဖြစ်သည်။ သို့သော် မိဖုရားအဖို့ အမြဲတမ်း စိတ်ချမ်းသာ နေနိုင်ရန် အခွင့်အရေးက နည်းပါးလှပါ၏။ စက်ရာဆောင်မှာ မိဖုရားသည် အေးအေးလူလူ စံမြန်းမနေနိုင်အောင် ပြဿနာတွေက အလှည့်ကျ ပေါ်လာသည်။ မဲနှိုက်စရာ မလို၊ ခွဲတမ်းချစရာ မလို။ မိဖုရားစိတ်ကို ဆင်းရဲရှုပ်ထွေးအောင် ဒုက္ခပေးမည့် ပြဿနာ အရှုပ်အထွေးများသည် မိဖုရားထံ ခြေထောက်ပေါက်၍ ရောက်လာပြီ။ ဥပမာဆိုတော့ ခင်ခင်ကြီးနှင့် သီပေါမင်းတရားတို့ ချစ်ပြဿနာကို ကြည့်။

ခင်ခင်ကြီးဆိုတာ မိဖုရားရဲ့ အပျိုတော်ကလေးပါပဲ။ ချောချောကလေး၊ လှလှကလေး၊ ချစ်စရာကလေး။ မိဖုရားထံသို့ ဝန်ကြီးဝန်ငယ်တွေ၏ သမီးတွေ ခစားရသည်။ ကန္နီအတွင်းဝန်၏ သမီးငယ် ခင်ခင်ကြီးလည်း ဝင်ရောက် ခစားရသည်။ ခင်ခင်ကြီးသည် အပျိုတော်ဘဝတွင် အေးအေးဆေးဆေး မနေ။ သီပေါမင်းတရား၏ မိဖုရားလောင်း ဘဝအထိ တက်လှမ်းလာခဲ့သည်။ သည်တွင် ရှင်ဘုရင်ကို တစ်လင်တစ်မယား စနစ်ဖြင့် ချုပ်ကိုင်လိုသော စုဖုရားလတ်နှင့် ခင်ခင်ကြီးတို့ ရင်ခိုင်တိုးမိကြပြီ။ ကျားနှင့် ဆင် လယ်ပြင်မှာ တွေ့ကြပေါ့။ မိဖုရားသည် လူကြမ်းမင်းသမီးအဖြစ် ဝင်ကရလေတော့သည်။

မိဖုရားသည် ယောက်ျားတွေ မယားငယ်ယူသည့် အမှုကို ကြားသိရလျှင် အလွန် စိတ်ဆိုးတတ်သည်။ ဝန်ကြီးဝန်ငယ်တွေ၊ မှူးကြီးမတ်ငယ်တွေထဲက မယားငယ်နှင့် ရှုပ်ပွေသော သတင်းကြားရလျှင် ပြင်းပြင်းထန်ထန် သတိပေးသည်။ အရေးယူသည်။ နန်းတွင်းအမှုထမ်းတို့ အကြားမှာ မယားငယ် ပြဿနာ ပွေသော အမှုအခင်း သတင်းကြားရလျှင် မိဖုရားက ကိုယ်တိုင်ခေါ်ယူ စစ်ဆေးသည်။ မယားကြီးရှိပါလျက် အငယ်အနှောင်းနှင့် နောက်တွဲကလေး ထားလိုသော အမှုထမ်း အရာထမ်းတို့ကို ပြင်းပြင်းထန်ထန် ဒဏ်ခတ်သည်။ ကြီးလေးသော အပြစ်ပေးစေရန် မိဖုရားက စီရင်ဆုံးဖြတ်သည်။ ယင်းကိစ္စမျိုးကို မိဖုရားက သည်းမျှ မုန်းတီးပါသတဲ့။ စက်ဆုပ်ပါသတဲ့။ ရွံရှာပါသတဲ့။

ထိုအချိန်တွင် သီပေါမင်းတရားသည် အပျိုတော် ခင်ခင်ကြီးကို တွေ့ကြုံ ချစ်ကြိုက်မိလေသည်။ ပြဿနာ၏ အစတော့ ပေါ်လာပြီ။ ပြဿနာ၏ အလယ်မှာ ဘာဖြစ်ကြသလဲ။ ပြဿနာ၏ အဆုံးမှာ ဘယ်သို့ နိဂုံးချုပ်သလဲ။ ကြည့်ကြရအောင်။

# ၅။ ရွှေထားနှစ်လက်က ပြောသော အချစ်ဇာတ်လမ်း

## ၁

စုဖုရားလတ်သည် သမီးတော်တစ်ပါးကို ဖွားမြင်လေသည်။ မိဖုရား ကိုယ်ဝန်ရှိစဉ်က စ၍ ဘုရင်နှင့် မိဖုရားတို့ အမျှော်ကြီးမျှော်သည်က နောက်ထပ် နန်းလျာ သားတော်ကလေး တစ်ပါး။ သို့သော် မီးဖွားလာသောအခါ သမီးတော်ကလေး ဖြစ်နေပြီ။ မတတ်နိုင်ပြီ။ ဆုံးရှုံးသွားသော ကံဆိုးသူ သားတော်ကလေး နေရာတွင် သမီးတော်ကလေးတစ်ပါး အစားရသည် မဟုတ်လား။ ဘုရင်နှင့် မိဖုရားသည် သမီးတော်ကလေးကို မျိုထားမတတ် ချစ်မြတ်နိုးကြ၏။ သည်သမီးတော်ကလေးမှာ ပထမဆုံး ဖွားမြင်လာသော သမီးတော်ဆိုတော့ လွယ်လွယ်ပင် ခေါ်လို့ရပါသည်။ 'ပထမ သမီးတော်' တဲ့။

သမီးတော်ကလေးကို ကြည့်ရှုစောင့်ရှောက်ရန် ဝန်ကြီး ဝန်ငယ်များ၏ ဇနီးတွေ၊ သမီးတွေက တာဝန်ယူရသည်။ ထို့ကြောင့် မိဖုရား နန်းမတော်ဆောင်မှာ ဝန်ကတော်တွေ ခြေချင်းလိမ်နေကြ၏။ ဝန်ကြီးဝန်ငယ်တို့၏ သမီးလှ ကလေးတွေလည်း သူ့ထက်ငါ တစ်စုတစ်ဝေး ရောက်လာသည်။ ဘုရင့် သမီးတော်ကလေးဆိုတော့ တန်ခိုးရှိန်စော်က မွေးကတည်းကပါလာသကိုး။ ပထမသမီးတော်

ကလေးကို ဝန်ကတော်တွေ၊ သူတို့ သမီးချောတွေက လက်ကမချနိုင်ကြ။ ကောင်းပါပေ့။

သို့သော် မကြာမီပင် မကောင်းတာတွေ စလာသည်။ သီပေါဘုရင်သည် စုဖုရားလတ်၏ အဆောင်သို့ နာရီမလပ် ကြွချီလာ၏။ ဘုရင်သည် သမီးတော်ကလေးကို မြှူလိုက် ချော့လိုက် ကစားလိုက် လုပ်နေ၏။ သမီးတော်ကလေးကို ဘုရင်မင်းတရားက ချီပွေ့မြှူချော့နေရင်းနှင့် မိန်းမချောကလေး တစ်ဦးကို တွေ့သည်။ ခင်ခင်ကြီးတဲ့။ မိဖုရား၏ အပျိုတော်ကလေးပဲ၊ ကန္နီအတွင်းဝန်၏ သမီးတော် ဖြစ်သည်။ ခန်းပတ်ဝန်ကြီး၏ မြေးတော်သည်။ ပုဂံအတွင်းဝန်၏ တူမလည်းတော်သည်။ မျက်နှာကြီးမျိုးပါပဲကလား။ သည်မိန်းမချောကလေးကို ဘုရင်မင်းတရားသည် မြင်လျှင် မြင်ချင်း မြတ်နိုးမိပြီ။

သီပေါဘုရင်မင်းတရားသည် ခင်ခင်ကြီးကို ချစ်မြတ်နိုးသော စိတ်ဖြင့် နေမထိ ထိုင်မသာ ဖြစ်လာလေသည်။ ထို့ကြောင့် အားအားရှိတိုင်း မိဖုရား အဆောင်တော်သို့ ကူးနေမိ၏။ ခင်ခင်ကြီးနှင့် နီးစပ်မှုရအောင် ကြံစည်ရသည်။ သို့သော် သီပေါမင်းတရားက သတိမလစ်။ သည်အကြောင်းသာ လူသိရှင်ကြား ဖြစ်သွားလျှင် မိဖုရားဝင်နှောက်လို့ အားလုံး ပေါက်ကွဲကုန်ကြမည် ဖြစ်၏။ ထို့ကြောင့် မိဖုရား မသိအောင် ကျိတ်၍ ကြံသည်။ ပိပိရိရိ ကြံသည်။

ဘုရင်မင်းတရားသည် မိမိနှင့် ရင်းနှီးသော တိုင်တားမင်းကြီးနှင့် နှစ်ကိုယ် ကြားတွေ့၏။ ပြီးတော့ တိုင်တားမင်းကြီးကို နားပူရသည်။ 'ကိုယ်တော်ဘုရား မှာဖြင့် မအောင့်နိုင်သော အရေးတော် ပေါ်နေပြီ။ ကန္နီဝန် သမီးလေးကို မြတ်နိုးနေပြီ။ သည်မိန်းကလေးနှင့် တိုးတိုးတိတ်တိတ် ဆက်သွယ်ဖို့ ဘယ်သို့ ကြံရပါမလဲ။ လုပ်ပါအုံး မင်းကြီးရဲ့'။

တိုင်တားမင်းကြီးသည် သည်အရေးမှာ ဝင်ကူရန် စိတ်ဆန္ဒ သိပ်မရှိ။ မိဖုရား၏ ဓားကို ကြောက်ရသကိုး။ သို့သော် မင်းတရားက နားပူလွန်းမက ပူဆာနေတော့ မိမိ၏ တူတော်သူ တစ်ဦးကို အသုံးချ၍ ဆက်သွယ်ပေးသည်။ တိုင်တားမင်းကြီး၏ တူမှာ အသက်ဆယ့်လေးနှစ်အရွယ် လူပျိုတော်သားလေး တစ်ဦးဖြစ်၏။ သည်ကိစ္စမှာ စိတ်ချလက်ချ သုံး၍ ရနိုင်ကောင်းသည်ဟု တိုင်တား မင်းကြီးက ယုံကြည်သည်။



အပျိုတော် ခင်ခင်ကြီးမှာ မိမိကို ဘုရင်မင်းတရားက ချစ်မြတ်နိုး နေကြောင်း သိရတော့ 'နားထင်သို့ သွေးရောက်သွားမည် ဧကန်'။ သို့သော် အထက်သို့ မြင့်တက်သွားသော 'သွေး' မှာ ချက်ချင်း ပြန်ကျလာသည်ထင့်။ ခင်ခင်ကြီးသည် ခေါင်းကို သွက်သွက်ကြီး ခါလေသည်။ မိဖုရား၏ ဓားကို ကြောက်ပါ၏။ 'မိမိကို ချစ်မြတ်နိုးလျှင် ယခုလို လာမပြောနှင့်။ တကယ် မေတ္တာ ရှိပါလျှင် ဦးလေးတော်သူ ပုဂံအတွင်းဝန်ထံ ဆက်သွယ်ပြောဆိုပါတော့' သည်သို့သာ စကား ပြန်ရတော့သည်။

သီပေါဘုရင်သည် ပုဂံအတွင်းဝန်ထံသို့ ရုတ်တရက် မဆက်သွယ်သေး။ သည်ကိစ္စကို ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် မလုပ်ချင်သေးပါ။ ဘုရင်မင်းတရားသည် အကြံတစ်ခုရ၏။ မိမိဆန္ဒကို ညီတော် ရနောင်မင်းသားအား ဖွင့်ဟတိုင်ပင်လျှင် ဟန်ကျလိမ့်မည်။ ရနောင်မင်းသား မောင်မောင်တုတ်ကို မိမိက ချီးမြှောက်ထားတာ ပဲ။ ဒီကိစ္စတွင် ကောင်းစွာ ကူညီနိုင်လိမ့်မည်။ ပြီးတော့ ရနောင်မင်းသားသည် မိန်းမကိစ္စကို အလွန်ပဲ ဝါသနာထုံသတဲ့။ ခင်ခင်ကြီးကိုရဖို့ သူဝင်လုပ်ပေးရင် ပြီးမည် ထင်ပါရဲ့။

သည်လိုတွေး၍ ဘုရင်မင်းတရားသည် ရနောင်မင်းသား မောင်မောင်တုတ် ၏ အိမ်သို့ ကြွလှမ်းလာခဲ့သည်။ မိမိအိမ်တော်သို့ ဘုရင်ထီးဘုရား ကြွချီလာသည် ဆိုတော့ ရနောင်မင်းသားမှာ ပျာပျာသလဲပါပဲ။ ခရီးဦးကြိုပြု၏။ နေရာထိုင်ခင်း ပေး၏။ ပြီးတော့ အကြောင်းကို မေးသည်။ ဘုရင်ကလည်း မဖုံးမကွယ်ပင် မိန့်မြွက်ရတော့သည်။ ရနောင်မင်းသားသည် အလွန်ကျေနပ်အားရသွား၏။ အစကတည်းက ဘုရင်ကို မြှောက်ပေးနေသူမှာ မိမိပင် မဟုတ်လား။ 'မိဖုရား လေးပါးတိတိမြှောက်၊ ကိုယ်လုပ်တော်တွေ တစ်ပြုံကြီးထား။ နန်းစည်းစိမ်ကို အားရပါးရ ခံစားစံစားပါတော့လား ဘုရား။ အတွေးမလွဲနှင့်၊ စိတ်ကူးမလွဲနှင့်။ ဘုန်းတော်ကြီးမြတ်သော ကိုယ်တော်သည် ထိုကိစ္စကို အလေးထား စဉ်းစားတော် မူပါ'။

ထိုသို့ မိမိတင်လျှောက်စဉ်က ဘုရင်မင်းတရားသည် ပြုံးရုံသာ ပြုံးနေ၏။ နှုတ်က ဘာမှ မပြောခဲ့။ ယခုတော့ ဘုရင်မင်းတရား နှုတ်မှ ထွက်နေပါပြီ။ ကြိုက်မရှက်၊ ငိုက်မရှက်၊ ငတ်မရှက်ဆို မဟုတ်လား။ မရှက်သုံးပါးတွင် ပထမ

'မရှက်' နှင့် တိုးနေသော ဘုရင်မင်းမြတ်က ခင်ခင်ကြီးကို ချစ်ခင်မြတ်နိုး နေကြောင်း ဖွင့်ဟပြောနေလေသည်။

ရနောင်မင်းသားကား ခြွေရံသင်းပင်း များလှ၏။ ခိုင်းစရာ လူတွေက ထာစ်လျှောကြီး ရှိသည်။ ထို့ကြောင့် အပျိုတော် ခင်ခင်ကြီးကို သွားရှာပြီး ခေါ်ခဲ့ဟု ခိုင်းလိုက်၏။ အခန့်သင့်ပါဘိ။ မိဖုရားထံ အစားဝင်ရန် တာဝန်ချိန်မရောက်သေး၍ ထင်ပါရဲ့။ ခင်ခင်ကြီး ရောက်လာသည်။ ရနောင်မောင်မောင်တုတ် အခန်းပြင်သို့ ထွက်လာ၏။ သီပေါဘုရင်မင်းတရားနှင့် အပျိုတော် ခင်ခင်ကြီးတို့ကို အခန်းထဲမှာ 'နှစ်ယောက်တည်းနှင့် တစ်ကမ္ဘာ' လုပ်ပေးထားခဲ့ပြီ။

အဖိုးဆို ယင်ဖိုမှ မသမ်းဖူးသေးသော အပျိုစင်ကလေး မဟုတ်လား။ ခင်ခင်ကြီးမှာ ရှက်သွေးတွေ ကြွလို့ နေမထိ ထိုင်မသာ ဖြစ်ရရှာပြီ။ ရှေ့မှာ ထိုင်နေသော ဘုရင်မင်းတရားကို လက်အုပ်ချီ၍ ကြမ်းပြင်၌ ကြုံ့ကြုံ့ထိုင်နေရစဉ် ချီထားသော လက်အုပ်ကလေးက ဆတ်ဆတ်တုန်နေ၏။ စိတ်ကျဉ်းကျပ်လှပါဘိ။ သို့သော် မကြာခင်မှာပင် ခင်ခင်ကြီးတစ်ယောက် စိတ်ကျဉ်းကျပ်သော ဒုက္ခမှ လွတ်ကင်း သွားလေသည်။ ယခုတော့ဖြင့် အပျိုစင်ကလေးသည် ဘုရင်မင်းတရား၏ အတွေ့မှာ 'မွေ့' မိပြီ။ အချော့မှာ 'ပျော့' ခဲ့ပြီ။ အယုအယ ကလေးတွေကို အနုအလှကလေးတွေအဖြစ် 'စွဲ' မက်နေမိပြီမို့ပါပဲ။

ဘုရင်မင်းတရားကကောတဲ့။ ရှင်ဘုရင်လည်း သွေးနှင့်ကိုယ် သားနှင့်ကိုယ် ပေကိုး။ နုနုရွရွ လှလှကလေးကို စွဲမိရှာသပေါ့။ အသက်ကို တွက်စစ်လို့မှ ဆယ့်ခုနစ်နှစ်သာရှိသေးသော မိန်းကလေး။ ရုပ်ကလည်း ချော။ အပြောကလည်း ချို၊ အပျိုစင်ဆိုတော့ အမူအရာက ဖိမ်းဖတ်ဖတ်။ တစ်ကြိမ်တွေ့ရုံဖြင့် တစ်သက် မမေ့အောင် ဘုရင်မင်းတရားက စွဲစွဲလမ်းလမ်း ဖြစ်နေပြီဆိုလျှင် အပြစ်တင်ကြ တော့မှာလား။

ထိုနေ့က ရနောင်မင်းသား၏ နန်းဆောင်မှ ပြန်ကြွလာသော သီပေါဘုရင် နှင့် အတူ လူပျိုတော်သား အသစ်ကလေးတစ်ယောက် ပါလာသည်။ ရနောင် မင်းသား၏ အကြံပင်ဖြစ်၏။ ခင်ခင်ကြီးကို ဘုရင်မင်းတရားက အစွဲကြီး စွဲနေပြီဟု ဆိုတော့ ရနောင်မင်းသား ကြံမိကြံရာ ကြံပေးလိုက်၏။ သူငယ်မကို မျက်နှာက သနားခါးတွေဖျက်။ လက်ဝတ်လက်စားတွေ ချွတ်။ ဆံပင်ကို ပုံစံ ပြောင်း၍ထုံး။ ယောကျ်ား အဝတ်အစားဝတ်၊ ငွေခြားလွယ်တစ်စင်းကို လွယ်ပေး



လိုက်သည်။ ဘယ်လိုပဲကြည့်ကြည့် လူပျိုတော်သား ချောချော ကလေးတစ်ဦး ဘုရင့်အပါးမှာ လိုက်ပါလာသည့်ပုံ ဖြစ်နေသပေါ့။

နန်းတော်တွင်းမှာ သည်လို ရုပ်ဖျက်ကြသည်က အဆန်းမဟုတ်တော့ပြီ။ မှတ်မိကြအုံးမှာပေါ့။ စုဖုရားလတ် ငယ်စဉ်က သည်လိုပဲ၊ သာဂရမင်းသားကို တွေ့ချင်လွန်း၍ ယောကျ်ားလေးလို ဝတ်၊ မိုးရွာသော တစ်ညဉ့်မှာ မင်းသားတို့ အဆောင်တော်ထဲ လျှို့ဝှက် ဝင်ရောက်ခဲ့သေးသည်လေ။

ယခုလည်း ကြည့်အုံး။ နေဝင်ရီတရော အချိန်မှာ ဘုရင်နန်းဆောင်ထဲသို့ ဝင်ရောက်လာသော လူပျိုတော်သား အသစ်ကလေးကို ခင်ခင်ကြီးဟု မရိပ်မိကြ။ လုပ်ရပ်ကတော့ သေသေသပ်သပ် ရှိ၏။ ခင်ခင်ကြီးကို သည်နည်းဖြင့် နန်းတော် အတွင်းရှိ လူပျိုတော်သား အဆောင်တစ်ဆောင်မှာ အချိန်အတော်ကြာ သီးသန့် ထားရှိခဲ့သည်။ မိဖုရားကြီး၏ သမီးတော်ကလေးအား ပြုစုစောင့်လျှောက်ရန် အစားဝင်ရန် မလိုတော့ပြီ။ ယင်းသို့ အစား မဝင်နိုင်တော့သည့် ကိစ္စနှင့် ပတ်သက်၍ သင့်တင့်သလို ကြည့်ရှု၍ လျှောက်တင်လိုက်ကြရသည်။

အမှန်တော့ ခင်ခင်ကြီးကို သီပေါဘုရင် မင်းတရားနှင့် 'လွှတ်' ပေးကြသည့် ကိစ္စမှာ သာမန် 'လိင်ဇာတ်လမ်း အချစ်ဇာတ်လမ်း' မျှသာ မဟုတ်တော့ပြီ။ သည်ဇာတ်လမ်းနောက်မှာ နန်းတွင်းရေးတွေက ရှုပ်ထွေးစွာပါရှိနေခဲ့သည်။ ယင်း နန်းတွင်းရေးများတွင် 'စီစဉ်ညွှန်ကြားသူ' သည် ရနောင်မင်းသား မောင်မောင်တုတ် ကလွဲလို့ ဘယ်သူများ ဖြစ်အုံးမှာလဲ။

ကြည့်လေ၊ ခင်ခင်ကြီးကို ကိုယ်လုပ်မောင်းမ အဆင့်မျှနှင့် ကိစ္စပြီးရန် မကြံရွယ်။ မြောက်နန်းမိဖုရားအထိ တင်မြှောက်ရန် ရနောင်မင်းသားက ကြံသည်။ ရနောင်မင်းသားသည် 'မိန်းမကိစ္စဖြင့် ရှုပ်ပွေတတ်သူ၊ မိဖုရား များများထားရန် ဘုရင်မင်းတရားကို ရုံဖန်ရံခါ တိုက်တွန်းတတ်သူ၊ ဘုရင်မင်းတရားက အခွင့် အရေးပေးတိုင်း ဆိုးတေနေသူ' ဟု စုဖုရားလတ်က မြင်သည်။ ထို့ကြောင့် ရနောင်မင်းသားကို စုဖုရားလတ်က ဘယ်တော့မှ မျက်နှာသာ မပေးခဲ့။ ထို့အတူ ရနောင်မင်းသားကလည်း မိဖုရား စုဖုရားလတ်ကို ကြည့်မရအောင် မုန်းသည်။ ဘုရင်မင်းတရားကို နင်းပြားလုပ်၍ အပိုင်စီးသော မိဖုရား၊ ဩဇာအာဏာတွေကို ချုပ်ကိုင်ထားပြီး ငါတကော ကောနေသော မိဖုရား၊ နန်းမတော်ဆောင်မှာ

အေးအေးဆေးဆေး အိပ်မနေဘဲ နန်းပလ္လင်ပေါ် တက်ပြီး နိုင်ငံတော် ပြည်အရေးကို ရှုပ်ထွေးအောင် 'အစွယ်ပြု' နေသော မိဖုရား ဟု။

ရနောင်မင်းသားနှင့် ဆန္ဒညီသူက တိုင်တားမင်းကြီး ဖြစ်သည်။ တူတော်မောင်ကို အသုံးချပြီး ဘုရင်နှင့် ခင်ခင်ကြီးတို့အကြား အောင်သွယ်လုပ်ရန် မင်းကြီးက ဘာဖြစ်လို့ ကြိုးစားခဲ့သလဲ။ မေးလာလျှင် အဖြေရှိသည်။

နန်းပလ္လင်ပေါ်မှာ သုံးတောင်ဝတ် မိန်းမတစ်ယောက်က ဟန်ဟန်ပန်ပန် ထိုင်ပြီး အုပ်စိုးနေတာကို တိုင်တားမင်းကြီးက သဘောတူနိုင်ပါ့မလား။ မိဖုရားသည် မိဖုရားဆောင်မှာ ပုတီးစိတ်ရင်း၊ ပန်းပန်ရင်း အေးအေးမနေ။ ကိုယ်နားလည်သည် နားမလည်သည် မသိ၊ နိုင်ငံတော်ရေးရာ ကိစ္စတွေမှာ ပိုင်စိုးပိုင်နင်း ဝင်ဆုံးဖြတ်နေ၏။ မိန်းမဖျက်တော့ ပြည်ပျက်သတဲ့။ မိန်းမနောက်တော့ ပြည်ပျောက်သတဲ့။ နိုင်ငံတော် အခြေအနေက ကောင်းတာမဟုတ်။ အောက်ပြည်အောက်ရွာက ကုလားဖြူတွေမှာ မြန်မာဘုရင့်အစိုးရကို သိပ်ပြီး 'ကြည်'တာ မဟုတ်။ နိုင်ငံတော်ကို အာသာတငမ်းငမ်း၊ မျက်စောင်းတကဲကဲ ထိုးနေကြသည်။ သည်အရေးမှာ ရှုပ်ရှုပ်ချွံချွံ ခုခံကာကွယ်နိုင်က တော်မည်။ ဒါကို နန်းပလ္လင်ပေါ်ရှိ မိန်းမတစ်ယောက် ဘာများ ဝင်လုပ်နိုင်မှာတဲ့လဲ။

တိုင်တားမင်းကြီးက သည်သို့ တွေး၍ သည်သို့ မကျေမနပ် ဖြစ်နေသည်ဆိုလျှင် အပြစ်တင်ရန် မရှိပြီ။ ဘုရင်မင်းတရားမှာ မိဖုရား တစ်ပါးတည်း ဖြစ်နေတော့ မိဖုရားသည် ဘုရင်ကို အရှိန်အဝါကြီးစွာဖြင့် ချုပ်ကိုင်နေနိုင်တာပေါ့။ အကယ်၍သာ မိဖုရားကြီးလေးပါး စုံစုံညီညီ တင်လို့၊ ကိုယ်လုပ်တော်တွေ မောင်းမတွေ ပေါပေါများများ ရှိခဲ့လျှင် စုဖုရား၏ အရှိန်အဝါတွေ လျော့နည်းကျဆုံးသွားမည်။ သူ့ကို နန်းပလ္လင်ကပင် ဖယ်ရှားနိုင်လိမ့်မည်ဟုလည်း တိုင်တားမင်းကြီးက တွက်ဆပေလိမ့်မည်။

ခင်ခင်ကြီး၏ ဦးလေးတော်သူ ပုဂံအတွင်းဝန်ထံ သီပေါမင်းတရားက နားဖောက်စကား ဆိုခဲ့သည်။ ပုဂံအတွင်းဝန်နှင့် ဝန်ကတော်တို့ကို နန်းတွင်းသို့ ပင့်ဖိတ်သည်။ ထို့နောက် ဘုရင်မင်းတရားက အကြောင်းစုံ ရှင်းပြ အသိပေးလိုက်၏။ ပထမတော့ ပုဂံအတွင်းဝန်လည်း စိုးရိမ်သွား၏။ နံနက်မိုးလင်းမှာ မျက်နှာသစ်စရာ 'ခေါင်း' မရှိတော့သည့် ကိစ္စမျိုး ကြုံရင် အခက်ပါကလား။ စုဖုရားရဲ့



မားက အကြောင်းသုံးပါး ရွေးမည် မဟုတ်။ ကြောက်ပါရဲ့၊ လန့်ပါရဲ့၊ ထိတ်ပါရဲ့။ သို့သော်

ဘုရင်မင်းတရားနှင့် ရနောင်မင်းသားတို့က သည်အရေးအတွက် စိုးစိမ့်စိတ်မပူရန် အာမခံကြသည်။ ပထမတော့ ခင်ခင်ကြီးကို နန်းတော်ထဲမှာ လျှို့လျှို့ဝှက်ဝှက် ထားရဦးမည်။ နောက်တော့ တရားဝင် မိဖုရားမြှောက်မည်။ ခဏကလေးတော့ သည်းခံပြီး စောင့်။ နန်းရမိဖုရားလည်း ဖြစ်ပါစေ့မည်။ မြောက်နန်းမတော်အဖြစ် တင်မြှောက်မည်။ ဘုရင်မင်းတရားက ထိုသို့ ရဲရဲကြီး အာမခံ၏။ သည်တော့၊ ၁ည်း အစကတည်းကပင် မိဖုရား စုဖုရားလတ်ကို ကြည့်မရခဲ့သော ဝန်အိုကြီးက သဘောတူပါပြီ။ သူသည် ခေါင်းကို တဆတ်ဆတ် ညိတ်၏။ သည်တစ်ချီတော့ စုဖုရားလတ် မားထက်အုံးမှာလား။ တူမတော် ခင်ခင်ကြီးကို မိဖုရား မြှောက်ပြီးလျှင် စုဖုရားလတ်ကို နန်းပလ္လင်ပေါ်မှ ခပ်မြန်မြန် တွန်းချနိုင်ကောင်းပါရဲ့။ ပုဂံအတွင်းဝန်သည် စိတ်ကူးရုပ်ပုံကို ဂဆားရောင်စုံချယ်ရင်း ပြုံးနေလေသည်။

ပုဂံအတွင်းဝန်နှင့် ဝန်ကတော်တို့ နန်းတွင်းမှ အပြန်တွင် ဘုရင်မင်းတရား၏ အချစ်တော် ခင်ခင်ကြီးကို ခေတ္တ ပြန်ခေါ်သွားကြသည်။ မြောက်နန်းမိဖုရားလောင်းကလေး မဟုတ်လား။ နန်းမူ နန်းရာတွေကို ပုဂံအတွင်းဝန်က သင်ပေးသည်။ အပြောအဆိုကအစ အပြုအမူ အနေအထိုင်များကိုပါ နန်းမူနန်းဟန်ပါအောင် ခင်ခင်ကြီးကို သင်တန်း ပေးရလိမ့်မည်။ မိဖုရားတစ်ပါး အနေဖြင့် ရှိရမည့် ဂုဏ်၊ သိက္ခာ၊ သမာဓိ၊ သဘောတရားတို့ကို ကျွမ်းကျင်နားလည်အောင် သွန်သင် ပေးကြရမည် ဖြစ်လေသည်။

ထိုအတွင်း သီပေါမင်းတရားသည် နန်းတွင်းရှိ လူယုံတော် ဝန်ကြီးဝန်ငယ်တွေနှင့် တိုင်ပင်ရ၏။ စုဖုရားလတ် မသိအောင် တိုးတိုးတိတ်တိတ်ပေါ့။ ခင်ခင်ကြီးကို ဘယ်အဆောင်မှာ ထားမလဲ။ ဘယ်ပုံထားမလဲ။ ကတိပေးထားသလို မြောက်နန်း မိဖုရားအဖြစ် တင်မြှောက်နိုင်အောင် ဘာတွေစီစဉ်ရမလဲ။ ခင်ခင်ကြီးဇာတ်လမ်းမှာ ရနောင်မင်းသားက စီစဉ်ညွှန်ကြားသူ ဖြစ်လေတော့ သည်ကိစ္စတွေကိုလည်း သူကပင် ဦးဆောင် စီစဉ်လေသည်။ ကျန်ဝန်ကြီး ဝန်ငယ်တွေက ခေါင်းညိတ် ပေးလိုက်ရုံဖြင့် ပြီးပြည့်စုံပါလေပြီ။

မကြာမီ ပုဂံအတွင်းဝန်အိမ်မှ ခင်ခင်ကြီးကို နန်းတော်သို့ ပြန်ခေါ်လာ၏။ ယခုပေစ်ခါတွင်တော့ ခင်ခင်ကြီးကို ယောကျ်ားကလေးဟန် ဝတ်စားဆင်ယင်နေရန် မလိုတော့ပြီ။ ဘုရင့်လက်သုံးတော်များ နေထိုင်ရာ အမျိုးသားဆောင်များ အနီးတွင် သီးသန့်အဆောင် ပေးထားသည်။ အခြွေအရံနှင့်၊ အပျိုတော်များနှင့် သီးသန့် အစောင့်အကြပ်များနှင့်၊ ခံ့ခံ့ထယ်ထယ် ပေးထားသည်။ ပုံစံကတော့ နန်းရ မိဖုရားကြီး မဖြစ်သေးမီ အဆောင်ရ မိဖုရားငယ် သဘောမျိုး ဖြစ်သည်။

အရေးအကြီးဆုံးမှာ ခင်ခင်ကြီးကို နန်းတော်ထဲမှာ ထားပြီး ဘုရင်မင်းတရားနှင့် ပေါင်းသင်း ဆက်ဆံနေကြောင်း စုဖုရားလတ်မိဖုရား မသိစေရန် ဖြစ်သည်။ ဤသတင်းသာ မိဖုရားထံ ရောက်သွားလျှင် သတင်းပို့သူနှင့် တစ်ဆွေမျိုးလုံးကို သေဒဏ်ပေးမည်ဟု ဘုရင်မင်းတရားက အမိန့်ထုတ်သည်။ ရနောင်မင်းသားကိုယ်တိုင် ဦးစီးလုပ်ဆောင်နေသော ကိစ္စဖြစ်တော့ တကယ်သတင်းပေါက်ကြားလျှင် တကယ်သတ်မည်ဆိုတာ ယုံကြည်ကြပါ၏။ အကြောင်းမဲ့ သေရမှာကို ကြောက်ကြပါ၏။ ရွံ့ကြပါ၏။ သို့နှင့် သည်သတင်းသည် အခိုက်အတန့်တွင်တော့ မိဖုရားထံ မရောက်သေး။

ထိုအတွင်း စုဖုရားလတ်ထံတွင် ဒုတိယ သမီးတော်ကို ကိုယ်ဝန် ရှိလာလေသည်။ မိဖုရား၏ ကိုယ်ဝန်မှာ တဖြည်းဖြည်းနှင့် ရင့်မာလာပြီ။ ဖွားမြင်ရန် လပိုင်းမျှသာ လိုသော အချိန်တွင် ရနောင်မင်းသားနှင့် ဘုရင့်အသိုင်းအဝိုင်းများက အစီအစဉ်တစ်ရပ် ရေးဆွဲပေးကြသည်။ ဘုရင်မင်းတရားနှင့် ခင်ခင်ကြီးတို့ နှစ်ပါး တိတ်တိတ်ဆိတ်ဆိတ် မဟုတ်ဘဲ ပြောင်ပြောင်တင်းတင်း ပျော်ပါးနိုင်ရန် အစီအစဉ်ပင်တည်း။

စီမံကိန်းက သည်လိုပါ။ ဘုရင်မင်းတရားက မိဖုရားထံ ကပ်၍ပြောရန် ဖြစ်သည်။ ယခုအခါတွင် မိဖုရားကြီးသည် ပဋိသန္ဓေကို ဖွားမြင်ရန် နီးကပ်လာပြီ။ အရေးကြီးသည်မှာ ကုန်းဘောင်မင်းဆက်ကို မပျက်မကွက် ထိန်းသိမ်းနိုင်မည့် နန်းလျာသားတော် ရဖို့ မဟုတ်လား။ သည်တော့ ဘုရင်မင်းတရားက ပုဏ္ဏားပညာရှိများကို ခေါ်ယူ၍ ဘုရင်မင်းတရား၏ ဇာတာတော်နှင့် မိဖုရား၏ ဇာတာတော်ကို စစ်ဆေးသည်။ နန်းလျာ သားတော်ရဖို့ ဘယ်လို ကြံရမလဲမေးသည်။

ပုဏ္ဏားတော်တို့က 'ဘုရင်နှင့် မိဖုရား နှစ်ပါးစလုံးကို ဥယျာဉ်တော်သို့ထွက်၍ ရက်သတ္တ တစ်ပတ်လုံးလုံး ဥပုသ်ဆောင် ဝင်ပြီး သီလစောင့်ထိန်းရန်လို



ကြောင်း၊ ဘုရင်နှင့် မိဖုရားတို့သည် မိမိတို့အတွက် သီးသန့်ဆောက်လုပ်သော သီးသန့်အဆောင်တော်များတွင် သီးသန့် စံမြန်းကြရန်' လျှောက်တင်ကြကြောင်း စသည်ဖြင့်–

သည်တစ်ချီတွင်တော့ မိဖုရား စုဖုရားလတ် အငိုက်မိသွားရှာသည်။ အလွန် 'ပါး'၊ အလွန် 'နပ်' တဲ့ မိဖုရားပါပဲ။ အလွန် 'လျင်' တဲ့ မိဖုရားပါပဲ။ သို့သော် ယခုတော့ ဘုရင်မင်းတရား၏ အစီအစဉ်ကို အဟုတ်မှတ်လို့ လွယ်လွယ်ပင် ခေါင်းညိတ်လိုက်သည်။ မြွေပွေးပိုးထိဆိုတာ ဒါမျိုးပဲ ဖြစ်လေမလား။ ဘာဖြစ်လို့လဲ ဆိုတော့။

၂

ဥယျာဉ်တော်တွင် ဘုရင်နှင့် မိဖုရားတို့သည် သီးသန့်ဆောင်များဖြင့် စံမြန်းနေကြပြီ။ ဘုရင်က အဆောင်တစ်ဆောင်နှင့် အခြွေရံတွေနှင့်၊ စိတ်ချရသော လူယုံတော် လက်သုံးတော်တွေနှင့်၊ လူပျိုတော် သားတွေနှင့်။ ပြီးတော့ ချစ်သော မိဖုရား ခင်ခင်ကြီးနှင့်။

ဘုရင်မင်းတရား ဥပုသ်ဆောင်ဝင်တာ ပျော်စရာကြီးပါပဲ။ ရနောင်မင်းသား မောင်မောင်တုတ်ကလည်း သူ့ဝါသနာအတိုင်း ပျော်စရာကလေးတွေ ပါလာသည်။ ပျော်စရာကလေးတွေဆိုတာက နုနုငယ်ငယ် လှလှပပ အပျိုစင်ကလေးတွေနှင့် သောက်စရာ အရက်မျိုးစုံပဲ ဖြစ်ရသပေါ့။ မောင်မောင်တုတ်ကြိုက်တာက ဒါပဲ ဖြစ်သကိုး။ ရနောင်မင်းသားသည် အရက်မျိုးစုံကို ရွှေကရားမှာ ထည့်။ ရွှေဖလားနှင့် တစ်ခွက်ပြီး တစ်ခွက်မော့သည်။ အပျိုစင်က သားများက အနားမှ အရက်ငှဲ့ပေးသည်။ စားစရာ မြည်းစရာ ရှာဖွေ ကြော်ချက်ပေးသည်။

ပျော်စရာကြီးပါပဲလား။ ရှင်ဘုရင် လုပ်ဖို့ကို ဒါကြောင့်ပဲ လူတိုင်းက မက်မောကြခြင်း ဖြစ်မည်။ သည်လို အရသာတွေ ခံစားနေရလို့တော့ လူ့လောကဆိုတာ တကယ်ပျော်စရာ ရွှင်စရာ ဘုံကြီးတစ်ခု ဖြစ်နေ၏။ ဒုက္ခဆိုတာ မရှိ။ စိတ်ညစ်စရာက နတ္ထိ။ သောကပွားစရာတွေကို မသိ၊ ဘယ်တော့မှ မသိ။

ထိုအချိန်မှာပင် ဥယျာဉ်တော် တစ်နေရာတွင် ပဋိသန္ဓေကို လွယ်ထားသော မိဖုရား စုဖုရားလတ်သည် သီးသန့်အဆောင်ဖြင့် စံ[illegible]နေ၏။ ဖွားလာမည့်

သန္တေသားသည် နန်းလျာသားတော် ဖြစ်စေကြောင်း ဆုမွန်တောင်းသည်။ ပုတီးစိပ်သည်။ ရက်သတ္တ တစ်ပတ်လုံးပင် ဥပုသ်ဆောင်ဝင်သည်။ အချိန်အားရခိုက်တွင် စုဖုရားလတ်သည် အပျိုတော်တွေနှင့် အလ္လာပ သလ္လာပ စကားပြောရသည်။

မိဖုရား ပြောသည့် စကားတွေက နိုင်ငံရေးမဟုတ်ပါ။ လူမှုရေးလည်း မဟုတ်ပါ။ မိမိ၏ ချစ်လင် ဘုရင်မင်းတရားကြီးသည် စုဖုရားအပေါ်တွင် အလွန်ချစ်မြတ်နိုးကြောင်း။ အလွန် ယုယကြောင်း၊ အလွန်လည်း ကြင်နာလှကြောင်း။ ထို့ကြောင့်ပင် ဘာကိစ္စမဆို စုဖုရားကသာ ဆန္ဒရှိလျှင် အမြဲလိုက်လျောကြောင်းများဖြစ်၏။ ပြီးတော့ 'ကြည့်ပါလား၊ စုဖုရားက မောင်တော်မင်းတရားကို စည်းကမ်းပေးထားတယ်။ ရှင်ဘုရင်ဆိုပြီး မိဖုရားတွေ အများကြီး မယူရဘူး။ မိဖုရားဆိုလို့ နှမတော် မိဖုရားတစ်ပါးတည်း ရှိရမယ်လို့ ပြောတော့ မောင်ဘုရားက စုဖုရားအလိုကို တစ်သွေမတိမ်း လိုက်ရှာတယ်' တဲ့။

ကြုံရပုံများတော့ ဟားတိုက်ရယ်ဖို့ပင် ကောင်းသေးတော့သည်။ သီပေါဘုရင် မင်းတရားသည် ခင်ခင်ကြီးနှင့်အတူ အတွေ့သစ်၊ အရသာသစ်ကလေးကို ခံစားပျော်မြူးနေစဉ်မှာ စုဖုရားလတ် မိဖုရားသည် မောင်တော်ဘုရား၏ ဂုဏ်ပုဒ်တွေကို ချီးကျူးခန်း ဖွင့်နေလေသတဲ့။ ပြီးတော့ မောင်တော်မင်းတရား အပေါ်တွင် မိမိမည်မျှသြဇာထက်မြက်ကြောင်းကိုလည်း အဆီတစ်ထပ် အသားတစ်ထပ် ပြောနေပြန်သည်။

သို့သော် သည်အကြောင်းတွေက ဆန်းလှသည်တော့ မဟုတ်။ မိန်းမတွေ စုမိလျှင် ကိုယ့်လင်အကြောင်းကို သိဒ္ဓိတင် ပြောတတ်ကြမြဲ ဖြစ်သည်။ ပြီးတော့ တစ်ဆက်တည်း ပြောတတ်သည်က ကိုယ့်လင်အပေါ် ကိုယ့်သြဇာ ဘယ်လောက်ထက်မြက်စူးရှသည် ဆိုသည့်အကြောင်းပဲ မဟုတ်လား။ ဒါကတော့ မိန်းမတို့သဘာဝပေပဲ။ မိန်းမတို့ ပင်ကို ဓလေ့ပေပဲ။ သည်တော့ 'ဘုန်းတော် အလွန်ကြီးမြတ်တော်မူသော ဘုရင်မင်းတရား' အပေါ် မိမိအနိုင်ရပုံကို ကြွားဝါနေသည့် စုဖုရားလတ်အား အပြစ်တင်ကြအုံးမှာလား။ စုဖုရားလတ်သည်လည်း မိန်းမတွေထဲက မိန်းမတစ်ယောက်ပဲဆိုတာ မမေ့သင့်ကြ။ စင်စစ်တော့ မိန်းမသည် မိန်းမသာတည်း။

ဥပုသ်ဆောင် ဝင်၍ ရက်သတ္တပတ် အကြာတွင် ဘုရင်မင်းတရားနှင့် မိဖုရားတို့သည် နန်းတော်အဆောင်သို့ ပြန်ကြွလာကြသည်။ တိုင်းရေးပြည်မှုတို့နှင့် ရက်သတ္တပတ်ကြာ ကင်းကွာနေခဲ့၏။ ယခုမှပင် ဘုရင်မင်းမြတ်သည် နေ့ညီလာခံ၊ ညဉ့်ညီလာခံများသို့ အချိန်မှန်မှန် တက်ရောက်နိုင်ပြန်သည်။ မိဖုရား စုဖုရားလတ်ကမူကား ဘုရင်မင်းတရားနှင့်အတူ ညီလာခံများသို့ မတက်နိုင်သည်မှာ ကြာပြီ။ ကိုယ်လေးလက်ဝန် ရှိနေသော မိဖုရားသည် အဆောင်ဆောင်ထဲမှာပင် အနားယူရင်း အေးချမ်းစွာ နားနေရသည်။

ဥယျာဉ်တော် ဥပုသ်ဆောင်မှ ပြန်လာပြီး မကြာမီမှာပင် မိဖုရားသည် သမီးတော်တစ်ပါးကို ထပ်မံ ဖွားမြင်ပြန်သည်။ ဒုတိယအကြိမ် ဖွားမြင်သောသမီးတော်ကို 'ဒုတိယသမီးတော်' လို့ပဲ လွယ်လွယ်ခေါ်ခဲ့ကြသည်။ ကောင်းပါလေရောလား။ နန်းလျာ သားတော်ကလေး လိုချင်လွန်းလို့ ဥပုသ်ဆောင် ဝင်ခဲ့၊ အကျင့် သီလ ဆောက်တည်ခဲ့တာ ဘာမှ မကြာသေး။ တကယ်ဖွားလာတော့ သမီးတော်ပင် ဖြစ်နေပြန်သည်။

အမျှော်လင့်ကြီး မျှော်လင့်ခဲ့သည်က ဖြစ်မလာတော့ စိတ်ပျက် အားငယ်စရာ ကောင်းလှသည်။ သာမန် စိတ်ဓာတ်ပျော့ညံ့သူ အရပ်သူ အရပ်သားတွေဆိုလျှင် သည်နေရာမှာပင် ချုံးပွဲချ၍ ငိုမိကြမည်။ သို့သော် မိဖုရားကမူ စိတ်ဓာတ်မကျ၊ စိတ်မပျက်၊ အားမငယ်ပါ။ စိတ်ပျက်အားငယ်သည် ဆိုခြင်းကို မိဖုရားမသိ။ လောကကြီးမှာ ဘာကိုပဲဖြစ်ဖြစ် ရဲရဲရင်ဆိုင်ရန် အသင့်ရှိသည်။ ဘာဖြစ်လို့ စိတ်ပျက်အားငယ် နေရမှာတဲ့လဲ။

အမှန်ဆိုလျှင် မောင်တော်မင်းတရားကို အခြားတစ်ပါးသော မိန်းမတွေနှင့် ဖောက်ပြားလွန်ကျူးခြင်း မရှိအောင် မိမိက နန်းလျာသားတော် တစ်ပါးကို မုချမသွေ ဖွားမြင်ပေးဖို့ တာဝန်ရှိသည်။ နန်းလျာ သားတော်ဆိုသည်မှာ ထီးရှင်နန်းရှင် ပြည့်ရှင် ဘုရင်တိုင်းက အာသာဆန္ဒ ပြင်းပြစွာ လိုလားကြမြဲ ဖြစ်၏။ ဒါမှလည်း နန်းပလ္လင်၏ အနာဂတ်အတွက် အာမခံချက် ရှိလိမ့်မည်။ ပြည့်ရှင် ဘုရင်မင်းတရား၏ ထီးနန်းမွေကို ဆက်ဆံမည့် နန်းလျာသားတော် ရှိနေလျှင် နန်းပလ္လင်ကို မျက်စောင်းထိုးမည့် အန္တရာယ်တွေ လွယ်လွယ်နှင့် မကပ်နိုင်ဘူး မဟုတ်လား။

သို့သော် ယခုတစ်ကြိမ်တွင်လည်း သမီးတော်ကလေးကိုပင် ဖွားခဲ့ပြန်သည် ဆိုတော့ တစ်နေ့နေ့တွင် 'နန်းလျာ' ပြဿနာ ပေါ်မည်ကို မိဖုရား ခန့်မှန်းမိ၏။ သို့သော် မတတ်နိုင်ဘူး။ ဟိုကျွေ့ ရောက်တော့မှ ဟိုတက်ဖြင့် လှော်တော့မည်။

ယခု လောလောဆယ်မှာ မွေးဖွားလာသော သမီးတော်ကလေးကို ဂရုစိုက်ပြုစုရန် တာဝန်က ရှိသေးသည် မဟုတ်လား။

သီပေါဘုရင် မင်းတရားက လောလောဆယ်တွင် 'နန်းလျာ' ရရှိရေးကို တွေးတောပူပန်ပုံမရ။ မွေးဖွားလာသော ဒုတိယသမီးတော်ကလေးကို ချီမွေ့မြူရှော့ရင်း ပျော်နေသည်။ နန်းလျာအတွက် မပူပန်ဘဲ နေသည်မှာ မြောက်နန်းမိဖုရားလောင်း ခင်ခင်ကြီးနှင့် ပျော်မြူးနေရ၍ ဖြစ်လေမလား၊ ဒါတော့ မသိနိုင်။

မိဖုရားကြီး မီးနေဆောင်ဝင်နေတုန်းကများဆိုလျှင် သီပေါမင်းတရားသည် ညီလာခံတွေကိုပင် မှန်မှန် မတက်ခဲ့တော့။ သူသည် ရနောင်မင်းသား မောင်မောင်တုတ်နှင့် အချိန်ဖြုန်းသည်။ ခင်ခင်ကြီးနှင့်လည်း နှစ်ပါးတူယှဉ် ပျော်စံရင်း အချိန်ကုန်ခဲ့သည်။ အောက်ပြည်မှာ လူစုပြီး ပုန်ကန်နေသော ညောင်ရမ်းစားပြဿနာ။ ဗြိတိသျှတို့နှင့် အဆက်အသွယ်မရဘဲ နှစ်နိုင်ငံ ဆက်ဆံရေး တင်းမာနေမှုများ၊ ဒါတွေကို မစဉ်းစား။ စိတ်ညစ်စရာတွေ၊ သောကဖြစ်စရာတွေ ဘာမှ မတွေးဘဲ ပျော်ပျော်နေ၏။ မင်းတရားသည် စားဝင်အိပ်ပျော်ကာ သွေးသားဆူဖြိုးလာသည်။ ကိုယ်လုံးကိုယ်ထည်လည်း ထွားကျိုင်းဝဖီးလာလေသည်။ စည်းစိမ်ယစ်မူးနေသူအဖို့ ကိုယ်ကာယ ဖွံ့ထွားလာခြင်းမှာ အဆန်းမဟုတ်တော့ပြီ။

သည်အခြေအနေတွင် သည်အတိုင်း ပျော်ပျော်ပါးပါး ဆက်၍ နေသွားကြလျှင် ဘယ်လောက်ကောင်းမည်လဲ။ သို့သော် မမျှော်လင့်သော နေရာမှ မမျှော်လင့်သော ကံကြမ္မာဆိုးက ဝင်လာသည်။ ထို ကံကြမ္မာဆိုးသည် ဘုရင့်နန်းတော်အတွင်းသို့ ရက်ရက်စက်စက် ဝင်မွှေလေသည်။ သို့နှင့် ဂြိုဟ်ဆိုး၏ ဒဏ်ကို ကျောကော့အောင် အသေအလဲ ခံသွားကြရရှာ၏။ ဖြစ်ပုံက သည်လိုပါ။

ဒုတိယ သမီးတော်ကလေးကို စုဖုရားလတ် မိဖုရားက ဖွားမြင်ပြီး နောက် ၁၅ ရက်မြောက်နေ့တွင် ဖြစ်၏။ မိုးရာသီ ဖြစ်သောကြောင့် နန်းတော်ဝန်းကျင်တစ်ခွင်မှာ မိုးသက်လေများက ခပ်ပြင်းပြင်း တိုက်ခိုက်နေသည်။ နေ့လယ်ခင်းအချိန် ဖြစ်သောကြောင့် မိဖုရား စုဖုရားလတ်သည် ဖြူနီ ဝါပြာ စိမ်းရွှေ စသည်ဖြင့် ရောင်စုံ ခြယ်ထားသော နန်းတော်အဆောင် တစ်ခုတွင် အေးဆေးညင်သာစွာ လဲလျောင်း စံစားနေ၏။ သည်အဆောင်ကို 'အီတာလျံဆောင်' ဟု ခေါ်သည်။ ပြီးတော့ 'ရေပန်းဆောင်' ဟုလည်း ခေါ်ကြသေးသည်။



အီတာလျံဆောင်ဆိုသည်က အီတလီကျောက်ပြားများကို ရောင်စုံခြယ်သဆင်ယင်ထားသည့် အဆောင်မို့ ထင်ရဲ့။ ရေပန်းဆောင် ဆိုသည်ကတော့ အဆောင်မျက်နှာစာတွင် ရေပန်းတွေဖြစ်အောင် မွမ်းမံတည်ဆောက်ထားသော တိုင်ကလေးများရှိ၍ ဖြစ်သည်။ ဘုရင်နှင့် မိဖုရားတို့ အနားယူနေစဉ်ကာလတွင် ရေပန်းကလေးတွေ လွင့်နေသည်ကို ကြည့်ရင်း စည်းစိမ်ယူနိုင်ရန် တည်ဆောက်ထားခြင်း ဖြစ်ပေသည်။ လေထဲသို့ လွင့်ပျံ့တက်လာသော ရေမွှင့်ရေပန်းကလေးများကို ကြည့်ရသည်မှာ စိန်ပွင့် စိန်ပန်းကလေးတွေများ လွင့်ပျံ့နေသလား ထင်ရသည်။

စုဖုရားလတ်သည် ရေပန်းကလေးများ လွင့်ပျံ့နေသည်ကို ငေးမော၍ကြည့်ရင်း မှီအုံးတွင် လက်ထောက်လျက် မှီနေ၏။ မိဖုရားဆိုတော့ မနေ့တစ်နေ့က မီးဖွားပြီးသော သမီးတော်ကလေးကို နို့တိုက်ရန် ထုံးစံမရှိ။ တာဝန်မရှိ။ ဝိုင်းဝန်းခစား ပြုစုကြသော ဝန်ကတော်တွေ၊ မှူးကတော်တွေက သည်တာဝန်ကို ယူကြလိမ့်မည်။ ထို့ကြောင့် မိဖုရားသည် သည်လို အေးဆေးစွာ စံနေနိုင်ခြင်း ဖြစ်သည်။ ထိုအချိန်မှာ မိဖုရား အပျိုစင် ဘဝကပင် ခစားလာခဲ့သော နိုင်ငံခြားသူ အပျိုတော် 'မတ်တီ' လည်း မိဖုရားအပါးတွင် ခစားနေသည်။

မတ်တီ၏ ခင်ပွန်းဖြစ်သူ သင်္ဘောကပ္ပတိန်မှာ ယခုအခါတွင် ကွယ်လွန်သွားရှာပြီဖြစ်၏။ ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမကလေး 'မတ်တီ' သည် မိဖုရားထံတွင် ခစားမြဲ ခစားလျက် ရှိနေခဲ့လေသည်။

ထိုအခိုက်တွင် စုဖုရားလတ် ထံသို့ နိုင်ငံခြားသူကလေးတစ်ဦး အပြေးအလွှား ဝင်ရောက်ခစားလာသည်။ မိဖုရား အနားယူနေချိန်တွင် ဝင်ရောက်ခစားရန် အစောင့်အကြပ်များက ခွင့်မပြု၍ အပြင်ဘက်တွင် ဆူဆူညံညံ ဖြစ်လိုက်သေး၏။ နောက်တော့မှ အပျိုတော် အကြီးအကဲ တစ်ဦးက မိဖုရားထံ ဝင်ရောက်လျှောက်ထားခွင့်တောင်းသည်။ သို့နှင့်အဆိုပါ နိုင်ငံခြားသူသည် မိဖုရားရှေ့တော်မှောက်သို့ ဝင်ရောက် ခစားခွင့် ရခဲ့လေသည်။

ဝင်ရောက်ခစားသူ ကလေးမှာ ပြင်သစ်အမျိုးသား ရက်ကန်းရုံ ဆရာကြီး၏ သမီး နုနယ်ပျိုမျစ်သော မိန်းကလေး တစ်ဦးပင် ဖြစ်သည်။ သူ့ အမည်က မစ္စဒင်းနီဂါးတဲ့။

ဒင်းနီဂါးသည် ပြဿနာတစ်ရပ်လုံးကို မိဖုရားထံသို့ အရေးတကြီး လာတင်နေ၏။ လက်အုပ်ကလေး ချီကာ ချီကာဖြင့် မျက်ရည်ကလေး စမ်းစမ်းနှင့် တင်လျှောက်နေခြင်း ဖြစ်သည်။ သူ တင်လျှောက်နေသော ပြဿနာမှာ ပထမတော့ ဘာမှ အရေးမကြီးဟန်နှင့်။ တဖြည်းဖြည်း ထိတ်လန့်စရာတွေ ပါလာ၏။ မြန်မာ့ နန်းတွင်းက ရွှေဓားနှစ်လက်ကို နိုင်ငံခြားသို့ ခိုးထုတ်မှုကြောင့် နိုင်ငံခြား သား နှစ်ဦးကို ဖမ်းဆီးလိုက်သည် ဆိုပါကလား။

ယခု လာရောက်လျှောက်ထားနေသော မစ္စဒင်းနီဂါး၏ အစ်ကိုတော်သူ ပြင်သစ် အမျိုးသား ဧည့်သည်တစ်ဦးသည် မကြာမီက ရတနာပုံ နေပြည်တော်သို့ အလည်အပတ် ရောက်လာ၏။ နေပြည်တော်တွင် ရက်အတန်ကြာ နေပြီးနောက် အောက်ပြည် ရန်ကုန်သို့ ပြန်သွားသည်။ ထိုသို့ အပြန်တွင် သူ့ထံ၌ နေပြည်တော်ရှိ ပြင်သစ် အင်ဂျင်နီယာတစ်ဦးက လူကြုံပါးလိုက်သော ပစ္စည်းတစ်ခုပါသွား၏။ သည်ပစ္စည်းကား ရွှေဓားနှစ်လက် ဖြစ်သည်။

လက်ဆောင်ပါးလိုက်သော အင်ဂျင်နီယာ ပြင်သစ်အမျိုးသားမှာ ဘွန်ဗီလိန် ဆိုသူဖြစ်သည်။ ဘွန်ဗီလိန်က သူ့နည်းသူ့ဟန်ဖြင့် ရှာဖွေရရှိထားသော ရွှေဓားနှစ်လက်ကို မစ္စဒင်းနီဂါး၏ အစ်ကိုထံတွင် ထည့်ပေးလိုက်သည်။ ပြင်သစ် နိုင်ငံရောက်သော် မိမိ၏ ဆွေမျိုးများထံ ပေးရန် လက်ဆောင်ဖြစ်ပါသတဲ့။

မစ္စဒင်းနီးဂါး၏ အစ်ကိုလည်း ယင်းလက်ဆောင်ထုပ်ကို ထုပ်၍ ပိုး၍ ယူသွားသည်။ သို့သော် နေပြည်တော်မှ အပြန် မင်းလှမြို့ (ယခု အထက်မင်းလှ) ဆိပ်ကမ်းတွင် ရွှေဓားနှစ်လက်က ပြဿနာပေါ်လာသည်။ မင်းလှမြို့သည် မြန်မာ ဘုရင်မင်းမြတ် ပိုင်နက်အတွင်းမှ နောက်ဆုံး ဆိပ်ကမ်းမြို့ မဟုတ်လား။ သည်တော့ နိုင်ငံတော်အတွင်းမှ ထွက်ခွာမည့် ခရီးသည်တွေကို မြန်မာအရာရှိ တို့က သေချာစွာ စစ်ဆေးရှာဖွေကြသည်။ ဒါကတော့ လုပ်ရိုးလုပ်စဉ်ပါပဲ။ မြန်မာပြည် နယ်နိမိတ်အပြင်သို့ မထွက်သင့်သောပစ္စည်းတွေ ထွက်မသွား ရအောင် ထုံးစံအတိုင်း ရှာဖွေစစ်ဆေး ကြည့်ကြခြင်း ဖြစ်သည်။

ထိုသို့ ရှာဖွေနေစဉ် ရွှေဓားနှစ်လက်ကို ပြင်သစ်ခရီးသွား ဧည့်သည်ထံတွင် ရှာဖွေတွေ့ကြ၏။ မြန်မာအရာရှိတို့က အကြောင်းကို စစ်မေးကြ၏။ သည်တော့ ခရီးသည်က အမှန်အတိုင်း ဖြေသည်။ မိမိသည် မန္တလေးရှိ ဖခင်နှင့် ညီမတို့ထံ အလည်သွားခဲ့ကြောင်း။ အပြန်တွင် အင်ဂျင်နီယာ ဘွန်ဗီလိန်က လူကြုံပါးပါရစေ



ဆို၍ ရွှေဓားနှစ်လက်ကို ယူလာခဲ့ကြောင်း၊ ဒါကလည်း ဘွန်ဗီလိန်၏ ဆွေမျိုးများ ထံပေးရန် အမှန်ဖြစ်ကြောင်း စသည်ဖြင့်။

မြန်မာအရာရှိတို့သည် ရွှေဓားနှစ်လက်ကို သိမ်းယူလိုက်ပြီးနောက် ပြင်သစ် ခရီးသည်ကိုမူ သွားခွင့်ပြုလိုက်သည်။ သို့သော် ရွှေဓားနှစ်လက်နှင့် အမှုဖြစ် ကြောင်းစုံလင်ကို ရေးသား၍ နေပြည်တော်ရှိ သက်ဆိုင်ရာ လုံခြုံရေး အာဏာပိုင် တို့ထံ အစီရင်ခံစာ တင်ပို့လိုက်ကြ၏။ တစ်ချိန်တည်းမှာပင် ပြင်သစ် ခရီးသည် ကလည်း နေပြည်တော်ရှိ ဖခင်ထံသို့ လည်းကောင်း၊ အင်ဂျင်နီယာ ဘွန်ဗီလိန်ထံသို့ လည်းကောင်း ဖြစ်ကြောင်းကုန်စင်ကို စာရေးလိုက်လေသည်။

ထိုကိစ္စသည် သာမန်အရေးအခင်း မဟုတ်ဘဲ၊ ပြဿနာ မီးပွားက တစ်စထက်တစ်စ ပွားများလောင်မြိုက် လာလေသည်။ မစ္စဒင်းနီးဂါး၏ ဖခင်ဖြစ်သူ ရက်ကန်းဆရာကြီးနှင့် အင်ဂျင်နီယာ ဘွန်ဗီလိန် တို့ကို နန်းတော် တွင်းသို့ အမြန်လာရန် သက်ဆိုင်ရာ အာဏာပိုင်တို့က ဆင့်ခေါ်လိုက်သည်။ နန်းတော် တွင်းသို့ ရောက်တော့ သူတို့ကို စောင့်ကြိုနေသော ရနောင်မင်းသား မောင်မောင်တုတ်၏ ခက်ထန် မာကျောသော မျက်နှာကို ရင်ဆိုင်ကြရသည်။ မောင်မောင်တုတ်က ရွှေဓားနှစ်လက် ကိစ္စကို အနည်းအကျဉ်း မေး၏။ ပြီးတော့ ပြင်သစ် ရက်ကန်း ဆရာကြီးနှင့် အင်ဂျင်နီယာ ဘွန်ဗီလိန်တို့ကို ချက်ချင်းပင် အကျဉ်းချ ထားလိုက်သည်။ ရက်ကန်းဆရာကြီးမှာ ဖြစ်ရပ်ကို ရုတ်တရက် နားမလည်နိုင်။ ထို့ကြောင့် ရှန်းကန်နေ၏။ သို့နှင့် အစောင့်တပ်သားတို့က အဖိုးကြီးကို လေးငါးချက် ရိုက်နှက်ပြီး သံခြေကျင်း ခတ်ထားလိုက်လေသည်။

မစ္စဒင်းနီဂါးမှာ ဖခင် ရက်ကန်းဆရာကြီးကို ဆင့်ခေါ်သည့်နေက ပြန် လွှတ်မည် ထင်၍ တစ်နေ့လုံး စောင့်နေသော်လည်း ဖခင်က ပြန်မလာ။ ထို့ကြောင့် နောက်တစ်နေ့တွင် မိဖုရားထံ အမြန် လာရောက် တိုင်ကြား လျှောက်ထား ရပါသည်။ ရနောင်မင်းသား မောင်မောင်တုတ်ထံမှာ သည်ကိစ္စ မေးမြန်း စစ်ဆေး ပါဟု ထပ်ခါထပ်ခါ လျှောက်တင်နေလေသည်။

ရုတ်တရက်သော် မိဖုရား စိတ်ညစ်သွား၏။ သာတောင့်သာယာနှင့် အပန်းဖြေနေချိန်မှာ 'ရနောင်မောင်မောင်တုတ်' ဆိုသော နာမည်ကို ကြားရသည့် အတွက် စိတ်ထဲမှာ မကြည်မသာ ဖြစ်သွားရသည်။ ရနောင်မောင်မောင်တုတ်ကို မိဖုရားက ကြည့်မရသည်မှာ ကြာပြီ။ သည်မင်းသားသည် မောင်တော်မင်းတရား

မြှောက်စားတိုင်း သွေးတကြွကြွ ဖြစ်နေသည်ဟု မြင်သည်။ နေပြည်တော်တစ်ခွင်မှာ မိန်းကလေးတွေကို ဖျက်ဆီး နေတာလည်း သည်မင်းသားပဲတဲ့။ ယခုလည်း ရနောင်မောင်မောင်တုတ်သည် မိမိကိုယ်တိုင် စီမံခန့်ခွဲထားသော ရက်ကန်းရုံမှ ပြင်သစ်ပညာရှင်နှင့် အင်ဂျင်နီယာတို့ကို အဘယ်ကြောင့် အလွယ်တကူ ဖမ်းဆီးလိုက်တာလဲ။ အကြောင်းရှိလို့ ဖမ်းချင်ဦးတော့ မိမိကို တင်ပြပြီး ခွင့်ပြုချက် တောင်းသင့်ပြီ။ ယခုတော့ မိမိထံလည်း ဘာမျှ ခွင့်မပန်ဘဲ လုပ်ချင်တာ လုပ်သည်မှာ စော်ကားလှချည့်လား။

စိတ်ထက်သော မိဖုရားသည် နေရာမှ ရုတ်တရက် ထ ရပ်လိုက်၏။ ပြီးတော့ ဘုရင်မင်းတရား ဘယ်မှာ စံနေသလဲဟု စုံစမ်းလိုက်သည်။ ဘုရင်မင်းတရားသည် ရနောင်မင်းသားနှင့်အတူ နန်းတွင်း၌ စံမြန်းနေသည်ဟု သိရတော့ စုဖုရားလတ်သည် ချက်ချင်းထွက်လာခဲ့သည်။ အမှန်မှာ ခါတိုင်းဆိုလျှင် ဘုရင်မင်းတရားထံ မိဖုရား ကြွချီလာမည်ဆိုက အထောက်တော်လွှတ်၍ သတင်းပို့ရစမြဲဖြစ်၏။ ယခုတော့ စိတ်စောနေသော မိဖုရားသည် ဘာကိုမှ မစဉ်းစားနိုင်ဘဲ ထွက်လာ၏။ မိဖုရားနောက်က ထီးတော်မိုးသည် ခပ်သုတ်သုတ် ပြေးလိုက်နေရရှာ၏။

မိဖုရားက ရုတ်တရက်ထ၍ ကြွချီသွားသော် အပျိုတော် မတ်တီတစ်ဦးတည်း ကျန်ခဲ့သည်။ မစ္စဒင်းနီဂါးမှာ အကူအညီ ရလိုရငြားဖြင့် နန်းတွင်းရှိ နိုင်ငံခြား အင်ဂျင်နီယာ တစ်ဦးထံ အကျိုးအကြောင်း ပြောရန် ထွက်သွား၏။

မှုဆိုးမကလေး မတ်တီမှာ ရင်ထဲတွင် တဒိတ်ဒိတ် ခုန်နေရှာသည်။ ယခု အဖမ်းခံနေရသော ပြင်သစ်အင်ဂျင်နီယာ ဘွန်ဗွီလိန်အတွက် မတ်တီက အစိုးရိမ်ကြီး စိုးရိမ်နေ၏။ စိုးရိမ်မှာပေါ့၊ ဘွန်ဗွီလိန်နှင့် မတ်တီတို့မှာ မျက်လုံးချင်း ချစ်နေကြသော ချစ်သူများ ဖြစ်နေကြပြီ မဟုတ်လား။ မစ္စဒင်းနီဂါးတို့ အိမ်သို့ မတ်တီ သွားတိုင်း 'အင်ဂျင်နီယာ ဘွန်ဗွီလိန်က မတ်တီကို ချစ်နေကြောင်း' အောင်သွယ်စကားတွေ ကြားနေရသည်။

ထိုအခါတွင် မုဆိုးမကလေး မတ်တီမှာ အပျိုကလေးလို ရင်ထဲမှာ လှုပ်ရှား မြူးတူးသွားမိသည်။ အချိန်အတန်ကြာ သေဆုံးပျောက်ကွယ်သွားပြီဟု ထင်ရသော အချစ်စိတ်ကလေးများက နိုးထလာခြင်းဖြစ်သည်။ နောက်ပိုင်းမှာ မတ်တီနှင့် ဘွန်ဗွီလိန်တို့ အကြိမ်ကြိမ် ဆုံမိကြလေသည်။ ဘွန်ဗွီလိန်၏ မျက်လုံး



ပြာပြာတွေထဲမှာ ချစ်ရည် ရွှန်းလဲ့နေသော အဓိပ္ပာယ်ကို မတ်တီက ရှာတွေ့၏။ မတ်တီကလည်း ချစ်ရည်ရွှန်းဝေနေသော မျက်လုံးများဖြင့် ပြန်ကြည့်သည်။ မျက်လုံးချင်း ဆုံတော့လည်း ရင်ခုန်မိပါပြီ။

ယခုတော့ မတ်တီ၏ 'မျက်လုံးချစ်သူ' ဘွန်ဗွီလိန်မှာ ရနောင်မောင်မောင်တုတ်၏ ဖမ်းဆီးခြင်း ခံနေရသတဲ့။ ဒုက္ခရောက်တော့မည်။ မောင်မောင်တုတ် ဖမ်းဆီးထားတာ ခံရသည်ဆိုလျှင် ပြန်လွတ်ဖို့တော့ မတွေးနှင့်။ သရဏဂုံတင်ရန်သာ စဉ်းစားကြပေတော့။ နောက်က ဆွေမျိုးတွေ အဆစ်မလိုက်ရလျှင် ကံကောင်းသည်ဟု မှတ်ကြပေတော့။

သည်တော့ မတ်တီ အတော်ကြီး စိတ်ညစ်သွား၏။ သည်အခြေအနေတွင် မိမိဘယ်လို ဝင်ကယ်နိုင်မလဲ။ မင်းသားဘွဲ့ခံ ရနောင်မောင်မောင်တုတ် လုပ်သမျှ ဘာမှ မရှိသော မိမိ၏အရှိန်အဝါဖြင့် ဘယ်လို ချေဖျက်နိုင်မှာလဲ။

မကြာမီပင် မိဖုရား စုဖုရားလတ် ပြန်ကြွလာ၏။ မိဖုရား၏ မျက်နှာမှာ သိပ်ပြီး မကောင်းလှ။ တစ်စုံတစ်ခုကို မကျေနပ်နေကြောင်း ထင်ရှားနေသည်။ စုဖုရားလတ်သည် ဘာစကားမှ မပြောဘဲ ထိုင်နေ၏။ ပြုံတော့မည် မိုးနှယ် ညှိုမဲနေသော မိဖုရား၏ မျက်နှာမှာ ယခု အခိုက်အတန့်တွင် အလှရှာ၍ မရပြီ။

ခဏကြာတော့ စုဖုရားလတ်က မောင်မောင်တုတ်ထံမှ သိခဲ့ရသမျှကို ပြောပြ၏။

ယခုရှာဖွေ ဖမ်းဆီးရလိုက်မိသော စားနှစ်လက်မှာ သာမန်လူတို့ ကိုင်ဖို့ မပြောနှင့်၊ အနားကိုတောင် မသီနိုင်သော ရွှေဓားတွေ မဟုတ်လား။ နန်းတော်ထဲမှ မင်းညီမင်းသားတို့သာ ကိုင်ခွင့်ရှိသော ရွှေဓားများလည်း ဖြစ်သည် မဟုတ်လား။ သည်ဓားတွေကို ဘာဖြစ်လို့ ပြည်ပသို့ ထွက်ရမှာလဲ။ အကြောင်းကို စစ်တော့ အဖြစ်က ပေါ်လာပြီ။ သည်ဓားနှစ်လက်မှာ ပြည်ပရောက် သူပုန်မင်းသားနှစ်ပါး ဖြစ်သော 'ညောင်ရမ်းနှင့် ညောင်အုပ်' တို့အတွက် ဖြစ်သည်။ ဓားနှစ်လက်ကို မင်းသားတို့က ဆုပ်ကိုင်၍ နေပြည်တော်သို့ ဝင်ရန် ကြံလိမ့်မည်။ ထိုအခါတွင် ဘုန်းတော်ကြီးမြတ်သော ဘုရင်မင်းမြတ်နှင့်တကွ မိဖုရားကြီးနှင့် တစ်နန်းတော်လုံး ညောင်ရမ်း မင်းသားထံ 'လည်းစင်း' ပေးဖို့သာ ပြင်ကြတော့။

ရနောင်မောင်မောင်တုတ်က သည်သို့ သည်နှယ် အကျယ်ချဲ့၍ တင်သည်။ ဟုတ်များ ဟုတ်လေမလားဟု စဉ်းစားစရာတွေ ရှိ၏။ ယခုအခါတွင် 'ညောင်ရမ်း'

တို့ ညီနောင်သည် မြန်မာပြည်နယ်စပ်မှာ တိုင်းစွန်ပြည်နားကို ထိပါးနေသည် မဟုတ်လား။ ဟိုရှာဝင်တိုက် သည်ရှာဝင်စီးနှင့် မြန်မာ့တပ်မတော်ကို ထိခိုက်တန်သလောက် ထိခိုက်ခဲ့ရပြီ။ တပ်မတော်ကို ထိတာက နည်းနည်းပဲ၊ မင်းသားတို့ သူပုန်ထမှု သတင်းသည် ဘုရင်မင်းတရား၏ သိက္ခာတော်ကို ,အတုံးလိုက် အတစ်လိုက် ပဲ့ကျစေခဲ့သည်။ သည်ကိစ္စကဖြင့် မခံမရပ်နိုင်ဖွယ်ရာ ဖြစ်နေပါပြီ။ ရွှေဓားနှစ်လက် အရေးအခင်းကို ညောင်ရမ်းပုန်ကန်မှုနှင့် တွဲပြလိုက်တော့ သီပေါဘုရင် မင်းတရား ထိတ်လန့်သွားမည် ကေန်ပါပဲ။ ယခု ကိုယ့်ကို ဒုက္ခပေးမည့် ညောင်ရမ်းမင်းသားနှင့် ဓားနှစ်လက် အရေးအခင်းကို သိရ ကြားရတော့ မဆည်နိုင်အောင် စိုးရိမ်ထိတ်လန့်ရပြီ။ ကိုယ်ခံရမည့် အလှည့်ကျတော့လည်း ခံရမှာ ကြောက်မိသား။ တော်ပါသေးရဲ့ နယ်စပ်အရာရှိတွေက အချိန်မီ တားဆီးနိုင်လို့သာ ရွှေဓားနှစ်လက်သည် ညောင်ရမ်းစားတို့ လက်သို့ မရောက်ခဲ့တာ ပါကလား။

စုဖုရားလတ် မိဖုရားသည် အစကတော့ ရနောင်မောင်မောင်တုတ်ကို ပက်ပက်စက်စက် ပြောလိုက်မည်ဟု ကြံခဲ့သည်။ ထို့ကြောင့်လည်း စိတ်လိုက်မာန်ပါ ထသွားခြင်းဖြစ်သည်။ သို့သော် ရနောင်မောင်မောင်တုတ်က နန်းတွင်းရေး နန်းပြင်ရေးကို တွက်ချက်ပြ၍ ရွှေဓားနှစ်လက်နှင့် ညောင်ရမ်းညီနောင် အရေးအခင်းကို တွဲပြလိုက်သောအခါ မိဖုရားလည်း တုန်လှုပ်သွားသည်။ မောင်မောင်တုတ်ကို ဘယ်လိုပဲ မုန်းမုန်းပေါ့။ သူထောက်ပြသော 'အကွက်' က လက်ခံနိုင်စရာ ဖြစ်နေသည်။ ဖြစ်နိုင်စရာ အကြောင်းတွေက အများကြီးပေါ်လာသည်။

ဤသို့ဆိုလျှင် နန်းတော်မှာ လက်ခံထားသော နိုင်ငံခြားသား အမှုထမ်းတွေသည် တစ်ပါးသူ၏ သူလျှိုအထောက်တော်တွေ ဖြစ်နေပါပေါ့လား။ ဘယ်သူ့ကိုများ ယုံရတော့မှာလဲ။ ဘယ်သူ့ကို အားထားလို့ ဖြစ်တော့မလဲ။

သည်နေရာတွင် ဘုရင်မင်းတရားရော၊ မိဖုရား စုဖုရားလတ်ရော မောင်မောင်တုတ် ပြောသမျှကို ခေါင်းညိတ်မိခဲ့ကြပြီ။ ဘာပဲဖြစ်ဖြစ်ပေါ့။ နန်းပလ္လင်ပေါ်က ဆင်းပြေးရမည့် ကိစ္စကိုဖြင့် ကိုယ်တော်မြတ် သည်းမခံနိုင်။ သည်အရေးအခင်းကို ထိထိရောက်ရောက် အရေးယူပေးမှ ဖြစ်မည်။ တာဝန်ရှိသူတို့သည် တာဝန်ရှိသလို ခံယူကြစေ။ ဘယ်သူ့ မျက်နှာကိုမှလည်း ထောက်ထားစရာ မလိုတော့ပြီ။



မိဖုရားက ဘုရင်မင်းတရားနှင့် ရနောင်မင်းသားတို့ကို တွေ့ဆုံပြီး ကြားခဲ့သိခဲ့ရသည့် အကြောင်းခြင်းရာတို့ကို မတ်တီအား တုန်လှုပ်စွာ ပြန်ပြောပြသည်။ မတ်တီကိုတော့ မိဖုရားက ချစ်သည်။ အလားတူပင် နန်းတော်တွင်းမှာ ရှိနေကြသော နိုင်ငံခြားသားများကိုလည်း မိဖုရားက သံသယဇဉ် ဖြစ်မိသည်။ သံသယဇဉ် မရှိဘဲ နေပါ့မလား။ သည်နိုင်ငံခြားသူ နိုင်ငံခြားသားတွေ ရှိလို့သာ သူတို့နိုင်ငံက ခေတ်မီပစ္စည်းတွေ အသုံးအဆောင်တွေကို မိဖုရား သုံးစွဲနေနိုင်သည်။ လှပသော၊ မွှေးပျံ့ကော်ဇောတွေ၊ တောက်ပြောင်သော ပိုးထည်တွေ၊ အနောက်တိုင်းထွက် ကျောက်မျက်ရတနာတွေ ပြီးတော့ မွှေးကြိုင်သင်းပျံ့လှသော ရေမွှေးအကောင်းစားနှင့် ပေါင်ဒါမိတ်ကပ်များ။

ဘယ်လိုပင် သံသယဇဉ် ရှိပါစေတော့။ သည်အရေးအခင်းတွင် မိမိတို့ လျှော့ပေး၍ မဖြစ်နိုင်။ သည်အရေးတွင် ပါဝင်သူတွေကို အဆုံးစီရင်လိုက်ဖို့ပဲ ဖြစ်သည်။ လူသတ်ရသည် ဆိုတာက ကောင်းလှသည် မဟုတ်ဘူးပေါ့။ သို့သော် မိမိတို့ နန်းပလ္လင်ကို ကိုင်လှုပ်မည့် တရားခံတွေ့ပြီတော့ အရေးမယူ၍ မဖြစ်၊ ကွပ်မျက်ရမည် ဆိုလျှင်လည်း စုဖုရားလတ်က ဝန်မလေးတော့ပြီ။

ခက်ကြပေါ့။ တစ်ခါဖြင့် ခက်ကြပေါ့။ မတ်တီသည် မိမိ၏ ချစ်သူ အင်ဂျင်နီယာ ဘွန်ဗိုလိန်အတွက် အစိုးရိမ်ကြီး စိုးရိမ်မိသည်။ ယခုအခြေအနေတွင် မိမိအနေနှင့် စုဖုရားလတ်ကို မည်သည့်နည်းနှင့်မျှ ဖျောင်းဖျ၍ ရတော့မည် မဟုတ်ကြောင်း မတ်တီ နားလည်လိုက်၏။ သည်တော့ တစ်ခုခုကို လုပ်မှ ဖြစ်တော့မည်။

## ၂

မတ်တီသည် တစ်စုံတစ်ရာကို ယတိပြတ် ဆုံးဖြတ်ပြီးလိုက်သည်။

မိဖုရားသည် ရနောင်မောင်မောင်တုတ်ကို အလွန် မုန်းတီးခဲ့သည်။ သို့စင်လျက် မောင်မောင်တုတ်က ယခုလို 'အကွက်ချ' ပြလိုက်တော့ မောင်မောင်တုတ် ပြောသမျှ လက်ခံခဲ့ပြီ။ မောင်မောင်တုတ် ပြောသမျှ အဟုတ်လင်လေပြီ။ တကယ်တော့ ရိုးရိုးသားသား ပေးပို့လိုက်သော သည်ရွှေဓားနှစ်လက်သည် ညောင်ရမ်းသူပုန် အရေးအခင်းနှင့် ဘယ်သို့မှ မပတ်သက်နိုင်။ ဖမ်းထားသူတွေမှာ ဘာအပြစ်

မှ မရှိနိုင်။ သို့သော် မောင်မောင်တုတ်က နန်းပလ္လင်နှင့် ကိုင်'ချောက်'လိုက်တော့ မိဖုရားလည်း ဘာခံနိုင်မှာလဲ။ တုန်လှုပ်ခြင်းကြီးစွာနှင့် ခေါင်းညိတ်ခဲ့ရသည် မဟုတ်လား။

အရေးကြီးသည်က မောင်မောင်တုတ် ပြောတာရတွေ 'ရေ' ဖြစ်သွားအောင် လုပ်နိုင်ဖို့။ သည်နေရာတွင် မတ်တီက စုဖုရားလတ်၏ အားနည်းချက်ကို သိလိုက်၏။ မောင်မောင်တုတ် စီစဉ်ညွှန်ကြားခဲ့သော ခင်ခင်ကြီး ပြဿနာ။ ခင်ခင်ကြီးနှင့် ဘုရင်မင်းတရားတို့ ကိစ္စ။ သည်ကိစ္စကို မိဖုရား မသိဘူး မဟုတ်လား။ အသတ်ခံရ မှာ စိုး၍ သည်ကိစ္စကို ဘယ်သူကမှ မတင်ဝံ့ခဲ့ကြ။ ထို့ကြောင့် သည်ကိစ္စကို မိဖုရား မသိ။

ထိုအရေးကိစ္စကို ဖော်ထုတ် လျှောက်တင်လိုက်လျှင် မိဖုရားသည် ထိန်းမနိုင်အောင်ပင် ခံစားရလိမ့်မည်။ သည်အရေးအခင်းတွင် မောင်မောင်တုတ် အစီက ညွှန်ကြားသူမှန်း သိလျှင် မိဖုရားသည် မောင်မောင်တုတ်ကို အလွန်အမင်း စိတ်ဆိုးလိမ့်မည်။ ထိုအခါတွင် မောင်မောင်တုတ် လုပ်သမျှတွေက 'ရေ' ဖြစ်သွားလိမ့်မည်။ မောင်မောင်တုတ် ပြောသမျှတွေကို လုံးဝ မယုံကြည်တော့ဘဲ မိဖုရားက ပစ်ပယ်လိမ့်မည်။ သို့နှင့် မိမိချစ်သူနှင့် ဒင်းနီဂါး အဖေကြီးတို့ လွတ်နိုင်ကောင်းပါရဲ့။

ထို့သို့ စဉ်းစားသည်။ သင့်မသင့် ချိန်ဆသည်။ ပြီးတော့ မတ်တီ**သည်** 'တစ်စုံတစ်ရာ'ကို ယတိပြတ် ဆုံးဖြတ်ချက် ချလိုက်၏။ ခင်ခင်ကြီး အရေး**အခင်း**ကို မိဖုရားထံ 'ခရေစေ့ တွင်းကျ' လျှောက်တင်လိုက်လေသည်။

'အရှင်နန်းမတော်ဖုရားက ထားရင်လဲ ရှင်၊ သတ်ရင်လဲ သေရပါတော့မည်။ အမှန်ပေါ်ပေါက်စေချင်၍ သည်ကိစ္စကို တင်ပါရစေ။ အမှန်ဆိုတော့ ရနောင်မင်းသား မောင်မောင်တုတ်ဟာ အရှင် နန်းမတော်ဖုရား၏ အကျိုးကို လိုလားသူမဟုတ်၊ အရှင်နန်းမတော်အပါးမှာ ခစားနေသော နိုင်ငံခြားမှ ဥရောပတိုက်သားတွေကို အပြစ်မရှိ အပြစ်ရှာပြီး ဒုက္ခပေးဖို့ ကြိုးစားနေသူပါ။ ဒါကလည်း အရှင်နန်းမတော်ဖုရားကို ရနောင်မင်းသားက အလွန်မုန်းတီးနေလို့ပါပဲ။ ယခု နိုင်ငံခြားသား နှစ်ဦးကို ရနောင်မင်းသားက အပြစ်ရှာ ဖမ်းဆီးခြင်းမှာ အကြောင်းရှိပါတယ်။ သည်နိုင်ငံခြားသား နှစ်ဦးစလုံးက အရှင် နန်းမတော်ဖုရားအတွက် အမှုတော် ထမ်းနေကြသူများ မဟုတ်လား...။'



မတ်တီက ပြဿနာ၏ အစကို သည်စကားရပ်များဖြင့် ဖော်သည်။ မိဖုရားက မျက်မှောင်ကြုတ်၍ နားထောင်နေ၏။ သည်တော့ မတ်တီက အားတက်သရောဖြင့် ဆက်၍ တင်လေသည်။

'အရှင် နန်းမတော်ဖုရား မီးနေဆောင် ဝင်နေတုန်းက ရနောင်မင်းသား မောင်မောင်တုတ်၏ အစီအစဉ်ဖြင့် ဘုရင်မင်းတရားသည် မိဖုရား၏ အပျိုတော်တစ်ပါးနှင့် ပျော်ပါးစံမြန်းခဲ့သည်။ ပထမတော့ သည်အပျိုတော်ကလေးကို မြောက်နန်း တင်ဖို့ စီစဉ်မည်။ နောက်တော့ အရှင်နန်းမတော်ကို ဖယ်ရှားပြီး အပျိုတော်ကလေးကို နန်းမတော်အဖြစ် တင်ဖို့ မောင်မောင်တုတ်က စီစဉ်ထားသည်တဲ့။ သည်ကိစ္စကို အရှင်နန်းမတော်ဖုရား သိသွားလျှင် သတင်းပို့သူကို အဆုံးစီရင်ရမည်ဟု ဘုရင်မင်းတရားက အမိန့်ထုတ်ထားသည်။ ထို့ကြောင့် မိမိတို့က သေမှာ ကြောက်၍ အရှင်မိဖုရားထံ သတင်း မပို့ရဲခဲ့ပါ။' မတ်တီက မိမိသိရှိသမျှ ဖြစ်ပုံပျက်ပုံ အလုံးစုံကို ဤသို့ တင်လိုက်တော့သည်။ မတ်တီ တင်သမျှကို မိဖုရားက ငြိမ်သက်စွာ နားထောင်နေ၏။ ပြီးတော့မှ မေးလိုက်သည်။

'မောင်တော်ဘုရားနှင့် စံစားနေသူ အပျိုတော်က ဘယ်သူလဲ'

'ခင်ခင်ကြီးပါ...'

'ဘယ်သူ...'

'ခင်ခင်ကြီးပါ...၊ အရှင်နန်းမတော်ဖုရားရဲ့ အပျိုတော် ဖြစ်ပါတယ်။ ကန္နီ အတွင်းဝန်ရဲ့ သမီးပါ...။ ယခုသူဟာ နန်းတွင်းတစ်နေရာမှာ ရှိနေပါတယ်။ ရနောင်မင်းသားက စီစဉ်နေရာချထားပေးခြင်း ဖြစ်ပါတယ်'

မိဖုရားက ငြိမ်၍နေသည်။ သူသည် အပြင်ဘက်၌ ရေပန်းများ လွင့်ပျံကျနေသည်ကို ငေးကြည့်နေသည်။ စိတ်ထိခိုက်လွန်း၍ပဲလား၊ ဒေါသထွက်လွန်း၍ပဲလား၊ ဘာဖြစ်လို့မှန်းတော့ မသိ။ မိဖုရားသည် မတုန်မလှုပ် ကျောက်ရုပ်။

သည်အခြေအနေကို အခွင့်ကောင်းယူပြီး မိဖုရားကို ဆက်၍တင်သည်။ မိဖုရားသည် စိတ်လှုပ်ရှားနေပြီ။ ခံစားမှုပြင်းထန်နေပြီ။ သည်အချိန်တွင် တင်စရာရှိတာကို အစအဆုံးတင်တော့မှ ဖြစ်တော့မည်။

'အခု အရှင်နန်းမတော်ဖုရားရဲ့ အမှုတော်ကို ထမ်းရွက်နေကြတဲ့ ဥရောပတိုက်သား နှစ်ဦးကို ရနောင်မင်းသား အမိန့်နှင့် ဖမ်းထားတာဟာလဲ သက်သက်လိမ်လည်ဉာဏ်ဆင်ပြီး စွပ်စွဲဖမ်းဆီးတာပါ။ ရနောင်မင်းသားဟာ အစကတည်းက

အရှင်နန်းမတော်ဖုရားကို မနာလို ငြိုငြင်စိတ်ရှိသူ ဖြစ်တော့ အရှင်နန်းမတော်ရဲ့ အမှုထမ်းတွေကို ဖမ်းပြီး စော်ကားမော်ကား လုပ်ပြတာပါပဲ။ သည် ဥရောပ တိုက်သား နှစ်ဦးဟာ အရှင်နန်းမတော်ဖုရား မြှောက်စားထားတာ ဆိုတော့ သူတို့က နန်းပလ္လင်ကို လုပ်ကြံရန် ဘယ်လိုလုပ် ကြံစည်မလဲ။ သည်လို ကြံစည်တာနှင့် သူတို့ ဘဝပါ ပြိုလဲသွားမှာပေါ့။ ဒီကိစ္စဟာ ရနောင်မောင်မောင် တုတ်ရဲ့ လုပ်ကြံစွပ်စွဲမှုပဲ ဖြစ်ပါတယ်...'

မတ်တီက ခပ်ရှည်ရှည်ပင် လျှောက်တင်သည်။ အခြေအနေတွေက သည်လို၊ ဖြစ်ရပုံက သည့်နှယ်။ မိဖုရား မသိသေးသော အတွင်းရေး လုပ်ကြံမှုတွေက ဒါပဲ။ အကြောင်းခြင်းရာတွေကို သိရပြီဖြစ်တော့ စုဖုရားလတ်သည် နှုတ်မှ ဘာမှ မပြောတော့ဘဲ၊ ဘာမှလည်း ထပ်၍ မမေးတော့ဘဲ သလွန်တော်ပေါ်မှာ ခပ်ငြိမ်ငြိမ် ထိုင်နေတော့သည်။ မိဖုရား တစ်ပါးတည်း စဉ်းစားတွေးတောနိုင်ရန် မတ်တီသည် မိဖုရားအပါးမှ ထွက်ခွာလာခဲ့၏။

'မတ်တီ' ၏ စီမံကိန်းသည် အပြည့်အဝ အောင်မြင်လေသည်။ မတ်တီ ပစ်လိုက်သော 'မြား'သည် တစ်စင်းတည်းဖြင့် နှစ်ယောက်စလုံးကို ထိသွား၏။ ပထမ ထိသူက သီပေါဘုရင်မင်းတရား၊ ဒုတိယ ထိသူက ရနောင်မင်းသား။

မိနစ်ပိုင်းပင် ကြာလိမ့်မည်မဟုတ်။ သီပေါဘုရင်မင်းတရားသည် စောစောက ဖြစ်ရပ်များကို တိုင်ပင်ရန် အကြံအစီနှင့် ထင်ရဲ့၊ မိဖုရားထံ ကြွလှမ်းလာခဲ့သည်။ အီတာလျံဆောင်ထဲသို့ ဘုရင်မင်းတရား ရောက်လာသောအခါ မိဖုရားက ဘုရင်ကို ခရီးဦးကြိုမပြု၊ ထိုင်ရာက မထ။ မိဖုရား အမူအရာကို ဘုရင်မင်းတရား နားမလည်နိုင် ဖြစ်နေ၏။ စောစောကပဲ မိဖုရားနှင့် ကိုယ်တော်ရှင်မြတ်တို့ စကားပြောခဲ့ကြသေး မဟုတ်လား။ ယခု မိဖုရားစုစု ဘာတွေများ ဖြစ်နေပါလိမ့်။

သီပေါမင်းတရားသည် စုဖုရားလတ်မိဖုရား၏ အနားသို့ ကပ်လာသည်။ ဘုရင်မင်းတရား အနီးသို့ ရောက်လာလျှင် စုဖုရားလတ်၏ ရင်ထဲမှာ သိုသိပ် အောင့်အည်းထားရဟန် ရှိသော ဒေါသမီးအိုးသည် အလျှံညီးညီး တောက်၍ ပေါက်ကွဲသွားလေသည်။ စုဖုရားလတ်သည် သီပေါဘုရင်ကို ပြေးဖက်လိုက်၏။ ပြီးတော့ ဘုရင်မင်းတရား၏ မျက်နှာကို မိမိလက်သည်းများဖြင့် တအားကုတ်



ခြစ်ဆွဲဖွဲ့နေသည်။ မိဖုရားခမျာ ရာဇဣန္ဒြေကိုပင် မဆောင်နိုင်ပြီ။ ဒေါသနောက်သို့ ကောက်ကောက်ပါ လိုက်ရရှာလေသည်။

သီပေါဘုရင်မှာ ဘာတွေဖြစ်နေမှန်း မသိတော့။ ရှန်းလိုက်ကန်လိုက်နှင့် မျက်လုံးပြူး မျက်ဆံပြူး ဖြစ်နေ၏။ ဘုရင်မင်းတရား၏ မျက်နှာတွင် မိဖုရား၏ လက်သည်းရာ အစင်းကြီးနှစ်ခု ဖြစ်သွားသည်။ မိဖုရားသည် သီပေါဘုရင်ကို သလွန်တော်ပေါ်မှ အတင်း ဒရွတ်တိုက် ဆွဲချသွား၏။ အဆောင်အပြင်ဘက်ထိ ဘုရင်မင်းတရားကို တွန်းထုတ်သွားသည်။ မင်းတရားသည် စုဖုရားလတ်ကို ဘာမှလည်း မေး၍ မရ၊ ပြော၍လည်း မရနှင့်။ မိဖုရား ရူးများ သွားပြီလားဟု ထင်နေမိသည်။ အဖြေက မသိသေး။ အဆောင်အပြင်ဘက်သို့ ရောက်သောအခါတွင် မိဖုရားသည် မိမိ၏ အင်္ကျီလက်မောင်းကို နှာခေါင်းမှာ ပိတ်ဟန်ပြု၍ အော်လိုက်သည်။ 'ဘုရင်မင်းမြတ်ကြီးရဲ့ ကိုယ်က ကျွန်စော်နံလွန်းလို့'

စုဖုရားလတ်သည် ပြောပြောဆိုဆိုနှင့် မိမိ၏ အင်္ကျီရင်ဖုံးကို ဒေါသတကြီး ဆွဲဆုတ်လိုက်သည်။ ပြီးတော့ရင်ဘတ်ကို လက်နှင့် ထုခါ ထုခါနှင့် မဆည်နိုင် မရပ်နိုင် ငိုချလိုက်၏။

ချစ်ရလွန်းတဲ့ မောင်ဘုရား၊ ငယ်ကချစ်တဲ့ မောင်ဘုရား၊ တစ်ယောက်ထဲ အပိုင်ချစ် ချစ်နေရတဲ့ မောင်ဘုရား။ သည်မောင်ဘုရားက ယခုတော့ ဘာမဟုတ်တဲ့ အခိုင်းအစေ အပျိုတော်ကလေးနှင့် ပျော်ပါးသတဲ့၊ ဒါနဲ့တောင်အားမရသေးဘူး၊ အပျိုတော် ပေါက်စနကို မြှောက်နန်းမိဖုရား မြှောက်ကြဦး မလို့ဆိုပါလား။ မြှောက်နန်းမိဖုရားကနေ နန်းမတော်ဖုရားကို နန်းပေါ်ကဆွဲချပြီး ခင်ခင်ကြီးကို နန်းမတော် တင်မလို့တဲ့။ ကောင်းကြပါဘိ၊ ဝိယိကြပါဘိ။ အပျိုတော် 'မတ်တီ' ပြောလို့သာ ခုမှပဲ သည်အကြောင်းတွေကို သိရပြီ။ စုဖုရားသည် မဆည်နိုင် မသိမ်းနိုင် ငိုးကြွေးနေရရှာပြီ။

ထိုအချိန်တွင် အပျိုတော် မတ်တီသည် နန်းဆောင် အကွယ်တစ်နေရာမှ ပုန်းခို၍ ကြည့်နေသဖြင့် အဖြစ်အပျက်များကို မြင်နေရသည်။ ဆူဆူညံညံ အသံတွေကို ကြားရတော့မှ ခပ်လှမ်းလှမ်းရှိ အပျိုတော်တွေ ဟိုတစ်ယောက်၊ သည်တစ်ယောက် ပေါ်လာ၏။ သို့သော် မိဖုရားက မခေါ်လျှင် ဘယ်အပျိုတော်မှ အနားသို့ မကပ်ရဲကြ။

သီပေါဘုရင်သည် အီတာလျံဆောင်မှ နေ၍ ခပ်သုတ်သုတ်ကလေး ထွက်သွားသည်။ ဘုရင်မင်းတရား ဘယ်အဆောင်သို့ ကြွသွားသည် မသိရ။ သို့သော် မိဖုရားမယ်တော် ဆင်ဖြူမရှင်မိဖုရားကို သွားခေါ်ရန် နီးစပ်ရာ အပျိုတော် တစ်ဦးအား အမိန့်ပေးသွားသည်။

မိဖုရားရင်တွင်းမှာ မီးတောက်လျက် ကျန်ရစ်ခဲ့ပြီ။ ရနောင်မောင်တုတ် တဲ့လား။ ဘုရင်က ချီးမြှောက်လို့ မင်းသားဘွဲ့တွေ ဘာတွေခံလို့။ အကဲပါလိုက်ပုံက ဖြင့် မိဖုရားကိုတောင် အန်တုလာပြီ။ သည်အန္တရာယ်ကောင်ကို တစ်နည်းနည်းဖြင့် ရှင်းရလိမ့်မည်။ သို့သော် ယခု ရှင်းရမည်မှာ မောင်တုတ်ကိစ္စ မဟုတ်၊ ခင်ခင်ကြီး ကိစ္စ။ ခင်ခင်ကြီးက နန်းပလ္လင်ပေါ်မှာ ဆောင့်ကြောင့်ယိုင်ရန် ကြိုးစားနေသည့် ကိစ္စကို အလျင် ရှင်းရပေလိမ့်မည်။ သည်တော့ ဘယ်လို လုပ်မလဲ။

ထိုနေ့မှစ၍ စုဖုရားသည် ဘယ်သူ့ကိုမှ အတွေ့မခံဘဲ နေတော့သည်။ မယ်တော် ဆင်ဖြူမရှင်နှင့်တော့ တွေ့သည်။ ထိုနေ့ညက သားအမိနှစ်ယောက် ပြောလိုက်ကြသည့် စကားတွေ စက်ရာဆောင်သို့ပင် ဘယ်အချိန်မှာ ဝင်ကြသလဲ မသိရ။ သို့သော် ဆင်ဖြူမရှင်မိဖုရားသည် သမီးတော်၏ စိတ်ကို ဖျောင်းဖျ ဆွဲဆောင်မည်ကား ဧကန် ဖြစ်တော့သည်။ ဘယ်လိုဖြစ်လို့လည်းဆိုတော့။

နောက်နေ့ နံနက်လင်းသော အခါတွင် စုဖုရားလတ်သည် ပြုံးပြုံးရွှင်ရွှင် ဖြင့် စက်ရာဆောင်မှ ထွက်ကြွလာလေသည်။ မိဖုရားက နန်းတွင်းရှိ သက်ဆိုင်ရာ အာဏာပိုင်များကို ခေါ်ယူသည်။ ပြီးတော့ ရနောင်မောင်မောင်တုတ် အမိန့်ဖြင့် ဖမ်းဆီးထားသော နိုင်ငံခြားသား ရက်ကန်းဆရာကြီးနှင့် အင်ဂျင်နီယာတို့ နှစ်ဦးကို အချုပ်အနှောင်မှ လုံးဝ လွှတ်ပစ်ရန် အမိန့်ပေးလိုက်လေသည်။

အပျိုတော် မတ်တီတော့ဖြင့် အောင်ပွဲခံတာပါပဲ။ သည်တရားခံ နှစ်ယောက်ကို လွှတ်ပေးနိုင်ရန်အတွက် မနေ့တုန်းက ရနောင်မောင်မောင်တုတ် လုပ်ပုံတွေ မိဖုရားထံ လျှောက်တင်ခဲ့ရသည်။ အသက်စွန့်၍ လျှောက်တင်ရခြင်း လည်း ဖြစ်သည်။ ဘုရင်မင်းတရား သိပါက အသတ်ခံရမည်။ ယခုတော့ အသက်စွန့်၍ တင်ရကျိုးနပ်ပြီ။ မိမိချစ်နေသော အင်ဂျင်နီယာကလေးကတော့ အချုပ်အနှောင်မှ လွတ်ပါပြီ။ ကောင်းပါ၏။ ဝမ်းသာဖွယ် ဖြစ်ပါ၏ သို့သော် ရွှေခြားနှစ်လက် အရေးအခင်းမှာ တစ်ဆင့်ပွားခဲ့သော ဓာတ်လမ်းသည် သီပေါ



ဘုရင်နှင့် မိဖုရားစုဖုရားလတ်တို့ အကြားမှာ ရှင်း၍ မလွယ်သော ပြဿနာ အထုပ်အထည်ကို ထားရစ်ခဲ့ပြီ။

မိဖုရားသည် ပြဿနာကို အလွယ်တကူဖြင့် ရှင်းလေသည်။ လာမည့်ဘေး ကို ပြေးတွေ့တာလည်း ဖြစ်မည်။ နောက်တစ်နေ့တွင် သီပေါမင်းတရားထံသို့ မိဖုရားက တောင်းပန်စာ ပို့လိုက်သည်။ မိမိ မှားခဲ့ပြီ။ မောင်တော် စိတ်မချမ်းသာ အောင် ပြုမိခဲ့ပြီ။ မောင်တော် ဘယ်လို စီစဉ်ချင်သလဲ။ ခင်ခင်ကြီးကို ယခုပင် အခြံအရံနှင့် ပို့ပေးလိုက်ပါ။ နှမတော်က မိဖုရားတို့ အဆင်အယင်အတိုင်း ဆင်ယင်ပေးမည်။ မောင်တော်ဘုရား စိတ်ဆင်းရဲမည့် ကိစ္စမျိုး မပြုလိုပြီတဲ့။ ဟုတ်ရဲ့လား။

စုဖုရားတို့ လုပ်ပုံက ဘယ်လိုပါလိမ့်။ အပြောင်းအလဲက မြန်လှချည့်။ မနေ့ကပင် လူသတ်တော့မလောက် ဒေါသနိုး ပေါက်ကွဲနေသော မိဖုရားသည် ယခုတော့ ဆီထိပ်ငွမ်းလို နူးညံ့နေပါရောလား။ မိဖုရား အပြောင်းအလဲ မြန်ရတာက ဘာဖြစ်လို့လဲ။ မယ်တော် ဆင်ဖြူမရှင် မိဖုရားက ဖျောင်းဖျလို့ အမြင်မှန်ရလာ သလား။ ဘုရင်က အကြပ်ကိုင်လာလျှင် အခက်ပဲဟု တွေးမိပြီး ကြောက်လို့လား။ လိမ်လည်ဟန်ဆောင်လို့ ပြောတာပဲလား။ ဘယ်သူမှ သေချာစွာ နားမလည်နိုင်ပြီ။ မိဖုရား စိတ်ထားပြောင်းလာတာက ဘယ်လိုလဲ။ သဒ္ဒါလား၊ ဘယာလား၊ မာယာလား။ နောက်တော့ သိကြလိမ့်မည်။

မိဖုရားက ခင်ခင်ကြီးကို သူ့ထံ ပို့ပေးပါဆိုတော့ ဘုရင်မင်းတရားသည် ရုတ်တရက် မျက်စိလည်သွားဟန် ရှိသည်။ ထို့ကြောင့် အကြံပေးအရာရှိ ရနောင်မင်းသားနှင့် တိုင်ပင်သည်။ အခြေအနေကို သုံးသပ်သည်။ မိဖုရား မယ်တော် ဆင်ဖြူမရှင်နှင့် ဆွေးနွေးသည်။ ဆင်ဖြူမရှင်က ပြောသည်။ မိမိသည် သမီးတော် စုဖုရားကို တစ်ညလုံး နားချခဲ့ပြီးပြီ။ ဖြစ်ရပ်သဘောကို သမီးတော်က လက်ခံပြီ။ အစစအရာရာ ကြည်စေအေးစေတဲ့။ ခင်ခင်ကြီးကို သူကိုယ်တိုင် ပြုစုစောင့်ရှောက်၍ မြောက်နန်းမိဖုရား ပေးပါမည်ဟုလည်း သမီးတော်က ကတိပြု သည်။ စိတ်ချလက်ချသာ နေကြတော့။ ခင်ခင်ကြီးကိုလည်း စုဖုရားထံ ပို့ပေး လိုက်ကြတော့ဟု ပြောသည်။

ဆင်ဖြူမရှင် မိဖုရားကိုယ်တိုင်က သည်လို ပြောလာတော့လည်း သီပေါ မင်းတရားနှင့် ရနောင်မင်းသား၊ တိုင်တားမင်းကြီး၊ ပုဂံအတွင်းဝန်၊ ကန်နီအတွင်းဝန်

တို့ပါ ဝမ်းသာမဆုံး ဖြစ်ကြပြီ။ 'တယ်တော်တဲ့ မိဖုရား၊ သဘောထားကြီးပါပေ့။ အမှန်တရားကို မိဖုရား မြင်လေပြီ။ ဝမ်းသာစရာပေပဲ။ ကဲ ကဲ ခင်ခင်ကြီးကို နန်းမတော် စုဖုရားထံသို့ စိတ်ချလက်ချ ပို့ပေးကြပေတော့'

သို့နှင့် ခင်ခင်ကြီးကို စုဖုရားလတ်ထံ ပို့ပေးရသည်။ မိဖုရားသည် ကတိအတိုင်း ကျင့်ကြံပြုမူပါ၏။ ခင်ခင်ကြီး၏ လက်ကို ဆွဲပြီး အဆောင်တော် တွင်းသို့ မိဖုရားကိုယ်တိုင် ခေါ်သွား၏။ သာမန်အပျိုတော်ကလေး မဟုတ်လား။ ဘုရင်က ကောက်တော်မူပေမယ့် မိဖုရားလည်း မဖြစ်သေးတော့ ခင်ခင်ကြီးမျာ စိတ်အားငယ်စွာဖြင့် ပုဆစ်ဒူးတုပ် ချလိုက်၏။ပြီးတော့ စုဖုရားလတ်ထံ မျက်နှာမူ၊ ခေါင်းကို ငုံ့ထား၊ လက်အုပ်ချီလျက် ငြိမ်၍ ထိုင်နေရသည်။ စုဖုရားလတ်က ခင်ခင်ကြီး၏ လည်ပင်းမှ လည်ဆွဲ ဘယက်ကို ကိုယ်တိုင်ဖြုတ်ယူလိုက်ပြီး အဖိုးမတန်သော ပစ္စည်းတစ်ခုကို စွန့်ပစ်လိုက်သလို ကြမ်းသို့ လွှင့်ပစ်လိုက် သည်။ လက်စွပ်၊ လက်ကောက်၊ နားကပ်၊ ခြေကျင်း စသည်တို့ကိုလည်း ချွတ် စေသည်။

'မောင်တော်ဘုရားက ဒီလောက် အဖိုးမတန်တဲ့ ပစ္စည်းတွေကိုများ ခင်ခင်ကြီးကို ဆင်ပေးရသတဲ့လားကွယ်၊ ဖြစ်မှ ဖြစ်ရလေ၊ ရှက်စရာကြီးဟယ်။ ကဲ ကဲ မတ်တီ၊ ရတနာ သေတ္တာထဲက လက်ဝတ်ရတနာ ထည့်ထားတဲ့ သေတ္တာငယ်ကို ယူခဲ့စမ်း'။

သည်အချိန်က အပျိုတော် မတ်တီလည်း ရှိနေ၏။ မတ်တီသည် ခပ်လှမ်း လှမ်းရှိ ဆေးသုတ်ထားသော သေတ္တာနီကြီးကို သော့ဖွင့်ရ၏။ ပြီးတော့ အတွင်းမှ သေတ္တာငယ် တစ်လုံးကို ထုတ်ယူခဲ့ရသည်။ စုဖုရားလတ်သည် ရတနာသေတ္တာ ငယ်ထဲမှ အရောင်တဖိတ်ဖိတ် တောက်နေသော လက်ဝတ်ရတနာ ပစ္စည်းတွေကို မွှေနှောက်နေသည်။ စိတ်တိုင်းကျပစ္စည်းကို အထပ်ထပ်ရှာသည်။ စုဖုရားလတ် လုပ်နေပုံကို အပျိုတော် မတ်တီရော၊ ခင်ခင်ကြီးတို့ပါ မမှိတ်မသုန် ကြည့်နေကြရ သည်။ ဘာမှတော့ မပြောရဲကြ။ ခဏအကြာတွင် စိန်နားကပ်၊ စိန်ဘယက်၊ စိန်လက်ကောက်၊ စိန်လက်စွပ်၊ စိန်ခြေကျင်းများကို ခင်ခင်ကြီးအား ဆင်ပေး လိုက်သည်။ ပြီးတော့ စုဖုရားက သေသေချာချာ ကြည့်၏။

'ကဲ ဘယ်လောက် လှသွားသလဲ၊ ဒါမှပေါ့။ မောင်တော်ဘုရားတို့များ အဆင်အပြင် မတတ်လိုက်တာ။ ခုမှ ခင်ခင်ကြီးတို့ အလှပေါ်လွင်သွားတာပဲ။ ဝတ်သွား။ ဒီရတနာတွေကို စုဖုရားက အပိုင်ပေးလိုက်တာ။ နက်ဖြန်ကျရင်သာ ဘုန်းတော်ကြီးဘုရားနှင့် စုဖုရားတို့ဆီကို ဒီလက်ဝတ်ရတနာတွေနှင့် အခစားဝင် လှည့်အုံး'



ရွှေပင်နားတော့ ရွှေကျေးပါပဲ။ ငွေပင်နားတော့ ငွေကျေးပါပဲ။ ယခုတော့ အဖိုးတန် လက်ဝတ်ရတနာတွေကို ဆင်မြန်းပြီး၍ မိဖုရားလောင်းကလေး ခင်ခင်ကြီးအလှမှာ တကယ့်ကို ပေါ်လွင်တောက်ပနေ၏။ အသားကလေး ဖြူဖြူဝင်းဝင်း၊ အဆင်းကလည်း နုပါပေ့၊ ချောပါပေ့၊ သန့်ပါပေ့။ သူနှင့် ထိုက်တန်သော ရတနာတွေ ဆင်ပြီးသွားတော့ ရွှေနန်းတော်မှာဖြင့် အချောဆုံး အလှဆုံးကိုသာရွေးပြီး အလှမယ်ရွေးလျှင် ခင်ခင်ကြီးကိုသာ ရွေးရတော့မည်။ 'သူနှင့် ပြိုင်နိုင်သူ နံပါတ် 'နှစ်' ပင် မရှိဟု ဆိုရမလား မသိ။

ထိုနေ့က ခင်ခင်ကြီးမျက်နှာတွင် စုဖုရားကို ကြည်ညိုလေးစား၍ မဆုံး၊ ချစ်ခင်မြတ်နိုး၍မဆုံး၊ ဝမ်းသာ ကျေးဇူးတင်၍မဆုံး ဖြစ်နေသည့်ဟန် အပြုံးရိပ်ကလေး မြင်ကြရ၏။ မိဖုရားက မျက်နှာသာပေး၍ အားရပါးရ မပြုံးရယ်ဝံ့ရှာပါ။ မျက်နှာသာပေးလို့ ရွှေရေးပန်းကန်တက်သည်ဟု အပြောခံရမှာ စိုးရွံ့သည် ထင်ရဲ့။ ခင်ခင်ကြီးသည် စုဖုရားထံ မော်ဖူး၍ ပြုံးပြီးကန်တော့သည်။ ပြီးတော့ စုဖုရား၏ အဆောင်မှ အပြေးကလေး ထွက်လာခဲ့လေသည်။

ခင်ခင်ကြီးကို သွန်သင်ပေးရအောင် မွမ်းမံပေးရအောင်လို့ဆိုပြီး စုဖုရား၏ အဆောင်အနီးမှာ သီးသန့်ခန်းဆောင်ပေး၍ စံစေသည်။ အပျိုတော်များလည်း ထားပေးသည်။ အစောင့်အကြပ်လည်း လုံလောက်စွာ ပေးသည်။ နန်းဆောင် မရသေးသော်လည်း နန်းရမိဖုရားတစ်ပါးလို အခွင့်အရေး ပေးထားသည်။ သို့သော် ထူးခြားသည်က သီပေါမင်းတရားနှင့် ခင်ခင်ကြီးတို့မှာ ယခင်ကလို လွတ်လပ်စွာ ချင့်ခွင့် မရကြ။ လွတ်လပ်စွာ ချစ်ခွင့်တွေ့ခွင့်ပျော်ခွင့် မရကြတော့ပြီ။ စုဖုရား လတ်က အနားမှာ အမြဲတမ်း ရှိနေသည်ကိုး။

တစ်ခါတစ်ရံတော့ စုဖုရားသည် သီပေါဘုရင်ထံသို့ ခင်ခင်ကြီးကို ခစားခွင့် ပြုလိုက်သည်။ သို့သော် ထို 'တစ်ခါတစ်ရံ' မှာ ဉယျာဉ်တော်သို့ ဘုရင်မင်းတရားနှင့် စုဖုရားလတ်တို့ ထွက်ကြစဉ် ဖြစ်သည်။ သည်တော့ သီပေါဘုရင့် အပါးမှာ စံစားနေသော ခင်ခင်ကြီးကို မြင်သာသော နေရာမှ စုဖုရားလတ်က ကြည့်နေနိုင် သည်။ ဘုရင်နှင့် ခင်ခင်ကြီးတို့မောင်နှံမှာ အသားချင်းပင် ထိဝံ့ကြရဲ့လား။

ပဝါတစ်ကမ်း လက်တစ်လှမ်းမှာ ဣန္ဒြေတစ်ခွဲသားနှင့် ထိုင်နေကြပေရော့။ လှုပ်မည်များ မကြံနှင့် နန်းမတော် စုဖုရားက မနီးမဝေးမှာ ကိုယ်ရောင်ပြနေပြီကိုး။

သီပေါမင်းတရားသည် ကြာတော့ အဓိပ္ပာယ်ကို နားလည်လာပြီ။ မိမိနှင့် ခင်ခင်ကြီးတို့ကို သည်နည်းဖြင့် စုဖုရားလတ်က 'ခွဲ' နေတာ မဟုတ်လား။ မခံချင်စရာ ကောင်းလိုက်သမှ တကယ့် မခံချင်စရာပါ။ မိဖုရားသည် မိမိတို့ ချစ်မဏ္ဍိုင်ကို အနုနည်းဖြင့် ဖြိုနေပါလေပြီ။ ထိုအခြေအနေကို နောက်ပိုင်းမှ မကျေမနပ် ဖြစ်နေသည်က ရနောင်မင်းသား မောင်မောင်တုတ်ဖြစ်၏။

သည်တော့ ဘုရင်မင်းတရားကို သူက သွေးထိုးပေးသည်။ 'ကိုယ့်လူ ရှင်ဘုရင်ဖြစ်ပြီး သည်မျှ ညံ့ရရိုးလား။ မိဖုရားဆွဲတိုင်း ကတဲ့ အရုပ် ဖြစ်နေပါပေါ့။ စုဖုရားကို ဒီလိုနည်းနှင့် သွားမစမ်းလေနှင့်။ တဖြည်းဖြည်း အကြမ်းနည်း သုံးလာရင် ခင်ခင်ကြီးတို့ တစ်ဆွေလုံး တစ်မျိုးလုံး အသတ်ခံရလို့ ပြုတ်ပြုတ် ပြန်း ကုန်လိမ့်မည်။ မိဖုရားအစွယ်ကို အချိန်မီ ချိုးပါတော့လား။ မိဖုရား လုပ်ရပ်ကို အချိန်မီ တားပါတော့လား၊ ဆီးပါတော့လား။ သည်အတိုင်းပဲ အညံ့ခံ နေတော့ မှာလား'

ဒါတွေကို ကြားရတော့ ဘုရင်မင်းတရား စဉ်းစားစရာပဲ မဟုတ်လား။ တကယ်တော့ မိမိသည် နန်းမလေ့ နန်းထုံးစံကို ပယ်ဖျက်သူ မဟုတ်။ လုပ်ရိုး လုပ်စဉ်အတိုင်း မိဖုရားတင်မြှောက်ရန် ကြိုးစားနေခြင်းပင် ဖြစ်သည်။ စုဖုရား ကသာ အနိုင်အထက်ပြု၍ မိမိကို ချုပ်ချယ်နေသည်။ မိမိ၏ မိဖုရားလေးကို အနှောင်အတည်းနှင့် ထားသည်။ သည်အထဲတွင် အဆင်မသင့်သောအခါ စုဖုရား လတ်က ခင်ခင်ကြီးကို ငေါက်လိုက် ငန်းလိုက် ဆူလိုက် ပွက်လိုက်တဲ့။ ဒီအခြေ အနေမျိုးနှင့် ကြာကြာထားလို့ ဖြစ်မလား။ ဘုရင်မင်းတရား 'ချေး' ကျ မခံနိုင်။ ဘုရင်မင်းမြတ်တို့မည်သည် မိမိတန်ခိုးအာဏာ အထိပါးမခံသင့်။ မိမိ၏ ဂုဏ်သိက္ခာတော် အထိပါး မခံသင့်။ မိမိ၏ ထုံးနည်းစဉ်လာကိုလည်း အထိပါး မခံသင့်ပြီ။

ဘုရင်မင်းတရားသည် ထိုသဘောတရားများကို ကောင်းစွာ သဘောပေါက် အောင် အားထုတ်သည်။ ထို့နောက် မိမိကိုယ်ကို 'ရဲ' ဆေးတင်၏။ ရနောင်မင်းသား ပေးသမျှ အရက်ကို တစ်ခွက်ပြီးတစ်ခွက် သောက်သည်။ ပြီးတော့မှပင် လက်စွဲ တော် 'သန်လျက်' ကို ကိုင်၍ မိဖုရား စုဖုရားလတ် အဆောင်သို့ ကြွလေပြီ။



သည်တစ်ချီ ဘုရင်မင်းတရား ကြွလာပုံက ရဲရဲဝံ့ဝံ့ ဖြစ်နေ၏။ သည်တော့ စုဖုရားက ဂရုစိုက်၍ အကဲခတ်သည်။ ဘုရင်မင်းတရားက ဆိုသည်။ 'ခင်ခင်ကြီးကို မကြာမီ မြှောက်နန်းမိဖုရား မြှောက်တော့မည်။ သည်ကိစ္စမှာ စုဖုရား ဝင်မတား လေနှင့်။ ပြီးတော့ ခင်ခင်ကြီးနှင့် စုဖုရား သင့်သင့်မြတ်မြတ် ရှိပါစေ။ မိမိစီစဉ် တာကို မနာခံလျှင် အားလုံး အရှက်တကွဲ အကျိုးနည်း ဖြစ်ကြလိမ့်မည်။ သည်တော့ ခင်ခင်ကြီးနှင့် ပတ်သက်၍ ဆောင်ရွက်ဖွယ် ရှိသမျှကို မိမိအားလုံး ဆောင်ရွက် မည်။ တားရန် မကြံနှင့်၊ ဆီးရန် မကြံနှင့်။ ပိတ်ပင် ကန့်ကွက်ရန်ပင် မကြံပါ လေနှင့်'

စုဖုရား မဟုတ်လား။ ဘုရင်မင်းတရားက သည်မျှ ချောက်လှန့်ရုံနှင့်တော့ လန့်မတဲ့လား။ မိဖုရားသည် ဘုရင်မင်းတရား ပြောသမျှ ဆိုသမျှကို တစ်ခွန်းမခံ ပြန်လည် တုံ့ပြန်လေသည်။ မိဖုရားက နှုတ်မှပြောရုံသာ မဟုတ်။ ဣန္ဒြေမဆောင် တော့ဘဲ နန်းမတော်ဆောင်တွင်းမှာ လှုပ်လှုပ်ရှားရှား လုပ်သည်။ လက်သီး လက်မောင်းတန်း၍ အော်ပြောသည်။ အကျယ်အကျယ် မငြိမ်းဖွယ်တော့ ဖြစ်ကြပေါ့။ ကောင်းပါလေရော။ ဘုရင်မင်းတရားခမျာ 'မိန်းမ' တစ်ယောက်ယူဖို့ အရေး ကြိုးပမ်းလိုက်ရတာ။ ယခုအထိပင် ချောချောမောမော မရှိသေး။ အခက် အခဲတွေက တောင်လိုပုံနေသည်။ အနှောင့်အယှက် အတားအဆီးတွေက အဆင့်ဆင့်နှင့်။ စိတ်ကုန်ဖွယ် အရေးအခင်း၊ စိတ်ပျက်ဖွယ် အရေးအခင်းပါပဲ။

သို့သော် ဘုရင်မင်းတရားသည် သည်တစ်ကြိမ်မှာဖြင့် လွယ်လွယ်နှင့် နောက်ဆုတ်မည့်ဟန် မပြချေ။ မပြရုံတွင် မဟုတ်၊ လက်စွဲတော် 'သန်လျက်'ကို အိမ်မှ ချွတ်၍ ကိုင်ပြီး မိဖုရားနောက်ကို အတင်းလိုက်သည်။ သည်ကိစ္စမျိုးဖြင့် ငြင်းကြ ခုန်ကြရသည် ဆိုလျှင်တော့ ယောကျ်ားသားဆိုတာက အလျှော့ပေးရမှာ အလွန်ရှက်သည်။ သည်တော့ စုဖုရားကို သန်လျက်ကိုင် ဘုရင်မင်းတရားက ခုတ်မယ်၊ ထစ်မယ် ကြိမ်း၍ နောက်က လိုက်သည်ကို ဆန်းသည်ဟု မဆိုသာပြီ။

စုဖုရားလတ်သည် အစကတော့ 'ဟောက်' လိုက်လျှင် ဘုရင်မင်းတရား ငြိမ်သွားမည် ထင်နေသလား မသိ။ ယခု ဘုရင်မင်းတရားက ဒေါသနှင့် လက်နက်စွဲ၍ လိုက်ပြီဖြစ်တော့ အံ့သြခြင်း ကြီးစွာနှင့် ထွက်ပြေးရသည်။ နန်းတော် အဆောင်ဆောင် အခန်းခန်းကို ကျွေ့ပတ်၍ ပြေးရသည်။ ဘုရင်ကိုလည်း

ဘယ်သူကမှ ဝင်မဆွဲရဲ မတားရဲကြ။ သို့နှင့် နန်းတော် တစ်ခုလုံးမှာ ဖရိုဖရဲ ဖြစ်ကုန်၏။ ပြေးသူက ပြေးကြ။ ပုန်းသူတွေက ပုန်းကြနှင့်။

နောက်ဆုံးတော့ စုဖုရားလတ်သည် 'ခလုတ်ထိမှ အမိတ' ရတော့လေသည်။ မိဖုရားသည် နန်းဆောင်တွေကို ဖြတ်၍ပြေးပြီးနောက် မယ်တော် ဆင်ဖြူမရှင် မိဖုရား၏ အဆောင်သို့ ရောက်သွား၏။ ဆင်ဖြူမရှင် မိဖုရားသည် အဆောင်တော် အတွင်းသို့ သမီးတော်ကို ထည့်ထားပြီး အပြင်မှ တံခါးကို ပိတ်လိုက်သည်။

သီပေါမင်းတရားသည် မကြာမီပင် ဆင်ဖြူမရှင် မိဖုရား၏ အဆောင်သို့ ရောက်လာ၏။ မင်းတရားကို မယ်တော်ဘုရားက အဆောင်တော်အတွင်းသို့ ဝင်ခွင့်မပြု။ အခြေအနေ အရပ်ရပ်ကို မေးသည်။ အေးအေးဆေးဆေး ဆုံးဖြတ်ရန် တိုက်တွန်းသည်။ စိတ်ပြေသောအခါမှ နောက်တစ်ခေါက် ကြွလာခဲ့ပါဟုလည်း မှာသည်။ ဤသို့ပင် မင်းတရားသည် တစ်သက်တာတွင် မိဖုရား အာဏာကို ပထမဆုံးနှင့် နောက်ဆုံးအကြိမ် တော်လှန်လိုက်ပြီ။

သို့နှင့် မင်းတရားသည် စိတ်ကိုထိန်း၍ မိဖုရား၏ မယ်တော် အဆောင်မှ ပြန်လာခဲ့သည်။ တိုင်းပြည်၏ အချုပ်အခြာ အာဏာကို ပိုင်စိုးသော မင်းတရားပဲ၊ ဒေါသကို လက်ကုန်လွှတ်လျှင် သည်ထက်ပို၍ မှားလိမ့်မည်။ 'သတိတမန်၊ ဉာဏ်မြေကတုတ်၊ ပညာစွမ်း ချွန်းကဲ့သို့အုပ်' တဲ့။ အစွယ်တဖွေးဖွေး ဖြစ်နေသော မိမိ၏ ဒေါသ ဆင်ရိုင်းကို ဘုရင်မင်းတရားသည် 'ချွန်း' ဖွင့်လွှတ်လို့ ဖြစ်ပါ့မလား။ သည်တော့ သတိတမန်ဖြင့် ထိန်း၊ ဉာဏ်မြေကတုတ်မှာ သိမ်း၊ ပညာစွမ်းဖြင့် အေးငြိမ်း စေရတော့မည်။

ဘုရင်မင်းတရားသည် မောမောနှင့်ပင် စက်ရာဆောင်မှာ တစ်ညဥ့်နားလိုက်သည်။ အိပ်ရေးဝအောင် အိပ်သည်။ နောက်တစ်နေ့ နံနက်တွင်တော့ စိတ်အစဥ်မှာ ကြည်လင် ချမ်းမြေ့ နေပါပြီ။ မနေ့က အရှိန် တညီးညီး ရှိခဲ့သော ဒေါသမီးစွယ်တို့လည်း ငြိမ်းလျက်ရှိပြီ။ စိတ်ကနေရာမှန် ရောက်သွားပြီ ဖြစ်တော့ အမှားနှင့် အမှန်ကို ခွဲခြားသိသည်။ မနေ့က သန်လျက်ကို ကိုင်၍ စုဖုရားနောက် လိုက်ခဲ့မိခြင်းအတွက် ရသည့်အမြတ်က 'နောင်တ'။

သီပေါဘုရင် မင်းတရားသည် ဆင်ဖြူမရှင် မိဖုရားအဆောင်သို့ သွားခဲ့သည်။ ပထမတော့ မယ်တော် ဆင်ဖြူမရှင်နှင့် တွေ့သည်။ ဘုရင်မင်းတရား၏



စိတ် တည်တည်ငြိမ်ငြိမ် ရှိနေပုံကို မြင်တော့ ဆင်ဖြူမရှင် မိဖုရားက ကောင်းစွာ လက်ခံ တွေ့ဆုံသည်။ ပြီးတော့ သမီးတော် စုဖုရားလတ်နှင့် တွေ့ပေးသည်။ ဖြစ်ရပ်များအတွက် ဘုရင်မင်းတရားက တောင်းပန်စကားဆိုသည်။ ကျိုးနွံ နေလိုက်သော မင်းတရား။ လိမ္မာနေလိုက်သော မင်းတရား။ အမှားကိုမြင်၍ နောင်တကြီးစွာ ရနေသော မင်းတရား၏ပုံမှာ မခုတ်တတ်သော ကြောင်ပင် ဖြစ်နေလေပြီ။

စုဖုရားလတ်သည် 'နောက်ဆုံးပိတ် အိတ်နှင့်လွယ်' ရလေသည်။ ဘုရင်မင်းတရားက အားလုံးကို အလျှော့ပေးလိုက်၏။ မိဖုရားက အားလုံးအပေါ်တွင် အနိုင်ရလိုက်ပြီ။ ခင်ခင်ကြီးကို ဘုရင်မင်းတရားနှင့် လက်ဆက်ပေးသည့် ကိစ္စတွင် ပါဝင်နေသော အခါပေး တရားခံတွေကို ကြိုက်သလိုသာ စီရင်ပါတော့။ သူတို့ အားလုံး၏ အသက်သည် မိဖုရားလက်ထဲသို့ ရောက်ခဲ့ပြီ။ ကျားသနားမှသာ နွားချမ်းသာကြလိမ့်မည်။

သို့သော် သည်နေရာတွင် စုဖုရားလတ်သည် အလိမ္မာသုံးလိုက်၏။ ခင်ခင်ကြီးကို နေရင်းအတိုင်းပင် နန်းတွင်းမှာ ဆက်၍ နေခွင့်ပြုထားသည်။ ခင်ခင်ကြီး၏ ဦးလေးတော်သူ ပုဂံအတွင်းဝန်ကိုသော်လည်းကောင်း၊ ဖခင် ကန္နီအတွင်းဝန်ကိုသော်လည်းကောင်း အကြောင်းမဲ့ ဖမ်းဆီးခြင်း မပြု။ သည် ပုဂ္ဂိုလ်တွေသည် စင်စစ်တော့ အကိုင်းတွေ အခက်တွေ မဟုတ်လား၊ ပင်စည်ကို မဖြိုဘဲနှင့် သည်ပုဂ္ဂိုလ်တွေကို အရင်ရှင်းလျှင် အချည်းနှီး နာမည်ပျက်လိမ့်မည်။ အဓိက အရေးကြီးသည်က 'ပင်စည်' နှင့် တူသော ရနောင်မင်းသား။ ရနောင်ကို ဖြိုလျှင် သူ့ကို မှီခို၍ ပေါက်နေသော အန္တရာယ်တွေ အားလုံး ပြိုတော့မည်။

သို့နှင့် မိဖုရားသည် ရနောင်မင်းသားကို ဖြိုရန် အရေးအတွက် စီမံကိန်း တစ်ရပ်ကို ပိပိယိယိ ရေးဆွဲသည်။ သည်စီမံကိန်းအတွက် မိမိကို ကူညီရန် မိတ်ဖက်ရှာသည်။ တွေ့ပါ၏။ မိဖုရားရှာတွေ့သော မိတ်ဖက်မှာ တိုင်တားမင်းကြီး ဖြစ်သည်။ မိမိ၏ စီမံကိန်းအတွက် အကူအညီရရန် တိုင်တားမင်းကြီးကို အဖော်ညှိ သောအခါ ဝန်အိုကြီးသည် ခေါင်းကို တဆတ်ဆတ် ညိတ်ရှာလေသည်။

သည်တွင် မျက်စိလည်စရာ ဖြစ်လာသည်။ စဉ်းစားစရာ ရှိလာသည်။ မေးစရာရှိလာသည်။ မိဖုရားကို နန်းပလ္လင်ပေါ်မှ ဖယ်ရှားရန်နှင့် ခင်ခင်ကြီးကို မိဖုရားတင်ရန် ကြံစည်တုန်းက တိုင်တားမင်းကြီးလည်း တစ်ကြိုတ်တည်း

တစ်ဉာဏ်တည်း မဟုတ်လား။ ခုတော့ သည်မင်းကြီးသည် စုဖုရားလတ် စည်းရုံးရေးသို့ ဘယ့်နှယ်ကောက်ကောက်ပါအောင် လိုက်သွားတာလဲ။

ဦးနှောက်ခြောက်အောင် မစဉ်းစားပါလေနှင့်။ ဘုရင်မင်းတရား၏ နန်းတွင်းမှာက နီးရာ 'ဓား' ကို ကြောက်ရသည် မဟုတ်လား။ စုဖုရားက ပေးသည့် တာဝန်ကို တိုင်တားမင်းကြီး **ဘယ်သို့** ငြင်းပယ်ရဲမှာတော့လဲ။

သို့နှင့်ပင် မိဖုရားသည် ရနောင်မင်းသားကို ဖယ်ရှားရန်အတွက် အကွက်ကောင်းကို စောင့်လေသည်။

ပျံလေတဲ့ ငှက်ခါး နားကာမှ သိစေမည်။

## ၆။ ရနောင်မင်းသား၏ ဂြိုဟ်ဆိုးကြမ္မာ

### ၁

ရှေ့အခန်းများတွင် ရနောင် မောင်မောင်တုတ်၏ လှုပ်ရှားမှု အချို့ကို ဖော်ပြခဲ့ပြီ။ ရနောင် မောင်မောင်တုတ်ကို သီပေါဘုရင်က မင်းသားဘွဲ့ အပ်နှင်းထားသည်။ ထို့ကြောင့် 'ရနောင်မင်းသား မောင်မောင်တုတ်' ဟု ခေါ်မှ ပြည့်စုံမည် ဖြစ်သည်။ သည်တော့ မေးစရာရှိသည်။ မောင်မောင်တုတ်ဆိုတာ ဘယ်သူလဲ။ ဘာဖြစ်လို့ မင်းသားဘွဲ့ ခံရတာလဲ။ မောင်မောင်တုတ်နှင့် နန်းမတော် စုဘုရားလတ်တို့ တိုက်ပွဲက ဘယ်မှာ အဆုံးသတ်သွားသလဲ။ မေးနိုင်ကြသည်။ သည်သို့ မေးလျှင် ဖြေစရာတွေက တစ်ပုံကြီးရှိ၏။ မောင်မောင်တုတ်နှင့် ပတ်သက်၍ စိတ်ဝင်စားဖွယ် ဖြစ်ရပ်တွေကလည်း အများကြီးပါပဲ။ သည်တော့ မောင်မောင်တုတ်ဆိုတာ ဘယ်သူလဲ။ သူဘယ်ကလာသလဲ။ အစကို ရှာကြည့်ကြရအောင်။

မောင်မောင်တုတ်၏ နာမည်ရင်းမှာ မောင်ညိုတုတ် ဖြစ်သည်။ မောင်ညိုတုတ်၏ ဖခင်မှာ သီပေါဘုရင့် ခမည်းတော်၊ မင်းတုန်းမင်းတရား၏ ကျွန်တော်ရင်း ဖြစ်သည်။

မင်းတုန်းမင်းတရားသည် နောင်တော် ပုဂံမင်းကို ပုန်ကန်တော်လှန်၍ ရွှေဘိုသို့ ထွက်စံစဉ်က မောင်မောင်တုတ်၏ ဖခင်လည်း လိုက်ပါခဲ့၏။ သို့သော်

ယင်းတော်လှန်ပုန်ကန်မှုတွင် မောင်မောင်တုတ်၏ ဖခင်မှာ ကျဆုံးခဲ့ရှာသည်။ မင်းတုန်းမင်းတရား အထွတ်အထိပ်သို့ ရောက်သောအခါ ကလေးရွယ် **တစ်**ယောက် မျှသာ ရှိသေးသော မောင်ညိုတုတ်ကို ဘုရင့်လက်သုံးတော် **အမှုထမ်း**အဖြစ် ကြည့်ရှုခန့်ထားပေးသည်။ အထောက်အထားတစ်ခုကမူ မောင်မောင်တုတ်၏မယ်တော်မှာ စုဖုရားလတ်ငယ်စဉ်က နို့ထိန်းသည်အဖြစ် နန်းတွင်းမှာ အမှုတော်ထမ်းရသည်။ ထို့ကြောင့် ရနောင်မောင်မောင်တုတ်နှင့် စုဖုရားလတ်တို့မှာ နို့စို့ဖက်များလည်း ဖြစ်ကြသည်ဟုဆို၏။

မောင်ညိုတုတ် ငယ်စဉ်က ဘုန်းတော်ကြီးကျောင်းမှာ သီပေါမင်းသားနှင့် အတူ စာသင်ဖူးသည်။ ထိုစဉ်က သီပေါမင်းသားသည် မောင်ညိုတုတ်ကို အလွန်ခင်မင်သည်။ မောင်ညိုတုတ်ကလည်း သီပေါမင်းသားကို အလွန် ဂရုစိုက်သည်။ အစစအရာရာ ကူညီသည်။ အတူသွား၊ အတူစား၊ **အတူကစား၊ အတူအိပ်**သည်။

တစ်နေ့တွင် သီပေါမင်းသားကလေးနှင့် မောင်ညိုတုတ်တို့ အပါအဝင် ဘုန်းကြီးကျောင်းသား တစ်စု ကျောင်းဝင်းထဲမှာ ကစားနေကြ**သည်။** ထိုစဉ် သီပေါ မင်းသားကလေး၏ ခေါင်းပေါင်းတော်ကို စွန်ရဲ **တစ်ကောင်က** ကောင်းကင်မှ နေ၍ လာရောက် ထိုးသုတ် ချီယူသွား၏။ မောင်ညိုတုတ်သည် အဖြစ်အပျက်ကို ငေးကြည့်နေမိသည်။ သီပေါမင်းသားလည်း အံ့သြသွား၏။ ထူးဆန်း၍ ဖြစ်တောင့်ဖြစ်ခဲ ကိစ္စမဟုတ်လား။ ဆန်းလည်း ဆန်းကြယ်ပါပေ့။ သို့နှင့်မောင်ညိုတုတ်က အတတ်ဟောသည်။ 'ကိုယ်တော်လေးဟာ တစ်နေ့မှာ ရတနာပုံ ရွှေနန်းကိုသိမ်းမြန်းစိုးအုပ်မည့် ဘုရင်ကေန် ဖြစ်လိမ့်မည်'

သီပေါမင်းသားလည်း ဖြစ်ရပ်အတွက် အံ့သြနေ၏။ မောင်ညိုတုတ်က ဆက်၍ ဆိုသည်။ 'ကိုယ်တော်လေး ဘုရင်ဖြစ်ရင်သာ ကျွန်တော့်ကို မမေ့ပါနဲ့'။ သီပေါမင်းသားက အနိုင်အမာ ကတိပြု၏။ 'မိမိသာ ရှင်ဘုရင် **ကေန် ဖြစ်ပါစေ။** မောင်ညိုတုတ်ကို ကောင်းစွာ ချီးမြှင့်မည်။ စိတ်သာချနေ**တော့**'။

သီပေါမင်းသားကား ကတိတည်သူ ဖြစ်၏။ မိမိဘုရင်**ဖြစ်သည်နှင့်** ငယ်သူငယ်ချင်း မောင်ညိုတုတ်ကို သူကောင်းပြုရန် သတိရ၏။ **ဘုရင်မင်းတရားက** မောင်ညိုတုတ်ကို ရတနာပုံနန်းတွင်းသို့ ခေါ်ယူလိုက်သည်။ **မင်းညီမင်းသားဘွဲ့** အပ်နှင်းသည်။ မင်းသားတို့၏ အဆောင်အယောင်၊ အခြွေအရံများကိုလည်း



ပေးလိုက်သည်။ ရနောင်မြို့ကို စားစေသည်။ တခြား လိုချင်တာလည်းပြော၊ နောင်တော်လိုသမျှ ညီတော်မင်းတရားက ခွင့်ပြုချီးမြှင့်မည်ဟုလည်း သီပေါမင်းတရားက ကတိပြုသည်။ ထိုနေ့မှ စ၍ မောင်ညိုတုတ်၏ ဘဝသည် ပြောင်းလဲခဲ့ပြီ။ ယခုအခါတွင် ဘွဲ့နာမည်ကပင် ခန့်ခန့်ညားညား ရှိပါပေ့။ 'ရနောင် မင်းသား မောင်မောင်တုတ်' တဲ့။

ရနောင်မင်းသားသည် ဖျတ်လတ်သည်။ ရဲစွမ်းသတ္တိရှိသည်။ လုပ်ရဲကိုင်ရဲရှိသည်။ ဘုရင့်အမှုတော်ကိုလည်း သက်စွန့်ကြိုးပမ်း ထမ်းသည်။ ဘုရင်မင်းတရား၏ အသက်စည်းစိမ်ကို အသက်ပေး၍ စောင့်ရှောက်ရန်လည်း ကတိသစ္စာဆိုပြီးဖြစ်သည်။ ထို့ကြောင့်ပင် သီပေါဘုရင်က သက်တော်ရှည်ဆု ပေးထားခဲ့သည်။ 'မောင်တုတ် တစ်သက် ငါ့တစ်သက်မှာ မောင်မင်းဟာ ငါ့ဓားဖြင့် မသေစေရ'

သည်လို အခွင့်ရေးမျိုးကား ရခဲပါဘိ။ မှတ်မှတ်ရရ ဆိုလျှင် မင်းတုန်းမင်းတရား လက်ထက်တော်က ကင်းဝန်မင်းကြီး တစ်ဦးတည်းသာ ထိုအခွင့်အရေးမျိုး ရခဲ့ဖူး၏။ ထိုစဉ်က မင်းတုန်းဘုရင်က ကင်းဝန်မင်းကြီးကို 'မင်းကြီးသက်တော်ရှည်' ဘွဲ့ဖြင့် ချီးမြှင့်သူကောင်းပြုခဲ့သည်။ ယခု ရနောင်မင်းသားကို သီပေါဘုရင် ပေးအပ်သောဆုကား ထိုဆုနှင့်တန်းတူအရည်အချင်းတူ ဖြစ်သည်။

မောင်မောင်တုတ်သည် အလုံးအရပ်ကောင်း၏။ အသားညိုညို မျက်နှာမှာ ကျောက်ပေါက်မာ ခတ်သဲ့သဲ့ ရှိ၏။ မုတ်ဆိတ်ကျင်စွယ် တစ်ပင်နှစ်ပင် ရှိသည်။ သူ့မျက်လုံးက စူးရှတောက်ပြောင်သည်။ အသံသြဇာ ရှိသည်။ သူ့ပုံဟန်သည် ဥပဓိရုပ်ကောင်း၍ ခန့်ညားသော အသွင်ရှိသည်။ သို့နှင့် မိန်းမတွေ သဘောကျသော ပုံဟန် ဖြစ်နေသည်။

မိန်းမတွေက မောင်မောင်တုတ်ကို ကြိုက်၏။ မောင်မောင်တုတ်ကလည်း မိန်းမတွေကို ကြိုက်သည်။ ကြိုက်လိုက်သမျှ ဘယ်အထိ ဖြစ်ခဲ့သလဲဆိုလျှင် ပျိုပျိုအိုအိုမရွေးတော့ဘဲ မျက်စိထဲအဆင်သင့်တာနှင့် ဆွဲယူတော့သည်။ လင်ကြီးသားကြီးရှိသလား၊ အုပ်ထိန်းသူ ရှိသလား၊ အပျိုလား အအိုလား မရွေးတော့ပြီ။ စိတ်ထဲမှာ ချောသည် လှသည် ထင်တာနှင့် ဆွဲယူသည်။ သို့နှယ် ယူနိုင်အောင်လည်း ရနောင် မောင်မောင်တုတ်မှာ တန်ခိုးကြီးသူ မင်းသားတစ်ပါး မဟုတ်လား။ သူ့ကိုဘယ်သူကအန်တုဆန့်ကျင်ရဲမှာလဲ။ လက်နက်ကိုင် တပ်သားတွေ တစ်ပြုံကြီး ခြံရံနေထိုင်သော မောင်မောင်တုတ်ကို ဘယ်သူက ရန်ပြုရဲ **မှာတဲ့လဲ**။

မောင်တုတ်ကို ဘုရင်က သည်မျှ အခွင့်အရေးပေးထားသည်မှာ အကြောင်းရှိ၏။ မောင်တုတ်သည် သီပေါမင်းသားနှင့် အမြဲတစ်စေ မကင်းမကွာ ရှိခဲ့သည် မဟုတ်လား။ ကြည့်ပါတော့၊ မင်းတုန်းမင်းကြီး နာမကျန်းဖြစ်စဉ် မင်းညီမင်းသားတွေကို ဆင်ဖြူမရှင်အမိန့်ဖြင့်ဖမ်းထားတုန်းက သီပေါမင်းသားလည်း ကြေးတိုက်ထဲမှာ အတူတူပေါ့။ နောက်ပိုင်းမှာ သီပေါမင်းသားကို အိမ်ရှေ့စံ ခန့်လိုက်သောအခါ ကြေးတိုက်ထဲက သီပေါမင်းသားကို ကုန်းပိုး၍ ထမ်းထုတ်ယူလာသူမှာ မောင်တုတ်ပင် ဖြစ်သည်။

သီပေါမင်းသားသည် ထိုကျေးဇူးကို အမြဲသတိရနေဟန်တူပါရဲ့။ မိမိနန်းရ၍ ဘွဲ့ထူးဂုဏ်ထူးတွေ ချီးမြှင့်သောအခါ မောင်တုတ်ကို 'မဟာမင်းလှ မင်းထင်စည်သူ' ဘွဲ့ ပေးအပ်သည်။ ပတ္တမြားကျောက်စီဓားကို လွယ်၍ ခစားခွင့်ပြုသည်။ မြောက်ထားဝယ်မိုလ်ရာထူးလည်း အပ်သည်။ သည်ရာထူးမှာ မြောက်ထားဝယ် တပ်တော်သား ၆၁၂ ဦး၏ အကြီးအကဲ ဖြစ်သည်။

သီပေါဘုရင်မင်းတရားက သာမန်အရပ်သားလေးမောင်တုတ်ကို သည်မျှ ချီးမြှင့်ခဲ့တော့ ရနောင်မောင်မောင်တုတ်လည်း ပုထုဇဉ်ပီပီ ဖောက်ပြန်မိမှာ ကေန်ပါပဲ။

'လူဆိုသည်မှာ အကျဒဏ်ကိုသာ ခံနိုင်စွမ်းရှိသည်။ အတက်ဒဏ်ကို ခံနိုင်ရည် ဝေးစွ' တဲ့၊ ဆိုစမှတ်ရှိ၏။ ဟုတ်ပေလိမ့်မည်။ အာဏာကလေး လက်နှစ်လုံးလောက် ရသော ရနောင်မောင်မောင်တုတ်သည် 'အတက်ဒဏ်' ကိုမခံနိုင်ဘူးထင်ပါရဲ့။ ဖောက်ပြန်မှုတွေလုပ်လာသည်။ ဥပဒေကို လက်တစ်လုံးကြားလုပ်သည်။ ဩဇာအရှိန်အဝါကို မသင့်မတော်သုံးသည်။ ကြည့်လေ။ တောင်တွင်းကြီးသူ သဘင်သည် အငြိမ့်သမ တစ်ယောက်ကို လင်ကြီးငတ်တုတ်နှင့်ပင် ဆင်ဖြင့်တင်၍ ခိုးယူလာသတဲ့။ ထိုအငြိမ့်သမမှာ နာမည်တစ်လုံးကို 'တွင်' ပါလေရော၊ 'ဆင်ခိုးမလေး'တဲ့။ အငြိမ့်သမ၏ လင်ကို လျော်ကြေးအဖြစ် ရွှေငါးပိဿာနှင့် မြို့သူကြီး ရာထူး အပိုင်စား ပေးလိုက်သည်။ ရနောင်မင်းသားမောင်မောင်တုတ်ဆိုတာကအဲသည်လို ပုဂ္ဂိုလ်မျိုးပါပဲ။ နိုင်ငံတော်ပိုင်ရာထူးကို ဟင်းရွက်ကန်စွန်း ပေးသလို ပေးလိုက်ပြီး သူများမယားကို မျက်နှာပြောင်ပြောင်နှင့် အပိုင်စီးခဲ့ပါလေ၏။



သည်အကြောင်းများကို ပြန်ရေးပြတော့မှပင် စုဖုရားလတ်နှင့် ရနောင်မောင်မောင်တုတ် အကြားတွင် ဖြစ်ပေါ်ခဲ့သော 'ပဋိပက္ခ' အတိမ်အနက်ကို သိကြတော့မည်။ မောင်မောင်တုတ်က အိမ်ကြီးခြံဝင်းကြီးနှင့် မိန်းမတွေ မို့လိုပေါက်ယူထားပြီး လောကီစည်းစိမ်ကို ဗွာဝကြီး ခံစားနေစဉ် စုဖုရားလတ်သည် ရှင်ဘုရင်ကို တစ်လင်တစ်မယားစနစ်ဖြင့် ချုပ်ကိုင်ရန် ကြိုးပမ်းနေလေ သည်။

အမှန်တော့ သည်ပြဿနာကို ဝေဖန်အကဲဖြတ်ကြမည်ဆိုလျှင်တော့ ဒင်္ဂါး တစ်ချပ်၏ မျက်နှာစာလိုပါပဲ။ သည်ဖက်က ကြည့်လျှင် 'မျောက်'၊ ဟိုဖက်က ကြည့်လျှင် 'ပန်း' ဖြစ်ပေလိမ့်မည်။ ရနောင်မင်းသားဖက်က ကြည့်လျှင် တန်ခိုးအာဏာအရှိန်အဝါဆိုသည်မှာ တစ်သက်မှာတစ်ခါရခဲပါဘိခြင်း၊ ရတုန်း ရခိုက်မှာဖြင့် လောကီစည်းစိမ်ကို 'တစ်ဝကြီး' စံစားသွားလိုက်မည်ဟု ဆုံးဖြတ်ထားပုံရ၏။ စုဖုရားလတ်က ကြည့်လျှင်တော့ ယောကျ်ားတွေ မယားများများယူ၍ မိန်းမတွေအပေါ် အမြတ်ထုတ်ခြင်းကို မည်သည့်နည်းနှင့်မှ သဘောမတူနိုင်။ လင်မှာ မယားတစ်ယောက်တည်း ရှိသလို မယားမှာလည်း လင်တစ်ယောက်တည်း ရှိရလိမ့်မည်။ မိန်းမနှင့် ယောကျ်ားတို့မှာ ဘယ်သူကမှ အခွင့်အရေး ပိုယူနေရန် မလို။ သို့နှင့် အယူအဆချင်းက ကွာဟလွန်းနေသည်။

ရနောင်မင်းသားနှင့် စုဖုရားလတ်တို့အကြားတွင် ဖြစ်ပေါ်နေသော 'ကွာဟချက်' သည် နိဂုံးမှာတော့ စိတ်မချမ်းသာစရာတွေနှင့် အဆုံးသတ်ရမည် ဖြစ်သည်။ စုဖုရားလတ်ဆိုတာက တစ်ပါးတည်းသော မိဖုရား မဟုတ်လား။ မိဖုရားပါဆိုမှ သာမန်မိဖုရားမဟုတ်။ မင်းတုန်းဘုရင်လက်ထက်တော်တုန်းက မိဖုရားခေါင်ကြီးကို 'အန်တု' ခဲ့သော ဆင်ဖြူမရှင်ရဲ့ သမီးတော်စင်စစ် မိဖုရား။ အမေ့သမီးသည် အမေ့ထက်ပင် သွက်နေ ထက်နေသေးသည်။ သည်တော့လည်း ရှင်ဘုရင်မြှောက်စားလို့အဆောင်အယောင်တွေရနေသော ရနောင်မင်းသားသည် မိဖုရားစုဖုရားလတ်ကို ဘယ်လိုပုံနှင့် အနိုင်ယူလို့ ရလေမလဲ။

ယခုအခါတွင် စုဖုရားလတ်သည် ရနောင် မောင်မောင်တုတ်၏ အကြောင်းကိုသာ စိတ်ကူးနေတော့သည်။ သည်ရန်စွယ်ကို ဘယ်နည်းနှင့် ဖာတ်သိမ်းစေမလဲ။ နိုင်လုံသော အကြောင်းရင်းကို 'ရှာ' ရလိမ့်မည်။ ဖြစ်နိုင်သော နည်းလမ်းတို့ကို 'ဖွေ' ရလိမ့်မည်။ ရနောင်မောင်မောင်တုတ်ကို တစ်ချက်ထိုးရုံဖြင့် တစ်သက်လုံး နာလန်မထူနိုင်အောင် မိဖုရားက ဘယ်လို အားထုတ်လေမလဲ။

## ၂

စုဖုရားလတ်သည် အစီအစဉ်တစ်ခုကို ရေးဆွဲလေသည်။ သီပေါမင်းတရားနှင့် နန်းမတော် မိဖုရားကြီးတို့သည် ပြည်သူတို့အကြား ထွက်ကြွအပူဇော်ခံမည်။ ပြီးတော့ ပြည်သူ့ဆန္ဒကို တောင်းခံသော ရွှေသေတ္တာကြီးများကို နန်းမြို့အပြင် လေးဖက် လေးတန်မှာ ချထားမည်။ ပြည်သူတွေက မိမိတို့ ဆန္ဒတွေကို စာနှင့် ရေးပြီး ရွှေသေတ္တာကြီးထဲတွင် လာထည့်ကြ။ ပြည်သူတွေ အကြားသို့ ထွက်ကြွ အပူဇော်ခံပြီးလျှင် ပြည်သူတို့ ဆန္ဒကို ဘုရင်နှင့် မိဖုရားတို့သည် ပြည်သူ့ကြားမှာ အမှန်ရှာမည်။

အလွန်ကောင်းသော အစီအစဉ် တစ်ရပ်ပဲ။ ပြည်သူတွေ ဆိုတာက 'တို့ဘုရင်ကလေး ဖြူသလား မဲသလား မသိရ။ တစ်ခါမှလည်း ဖူးခွင့် မြင်ခွင့် မရှိ။ ယခုမှပင် ဘုရင်နှင့် မိဖုရားတို့ကို အားရပါးရ ဖူးတွေ့ရတော့မည်'။ ဘုရင်မင်းတရားသည် ရုပ်ရည်ခံ့ထည်လေသလား။ မိဖုရားခေါင်ကြီးကကော မိုးနတ်မယ်သို့ လှမည် ထင်ပါရဲ့။ ပြည်သူတွေက အမျိုးမျိုး စိတ်ကူးကြည့်ကြ၏။ စိတ်ကူးနှင့် 'ရူး' မနေကြနှင့်'။ အရှင်နှစ်ပါးကို ကိုယ်တိုင်ကိုယ်ကျ 'ဖူး' တွေ့ရ တော့မည်။ နည်းတဲ့ အခွင့်အရေးလား။

ဘုရင်မင်းတရားနှင့် နန်းမတော် မိဖုရားတို့ ကျုံးတော်တွင် ဖောင်တော်ဖြင့် လှည့်လည် အပူဇော်ခံမည့် သတင်းကို နေပြည်တော် အရပ်ရပ်သို့ မောင်းကြေးနင်း ခတ်စေသည်။ အရှင်နှစ်ပါး အပူဇော်ခံမည့်နေ့မှာ အလုပ်တွေ ရပ်ကြ။ ပူဇော်ပွဲ အခမ်းအနားသို့ နေရာကောင်းရရန် စောစောလာကြ။ လှည်းနေလှေအောင်း မြင်းဓောင်းမကျန် ကျုံးတော်တစ်ဝိုက်မှာ စုဝေးကြ။ တစ်သက်မှာ တစ်ခါသာ ရသည့် အခွင့်အရေးကို လက်လွှတ်မခံကြနှင့်။

ဘုရင်နှင့် မိဖုရားတို့ အပူဇော်ခံသည့်နေ့သို့ ရောက်ပါပြီ။ ရတနာပုံနေပြည် တစ်ခွင်လုံးမှာ အုတ်အုတ်ကျက်ကျက် ရှိလှသည်။ ကျုံးတော်ဝန်းကျင် တစ်လျှောက် လုံးမှာ ပွဲတွေ၊ လမ်းတွေ၊ ဓာတ်တွေ အငြိမ့်တွေနှင့် စည်စည်ဝေဝေ ရှိပါ၏။ အရှင်နှစ်ပါးတို့ကို ဖူးမြော်ရန် လူတွေကြိတ်ကြိတ်တိုး စောင့်နေကြ၏။ ကြွလာပါပြီ။ သီပေါမင်းတရားနှင့် မိဖုရားတို့သည် လှပမြူးကြွသော ကရဝိက်



ဖောင်တော်ကို စီးလျက် ကျုံးတော်အတွင်းမှာ ငြိမ့်ညောင်းသာယာစွာ ကြွလာပြီ။ စိမ်း၊ နီ၊ ဝါ၊ ရွှေ ရောင်စုံ ခြယ်ထားသော ကရဝိက်ဖောင်တော်သည် နေရောင်မှာ တပြောင်ပြောင် တဝင်းဝင်း ဖြစ်နေ၏။ အလားတူပင် ဘုရင်နှင့် မိဖုရားတို့ ကိုယ်မှာ ဆင်ယင်ထားသော ရတနာခုနစ်ပါး၏ အရောင်တွေက ပြိုးပြိုးပြက်ပြက် ဖြိုးဖြိုး လက်လက် ရှိလှသည်။

ဖောင်တော်၌ လှပခန့်ထည်သော ရွှေသလွန် ရှိ၏။ ရွှေသလွန်ပေါ်၌ကား နူးညံ့လှသော အနောက်တိုင်းဖြစ် မွေးပွကော်ဇောကြီးများကို ခင်းထား၏။ ဘုရင်နှင့် မိဖုရားတို့သည် မွေးပွကော်ဇောကြီးများပေါ်တွင် သူမတူအောင် ခန့်ထည်စွာ စံစားနေသည်။ ကရဝိက် ဖောင်တော်၏ ရှေ့နှင့်နောက်၊ ဝဲယာတို့ကား ရှေ့ဝင်း နောက်ဝင်းနှင့်၊ ရှေ့တပ်နောက်တပ်နှင့်။ အစောင့်အကြပ်တွေနှင့် ထူထပ်များပြား လှပါဘိ။ ပြည်သူတို့ ချစ်ခင်လေးမြတ်နေသူဟု တဖွဖွ ပြောနေကြသော ဘုရင်နှင့် မိဖုရားအသက်စည်းစိမ်အတွက် သေနတ်နှင့် ဓားကိုင်တပ်သားတွေကိုအစောင့် ချထားသည်မှာ ဖွေးဖွေးလှုပ်နေ၏။

ကျုံးဘေးမှာ ရှိနေကြသော ပြည်သူတို့သည် ဘုရင်နှင့် မိဖုရားတို့ကို ဦးသုံးကြိမ်ချ၍ ကန်တော့ကြသည်။ ကျက်သရေရှိလှပါပေ့။ ဘုန်းရှိန်ကံရှိန် ထွန်းတောက် ဝင့်ကြွားပါပေရဲ့။ သည်စည်းစိမ်မျိုးကို ဘုန်းရှင်ကန်ရှင် သမ္မာရှင် များမှ စံစားခွင့် ကြုံလိမ့်မည်။ ကိုယ့်မြေး အရွယ်မျှသာ ရှိသော ဘုရင်နှင့် မိဖုရား တို့ကို အဘိုးအိုနှင့် အဘွားအိုတို့က အကြိမ်ကြိမ် ဦးချကန်တော့ နေကြသည်။

ထိုနေ့က သည်ပွဲပြီးတော့ အရှင်နှစ်ပါးသည် ,နန်းတွင်းသို့ ပြန်လာခဲ့၏။ စုဖုရားလတ်ကမူ နန်းမြို့လေးပြင် လေးရပ်တွင် ချထားသော ရွှေသေတ္တာကြီးတို့ ကို အမြန်ဆုံး ယူခဲ့ရန် အမိန့်တော် ဆင့်သည်။ ပြည်သူတို့ထံက ရင်ဖွင့်သံကို ကြားနာကြရအောင်။ ပြည်သူတို့ အဘယ်မျှ 'စံ' နေကြသလဲ။ ပြည်သူတွေ အဘယ်မျှ 'ခံ' နေကြရသလဲ။ ပြည်သူတို့ ထံမှ ရွှေသေတ္တာထဲရှိ စာတွေက အမှန် တရားကို ကောင်းကောင်းကြီး ဖော်ပြကြတော့မည် ထင်ပါရဲ့။

ဘုရင်မင်းတရား၏ သံတော်ဆင့် အရာရှိများသည် ရွှေသေတ္တာများကို တစ်လုံးပြီးတစ်လုံး ဖွင့်ကြသည်။ ထွက်လာလိုက်တဲ့ စာတွေကပြင့် မနည်းလှပါ။ တစ်သက်လုံး ကုန်းခံခဲ့ရသော ဝေဒနာတွေကို တစ်ကြိမ်တည်းနဲ့ ကျေစေအောင်

ပြည်သူတို့က ရင်ဖွင့်လိုက်လေသလား။ တကယ်အမှန်တရား ဖြစ်လာတာ မဖြစ် လာတာတော့ ရှိပါစေတော့။ ခံနေရသမျှ အထက်ပိုင်းက သိရင် တော်ပြီဟု တွေး၍ စာတွေ ရေးထည့်နေသလား။ သည်လောက်များသော တိုင်စာ တောစာ တွေကို ကိုင်တွယ်ရမည့်သူကတော့ ဘယ်လို 'ဘွဲ့ဖြူလက်နက်' ဖြင့် တစ်ခေ အတွင်းမှာ ရှင်းပေးနိုင်မှာ တဲ့လဲ။ စဉ်းစားစရာတွေကတော့ အများကြီး။ စဉ်းစားမှ လျှင် ကြာလိမ့်မည်။ စာတွေကို အမြန်ဖွင့်၊ အမြန်ဖတ်ကြစမ်း။ ဘုရင်နှင့် မိဖုရားတို့ အနားယူ အပန်းဖြေဖို့ ရှိသေးတယ် မဟုတ်လား။

တိုင်းတော်ပြည်တော်မှာ မလျော်တဲ့အခင်းတွေကို ကြားရသည်။ နန်းတော် အမှုထမ်းတို့ လာဘ်ပေးလာဘ်ယူ အရေးအခင်းများ၊ ဘုရင့်လွှတ်တော် အမှုထမ်း တို့၏ မသမာမှုများကို တိုင်စာတွေမှာ ဖော်ပြသည်။ လက်နက်ကိုင် အမှုထမ်းတွေ ကလည်း လက်နက်အားကိုးနှင့် ပြည်သူတွေကို နှိပ်စက်ညှဉ်းပန်း သတ်ဖြတ်ကြ သတဲ့။ မြို့အုပ်ခွန်အုပ်တို့က အခွန်တော်ငွေကို မတရား စားသုံးပစ်ကြသတဲ့။ ဥပဒေကို လက်တစ်လုံးခြား လုပ်ပြီး ဝန်ကြီး၊ မှူးကြီး၊ မတ်ကြီးတို့က မတရား စီရင် ဆုံးဖြတ်ကြတာကိုလည်း အရေးယူပေးပါဦးတဲ့။ ပြီးတော့ ဘုရင့်နောင်တော် ရနောင်မင်းသား မောင်မောင်တုတ်က၊ ရနောင်မင်းသား မောင်မောင်တုတ်ဟာ၊ ရနောင်မင်းသား မောင်မောင်တုတ်သည်။

'ဟဲ့ ဟဲ့ ဘာစာတွေလဲ၊ နောင်တော် ရနောင်မင်းသားအကြောင်း တိုင်ကြား တဲ့စာတွေကလဲများလှချည့်လား၊ နေအုံး နေအုံး၊ နောင်တော့်အကြောင်း ရေးထား တဲ့စာတွေကို တခြားဖယ်ထား။ ကဲ ကဲ နောက်သေတ္တာတစ်လုံး ဖွင့်စမ်းပါအုံး'

သီပေါမင်းတရား စိတ်ညစ်သွားသည်။ ပြည့်သူ့ဆန္ဒစာတွေ ဖတ်ရှုပြနေတာ ကို နားထောင်နေဆဲ ဘယ့်နှယ် နောင်တော် ရနောင်မင်းသားအကြောင်း တိုင်တဲ့ တောတဲ့ စာတွေ ပေါ်လာသလဲ။ အနားမှာ မိဖုရားကြီးရော၊ ဝန်ကြီးတွေရော ရှိနေတော့လည်း ပြောရမှာ ခပ်ခက်ခက်။

နောက်သေတ္တာတွေထဲမှာလည်း ပြည်သူတို့၏ ရင်ဖွင့်သံတွေက 'သောသောကိုည်' ပါလေရော။ ပြောထား၊ ရေးထား၊ တိုင်ကြားထားလိုက်သည်မှာ အကြောင်းအရာစုံ၊ ရှုထောင့်စုံပါလေပြီ။

သည်သေတ္တာထဲမှာလည်း ရနောင်မင်းသားအကြောင်း တိုင်စာတွေက မနည်းလှ။ နောက်သေတ္တာ၊ နောက်သေတ္တာ၊ ရွှေသေတ္တာလေးလုံး စုံပြီဖြစ်လို့



ရနောင်မင်းသားအကြောင်း တိုင်ကြားထားသော စာတွေကို စုပြီး ဖတ်ခိုင်းလိုက် သောအခါတွင် ကြားရသူတိုင်း မျက်လုံးပြူး မျက်ဆံပြူး ထိတ်ကြ၊ လန့်ကြရပြီ ရနောင်မင်းသားက သီပေါမင်းတရားကို နန်းမှဆွဲချရန်လူစု၍ ကြံစည်နေသတဲ့။

စာတစ်စောင် ဖတ်တိုင်းဖတ်တိုင်း ရနောင်မင်းသားအကြောင်း 'တွန်း' ထားသော အချက်တွေက ထပ်ခါထပ်ခါ ပါသည်။ ရနောင်မင်းသားသည် ပုဂံ အတွင်းဝန်၊ ကန္နီအတွင်းဝန်တို့နှင့် တိုင်ပင်နေသည်တဲ့။ သူ့အိမ်က မြောက် ထားဝယ် စစ်တပ်ကြီးကို အကောင်းဆုံး လေ့ကျင့်ထားသည်တဲ့။ သီပေါ ဘုရင်နှင့် မိဖုရားတို့ကို ရနောင်မင်းသားက လက်နက်အားကိုးဖြင့် နန်းပေါ်က ဆွဲချလိမ့် မည်။ ပြီးတော့ နန်းပလ္လင်ပေါ်မှာ ရနောင်မင်းသားက လက်နက်အားကိုးဖြင့် ဘုရင်အဖြစ် စိုးစံမည်။ ကန္နီအတွင်းဝန်ကိုတော့ အိမ်ရှေ့မင်း ရာထူးပေးလိမ့် မည်။ ပုဂံအတွင်းဝန်မှာ သက်တော်ရှည်အမတ်ကြီး ရာထူးဖြင့် တိုင်းနိုင်ငံကို လက်ဝါးကြီးအုပ်၍ စိုးမိုးကြလိမ့်မည်တဲ့။

မယုံလျှင် ရနောင်မင်းသား၏ အိမ်မှာ သွားရှာကြည့်ပါလား။ မင်းမြောက် တန်ဆာ ငါးပါးနှင့်၊ ဘုရင်နှင့် မိဖုရားတို့မှသာ စံမြန်းခွင့်ရှိသော သလွန်တော်ကို အဆင်သင့် လုပ်ထားသည်။ ပြီးတော့ ကန္နီအတွင်းဝန်၏ အိမ်အောက်မှာ ရိုင်ဖယ်သေနတ်နှင့် ကျည်ဆန်တွေကို အသင့်လျှို့ဝှက်မြှုပ်ထားသည် စသည်ဖြင့် လည်း ယင်းတိုင်ကြားစာများက ဖော်ပြပြန်၏။

ဟုတ်ကော ဟုတ်ရဲ့လား၊ သည်စာတွေကို ပြည်သူတို့က တကယ်ပဲ ရေးကြလေသလား။ သို့မဟုတ် ခင်ခင်ကြီး၏ အပေါင်းအပါတွေကို 'ချွေ' လိုသဖြင့် စုဖုရားလတ်က ပညာသားပါပါ နှိပ်စက်လိုက်တာပဲလား။ ဘုရားမှပင် အဖြေမှန်ကို သိပေတော့မည်။ ယခု လတ်တလော အခြေအနေမှာတော့ ရနောင်မင်းသားနှင့် အပေါင်းအပါ တစ်စုသည် နန်းပလ္လင်ကို လုပ်ကြံကြတော့ မည်တဲ့။

ဘုရင်မင်းတရားသည် ထိုနေ့ တစ်ညလုံးပင် ရနောင်မင်းသားနှင့် ပတ်သက်သောစာတွေကို ကြားနာ၏။ နောင်တော် ရနောင်မင်းသားကို မည်မျှပင် ချစ်ခင်လေးစားသည် မှန်စေ၊ မိမိ၏ နန်းပလ္လင်ကို ကိုင်လှုပ်ရန် ကြံနေသည်ဟု သတင်း ပေးလာတော့ ဘုရင်မင်းတရား စဉ်းစားရပြီ။ မပြေးသော် 'ကန်' ရာရှိသတဲ့လေ။ ယခုလောလောဆယ် ခင်ခင်ကြီး ပြဿနာတွင် စုဖုရားလတ်ကို

အလျှော့ပေးခဲ့ရတာ ဘုရင်မင်းတရားက စိတ်မလုံ။ 'ဘုရင်ပျော့၊ ဘုရင်ညံ့။ ဘုရင်လေပွဖောင်းကြီး၊ မယားက တစ်ချက်ဟောက်လိုက်ရုံနှင့် ဒူးထောက်လို့ အရှုံးပေးရသလား'ဟု ရနောင်မင်းသားက ဟားတိုက်၍ ရယ်နေမလား၊ လှောင်ပြုံး ပဲပြုံးလေမလား၊ သည်ကိစ္စအတွက်လည်း ဘုရင်မင်းတရားက တွေးမိတိုင်း ရှက်ရ၏။

ခင်ခင်ကြီး အရေးအခင်းကြီး ပေါ်လာပြီးကတည်းကပင် ရနောင်မင်းသား သည် နန်းတော်သို့ အခစားမဝင်ဘဲ နေခဲ့သည်။ ရနောင်မင်းသားသည် ကိုယ်တော် ရှင်မြတ် မပြတ်သားပုံကို အားမရဖြစ်ပြီးနန်းမှ ဆွဲချရန် ကြံနေရင် ဘယ့်နှယ်လုပ် မလဲဟုလည်း ဘုရင်မင်းတရားသည် 'ပုထုဇဉ်တွေး' တွေးခဲ့လေသည်။ ပြီးတော့ ခင်ခင်ကြီး အရေးအခင်းမှာ မကျေမနပ် ဖြစ်နေကြသော ပုဂံအတွင်းဝန်နှင့် ကန္ဒီအတွင်းဝန်တို့က သူ့ဖက်က ဝင်ရပ်ရင်း ပုန်ကန်ရန် ကြံနေသည်ဟု စာတွေက 'ညွှန်း' ထားပြန်ရဲ့ ဟုတ်လေမလား။

ဘုရင်မင်းတရားက သည်သို့တွေးတောပူပန်အောင် မိဖုရားကလည်း သာသာထိုးထိုး 'တွန်း' ပေးမည်မှာ သံသယ ရှိရန် မလိုပြီ။ ရနောင်ကို မုန်းသော ဝန်ကြီး ဝန်ငယ်တွေကလည်း မိဖုရား အဆိုကိုအားပေးထောက်ခံကြမည် မလွဲ ဖြစ်၏။ အမှန်တော့ လှေကားဆင်းမည့်သူကို ဒလိမ့်ခေါက်ကွေး ကျအောင် ငှက်ပျောခွံ ခင်းပေးသော အလုပ်ဆိုတာအလွန်လွယ်ပါဘိ။

သို့နှင့်ပင် ဘုရင်မင်းမြတ်သည် အခြေအနေ အရပ်ရပ်ကို သုံးသပ် ဆင်ခြင်လေသည်။ စာတွေထဲမှာက သက်သေအထောက်အထားများနှင့် ပြထား၏။ သည်တော့ စာပါသက်သေတွေကို ချက်ချင်းဆင့်ခေါ်၍ စစ်မေးသည်။ မေးသမျှ သက်သေတွေကလည်း ရနောင်မင်းသား ဘာတွေ လုပ်ကြံနေသည်ဟု ရဲရဲဝံ့ဝံ့ ဖွင့်ဟလျှောက်တင်သည်။ ဘယ်လိုဖြစ်လေသလဲ။ နောင်တော် ရနောင် မင်းသားအတွက် လွတ်လမ်းက မရှိတော့ပါကလား။ ငယ်စဉ်ဘဝက ဘယ် လောက်ပဲ ချစ်ခင်မြတ်နိုးခဲ့စေ၊ နန်းပလ္လင်၏ အန္တရာယ်ကို ထိပါးမည်ဆိုလျှင် လက်ပိုက် ကြည့်နေ၍ မဖြစ်။ တစ်ခုခုတော့ ဆုံးဖြတ်မှ ဖြစ်မည်။

သို့သော် ခက်နေသည်က ရနောင်မင်းသားကို 'သက်တော်ရှည်ဘွဲ့' ပေးထားသည် မဟုတ်ပါလား။ ငါ့ ဓားဖြင့် မသေစေရဟု ကတိကဝတ် ပြုထား သည် မဟုတ်လား။ မင်းမှာသစ္စာ လူမှာကတိတဲ့။ ဘုရင်မင်းတရားက ပေးထား



သော ကတိစကားကို ဘယ်လိုများ ပယ်ဖျက်လို့ ဖြစ်တော့မှာလဲ။ သီပေါ ဘုရင်သည် အကျပ်အတီး တွေ့နေရလေသည်။

သည်တွင် မိဖုရားကဝင်၍တင်သည်။ သည်အရေးအတွက်ကဖြင့် စိုးရိမ် ဧနာင့်၍ ကြောင့်ကျဧာာ် မမူပါနှင့်။ နောင်တော် ရနောင် မင်းသားကိုလည်း အဆုံး စီရင်ရန် မလိုသေး။ အကာအကွယ် ဖြစ်ရုံမျှသာ သဘောထား၍ ရနောင် မင်းသားကို အဆောင်အယောင်မှသိမ်း၊ ကြေးတိုက်မှာ ချထားလိုက်လျှင် ပြီးပါပြီ။ နောင်တွင် နောင်တော် ရနောင်မင်းသား အမှားကိုမြင်၍ နောင်တ ရလိမ့်မည်။ **ထိုအခါ**တွင် ကြေးတိုက်ကထုတ်ပြီး ရာထူးပြန်လည် ချီးမြှင့်လိုက်ရုံပဲပေါ့။

မိဖုရားက သည်လိုအကျိုးသင့်အကြောင်းသင့်တင်တော့ ဘုရင် မင်းတရား အနည်းငယ် အသက်ရှူ ချောင်လာသည်။ သို့နှင့် ရွှေကရား ထဲမှ ရေတစ်ခွက်ကို မော့၍ စက်ရာဆောင်သို့ ဝင်နိုင်ခဲ့သည်။ ဘယ်လိုပဲ ဖြစ်ဖြစ် နောင်တော် ရနောင်မင်းသား စိတ်ကောင်း ပြန်ဝင်လာတော့မှပဲ မူလ ရာထူးကို ပြန်လည် ချီးမြှင့်လိုက်တော့မည်။ သည်သို့တွေး၍ ဘုရင်းမင်းတရားသည် စက်ရာဆောင်မှာ နှစ်ခြိုက်စွာ စက်တော်ခေါ်လေသည်။

## ၃

နောက်တစ်နေ့ နံနက်တွင် ရနောင် မင်းသားကို ဘုရင်မင်းမြတ်က ခေါ်လိုက်သည်။ နောင်တော်မင်းသားကို ညီတော်မင်းတရားကတွေ့ချင်၍ နန်းတော်သို့ အခစား ဝင်ပါဟု အခေါ်တော် လွှတ်လိုက်ခြင်း ဖြစ်၏။ ရနောင် မင်းသားသည် ပြုံးပြုံးရွှင်ရွှင်ဖြင့်ပင် နန်းတော်သို့ အခစားဝင်၏။ အခြေအနေ အရပ်ရပ်ကို သူဘာမျှမသိ။ မိမိအပေါ် အုပ်မိုးနေသော ကြမ္မာဆိုးကို သူနားမလည်။ ဘုရင် မင်းမြတ်၏ ရှေ့တော်သို့ ခါတိုင်းလို ဝင်၍ ခါတိုင်းလိုပင် လက်အုပ်ချီပြီး ကန်တော့သည်။

အမှန်ဆိုလျှင် လူဆိုတာ သေမှာတော့ ကြောက်ကြမဲ့ မဟုတ်လား။ ဘုရင့်ထံ အခစားဝင်လျှင် အန္တရာယ်နှင့် မလွဲမသွေ တွေ့တော့မည်ကို ရနောင် မင်းသားက မသိလို့သာပေါ့။

မနေ့က ဘုရင်မင်းတရားနှင့် မိဖုရားကြီးတို့ အကန့်တော့ခံကြသည်ကို သိသည်။ မိဖုရားနှင့် မျက်နှာချင်းဆိုင်ရမည်ကို စိုးရိမ်သဖြင့် ရနောင် မင်းသား သည် ခပ်ရှောင်ရှောင်ပင် နေခဲ့သည်။ သို့နှင့် ရွှေသေတ္တာထဲက စာတွေအကြောင်း လည်း ရနောင်မင်းသား မသိ။ စာတွေကို ဘုရင့် အတွင်းတော်မှာ ဖတ်ပြကြရ တော့ သည်စာတွေထဲမှာ မိမိကို တွန်းထား တိုက်ထားတာလည်း ကံဆိုးသူ မောင်မောင်တုတ်က မသိရှာ။

ထိုနေ့က ဘုရင်နှင့် မိဖုရားတို့သည် ပွဲကြည့်ဆောင် အနီးရှိ အခြား အဆောင်တစ်ဆောင်တွင် စံမြန်းနေကြသည်။ ရနောင်မင်းသားက ဘုရင့် ရှေ့တော်သို့ ခယဝပ်စင်း၍ လက်အုပ်ချီနေခိုက်မှာ ဘုရင်မင်းတရားသည် လက်စွဲ တော် ပတ္တမြားကျောက်စီဓားကို အိမ်မှဆွဲချွတ်လိုက်၏။ ထို့နောက် သလွန် ပေါ်မှ ဆင်း၍ ရနောင်မင်းသားအပါးမှာ ရပ်သည်။ ဘုရင်သည် ဓားကို ခပ်မြဲမြဲ ကိုင်၍ ရနောင်မင်းသား၏ ကုပ်ပေါ်မှာ ရွယ်ထားလိုက်သည်။ သည် အချိန် ဘုရင်မင်းတရားသည် ဒေါသ လွှမ်းနေသည် ထင်ပါရဲ့။ မိန့်ဆိုသော အသံက တုန်နေသည်။

'ကဲ အရေးတော်ဖြင့်ပေါ်ပြီ။ မောင်မင်းနဲ့ ပတ်သက်လို့ သက်သေ အထောက်အထားနဲ့ သတင်းစကားတွေ ရထားတယ်။ မောင်မင်းက လူစုပြီးတော့ ကိုယ်တော်မြတ်ရဲ့ နန်းပလ္လင်ကို လျှို့ဝှက်လုပ်ကြံနေတယ် မဟုတ်လား။ ငြင်းဆို ချင်သေးသလား၊ မှသားပြောမယ် မကြံနဲ့၊ နေရာတွင်ပဲ အဆုံးစီရင်လိုက်မယ်'

ဒေါသ အခိုးလျှံနေသော ဘုရင်မင်းတရား လက်ထဲက ဓားသည် တုန်ခါ၍ နေ၏။ ခန်းမဆောင် တစ်ခုလုံးမှာ ငြိမ်သက်၍ နေသည်။ ဘုရင့် မိန့်မြွက်သံမှ တစ်ပါး အခြား ဘာသံမှ မကြားရ။ စုဖုရားလတ်သည် မောင်မောင်တုတ်ကိုသာ လှမ်းကြည့်နေသည်။ သည်တစ်ချီမှာ ရနောင်မင်းသား ဘာပြောအုံးမှာလဲ။ ရှင်ဘုရင် ကို တွေ့ကရာ အမှုအကျင့်တွေ သင်ပေးအုံးမှာလား။ မယားတွေ အများကြီး ယူဖို့ မြှောက်ပေးဦးမှာလား။ နန်းမတော် စုဖုရားကို နန်းပလ္လင်ပေါ်က တွန်းချဖို့ ကြံစည်နေတယ်ဆို။ ကဲ တတ်နိုင်ရင် စမ်းကြည့်ပါအုံးတော့လား။ စုဖုရားသည် ကျေနပ်အားရလေဟန် အပြုံးဖြင့် မောင်မောင်တုတ်ကို ကြည့်နေသည်။ သည် နေရာတွင် အောင်ပွဲ ခံသူကတော့ စုဖုရားပဲ မဟုတ်လား။



ရနောင် မင်းသားသည် ဘုရင်မင်းတရား စကားကို ကြားသောအခါ အံ့အားသင့်သွားဟန် ရှိသည်။ ရုတ်တရက် ဘာစကားမှ ပြန်မပြောနိုင် ဖြစ်နေ၏။ ဘုန်းတော်ကြီးဘုရားသည် နောက်ပြောင်နေခြင်းတော့ မဟုတ်တန်ရာ။ သို့ဆိုလျှင် ဘယ်သူက ဝင်နှောက်လို့ သည်ပြဿနာ ပေါ်လာရသလဲ။ ညီတော် နောင်တော် အကြား တစ်သားတည်း ခတ်ခဲ့သော မေတ္တာရွှေပုရပိုက်ကို ဘယ်သူက ရိုက်ချိုး လေသလဲ။ ညီတော် ဘုရင်မင်းတရားသည် မိမိ အပေါ်၌ သည်မျှ မရက်စက် တန်ရာပါ။ ယခုတော့ ရက်စက်ပြီ။ ပြောသည့်အတိုင်း အဆုံး စီရင်မည်ဆိုကလည်း ဘာမှ မတတ်နိုင်ပြီ။ သို့သော် အမှန်တရားတော့ ရှိအုံးမှာပေ့ါ။ မိမိသည် ဘုရင် မင်းတရား အတွက်ဆိုက အချိန်မရွေး အသက်နှင့် လဲရန် အသင့်ရှိ၏။ လျှို့ဝှက် လုပ်ကြံရန် ဆိုသည်က အဝေးကြီး။

'ဘယ်လိုလဲကွဲ့ မောင်တုတ်၊ မောင်မင်းကို မင်းသားဘွဲ့ ပေးပြီး နောင်တော် ရင်းလို ချစ်မြတ်နိုးခဲ့တဲ့ ငါကိုယ်တော်မြတ်ကို ကျေးဇူးဆပ်လိုက်တာလား၊ ငါ့ကို လုပ်ကြံပြီး နန်းပလ္လင် လုယူဖို့ ကြံခဲ့တာ မောင်မင်း ဘာများ လျှောက်လဲ ချင်သေးလို့လဲ'

ဓားကလည်း မိုးထားဆဲ၊ ဘုရင်မင်းတရားကလည်း ဒေါသထွက်ဆဲ။ ခန်းဆောင် တစ်ခုလုံးကလည်း ငြိမ်သက်နေဆဲ။ သို့နှင့် ရနောင်မင်းသားသည် အခြေအနေကို ချက်ချင်း အကဲခတ်မိပြီ။ သည်ဖြစ်ရပ်သည် မိမိ အပေါ်တွင် အငြိုးကြီး ငြိုးနေသော မိဖုရား လက်ချက်က လွဲလို့ ဘယ်သူ ဖြစ်အုံးမှာလဲ။ သည်မိဖုရား ရှေ့မှောက်မှာ မိမိက ဘာဖြစ်လို့ အသနားခံပြီး လျှောက်လဲနေရမှာလဲ။ တစ်နေ့တွင် အမှန်တရားသည် ဘွားခနဲ ပေါ်လိမ့်မည်။ သည်အချိန်မှာ ရနောင် မောင်မောင်တုတ်သည် ဆုံးဖြတ်ချက် တစ်ရပ်ကို ယတိပြတ် ချမှတ်သည်။ ဆုံးဖြတ်ချက် အတိုင်းပင် တင်လျှောက်လေသည်။

'ကျွန်တော်မျိုး ဘာမှ လျှောက်တင်ရန် မရှိပါ၊ ဘုန်းတော်ကြီးဘုရား လက်မှ ဓားဖြင့် သေရမည်ဆိုပါက သေရန် အသင့်ရှိကြောင်းပါ'

ရဲလိုက်တဲ့ မောင်မောင်တုတ်ပါပဲ။ တကယ်တော့ ဘုရင်မင်းတရားထံ အသနားခံ မျက်ရည်ထိုးမည်ဆိုပါက ရနောင် မောင်မောင်တုတ်ကို မင်းတရားက သက်ညှာမှာ ကေန်ပါ။ ခုတော့ တိုတိုပြတ်ပြတ် ပြန်ပြောလိုက်သော မင်းသား၏ အသံကို ကြားရသောအခါတွင် သီပေါမင်းတရား၏ စိတ်ကို ဆွပေးသလို

ဖြစ်သွား၏။ ဘယ့်နှယ် မောင်တုတ်က အလျှော့မပေးဘဲ အာခံသလား။ ဘုရင်မင်းတရား စိတ်မှာ ပို၍ ခက်ထန်လာ၏။ ထို့ကြောင့် ရနောင်မင်းသား စိတ်ဓာတ်ကို ချိုးနှိမ်ရန် ဘုရင်မင်းမြတ်က ဆုံးဖြတ်သည်။

ဘုရင်မင်းတရားသည် ရနောင်မင်းသားကို ချုပ်နှောင်ထားလိုက်ရန် နန်းတော်စောင့်တပ်သို့ လွှဲပေးလိုက်၏။ ဘုရင့် စိတ်ထဲမှာ ခံစားမှု ပြင်းထန်နေသကိုး။ ရနောင်မင်းသားကို ခေတ္တအရာမှ နုတ်၍ ကြေးတိုက်ထဲသို့ ပို့ပေးလိုက်သည်။ စုဖုရားလတ်ကမူ အောင်ပွဲတွေ တစ်ပွဲပြီးတစ်ပွဲ ရနေပါ၏။ ဖားတုလို့ ခရုခုန်ရင် အိုင်ပျက်ရုံပဲ ရှိလိမ့်မည်။ သည်တော့လည်း ရနောင်မင်းသားကား ကြေးတိုက်တော်မှာ ဆင်းရဲ ပင်ပန်းစွာဖြင့် စံရပြီ။ ဇာတာ မကောင်းတုန်းတော့ သည်လို ဒုက္ခတွေကို မလွှဲမသွေ ကြုံရမည် ဧကန်ပါပဲ။ သည့်နှယ် တွေး၍သာ ဖြေပါလေတော့။

ထို့နောက် ဘုရင်မင်းတရားသည် ရနောင်မင်းသား၏ အိမ်ကို သွား၍ ရှာဖွေကြရန် အမိန့်ထုတ်သည်။

တွေ့သည်။ ရှင်ဘုရင်ယိုင်သောသလွန်တော်၊ မင်းမြှောက်တန်ဆာ ငါးပါး၊ ပြီးတော့ ခေတ်မီ သေနတ်များ။ ရနောင်မင်းသား အိမ်မှာ သွားရောက်ရှာဖွေသူတွေက ဒါတွေကိုဘုရင်မင်းတရားရှေ့တော်သို့ ယူလာပြသည်။ ဘယ့်နှယ်လဲ နောင်တော် ရနောင်မင်းသားသည် တကယ်ပဲ 'ရှင်ဘုရင်' လုပ်ချင် နေသူလား။ ဒီပစ္စည်းတွေကို သူ့အိမ်မှာ တွေ့ခဲ့တယ်ဆိုတာ တကယ်ပဲလား။ စဉ်းစားစရာတွေ ရှိနေ၏။ သည်တော့ ဘုရင်မင်းတရားသည် စုဖုရားလတ်၏ မျက်နှာကို လှည့်ကြည့်သည်။ အဓိပ္ပာယ်ပါသော ဘုရင့် မျက်လုံးများက အသံတိတ် မေးခွန်းတွေ မေးနေသည်။ 'ဒီပစ္စည်းတွေကို တကယ်ပဲ ရနောင် မင်းသားအိမ်က မိခဲ့တာလား'

ပြီးတော့ ပြည်သူတို့ ရေးသည်ဆိုသော စာများတွင် စွပ်စွဲထားသည့် ပုဂံအတွင်းဝန်နှင့် ကန်စီအတွင်းဝန်တို့ကိုပါ စုဖုရား အမိန့်ဖြင့် တစ်ခါတည်း ဖမ်း၍ ထောင်သွင်း အကျဉ်းချထားလိုက်၏။ ကန်စီ အတွင်းဝန် အိမ်ကို သွားရှာသောအခါ အိမ်အောက်မှ ရိုင်ဖယ်သေနတ်များနှင့် ကျည်ဆန်များ တူးဖော်တွေ့ရ၏။ သို့သော် မြေများ ပွနေသည်ဟု ဆိုသည်။

သည်ဖြစ်ရပ်မျိုးက တကယ်လည်း ဖြစ်နိုင်သည်။ အလကားလည်း ဖြစ်နိုင်၏။ လူတစ်ယောက်ကို မုန်းပြီဆိုလျှင် သူ့အိမ်ဝင်းထဲ 'ဘိန်း' ပစ်ပြီး



ဖမ်းဆီးသည့် အမှုမျိုးတွေ ဟိုယခင်က ကြားဖူးကြသည် မဟုတ်လား။ ထိုအဖြစ်မျိုးသည် ဘယ်ခေတ်မှာမှ မရှိုးနိုင်သော ပက်စက်သည့် လုပ်ကြံမှုများလည်း ဖြစ်သည်။ ကဲ ယခု ရနောင်မင်းသား အိမ်မှာ မလိုလားအပ်သော ပစ္စည်းတွေ မိခဲ့တာရော၊ ကန်စီ အတွင်းဝန်အိမ်က လက်နက်တွေ ဖမ်းမိခဲ့တာရော သွေးရိုးသားရိုး ပဲလား၊ ဆန်းဆန်းကြယ်ကြယ်ပဲလား။ ဒါကတော့ ဘယ်သူက သေသေချာချာ သိနိုင်တော့မှာလဲ။

သို့သော် သီပေါ မင်းတရားသည် အချိန်ကာလနှင့် နေရာဌာနကို ကော ်းစွာပင် နားလည်ဟန် ရှိသည်။ ထို့ကြောင့် 'ရနောင်ကို အချုပ်မှာ ထည့်ထားလိုက်' ဟူသော မိန့်ကြားခြင်း ဖြစ်သည်။ ကာစီရင်ချက်ကိုမှ မချမှတ်။ အခြေအနေကို စောင့်ကြည့်ဦးမည်ဟု စဉ်းစားထားလေသည်။

စုဖုရားလတ်ကမူ သည်အခြေအနေ ရောက်လာခြင်းကိုပင် ကျေနပ်၏။ မိမိ၏ အကြီးဆုံး ရန်သူတော်ကို ယခုအခါတွင် ကြေးတိုက်ထဲသို့ ထည့်သွင်း ချုပ်နှောင်ထားလိုက်ပြီ။ ပြီးတော့ သည်ရန်သူကို ကြေးတိုက်ထဲ ထည့်ထားလိုက်ရာ၌ မိမိ ပယောဂ ထင်ထင်ရှားရှား မပါ။ မင်းတရား၏ အမိန့်ဖြင့်သာ အရေးယူထားခြင်း မဟုတ်လား။ ပဒေသရာဇ်ခေတ် ကြေးတိုက်တို့ ထုံးစံကလည်း သည်အထဲ ရောက်လာသူသည် အသက်ရှင်လျက် ပြန်လည် လွတ်မြောက်ဖူးသူ အလွန်နည်း၏။ သေမှပင် အပြင်ထွက်ခွင့် ရသွားသည်ချည်း ဖြစ်သည်။ ထို့ကြောင့် မိဖုရားအဖို့ ပူပန်စရာ မရှိ။ ကျေနပ်စရာ အတိ။ ကောင်းပါ၏။ သင့်မြတ်လျော်ကန်ပါဘိ။

သို့သော် နောက်ပိုင်းတွင် ဘုရင်မင်းတရား စိတ်ပြေလာသည်။ ရက်ကလေး အတန်ကြာသောအခါ သီပေါဘုရင်မင်းမြတ်သည် မိမိလုပ်သမျှကို မှန်ပါ့မလား သံသယ ဝင်လာသည်။ နောင်တော် ရနောင်မင်းသား၏ ဂုတ်ပေါ်မှာ မိမိဓားဖြင့် ရွယ်ထားစဉ်က တစ်ခွန်းမျှ တုံ့ပြန်မပြောဘဲ 'ငုတ်တုတ်ခံ' သွားသည်မှာ အဘယ်ကြောင့်နည်း။ မိမိအပေါ်မှာ သည်မျှ သစ္စာရှိခဲ့သူ၊ ငယ်ငယ်ကတည်းက သွေးသောက်ရောင်းရင်း တစ်ဦးလည်းဖြစ်သူ၊ နောင်တော် ရနောင်မင်းသားကို အရာမှနုတ်၍ အချုပ်ချထားမိပါပြီ။ သည်ကိစ္စသည် မှန်လျှင် တော်ပါသေးရဲ့။ မဟုတ်မမှန် လုပ်ကြံသတင်းတွေအပေါ် အခြေတည်ပြီး အရေးယူမိတာ ဆိုလျှင်တော့ ခက်ကပြီ။

ဘုရင်မင်းတရားသည် စက်ရာဆောင်မှာ စက်တော် မခေါ်နိုင်ရှာပါ။ တစ်ပါးတည်း ရှိလျှင် သည်အရေးအခင်းကိုသာ တွေးတောနေမိသည်။ ငယ်ငယ်တုန်းကပေါ့။ ကိုယ်တော်လေး ရှင်ဘုရင်ဖြစ်လျှင် ကျွန်တော့်ကို မမေ့ပါနဲ့လို့ တောင်းပန်ခဲ့တာ မောင်တုတ်ပါပဲ။ မိမိကို အိမ်ရှေ့မင်း ခန့်ထားခံရတော့ ကြေးတိုက်ထဲက ကျော့ပိုး၍ ထုတ်ခဲ့တာ ဘယ်သူလဲ၊ မောင်တုတ်ပဲ။ ပြီးတော့ မိမိက ခင်ခင်ကြီးကို ချစ်မြဝ်နိုးသည်ဆိုတော့ မရရအောင် ကြိုးစား ဖန်တီးပေးခဲ့တာလဲ မောင်တုတ်ပဲ မဟုတ်လား။ မောင်တုတ်၏ ကြိုးပမ်းမှုဖြင့် မိမိ ချစ်ခွင့်ရခဲ့သူ ခင်ခင်ကြီး။ မိမိ၏ အချစ်ကို လက်မခံဝံ့ပါဟု အတန်တန် တောင်းပန်ခဲ့သော ခင်ခင်ကြီး။ ယခုတော့ စုဖုရားလတ်၏ 'ဓား' အောက်မှာ အသက်ပျောက်ရှာရောပေါ့။ မိမိ မပြတ်သား၍ မဝံ့ရဲသောကြောင့် သည်ပြဿနာတွေက တစ်ထွေးပြီး တစ်ထွေးပေါ်နေခဲ့သည်။ အမှန်တော့ ကိုယ်ညံ့လို့ပဲ မဟုတ်လား။ ဒါကို သိပေါ် ဘုရင်သည် များစွာ စိတ်မချမ်းမြေ့ ဖြစ်မိရှာသည်။

မှားပြီ၊မှားပြီ။ သည်အမှားကို ဘယ်သို့ ပြင်မလဲ။ မောင်တုတ်ကို ယခုချက်ချင်း အချုပ်က ထုတ်ရန်မှာလည်း အနှောင့်အယှက် အတားအဆီးတွေက ရှိသေးသည်။ သူ့ကို စွပ်စွဲထားသော စာများ၊ သတင်းများ၊ သက်သေခံ ပစ္စည်းများနှင့် 'စုဖုရားလတ်'။

သည်စာတွေ၊ သတင်းတွေ၊ သက်သေခံပစ္စည်းတွေကို အရေးတကြီး မစဉ်းစားတော့ဘူးဘဲထားအုံး။ မိဖုရား စုဖုရားလတ်ကို ဘယ်လို ရင်ဆိုင်ရမလဲဆိုတာ မင်းတရားကမသိ။ ကိုယ်ခံအင်အားနှင့် အတွေးအခေါ် မရင့်ကျက်ရှာသော ဘုရင်မင်းတရားသည် မိမိဆန္ဒ ရှိတာကို မလုပ်ရ၊ မပြောရ မဆိုရနှင့်။ စိတ်မချမ်းမြေ့ ဖြစ်ရှာသည်။

သို့နှင့် သီပေါမင်းတရားသည် စုဖုရားလတ်နှင့် စိတ်ရောကိုယ်ပါ ကင်းကွာလာသည်။ ယခင်ကလို ဘုရင်နှင့် မိဖုရားတို့ တပူးတွဲတွဲ ကြွချီစံမြန်းသည်ကို မတွေ့ရ။ ဥယျာဉ်တော်မှာ ပွဲကြည့်ဆောင်မှာ အီတာလျံဆောင်မှာ ဘုရင်နှင့် မိဖုရားတို့ကို မတွေ့ရတော့ပြီ။ မိဖုရားက မိဖုရားသပ်သပ်။ ဘုရင်က ဘုရင်သပ်သပ်။ တစ်ကွဲတစ်ပြားစီ စံကြသည်ကိုသာ မြင်ရသည်။

တစ်နေ့တွင် ဘုရင်နှင့် မိဖုရားကို နွေရာသီ စံနန်းဆောင်မှာ တွေ့ရ၏။ ဘုရင်နှင့် မိဖုရားတို့ ယှဉ်တွဲစံနေသည်ကို အချိန်ကြာမြင့်စွာ မတွေ့ရဘဲနှင့်



ခုလို တွေ့ရတော့ အပျိုတော်တွေပင် အံ့အားသင့်ကြရသည်။ ဘုန်းတော်ကြီးဘုရားနှင့် နန်းမတော် စုဖုရားတို့ ပြန်လည် သင့်မြတ်လာပြီဟု သိပြီး ဝမ်းသာကြည်နူး ဖြစ်ကြရသည်။ သို့သော် အရှင်နှစ်ပါးတို့ ပူးတွဲစံနေသည် ဆိုပေမယ့် ရယ်မော ရွှင်ပြုံးနေကြသည်တော့ မဟုတ်။ ဘုရင်မင်းတရားသည် အဝေးတွင်မြင်နေရသော ရှမ်းရိုးမတောင်တန်းဆီကို တစ်ကိုယ်တည်း ငေးမျှော်ကြည့်နေလေသည်။ ထိုစဉ်တွင် သမီးတော်နှစ်ပါးသည် ပန်းခြံထဲမှ လိပ်ပြာကလေးများကို လိုက်လံဖမ်းဆီး ကစားနေကြ၏။ အရှင်နှစ်ပါး၏ အနီးတွင် အလိုရှိလျှင် ခိုင်းစေရန် အပျိုတော်တစ်ယောက် နှစ်ယောက်သာ ထိုင်၍ခစားနေကြသည်။

နန်းမတော် စုဖုရားသည် ဘုရင်မင်းတရားကို တစ်ခွန်းစ နှစ်ခွန်းစ ပြောကြည့်သည်။ သို့သော် ဘုရင်က စိတ်လိုဟန်မပြ။ ကြည်ကြည်သာသာ ပြန်မပြော။ မိဖုရား၏ စကားကို စိတ်ဝင်စားဟန် မရှိ။ သို့နှင့် မိဖုရားလည်းအသာအယာ ငြိမ်၍ နေလိုက်ရသည်။ ငြိမ်၍သာ နေသော်လည်း မိဖုရားသည် ဘုရင်မင်းတရား၏ မျက်နှာကို အမြဲတစေ အကဲခတ်နေသည်။ မောင်တော် မင်းတရား ဘာတွေ တွေးတောနေသလဲ။ စဉ်းစားနေသလဲ။ ဘယ်ကို စိတ်ရောက်နေသလဲ။

'မောင်တော်ဘုရား ဘာတွေ စဉ်းစားနေတာလဲဟင်'

မနေနိုင်တော့သော မိဖုရားက သည်လို မေးခွန်းထုတ်လိုက်၏။ ထိုအခါတွင်မှ ဘုရင်မင်းတရား ထံမှ အသံထွက်လာသည်။

'ကြည်ပါအုံးကွယ်၊ ဟိုအဝေးက တောင်တန်းပြာပြာကြီးတွေကို ကြည့်ရမြင်ရတာ စိတ်ချမ်းမြေ့စရာ ကောင်းလိုက်တာ၊ မောင်တော်တို့ ဆီမှာတော့ တွေ့ကြုံနေရတဲ့ ဖြစ်ရပ်တွေက ပူလောင်လွန်းပ‌ါဘိ'

ထိုအချိန်တွင် မိဖုရားသည် တောင်တန်းများဆီသို့ ငေးကြည့်ရင်း ပြန်ပြောလိုက်၏။

'ဒါကတော့ မောင်တော်မင်းတရားရဲ့ အထင်ကိုး၊ သည်တောင်တန်းကြီးကို အဝေးကကြည့်တော့ အေးချမ်းမယ်ထင်ရပေမယ့် အနီးကပ်ကြည့်ရင် ဆူးညောင့် ခလုတ်တွေ၊ ကျားတွေ၊ ဆင်တွေနဲ့ ဒုက္ခတောကြီး ဖြစ်ချင်ဖြစ်နေမှာပေါ့'

'အဲဒီတောင်တန်းတွေရဲ့ ဟိုဖက်မှာ မောင်တော် 'စားခွင့်ရ' တဲ့ မြို့ဂလေး ရှိတယ်။ သီပေါတဲ့၊ အဲသည်မြို့ကို နှမတော်နဲ့ မောင်တော် သွားလည်ကြရအောင်၊

မောင်တော်ရယ်၊ စုဖုရားရယ် နောင်တော် ရနောင်မင်းသားရယ် တို့သုံးယောက် ပျော်ပျော်ပါးပါး သွားလည်ကြရရင် သိပ်ပျော်စရာ ကောင်းမှာပဲ'

ဒီလိုကိုး၊ ဘုရင်မင်းတရားသည် 'နောင်တော် ရနောင်မင်းသား' ဆိုသော နာမည်ကို မရရအောင်ပင် ဖော်ထုတ်လာသည်။ တစ်နေ့ကျလျှင် ယခုအချုပ်ထဲမှာ ထည့်ထားသော နောင်တော် ရနောင်မင်းသားနှင့် အေးအေးချမ်းချမ်း ခရီးသွားမည် ဟုပင် ပြောနေပြန်သည်။ သည်တစ်ကြိမ်တွင်မူ စုဖုရားလတ်၏ မျက်နှာမှာ စောစောကလို ချိုချိုပြုံးပြုံး ညင်ညင်သာသာ မရှိတော့ဘဲ။ ခက်ခက်ထန်ထန် ဖြစ်သွား၏။ ပြီးတော့ တစ်စုံတစ်ရာကို ပြတ်သားစွာ ပြောလိုက်သည်။

'ရနောင်မင်းသားနဲ့ အတူတူခရီးသွားဖို့ မစဉ်းစားပါနဲ့ မောင်တော်ဘုရား၊ ရနောင်မင်းသားဟာ မနေ့ညကပဲ အချုပ်ထဲမှာ သူ့ကိုယ့်သူ သတ်သေသွားပြီ။ အချုပ်ထဲမှာတွေ့တဲ့ ကပ်ကျေးအဟောင်း တစ်လက်နဲ့ သူ့လည်ပင်းကိုသူ ထိုးသတ်ပြီး အဆုံးစီရင် သွားသတဲ့'

စုဖုရားလတ်က စကားကို တစ်လုံးချင်း တင်သည်။ ပြောစရာ ရှိသော စကားကို ပြောမှပဲ ရှင်းတော့မည် မဟုတ်လား။ မပြောဘဲ ထားလို့ တအုံ့နွေးနွေး နှင့်၊ နောင်အခါမှ သိသွားလျှင် ပြဿနာတွေက ရှင်းရခက်နေဦးမည်။ ယခုလို စောစောက ပြောထားလိုက်ပြီး လာမည့်ဘေးကို ပြေးတွေ့တာကမှ ကောင်းဦးမည်။ သည်လိုများ မိဖုရား ဆုံးဖြတ်သလား မသိ။

ဘုရင်မင်းတရားသည် စုဖုရားလတ် မျက်နှာကို လှည့်ကြည့်လိုက်သည်။ ဘုရင့်မျက်နှာမှာ အံ့သြခြင်း၊ ထိတ်လန့်ခြင်း၊ စက်ဆုပ်ခြင်း၊ ရွံရှာခြင်း ခံစားမှုမျိုးစုံကို တစ်ပြိုင်တည်း ခံစားနေရရှာသည် ထင်၏။ ရုတ်တရက်တော့ ဘာစကားမှ မပြော။ တွေတွေကြီး စိုက်ကြည့်နေသည်။ အခြေအနေ အရပ်ရပ်ကို ဘုရင်မင်းတရား ကောင်းစွာ နားလည်သွားပြီ ထင်ပါရဲ့။ နှုတ်မှ ခပ်တိုးတိုး ရေရွတ်လိုက်သည်။ 'သြော် နောင်တော်မင်းသား နောင်တော်မင်းသား' တဲ့။

မိဖုရားသည် ဘုရင်မင်းတရား ခံစားနေရပုံကိုသာ မမှိတ်မသုန် ကြည့်နေသည်။ နှုတ်ကတော့ ဘာမျှမပြော။ သီပေါမင်းတရားသည်လည်း ခေတ္တခဏမျှ ထိုင်နေလိုက်ပြီး နှုတ်မှ ဘာမျှ မပြောဘဲနှင့် နေရာက ထသည်။ ပြီးတော့ ဘယ်သူ့ကိုမှ မခေါ်ဘဲ နွေရာသီ စံနန်းဆောင်မှ ထွက်ကြွသွား၏။ ဘုရင်မင်းတရားသည် ရနောင် မင်းသား သေဆုံးခြင်းအတွက် မိဖုရားကို စိတ်နာကြည်း



လေသလား။ ဘုရင့် စိတ်ထဲမှာ ပူဆွေးသောက ဖြစ်ပွားလေသလား။ စိတ်ဆန္ဒ ရှိသလို ဆောင်ရွက်ခွင့် မရသော 'ရုပ်သေးဘုရင်' ဘဝအတွက် ဝမ်းနည်းကြေကွဲ ဖြစ်သွားလေသလား။

## ၄

ဘုရင်နှင့် မိဖုရားတို့သည် ထိုနေ့မှစ၍ ရက်အတန်ကြာမျှ တစ်ကွဲစီ ဖြစ်သွားပြန်၏။ ဘုရင်မင်းတရားသည် မိဖုရား အဆောင်သို့လည်း မကြွ။ နေ့ညီလာခံ၊ ညဥ့်ညီလာခံများသို့ မှန်မှန်မထွက်တော့ပြီ။ မိမိတစ်ပါးတည်း အချိန်ကုန်လွန် သည်က များ၏။ စိတ်မပါဘဲနှင့် အပြင်လောကသို့ ထွက်၍ ဟန်ဆောင် လှုပ်ရှားရန် ဘုရင်မင်းတရား ငြီးငွေ့ မုန်းတီးသွားဟန် ရှိသည်။ မိဖုရားကမူ ယင်းကိစ္စအတွက် ဘာမျှ တုန်လှုပ်ဟန် မပြ။ ထိခိုက်ဟန် မရှိ။ ပြကတေ့ နေမြဲတိုင်း သွားမြဲတိုင်း စားမြဲတိုင်း ရှိခဲ့သည်။

ရနောင်မင်းသားနှင့်အတူ အဖမ်းခံကြရသော ပုဂံအတွင်းဝန်နှင့် ခင်ခင်ကြီး၏ ဖခင် ကန်နီအတွင်းဝန်တို့ သတင်းကိုလည်း ဘာမျှ မကြားရတော့ပြီ။ တကယ်ဆိုတော့ ပဒေသရာဇ်ခေတ် အကျဉ်းထောင် ဆိုသည်မှာ အဝင်သာ ရှိ၍ အထွက်မရှိဘူးဆိုတာ အများသိပြီး မဟုတ်လား။

ရနောင်မင်းသား မရှိတော့သဖြင့် မိဖုရားသည် ကျေနပ်နှစ်သိမ့် နေမည်မှာ တော့ ငြင်း၍ မရ။ မှတ်တမ်း မှတ်စု အချို့ကတော့ ရနောင်မင်းသားသည် သူနှင့် မယားလုဖက် ရွှေလုံဗိုလ်၏ လက်ချက်ဖြင့် ထောင်ထဲမှာပင် သေဆုံးခဲ့သည် ဟု ဆိုသည်။ ရွှေလုံဗိုလ်သည် ထောင်ထဲဝင်ပြီး ရနောင်မင်းသားကို လှံဖြင့် ထိုးသတ်သည်။ ပြီးတော့မှ ကပ်ကျေးဟောင်းကြီးဖြင့် ကိုယ့်ကိုယ်ကို ထိုး၍ ရနောင်မင်းသား သေကြောင်းကြံသွားသည်ဟု အကြောင်းပြသတဲ့။ ထောင်ထဲမှာ ဖြစ်သော ဖြစ်ရပ်များအတွက် ဘယ်သူမှ အမှန်မသိနိုင်ကြ။ ထောင်ထဲက ဖြစ်ရပ်များကို ဘယ်သူကမှလည်း အပြင်သို့ မှန်မှန်ကန်ကန် ထုတ်မပြောကြ။ တကယ်ဖြစ်သည်နှင့် ဆန့်ကျင်ဖက်တွေ လာပြောရင်လည်း အပြင်လူတွေက ယုံယုံကြည်ကြည် လက်ခံရုံ။ မယုံလို့ကော ဘာတတ်နိုင်မှာလဲ၊ ထို့ကြောင့်–

ရနောင်မင်းသားသည် သူ့ကိုယ်သူ သေကြောင်းကြံသွားသည်ကို ယုံလိုက်ရသည်ကမှ ကိစ္စပြတ်တော့မည်။ ပြီးတော့လည်း ရနောင် မောင်မောင်တုတ် သေဆုံးရခြင်းနှင့် ပတ်သက်၍ စုဖုရားလတ်၏ 'ပယောဂ' ပါမည်ဟုလည်း တွက်ဆကြသူတို့က ခန့်မှန်း တွက်ဆကြသည်။ တကယ်တော့ ယခုအချိန်အခါမျိုးတွင် သည်ကိစ္စကို အဖြေရှာရန် အခက်သားပဲ။ စုဖုရားလတ် ပယောဂပါလေသလား၊ မပါလေသလားကို ဘယ်လိုလုပ်၍ အတိအကျ ပြောရမလဲ။ နှစ်ပေါင်း တစ်ရာနီးပါးခန့် ရှိပြီဖြစ်သော ယခုအခါတွင် အထောက်အထားကလည်း မရှိ။ သက်သေလိုက်မည့်သူလည်း မရှိ။ ပြီးတော့ သည်ကိစ္စကို ကြိုးစားပမ်းစား အဖြေရှာနေလို့ကဖြင့် အကျိုးကျေးဇူးကလည်း နတ္ထိ။ သို့သော်

ရနောင်မင်းသားကို စုဖုရားလတ်က မကြည့်ချင်လောက်အောင် မုန်းတီးနေခဲ့သည်မှာတော့ အမှန် ဖြစ်သည်။ စုဖုရားလတ်က ဘာကြောင့် မုန်းသလဲတဲ့။ မုန်းတီးရန် အကြောင်းတွေ အများကြီး ရှိမှာတော့ အမှန်ပါပဲ။ သည်အထဲက အရေးအကြီးဆုံးသော အကြောင်းမှာ 'မိဖုရား၏ တစ်လင်တစ်မယား စနစ်'ကို ဆန့်ကျင်ခဲ့သူ ဖြစ်ခြင်းကြောင့်။

သည်တွင် မေးစရာ ရှိလာ၏။ စုဖုရားလတ်က ဘာဖြစ်လို့များ သည်ကိစ္စကို ပြင်းပြင်းထန်ထန် လုပ်နေတာလဲ။ ရှင်ဘုရင်ပဲ မိဖုရားထားချင် သလောက်ထားပစေပေါ့ဟု ပြောလိုက ပြောနိုင်သည်။ သို့သော် စုဖုရားလတ်သည် မိမိ၏အတ္တအကျိုးကို ဆောင်ရွက်ရင်း အများအကျိုးကိုလည်း မျှော်ကိုးသည်ဟု ဆိုသော်လွန်လေမလား။ ကြည့်လေ။

ရှင်ဘုရင်ကို မိဖုရားတစ်ပါးတည်း ထားရန် အားထုတ်နေဆဲမှာပင် ဝန်ကြီး၊ ဝန်ငယ်တွေ မှူးကြီးမတ်ကြီးတွေ၊ နန်းတွင်း အမှုထမ်းတွေ အကြားမှာ 'မယားငယ်' အမူပေါ်လျှင် မိဖုရားက ထိရောက်သော အပြစ်ဒဏ် ပေးခဲ့သည့် သာဓကရှိ၏။

ယောကျ်ားတွေက 'အိမ်ဦးနတ်' ဘွဲ့ကြီးခံလို့။ 'ယောကျ်ားကောင်း မောင်းမတစ်ထောင်' ဆိုသည့် အဆိုအမိန့် စွဲလမ်းပြီး မိန်းမတွေအား ခြေတော်တင်ဘဝသို့ တွန်းပို့နေခြင်းကို စုဖုရားက မုန်းတီးဆန့်ကျင်နေခဲ့သည် မဟုတ်လား။ မိန်းမတွေဟာ ယောကျ်ားတွေရဲ့ အငယ်အနှောင်း ခြေတော်တင်ခံတွေ မဟုတ်ဘူးလို့ စံနမူနာ ပြခဲ့သည်ပဲ မဟုတ်လား။ သည်လုပ်ရပ်အတွက် စုဖုရား၏ ဆန္ဒ



သဘောတရားကို ခုခေတ် မိန်းမတွေကပင် သဘောတူ ထောက်ခံကြမည် မဟုတ်လား။ စဉ်းစားစရာတွေပါ။ ချင့်မျှော်စရာတွေပါ။ ဝေဖန်ပိုင်းဆစ်စရာတွေပါ။

စုဖုရားသည် ရနောင်မောင်မောင်တုတ်ကို ဖယ်ရှားရန် အားထုတ်ခဲ့ရာ တရားလက်လွတ် မလုပ်ခဲ့ကြောင်းကို သက်သေပြချင်သည်။ ထို့ကြောင့်ပင် ထင်ရဲ့၊ ရနောင်မင်းသား သေဆုံးပြီး နောက်တစ်ကြိမ် တစ်ခါတွင် ရနောင်မင်းသား၏ အနိုင်ကျင့်ခံရသော မိန်းမပျိုလေး တစ်ဦးကို ဘုရင်မင်းတရား၏ ရှေ့တော်သို့ သွင်းလာလေသည်။

ထိုသို့ ရှေ့တော်သို့ သွင်းလာစဉ်က သီပေါမင်းတရားနှင့် စုဖုရားလတ်တို့ ရှိနေ၏။ ယခုအချိန်အထိပင် မင်းတရားသည် နောင်တော်မင်းသားကို မမေ့သေး။ သေသောသူ ကြာလျှင်မေ့တဲ့။ သို့သော် သေလွန်သူ ရနောင်မင်းသားကို သီပေါမင်းတရားက ဘယ်လိုလုပ် မေ့ိုင်ပါ့မလဲ။ သို့နှင့်ပင် ဘုရင်မင်းတရားသည် မိဖုရားကြီးကို မကျေအချမ်း ဖြစ်နေဆဲ။ ဘုရင်မင်းတရား စိတ်ပြေရာ ပြေကြောင်းအတွက် မိဖုရားကြီးက ကြံမိကြံရာ ကြံရရှာသည်။ ရနောင်မင်းသား မတရားကျင့်ပုံကို ဘုရင့် ရှေ့တော်မှာ တင်ပြလိုက်နိုင်လျှင် ကောင်းမည်ထင်ပါရဲ့။

သည်သို့ တွေးပြီး ရနောင်မင်းသား၏ အငယ်အနှောင်း တစ်ဦးကို ရှေ့တော်သို့ သွင်းလာခြင်း ဖြစ်သည်။ ထိုမိန်းကလေးသည် ပထမတော့ ကြောက်အား လန့်အားနှင့် ဘာမှ အပြောရဲရှာ။ မိဖုရားကြီးက အတင်းပြောခိုင်းတော့မှ မိမိဘဝကို ပြောပြသည်။

မိန်းမပျိုသည် မူလပထမက ပန်းထိမ်ဆရာ တစ်ဦး၏ သမီးဖြစ်သည်။ ဘုရင့်မြင်းတပ်မှ စစ်ဗိုလ်တစ်ဦးနှင့် လက်ထပ်၍ ပျော်ရွှင်စွာ နေခဲ့သည်။ တစ်နေ့တွင် အိမ်ရှေ့မှ ဆူဆူညံညံအသံ ကြားရသဖြင့် ထွက်ကြည့်မိသည်။

ရနောင်မင်းသားသည် ရှေ့ဝင်းနောက်ဝင်းနှင့် လူပေါင်းများစွာ ခြံရံပြီး ထွက်ကြွလာခြင်း ဖြစ်ကြောင်း တွေ့ရသည်။ ထိုအခိုက် မြင်းစီးလာသူ ရနောင်မင်းသားက မိန်းမပျိုကို တွေ့သွားသည်။ နောက်တစ်နေ့ မိန်းမပျို၏ ခင်ပွန်းသည် စစ်ဗိုလ်ကို ရနောင်မင်းသား၏ လူတွေက လာဖမ်းသွားရာ ယနေ့ထိ အစပျောက်ခဲ့သည်။ မိမိကိုလည်း ရနောင်မင်းသား၏ လူတွေက ဆင်ဖြင့် တင်ခေါ်သွားပြီး မင်းသားနှင့် အတင်းအကြပ် ပေါင်းသင်းစေခဲ့သည်။ ရနောင်မင်းသားမှာ မိန်းမတွေ

အများကြီးကို တစ်အိမ်ထဲမှာ စုဝေး၍ အခန်းကိုယ်စီနှင့် ထားသည်။ မိမိပေါင်းသင်းလိုသော မိန်းမကို လျှပ်စစ်ခေါင်းလောင်း နှိပ်၍ ခေါ်ပြီး ပေါင်းသင်းသည်။ မင်းသားအိမ်မှာ လူတွေအများကြီး ဖမ်းဆီးထားပြီး နေ့စဉ်နှင့်အမျှ ရက်ရက်စက်စက် သတ်ဖြတ်နေခဲ့သည်တဲ့။

မိန်းမပျိုက ရနောင်မင်းသားအိမ်မှာ ကြုံခဲ့ဖြစ်ခဲ့သမျှကို သေသေချာချာ ပြန်ပြောပြနေ၏။ မင်းသား၏ ရက်စက်ယုတ်မာမှုကို ဖွင့်ချနေခြင်း ဖြစ်သည်။ သို့သော် သည်ဖြစ်ရပ်တွေကို သိရလို့ သီပေါမင်းတရားက ရနောင်မင်းသားကို မည်သို့မျှ ပြစ်တင်ခြင်း မပြု။ ငြိမ်၍သာ နေသည်။ မိဖုရားကမူ အပျိုတော်တွေဖက်သို့ လှည့်၍ ဆုံးမစကား ဆိုနေ၏။

'တွေ့ကြရဲ့လား၊ ကြားကြရဲ့လား၊ ဒါတွေဟာ ရနောင်မင်းသား ကျူးလွန်ခဲ့တဲ့ပြစ်မှုတွေရဲ့ အနည်းအကျဉ်းမျှသာ ဖြစ်တယ်။ ဒီလောက် ယုတ်မာတဲ့လူ၊ ရက်စက်တဲ့လူ သေသွားတာ ဘယ်သူက နှမြောမှာလဲ။ မိန်းကလေးတွေကို ဖျက်ဆီးနေသူ တစ်ယောက် သေသွားတော့ လူတွေက ဝမ်းသာနေမှာ သေချာတယ်'

အမှန်တော့ သည်စကားတွေကို မိဖုရားသည် ဘုရင်မင်းတရားကို ပြောချင်နေတာ မဟုတ်လား။ ဘုရင်မင်းတရား သိစေချင်လို့ပဲ သည်ဇာတ်ကို သည်လိုခင်းခဲ့တာ မဟုတ်လား။ လိမ္မာ ပါးနပ်သော မိဖုရားပါပဲ။ ရနောင်မင်းသား ကွယ်လွန်ခြင်းကြောင့် မိမိအပေါ် အပြစ်တင်ကြသူများကိုလည်း သည်နည်းဖြင့်ပင် တုန့်ပြန်ချေပပြီး ဖြစ်တော့သည်။

# ၇။ ဆေးရောင်မှိန်လာသော ပန်းချီကား

၁

ယခုအခါတွင် မိဖုရားသည် စက်ရာဆောင်မှာ ချမ်းချမ်းမြေ့မြေ့ စံပျော်နိုင်ပြန်ပါလေပြီ။ မိဖုရားကို ပြိုင်ဆိုင်အန်တုမည့် သူတွေ မရှိကြတော့ဘဲကိုး။ ပြိုင်ရဲလျှင် ပြိုင်ကြဦးတော့၊ ဆိုင်ရဲလျှင် ဆိုင်ကြဦးတော့၊ တုရဲလျှင် တုကြဦးတော့။ မိဖုရားကို ပခုံးချင်း လာ၍ ယှဉ်ပြိုင်သူတွေ ဇာတ်သိမ်းကောင်းကြမည် မဟုတ်ကြောင်းကို သာဓက ပြစရာတွေက အများကြီး မဟုတ်လား။ တမလွန်သို့ ခရီးပြင်း နှင်သွားကြလေတဲ့။ ရနောင် မောင်မောင်တုတ်၊ ပုဂံအတွင်းဝန်နှင့် ကန္နီအတွင်းဝန်၊ ပြီးတော့ သူတို့၏ အပေါင်းအသင်းတွေ။

သည်အထဲတွင် ဘုရင်မင်းတရား အချစ်တော် ခင်ခင်ကြီး၏ နာမည် မပါသေး။ ဘယ်က ပါလာလိမ့်မလဲ။ ခင်ခင်ကြီးကို မိဖုရားက ချက်ချင်းလက်ငင်း အစဖျောက်ဖို့မှ မစီစဉ်ဘဲကိုး။ သည်လို ပုပုနွေးနွေးကြီး သုတ်သင်ပြစ်လိုက်ရန်ကလည်း စင်စစ်တော့ မလွယ်သေးပါ။ မိမိနှင့် 'လင်လုဘက်' ဖြစ်တာကြောင့် သေရွာသို့ ပို့လိုက်သည်ဆိုသော ပြစ်မှုမျိုးကို မိဖုရားက ထင်ထင်ရှားရှား မကျူးလွန်။ သည်အကြောင်း ပြချက်မျိုးဖြင့် ခင်ခင်ကြီးကို ကွပ်မျက်ပစ်လျှင် ရာဇဝင် ရိုင်းလေတော့မည်။

မိဖုရားက ခင်ခင်ကြီးကို နန်းတော်ထဲမှာပင် ထားသည်။ ခင်ခင်ကြီး၏ ဦးလေးတော်သူ ပုဂံအတွင်းဝန်နှင့် ဖခင်ရင်းဖြစ်သူ ကန္နီအတွင်းဝန်တို့အား ကွပ်မျက်ပြီး ဖြစ်ကြောင်းကို ဘုရင်မင်းတရားထံ မပေါက်ကြားစေရန် မိဖုရားက ခင်ခင်ကြီးကို သတိပေးသည်။ မိဖုရား၏ သဘောဆန္ဒ တစ်ခုတည်းပေါ်တွင် မှီ၍ အသက်ရှင် နေရတော့ ကြောက်ရပါ၏။ သည်သတင်း မပေါက်ကြားစေရန် ခင်ခင်ကြီးက အတတ်နိုင်ဆုံး ကြိုးပမ်းရရှာသည်။

နန်းတော်တွင်းမှာ နေရ၍ ခင်ခင်ကြီး မျက်နှာသာ မရပါ။ မိဖုရား၏ အငြိုအငြင်ကို ခံရသည်။ တစ်ကြိမ်တွင် ရေသဘင်ပွဲ ဆင်နွှဲတန်း ကစားရအောင်ဟု မိဖုရားက အပျိုတော်တွေကို ပြောသည်။ ကြိုတင်စကား ထည့်ထားပြီးဖြစ်တော့ အပျိုတော်တွေက ခင်ခင်ကြီးကို သွားခေါ်လာသည်။ ခင်ခင်ကြီးလည်း ဘုမသိ ဘမသိနှင့် လိုက်လာရ၏။

ဥယျာဉ်တော်ရောက်တော့ အပျိုတော် ဆယ့်ငါးယောက်က ခင်ခင်ကြီးကို ဝိုင်း၍ ရေပက်ကြသည်။ ရေပက်သည် ဆိုရာ၌ ရိုးရိုးရေပက်ခြင်း မဟုတ်။ ခင်ခင်ကြီးကို ရေမွန်းအောင်း ခေါင်းကနေ ရေတွေ အဆက်မပြတ် လောင်းကြသည်။ ထို့နောက် ငွေဖလားဖြင့်လည်း ခင်ခင်ကြီး၏ ခေါင်းကို ခုတ်ကြ ထုကြလုပ်ကြသေးသည်။ ခင်ခင်ကြီး ခမျာမှာ ငွေဖလားနှင့် အထုခံရ၍ ပါးစပ်မှာ ဖူးရောင်နေသည်။ ရှေ့သွားတွေ ကျိုးပဲ့ကုန်သည်။ တော်တော်ကလေး ဒဏ်ရာရတော့မှ မိဖုရားဝင်လာပြီး တော်ကြပါတော့ ရပ်ကြပါတော့ဟု ဆို၍ အပျိုတော်တွေကို တားသည်။ ထိုအချိန်တွင် ခင်ခင်ကြီးမှာ ရေမွန်းသော ဒဏ်ကို ခံရ၊ မျက်နှာမှာ ဖူးရောင် ဒဏ်ရာရ၊ သွားတွေက ကျိုးလို့ပဲ့လို့။ ရှင်ဘုရင်ကတော် လုပ်ချင်မိ၍ အဖြစ်ဆိုးဖြင့် ကြုံရပြီ။

နောက်ပိုင်းတွင်မူ မိဖုရားက ခင်ခင်ကြီးကို မိမိ၏ မျက်ကွယ်သို့ ပို့ထားလိုက်သည်။ ရနောင်နှင့် အပေါင်းအပါတို့ကို ရာထူးက ဖယ်ရှားစဉ်တုန်းက အသုံးချခဲ့သော တိုင်တားမင်းကြီး၏ အိမ်မှာ 'ကျီးစောင့်ကြက်နှင်'အဖြစ် ပို့လိုက်၏။

သို့သော် တိုင်တားမင်းကြီးမှာ မိဖုရား 'ဓား' ကို ကြောက်လို့သာ သည် အရေးအခင်းတွေမှာ ပါခဲ့ရသူ မဟုတ်လား။ တိုင်တားမင်းကြီး၏ စိတ်ဓာတ် အခြေခံသည် သည်မျှ ရိုင်းစိုင်းရက်စက်ခြင်း မရှိတော့လည်း ခင်ခင်ကြီးကို ကောင်းစွာ ပြုစုထားသည်။ နန်းကျ မိဖုရားတစ်ပါးနှယ် အလေးဂရုပြု၍ ဆက်ဆံ



သည်။ စားကောင်းသောက်ဖွယ် ကျွေးသည်။ တစ်ခါတစ်ရံ တိုင်တားမင်းကြီး၏ အိမ်တော်၌ ကပြသော ဇာတ်သဘင်ပွဲကိုပင် ခင်ခင်ကြီးကိုယ်တိုင် တက်ရောက်ရှုစားရန် စီစဉ်ပေးသည်။

သို့သော် သည်ဖြစ်ရပ်သည့်၊ သည်မှာတင် မနေဘဲ မိဖုရား၏ နားသို့ ပေါက်ကြားသွားလေသည်။ မိဖုရားသိတော့ အလွန် စိတ်ဆိုးသည်။ မိမိက ပစ်ပစ်ခါခါ စွန့်ပစ်ထားသော ခင်ခင်ကြီးကို တိုင်တားမင်းကြီးက ဘာဖြစ်လို့ နေရာထားရတာလဲ။

မိဖုရားသည် တိုင်တားမင်းကြီးကို အမြန်ဆုံးခေါ်သည်။ 'မိခင်ကြီးဆိုတဲ့ ကောင်မလေးက ခုထက်ထိ ရှိနေသေးသလား'ဟု တစ်ခွန်းတည်း မေးသည်။ မိဖုရား၏ မေးခွန်းမှာ များစွာ အဓိပ္ပာယ်ပါလိမ့်မည်။ သည်သို့ တိုင်တားမင်းကြီးက နားလည်သည်။ မကြာခင်မှာပဲ ခင်ခင်ကြီးသည် ဘိုအိမ်မှ ပျောက်သွား၏။ ယခုတစ်ကြိမ်တွင်မူ ခင်ခင်ကြီးအား အသက်ရှင်လျက် တွေ့နိုင်တော့မည် မဟုတ်ကြောင်းကို ပြည်သူတို့က နားလည်သွားပါပြီ။

ဘာဖြစ်လို့သည်လို သေသေချာချာ ပြောနိုင်သလဲ။ စုဖုရားလတ်က မိန်းမချင်းဆိုလျှင် ညှာတာသနား မရှိပေဘူးလား။ အသက်ချမ်းသာပေးချင် ပေးမှာပေါ့။ သည်သို့ မေးချင်မေးနိုင်ကြပါ၏။ သို့သော် တစ်ကြိမ်တွင် အကြောင်းတစ်ခုကြောင့် မင်းသမီးတစ်ပါး နန်းတွင်းက ပျောက်သွားသေး မဟုတ်လား။ အဲသည် မင်းသမီးကလေး ဘယ်တော့မျှ နန်းတွင်းသို့ ပြန်ရောက်လာလို့လဲ။ ပြစရာ သာဓက ရှိသည်။

သည်ဖြစ်ရပ်မှာ ခရစ်နှစ် ၁၈၈၃ ခုနှစ်က ဖြစ်ခဲ့သော အရေးအခင်းတစ်ရပ်ပါပဲ။ နတ်ရွာစံ မင်းတုန်းမင်းတရားကြီး၏ သမီးတော် မင်းကင်းစားမင်းသမီးကလေးသည် သာမန်အရပ်သား 'မောင်တု' ဆိုသူနှင့် ချစ်ကျွမ်းတဝင်ရှိခဲ့သည်။ ရွှေနန်းတော်က မင်းသမီးတွေကို သီးသန့် အဆောင်မှာ သီးခြားစံစားစေသည် မဟုတ်လား။ သည်တော့ 'ရင်ထဲက ဝေဒနာ၊ သွေးထဲက ဝေဒနာ' တွေကို ကုစားလိုသော မင်းသမီးတွေမှာ မဟာဒုက္ခနှင့် ပက်ပင်း တိုးမိရှာကြသည်။

ဒါကို အပြစ်တင်လျှင် အပြစ်တင်သူ၏ အလွန်ပင် ဖြစ်လိမ့်မည်။ ပုထုဇဉ်သားပီပီ သည်လို မဟာဒုက္ခမျိုးနှင့် ကြုံရှာသော မင်းသမီးကလေးတွေမှာ သေလိုမှ သေစေတော့။ သတ်ရင်လျှင်လည်း အသေခံမည် ဆုံးဖြတ်၍ ဝေဒနာကို

ကစားကြသည်။ ထိုသို့ ကစားရှာသူ မင်းကင်း မင်းသမီးကလေးသည် နောက်ဆုံးတော့ မပြန်လမ်းသို့ မြန်းခဲ့ရရှာလေသည်။

မင်းကင်း မင်းသမီးကား ရုပ်ရည်သန့်စင်သည်။ မြင်သူတကာ မက်မောဖွယ် ရုပ်ရည်မျိုး ဖြစ်သည်။ အသားဖြူသည်။ ကိုယ်ဟန်က သွယ်သွယ်လျလျ။ ပြုံးရယ်လိုက်လျှင် ဖိုသတ္တဝါတွေ ရင်တုန် နှလုံးခုန်စေနိုင်သော ညို့ဓာတ်ရှိသည်။ ပြီးတော့ အဓိက ထူးခြားသော အချက်မှာ မင်းသမီးကလေး၏ စကားပြောသော မျက်လုံးများ၊ ကော့နေသော မျက်တောင်ကလေးများ အောက်က ဝင်းလက်တောက်ပနေသော မျက်လုံးနက်ကလေးများက မြင်ရသူ ယောကျ်ားသားတို့၏ အသည်းနှလုံးကို ယူကျုံး ကစားတော့မည်နှယ် 'စွမ်းအင်' အပြည့်အဝ ရှိသည်။ နောက်ဆုံးတော့ မင်းကင်း မင်းသမီးသည် သည်မျက်လုံးကလေး နှစ်လုံးကြောင့်ပင် ဘဝလမ်းဆုံးသို့ တန်းတန်းမတ်မတ် သွားခဲ့ရသည်ဟုဆိုက မှားမည်မဟုတ်။

မင်းကင်းမင်းသမီးသည် ဘုရားတရားကို အလွန်ကြည်ညိုသည်။ ထို့ကြောင့်ပင် 'ဝါတွင်းဝါပ' မရွေး ဥပုသ်နေ့တိုင်း သီတင်းသီလ ဆောက်တည်သည်။ မိမိ၏ အထိန်းတော်ကြီးနှင့်အတူ နန်းတော် တောင်ဘက်ခြမ်းရှိ ဆရာတော်သံဃာတော်တို့၏ ကျောင်းကန်ဇရပ်များသို့ သွား၍ သီလယူသည်။ ပုတီးစိပ်သည်။ တရားဘာဝနာ ပွားရသည်။ သည်လို တရားဘာဝနာ ပွားရင်းဖြင့် တစ်နေ့တွင် မင်းသမီးကလေးသည် 'သကောင့်သား အဖျက်သမား' နှင့် ရင်ဆိုင်တိုးမိရှာလေသည်။ သည်အဖျက်သမားမှာ ကိုရင်လူထွက်ကလေးတစ်ဦး။

မင်းကင်းမင်းသမီးသည် တစ်နေ့တွင် သီလယူရင်း သီလပေးနေသူ ဆရာတော်၏ နောက်ပါးမှ ထိုင်နေသော ကိုရင်တစ်ပါးကို တွေ့၏။ အသားမဖြူမညို၊ ကိုယ်ဟန် တောင့်တောင့်တင်းတင်း၊ နှာတံပေါ်ပေါ်၊ မျက်ခုံးကောင်းကောင်း၊ မျက်လုံး တောက်တောက်နှင့် ကိုရင်ပါပဲ။ အသက်က ဘာရှိအုံးမှာလဲ။ အလွန်ရှိမှ ၁၆ နှစ်ပေါ့။ သည့်ထက်တော့ အသက်ကြီးမည် မထင်ရ။

သီလယူနေသော မင်းသမီးသည် 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' ဆိုရင်းက ကိုရင်ကလေးကို တစ်ချက် လှမ်းကြည့်မိသည်။ ကိုရင်ကလေးကလည်း ပြန်ကြည့်၏။ 'ပါဏာတိပါတာ ဝေရမဏိ' ဆိုရင်းနှင့် မင်းသမီးကလေးက လှမ်းကြည့်မိသည်။ ကိုရင်ကလေးကလည်း ပြန်ကြည့်သည်။ နောက်ဆုံး သီလပေးနေသော ဆရာတော်ဘုရားက 'ဥစ္စာသယန မဟာသယန ဝေရာမဏိ' ဟု တိုင်ပေးသည်။



မင်းသမီးကလေးသည် ဆရာတော် ရှေ့မှ တိုင်ပေးသော ပါဠိပိုဒ်တွေကို နှုတ်မှ ပီပီသသ မဆိုနိုင်ပြီ။ စိတ်က 'သီလ' မှာ မရှိ။ ရုပ်ကလည်း 'သီလ' မှာ မရှိ။ မျက်လုံးတွေကလည်း 'သီလ' မှာ မရှိ။ အားလုံးကို လွှတ်ပေးထားလိုက်တော့ မင်းသမီး၏ စိတ်၊ ရုပ်နှင့်တကွ တစ်ကိုယ်လုံးမှာ ရှိသော အသွေးအသားတွေမှာ ကိုရင်ကလေး၏ ရှုပါရုံနောက်သို့ ကဆုန်ပေါက်၍ ပြေးလိုက်နေသလားဟုပင် ထင်ရတော့သည်။ မေတ္တာဆိုတာ ဒါပဲထင်ပါရဲ့။ ရင်ထဲမှာ တုန်တုန်၊ နှစ်လုံးသားထဲမှာ ခုန်ခုန်။ ကိုရင်ကလေးကိုသာ မင်းသမီးကလေးက အစဉ်တစိုက် လိုက်ကြည့် နေမိတော့သည်။

ထိုနေ့က မင်းသမီးကလေးသည် ဘုန်းတော်ကြီးကျောင်းမှ စိတ်လက်မအီမသာနှင့် ပြန်လာရရှာ၏။ ဘယ့်နှယ်လဲ၊ ခါတိုင်းဆိုလျှင် ဥပုသ်ဇရပ်မှာ ပုတီးစိပ်လို့၊ တရားဘာဝနာ အားထုတ်လို့။ သည်လိုနေတတ်သော မင်းကင်း မင်းသမီးကလေး။ ယခုတော့ မေတ္တာကွန်ယက်တွင် ကားခနဲ မိပြီး နေထိပန်းကလေးလို ညိုးနွမ်း မောဟိုက် နေရှာသည်။ မင်းသမီးသည် ဆင်စွယ်ပုတီးဖြူဖြူကလေးကို လက်ဝါးနုနုကလေးဖြင့် ဆုပ်ကာ ကိုင်ထား၏။ ပုတီးစိပ်၍ စိတ်ကို ဖြေမည်။ သို့သော် စိတ်က 'ပုတီး' မှာ မရှိ။ စိတ်က 'လက္ခဏာရေးသုံးပါး' မှာ မရှိ။ စိတ်က 'အရဟံ' မှာ မရှိ။ မင်းသမီးကလေး၏ စိတ်အစဉ်သည် နန်းမြို့ရိုးကို ဖြတ်ကျော် ပျံသန်း၍ ဘုန်းတော်ကြီးကျောင်းမှ မျက်ခုံးကောင်းကောင်း ကတုံး ပြောင်ပြောင်နှင့် ကိုရင်လေးထံ ရောက်နေသည်။

မင်းကင်း မင်းသမီးသည် ထိုနေ့မှစ၍ ဘုန်းတော်ကြီးကျောင်းသို့ မကြာမဏာသွားသည်။ ဘုရားလည်း ဖူးရင်း လိပ်ဥလည်း · ့ုးခဲ့သည်ပေါ့။ ဘုန်းတော်ကြီးထံ သီလယူရင်း လှူဖွယ်ဝတ္ထုကပ်ရင်း ချစ်တဲ့သူ ကိုရင်လေး မျက်နှာကို သွားကြည့်သည်။ ကိုရင်ကလေးကလည်း ယခုအခါတွင် မင်းသမီး၏ အခြေအနေကို သိသွားသည်။ မင်းသမီးနှင့် ကိုရင်လေးတို့သည် မျက်လုံးချင်း စကားပြောရင်း ကြည်နူးမဆုံး ဖြစ်နေကြသည်။ မိမိတို့ အချစ်ကို ဖွင့်ထုတ်၍ မပြောဖြစ်ကြသေးခင်မှာပင် အစွဲကြီး စွဲမိကြပြီ။

ကိုရင်ကလေးမှာ မကြာမီ လူဝတ်လဲသွား၏။ လူဝတ်လဲပြီးတော့လည်း မိဖများအိမ်သို့ မပြန်သေးဘဲ ဘုန်းတော်ကြီးကျောင်းမှာပင် ဆက်နေသည်။ နတော့ ဘုန်းကြီးကျောင်းသားကလေးပေါ့။ လူနာမည်က မောင်တုတ့ဲ။

ထိုအချိန်မှာပင် မင်းသမီးသည် မိမိ၏ အထိန်းတော်ကြီးကို မောင်တုထံ လွှတ်သည်။ မိမိချစ်နေကြောင်းကို ပြောပြပါ။ စာလည်းပေးပါဟု မင်းသမီးက နားပူသည်။ အထိန်းတော်ကြီးက အတန်တန် တားပါသေး၏။ ဘယ့်နှယ်လဲ မင်းသမီးကလေးက သာမန်အရပ်သားကလေးကို ချစ်နေသတဲ့။ 'ရာဇဝတ်အိုးကို တုတ်ဖြင့် ထိုးနေပါပေါ့လား'၊ သေဖို့သာ ပြင်ပေတော့။ ကြောက်စရာ အရေးအခင်းနှင့် ကြုံရပြီ။ ထို့ကြောင့် မင်းသမီးကလေး၏ အလိုဆန္ဒကို မလိုက်ဘဲငြင်းသည်။ သို့သော် အချစ်နတ် ဖမ်းစားခံနေရရှာသော မင်းသမီးကလေးက နားပူလွန်းမက နားပူသည်။ မသွားလျှင် သတ်သေမည်ဟု ဆိုသည်။ သို့နှင့် အထိန်တော်ကြီးသည် ခေါင်းညိတ်လိုက် ရတော့သည်။

ကောင်းပါ၏။ 'ယောကျ်ားကြိုက်တော့ စိုက်စိုက်လာ၊ မိန်းမကြိုက်တော့ မျှော်လိုက်ခါ' တဲ့။ ယခု မိန်းမကြိုက်တော့ စိုက်စိုက်လာပါပြီ။ အထိန်းတော်ကြီးသည် မင်းသမီး၏ အချစ်ကို ဖွင့်ဟပြောကြားရန် မောင်တုထံသို့ အရေးတကြီး သွားရရှာလေသည်။

မင်းသမီးက ကြိုက်နေပါသည်ဟု လာပြောတော့ မောင်တုခမျာ ဘဝင်မြင့်ပြီး ရူးသွားမလား ထင်ရသည်။ မိမိကိုယ်ကို မိမိ 'ဖိုးကျိုင်းတုတ်ကွ' ဟု မအော်ရုံတစ်မယ် အူမြူးနေသည်။ ထို့ကြောင့် မင်းကင်းမင်းသမီးကလေးကို မိမိကလည်း ချစ်မြတ်နိုးကြောင်း စာရေး၍ ပြန်ပေးလိုက်၏။ သည်လိုပဲ အထိန်းတော်ကြီးသည် စာပေးစာယူ အကြိမ်ကြိမ် လုပ်နေရ၏။ ဘယ်ချက်မှာ 'ကွဲ' ကြလေမလဲ။ အခြေအနေတွေက နုတ်မရအောင် 'ကျုံ'ခဲ့ပြီ။ ထိန်းမရအောင် 'လွန်' ခဲ့ပြီ။

နောက်ဆုံးတွင် မင်းကင်းမင်းသမီးကလေးသည် ချစ်တဲ့သူ မောင်တုကို မိန်းမလို ဝတ်၍ နန်းတွင်းသို့ သွင်းလာစေသည်။ သည်အစီအစဉ်ကို အကောင်အထည်ဖော်သူမှာ အထိန်းတော်ကြီးပါပဲ။ သူက မိမိ၏ တူမကလေးကို နန်းတွင်းမှာ ခစားရန် ခေါ်လာသည့်ပုံဖြင့် မောင်တုကို မိန်းမလို ဝတ်၍ နန်းတွင်းသွင်းလာ၏။ မောင်တုကို မင်းသမီးကလေး အဆောင်သို့ တန်းတန်းမတ်မတ် ပို့ပေးလိုက်သည်။ မင်းသမီးကလေးနှင့် မောင်တုတို့ ချစ်သူနှစ်ဦးမှာ ပျော်လို့မဆုံးပြီ။ ကောင်းကင်က ကြယ်တွေကို ဖမ်းရင်း၊ ပျော်နိုင်ကြပြီ။ စက်ရာဆောင်မှာ တစ်ယောက်ကို တစ်ယောက် ပွေ့ကာ ဖက်ကာ တွေ့ကာ ထိကာ မြူးနိုင်ကြပြီ။



အတွေ့မှာမေ့၍၊ အထိမှာ ငြိ၍၊ အချော့မှာ ပျော့၍ သည်ကမ္ဘာမှာ တို့နှစ်ယောက်တည်း ရှိသကိုးဟု ပတ်ဝန်းကျင်ကို လျစ်လျူ ရှုလိုက်ကြလေသည်။

သည်ကိစ္စကို အချိန်အတော်ကြာထိ ဖုံးဖိနိုင်ကြ၏။ မင်းကင်းမင်းသမီးနှင့် မင်းသမီး၏ အပျိုတော်ကလေးတို့ တစ်ပူးတွဲတွဲ နေကြသည်ကို ဘယ်သူကမှ သင်္ကာမကင်း မဖြစ်ကြပါ။ သို့သော် ကြမ္မာဆိုး ဆိုသည်မှာ ဝင်ချင်သည့် ထောင့်က ဝင်တတ်သည်။ ဝင်ချင်သည့် အချိန်မှာ ဝင်တတ်သည်။ သို့နှင့် တစ်နေ့သော အခါတွင် ပြဿနာမီးပွားသည် ယမ်းပုံထဲသို့ လွင့်ကျသွားခဲ့ပါပြီ။

မောင်တုသည် မင်းသမီးအဆောင်၌ နေရသည်မှာ ငြီးငွေ့လာဟန်တူသည်။ သို့နှင့် တစ်နေ့တွင် အဆောင်ပြင်ဘက်ဆီသို့ ထွက်၍ လည်ပတ်သည်။ ဟိုအနား သည်အနားသို့ ထွက်ရင်း မမြင်ဖူးတာတွေ ကြည့်၏။ မတွေ့ဖူးတာတွေကို ငေးသည်။ မသိနားမလည်သော အရာတွေကို စူးစမ်းသည်။ သည်လိုနှင့်ပင် အပျိုတော်ကလေးဟန် ဝတ်စားဆင်ယင်ထားသော မောင်တုသည် နန်းမြို့ရိုးတံခါးအနီးသို့ ရောက်သွား၏။ သည်တွင် မသင်္ကာသော အစောင့်တပ်သားအချို့က မောင်တုကို စစ်မေးသည်။ ဘယ့်နှယ် မင်းသမီး အပျိုတော်ကလေး တစ်ပါးက နန်းတွင်းမှာ စည်းမဲ့ကမ်းမဲ့ ဝင်ထွက်သွားလာနေပါလား၊ ဘာလုပ်တာလဲ။ မျက်စိလည် လမ်းမှားနေသလား။

ထိုသို့ မေးသည်ကို ဖြေသော မောင်တုက 'ကျွန်တော်' 'ခင်ဗျား' စသည်ဖြင့် ယောင်ယောင်အအ ပြောသည်။ ထိုအခါတွင် အစောင့်တပ်သားတို့ မျက်စိလည်ရပြီ။ အပျိုတော်ကလေးက ယောကျ်ားလို ပြောနေပါကလား။ သူ့အသံက ယောကျ်ား အသံပါကလား။ ပြောပုံဆိုပုံကလည်း ပြတ်ပြတ်တောက်တောက်နှင့်၊ နွဲ့နွဲ့လျလျ မရှိ။ အကြောင်း အဘယ်သို့ ရှိလေသနည်း။

နောက်ဆုံးတွင် အပျိုတော်ကလေးကို ဖမ်းဆီး၍ စစ်ဆေးသောအခါ၌ အကြောင်းစုံက 'လယ်ပြင်မှာ ဆင်သွားသလို' ထင်ထင်ရှားရှား ပေါ်လာပြီ။ မင်းကင်းမင်းသမီးကလေးသည် အရပ်သား မောင်တုကို နန်းတွင်းမှာ တိတ်တဆိတ် ဝှက်၍ ပေါင်းသင်း ဆက်ဆံနေကြောင်း ဖုံး၍ ကွယ်၍ မရတော့ပြီ။ သို့နှင့် သည်အမှုကို ဘုရင်နှင့် မိဖုရားထံ တင်ရတော့၏။ တကယ့်ပြစ်မှုကြီး မဟုတ်လား။ အမှုကိုလွှတ်တော်သို့ တင်ရန်မလို။ မိဖုရားကိုယ်တိုင် 'ကိုင်' လိမ့်မည်။

စုဖုရားသည် သည်အမှုကို သေချာစွာ စစ်ဆေးသည်။ သိပ်ပြီး မေးစရာမလို။ မင်းကင်းမင်းသမီးက အပြစ်ကို ဖော်ထုတ် ဝန်ခံသည်။ ပြဿနာမှာ မိမိက စခဲ့ခြင်းပါပဲ။ မောင်တုမှာ အပြစ်မရှိ။ မိမိကသာလျှင် မောင်တုကို ချစ်မိ၍ သည်အရေးအခင်းကို စခဲ့သည်။ အပြစ်ပေးခြင်း ပေးလျှင် မိမိသာ တာဝန်အရှိဆုံး ဖြစ်သည်။ ကြိုက်သည့် အပြစ်ကိုပေး၊ အချစ်အတွက် အသက်အသေခံရန် အသင့်ပါပဲ။ မောင်တုနှင့် အထိန်းတော်ကြီးတို့မှာ အပြစ်မရှိ။ သူတို့ကို လွှတ်ပေးပါတဲ့။

သီပေါမင်းတရားကမူ သည်ကိစ္စကို သက်သက်ညှာညှာပင် စီရင်စေချင်သည်။ ကလေးတွေ ကိစ္စပဲ။ အမိုက်အမဲ ကလေးတွေပဲ။ ပြီးတော့ မင်းကင်းမင်းသမီးဆိုတာက တစ်ခြားလူမှ မဟုတ်ပဲ။ ခမည်းတော် မင်းတုန်းမင်းတရား၏ သမီးတော် တစ်ပါးပဲ ဟုတ်လား။ မိမိတို့နှင့် အဖေတူ အမေကွဲ မောင်နှမဖြစ်သည်။ သည်တော့ ရက်ရက်စက်စက် စီရင် အပြစ်မပေးချင်။ စုဖုရားကမူ သီပေါမင်းတရားနှင့် ဆန့်ကျင်ဘက် ဖြစ်သည်။ အပြစ်ကျူးလွန်သူတွေကို ထိထိရောက်ရောက် အပြစ်ပေးမှ ဖြစ်မည်။ ဘာကိုမျှ ထောက်ထားနေစရာ မလို။ တော်တော်ကြာ သည်လို အမှုမျိုးတွေ ခဏခဏ ပေါ်ပေါက်နေပါက မခက်ပါလား။

ပြီးတော့ မိဖုရားစိတ်ကို နှိုးဆွသည့် ကိစ္စတစ်ခုလည်း ရှိသေး၏။ ရတနာပုံနေပြည်တော်အတွင်းရှိ မောင်တု၏ မိဘအိမ်သို့ နန်းတွင်းအမှုထမ်းတို့က သွားရောက် ရှာဖွေသည်။ ထိုအခါတွင် မင်းသမီးထံမှ မောင်တုထံသို့ ပေးသောစာတွေကို ဖမ်းမိ၏။ စာတွေထဲမှာ 'သီပေါဘုရင်' မင်းတရားကတော့ တော်ပါပေရဲ့၊ နန်းမတော် စုဖုရားကဖြင့် စိတ်သဘောထား ဆိုးသည်၊ ရက်စက်သည်၊ ညှာတာမှု ကင်းသည်၊ တစ်ကိုယ်ကောင်း ဆန်သည်' စသော အချက်တွေကို မင်းကင်းမင်းသမီးက ရေးထားသည်။ သည်တော့လည်း စုဖုရားသည် ရဟန္တာမှ မဟုတ်ဘဲ၊ သည်လို ရေးတာကို သည်းမခံနိုင်ပြီ။ မင်းကင်းမင်းသမီးကို စိတ်ဆိုး သည်။ မောင်တုနှင့် မင်းသမီးတို့ကို သတ်စေဟု အမိန့်ချလိုက်၏။ သည်လောက်တောင် ချစ်ကြတဲ့ သမီးရည်းစား နှစ်ယောက်၊ တမလွန်မှာပဲ ပျော်ပျော်ကြီး စံကြပေရော့။

ကောင်းကြရောပေါ့။ မောင်တုနှင့် မင်းကင်းမင်းသမီးတို့ အရေးအခင်းမှာ အပျက်အပျက်နှင့် နာခေါင်းသွေးထွက်ရပြီ။ တောင်စွယ်တွင် နေကွယ်ချိန်မှာ



နှစ်ဦးစလုံးကို သတ်ကြတော့မည် ဖြစ်သည်။ ထို့ကြောင့် သူတို့ နှစ်ယောက်ကို ကြိုးဖြင့် တုပ်နှောင်၍ သုသာန်သို့ ထုတ်သွားသည်။ သူတို့ နှစ်ယောက် သုသာန်ရောက်မှပဲ မိဖုရားသည် စိတ်ပြောင်းသွားသည်။ နှစ်ယောက်စလုံးကို သေဒဏ်မှ လွှတ်လိုက်သည်။ သို့သော် ကြေးတိုက်ထဲမှာ ချုပ်နှောင်ထားစေဟု အမိန့်ချသည်။ နောက်ပိုင်းတွင် ကြေးတိုက်ထဲမှ မောင်တုကို တစ်ဦးတည်း ထုတ်သွားပြီး ကြိုးဖြင့် တုတ်နှောင်၍ ရေထဲပစ်ချ စီရင်လိုက်သည်ဟု ဆိုသည်။ မင်းကင်းမင်းသမီးသည် မကျန်းမာ၍ ကွယ်လွန်သွားသည်ဟု သတင်းထွက်လာသည်။

အမှန်တော့ ရတနာပုံခေတ် အကျဉ်းထောင်ပေကိုး၊ ထောင်ထဲသို့ ဝင်လမ်းသာ ရှိ၏။ ထွက်လမ်း မရှိ။ အကယ်၍ ထောင်ထဲမှ ထွက်လိုလှသည်ဟုဆိုလျှင် အခွင့်အရေး တစ်ခုတည်းသာ ရှိ၏။ ယင်းကား ထောင်ထဲမှ အသက်မပါဘဲ ထွက်သွားရန်သာ ဖြစ်သည်။ အသက်ရှင်လျက်တော့ဖြင့် လွတ်လမ်းက မရှိ။

သည်တော့ မင်းကင်းမင်းသမီးကလေး အမှုနှင့် ခင်ခင်ကြီးတို့ အမှုကို ယှဉ်ကြည့်၍ နားလည်နိုင်ကြပြီ။ စုဖုရားအမိန့်ဖြင့် ချုပ်နှောင်ထားသော 'ခင်ခင်ကြီး' ဘယ်ရောက်သွားသလဲ။ သိချင်ကြလျှင် ရတနာပုံခေတ် အကျဉ်းထောင်၏ ဖြစ်ရိုး ဖြစ်စဉ်တွေကို လေ့လာကြည့်ပါတော့။ သဘောတရားကို နားလည်နိုင်လိမ့်မည်။ အခြေအနေကို သိမြင်နိုင်ကြ လိမ့်မည်။ ခင်ခင်ကြီးနှင့် မင်းကင်းမင်းသမီးတို့ ဇာတ်သိမ်း မကောင်းရှာခြင်းအတွက် ရင်ထုမနာ ဖြစ်ရုံကလွဲလို့ ဘယ်သူက ဘာတတ်နိုင်မှာတဲ့လဲ။

၂

ခင်ခင်ကြီး အရေးအခင်းနှင့် မောင်တု အရေးအခင်းမျိုးကို အကြိမ်ကြိမ်အထပ်ထပ် ဆင်ခြင်သောအခါ နန်းမတော် စုဖုရားသည် မိမိ အခြေအနေကို ကောင်းစွာပင် သဘောပေါက်လေသည်။ မိမိကား သည်နန်းတော်ထဲမှာ တစ်ဦးတည်းသော မိဖုရားကြီးတော့ မှန်ပါရဲ့။ တန်ခိုးအာဏာ ကြီးထွားတာတော့လည်း မှန်ပါရဲ့။ သို့သော် မိမိ မသိသေးသော အကြောင်းအရာတွေက ရွှေနန်းတော်ထဲမှာ အများကြီး ဖြစ်နေခဲ့၏။ ဖြစ်နေဆဲ ဖြစ်၏။ ဖြစ်ခနေလိမ့်ဦးမည်။

ကြည့်ပါတော့။ ခင်ခင်ကြီး ကိစ္စမှာလည်း 'မတ်တီ' လာပြောလို့သာ သိလိုက်ရသည်။ မတ်တီသာ မပြောရင် တိတ်တိတ်ကလေး ကျိတ်ပြီး ကစ်ဖာတ်ထုပ်ကြီး ဘယ်အထိ ဆက်ရှုပ်နေကြမလဲ မသိ။ မောင်တုတ်တို့ လုပ်ပုံနှင့်ဆိုလျှင် မိမိမှာ ယန္တအခါတွင် နန်းပလ္လင်ပေါ်က ဆွဲချခံရလောက်ပြီ။ အချိန်မီသိရလို့သာ အခြေအနေကို လက်မတင်လေးမှာ ထိန်းနိုင်ခဲ့သည်။ မောင်တုကိစ္စမှာကော။ သည် 'သတ္တဝါ' အနေမတတ်လို့သာ အမှုပေါ်ခဲ့သည်။ သို့မဟုတ်လျှင်မင်းကင်း မင်းသမီးတို့ ပြဿနာမှာ ဘယ်သောင်ဘယ်ကမ်း ဆိုက်နေမည် မသိ။

သည်တော့ တိုင်းပြည်မှာ ဘာဖြစ်နေသလဲ သိရန်ထက် နန်းတွင်းမှာဘာလုပ်နေကြသလဲဆိုတာ သိဖို့ အရေးကြီးသည်။ မိမိကို တကယ် ဒုက္ခလာပေးမည့်လူက ခပ်ဝေးဝေးမှာ မရှိ၊ နန်းတွင်းမှာ ရှိသည်။ ဝေးဝေးက မကြံ၊ နန်းတွင်းမှာကြံလိမ့်မည်။

သို့နှင့် စုဖုရားသည် နန်းတွင်းမှာ ကိုယ်ပွားအထောက်တော်တွေကို လျှို့ဝှက်၍ ထားသည်။ အထောက်တော်ဆိုလို့ မြန်မာအမျိုးသမီးတွေကို မယုံနိုင်ပြီ။ သူတို့က ဘုရင်မင်းတရားဖက် ခပ်ပါပါရယ်။ ခင်ခင်ကြီးကိစ္စမှာ ယုံကြည်ရသည်ဆိုသော အပျိုတော်တွေကပင် သေမှာ ကြောက်လို့ နှုတ်ပိတ်ရေငုံနေကြ၍ငါးပါးမှောက်တော့မယ် ကြုံခဲ့သည် မဟုတ်လား။ ထို့ကြောင့် သည်တစ်ကြိမ်တွင်နန်းတော်အတွင်းရှိ ရှမ်းအပျိုတော်ကလေးများကို စည်းရုံးအသုံးချရန် မိဖုရားကကြံသည်။

မိဖုရားသည် ရှမ်းပြည်နယ်ရှိ စော်ဘွားစော်ခံတို့ထံမှ ပေးပို့ထားသောသမီးတော်များကို အကဲခတ်သည်။ သွက်သွက်လက်လက်ချက်ချက်ချာချာ ရှိသူတွေကိုဖယ်ထားလိုက်၏။ လူလည်တွေဆိုတာက ကိုင်ချင်သလို မရတတ်။ သိပ်ပြီးနန်းရည် မဝသေးသော ရှမ်းအပျိုတော်ကလေးတွေကို သီးသန့်တွေ့သည်။ ပြီးတော့လျှို့ဝှက်၍ တာဝန်ပေးသည်။ နန်းတော်အတွင်းရှိ အဆောင်အသီးသီးသို့ သွားကြ။ အခြေအနေတွေကို အကဲခတ်ကြ။ သူများတွေ ဘာပြောသလဲ နားထောင်ကြ။ ပြီးတော့ စိတ်နှင့် မှတ်၍ စုဖုရားထံ ပြန်လည်လျှောက်တင်။ ဆုတော်လာဘ်တော်တွေ ကောင်းကောင်း ပေးမည်။

မိဖုရား၏ နည်းလမ်းသည် အထိုက်အလျောက် အောင်မြင်ပါ၏။ နန်းတော်ထဲမှာက ရှမ်းအပျိုတော်များကို သိပ်ပြီး အလေးဂရုမပြုကြ။ သူတို့သည် မြန်မာမှုလို



မကျွမ်းကျင်သူတွေ၊ မြန်မာစကားကို ကောင်းကောင်းမကျွမ်းသူတွေ၊ မြန်မာ့နန်းတွင်းရေးကို စိတ်မဝင်စားသူတွေအဖြစ်နှင့်သာ လူသိများကြသည်။ သည်ရှမ်းမလေးတွေ မိဖုရား၏ အထောက်တော် ဖြစ်နေမည်ဟု ဘယ်သူက ထင်မည်လဲ။ ထို့ကြောင့် ရှမ်းမလေးတွေ ရှိနေလျက်က ပြောချင်ရာပြောကြသည်။ သူတို့မကြားတကြားလည်း ပြော၏။ ကြားနေလျက်နှင့်လည်း ပြောသည်။ သို့သော်ဘာကိုမှ ရွံ့နေစရာ မလို။ ရှမ်းမလေးတွေက မျက်စိသူငယ်နှင့်။ ဘာကိုမှနားလည်မည် မဟုတ်ဟု တဖွတ်ထိုး စွဲလမ်း ယူထားကြသည်။

သည်သို့နှင့် မယ်တော်ဆင်ဖြူမရှင် မိဖုရား၏ လုပ်ရပ်အချို့ကို ရှမ်းအပျိုတော် အထောက်တော်ကလေးများမှ တစ်ဆင့် တိုးတိုးတိတ်တိတ် ကြားသိရပြီ။ မယ်တော် ဆင်ဖြူမရှင်သည် သီပေါဘုရင်ကိုလည်း ကြိုးကိုင်၍ မရ။ သမီးတော်စုဖုရားလတ်ကိုလည်း မနိုင်နှင့်။ သည်အတိုင်း နေလို့ကဖြင့် ရုပ်သေးထဲကမိဖုရားရုပ်နဲ့ ဘာခြားလို့လဲ။ ရွှေနန်းတော်တွင်းမှာ ဩဇာ၊ အာဏာ၊ အရှိန်အဝါနတ္ထိ။

မင်းတုန်းမင်းတရား လက်ထက်တုန်းက မိဖုရား ၅၃ ပါးကို အပေါ်စီးဖြင့် အနိုင်ယူခဲ့သော ဆင်ဖြူမရှင်။ နန်းမတော် မိဖုရားကြီးကို အန်တု ဖက်ပြိုင်ခဲ့ပြီးကောင်းကောင်းကြီး ဒုက္ခပေးခဲ့သော ဆင်ဖြူမရှင်။ ယခု သမီးတော် တစ်ပါးကိုမနိုင်၍ လက်မှိုင်ချနေလျှင် ရာဇဝင်ရိုင်းတော့မည်။ ထို့ကြောင့် တစ်ခုခုတော့ကြံစည် အားထုတ်မှ ဖြစ်တော့မည်ဟု ဆင်ဖြူမရှင်က ဆုံးဖြတ်သတဲ့။

ဆင်ဖြူမရှင် မိဖုရားသည် သီပေါဘုရင်ကို နန်းမှ ဆွဲချနိုင်ရန် ဆင်ကြံကြံလေသည်။ ဘုရင်တစ်ပါးကို နန်းမှ ဆွဲချသည် ဆိုတာက လွယ်လွယ်နှင့်ပြီးနိုင်သော ကိစ္စမဟုတ်။ သည်ဘုရင် မရှိလျှင် ဘယ်သူ့ကို နန်းတင်မှာလဲ။ နန်းတင်မည့်သူသည် ပြည်သူလက်ခံသော သူ၊ ပြည်သူကို အုပ်ချုပ်နိုင်သောသူ၊ ဘုန်းလက်ရုံးနှင့် ပြည့်စုံသော သူလည်း ဖြစ်ရလိမ့်မည်။ ဒါတွေကို မသိဘဲစိတ်ကူးရတာနဲ့ သူ့ပုန်ထလို့ကတော့ အချည်းနှီး ဆုံးရှုံးကုန် ကြတော့မည်။ ဆင်ဖြူမရှင် မိဖုရားသည် ဒါကို ကောင်းစွာသိ၏။ ထို့ကြောင့် သီပေါမင်းတရားနေရာ၌ အစားထိုးရမည့် သူကိုပါ တစ်ခါတည်း ရွေးရန် ကြံလေသည်။

သီပေါဘုရင်၏ နေရာ၌ အစားထိုးရမည့်သူမှာ သီပေါဘုရင်ထက် အစစအရာရာ သာသောသူ ဖြစ်ရမည်။ စိတ်နေသဘောထား၊ စွမ်းရည်၊ သတ္တိတို့မှာ

နန်းပလ္လင်ပေါ်က ဘုရင်ထက်သာသော သူကို ရအောင် ရှာရမည်။ နေပြည်တော်မှာဖြင့် သည်လို အရည်အသွေး တောက်ပြောင်သူကို မတွေ့နိုင်။ နန်းတော်ထဲမှာ ယခင်က ရှိခဲ့သော လက်ရုံးရှင် မင်းသားတွေကလည်း တုတ်တိုနှင့် ရိုက်သတ်ခဲ့လို့ ပြုတ်ပြုတ်ပြုန်းခဲ့ပါပြီ။ သည်တော့ မယ်တော် ဆင်ဖြူမရှင်သည် ပြည်ပြေး မင်းသားနှစ်ပါး ဖြစ်ကြသော 'ညောင်အုပ်နှင့် ညောင်ရမ်းစား' တို့ကို မြင်လေသည်။

ထို့ကြောင့် ညောင်အုပ်နှင့် ညောင်ရမ်းစားတို့ထံ စာပို့သည်။ ရောဝတီ ဖလုပ်တီလာ သင်္ဘောသည် အောက်ပြည်ရွာနှင့် ရတနာပုံ နေပြည်တော်သို့ လူးလာစုန်ဆန် သွားလာနေ၏။ သင်္ဘော အမှုထမ်းတို့မှ တစ်ဆင့် အဆက် ရအောင် ကြိုးစားပြီး ဆင်ဖြူမရှင်သည် ညောင်အုပ်နှင့် ညောင်ရမ်းတို့ထံ တိတ်တဆိတ် စာရေးခဲ့လေသည်။ 'နန်းသိမ်းပွဲ ပြုလုပ်လျှင်၊ အလွယ်နှင့် ရနိုင် သည်။ ပြည်သူတို့ကလည်း လက်ရှိ 'မင်း'ကို မကြည်ကြပြီ။ နောက်မင်းကို 'မျှော်' နေကြသည်။ ပြည်သူတို့ ဆန္ဒတို့လည်း ပြည့်စေ၊ နိုင်ငံတော်ကိုလည်း ကယ်တင်နိုင်စေရန် အထက် မြန်မာနိုင်ငံကို လာရောက်သိမ်းယူရန် စီစဉ်ပါ'

ထို့ပြင် တစ်ပါတည်း စီစဉ်ထားသည်က ရတနာပုံ ရွှေနန်းကို လာရောက် သိမ်းပိုက်သူ မင်းသားအတွက် သမီးတော် အထွေးဆုံး စုဖုရားငယ်ကို ရည်ရွယ် ထားသည်။ နန်းပလ္လင်ကို သိမ်းယူသူအား သမီးတော် စုဖုရားငယ်နှင့် လက်ဆက် အပ်နှင်းစေမည်။ ထိုအခါတွင် စုဖုရားငယ်လည်း နန်းမတော်ဖြစ်ရော၊ စုဖုရားလတ် လည်း မိဖုရားအဖြစ်က ပြုတ်ရော။ နိုင်ငံတော်မှာလည်း ဆင်ဖြူမရှင် မိဖုရား တန်ခိုးရှိန်ဝါ ပြန်လည်ထွန်းကားလာမည်မှာ သေချာပါလေရော။

အစီအစဉ်ကတော့ သုဝဏ္ဏသာမ ဇာတ်ထဲကလို သားရွှေအိုး ထမ်းလာ တာကို မြင်ရဖို့ပါပဲ။ သို့သော် ညောင်အုပ်စားတို့ထံမှ ပြန်ကြားစာ တစ်စောင် နှစ်စောင် ရပြီးသောအခါတွင် သည်လုပ်ကြံမှုမှာ တစ်နေရာက ပေါက်ထွက်သွား လေသည်။ စုဖုရားလတ်သည် သတင်းအပြည့်အစုံကို သိသွားသည်။

သည်တော့မှ ဒုက္ခပါပဲ။ တစ်ခါဖြင့် ခက်ကပြီ။ နန်းပလ္လင်ကို လုပ်ကြံသူမှာ မယ်တော် 'ဆင်ဖြူမရှင်မိဖုရားက' ခေါင်းဆောင်တဲ့။ သည်လို ဆိုတော့ မယ်တော်ကို အပြစ်ပေးပြီး သတ်လို့ကလည်း မဖြစ်။ သည်လိုသာ လုပ်မိလျှင် သမိုင်းရေးသော အခါ၌ စာမျက်နှာမှာ အမဲကွက်ကြီးကြီး စွန်းထင်ပေကျတော့ မည်ကို စိုးရိမ်ရသည်။ ထို့ကြောင့် စုဖုရားလတ်သည် အဖြေကို ရှာသောအခါတွင်



မျက်စိထဲမှာစုဖုရားငယ်ကို မြင်သည်။ ညောင်ရမ်းနှင့် ညောင်အုပ်ဖြစ်စေ၊ အခြား မင်းသားတစ်ပါးပါး ဖြစ်စေ နန်းကိုလာလု၍ ရသွားလျှင် စုဖုရားငယ်က မိဖုရား ကေန်ဖြစ်တော့မည်။ စုဖုရားငယ်မှာ လူရာသူရာ ဝင်တော့မည်။ ထိုသို့ စုဖုရားငယ် တစ်ယောက် အပြင်လောကနှင့် အဆက်အသွယ်ရလာလျှင် ရှေ့လျှောက်ပြီး သတိသာ ထားကြပေတော့။ တစ်ချိန်က နှိပ်စက် ညှဉ်းပန်းခဲ့သမျှတွေကို ဒဏ်ပြန် ခံရမှာက မြေကြီးလက်ခတ်မလွဲ။ ထို့ကြောင့် စုဖုရားငယ်ကို အရင် ရှင်းရလိမ့်မည်။

စုဖုရားငယ်ကို ရှင်းရန်ဆိုပေမယ့် သူ့ကိုလည်း ထောင်ချလို့မရ။ သတ်ဖို့ ဆိုတာလည်း မဖြစ်နိုင်။ ကိုယ်နန်းပလ္လင်အတွက် ညီမအရင်းကို သတ်ဖို့ဆိုတာက အလွန်ပင် မဖြစ်နိုင်သော ကိစ္စပဲ။ သို့နှင့် စုဖုရားငယ် တစ်ယောက်ကို အိမ်ထောင် ချပေးလိုက်ရင် ပြီးတာပဲဟု တွေးမိ၏။ အိမ်ထောင်ချထားပေးလျှင်လည်း ရှင် ဘုရင်က လွဲ၍ တစ်ခြားဘယ်သူနှင့်မျှ မသင့်တော်ပြီ။ နန်းမတော် မယ်ဘုရား၏ သမီးတော်ကို အရပ်သား အမှုထမ်းတွေနှင့်လည်း လက်ထပ်ပေးရန် မဖြစ်။ နန်းတွင်းမှာ ရှိတဲ့ မင်းညီမင်းသားတွေနှင့် လက်ထပ်ပေးဖို့ ဆိုတာကလည်း စဉ်းစား၍ပင် မရသော ကိစ္စပါ။ ဘာဖြစ်လို့လည်းဆိုတော့ အလားအလာ ရှိတဲ့ မင်းသားတွေမှာ လည်မျိုကို တုတ်နှင့် ရိုက်ခဲ့စဉ်က ကုန်ပါရောလား။

သည်တော့ စုဖုရားလတ်သည် မိမိ၏ ညီမတော် စုဖုရားငယ်ကို မောင်တော် မင်းတရားနှင့်ပဲ လက်ဆက် ပေးလိုက်တော့မည်ဟု။ မောင်တော် ဘုန်းတော်ကြီး ဘုရားဆိုတာကလည်း 'မိဖုရားအသစ်' ရမည်ဆိုလျှင် ရှည်ရှည် ဝေးဝေးပြောပြီး ငြင်းပယ်နေမည် မဟုတ်။ မောင်တော်ဘုရား၏ 'ရမ္မက်ဆန္ဒ' အခြေအနေကို မိဖုရားက သိပြီး မဟုတ်လား။

လူသားဆိုတာ သည်လို စိတ်ဆန္ဒမျိုးကို ပိတ်ပင်တားဆီးခြင်းမှာ အလွန် ကြီးမားသော အန္တရာယ် ဖြစ်သည်။ မောင်တော်ဘုရားမှာ မိမိက တစ်လင် တစ်မယား စနစ်ဖြင့် ချုပ်ကိုင်လွန်းအား ကြီး၍သာ ခင်ခင်ကြီးနှင့် တိတ်တိတ်ပုန်း ဆက်သွယ်မိသည်။ မိမိကသာ လိုက်လျောသင့်သလောက် လိုက်လျောခဲ့လျှင် ခင်ခင်ကြီး ပြဿနာ ပေါ်စရာ မရှိ။ မိမိလည်း လူတွေ သုတ်သင်ရမည် မဟုတ်။ စိတ်ဆင်းရဲစရာတွေ ကြားရ၊ တွေ့ရ၊ မြင်ရတော့မည် မဟုတ်။ သည်တော့ စုဖုရားငယ်လည်း လက်ထပ်ရစေတော့။ မောင်တော်ဘုရားလည်း 'ဆန္ဒ' ပြေစေတော့ ဆိုသောသဘောဖြင့် မောင်တော် ဘုန်းတော်ကြီး ဘုရားနှင့် လက်ဆက် ပေးလိုက်တော့မည်။

သည်လိုတွေး၍ သည်လိုဆင်ခြင်ပြီး နန်းမတော် စုဖုရားသည် ညီမတော် စုဖုရားငယ်ကို တွေ့သည်။ ပြီးတော့ ယခုလို အပျိုကြီး ဘဝနှင့် အရိုးမထုတ်သင့်ကြောင်း ဖျောင်းဖျပြောဆိုသည်။ 'လက်ထပ်သင့်သော အရွယ်တွင် လက်ထပ်မှ သာလျှင် မိန်းမတစ်ယောက်၏ တာဝန်ကို ကျေပွန်တော့မည်။ ညီမတော် စိတ်ကူး မလွဲနှင့်။ ညီမတော် လက်ထပ်ရမည့်သူမှာ မောင်တော် ဘုန်းတော်ကြီး ဘုရားပဲ။ ယခုအခါတွင် လစ်လပ်နေသော မြောက်နန်းမတော် နေရာမှာ ညီမတော်ကို တင်မြှောက်ပေးမည်။'

စုဖုရားလတ်၏ စကားကို ကြားတော့ စုဖုရားငယ် တစ်ယောက် ဝမ်းမြောက်ဝမ်းသာ ရှိလိမ့်မည် ထင်သလား။ ဝေးပါသေးရဲ့။ စုဖုရားငယ်သည် မိမိလည်ပင်းကို ပြန်၍ ကိုင်စမ်းမိလေသည်။ ဘယ့်နှယ်လဲ။ ဘုန်းတော်ကြီးဘုရားရဲ့ အချစ်တော် မြောက်နန်း မိဖုရားလောင်း ခင်ခင်ကြီး တစ်ယောက် ပျောက်ကွယ်သွားတာ ဘာကြာသေးလို့လဲ။ ယခုတော့ သည်မြောက်နန်းမှာ မိမိကို တင်အုံးမတဲ့။ ကြောက်ပါ၏။ လန့်ပါ၏။ ငယ်ငယ်ရွယ်ရွယ်နှင့် သေရမှာ ကြောက်သည်ထင့်။ စုဖုရားငယ်သည် တောင်းတောင်းပန်ပန်နှင့် ငြင်းသည်။

ညီမတော်တော့ တစ်သက်လုံး သည်ဘဝနှင့်သာ အရိုးထုတ်သွား ပါရစေ၊ လင်ယူသားမွေး အလုပ်ကို ငြီးငွေ့လွန်းလို့ပါ။ အပျိုကြီး ဘဝဆိုတာ အလွန်အေးချမ်းသော ဘဝပေပဲ။ အစ်မတော် စုဖုရားဆိုလျှင် ပူပန်သောကတွေ ရောက်နေရပြီ မဟုတ်လား။ ဘုန်းတော်ကြီးဘုရားအတွက် ပူရ၊ သမီးတော်တွေအတွက် ပူပန်ရ။ နန်းပလ္လင်အတွက် ပူပန်ရနှင့်။ အစ်မတော် ဖုရားဘဝကို ကြည့်၍ အိမ်ထောင်ပြုရမည်ကိုတော့ စဉ်းစား၍ပင် မရပြီ။ သည်တော့ တောင်းပန်ပါရစေ အစ်မတော် ဖုရား။ ဘုန်းတော်ကြီးဘုရားကို လက်မထပ်ပါရစေနှင့်၊ တခြားလည်း ဘယ်သူနှင့်မှ လက်ထပ်မည် မဟုတ်ပါ။

ညီမတော် စုဖုရား၏ စကားကိုတော့ နန်းမတော် မိဖုရားကြီးမှာ အလွန်အံ့သြရပြီ။ ရှင်ဘုရင်နှင့် လက်ထပ်ရမည်ကိုများ ငြင်းပယ်နေရသေးသလား။ မြန်မာ့သမိုင်းကို ပြန်ရှာကြည့်။ အပျိုစင် ဖြစ်ပါလျက် ကိုယ့်ဖအေလောက်ရှိသော ဘုရင်အို ဘုရင်ဆွေးကြီးတွေကို ဝမ်းသာ အားရ လက်ထပ်ကြသည့် သာဓကတွေ ရှိသေးတယ် မဟုတ်လား။ ဒါဘာဖြစ်လို့လဲ။ ဘုရင်ကတော်ဘဝမှာ စည်းစိမ်အပြည့်နှင့် ခံစားချင်လို့။ လိုတာတွေ အကုန်လုံးရချင်လို့။ တန်ခိုးအာဏာ သြဇာ အရှိန်အဝါတွေကို မက်မောကြလို့ပေါ့။



ယခုညီမတော် စုဖုရားငယ်ကမူ မောင်တော်သီပေါမင်းတရားကို လက်ထပ်ရန်အတွက် ငြင်းပယ်နေရသေးသည်။ မောင်တော် ဘုရားဆိုတာက အသက်နှစ်ဆယ်ကျော်မျှ ရှိသေးသည်။ သန်တုန်း မြန်တုန်းအရွယ် ဖြစ်သည်။ တန်ခိုးသြဇာ အရာမှာလည်း ပြောစရာမရှိ။ ရှင်ဘုရင် တစ်ပါးပဲ။ ဒါနဲ့များ ငြင်းနေသလား 'ခွင့်သာခိုက်မှ မလိုက်ချင်လျှင် အမိုက်နှင့်ပြင် ရှိအုံးမှာတဲ့လား' ဟုပင် မေးဖို့ ကောင်းတော့သည်။

အစ်မတော် စုဖုရားလတ်ကလည်း အတန်တန် နားချသည်။ ညီမတော် စုဖုရားငယ်ကလည်း အတန်တန် ငြင်းပယ်သည်။ နောက်ဆုံးတော့ မိဖုရားသည် သြဇာအာဏာ သုံးရလေသည်။ ရွှေနန်းတော်ထဲမှာ မိမိသည် တန်ခိုးရှင် သြဇာရှင် အာဏာရှင် မဟုတ်လား။ မိမိ၏ အမိန့်ကို ဘယ်သူက ပယ်လှန်ရဲလို့လဲ။ ယခု ညီမတော်က ပယ်လှန်မည် ဆိုပါက ရာဇဝင် ရိုင်းတော့မည်။ ပြီးတော့ အစ်မတော်သည် မိမိသြဇာတည်အောင်တော့ ဖြစ်တဲ့နည်းနှင့် ဆောင်ရွက်လိမ့်မည်။ ညီမတော်ကို အသာတကြည်ပြော၍ မရလျှင် အတင်းအကြပ် လုပ်ရတော့မည်။ မိဖုရားသည် ညီမတော်ကို ချော့၍ မရတော့လည်း ချောက်၍ လှန့်၍ သြဇာအာဏာ သုံး၍ ပြောရတော့သည်။

အမှန်ဆိုတော့ ရွှေနန်းရိပ်မှာက မိဖုရား၏ သြဇာကို ပယ်လှန်ရဲသူ ဘယ်နှစ်ယောက် ရှိလို့လဲ။ မိဖုရား၏ နှုတ်မှ ဖွင့်ဟသမျှသည် စည်းကမ်းလည်း ဟုတ်သည်။ အမိန့်လည်း ဟုတ်သည်။ ဥပဒေလည်း ဟုတ်သည်။ တစ်သွေးတစ်သံ တစ်မိန့်ဆိုတာ မိဖုရားအတွက် ထားခဲ့သော ဝေါဟာရများပဲ ဖြစ်လိမ့်မည်။ သို့နှင့် ယခုစုဖုရားငယ်နှင့် ဘုရင်ဘုန်းတော်ကြီး ဘုရားတို့အား လက်ထပ်ရန် မိဖုရားက စီစဉ်သည်ကို စုဖုရားငယ်က ခေါင်းညိတ်လိုက်ရပါပြီ။

မိဖုရားသည် ညီမတော် စုဖုရားငယ်နှင့် ဘုရင်မင်းမြတ်ကို ခပ်မြန်မြန်ပင် လက်ထပ်ပေးလိုက်သလား။ သည်ကိစ္စအတွက် ဝန်ကြီးဝန်ငယ်တွေကို တိုင်ပင် ညှိနှိုင်းသလား။ မယ်တော် ဆင်ဖြူမရှင်ကိုကော အသိပေးသလား။ တာဝန်ရှိသူတွေနှင့် မိဖုရားက ညှိနှိုင်းပါသလား။ မေးစရာ ရှိပါ၏။

ခေါင်းကို ခပ်မြန်မြန်ခါ၍ အဖြေပေးရပါလိမ့်မည်။ မိဖုရားသည် ဘယ်သူ့ကိုမှ နေရာထား၍ တိုင်ပင်ခြင်းမပြု။ ဘာဖြစ်လို့ တိုင်ပင်နေမှာလဲ။ လူများလျှင် စကားများလိမ့်မည်။ သူတို့ ထင်တာ မြင်တာတွေကို ပြောလာကြမှဖြင့် အားလုံး

ရှုပ်ကုန်ပါတော့မည်။ အကောင်းဆုံးက စုဖုရားငယ်ကို ဘုရင်မင်းတရားနှင့် လက်ဆက်လိုက်ခြင်းဖြင့် မယ်တော် ဆင်ဖြူမရှင် မိဖုရား၏ အကြံအစည်ကို ဖြိုချထိုးနှက်ဖို့ပဲ။ သို့ဆိုလျှင် မယ်တော်က နန်းတင်ရန် စီစဉ်ထားသော ညောင်ရမ်းညီနောင်အတွက် မိဖုရားလောင်း မရှိတော့ဘူး မဟုတ်လား။

စုဖုရားလတ်သည် တစ်ဖက်က သည်သို့ ဓာတ်ခင်း၍ တစ်ဖက်ကလည်း နန်းပလ္လင်၏ ရန်သူဟူသမျှကို ပယ်ရှင်းရန် ဗေဒင်ပညာရှိတို့နှင့် တိုင်ပင်သည်။ ဇာတာကို စစ်ပါအုံး။ ယတြာချေရအုံးမလား။ အန္တရာယ်ရှိနေသလား စသည်ဖြင့်။ ထိုခေတ် ထိုအခါ ဆိုသည်မှာ အတွေးအခေါ်က မတိုးတက်သေး။ အသိအမြင်က မကျယ်ပြန့်သေး။ အလေ့အလာက နည်းပါသေး၏။ သည်တော့ ဗေဒင်ဆရာတွေ၊ နတ်ဆရာတွေ အလွန် အသုံးဝင်နေကြသည်။ စီးပွားဖြစ်နေကြသည်။

ဒါကတော့ မပြောနှင့်လေ။ သည်နေ့လို လကမ္ဘာသို့ လူက ဒုံးပျံစီး၍ သွားနေချိန်မှာပင် ဗေဒင်ဆရာတို့ စားသာနေဆဲပဲ။ လူချမ်းသာတွေ၊ ရာထူးရှင်တွေသည် မိမိတို့ ရာထူးအာဏာ စည်းစိမ် ခိုင်မြဲရန် ဘာလုပ်နေကြသလဲ။ ဗေဒင်ဆရာတွေကို အကြိမ်ကြိမ် ဦးခိုက်နေကြတာ မျက်မြင်ပဲ။ သည်တော့ ဟိုတစ်ချိန်က စုဖုရားတို့တစ်တွေ ဗေဒင်မေးရင်းနှင့်ပင် တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေကြသည်ကို အပြစ်တင်၍ မဖြစ်တော့ပြီ။

မိဖုရားသည် စုဖုရားငယ်ကို မိမိမျက်စိအောက်မှာ ထားသည်။ ဘုရင်မင်းတရားနှင့် စုဖုရားငယ်တို့မှာ 'နှစ်ပါးကြည်' ရန် လွတ်လွတ်လပ်လပ် မရှိကြ။ စုဖုရားက အကန့်အသတ်နှင့် ခွင့်ပြုချိန်များမှာသာ တွေ့ဆုံနိုင်ကြသည်။ ပြီးတော့ ပြောစရာက မိဖုရား၏ အပြုအမူ အပြောအဆို။ ယခင့် ယခင် အခါများတုန်းကတော့ နန်းမတော် စုဖုရားနှင့် ညီမတော် စုဖုရားငယ်တို့အကြားမှာ ဘာပြဿနာများ ထွေထွေထူးထူး မရှိခဲ့။ ယခုတော့ စုဖုရားသည် ညီမတော်ကို စကားပြောရာမှာပင် ငေါက်လိုက် အော်လိုက်လုပ်၏။ ဆူလိုက်ပွက်လိုက် လုပ်၏။ ထေ့လိုက် ငေါ့လိုက် လုပ်သည်။ အစ်မတော် ဖုရား၏ သဘောဆန္ဒဘယ်လိုလဲ။ အစတုန်းကတော့ သူကပဲ အတင်းအဓမ္မ အိမ်ထောင်ပြုခိုင်းသည်။ ယခုတော့ 'မုန့်သာဝေစားမည်' အချစ်ကို ဝေမစားနိုင်' ဖြစ်နေပြန်လေသလား။ စုဖုရားငယ်သည် တွေးရင်းတွေးရင်း မောရပြီ။ မောရင်း မောရင်းလည်း တွေးရပြီ။



ကောင်းပါရဲ့။ ယခုတော့ စုဖုရားငယ်ခမျာ 'အပျိုလို မနေမိလို့ ကိုယ်ယိတယ်လေး' ဖြစ်ရပေါ့။ ရှိစေတော့လေ။ အချိန်သည် လူ၏ အကောင်းဆုံး မိတ်ဆွေဟု ဆိုကြသည် မဟုတ်လား။ သည်ကိစ္စကိုလည်း အချိန်က 'အဆုံးအဖြတ်' ပေးလိမ့်မည်။ အချိန်က 'တရားစီရင်' လိမ့်မည်။ အချိန်က ကောင်းကောင်းကြီး 'စကားပြော' လိမ့်မည်။ စုဖုရားငယ်သည် မိမိဘဝအတွက် ခုသာခံသာရှိလာမည့် အချိန်ကို သည်းခံ၍ စောင့်ရမည်။ တစ်ချိန်ချိန်မှာ အစ်မတော်ဖုရား စိတ်ပြောင်းလာ ကောင်းပါရဲ့။ တစ်ချိန်ချိန်မှာ အစ်မတော်ဖုရားရဲ့ အန္တရာယ်က လွတ်ကောင်းပါရဲ့။ အခြေအနေ အချိန်အခါသည် အမြဲတန်း ပြောင်းလဲနေတတ်မြဲပါ။ တစ်ချိန်ချိန်မှာ အားလုံး အဆင်ပြေကောင်းပါရဲ့။ ဘယ်နည်းနှင့် ဖြစ်ဖြစ် ပြောင်းလဲသွားကောင်းပါရဲ့။ 'အရိပ်' လာမှာကို 'နေပူ' ကပင်စောင့်လိုက်ဦးမည်။

မိဖုရား စုဖုရားလတ်အဖို့တော့ မိမိ၏ စီမံကိန်းတစ်ရပ်မှာ တိုင်း၍ ယက်တဲ့ပက္ကလာ မိုးရွာတာနဲ့အဆင်သင့် ဖြစ်သွားသပေါ့။ ဒါကို မိဖုရားကြီး ကျေနပ်နေသည်ကတော့ အမှန်ပါပဲ။ မောင်တော် ဘုန်းတော်ကြီးဘုရား အနားမှာ မိမိကလွဲ၍ တခြားမိန်းမတစ်ယောက် ရှိနေတာကို ရင်ထဲက မကျေနပ်။ မျက်စိနှင့်လည်း မကြည့်ချင်။ သို့သော် ညောင်ရမ်းတို့ ညောင်အုပ်တို့ကို စာရေးခေါ်သော မယ်တော် ဆင်ဖြူမရှင်။ သမီးတော် စုဖုရားငယ်နှင့် သည်မင်းသားတွေကို လက်ဆက်ပေးပြီး ရတနာပုံ နန်းပလ္လင်မှာ ဘုရင်သစ်လဲမည့် မယ်တော် ဆင်ဖြူမရှင်။ ယခုတော့ ဘယ်သို့များ တတ်နိုင်သေးသလဲ။ ညောင်ရမ်းတို့ထံသို့ စာပေးစာယူလုပ်ပေးသူတို့ကို ပြင်းထန်စွာ အရေးယူပြီးပြီ။ ကွပ်သင့်သူကို ကွပ်မျက်ပြီးပြီ။ သမီးတော် သုံးပါးစလုံးသည် သီပေါမင်းတရား၏ မိဖုရားစာရင်းဝင်သွားသည်။ မယ်တော်ဘုရားက ရှေ့သို့ဆက်၍ ဘာလုပ်ဦးမလဲ။ စောင့်ကြည့်ဦးမည်။ သည်တစ်ပွဲမှာဖြင့် သမီးတော် စုဖုရားလတ်သည် 'ဒိုင်ပွဲရပ်' စနစ်ဖြင့် မယ်တော် ဆင်ဖြူမရှင် အပေါ်မှာ အနိုင်ယူလိုက်ပါပကော။

## ၃

သီပေါဘုရင်၏ နန်းသက်မှာ ငါးနှစ်ကျော်၍ ခြောက်နှစ်အတွင်းသို့ ချဉ်းခဲ့ပြီ။ မင်းတရား၏ နန်းသက်ခြောက်နှစ် အတွင်းမှာ ရွှေနန်းတော်၌ အပြောင်းအလဲ

တွေ များခဲ့သည်။ အဖြစ်အပျက်တွေက ဆန်းခဲ့သည်။ မကြုံဖူးတာတွေကြုံ၊ မကြား ဖူးတာတွေ ကြား။ မဖြစ်ဖူးတာတွေ ဖြစ်ခဲ့သည်။ သို့သော် သည်ဖြစ်ရပ်များ သည် ပြည်သူတွေကို တိုက်ရိုက် ပတ်သက်သည်တော့ မဟုတ်။ ရွှေနန်းတော် အတွင်း နေရာကွက်ကွက်လေးမှာသာ ဖြစ်ခဲ့သော ဖြစ်ရပ်များသာ။

သည်ဖြစ်ရပ်တွေကြောင့် သေသူတွေ သေ၊ ကြေသူတွေ ကြေ၊ နာသူတွေ လည်း နာခဲ့ကြသပေါ့။ အရှောင်အတိမ်းကောင်း၍။ အလိမ္မာဖက်၍ ယနေ့တိုင် လွတ်လွတ်ကင်းကင်း ရှိသူတွေလည်း ကျန်ပါသေးသည်။ သို့သော် သည်အချိန်မှာ ရတနာပုံ နေပြည်တော်၏ နေဝင်ချိန်သို့ နီးကပ်လာပြီကို မည်သူမျှ သတိမထား မိကြ။ သည်အချိန်တွင် ရတနာပုံ နေပြည်တော် ပန်းချီကားကြီး ဆေးရောင်မှိန် လာပြီကို မည်သူမျှ ဂရုမပြုမိကြ။ ရွှေနန်းတော် အတွင်းမှာ အာဏာရရေးအတွက်၊ တန်ခိုးရှိန်ဝါအတွက်၊ မိန်းမတစ်ယောက်အတွက် ပြဿနာပေါင်း သောင်းခြောက် ထောင်ကို တစ်ဆင့်ပြီး တစ်ဆင့် အပြတ်ရှင်းနေကြရသည်။

နန်းတက်ခါစ အချိန်တုန်းကတော့ နန်းပလ္လင်၏ ရန်စွယ်တွေကို သုတ်သင်ရင်း၊ ကိုယ်ရေးကိုယ်တာ ပြဿနာတွေကို အဆင့်ဆင့် ရှင်းရင်း၊ သီပေါမင်းတရားသည် ရတနာသုံးပါးဖက်သို့ ဦးအလှည့်မိ။ အလှူအတန်း ကိစ္စကို အချိန်မပေးနိုင်။ မိဖုရားကြီး စုဖုရားလတ်သည်လည်း ဘာသာရေး ကိစ္စများကို စိတ်မဝင်စားနိုင်ပြီ။

သို့သော် နန်းသက်ကလေး ရလာတော့ ဘုရင်နှင့် မိဖုရားတို့သည် ဘာသာရေး လုပ်ငန်းများကို ငဲ့စောင်း၍ ကြည့်လာနိုင်ကြသည်။ ရဟန်း သံဃာ များနှင့် အဆက်အဆံ ရှိလာသည်။ ဘုရားကျောင်းကန်များ တည်ဆောက် လှူဒါန်း နိုင်ခဲ့ကြသည်။ သည်ကိစ္စများအတွက်တော့ ဗုဒ္ဓဘာသာဝင်များ အနေဖြင့် သာဓု ကျယ်ကျယ် ခေါ်ကြရပေလိမ့်မည်။

သီပေါဘုရင်နှင့် မိဖုရားတို့သည် နန်းတက်ပြီးမကြာမီ မာရ်အောင် ရတနာ စေတီတော်ကို တည်ထား ကိုးကွယ်ခဲ့သည်။ နန်းမြို့တော်၏ အရှေ့ တောင်ဘက် မဟာ သီရိဟေမဝန် ဥယျာဉ်တော်၌ ဖိနပ်တော် ငါးဆယ့် ငါးတောင်၊ အရပ်တော် ငါးဆယ့်ခြောက်တောင် အမြင့်ရှိ စေတီတော်ကို တည်ထားခြင်း ဖြစ်သည်။

စေတီတော် အတွင်း၌ သတ္တဌာန၊ အဋ္ဌဝီသ၊ ရွှေငွေမိုးကြိုး၊ ပဉ္စလောဟာ ရတ ဆင်းတုတော်များ ထုလုပ်၍ ဌာပနာ ထည့်သည်။ ထီးတော်တင် ရဟန်း



သံဃာတို့ကိုလည်း လှူဖွယ်ပစ္စည်းတို့ဖြင့် ကန်တော့၏။ နေ့ပွဲ၊ ညပွဲတွေ၊ ဓာတ်တွေ အငြိမ့်တွေနှင့် စည်ကားလှပါ၏။ ပွဲကို ခမ်းနားကြီးကျယ်စွာ ကျင်းပ၏။ ပြည်သူတို့ သည် မာရ်အောင် ရတနာစေတီ ဒါယကာ မင်းတရား၏ အလှူတော်ကို ပါရမီ ဖြည့်ကြသည်။ ပွဲတွေမှာ လူတွေကြိတ်ကြိတ်တိုး ကြသည်။ မြန်မာတို့ မေ့လေပေပဲ။ ဘုရင်မင်းတရား နန်းတက်ခါစတုန်းက လူသတ်ပွဲအတွက် ပြည်သူတို့ စိတ်ဆင်းရဲ ခဲ့ကြသည်ကို မေ့ပါပြီ။ ဘုရင့်အလှူကို သာဓုခေါ်နေကြပါပြီ။

ထိုနှစ်တွင်ပင် သီပေါမင်းတရားသည် မယ်တော် လောင်းရှည်မိဖုရား အတွက် စံနန်းကို ဆောက်လုပ်ပေးသည်။ ရေမြင့်တော့ ကြာတင့်ရပေလိမ့်မည်။ သားတော်က ဘုရင်မင်းတရားဆိုတော့ မယ်တော်သည် အိမ်နိမ့်စံလို့ မဖြစ်တော့ပြီ။ မင်းတုန်းမင်းတရား လက်ထက်မှာတုန်းက ဆံတော်ပယ်၍ သီလရှင်ဝတ်နေရ သော မယ်တော်ကို မင်းတရားက ယခု ကောင်းစွာ ချီးမြှင့် နေရာထားပါသည်။ ရွှေနန်းတော်မြောက်ဥယျာဉ်တော်မှာ မယ်တော်ဘုရားအတွက် ဘုံငါးဆင့်၊ ဆောင်ရံ ခုနစ်ဆောင်ရှိသော အိမ်ဖြူတော်ကို ဆောက်လုပ်စေသည်။ အိမ်ဖြူတော်ကို ဆောက်လုပ်ရန် ဝန်ကြီးသတိုးမင်းလှ သီရိမဟာ ဥဇနာကို ဘုရင်မင်းမြတ်က တာဝန်ပေးသည်။ ခန်းနားကြီးကျယ်သော အိမ်ဖြူတော်မှာ မကြာမီ ပြီးစီးသွား၏။ ဘုရင်မင်းတရားက မယ်တော်ကို အိမ်ဖြူတော်နှင့် ကန်တော့သည်။ မယ်တော် လောင်းရှည်မိဖုရားသည် အိမ်ဖြူတော်ကို ၁၂၄၂ ခုနှစ် နယုန်လတွင် သိမ်းယူ စံနေတော် မူ၏။

သို့သော် ပြောစရာကလေးက ရှိနေသည်။ ဆိုရိုးရှိက ဆိုအပ်စွတဲ့။ ပြောစရာ ရှိတော့လည်း ပြောရတော့မည်ပ။ သီပေါမင်းတရားက မယ်တော် လောင်းရှည် မိဖုရားအား အိမ်ဖြူတော်နှင့်ထားသည်ကို ချွေးမတော် စုဖုရား သဘောတူကြည်ဖြူ သလား၊ မကြည်ဖြူသလား မသိ။ နောက်ပိုင်းတွင် ဘုရင်နှင့် မယ်တော်တို့ အကြား ပြဿနာ မီးပွားတစ်စ ဖြစ်ခဲ့သည် မယ်တော် လောင်းရှည် မိဖုရားသည် ၁၂၄၄ ခုနှစ် နယုန်လတွင် ကံတော်ကုန်ရှာသည်။ ယင်းသို့ ကံကုန်ရသည်မှာ စုဖုရားလတ်၏ စနက်မီးကြောင့်ဟု မှတ်တမ်းမှတ်ရာ အချို့က စွပ်စွဲသည်။ ဖြစ်ပုံက သည်လို။

သီပေါမင်းတရား၏ မယ်တော် လောင်းရှည် မိဖုရားသည် ထိုအိမ်ဖြူတော် သစ်တွင် အေးချမ်းစွာ စံလေသည်။ လောင်းရှည်မိဖုရားသည် သားတော်

မင်းတရား နှင့် လည်းကောင်း၊ ချွေးမတော် စုဖုရားနှင့် လည်းကောင်း အမြဲမပြတ် အဆက် အသွယ်မရှိ။ သားတော် မင်းတရားက မိမိ၏ အိမ်ဖြူတော်သို့ ကြွလာလျှင် ဝမ်းသာစွာ ဧည့်ခံ စကားပြောသည်။ ချွေးမတော် စုဖုရားကတော့ လောင်းရှည် မိဖုရားထံသို့ အသွားအလာ မရှိ။ ခပ်တန်းတန်း ခပ်စိမ်းစိမ်း နေသည်။

တစ်နေ့တွင် လောင်းရှည် မိဖုရားနှင့် ပတ်သက်သော သတင်းတရပ် ပေါ်လာ၏။ မိဖုရားသည် အသက်အရွယ် ကြီးရင့်သည့်တိုင် တစိမ်းလူတွေနှင့် အဆက်အဆံ မကင်းသေးဘူးတဲ့။ သတင်းထွက်လာတော့လည်း သက်ဆိုင်ရာတို့မှာ အရေးတယူ လုပ်ရပြီ။ မသင်္ကာဖွယ်သူတွေကို စစ်မေးရသည်။ သည်သတင်း ဘယ်က ထွက်လာသလဲတော့ မသိ။ သည်အမှုကို စနစ်တကျ စစ်ဆေးမေးမြန်းရန် စုဖုရားလတ်က အမိန့်ပေးသည်ဆိုတာပဲ သိကြသည်။ သို့နှင့် နိဂုံးတွင် လောင်းရှည်မိဖုရားထံ အဝင်အထွက်ရှိသည်ဆိုသော သူတစ်ဦးကို အပြစ်ပေးလိုက်သည်။ သီပေါဘုရင်မင်းတရားကလည်း မိမိသိက္ခာကို ဆည်သည့်အနေဖြင့် တရားဝင် ကြေငြာသည်။ 'မိမိသည် မယ်တော်၏ အိမ်ဖြူတော်သို့ ကြွရောက်တော့မည် မဟုတ်ကြောင်း'။

သည်အမှုကိစ္စက လောင်းရှည်မိဖုရား၏ သိက္ခာတော်ကို တိုက်ရိုက်ထိပါးသကိုး။ မိဖုရားသည် အစာကောင်းစွာ မစားဘဲရှိသည်။ အသက်အရွယ် ကြီးရင့်လာတော့ ကောင်းစွာလည်း မကျန်းမာပြီ။ ထိုအချိန်၌ လောင်းရှည်မိဖုရား၏ လက်တွင် သွေးတက်၍ အနာတစ်လုံးပေါက်သည်။ အနာကို မိဖုရားက ဆေးထည့်ကုသခြင်း မပြု။ သည်ဘဝတွင် နေ၍လည်းမထူး၊ သေ၍လည်း မထူးတော့ပြီ။ သို့နှင့်ပင် မိဖုရားသည် လက်မှအနာကြောင့် ခံစားရင်းနှင့် ကံကုန်ရှာသည် ဆိုလေသည်။

ဒါကတော့ ဘုရင့်မယ်တော်နှင့် ချွေးမတို့အကြား ဖြစ်ပေါ်သော ပြဿနာကို ပြောကြ ဆိုကြသော သတင်းပါ။ သည်သတင်းသည် မည်မျှမှန်၍ မည်မျှမှားမည်ကိုလည်း မည်သူကမျှ အဆုံးအဖြတ် အပေးနိုင်။ တစ်ခုတော့ရှိပါ၏။ မယ်တော် လောင်းရှည်မိဖုရား မကျန်းမာစဉ်အတွင်းနှင့် ကွယ်လွန်သည်အထိ ဘုရင်မင်းတရား ကောင်းစွာ ပြုစုသည်ကိုတော့ မှတ်တမ်းရှိသည်။

သမိုင်းမှတ်တမ်း အစောင်စောင်က သေသေချာချာ ဖော်ပြကြသည်မှာ ဤသို့ပါပဲ။ 'မယ်တော် မကျန်းမာသည်ကို ဘဝရှင်မင်းတရားက စောင်မကြည့်ရှု



တော်မူသည်။ ဝန်ကြီးနှင့် အတွင်းဝန်တို့ကို နေ့ညမပြတ် စောင့်ကြပ် ပြုစုစေခဲ့သည်။ ဝေဒနာမှ ထမြောက်တော်မမူဘဲ မယ်တော် နတ်ပြည်စံတော်မူသော အခါ ကေရာဇ်မင်းမြတ်တို့၏ မယ်တော် မိဖုရားခေါင်ကြီးများ သင်္ဂြိုဟ်သည့် အခမ်းအနားအတိုင်း သင်္ဂြိုဟ်တော်မူသည်။ ရွှေနန်းတော်အတွင်း လွှတ်တော် မြောက်ဘက်တွင် မယ်တော်၏ အလောင်းတော်ကို ပြင်ဆင်၍ မင်းကြီးကိုယ်တိုင် ကြွရောက် အသုဘရှုသည်။ မယ်တော်၏ အလောင်းတော်ကို နံ့သာမျိုး ငါးပါး ထင်းမီးဖြင့် မီးပူဇော် သင်္ဂြိုဟ်တော်မူသည်။

သည်သို့ ဆိုလျှင် မယ်တော် လောင်းရှည် မိဖုရား ကိစ္စနှင့် ပတ်သက်၍ မင်းတရား စိတ်ခုခဲ့သည် ဆိုခြင်းမှာ ဟုတ်ပါ့မလား၊ စဉ်းစားစရာ ဖြစ်သည်။ သီပေါဘုရင်သည် ပင်ကိုယ်အားဖြင့် ဘာသာရေးကို ကိုင်းရှိုင်းသူ၊ အနန္တော အနန္တငါးပါးကို ကြည်ညို ဆည်းကပ်သူဖြစ်သည်။ သည်လို ပုဂ္ဂိုလ်မျိုးသည် အားကိုးရာမဲ့နေသော မယ်တော်ကို ပစ်ပစ်ခါခါ လုပ်လိမ့်မည် မဟုတ်ဟု ယူဆနိုင်သည်။

ဘာသာရေး ကိုင်းရှိုင်းသည်ဆို၍ သတိရသေးသည်။ သီပေါဘုရင်သည် ငယ်စဉ်က မိမိကိုယ်တိုင် ဘာသာရေး စာပြန်ပွဲများတွင် ပါဝင်ခဲ့သည်ကို မမေ့။ မိမိမှာ ဘာသာရေး စာပေများတွင် ထူးချွန်၍ ဆုတွေ၊ လာဘ်တွေ ရခဲ့သေး မဟုတ်လား။ ယခုလည်း မိမိက ဆုချီးမြှင့် ပေးကမ်းရသော နေရာသို့ ရောက်နေ ခိုက်မှာ တရားဓမ္မ စာပေကျွမ်းကျင်သူတို့ကို ဆုချီးမြှင့်သည်။ ပဋ္ဌာန်းပါဠိတော်နှင့် အနက်၊ ဓာရဏပရိတ် ပါဠိတော်နှင့် အနက်၊ သတိပဋ္ဌာန်ပါဠိတော်နှင့် အနက် တို့ကို နှုတ်တိုက်ပြန်ဆို နိုင်သူတို့အား မင်းညီမင်းသား ဖြစ်စေ၊ သာမန်ပုဂ္ဂိုလ် ဖြစ်စေ။ ရွှေဖလား၊ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါး၊ အထည်အုပ်များ၊ ပိုးထည်များ ဆုချီးမြှင့်သည်။ ဆုရသူများကို ရွှေနန်းတော်ဦး ဘုရားအဆောင်တွင် လည်းကောင်း မြေနန်းတော်တွင် လည်းကောင်း သုံးလတိုင်တိုင် ညစဉ် ပရိတ် ရွတ်ဆိုစေသည်။ ထိုအခါ၌ စုဖုရားလတ်နှင့် အပျိုတော်များက အကျွေးအမွေးဖြင့် ဧည့်ခံခြင်း တာဝန်ကို မပျက်မကွက် ထမ်းဆောင်လေသည်။

စုဖုရားလတ် မိဖုရားဆိုတာက 'ထွက်ပေ့ ထွက်ပေ့' ဆိုလို့သာ ဓားကိုင်၍ ထွက်ခဲ့ရသည်ပဲ။ တကယ်တော့ မိဖုရားသည် ရတနာ သုံးပါးနှင့် ဝေးသူမဟုတ်။ ဘာသာရေးနှင့် ကင်းကွာသူ မဟုတ်။ နန်းပလ္လင်၏ အာဏာကို ချုပ်ကိုင်စိုးမိုးရန်

စွမ်းရည်သတ္တိနည်းသော ဘုရင်မင်းတရား ကြောင့်သာ မိဖုရားက ရှေ့က 'ထွက်' ၍ ကြမ်းပြရခြင်း ဖြစ်သည်။ ဘာသာရေးတာဝန်များကို မိဖုရားက မချွတ်ယွင်းခဲ့။ မချို့တဲ့ခဲ့။ ကြည့်ပါ။ ၁၂၄၅ ခုနှစ်တွင် မိဖုရားကြီးသည် မိမိနံတော်သင့် စေတီတော် တစ်ဆူကို တည်ခဲ့သည်။ မန္တလေးတောင်တော် ၏အရှေ့ဖက် အာရုဏ်ခံ ဥယျာဉ် တော်အတွင်း၌ 'သေလာမုနိ မဟာရာဇိန်' စေတီတော်မြတ်ကို ခုနစ်ရက်နှင့်အပြီး တည်ခဲ့၏။ စေတီတော်မှာ ကျောက်သားဖိနပ်ခံ၍ အပေါ်မှ စေတီပုထိုးကို ထပ်ဆင့်တည်ထားခြင်း ဖြစ်သည်။

ဘုရင်နှင့် မိဖုရားတို့၏ အလှူတစ်ရပ်ကို ချန်ထားရန် မသင့်။ ထိုအလှူ တော်ကို ကြုံတောင့်ကြုံခဲ အလှူဟု ဆိုနိုင်သည်။ နေပြည်တော်တစ်ဝန်းရှိ ကြေးရည်တတ် လူချမ်းသာများထံတွင် အပေါင်ခံသော ကျွန်၊ ငွေနှင့် ဝယ်ထားသော ကျွန်တို့ ရှိနေ၏။ ယင်း ကျွန်ယောကျ်ား ကျွန်မိန်းမတို့ကို ဘုရင်နှင့် မိဖုရားတို့က ငွေတော်ပေး၍ ရွေးယူရန် စီစဉ်သည်။ ပထမတွင် နေပြည်တော်အတွင်းရှိ ငွေဝယ်ကျွန်များ စာရင်းကို စနစ်တကျ ကောက်ယူ၏။ ထို့နောက် ယင်းကျွန်တို့နှင့် ပတ်သက်သော စာချုပ်စာတမ်းများကို လွှတ်တော်သို့ သွင်းစေသည်။ စာချုပ်စာတမ်းတွေနှင့် ကျွန်ဝယ်သူ၊ အပေါင်ခံသူတို့ကို လွှတ်တော်ဝန်ကြီးတို့က တွေ့ဆုံ စစ်ဆေးရ၏။ ပြီးတော့မှ ကျသင့်ငွေကို ပေးဆပ်၍ ကျွန်ယောကျ်ား ကျွန်မိန်းမများကို အပြီးအပိုင် ရွေးယူလိုက်သည်။ စုစုပေါင်း ငွေတော် ကျပ်လေးသောင်းကုန်သည်ဟု ဆိုသည်။

ရွေးယူပြီးသော ကျွန်တွေကို သည်အတိုင်း ပြန်မလွှတ်။ 'ချေးထဲမှာပျော်' ဆိုသလို သူတို့တတွေ ကျွန်ပြန်ဖြစ်လျှင် မခက်ပါလား။ ထို့ကြောင့်ပင် ဘုရင်နှင့် မိဖုရားကြီးတို့က ဒါယကာ ဒါယကာမ ပြုလုပ်ပြီးလျှင် ရွေးယူထားသော 'ကျွန်လူ ထွက်' တို့ကို ရဟန်းဘောင် ဝင်စေသည်။ ရဟန်းလောင်း ၂၄၀ ပါး၊ ရှင်လောင်း ၁၁၅၄ ပါး စုစုပေါင်း ၁၃၉၄ ပါးကို သုဓမ္မာဇရပ်တွင် သာသနာ့ဘောင်သို့ သွတ်သွင်းပေးလိုက်၏။ စည်ကားလိုက်တဲ့ အလှူပါပဲ။ မင်းညီမင်းသားတွေ၊ နန်းတွင်းအမှုထမ်းတွေ စုစုဝေးဝေး လာရောက် ကန်တော့ကြသော အလှူဖြစ် သည်။ ကြားရသူတို့အဖို့ ဝမ်းသာစရာ၊ လူသာစုခေါ် နတ်သာစုခေါ်သော အလှူတော် ဖြစ်ကြောင်း ငြင်းကွယ်မရပါ။



ဘုရင်နှင့် မိဖုရားတို့သည် ခေတ်ပေါ်နိုင်ငံရေး ဝါဒတွေ နားမလည်။ သို့သော်လည်း ငွေရှင်ကြေးရှင်တို့အိမ်မှာ ဆင်းရဲပင်ပန်းစွာ နေရရှာသော 'ကျွန် ယောကျ်ား မိန်းမ' တို့ကို ဘဝဆိုးမှ လွတ်မြောက်အောင်ကား ကိုယ့်နည်းကိုယ့်ဟန် ဖြင့် ကြိုးပမ်းခဲ့သည် မဟုတ်လား။ သူ့ခေတ် သူ့အခါနှင့်ပဲ ကြည့်ကြည့်။ ခုခေတ် ခုအခါနှင့်ပဲ ကြည့်ကြည့်။ သည်လုပ်ရပ်အတွက် ကြားသူတိုင်းက ကျေနပ်အားရသင့်ကြတာ အမှန်ပဲ ဖြစ်သည်။

အမှန်ကတော့ စုဖုရားလတ်သည် အတွေးအခေါ် ညံ့သော မိဖုရား တစ်ပါးမဟုတ်။ ခေတ်ရှေ့သို့ တစ်ဘူတာလောက် ကြို၍ ပြေးနိုင်သော မိဖုရားဖြစ်သည်။ သို့သော် စုဖုရားလတ်မှာ ပညာအခြေခံ ချို့တဲ့ရှာသည်။ ပညာအခြေခံ ချို့တဲ့လေတော့ ကမ္ဘာ့ဗဟုသုတတွေကို နားလည်သိရှိနိုင်ခြင်း မရှိ။ ခါး၌ ထဘီမခြေင်မှာ နန်းပလ္လင်ပေါ် ရောက်ခဲ့ရသော မိဖုရား ဆိုတော့လည်း ပညာလည်းမတတ်၊ စဉ်းစားဆုံးဖြတ်နိုင်သော ဉာဏ်နည်းပါးသည်က အမှန် ဖြစ်သည်။ သို့စင်လျက် စုဖုရားသည် မြန်မာနယ်စပ်ကို ကျော်၍ ကမ္ဘာသို့ လှမ်းမျှော်ကြည့်ခဲ့ဖူးသည်။ ဥပမာဆိုလျှင် နန်းတွင်းသူပျိုဖြူတို့ကို နိုင်ငံခြားသို့ ခေတ်မီပညာများ သင်ကြားရန် စေလွှတ်ခဲ့တာပဲ ကြည့်ပါတော့။

ရွှေနန်းတော်ထဲမှာ အနောက်ဥရောပ သတင်းတွေက ပြန့်ပြန့်မွှေးနေသည်။ ကင်းဝန်မင်းကြီး ဦးကောင်းဆိုလျှင် မင်းတုန်းမင်းတရား လက်ထက်တုန်းက ဗြိတိန်နိုင်ငံ၊ ပြင်သစ်နိုင်ငံများသို့ ခရီးထွက်ခဲ့ပြီး မဟုတ်လား။ ကင်းဝန်မင်းကြီး နှင့် သံအဖွဲ့ဝင်တို့ထံမှ တစ်ဆင့် ပြန်ကြားရသည်မှာ အနောက်ဥရောပ နိုင်ငံသား များ အလွန် ယဉ်ကျေးကြသတဲ့၊ ယဉ်ကျေးမှု အဆင့်အတန်း မြင့်မားကြသတဲ့။ အခင်းအပြင်၊ အစားအသောက်၊ အသွားအလာ၊ အနေအထိုင် အလွန် သပ်ယပ် ကြသတဲ့။ ခေတ်မီကြသတဲ့။

သည်သတင်းတွေ ကြားရတော့ စုဖုရားလတ်သည် အနောက်နိုင်ငံ ယဉ်ကျေးမှု အခြေအနေများကို သွားရည်ကျမည်မှာ အမှန်။ ကြားရသော သတင်းများသည် ဟုတ်ပေလိမ့်မည်။ နေပြည်တော်ရောက် ဥရောပတိုက်သား အပျိုတော်တွေ၊ အင်ဂျင်နီယာတွေကို ကြည့်ပါလား။ နန်းတော်သို့ အခစားဝင်သည့် အခါ အမူအရာက ရိုရိုကျိုးကျိုး၊ အနေအထိုင်က သိမ်သိမ်မွေ့မွေ့၊ အပြောအဆို

ကလည်း ယဉ်ယဉ်ကျေးကျေး။ ပြီးတော့ ခေတ်မီ အမွှေးနံ့သာ။ အထည်ပစ္စည်းများကို သုံးစွဲနိုင်ကြပုံကလည်း အတုယူစရာပါ။

သို့နှင့် မိဖုရားသည် နောက်တိုင်း ယဉ်ကျေးမှုကို အရှေ့တိုင်း မြန်မာယဉ်ကျေးမှုနှင့် တွဲဖက် အကောင်အထည် ဖော်ရန် စိတ်ကူးယဉ်မိသည်။ မိမိ၏ စိတ်ကူးယဉ်မှုကို အကောင်အထည်ဖော်ရန် နိုင်ငံခြားသို့ ပညာတော်သင် စေလွှတ်မှ ဖြစ်မည်။ ယခုအခါ နေပြည်တော်၌ ဒင်္ဂါးစက်ရုံ၊ သေနတ်စက်ရုံ၊ အထည်စက်ရုံ၊ ဖလ်ချက်စက်ရုံမှအစ စက်ရုံတွေ တော်တော်များများ တည်ဆောက်လည်ပတ်နေခဲ့ပြီ။ သည်စက်များကို ကိုင်တွယ်အသုံးချရန် နိုင်ငံခြားသို့ ပညာတော်သင်တွေ စေလွှတ်ခဲ့သော သာဓက ရှိသည်။ ယခုလည်း မိမိလိုချင်သော အနောက်တိုင်း ယဉ်းကျေးမှုများကို အတုယူနိုင်ရန် ပညာတော်သင်များ စေလွှတ်ဦးမှဟု တွေးမိ၏။ တွေးမိသည့်အတိုင်း အကောင်အထည်ဖော်ရန် စီစဉ်လေသည်။

ပထမတွင် မိမိ၏ အပျိုတော်များထဲမှ သွက်သွက်လက်လက် ရှိသော အပျိုတော် ၄ ဦးကို ရွေးသည်။ ယင်းအပျိုတော် ၄ ဦးကို အနောက် နိုင်ငံသို့ လွှတ်သော အခါ အဆင်ပြေစေရန် ပဏာမ သင်တန်းပေးရ၏။ သို့နှင့် အပျိုတော် ၄ ဦးကို နေပြည်တော်ရှိ ရိုမန်ကက်သလစ် ခရစ်ယာန် သီလရှင် တစ်ပါးထံ အပ်ပေးလိုက်သည်။ နိုင်ငံခြားသို့ ရောက်လျှင် ထမင်းစားရေသောက် စကားပြောနိုင်ရန် အင်္ဂလိပ်စကားကို အရင်သင်ပေး၏။ ထို့နောက်တွင် ခရစ်ယာန် သီလရှင် ကိုယ်တိုင်ဦးစီးလျက် အပျိုတော် ၄ ဦးကို ဗြိတိန်နိုင်ငံသို့ ခေါ်သွားသည်။ ပထမတွင် အိန္ဒိယနိုင်ငံသို့ ခေတ္တဝင်သည်။ နောက်မှ ဗြိတိန်နိုင်ငံ၌ ၂ နှစ်ခန့် ဆည်းပူးလေ့လာကြသည်။ သင်တန်းအမျိုးမျိုး တက်ရ၏။ သူတို့ဆီက ဓလေ့ထုံးစံ၊ ချက်နည်း ပြုပ်နည်း အဝတ်အစားတို့ကို စနစ်တကျ သင်ယူပြီးသော အခါ မြန်မာအမျိုးသမီး ပညာတော်သင် ၄ ဦးသည် ရတနာပုံ နေပြည်တော်သို့ ပြန်ရောက် လာကြလေသည်။

မိဖုရားစေလွှတ်သော အမျိုးသမီး ပညာတော်သင်များ အခြေအနေက ဘယ်လိုလဲ။ ရွှေနန်းတော်၌ ဥရောပ ယဉ်ကျေးမှုနှင့် မြန်မာယဉ်ကျေးမှုတို့ကို ပေါင်းစပ် ပုံဖော်ရန် မိဖုရား၏ မျှော်လင့်ချက် အထမြောက်သတဲ့လား။ မေးပဲ မမေးပါနှင့်တော့။ ဖြစ်ရပ်ကတော့ မျှော်လင့်ထားသလို မဟုတ်တော့ပြီ။ ပညာတော်



သင် အပျိုတော် ၄ ဦးသည် မိမိတို့ ဆံပင်ကို လည်ဂုတ်အထက်မှ ဖြတ်ထားကြသည်။ ဝတ်ထားသည်က ဥရောပသူတို့၏ ဂါဝန်များ။ မျက်နှာမှာ ချယ်ထားသော အမွှေးနံ့သာတို့က လွန်လွန်ကဲကဲ နီနီရဲရဲ။ ထားပါတော့ အဝတ်အစားနှင့် အဆင် အပြင်ကို။ သူတို့ စိတ်နေသဘောထားနှင့် သင်ယူခဲ့သော ပညာ၊ အမူအကျင့် အပြောအဆို အနေအထိုင်က ဘယ်အခြေအနေ ရှိခဲ့သလဲ။

ပြောရမည်ဆိုလျှင် အပျိုတော် ၄ ဦးမှာ 'ပုံမလာ' တော့ပြီ။ သူတို့သည် မိဖုရားခေါင်ကြီး ရှေ့တော်မှောက်သို့ ဝင်ရောက်လာကြစဉ် ပုဆစ်ဒူးတုပ် မဟုတ်ကြ။ မတ်မတ်ကြီး ရပ်လို့၊ မျက်နှာထားက ခပ်တင်းတင်း။ မိဖုရား ရှေ့တော်သို့ ဝင်ရောက်ခစားလျှင် ရိုရိုကျိုးကျိုး ရှိရမည်။ ဦးခေါင်းကို ငုံ့၍ လည်ကို စင်း၍ ဒူးကို တုတ်၍ ကိုယ့်ကိုနှိမ့်ချ ဦးခိုက်ရမြဲ မဟုတ်လား။ ယခု သည် မိန်းကလေးတွေ ကြည့်ရတာ မျက်စိနောက်စရာ ကောင်းပါဘိ။

မိဖုရားက မိန့်၏။ 'ဟဲ့ အမိတို့ရဲ့ ထိုင်ပြီး ခစားကြလေ'

အပျိုတော် ၄ ဦးသည် မိဖုရား နားမလည်နိုင်သော အင်္ဂလိပ် စကားများဖြင့် အချင်းချင်း ပြောနေကြ၏။ ထိုင်လည်း မထိုင်ကြ။ သည်တွင် စိတ်မရှည်တော့သော မိဖုရားကြီးပင် အပျိုတော်တစ်ပါး၏ လက်ကို ဆွဲ၍ ထိုင်ခိုင်းလိုက်သည်။ သည်တော့မှပင် သူတို့ ၄ ဦးစလုံးထိုင်၍ ခစားကြသည်။ မိဖုရားသည် အပျိုတော် ၄ ဦးကို သေသေချာချာ ကြည့်လေသည်။ ဘယ်လို ဖြစ်လာကြပါလိမ့်၊ တခြား ပညာတော်သင်တွေလည်း နိုင်ငံခြားသို့ လွှတ်ဖူးသားပဲ။ ဘုန်းတော်ကြီးဘုရားကိုယ်တိုင် သဘောကျစေလွှတ်သော စက်မှုပညာတော်သင်တွေ ရှိသားပဲ။ အပြန်မှာ သူတို့လို ပုံပျက်ပန်းပျက် ဖြစ်မလာပါ။ ယခုတော့ သည်အပျိုတော် ၄ ဦးမှာ ဘယ်လိုများ အခြေအနေ ဆိုးလာပါလိမ့်။ အစကတော့ အနောက်ဥရောပ ယဉ်ကျေးမှုကို ရယူဖို့ မျှော်လင့်တကြီး စေလွှတ်ခဲ့သည်။ ယခုတော့ သည်အပျိုတော် ၄ ဦးမှာ ဘယ်လိုများ အခြေအနေဆိုးလာပါလိမ့်။ အစကတော့ အနောက် ဥရောပ ယဉ်ကျေးမှုကို ရယူဖို့ မျှော်လင့်တကြီး စေလွှတ်ခဲ့သည်။ ယခုတော့ မျှော်လင့်ထားတာကို စွန့်ရတော့မည်။ ရိုင်းစိုင်းခက်ထန်လာရုံက လွဲပြီး ဘာမှ တတ်ကျွမ်းခဲ့ဟန်မရှိ။ သည်မိန်းကလေး လေးယောက်ထံမှ ရစရာ မရှိတော့။ 'ဤပုံနှင့် ဆိုလျှင် ဟိုဖက်ကမ်းသို့ ရောက်ရန် မမြင်ပါ'။

မိဖုရားကြီးက အပျိုတော်ကလေးများကို မေးသည်။ ညည်းတို့ လည်ပင်းက ဘာရုပ်တွေလဲ။

အပျိုတော်များထဲမှ တစ်ဦးကဖြေ၏။ 'ထာဝရ ဘုရားသခင်ရဲ့ ပုံတော်တွေပါ'။

သည်တွင် မိဖုရားကြီးသည် ပို၍ စိတ်ပျက်သွားဟန် ရှိသည်။ သူတို့ဆီက ယဉ်ကျေးမှု လေ့လာဖို့ လွှတ်ခဲ့တာ၊ တိုင်းခြား ဘာသာဝင် လုပ်ခိုင်းလိုက်သလိုပဲ။ အပျိုတော် ကလေးများထံမှ မြန်မာမှု မြန်မာ့ဓလေ့များ လုံးဝ ပျောက်ကွယ်သွားကြပြီ။ အပြောအဆို အမူအရာကလည်း ကျေနပ်ဖွယ် မရှိ။ အပြင်အဆင် အနေအထိုင်ကလည်း ပြောင်းလဲသွား၏။ ဒါဖြင့် ဘာလုပ်မလဲ။

မိဖုရားက အမိန့်ချသည်။ 'သည်အပျိုတော် ၄ ဦးကို မြန်မာ ပြန်ဖြစ်အောင် လုပ်ပေးကြ။ မြန်မာဆံထုံး ထုံးပါစေ၊ သူတို့လည်ပင်းက ရုပ်တုကိုလည်း ဖယ်ရှားလိုက်တော့။ မြန်မာစကား ပြော၍ မြန်မာပီပီသသ နေထိုင်ပါစေ'

သို့သော် မြန်မာသည် မြန်မာပဲ မဟုတ်လား။ အပျိုတော် ၄ ဦးကို မြန်မာ အဝတ်အစားဆင်၊ မြန်မာ အစားအစာကျွေး၊ မြန်မာ့ ယဉ်ကျေးမှုနှင့် လူမှုရေး ကျင့်ဝတ်တွေ ပြန်သင်ပေးလိုက်တော့၊ ရက်ပိုင်းအတွင်းမှာပင် မြန်မာ ပြန်ဖြစ်လာ၏။ သိပ်ပြီး ပင်ပင်ပန်းပန်း ပြုပြင်ပေးနေစရာ မလိုတော့ပါ။ မိဖုရားလည်း ယခုမှ ပြုံးပြုံးရွှင်ရွှင် ဖြစ်လာ၏။ ကျေကျေနပ်နပ်နှင့်ပင် အပျိုတော်ကလေးများကို ရှေးကလို ရင်းနှီးစွာ ဆက်ဆံလာတော့သည်။

အပျိုတော်ကလေးများကို နိုင်ငံခြားသို့ စေလွှတ်ခြင်းကြောင့် မိဖုရားမှာ အမြတ်တစ်ခုရသည်။ နန်းတော်ထဲမှ တစ်ဖဝါးမှ မခွာဝံ့သော မိဖုရားသည် အပျိုတော်ကလေးများ၏ နိုင်ငံခြား အတွေ့အကြုံ ဇာတ်လမ်းကလေးများကို အိပ်ရာဝင် ပုံပြင်များနှယ် အပျင်းပြေ ကြားနာရ၏။ နိုင်ငံခြားမှ တိုးတက်သည် ဆိုသော ပုဂ္ဂိုလ်တွေ အကြောင်း၊ စက်မှုပညာတွေ အကြောင်း၊ သည်မိန်းကလေးများက ပြန်တင်ပြသည်။ မိဖုရားကလည်း သည်ဗဟုသုတများကို စိတ်ဝင်စားစွာပင် နားထောင်၏။ မှတ်သား၏။ သို့နှင့် စုဖုရားလတ်သည် သူတို့ကို ပြည်ပလွှတ်ရတာ အရှုံး မရှိပြီ။

ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့။ သည်ဖြစ်ရပ်တွေကြောင့် မိဖုရား၏ စိတ်ဓာတ်ကို အကဲခတ် နိုင်ကြမည်မှာ အမှန်ပါပဲ။ မိဖုရားသည် မိမိ၏ နန်းတွင်းရေး အခြေအနေ



ကြောင့် ရွှေနန်းတော်မှ တစ်ဖဝါးမှ မခွာနိုင်သူ ဖြစ်သည် မှန်၏။ သို့သော် သူသည် နန်းတော် မြို့ရိုးကို ကျော်၍ ကမ္ဘာသို့ ချဉ်းအောင် မျှော်ကြည့်လိုသူ ဖြစ်သည်။ ကမ္ဘာ့ အတွေ့အကြုံတွေ ဗဟုသုတတွေ အကြားမှ ကိုယ့်ဓလေ့ ကိုယ့်ထုံးစံနှင့် သင့်တာကလေးတွေ ရှာယူချင်သူ ဖြစ်သည်။ သည်တော့ မိဖုရားသည် တိုးတက်သော အတွေးအခေါ် ရှိသူဟု သိရပြီ။ ပင်ကိုယ်အရည်အချင်း မသေးလှ ကြောင်းကိုလည်း နားလည်ရပြီ။ နေရာဌာနနှင့် အချိန်ကာလက ဦးစား မပေး၍သာ မိဖုရား၏ အတွေးအခေါ်နှင့် အရည်အချင်းတို့မှာ 'နေရာကောင်း မရ' ခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

သို့နှင့် တစ်နေ့တစ်နေ့လွန်၍ တရွေ့ရွေ့ အချိန်တွေ ကုန်ခဲ့ပြီ။ ဘုရင်နှင့် မိဖုရားတို့ နန်းသက်မှာ လည်း ၆ နှစ်ကျော် ၇ နှစ် အတွင်းသို့ ချဉ်းနင်းဝင်ရောက်လာခဲ့ပြီ။ သည်အချိန်ကာလများမှာ နိုင်ငံတော်သည် မည်မျှ တိုးတက်ခဲ့သလဲ။ မည်မျှ ဆုတ်ယုတ်ခဲ့သလဲ။ အပေါင်းလက္ခဏာ ပြခဲ့သလား။ အနုတ်လက္ခဏာ ပြခဲ့သလား။ ဝါသနာပါ သူတို့က ဆန်းစစ်လေ့လာကြမည် ဆိုလျှင် အဖြေက ဘယ်သို့ ပေါ်လေမလဲ။

အားမနာတမ်း မထောက်မညှာ ဆိုရလျှင်တော့ ရတနာပုံ နေပြည်တော်၏ နေဝင်ချိန်သို့ ရောက်လုနီးပါပြီ။ တစ်ချိန်က တောက်တောက် လင်းလင်း ပပဝင်းဝင်း ရှိခဲ့သော 'ရတနာပုံ ပန်းချီကားကြီးသည်' ဆေးရောင်မှိန်စ ပြုလာပါပြီ။ အနီးကပဲ ကြည့်ကြည့်၊ အဝေးကပဲ ကြည့်ကြည့်၊ ပီပီပြင်ပြင် မတွေ့ မမြင်နိုင်ကြတော့ပြီ။

## ၈။ ရတနာပုံနေပြည်တော်၏ နေဝင်ချိန်

၁

'လူကလေးရယ် ငို
မငိုပါနဲ့ကွယ် ငါ့သား
မင်းမေမေ လာကာကျမှ
မနွယ်နွယ်ဆိုတဲ့ နို့ကို
ဆွဲစို့ပါလား'။

သီပေါဘုရင်မင်းတရား လက်ထက်တော်က ပေါ်လာသော 'တဘောင်' ဖြစ်သည်။ မြန်မာတို့သည် ဘိုးဘေးစဉ်လာ ဓလေ့ထုံးစံများ အတိုင်း တဘောင်စကားကို ယုံစားသူများ ဖြစ်ကြသည်။ အထူးသဖြင့် နိုင်ငံတော်တွင် တစ်စုံတစ်ခုသော အပြောင်းအလဲနှင့် ကြုံတော့မည်ရှိတိုင်း တဘောင်စကားတွေမှာ ဟိုက ပေါ်လာ၊ သည်က ပေါ်လာ ဖြစ်တတ်သည်။ သည်တဘောင် စကားတွေကို ဘယ် 'သကောင့်သား' တွေက စာမူခ မယူဘဲ အလကားပဲတင်း စပ်ဆိုရေးဖွဲ့လိုက်သလဲတော့ မသိ။ ဆိုသူတွေက ဆိုကြသည်။ အနက်အဓိပ္ပာယ် ဖွင့်သူတွေက



ဖွင့်ကြသည်။ ယင်းသို့ ရေးသူက ရေး၍ ဆိုသူက ဆိုပြီး အဓိပ္ပာယ် ဖွင့်သူက ဖွင့်သည်ကို ယုံကြည်ကြသူတွေက ဒုနဲ့ဒေးပါပဲ။

အထက်ပါ တဘောင်ကဗျာကိုပင် ကြည့်ပါတော့။ ရတနာပုံ နေပြည်တော်တစ်ဝန်းလုံး သည်တဘောင်သည် သိမ့်သိမ့်တုန်အောင် ရိုက်ခတ်လျက် ရှိသည်။ မြို့နယ်တွေ၊ ကျေးရွာတွေအထိ သည်တဘောင်က ပြန့်ပွားလျက်ရှိသည်။ တဘောင်၏ အဓိပ္ပာယ်ကို ပြည်သူတို့က ဘယ်လို နားလည် ဖွင့်ဆိုကြသတဲ့လဲ။

ထိုစဉ်က ရတနာပုံ နေပြည်တော်တွင် ခိုးသား၊ မုဒိန်း၊ ဓားပြတို့ ထူပြောလျက် ရှိသည်။ တိုင်းစွန် ပြည်နားတို့မှာလည်း သူပုန်၊ သူကန်တို့က ဟိုတစ်စ သည်တစ်စ ထကြွလျက် ရှိသည်။ နယ်ချဲ့ အင်္ဂလိပ်တို့ကလည်း မြန်မာနိုင်ငံတစ်ခြမ်းကို သိမ်းယူထားရုံဖြင့် အားမရ မတင်းတိမ်။ အထက်မြန်မာပြည်ကို တက်၍ သိမ်းမည် တကဲကဲ လုပ်နေသည်။

ပြီးတော့ နိုင်ငံတော် ပြည်အရေးက နည်းနည်းကလေး ရှုပ်ထွေးလာသည်နှင့် ရောင်းရေးဝယ်ရေး လုပ်ငန်းတွေ မှန်မှန် မလှုပ်ရှားနိုင်တော့။ ကုန်ထုတ်လုပ်ငန်းတွေကလည်း ပုံမှန် မလည်ပတ်ပြီ။ သို့နှင့် ပြည်သူတို့ အကြားမှာ စားရေး၊ ဝတ်ရေး၊ နေရေး၊ ထိုင်ရေး ကျပ်တည်းလာလျက် ရှိသည်။ ဒါတွေသည် နေပြည်တော်အဖို့ ပူပန်သောက ရောက်စရာ အချိန်ကာလများ မဟုတ်လား။

သို့နှင့် တဘောင်က ဆိုပါသည်။ 'လူကလေး' တည်း ဟူသော ပြည်သူတို့ ငိုရမည့်အချိန် ဖြစ်ပါသတဲ့။ မငိုပါနဲ့ သားလေးရယ် မနွယ်နွယ်ဆိုတဲ့ စနေနံ အင်္ဂလိပ်ဘုရင်မအစိုးရရဲ့ စစ်တပ်တွေ ရောက်လာရင် နို့စို့ရတော့မှာပေါ့၊ ပြည်သူတွေ အေးအေး ချမ်းချမ်း နေရမှာပေါ့တဲ့။

ဖြစ်မှ ဖြစ်ရလေ။ လက်စသတ်တော့ သည်တဘောင်က တယ်ပြီး 'ကျွန်စော်နံ' လိုက်ပါကလား။ မြန်မာတွေ စည်းကမ်းဖောက်၍ ထီးနန်းပျောက် လုဆဲအချိန်မှာ ကျွန်ဖြစ်ဖို့ 'စည်းရုံး' လိုက်သော နယ်ချဲ့အကြိုက် တဘောင် ဖြစ်နေပါကလား။ ကောင်းကြပါပေရဲ့။ ကျွန်ဖြစ်ဖို့ အရေးမှာတောင် 'ကဗျာ' ကလေးနှင့်၊ 'စာ' ကလေးနှင့်၊ 'နဘေ' ကလေးနှင့် 'တဘောင်' ကလေးနှင့်။

ဒါကတော့ တဘောင်ရေးသူ၏ အပြစ်ပဲ ဆိုရမလား။ သီဆိုသူတွေ၏ အပြစ်ပဲ ဆိုရမလား။ ယုံသူတွေ၏အပြစ်ပဲ ဆိုရမလား။ ဝေခွဲ၍ မရနိုင်ပါ။

ပြန့်ခဲ့သည်။ အထူးသဖြင့် ပြင်သစ်နိုင်ငံတော်သို့ ရောက်ခဲ့သည်။ နန်းတွင်းရောက် နိုင်ငံခြားသားထံမှ တစ်ဆင့် သည်သတင်းတွေ ပြန့်ပွားခဲ့သည် ဆိုလျှင် အံ့သြကြအုံးမလား။

ဘယ်သို့ပဲ ဖြစ်ဖြစ် နန်းတွင်းက ပေါက်ကြားလာသော လျှို့ဝှက်သတင်းတွေကို ပြင်သစ် အစိုးရက ဝမ်းသာအားရ ကြိုဆိုနေသည်မှာတော့ အမှန်ပါပဲ။ ထိုအချိန်က ပြင်သစ်အစိုးရ အင်္ဂလိပ် အစိုးရတို့သည် ကမ္ဘာတစ်လွှားမှာ ကိုလိုနီနိုင်ငံတွေကို အပြိုင်အဆိုင် ချဲ့ထွင် နေကြဆဲ မဟုတ်လား။ သို့နှင့် နယ်ချဲ့ အင်္ဂလိပ်တို့ မျက်စောင်းထိုးနေကြသော အထက်မြန်မာနိုင်ငံကို ပြင်သစ်သည် နောက်ဖေးပေါက်မှ ဝင်ရန် ကြံလေသည်။ ဟန်ကျလှပါဘိ။

ဟန်ကျလှပါ၏။ မြန်မာတို့ကလည်း အင်္ဂလိပ်အစိုးရ၏ အန္တရာယ်ကို စိုးတထိတ်ထိတ် ရှိနေချိန် မဟုတ်လား။ တစ်ဖက်က အန္တရာယ် ရှိနေချိန်မှာ ကိုယ့်နောက်က အားကိုးအားထား ရှိနေလျှင် ကောင်းမည်ကို မြန်မာတို့ တွေးမိသည်။ ထိုအခါတွင် မြန်မာနိုင်ငံကို နောက်ဖေးပေါက်မှ ဝင်ရန် ကြံနေသော ပြင်သစ်တို့အတွက် မြန်မာတို့က နောက်ဖေး ဝင်းတံခါးကို ဖွင့်ပေးလိုက်၏။ ဘေးမရှိ၊ ရန်မရှိ ဝင်နိုင်ပါပြီ အဆွေတော်။

မြန်မာတို့သည် ပြင်သစ်တို့နှင့် မည်သို့ အဆက်အသွယ် ရလေသနည်း။ ဒါကတော့ ခက်ခဲလှသော အကြောင်းအရာ မဟုတ်။ မြန်မာနိုင်ငံတော် ဘုရင့်အစိုးရသည် စီးပွားရေးနှင့် စက်မှုအကူအညီများ ရယူနိုင်ရန် မြန်မာသံအဖွဲ့တစ်ဖွဲ့ကို ၁၈၈၃ ခုနှစ်တွင် ပြင်သစ်နိုင်ငံသို့ စေလွှတ်ခဲ့၏။ မြန်မာသံအဖွဲ့သည် ပြင်သစ်နိုင်ငံမှာ အလုပ်တွေအများကြီးလုပ်ခဲ့ကြသည်ထင်ပါရဲ့။ ၁၈၈၄ ခုနှစ် တစ်နှစ်လုံးပင် ပြင်သစ်နိုင်ငံမှာ နေခဲ့သည်။ ၁၈၈၅ ခုနှစ် ဧပြီလတွင် စီးပွားရေးစာချုပ် တစ်ရပ်ကို ပြင်သစ်မြန်မာ နှစ်နိုင်ငံ တာဝန်ရှိ ပုဂ္ဂိုလ်များ ချုပ်ဆိုခဲ့ကြသည်။ ထို့နောက် မြန်မာသံအဖွဲ့သည် နေပြည်တော်သို့ ပြန်ရောက် လာခဲ့၏။

သည်အချိန်သည် 'ရတနာပုံ နေပြည်တော်၏ နေဝင်ချိန်' ဖြစ်လေမလား၊ စဉ်းစားစရာ ရှိသည်။ ဘာဖြစ်လို့လဲ ဆိုတော့ နောက် ၆ လ အကြာတွင် အင်္ဂလိပ် စစ်တပ်ကြီးသည် ရတနာပုံ နေပြည်တော်သို့ ချီတက်ပြီး မင်းမိဖုရားနှစ်ပါးကို ဖမ်းဆီးသွားခဲ့သောကြောင့် ပါတည်း။



၁၈၈၅ ဇွန်လတွင် ပြင်သစ်နိုင်ငံမှ 'မစ္စတာဟက်စ်' ဦးဆောင်သော သံအဖွဲ့သည် ရတနာပုံနေပြည်တော်သို့ ရောက်လာ၏။ သူသည် မြန်မာဘုရင့် အရာရှိများနှင့် အရေးတကြီး တိုင်ပင်ဆွေးနွေးသည်။ သဘောတူညီချက်များရ၏။ 'မြန်မာ ဘုရင့်နေပြည်တော် ရတနာပုံမှ အင်္ဂလိပ် အစိုးရပိုင် တောင်ငူမြို့အထိ မီးရထားလမ်း ဖောက်လုပ်ရန်၊ ရတနာပုံနေပြည်တော်တွင် ပြင်သစ် ဘဏ်တိုက်တစ်တိုက်ဖွင့်ရန်၊ မိုးကုတ်ပတ္တမြားတွင်းကို ပြင်သစ်တို့အား ကြီးကြပ် လုပ်ကိုင်ခွင့် ပြုရန်၊ မြန်မာနိုင်ငံ၏ ထွက်ကုန်တစ်ရပ်ဖြစ်သော လက်ဖက်ခြောက် လုပ်ငန်းကို ပြင်သစ်တို့ ဦးစီးမှုဖြင့် တိုးချဲ့လုပ်ဆောင်ရန်'။

သည်အချက်များကို ပြင်သစ်သံအဖွဲ့နှင့် မြန်မာဘုရင့်အစိုးရအရာရှိများ သဘောတူညီကြပြီးနောက် လုပ်ငန်းကို အကောင်အထည်ဖော်ရန်သာ ကျန်တော့သည်။ ကဲ လက်နက်အားကိုးနှင့် အပေါ်စီးယူချင်သော အင်္ဂလိပ်အစိုးရ ဘာတတ်နိုင်သေးသလဲ။ မြန်မာတို့သည် အင်္ဂလိပ်အစိုးရကို အားကိုးအားထားပြုရန် မလို။ တစ်ဖက်မှ အကြည်တော် ပြင်သစ်နိုင်ငံနှင့် အဆက်အသွယ်ရပြီ။ စီးပွားရေးဖွံ့ဖြိုးရန် အကူအညီတွေ ရပြီ။ နိုင်ငံရေးအရလည်း အပြန်အလှန် ကူညီမှုတွေ ရဦးမှာ ဧကန် ဖြစ်သည်။ ဘာလိုသေးသလဲ။

ဘာမှ မလိုတော့ဟု ဆို၍ မဖြစ်။ တစ်ခုတော့ လိုသေးသည်။ ယင်းတစ်ခုကား အင်္ဂလိပ်အစိုးရက အထက်မြန်မာနိုင်ငံကို ချီတက်သိမ်းပိုက်လာလျှင် ဘာလုပ်ကြမလဲ၊ အဖြေရှာထားရန်တည်း။

အင်္ဂလိပ်အစိုးရသည် မိမိ၏ ရာဇဣန္ဒြေကလေးကိုမှ မဆည်နိုင်ရှာပေ။ ပြင်သစ်နှင့် မြန်မာတို့ သည့်ထက် ရင်းနှီးသွားမည်ကို ဝန်တို မစ္ဆရိယပွားကာ နေမထိထိုင်မသာ ဖြစ်လေသည်။ ပြီးတော့၊ တရားသည် မတရားသည် မစဉ်းစား။ အထက်မြန်မာနိုင်ငံကို အမြန်ဆုံး တက်သိမ်းမှ ဖြစ်တော့မည်ဟု ဆုံးဖြတ်တော့သည်။

သည်လို ဆုံးဖြတ်နိုင်ရန် အင်္ဂလိပ်အစိုးရသည် အထောက်အထား ကောင်းကောင်း ရသွား၏။ ပြင်သစ်မြန်မာ လျှို့ဝှက်စာတန်းတစ်ရပ်ကို နန်းတွင်းသူလျှိုတစ်ဦး ထံမှ အင်္ဂလိပ်တို့ ရရှိသွား၍ပင်တည်း။

ရတနာပုံနေပြည်တော်တွင် အီတလီကောင်စစ်ဝန်အဖြစ် လည်းကောင်း၊ ရောဝတီ ဖလုတ်တီလာ သင်္ဘောကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ဘုံဘေ

ဘားမား ထရိတ်ဒင်းကော်ပိုရေးရှင်း၏ သစ်လုပ်ငန်းကိုယ်စားလှယ်အဖြစ် လည်းကောင်း ဆောင်ရွက်နေသူ အင်ဒရီနီဆိုသူ အီတလီ အမျိုးသားတစ်ဦး ရှိသည်။ သူသည် မြန်မာတို့ အကျိုးကို လိုလားဟန်ပြ၍ မြန်မာ့နန်းတွင်းမှ သတင်းတွေကို အင်္ဂလိပ် အစိုးရထံ ရောင်းစားနေသည်။ ယခုလည်း သူ့ထံသို့ သတင်းတစ်ပုဒ် ရောက်သွား၏။ 'တရုတ်မြန်မာ နယ်စပ်ရှိ 'တုံကင်' နယ်ကို ဖြတ်သန်း၍ မြန်မာနိုင်ငံသို့ ပြင်သစ်လက်နက်များ ပေးပို့မည်ဟု ပြင်သစ်က ကတိပြုကြောင်း' ထိပ်တန်း လျှို့ဝှက် သတင်းကြီးပင်တည်း။

သည်သတင်းသည် အင်္ဂလိပ်အစိုးရအတွက် မဟာ့မဟာ အရေးအကြီးဆုံး ပြဿနာတစ်ရပ်ကို ဖော်ထုတ်ပေးလိုက်ပြီ။ မြန်မာတွေသာ ပြင်သစ်လက်နက်များကို ကိုင်တွယ် သုံးစွဲတော့မည်ဆိုလျှင် အင်္ဂလိပ်အစိုးရသည် ဘယ်သို့ 'ခံ' နိုင်မည်လဲ။

ရဲစွမ်းသတ္တိအရာတွင် ထွန်းပြောင်သော မြန်မာ၊ တစ်ရာနှင့် တစ်ယောက် ပင်ဖြစ်စေ၊ တစ်ယောက်ထဲနှင့် တစ်ရာကို ခံချဝံ့သော မြန်မာ၊ လေ့ခွက်ချည်းကျန်စေ အလံ မလှဲလိုသော မြန်မာ။ သည်မြန်မာတို့ လက်ထဲသို့ ခေတ်မီ ပြင်သစ် လက်နက်တွေ ရောက်သွားလျှင် အင်္ဂလိပ် အစိုးရ၏ အနာဂတ်ရေးမှာ ရင်လေးစရာ ဖြစ်လာမည်။ မြန်မာတို့သည် အောက်ရပ် ဒေသရှိ အင်္ဂလိပ်ပိုင် နယ်မြေများကို ပြန်တိုက်ယူကြမှာ မုချဖြစ်သည်။ သည်အရေးအခင်းကို ကာကွယ်ဖို့ ဘာလုပ်မလဲ၊ အရေးတကြီး စဉ်းစားကြရပြီ။

သည်အတွင်း အင်္ဂလိပ်နှင့် မြန်မာအစိုးရတို့ အကြားမှာ အလွန်ဖြေရှင်းရခက်သော ပြဿနာတစ်ရပ်က ဝင်ခုလာသည်။ မြန်မာဘုရင်အစိုးရပိုင် နင်းကြမ်းသစ်တောမှ ကျွန်းသစ်များကို အင်္ဂလိပ်အမျိုးသား ကုမ္ပဏီကြီးတစ်ခုဖြစ်သော 'ဘီဘီတီစီ' က ဝယ်ယူနေခဲ့သည်။ ဘီဘီတီစီသည် မြန်မာ့ကျွန်းပင်များကို ခုတ်လှဲ၍ ရန်ကုန်နှင့် တောင်ငူမြို့များသို့ သယ်သွား၏။ ထို့နောက် နိုင်ငံခြား တိုင်းပြည်များသို့ တင်ပို့ ရောင်းချခြင်းဖြင့် အကျိုးအမြတ်များစွာ ရလေသည်။

ပြဿနာတစ်ရပ် ပေါ်လာသည်က 'ဘီဘီတီစီ' ကုမ္ပဏီသည် အခွန်အကောက် ပေးဆောင်ခြင်း မပြုဘဲ ကျွန်းသစ်လုံးများကို ပိုမို ခုတ်လှဲထုတ်ယူသွားသည်ဟု မြန်မာဘုရင့်အရာရှိများက ဆိုင်ရာသို့ တိုင်ကြားသည်။ ကျွန်းသစ်အလုံး



ပေါင်း သုံးသောင်း နှစ်ထောင်အတွက်သာလျှင် အခွန်တော်ငွေ ဆောင်ခဲ့သည်ဟု တိုင်းကြားစာက ဖော်ပြသည်။

မြန်မာဘုရင့်အစိုးရ ဝန်ကြီးများသည် ဘီဘီတီစီ ကိုယ်စားလှယ်လုပ်နေသော 'အင်ဒရီနီ' ကို ခေါ်ယူ စစ်ဆေးသည်။ ရွှေမြို့တော်မှာ အရက်ကလေးတမြမြ၊ ကစားဝိုင်းကလေးထိုင်၊ မိန်းမချောချောလှလှကလေးတွေနှင့်ရှုပ်ရင်း ဇိမ်ယစ်နေသော အင်းဒရီနီက ဘာသိမှာလဲ။ ဟိုအဝေးကြီးမှာ ရှိသော တောထဲက ပြဿနာအတွက် အင်ဒရီနီက ဘာတတ်နိုင်မှာလဲ။ အင်ဒရီနီသည် ကျွန်းသစ်များ ခိုးယူခုတ်လှဲခြင်းကို သိလျက်နှင့် ငြင်းသလား မသိ။ ခေါင်းကို သွက်သွက်ကြီး ခါလေသည်။ မဟုတ်ပါ၊ မဖြစ်နိုင်ပါ။ ယုံကြည်ရန်အကြောင်း နိုင်နိုင်လုံလုံ မရှိပါဘူးတဲ့။

မြန်မာဘုရင်အစိုးရသည် သစ်ခိုးမှု ပြဿနာကြီးကို လွှတ်တော်သို့ တင်ပြရလေသည်။ လွှတ်တော်က အမှုအခင်းကို စစ်ဆေးပြီးနောက် စီရင်ဆုံးဖြတ်ချက် တစ်ရပ်ကို ရဲဝံ့စွာ ချမှတ်သည်။ 'အင်္ဂလိပ်ပိုင် ဘီဘီတီစီ သစ်ကုမ္ပဏီသည် မြန်မာပိုင် ကျွန်းသစ်များကို စတာလင်ပေါင် တစ်သိန်း ခုနစ်သောင်းကျော်ဖိုးမျှ ခိုးယူခုတ်လှဲသွားကြောင်း ပေါ်လွင်ထင်ရှားသည်။ သို့ကြောင့် ဘီဘီတီစီက ဒဏ်ငွေ အပါအဝင် စတာလင်ပေါင် သုံးသိန်းလေးသောင်းကို မြန်မာဘုရင့်အစိုးရထံ ပေးဆောင်ရမည်။'

အခြေအနေတွေက တင်းမာလာပြီ။ မြန်မာဘုရင့် အစိုးရအနေဖြင့် အင်္ဂလိပ်တို့ အနိုင်ကျင့်မှုများ ခေါင်းငုံ့ခံခဲ့ရတာ ကြာပါပကော။ သည်တစ်ပွဲတွင်ဖြင့် မြန်မာ့သတ္တိကို ပြရလိမ့်မည်။ အင်္ဂလိပ် အစိုးရသည် မြန်မာတို့ တောင်းခံသောငွေကို မပေးလျှင် ပေးအောင် လုပ်ရလိမ့်မည်။ 'ဘီဘီတီစီပိုင် ကျွန်းသစ်ဖောင်များကို ဧရာဝတီမြစ်အတွင်းမှာ မျှောချရန် မြန်မာ့တပ်မတော်က ခွင့်မပြုနှင့်။ တားလိုက်ကြ၊ ဆီးလိုက်ကြ။'

စစ်ဖြစ်တော့မှာလား။ စစ်ဖြစ်တော့မှာလား။ မေးခွန်းတွေပေါ်လာပြီ။ အရေးတကြီး မေးကြပြီ။ နိုင်ငံတော်အတွက် သေရေးရှင်ရေးနှင့် ကြုံရသော အချိန်ပါပဲ။ အသက်အရွယ် ငယ်လှသော ဘုရင်နှင့် မိဖုရား။ ယင်းဘုရင်နှင့် မိဖုရားအပေါ်တွင် ဩဇာဆို၍ ရွေးတစ်စမှ မရှိသော ကင်းဝန်မင်းကြီး၊ တိုင်တားမင်းကြီးနှင့် ဝန်ကြီးဝန်ငယ်များ။ ခေတ်မီလက်နက် ဆို၍ ပုံစံဟောင်းလှပြီ

ဖြစ်သော သေနတ် အမြောက် အနည်းငယ်မှမပ ဘာမျှမရှိသော ဘုရင့်တပ်မတော်၊ စစ်ရေးစစ်ရာတွင် ဓားနှင့် လှံကို အလေးပေး၍ သင်ကြားလေ့ကျင့်ခဲ့ရသော မြန်မာစစ်သေနင်္ဂဗျူဟာ။ သည်ဘုရင်နှင့် မိဖုရား၊ သည်ဝန်ကြီးများနှင့် သည် စစ်တပ်သည် ကိုလိုနီများ၏သခင် နယ်ချဲ့ဘုရင် အင်္ဂလိပ်စစ်တပ်ကြီးကို ဘယ်သို့ ရင်ဆိုင်ကြလေမလဲ။

၂

အင်္ဂလိပ် အစိုးရသည် သစ်ခိုးမှု ပြဿနာကို ချက်ချင်း ဖြေရှင်းပေးရမည့် **အစား** 'စစ်စကား' ကိုပြောလျက် ရာဇသံတစ်ရပ် ပေးပို့လိုက်လေသည်။ သီပေါဘုရင်အစိုးရထံသို့ ပေးပို့သော အင်္ဂလိပ် အစိုးရ၏ သဝဏ်လွှာ၌ 'သစ်ခိုးမှု ပြဿနာ အတွက် ဆွေးနွေးရန် အင်္ဂလိပ်သံအဖွဲ့ တစ်ဖွဲ့ကို ရတနာပုံ နေပြည်တော် ၌ ထားရှိရန်၊ ယင်းသံအဖွဲ့ကို ကာကွယ်ရန်၊ စစ်သင်္ဘောတစ်စင်းနှင့် စစ်တပ်ဖွဲ့ တစ်ဖွဲ့ကိုလည်း ပူးတွဲထားရှိရန်။ ဘီဘီတီစီ၏ လုပ်ငန်းများကို မြန်မာဘုရင့် အစိုးရက မတားဆီးရန်၊ ရှေ့အဖို့တွင် မြန်မာဘုရင် အစိုးရ၏ နိုင်ငံခြားရေး ကိစ္စများကို အင်္ဂလိပ် အစိုးရ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရန် စသော အချက်များ ဖော်ပြသည်။

ယင်းတောင်းဆိုချက်များကို သတ်မှတ်သော အချိန်အတွင်း **အကြောင်း** ပြန်ကြားခြင်း မပြုလျှင် ထိရောက်စွာ အရေးယူဆောင်ရွက်လိမ့်မည် **ဟုလည်း** သဝဏ်လွှာက ဖော်ပြသတဲ့။ ထိရောက်စွာ အရေးယူမည် ဆိုတာက **အထက်မြန်မာ** ပြည်ကို လက်နက်အားကိုးနှင့် သိမ်းယူရန်သာ ဖြစ်သည်မဟုတ်လား။ အရေး အခင်းတော့ကြုံပြီ။ သည်အရေးအခင်းကား သာမန်အရေးအခင်းမှ မဟုတ်ပေဘဲ။ ဘုရင်မင်းတရား တစ်ပါးတည်း ဆုံးဖြတ်လို့မရ။ မိဖုရားတစ်ပါးတည်း ဆုံးဖြတ် လို့ မရ။ နိုင်ငံတော် ချီ၍ ရင်ဆိုင်ရမည့် အရေးအခင်း ဖြစ်တော့ ဘုရင်၊ မိဖုရား နှင့် ဝန်ကြီးတွေ၊ အတွင်းဝန်တွေ အားလုံး စုစုရုံးရုံး ညှိနှိုင်း ဆွေးနွေး ဆုံးဖြတ်ရလိမ့် မည်။ အဲ... ပြောစရာ ရှိသည်က သည်သို့ဆိုလျှင် ဘုရင်နှင့် မိဖုရားတို့၏ ဆန္ဒကို အလေးပေး၍ ဆုံးဖြတ်ရပေမပေါ့။ ဘယ်အချိန်အခါမဆို 'ဘုန်း**တော်** အလွန်တရာ ကြီးမြတ်တော်မူသော ဆဒ္ဒန်ဆင်မင်းအရှင်၊ တစ်ရာ့တစ်ပါးသော မင်းများ၏ သခင် ဘုရင်မင်းတရား' ၏ ဆန္ဒကို ဆန့်ကျင်ပယ်လှန် ဝံ့သူကလည်း အလွန့် အလွန် ရှားသည်လေ။



သို့နှင့် ဘုရင်မင်းတရားသည် 'စစ်ညီလာခံ' ကို ဆင့်ခေါ်လိုက်သည်။ ညီလာခံသို့ ဘုရင်နှင့် မိဖုရား စုဖုရားလတ်၊ ကင်းဝန်မင်းကြီး၊ တိုင်တားမင်းကြီး၊ လှေသင်း အတွင်းဝန် အပါအဝင် ဝန်ကြီး မင်းကြီးများ စုံလင်စွာ တက်ရောက် သည်။

အင်္ဂလိပ် အစိုးရ၏ 'ရာဇသံ' ကို ညီလာခံမှာ ဖတ်ပြသည်။ ထို့နောက် ယင်းရာဇသံကို မည်သို့ ပြန်ကြားသင့်ကြောင်း ဝန်တို့ တင်ကြစေရန် ဘုရင် မင်းတရားက မိန့်၏။ သည်တွင် ဝန်ကြီးမင်းကြီးတို့ အကြား၌ သဘောထား နှစ်ရပ် ကွဲပြားသွားသည်။ တိုင်တားမင်းကြီးတင်၏။ 'မြန်မာဘုရင် မင်းမြတ် အစိုးရ၏ သိက္ခာတော်ကို စော်ကားလာသော မိစ္ဆာနယ်ချဲ့ ကုလားဖြူတို့အား ပင်လယ်တွင်းသို့ မောင်းချနိုင်သည်အထိ တိုက်ခိုက်နှင်ထုတ်တော် မူသင့် ကြောင်း'။

ဘုရင်မင်းတရားသည် တိုင်တား မင်းကြီး၏ လျှောက်တင်ချက်ကို စိတ်ဝင် စားစွာဖြင့် ကြားနာရင်း ခေါင်းတဆတ်ဆတ် **ညိတ်သည်။** စုဖုရားလတ်က ကျေနပ်ပြုံး ပြုံး၍ တိုင်တားမင်းကြီးကို ကြည့်နေသည်။ ထို့နောက် ကင်းဝန်မင်း ကြီးက မိမိသဘောထားကို ရဲရဲဝံ့ဝံ့ တင်ပါလေပြီ။ ကမ္ဘာသို့ အကြိမ်ကြိမ် လှည့် ပတ်ခဲ့သော ဝန်ကြီး မဟုတ်လား။ အင်္ဂလိပ်နှင့်တကွ ဥရောပတိုက်သားတို့၏ ခေတ်မီလက်နက်များ စွမ်းအားကို တွေ့မြင်ခဲ့ပြီး မဟုတ်လား။ မီးကျိုးမောင်းပျက် လက်နက် အစုတ်အပဲ့ကလေးများဖြင့် စစ်တိုက်လျှင် မိမိတို့သာ အထိနာပြီး ကုန်းဘောင်မင်းဆက် နိဂုံးချုပ်သွားမည်ဟု တွေးခေါ်မြော်မြင်နိုင်စွမ်းရှိသော ဝန်ကြီး မဟုတ်လား။ ကင်းဝန်မင်းကြီးသည် စစ်မတိုက်ပါရန် အတတ်နိုင်ဆုံး တောင်းပန် လျှောက်ကြား လိုက်လေသည်။

မိစ္ဆာကုလားဖြူတွေက 'ထီးနန်းကို တောင်းနေခြင်း မဟုတ်ပါကြောင်း၊ သူတို့ အလိုရှိသော အချက်များကို လိုက်လျောနိုင်သလောက် လိုက်လျောပြီး အေးအေးချမ်းချမ်း ဖြစ်အောင် ကြိုးပမ်းသင့်ကြောင်း' ကင်းဝန်မင်းကြီးက တင်ပြသည်။ ကင်းဝန်မင်းကြီးကား တာဝန်ကျေပါ၏။ မိမိသည် သည်သို့တင်

လျှင် ဆန့်ကျင်သူတွေ ပေါ်လာမည်ကို သိ၏။ ပေါ်ပါစေတော့၊ နတ်ရွာစံ ပဋ္ဌမ သံဂါယနာတင် မင်းတရားကြီး လက်ထက်တော် ကတည်းက 'သက်တော်ရှည်ဘွဲ့' ချီးမြှင့်ခြင်းခံရပြီး အတွေ့အကြုံ ရင့်လှသော မိမိရှိပါလျက် နန်းပလ္လင် ဖရိုဖရဲ ပြိုကွဲသွားလျှင် ညမိုင်းမှာ အစွန်းအထင်း ကြီးကြီး ထင်တော့မည်။ ဘယ်သို့ပဲ ဖြစ်ဖြစ် စစ်ကို တားဆီးဖို့ အတတ်နိုင်ဆုံး ကြိုးပမ်းရန်မှာ မိမိတာဝန်ပေပဲ။

သည်တွင် မိဖုရားစုဖုရားလတ်က တစ်စခန်း ထလေသည်။ မိဖုရားဆိုတာက ကင်းဝန်မင်းကြီးကို အစကတည်းက သိပ်ပြီး ကျေနပ်ခဲ့သည် မဟုတ်။ ဘုရင့် ဩဇာ အာဏာကို သိမ်းပိုက်ယူငင်ချင်သော ဝန်အိုကြီးအဖြစ် မုန်းသည်။ သို့နှင့်ပင် စုဖုရားလတ်သည် ညီလာခံတွင် ဒေါသစကားကို ပစ်ပစ်ခါခါ ပြောလေသည်။

'အလကားနေရင်း သတ္တိကြောင်နေတဲ့ ဝန်အိုကြီး။ ကင်းဝန်မင်းကြီးဆိုပြီး သည်လောက် ကြောက်တတ်ရသလား။ နိုင်ငံတော်ရဲ့ သိက္ခာကို စော်ကားလာတဲ့ မိစ္ဆာကုလားဖြူတွေကို ရဲရဲဝံ့ဝံ့ တိုက်ခိုက်နှင်ထုတ်မှ ဖြစ်တော့မပေါ့။ မားကို မားချင်း၊ လှံကို လှံချင်း၊ လက်နက်ကို လက်နက်ချင်း ယှဉ်လို့ ယောကျ်ားသွေးကို ပြရမပေါ့။ ဝန်အိုကြီး သည်မျှ ကြောက်နေလျှင် ထမီဝတ်နေဖို့ပဲ ကောင်းတော့သည် မဟုတ်လား။ ဟဲ့ အပျိုတော်တွေ ဖိုးဖိုး ကင်းဝန်ကို ထမီတစ်ထည်နှင့် ယပ်တောင် တစ်ချောင်း ရှာပေးလိုက်ကြစမ်း'

မား 'ထက်'သော မိဖုရားသည် နှုတ်ကလည်း ထက်လှပါကလား။ ညီလာခံ ခန်းမဆောင်မှာ သမိုင်းဝင်မည့် ဆုံးဖြတ်ချက်ကို ရအောင် အဖြေရှာနေချိန်မှာ ရင့်သည်းသော စကားများကို ဆိုခဲ့ပြီ။

စုဖုရားလတ် ဆိုတာက ရဲရဲတောက် မိန်းမတစ်ယောက် မဟုတ်လား။ တစ်သက်လုံး မာန်မချခဲ့တဲ့ မိန်းမ မဟုတ်လား၊ ကုလားဖြူတွေ လက်နက်အင်အား ကောင်းတာ တစ်ခုတည်းနှင့် အရှုံးပေး ခေါင်းငုံ့ခံလိုက်ရန် မိဖုရားက စိတ်မကူး။ ထို့ကြောင့် ဆိုရေးရှိသမျှကို မိဖုရားသည် ပြတ်သားစွာ ဆိုခြင်း ဖြစ်ပေလိမ့်မည်။

'အတွေးမလွဲနဲ့ ဘုန်းတော်ကြီးသော မောင်တော်ဘုရား၊ မြန်မာတွေရဲ့ သွေးကို စစ်တိုက်ရင်း ပြကြပါစို့ရဲ့၊ လက်နက်အားကိုးနှင့် ပြောလာသမျှကို အရှုံးပေး ခေါင်းငုံ့ရတာထက် သေရတာက မြတ်ပါလိမ့်ဦးမည်။ ဝန်အိုကြီး



ပြောသလို စစ်ရှုံးသွားပါစေအုံးတော့၊ ရဲရင့်တဲ့ တပ်မတော် သားတွေနှင့် အတူ တစ်ကွ သေပြလိုက်ကြပါစို့ရဲ့။ အရှင်မင်းကြီးဆိုတာ ဘုန်းလက်ရုံးနှင့် ပြည့်စုံသော တစ်ရာ့တစ်ပါးသော မင်းတို့၏ ဘုရင်မဟုတ်လား။ မိစ္ဆာဒိဋ္ဌိ ကုလားဖြူတွေက မားမိုးပြီး အမိန့်ပေးလာတာကို သဘောတူလိုက်ရမှာထက် ရဲမက် စစ်သည်တော်တွေနှင့်အတူ အသက် စွန့်လိုက်ခြင်းကမှ မြင့်မြတ်ပေလိမ့်မယ်'

စုဖုရားဆိုတဲ့ စုဖုရား၊ ရဲဝံ့လိုက်တဲ့ စုဖုရား။ သတ္တိ စွမ်းပကား ပြောင်လှပါတဲ့ စုဖုရား။ ကင်းဝန်မင်းကြီး၏ လျှောက်တင်ချက်အား တစ်ဖက်သတ် ထိုးနှက်လိုက်ပြီးနောက် မောင်တော် ဘုရင်မင်းမြတ်ကို သည်သို့ စည်းရုံးရင်း ရဲဆေးတင်ပေးနေသည်။ အမှန်တော့ ဘုရင်မင်းတရားသည် ဘာကို ဆုံးဖြတ်ရမှန်း မသိသေး။ တစ်ဖက်က ကြည့်လျှင် အင်အား ကြီးမားစွာဖြင့် ချီတက်လာတော့မည့် နယ်ချဲ့ကုလားဖြူတို့၏ စစ်ရေးအန္တရာယ်။ တစ်ဖက်ကကြည့်လျှင် ဘိုးလောင်းတော် ဘေးလောင်းတော် မင်းတရားတို့ စဉ်ဆက်မပြတ် အုပ်စိုးစံမြန်းခဲ့သော 'နန်းပလ္လင်' နှင့် နိုင်ငံတော်'။

စစ်တိုက်မလား။ သည်တစ်ချီမှာ အလျှော့ပေးပြီး 'နန်းပလ္လင်နှင့် နိုင်ငံတော်' တည်တံ့ရေးအတွက် ကြိုးပမ်းမလား။ တစ်သက်နှင့် တစ်ကိုယ် သည်လို အရေးပါသော ဆုံးဖြတ်ချက်မျိုးကို ချမှတ်ရန် မကြုံဖူးသေးသော ဘုရင်မင်းတရားသည် အကျဉ်းအကြပ်နှင့် တွေ့ရလေပြီ။

သို့သော် ဘုရင်မင်းတရားသည် သိပ်ပြီး လေးလေးနက်နက် စဉ်းစားစရာ မလိုပြီ။ ညီလာခံ ခန်းမ တစ်ခုလုံးရှိ ဝန်ကြီး၊ ဝန်ငယ်၊ ဝန်လတ်တို့က စစ်တိုက်ရန်ပင် ဆွေးနွေး တောင်းဆိုနေကြသည်။ စစ်မတိုက်လိုသော ကင်းဝန် မင်းကြီး၏ ဆန္ဒမှာ မီးပင်လယ်တွင်းသို့ ကျသွားသော ရေတစ်မှုတ်နှယ် ဘာမျှ အရာမထင် ဖြစ်ရပြီ။ နောက်ဆုံးတော့ ညီလာခံက ဆုံးဖြတ်ချက် တစ်ရပ်ကို ယတိပြတ် ချမှတ်နိုင်ပါပြီ။ 'လာမည့်ဘေး ပြေးတွေ့ကြစို့။ မိစ္ဆာကုလားဖြူတို့ကို ပင်လယ်ထဲသို့ မောင်းနှင်ချပါစို့'။ သီပေါဘုရင် မင်းတရားက နယ်ချဲ့ အင်္ဂလိပ်တို့ နှင့် စစ်တိုက်ရန် ဆုံးဖြတ်လိုက်ပြီ။

သို့သော် ဆုံးဖြတ်ချက်ကို လွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက် ခံယူရဦးမည် ဖြစ်၏။ သို့နှင့် လွှတ်တော်ကို ဆင့်ခေါ်လိုက်လေသည်။

ဗြိတိုက်တော်တွင် လွှတ်တော် ညီလာခံကြီးကို ကျင်းပလေသည်။ ဘုရင့်ညီလာခံမှ ဆုံးဖြတ်ချက်ကို အတည်ပြုရန် သည်ညီလာခံကို ကျင်းပရခြင်းဖြစ်၏။ ညီလာခံကို ကင်းဝန်မင်းကြီး၊ တိုင်တားမင်းကြီး၊ လေှသင်းအတွင်းဝန်နှင့် မြို့ဝန်တွေ၊ အတွင်းဝန်တွေ၊ မှူးကြီးမတ်ကြီးတွေ စုံညီတက်ရောက်ကြသည်။ သည်ညီလာခံကို ဘုရင်နှင့် မိဖုရားတို့ ရှေ့မှာ ကျင်းပတာ မဟုတ်တော့ လွတ်လပ်စွာ ဝေဖန်ကြသည်၊ တင်ပြကြသည်၊ ညှိနှိုင်းကြသည်၊ ဆုံးဖြတ်ကြသည်။ သို့နှင့် လွှတ်တော်၏ ဆုံးဖြတ်ချက်သည် ဘုရင့်ညီလာခံ ဆုံးဖြတ်ချက်နှင့် ဆန့်ကျင်ဘက်ဖြစ်သွား၏။ ယခုအချိန်မှာ အင်္ဂလိပ်တို့နှင့် စစ်တိုက်ခြင်းသည် အလွန်မှားယွင်းလိမ့်မည်။ 'မြွေမသေ ဇာတ်အကျိုး' ငြိမ်းချမ်းရေး ရရန် အတတ်နိုင်ဆုံး ကြိုးပမ်းသင့်သည်တဲ့။

ထိုအချိန်က ဘုရင်နှင့် မိဖုရားတို့သည် ဥယျာဉ်တော် အတွင်းရှိ နွေရာသီစံနန်းတော်မှာ ရှိနေကြသည်။ ဗြိတိုက်တော်မှ ထွက်လာမည့် အဆုံးအဖြတ်ကို နားထောင်ရန် စောင့်နေကြသည်။ မင်းနှစ်ပါးနှင့်အတူ မယ်တော် ဆင်ဖြူမရှင်မိဖုရားလည်း ရှိနေသည်။ ထိုအချိန်တွင်ပင် လွှတ်တော် ဆုံးဖြတ်ချက် ရောက်လာ၏။ ဘုရင့်ညီလာခံမှ စစ်တိုက်ရန် ဆုံးဖြတ်ထားပါလျက် လွှတ်တော်က ငြင်းပယ်သတဲ့လား။ မဖြစ်ကောင်း မကြားကောင်းတော့ ကြားရပြီ။ ဘယ့်နှယ်လဲ။ သည်တစ်ကြိမ်မှာ လွှတ်တော် ဆုံးဖြတ်ချက်က ရဲရင့်ပြတ်သားလှပါကလား။

ဘုရင်မင်းတရားသည် လွှတ်တော်ဆုံးဖြတ်ချက်ကို ကြားရသောအခါ အလွန်အမင်း စိတ်ဆိုးသွား၏။ ဘုရင့်သိက္ခာတော်ကို ထိပါးပါပေါ့လား။ ဘုရင့်အမိန့်ကို ဆန့်ကျင်ရဲကြလေသလား။ သည်ကိစ္စကို သည်လို အလျှော့ပေးလို့ ဖြစ်နိုင်မတဲ့လား။ အစကတော့ စစ်တိုက်ရန် အရေးကို အလွန်စဉ်းစားခဲ့သော မင်းတရားပါပဲ။ သို့သော် 'ထွက်ပြီးဆင်စွယ် ဝင်တယ်လို့မရှိ' တဲ့။ ဘုရင်မင်းတရားကိုယ်တိုင် ညီလာခံ ခန်းမမှာ ဆုံးဖြတ်ခဲ့သော သည်ကိစ္စကို လွှတ်တော်က ဘာကြောင့် ပြင်ဆင်ရသလဲ။

ဘုရင်မင်းတရားထက် စိတ်ဆိုးနေသူက 'စုဖုရားလတ်'။ တယ်လဲ စော်ကားကြပါလား။ 'အရေးကြီးချိန်မှာ သွေးစည်းကြဖို့' သင့်ပါလျက်နှင့် ယခုတော့ ဘယ်လိုလုပ်လိုက်ကြသလဲ။ မိုက်မဲလိုက်ကြတဲ့ လွှတ်တော် အမတ်တွေပဲ။ သည် အမတ်တွေနှင့် ဝန်ကြီးဝန်ငယ်တွေကို အပြစ်ဒဏ် ကောင်းကောင်း ပေးဖို့သာ ရှိတော့သည် မဟုတ်လား။



စုဖုရားလတ်က ဒေါသတကြီးနှင့် ပြောနေခိုက်မှာ မယ်တော် ဆင်ဖြူမရှင်က ဝင်၍ ပြော၏။ 'စဉ်းစားအုံး သမီးတော်၊ စစ်တိုက်တယ် ဆိုတာက လွယ်သလား။ ရဟန်းရှင်လူတွေ သေကြ နာကြ ထိခိုက်ကြတော့မယ်။ အဆင်မသင့်ရင် နန်းပလ္လင်ပျောက်ပြီး သူ့ကျွန် ဖြစ်ရတော့မယ်။ စစ်တိုက်ဖို့အရေးကို လွယ်လွယ် မတွေးနှင့်'

မယ်တော့်စကားကို ကြားသောအခါ စုဖုရားလတ်သည်။ ယမ်းပုံမီးကျ ဒေါသဖြစ်ရပြီ။ 'ဘယ့်နှယ်လဲ မယ်တော်ဘုရားကပါ ကင်းဝန်တို့ဖက်က ပါနေသလား။ ကင်းဝန်ရဲ့လူ ဖြစ်သွားပလား။ ဘုရင်မင်းမြတ်ရဲ့ ညီလာခံက ယတိပြတ် ဆုံးဖြတ်ထားတဲ့ ကိစ္စကို ဘာဖြစ်လို့ ကန့်ကွက်တားဆီး ဝင်ပြောနေရသလဲ၊ မယ်တော်ဘုရား၊ အေးအေးဆေးဆေး လက်ရှောင်နေပါတော့'

ဆင်ဖြူမရှင် မိဖုရားသည် လွယ်လွယ်နှင့် အလျှော့မပေးတော့ပြီ။ ယခုလို နန်းပလ္လင်၏ ဇာတ်လမ်းများ နိဂုံးချုပ်ရတော့မည့် အချိန်မှာ မိမိဆန္ဒ ရှိသမျှကို နောက်ဆုံးအကြိမ်အဖြစ် ပွင့်လင်းစွာ ပြောတော့သည်။ 'မယ်တော်ဘုရားက သည်အရေးကိစ္စမှာ ဘာဖြစ်လို့ ဝင်မပြောရမှာလဲ၊ မယ်တော်ဟာ တစ်ချိန်က သားတော် မင်းတရားကို နန်းတင်ပေးရာမှာ လျှို့ဝှက်ကြံစည်ပေးခဲ့ရသေး မဟုတ်လား။သည်အရေးအခင်းပေါ်နေတုန်းက မယ်တော်နှင့် ကင်းဝန်မင်းကြီးတို့ပင် အားထုတ် ကြိုးပမ်းခဲ့သည် မဟုတ်လား။ ဘုရင်မင်းတရား နန်းရဖို့ အရေးတွင် ကြံစည်ပေးခဲ့ ဖူးသူတွေအဖို့ ဘုရင်မင်းတရား နန်းပျောက်မည့် ကိစ္စကို ဝင်ပြီး အကြံ မပေးရတော့ဘူးလား၊ မပြောရတော့ဘူးလား၊ မဆိုရတော့ဘူးလား။ တစ်နိုင်ငံလုံး ဖရိုဖရဲ ပြိုကွဲမည့် အရေးကို ကာကွယ်ဖို့ကောင်းကြပြီ။ ရဟန်းရှင်လူတို့ သေကြေပျက်စီး မည့် အရေးကို ဟန့်တားဖို့ကောင်းပြီ။ စစ်တိုက်ဖို့ အရေးကို လွယ်လွယ်မတွေးနှင့်၊ လွယ်လွယ်မပြောနှင့်၊ လွယ်လွယ် မဆုံးဖြတ်ကြနှင့်'

ဘယ်သို့ပင် ကန့်ကွက်ပြောကြားသော်လည်း အတွေးအခေါ် နုနယ်သော၊ အတွေ့အကြုံ မရင့်ကျက်သော၊ စိတ်လိုက်မာန်ပါ ဆုံးဖြတ်တတ်သော စုဖုရားလတ်သည် မိမိစိတ်ထဲ မှန်သည် ထင်တာကို ဆုံးဖြတ်လိုက်ပါပြီ။ မိဖုရားသည် မယ်တော်ကို လှည့်၍မျှပင် မကြည့်တော့ပြီ။ မောင်တော် မင်းတရားကို လက်ကဆွဲ၍ ညီလာခံ ခန်းမဆီသို့ ဦးတည်ထွက်ကြွသွား၏။ 'လာပါတော့

ဘုန်းတော်ကြီးလှသော မောင်တော်ဘုရား နယ်ချဲ့ မိစ္ဆာကုလားဖြူတွေကို စစ်ကြေညာဖို့ နှမတော်တို့ ညီလာခံ ခန်းမဆီသို့ သွားကြပါစို့'

သို့နှင့် ဘုရင်မင်းတရား၏ ညီလာခံမှ သဝဏ်လွှာ နှစ်ဆောင် ထွက်လာ၏။ သဝဏ်လွှာ တစ်စောင်ကား အင်္ဂလိပ် အစိုးရထံသို့ မာမာတင်းတင်း ပြန်ကြားလိုက်သော အဖြေလွှာ။ နောက်တစ်စောင်ကား 'တစ်ပြည်လုံးရှိ လူညီးနေလေ့အောင်း မြင်းဇောင်းမကျန် ပြည်သူတစ်ရပ်လုံးသို့ စစ်ခေါ်သံ ပေးလိုက်သော ဘုရင်မင်းတရား၏ ကြေညာချက်' ပင်တည်း။

## ၃

သို့နှင့် နိုင်ငံတစ်ဝန်းတွင် စစ်မောင်းသံများကို စည်စည်ဝေဝေ ကြားရချေပြီ။ နိုင်ငံအတွက် အသက်စွန့်ကြမည့် သူရဲကောင်း စစ်သည်တို့ ထွက်ပေါ်လာကြပြီ။ နယ်ချဲ့ မိစ္ဆာတွေကို မြေထဲမြို့၏ အောက်ဘက်သို့ မောင်းချကြမည်။ ပြီးတော့ ပင်လယ်ထဲသို့ တစ်ဆင့် မောင်းထုတ်လိုက်ကြမည်။

ပြည်သူတစ်ရပ်လုံး အုံကြွပါဝင်သော သည်စစ်ပွဲမှာ ကုလားဖြူတွေ ခံနိုင်ရင် ခံကြပေရော့။ မြန်မာ့သွေးသည် 'နီ' လိမ့်မည်။ မြန်မာ့ခွဲသည် 'ခိုင်' လိမ့်မည်။ မြန်မာ့ အောင်လံကို မြင့်မြင့်မားမား 'လွှင့်' ကြမည်။ သည်သို့ စည်းရုံး၍ မြန်မာဘုရင့် တပ်မတော်သည် ကြည်းကြောင်း ရေကြောင်းတို့မှ ချီခဲ့ပြီ။ မျှော်လင့်သည့် အတိုင်း အောင်မြင်ပါရဲ့လား။ စစ်ရေး ချိန်ခွင်ညှာသည် သူ့ဖက်မှာလား၊ ကိုယ့်ဖက်မှာလား။

ဘယ်သို့ပဲဖြစ်ဖြစ် စစ်ပွဲတွင် စုဖုရားလတ်၏ ကြိုးပမ်း အားထုတ်မှုကိုတော့ မော်ကွန်းတင်သင့် ကြသည် ဖြစ်ပါ၏။ မိဖုရားသည် ရှေ့တန်း စစ်မျက်နှာသို့ ချီမည့် မြန်မာ တပ်မတော်ကို ကိုယ်တိုင်ကိုယ်ကျ တွေ့ဆုံ အားပေးသမှု ပြုသည်။ စစ်တပ်ကြီး ရှေ့တန်းသို့ မချီခင်မှာ နန်းမြို့အတွင်း၌ မိဖုရားသည် ပထမလက်ခံ၍ တွေ့ဆုံသည်။ မိဖုရားသည် တပ်မှူးကို ပထမ တွေ့ဆုံသည်။ ဘုန်းတော်ကြီးမြတ်သော ဘုရင့်နိုင်ငံတော်အတွက် အသက်စွန့်၍ တိုက်ပါတော့ဟု အားပေးသည်။ အောင်ပွဲမပြတ် ရပါစေဟု ဆုတောင်းသည်။



ထို့နောက် မြန်မာ့တပ်မတော်၏ တပ်မှူးကို ဓိန်လက်စွပ်နှင့် ပတ္တမြားကျောက်စီဓား ချီးမြှင့်လိုက်၏။ သည်တွင် ဘုရင်မင်းတရားနှင့် မိဖုရားတို့ ပေးအပ်သော တာဝန်ကို အပြည့်အဝ ထမ်းဆောင်မည် ဖြစ်ကြောင်း တပ်မှူးက ကတိပြုလေသည်။ နယ်ချဲ့ကုလားဖြူတွေကို အနိုင် တိုက်ခိုက်ပြီးနောက် အောက်ရပ်ဒေသတွင် စိုးမိုးနေကြသော နယ်ချဲ့တို့ကို ပင်လယ်ထဲသို့ အပြီးတိုင် မောင်းနှင် တိုက်ထုတ်မည် ဖြစ်ကြောင်းကိုလည်း ကတိပေးသည်။

ကောင်းပါရဲ့။ နိုင်ငံတော်အတွက် အရေးကြီးသော အခြေအနေတွင် တပ်မတော်သည် အသက်စွန့်၍ တိုက်ပါလိမ့်မည်။ မိဖုရားခေါင်ကြီးကလည်း တပ်မတော်၏ စိတ်ဓာတ်မြှင့်တင်ရေးအတွက် သည်သို့ ဆောင်ရွက်ခဲ့ပါသည်။ သို့သော်

မြန်မာ့တပ်မတော်သည် အင်္ဂလိပ် စစ်တပ်များနှင့် တိုက်တိုင်းရှုံးနေသည်။ တကယ်တော့ မိဖုရားသည် တပ်မတော်သားတွေ၏ စိတ်ဓာတ်ကို မြှင့်တင်ပေးရာမှာ အောင်မြင်ခဲ့တာ အမှန်ပါပဲ။ သို့စင်လျက် တပ်မတော်သားတို့ ကိုင်ဆောင်သော ခဲယမ်းလက်နက် ကျည်ဆံမှအစ စစ်ပစ္စည်းတွေကို ခေတ်မီလက်နက်များ ဖြစ်အောင် မိဖုရားက မကြိုးပမ်းနိုင်ခဲ့။ မြန်မာတပ်မတော်ကို စစ်ပွဲတစ်ပွဲအတွက် အဆင်သင့်ဖြစ်အောင် ပြင်ဆင်နိုင်ရန် မိဖုရားက မည်သို့မှ မစွမ်းဆောင်နိုင်ခဲ့တာ အမှန်ပင်ဖြစ်သည်။

အောက်ရပ်ဒေသရှိ ခေတ်မှီ စစ်သင်္ဘောများဖြင့် ဆန်တက်လာသော အင်္ဂလိပ်စစ်တပ်ကို ရင်ဆိုင်မည့် မြန်မာ့တပ်မတော်တွင် သာမန်သင်္ဘောကလေးမျှပင် ကောင်းကောင်း မရှိ။ ရှိသော သင်္ဘောတို့မှာ သံချေးတက်၊ ရေနွေးငွေ့အိုးပေါက်၊ စစ်ပစ္စည်းက ချွတ်ယွင်းနှင့် အခြေအနေမလှ။ သည်အခြေအနေနှင့် မြန်မာတို့သည် ရန်သူ့အင်အားကို ဘယ်သို့ ရင်ဆိုင်ကြမှာလဲ၊ ဘယ်သို့ တိုက်ခိုက်ကြမှာလဲ၊ ဘယ်သို့ အောင်မြင်ကြမှာတဲ့လဲ။

သို့နှင့် အောက်အရပ်သို့ စုန်ဆင်းသွားသော မြန်မာ့တပ်မတော်တို့၏ သတင်းများက အဆင့်ဆင့် ရောက်လာသည်။ အောင်ပွဲတွေ ရသတဲ့။ ရန်သူကုလားဖြူတို့ကို ထိရောက်စွာ ထိုးနှက် ဖျက်ဆီးနိုင်သတဲ့။ ရောက်လာသော သတင်းများကတော့ အားရစရာပါပဲ။ သို့သော် သည်သတင်းများသည် 'အမှန်' ကို ဖုံးကွယ်ထားသော 'အမှား' များ ဖြစ်သည်။ 'အရှုံး' ကို ဖုံးကွယ်ထားသော

'အနိုင်' များ ဖြစ်သည်။ တကယ်တော့ မြန်မာတို့၏ မင်းလှခံတပ်ကို ဖြိုချ၍ တက်လာသော အင်္ဂလိပ် စစ်တပ်ကြီးသည် နေပြည်တော်သို့ ဦးတည်လျက် မြားမှစ်သလို ချီလာပါပကော။

အောင်ပွဲရသတင်းများ ရောက်လာသောညက နန်းတော် ပွဲကြည့်ဆောင်တွင် 'စစ်အောင်ပွဲသဘင်' အဖြစ် ကပွဲကြီး ကျင်းပသည်။ နန်းတွင်း ကခြေသည်တို့သည် ထိုနေ့ညက ရင်နှစ်ခြမ်း ဖြန်းဖြန်းကွဲအောင် အသုံးတော် ခံကြ၏။ ဘုရင်မင်းတရားကြီး၏ ဘုန်းတော်ကို ဖွဲ့ဆိုသော တေးသီချင်းများ ခပ်ကျယ်ကျယ် သီဆိုကြပြန်သည်။ နောက်တော့ မြန်မာ့ တပ်မတော်သားများ၏ ရဲစွမ်းသတ္တိရှိပုံ၊ အောင်ပွဲရပုံတို့ကို ထိုးဓာတ်များ၊ တေးသီချင်းများဖြင့် သရုပ်ဖော်ကြသည်။

သည်ညကတော့ ဘုရင်မင်းတရားသည် အပျော်ကြီး ပျော်နေ၏။ မိဖုရားကြီးလည်း အပျော်ကြီး ပျော်နေသည်။ ကပွဲတွင် ပါဝင်ကပြသူတို့မှာ မိဖုရားခေါင်ကြီးက ဆုချီးမြှင့်သော စိန်လက်စွပ်တွေ၊ စိန်လက်ကောက်တွေ၊ စိန်ဘယက်တွေကို တစ်ဦးပြီး တစ်ဦး ရရှိနေ၏။ မိဖုရားခေါင်ကြီးကပင် ကတိပြုလိုက်သေး၏။ မြန်မာ့တပ်မတော်တို့က အောက်ပြည် အောက်ရွာကို တိုက်ခိုက်သိမ်းပိုက်သည့် အခါ သည်ထက်ပို၍ ကောင်းသော အောင်ပွဲခံ သီချင်းတွေကို သီဆိုကြ။ သည်ထက် ပို၍ ဆုချီးမြှင့်ဦးမည်တဲ့။ ဟုတ်ရဲ့လား။

သို့သော် အမှားကို ဖုံးကွယ်ထားသော အမှန်သည် အချိန်အနည်းငယ်မျှသာ ခံပါလိမ့်မည်။ 'မရှိ' ကို 'အရှိ' နှင့် ဖုံးကွယ်၍ မရ။ 'အရှိ' ကို 'မရှိ' နှင့် ဖုံးကွယ်၍ မရ။ 'အရှိ' သည် 'အရှိ' အတိုင်းပေါ်လာလိမ့်မည်။ 'မရှိ' သည်လည်း 'မရှိ' အတိုင်း ဘွားခနဲ ပေါ်လာလိမ့်မည်။ သည်တော့လည်း မြန်မာ့တပ်မတော်က ရန်သူနယ်ချဲ့ ကုလားဖြူတွေကို အောင်နိုင်သည် ဆိုသော လိမ်ညာထားသည့် သတင်းမှားကြီးသည် မကြာမီ ပြောင်းပြန် ဖြစ်သွား၏။ တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး ပြောကြသည့် သတင်းတွေက 'မြန်မာ့တပ်မတော်သည် တိုက်ပွဲတိုင်းမှာ အရှုံးကြီး ရှုံးနေပြီ' တဲ့။

သည်သတင်းတွေမှာ ဘုရင်မင်းမြတ်နှင့် မိဖုရားနားသို့ တရားဝင် ရောက်မလာခဲ့။ ဘုရင့်ဝန်ကြီးတွေလည်း လာရောက် လျှောက်တင်ဖြင်းမရှိ။ လွှတ်တော်အတွင်းဝန်တွေ၊ သံတော်ဆင့်တွေ ဘယ်ရောက်ကုန်သလဲ။ အပျိုတော်ကလေးတွေက အချင်းချင်း တိုးတိုးပြောကြသည်ကိုသာ မိဖုရားကြီး ကြားရပြီ၊ သို့နှင့် မိဖုရားသည် အမှန်ကို သိအောင် ရှာလေသည်။



မိဖုရား စုဖုရားလတ်သည် အပျိုတော်ကလေး တစ်ဦးကို ခေါ်၍ ဥယျာဉ်တော်သို့ ထွက်ခဲ့သည်။ ဥယျာဉ်ချောက် အနီးအပါးတွင် ကစားနေသော ကလေးငယ်များကို ခေါ်ယူလိုက်၏။ မိဖုရားကြီးသည် ကလေးငယ်များကို ချော့၍ မေးနေရှာသည်။ ကလေးဆိုတာက 'အဖြူထည်' သက်သက် ပဲ။ မလိမ်တတ် မညာတတ်၊ အမှန်အတိုင်း ပြောလိမ့်မည်မှာ သေချာပါ၏။ စုဖုရားက ကလေးငယ်တွေကို မေး၏။ 'မင်းတို့ အဖေအမေတွေ ဘာပြောသံ ကြားသလဲ၊ မင်းတို့ကို ဘာပြောသလဲ'

ကလေးတွေ ပြောသမျှ အားမရစရာပါ။ ကုလားဖြူတပ်တွေက နေပြည်တော်ကို ရောက်လာတော့မည်တဲ့။ ရှိတဲ့ ပစ္စည်းတွေကို မြေကြီးထဲမှာ မြှုပ်ထားရမတဲ့'။ ကလေးတွေ ဆိုတာက နန်းတော်သို့ အခစား ဝင်နေကြသော ဝန်ကြီးမင်းကြီးများ ၏ သားသမီးတွေ မဟုတ်လား။ အဖေတွေ အမေတွေ ပြောသမျှကို အမှန်အတိုင်းပင် မိဖုရားထံ လျှောက်တင်ကြသည်။ သည်သတင်းမှာ 'ပြောရေးဆိုခွင့် ရှိသူက ယုံကြည်လောက်သော ဌာနမှ ရသည့် သတင်းထက်' ပို၍ မှန်ပါလိမ့်မည်။

စစ်အခြေအနေ ဆိုးရွားလာသည်ကို နောက်ပိုင်းတွင်း ဖုံး၍ ဖိ၍ မရတော့ပြီ။ မြန်မာတပ်တွေက စစ်နိုင်သည်ဟုသာ ဆိုသည်။ အမြောက်ပစ်သံတွေက နန်းတော်နှင့် ပို၍ ပို၍ နီးလာပါကလား။ နောက်ဆုံးတော့ သီပေါမင်းတရားသည် အထူးညီလာခံကို ဆင့်ခေါ်လိုက်၏။ သည်ညီလာခံမှာတော့ ကင်းဝန်မင်းကြီးက အရေးပါနေပါပြီ။ ကုလားဖြူ စစ်တပ်ဆီသို့ သံတမန်တွေ လွှတ်ကြ။ ကုလားဖြူတွေ တောင်းဆိုသမျှကို လိုက်လျောမည်ဟု ပြောကြ။ စစ်ပြေငြိမ်းရေး သဘောတူပြီ။ ရောက်ရာအရပ်မှာ ရပ်ဆိုင်းနေကြရန် ကုလားဖြူတပ်ကို မေတ္တာရပ်ခံစေ။ ဘုရင်မင်းတရားသည် စစ်ပြေငြိမ်းရေးအတွက် အစီအစဉ် တစ်ရပ်ကို အမိန့်ချလိုက်၏။ သို့သော် နောက်ကျခဲ့လေပြီ။

နေပြည်တော်သို့ အင်္ဂလိပ်တပ်တွေ ချီတက်လာသောနေ့က စုဖုရားလတ်တစ်ယောက် ခံစားနေရပုံကဖြင့် ကြေကွဲစရာပါပဲ။ ထိုနေ့က ဒိဖုရားသည် နန်းမြင့် မျှော်စင်ရှိရာသို့ ထွက်ကြွသွား၏။ မျှော်စင်ပေါ်ရှိ အစောင့်တပ်သားတွေကို

အောက်မှ နေ၍ လှမ်းမေးသည်။ စစ်သင်္ဘောတွေ ချီလာပြီလား။ ဆိပ်ကမ်းကို ကပ်လာပြီလား။ စစ်သားတွေ ကမ်းပေါ်သို့ ဆင်းလာကြပြီလား...။

အစောင့်စစ်သားသည် အခြေအနေကို အစီရင်ခံ၏။ အစောင့်စစ်သားက နန်းမြင့် မျှော်စင်မှ နေ၍ 'ကုလားဖြူတပ်တွေ ကမ်းပေါ်သို့ ဆင်းလာပြီ' ဟု ပြောသည်ကို မိဖုရားက အားမရ။ မိဖုရားသည် အပျိုတော်တွေကို အောက်မှာ ထားခဲ့ပြီး နန်းမြင့်ပေါ်သို့ ပြေးတက်သွား၏။ အပေါ်ရောက်တော့မှ ဧရာဝတီမြစ် ဆိပ်ကမ်း ဖက်ဆီသို့ မျှော်ကြည့်၏။ သင်္ဘောတွေ... စစ်သင်္ဘောတွေ... မနည်း ပါလား။ သင်္ဘောပေါ်မှ ကုလားဖြူစစ်တပ်ကြီးသည် စီတန်း၍ ရွှေနန်းတော် ရှိရာသို့ ချီတက်လာနေပြီ။

ဆုံးပြီ...ဆုံးပါပြီ။ တိုင်းပြည်တော့ဖြင့် ဆုံးပါပြီ။ မိဖုရားသည် ရှိုက်ကြီး တငင် ငိုရင်း နန်းမြင့်မျှော်စင်အောက်သို့ ရောက်သောအခါတွင် မြေပြင်သို့ မိမိကိုယ်ကို ပစ်ချလိုက်၏။ ဆံပင်တွေက ဖို့ရိုဖါးရား၊ အဝတ်အစားတွေက ဖရိုဖရဲ။ မျက်နှာမှာ မျက်ရည်တွေ စီးကျနေသည့် မိဖုရားကို မြင်ရသည်မှာ တကယ်ပင် ကြေကွဲဝမ်းနည်းစရာပါပဲ။ မကြည့်ရက်သော အပျိုတော်ကလေး များသည် အဝေးသို့ ရှောင်ပြေးသွားကြသည်။ မိဖုရားကိုလည်း မချော့ဝံ့ကြ။ မိဖုရားကြီး တစ်စုံတရာ ခံစားမှု ပြင်းထန်နေလျှင် အနားကို ဘယ်သူမှ မသီဝံ့ကြပြီ။

မိဖုရားသည် လဲကျနေရာမှ ဒူးထောက်၍ ထ၏။ ပြီးတော့ ရင်ဘတ် စည်တီး ငိုကြွေးနေရှာသည်။ ရင်ဘတ်ကို လက်ဖြင့် မရပ်မနား ထုရင်း မိဖုရားသည် အော်ဟစ် ငိုကြွေးနေခြင်း ဖြစ်၏။

"မောင်တော် ဘုန်းတော်ကြီး ဘုရားနှင့် တိုင်းပြည်ဒုက္ခ ရောက်အောင် လုပ်မိတာ ငါပါပဲ၊ ငါ့ကြောင့်သာ ခုတော့ စစ်လဲရှုံးပြီ၊ တိုင်းပြည်လဲ ဆုံးပြီ၊ ဒီလို ဖြစ်အောင် လုပ်သူဟာ တခြားသူ ဘယ်သူမှ မဖြစ်နိုင်ဘူး... ငါပဲ... ငါပဲ"

မိဖုရားလည်း ငိုရင်းလည်း အော်၏။ အော်ရင်းလည်း ငို၏။ မိဖုရားခမျာ ရင်ထဲမှ ခံစားရမှုကို ဖွင့်ထုတ်ငိုရင်း ရင်ထုမနာ ဖြစ်နေရှာသည်။ စိတ်ကို မထိန်း မသိမ်းနိုင် ဖြစ်နေရှာသော မိဖုရားကို မြေပြင်မှာ ခင်းထားသော



ကျောက်သားပြင်ကို လက်သီးဖြင့် ထပ်ခါ ထပ်ခါ ထု၏။ မိဖုရားကို ထိန်းသိမ်း ပေးနိုင်မည့် တစ်ဦးတည်းသော ပုဂ္ဂိုလ်မှာ ဘုရင်မင်းတရားပဲ။ ယခုတော့ ဘုရင်မင်းတရားကလည်း နမတော် စုဖုရား အနားမှာ မရှိ။

၁၅ မိနစ်ခန့်ကြာအောင် မိဖုရားက ငိုနေ၏။ ပြီးတော့မှ နေရာမှထ၍ ရပ်သည်။ ထိုအခါမှပင် အပျိုတော်ကလေးတွေက မိဖုရားထံပါးသို့ ကပ်လာကြ ၏။ ဆံပင်ကို ပြင်ထုံးပေးသူက ပေး။ ဝတ်လဲတော်ကို နေသားကျအောင် ပြင်သူပြင်နှင့် မိဖုရားကို အပျိုတော်တွေက ဝိုင်းဝန်းပြုစုပေးကြသည်။ မိဖုရားသည် သူပတ်ဝန်းကျင်မှ အပျိုတော်တွေကို သည်နေရာမှာပင် အမိန့်တစ်ရပ် ထုတ်လိုက် ၏။

"ကဲ... ကုလားဖြူ စစ်သားတွေ နန်းတော်ထဲ ရောက်မလာခင် ညည်းတို့ တစ်တွေ နန်းတော်ထဲက ထွက်သွားကြတော့၊ ငါ့အနားမှာ ခစားစရာ မလိုဘူး...၊ ညည်းတို့ကို ကုလားဖြူတွေ စော်ကားတာ ငါ မမြင်ပါရစေနဲ့... သွားကြ... မြန်မြန် သွားကြ..."

မိဖုရားကြီးသည် မကြာခင်မှာပင် နန်းတွင်းသို့ ပြန်လည် ကြွချီသွား၏။ ရင်ထဲမှာ ခံစားရသမျှကို ဖွင့်ထုတ် ငိုကြွေးပြီးသွားပြီ။ ရင်ထဲမှာ အလုံးအခဲကြီး မရှိတော့ပြီ။ ဘယ်သူမပြု မိမိမှုဆိုတာကို လှုံသိရှင်ကြား ဝန်ခံကြေညာပြီးပြီ။ သည်အချိန်မှာ မိဖုရားအတွက် ဆောင်ရွက်စရာ တစ်ခုသာ ကျန်တော့၏။ မျက်ရည်ကို သုတ်ရမည်။ ဝတ်လဲတော် လဲရမည်။ ဘိသိက်ခံ ရတနာများကို ဆင်မြန်းရမည်။ ပြီးတော့ ဆဒ္ဒန်ဆင်မင်းသခင် တစ်ရာ့တစ်ပါးသော ထီးဆောင်း မင်းတို့အရှင် ရေမြေ့သနင်း ပြည့်ရှင်မင်းကြီး၏ အဂ္ဂမဟေသီ ဒေဝီ မိဖုရားခေါင်ကြီး အဖြစ် ကုလားဖြူ စစ်ဗိုလ်ချုပ်ကို မျက်နှာချင်း ဆိုင်ရတော့မည်။ ထိုနေ့ကား ၁၈၈၅ ခု နိုဝင်ဘာလ ၂၈ ရက်။

"သြော်... ရတနာပုံ နေပြည်တော်၏ နေဝင်ချိန်ပါတကား"

## ၉။ ရတနာပုံမှ ရတနာဂီရိသို့

၁

ရတနာပုံ နေပြည်တော်သည် မြို့ပျက်ကြီးလို ဖြစ်နေပြီ။ ပြည်သူတို့သည် ဟိုမှသည်မှ ပြေလွှား လှုပ်ရှားနေကြ၏။ ရရာ ပစ္စည်းကလေးများကို ထုပ်ပိုးသယ်ယူရင်း ကုလားဖြူ စစ်တပ်ကြီး၏ ဘေးရန်မှ လွတ်ရာသို့ မှန်း၍ ပြေးကြလွှားကြနှင့်။ တစ်ချိန်က စည်နှင့် ထီးနှင့်၊ ကြငှန်းနှင့် နန်းနှင့်၊ တင့်တယ် မြူးကြွားခဲ့သော နေပြည်တော်သည် ယခုတော့ မင်းမဲ့မြို့တော်နှင့် မခြားတော့ပြီ။

နေမွန်းမတည့်မီ နံနက် ၁၁ နာရီတွင် အင်္ဂလိပ် စစ်တပ်ကြီးသည် ရွှေနန်းတော်ကို ဝိုင်းမိ၏။ အင်္ဂလိပ် စစ်တပ်ကို ဗိုလ်မှူးကြီး စလေဒင်က ဦးဆောင်သည်။ ဗိုလ်မှူးကြီး စလေဒင်ကား တစ်ချိန်က နတ်ရွာစံ မင်းတုန်း ဘုရင်မင်းမြတ်၏ ရွှေနန်းတော်တွင် တံခါးမရှိ ဓားမရှိ ဝင်ထွက်ခဲ့သော အင်္ဂလိပ် သံအမတ်ဖြစ်၏။ ဟိုစဉ်ကတော့ ဓားကို ခါးမှ ဖြုတ်၍၊ ဖိနပ်ကိုချွတ်၍၊ ခါးကို ညွတ်၍ နန်းတော်တွင်း ဝင်ခဲ့ရသော 'စလေဒင်'။ ယခုတော့ သူသည် ဓားအိမ်ကို ဆုပ်လျက်၊ ဖိနပ်ကို ရဲရဲတင်းတင်း စီးကာ နန်းတော်တွင်းသို့ ဝင်လာပါပြီ။ စစ်အောင်နိုင်သူပေကိုး။



ဗိုလ်မှူးကြီး စလေဒင်ကို လမ်းခရီးမှ နေ၍ ကင်းဝန်မင်းကြီးက သွား၍ ကြိုခဲ့ရသည်။ ကင်းဝန်မင်းကြီးမှာ စလေဒင်နှင့် ရင်းနှီး ကျွမ်းဝင်ပြီး ဖြစ်၏။ သည်တော့ လုပ်ငန်းဆောင်တာများ ပြေပြစ်ရန် စလေဒင်ကို ကူညီနိုင်မည် ဖြစ်သည်။ စလေဒင်နှင့် ကင်းဝန်မင်းကြီးတို့သည် ဘုရင်မင်းတရားနှင့် မိဖုရားခေါင်ကြီးတို့ စံမြန်းရာ 'သီဟာသနပလ္လင်' ခန်းဆောင်သို့ ဝင်လာကြ၏။ သီပေါမင်းတရားသည် စိုးရိမ်မှု ကဲသည့် မျက်နှာဖြင့် စလေဒင်ကို လှမ်းကြည့်နေ၏။ မိဖုရားခေါင်ကြီးကမူ အရာရာကို မတုန်မလှုပ် ရင်ဆိုင်မည့် ဟန်၊ တင်းမာသော မျက်နှာထားဖြင့် လှမ်းကြည့်သည်။

သည်မိဖုရားမှ ရဲရင့်တဲ့ မိဖုရားပါပဲ။ မိဖုရားသည် မိမိ၏ သမိုင်းကို မိမိကိုယ်တိုင် ရေးနေခြင်း မဟုတ်လား။ နန်းသိမ်းတပ်ကြီးကို ဦးစီး၍ နန်းတော်တွင်းသို့ ဝင်လာသော နယ်ချဲ့ဗိုလ်မှူးကြီးအား မရွံ့သော အကြည့်၊ ရဲရင့်သော အကြည့်၊ မာန်မချသော အကြည့်ဖြင့် ကြည့်နေသော စုဖုရားလတ်။ သည်မိဖုရား၏ မျက်နှာမှာ နံနက်စောစောက ငိုထားသော မျက်ရည်စတို့ မရှိတော့ပြီ။ ဆံထုံးကို သပ်ယပ်စွာ ထုံးလျက်၊ တောင့်တင်းကျနသော ဝတ်လဲတော်များကို ဆင်လျက်၊ တောက်ပြောင် ဝင်းပသော လက်ဝတ်ရတနာများနှင့် မိဖုရားသည် နန်းပလ္လင်မှာ ခန့်ထည်စွာ စံနေလေသည်။

ထိုနေ့က ဘုရင်မင်းမြတ်၊ မိဖုရားခေါင်ကြီးနှင့် ဗိုလ်မှူးကြီး စလေဒင်တို့၏ တွေ့ဆုံခန်းမှာ ခဏခေတ္တသာ ကြာလေသည်။ ဗိုလ်မှူးကြီး စလေဒင်မှာ မတ်တပ်ရပ်လျက်ကပင် ဘုရင်မင်းတရားထံ လျှောက်ကြားနေသည်။ တကယ်တော့ စလေဒင်မှာ အတော်ပင် အနေခက်နေသည် ထင်ပါရဲ့။ ရှင်ဘုရင်၏ ရှေ့တော်မှောက်မှာ ဖြစ်၍ ဒူးတုပ်၍ ခစားမည်ဆိုသည်က မဖြစ်နိုင်။ မိမိက စစ်နိုင်သူ မဟုတ်လား။ ပြီးတော့ ယခုလို အကြာကြီး မတ်မတ် ရပ်နေ၍လည်း မသင့်တော်။ ယဉ်ကျေးသည် ဆိုသော ဥရောပတိုက်သား တစ်ယောက်အနေဖြင့် အလွန်ရိုင်းစိုင်းရာ ကျတော့မည်။ ထို့ပြင် ဘုရင်နှင့် မိဖုရားခေါင်ကြီး၊ မိဖုရားမယ်တော် ဆင်ဖြူမရှင် မိဖုရားတို့သည် မိမိကို အရောင် တလက်လက်ထွက်သော မျက်လုံး အစုံတို့ဖြင့် ကြည့်နေကြ၏။ သူတို့မျက်လုံးထဲမှာ ဒေါသတွေ အလျှံတရဲရဲ ထွက်နေသည်ကို စလေဒင်က မချမြင်မှာပါပဲ။ သည်မျက်လုံးများကို စစ်သူကြီး စလေဒင်သည် အချိန်ကြာမြင့်စွာ ရင်မဆိုင်ရဲ။

သီပေါ ဘုရင်မင်းမြတ်က မိမိ၏ တပ်မတော်သည် ခြွင်းချက်မရှိ လက်နက်ချကြောင်း ဝန်ခံပြောဆိုသည်။ စလေဒင်ကမူ ဘုရင်မင်းတရားနှင့် မိဖုရားကြီးတို့ကို လုံခြုံစိတ်ချရသော တစ်နေရာသို့ ခေါ်ဆောင်သွားမည်ဟု ဆိုသည်။ ဘုရင် မင်းတရားက ပြန်ပြောသည်။ ယခုချက်ချင်း နေပြည်တော်က မထွက်ခွာလိုသေး။ လိုအပ်သော ပြင်ဆင်မှုများ ပြုလုပ်ပြီးမှသာ နန်းတော်ကို စွန့်ခွာလိုသည်ဟု မိန့်ကြားသည်။ သို့သော် ဘုရင်မင်းမြတ်၏ ဆန္ဒကို စလေဒင်က မလိုက်လျောနိုင်။ ယနေ့ တစ်ညတော့ နန်းတော်ထဲမှာပင် စံမြန်းနေထိုင်နိုင်ပါသည်။ နက်ဖြန်တွင် ခရီးထွက်ရန် အဆင်သင့် ပြင်ထားပါဟု စလေဒင်က ပြန်ပြောသည်။ ထိုနေ့က အခမ်းအနားမှာ ထိုမျှနှင့်ပင် ပြီးစီးသွားခဲ့လေသည်။

ဤတွင် ပြဿနာ တစ်ရပ်က တက်လာသည်။ မိဖုရား၏ အပျိုတော်များကို နန်းတော်မှ ထွက်ခွာသွားရန် မိဖုရားကြီးက ခွင့်ပြုပြီး မဟုတ်လား။ အပျိုတော်ကလေးများသည် မိမိတို့ ပစ္စည်းကလေးများကို သယ်ယူ၍ နန်းတော်မှ ထွက်ခွာကြသည်။ အပျိုတော်ကလေးများ၏ မိခင်များကလည်း နန်းတော်တွင်းသို့ ဝင်၍ သမီးများကို ကြိုကြသည်။ သို့သော် နန်းတော်သို့ ဝိုင်းထားသော စစ်တပ်သည် အမျိုးသမီးများကို နန်းတော်မှ ထွက်ခွင့်လည်းမပြု။ နန်းတော်သို့လည်း ဝင်ခွင့်မပြု။

ထိုကိစ္စကို ဝန်ကြီးများနှင့် စလေဒင်တို့ တိုင်ပင်ကြသည်။ အင်္ဂလိပ်စစ်တပ်က စိုးရိမ်နေတာ ရှိသည်။ ယောကျ်ားကလေးက မိန်းမလိုဝတ်၊ မိန်းကလေးက ယောကျ်ားကလေးလို ဝတ်သည့် ဓာတ်လမ်းတွေ ဖြစ်ပေါ်တတ်သော ရွှေနန်းတော် မဟုတ်လား။ သီပေါမင်းတရားသည် မိန်းမတစ်ဦးနှယ် ဝတ်ဆင်၍ ထွက်ပြေးသွားလျှင် အခက်ပါလား။ ပြီးတော့ သတင်းတစ်ပုဒ်က ဆိုသည်။ 'သီပေါမင်းတရားသည် မိန်းကလေးလို ဝတ်လျက် နေပြည်တော်မှ ထွက်ပြေး လိမ့်မည်။ ရွှေဘိုတွင် စံ၍ နေပြည်တော်ကို ပြန်လည် တိုက်ယူမည်' တဲ့။ နောက်ဆုံးတော့ နန်းတွင်းမှ ထွက်ခွင့်ပြုသော မိန်းမများကို တစ်ဦးစီ စစ်ဆေး ကြည့်ရှုရန် အင်္ဂလိပ်စစ်တပ်က စီစဉ်သည်။ နန်းမြို့ အပြင်မှ မိန်းမများကိုလည်း နန်းတော်တွင်းသို့ ဝင်ခွင့်ပြုရတော့သည်။

သည်တွင် ညရောက်တော့ စိတ်မကောင်းစရာ ဖြစ်ရပ်တစ်ခုနှင့် ကြုံရပြီ။

သည်ညမှာ ဘုန်းတော်ကြီးဘုရားနှင့် မိဖုရားခေါင်ကြီး စုဖုရားလတ်တို့အတွက် ရတနာပုံ နေပြည်တော်မှာ နောက်ဆုံး စံမြန်းခွင့်ရသော 'ည' မဟုတ်လား။



ဘုရင်နှင့် မိဖုရားတို့သည် စက်ရာခန်းဆောင်သို့ စောစောပင် ဝင်ကြ၏။ စက်ရာခမ်းဆောင်၏ လုံခြုံရေးအတွက် ဘုရင့် ကိုယ်ရံတော်တပ်နှင့် တိုင်တားမင်းကြီးတို့က ဦးစီး စောင့်ကြပ်သည်။

ထိုအချိန်တွင် ပြဿနာက ပေါ်လာသည်။

နန်းတွင်းရှိ အပျိုတော်များကို မိဖုရားခေါင်ကြီးက နန်းတော်မှ စွန့်ခွာရန် ပြောခဲ့ပြီးဆိုတော့ အပျိုတော်များ၊ ရံရွေတော်များ၊ နန်းတွင်း မင်းမှုထမ်းများသည် ရွှေနန်းတော်တွင်းမှ တဖြည်းဖြည်း ထွက်ခွာသွားကြသည်။ လောဘသားကောင်တွေကိုး။ ဘုန်းတော်ကြီးဘုရားနှင့် မိဖုရားခေါင်ကြီးတို့မှာ ဘာတန်ခိုးရှိန်ဝါမှ မရှိတော့ကြောင်း သိကြသောအခါ သူတို့သည် နန်းတော်တွင်းရှိ အဖိုးတန်ပစ္စည်းတွေကို 'တစ်ပိုင် တစ်နိုင်' သယ်ယူကြသည်။ ရွှေနန်းတော်မှာ ဆင်ယင်ထားသော အလှပစ္စည်း၊ ရွှေခွက် ငွေခွက်များမှအစ ရွှေသေတ္တာများ အတွင်းမှ လက်ဝတ် ရတနာများပါမကျန် တန်ဖိုးရှိသော ပစ္စည်းဟူသမျှကို ယူကြသည်။ အချို့ကတော့ နန်းတော်ပြင်ပသို့ ရောက်ပြီးမှပင် ဆွေမျိုးသားချင်းတွေကို လက်တို့ပြီး နောက် တစ်ခါ ပြန်၍ 'ကြော့' ကြသေးသတဲ့။

သည်ဓာတ်သည် သည်တွင် မဆုံးခဲ့ချေ။ အပျိုတော်တွေ ပစ္စည်း 'ကဲ့' နေကြောင်း သတင်းသည် နေပြည်တော် အတွင်းသို့ ပျံ့နှံ့သွား၏။ ထိုအခါတွင် နေပြည်တော် အတွင်းရှိ မိန်းမတွေမှာ လောဘမီး လျှမ်းလျှမ်းတောက်ခါ နန်းတော်အတွင်းသို့ ဝင်လာကြသည်။ အချိန်ကလည်း မှဲ့ခဲ့ပြီ။ မှောင်ကလည်း မှောင်ပြီ။ ရွှေနန်းတော် အတွင်းမှာ နန်းတော် အမှုထမ်းတို့ မရှိတော့ပြီမို့ မီးတိုင်ထွန်းမည့်သူပင် မရှိတော့။ သည်လိုနှင့် တစ်ချိန်က ရွှေရောင်တဝင်းဝင်း မြရောင် တလက်လက် ရှိခဲ့သော ရွှေနန်းတော်ကြီးမှာ မှောင်နှင့် မဲမဲ ရှိတော့သည်။ သည်သို့ မှောင်မှောင်မဲမဲ ရှိနေစဉ်မှာ ပစ္စည်းသယ်ရန် လာသူတွေက မီးတုတ်ကြီးတွေ တစ်ဝင်းဝင်းနှင့် နန်းတော် အဆောင်အသီးသီးသို့ ကူးလိုက် သန်းလိုက်၊ အော်လိုက် ဟစ်လိုက် ခေါ်လိုက် ငင်လိုက်နှင့်။

အမှန်တော့ စိတ်မချမ်းမြေ့စရာ မြင်ကွင်းတစ်ရပ်ပါ။ အာဏာ ရှိတုန်းက မော်ဖူးစေဆိုမှသာ မော်၍ဖူးခွင့်ရသော ဘုရင်မင်းတရားနှင့် မိဖုရားခေါင်ကြီးတို့ သက်ရှိထင်ရှား ရှိနေပါသေး၏။ သည်မင်းနှင့် မိဖုရားတို့ နန်းတော်အတွင်းမှာ ရှိနေခိုက်ဝယ် ဘုရင်နှင့် မိဖုရားတို့ အသားကို ဖွဲ့မယူရုံတစ်မယ် သည်လိုနန်းတော်

ထဲ ဝင်၍ အဖိုးတန်ပစ္စည်းများကို လုကြ ယက်ကြ၊ ယူကြ ငင်ကြသည်မှာ စိတ်မချမ်းမြေ့စရာ ကောင်း၏။ ဒေါသထွက်စရာလည်း ကောင်းပါ၏။

သည်လို ဆူဆူညံညံ အော်ကြ ဟစ်ကြ ပြေးကြ လွှားကြ ဖြစ်နေသော အသံကို ဘုရင်မင်းတရားနှင့် မိဖုရားခေါင်ကြီးတို့ စက်ရာဆောင်မှ ကြားရတော့ စိုးရိမ်ထိတ်လန့် ဖြစ်ကြရသည်။ မင်းတရားနှင့် မိဖုရားခေါင်ကြီးတို့၏ အသက်ကို ရန်ရှာကြလျှင် မခက်လား။ သို့နှင့် တိုင်တားမင်းကြီးက အင်္ဂလိပ်တပ်မှူး စလေဒင်ကို ရှာဖွေ ခေါ်ယူလျက် အကြောင်းကို ပြောသည်။ ဘုရင့်စက်ရာ ခန်းဆောင် အနီးမှာ လက်နတ်ကိုင် စစ်သားအချို့ကို စလေဒင် ခေါ်ယူချထားပေးရ၏။

သံဝေဂ ယူတတ်လျှင် တကယ်ပင် သံဝေဂ ပွားစရာ ဖြစ်ရပ်ပေပဲ။ ရွှေအိမ်နန်းနှင့်၊ ကြငှန်းလည်းခံ၊ မတ်ပေါင်းရံလျက်၊ ပျော်စံရိပ်ငြိမ်၊ စည်းစိမ်မကွာ မင်းချမ်းသာကား၊ သမုဒ္ဒရာ၊ ရေမျက်နှာထက်၊ ခဏတက်သည်၊ ရေပွက်ပမာ၊ တစ်သက်လျှာတည်း။

မရှောင်မလွဲသာသော သည်သဘောတရားကို ဖော်ညွှန်းခဲ့သူ စာဆိုတော် 'အနန္တ သူရိယ'ကိုပင် အောက်မေ့ရသေးတော့သည်။

ကြည့်ပါ။ ဘုရင်မင်းတရားသည် တစ်ချိန်ကတော့ လူတစ်ယောက်ကို သေစေ ရှင်စေ အမိန့်ပေးနိုင်သော သက်ဦးဆံပိုင် ဘုရင်ဧကရာဇ်တဲ့။ တစ်ရာ တစ်ပါးသော ထီးဆောင်းမင်းတို့၏ အရှင်တဲ့။ ရဟန်း ရှင်လူအပေါင်းတို့၏ ဘဝသခင်တဲ့။ ယခုတော့ အာဏာမဲ့ပြီဆိုသည်နှင့် ဘုရင်မင်းတရားသည် လမ်းဘေးက သာမန်လူတစ်ယောက် ဖြစ်သွားပြီ။ သူ့ကို ကြင်နာမည့်သူ မရှိ၊ ထောက်ထားမည့်သူ မရှိ၊ အမြင်ကပ်ကပ်နှင့် ဝိုင်းရိုက် မသွားတာကိုပင် ကျေးဇူးတင်ရဦးတော့မည့် အခြေအနေပါပဲ။ ဒါနှင့်များ အာဏာရှိတုန်းက ဘုရင်သည်လည်းကောင်း၊ မိဖုရားသည်လည်းကောင်း ဘာ့ကြောင့်များ အာဏာစက်ကလေး တပြောင်ပြောင်နှင့် အာဏာဓားကလေး တလက်လက်နှင့် မိုက်မှားမိခဲ့ကြသလဲ။

ခွင့်လွှတ်ကြပါဘိ။

လူသည် လူမျှသာတည်း။ သို့နှင့် လူတို့တွင် ရှိတတ်သော 'ဥာဉ်' မှာ ဘုရင်မင်းတရားနှင့် မိဖုရားခေါင်ကြီးတို့မှာလည်း ရှိခဲ့သပေါ့။ လူဆိုတော့ 'မောဟ သားကောင်၊ လောဘသားကောင်၊ ဒေါသသားကောင်'ပင် ဖြစ်ခဲ့သည်။ ဒါကိုတော့ ဘုရင်မင်းတရားနှင့် မိဖုရားတို့သည် အဘယ်သို့ ရှောင်ကွင်းနိုင်မှာလဲ။



တစ်ခုတော့ စဉ်းစားစရာ ရှိသည်။ ဘုရင်မင်းတရားနှင့် မိဖုရားခေါင်ကြီးတို့သည် နန်းစံသက်အတွင်းမှာ ပြည်သူတွေအပေါ် ကြင်နာသနား ထောက်ထားစာနာလျက် ပြည်သူတို့နှင့်တစ်သားတည်း ရင်းနှီးခင်မင်စွာ စံစားခဲ့သော်ပြည်သူတို့က သည်သို့စော်ကား ကျူးလွန်ကြပါ့မလား။

သို့နှင့် နန်းပလ္လင်ကိုပင် စွန့်လွှတ်ခဲ့ရရှာသော မင်းနှစ်ပါးသည် ရွှေနန်းတော်အတွင်းမှာ တရုန်းရုန်း တအုန်းအုန်းနှင့် ပစ္စည်း 'ကဲ့ယူ' နေကြသော မိန်းမတွေကို မည်သို့မှ မဘားနိုင်တော့ပြီ။ လက်ပိုက်၍ ကြည့်နေရုံမှအပ ဘာမှမတတ်နိုင်ပြီ။

နောက်တစ်နေ့သို့ ကူးခဲ့၏။

ဘုရင်မင်းတရားနှင့် မိဖုရားခေါင်ကြီးတို့သည် ခရီးထွက်ရမည်မို့ ပစ္စည်းပစ္စယတွေကို ထုပ်ပိုးပြင်ဆင်ရသည်။ မိမိတို့နှင့် အနီးကပ်ဆုံး သယ်ဆောင်သွားနိုင်မည့် စိန်ရွှေရတနာ ပစ္စည်းများကိုသာ အမိကထား၍ သယ်ယူကြရ၏။ အင်္ဂလိပ်စစ်တပ်မှ ဗိုလ်ချုပ်ကြီး ပရင်းဒါးဂတ်စ်ကိုယ်တိုင် ဘုရင်မင်းတရားထံ အခစားဝင်မည်ဟု စလေဒင်က ကြိုတင်လျှောက်ကြားလာသည်။ သို့နှင့် ဘုရင်နှင့် မိဖုရားတို့သည် နွေရာသီ စံနန်းတော်သို့ ထွက်ကြ၍ စံနေတော်မူကြသည်။

ဗိုလ်ချုပ်ကြီး ပရင်းဒါးဂတ်စ်သည် ဘုရင်နှင့် မိဖုရားတို့ စံမြန်းနေသော နွေရာသီ စံနန်းဆောင်သို့ တန်းတန်းမတ်မတ် ဝင်လာသည်။ သူသည် ဘုရင်မင်းမြတ်နှင့် မျက်နှာချင်းဆိုင်သို့ ရောက်သောအခါ သူ့ညာလက်ကို ဘုရင်မင်းတရား ထံသို့ ကမ်းပေးလိုက်၏။ ဥရောပတိုက်သားတို့ ထုံးစံ လက်ဆွဲနှုတ်ဆက်ရန် ဗိုလ်ချုပ်ကြီး ပြင်ဆင်လိုက်သည်။ သို့သော် ဘုရင်မင်းတရားက မည်သို့မျှ တုံ့ပြန်ခြင်းမပြု။ ဥရောပတိုက်သားတို့၏ လက်ဆွဲ နှုတ်ဆက်ခြင်းကို နန်းတော် ကျဉ်းကျဉ်းကလေးထဲမှာ စံနေခဲ့ရသော မင်းတရားက မသိလို့ဘဲလား၊ မတူမတန်သော မိစ္ဆာကုလားဖြူ စစ်ဗိုလ်နှင့် လက်ဆွဲ နှုတ်ဆက်ရမည်ကို ဘုရင်မင်းတရား မလိုလား၍ဘဲလား။

ထိုနေ့က အခြေအနေ အရပ်ရပ်ကို ဆင်ခြင်သော် 'စုဖုရားလတ်' ၏ အခန်းကဏ္ဍက ဆိတ်ငြိမ်လွန်းလှသည်ကို တွေ့ရမည်။ ရွှေနန်းတော်မှာ တစ်စုံတစ်ရာ ထူးခြားသော အရေးအခင်း ပေါ်လေတိုင်း ရှေ့ဆုံးမှ တွေ့ရသော စုဖုရား၊ ခုတော့ ငြိမ်လှချည့်၊ တိတ်လှချည့်၊ အေးလှချည့်။ ဟိုတုန်းကတော့ 'ခွပ်' တော့မည့် ဒေါင်းမလေးသဖွယ် 'အမောက်' တထောင်ထောင်နှင့် ရှိနေသော

စုဖုရား။ ယခုတော့ သူ့အသံကို မကြားရ၊ သူ့အမူကို မမြင်ရ။ မိဖုရားသည် ဘာဖြစ်လို့ ဆိတ်ဆိတ်နေသလဲ။ ကြောက်နေလို့လား၊ ရှုံ့နေလို့လား။

သည်လိုတွေးလျှင် လွဲကုန်ကြမည်။ မိဖုရားကတော့ ဘာကိုမှ ကြောက်လိမ့်မည် မဟုတ်၊ ရှုံ့လိမ့်မည် မဟုတ်။ စဉ်းစားစရာရှိသည်က ဘုန်းတော်ကြီးလှသော ဘုရင်မင်းတရားသည် ထွက်တော်မူ နန်းက ခွာသွားတော့မည့် အချိန်၊ တန်ခိုးရှိန်ဝါတွေ အားလုံးကို ခွာချထားရသော အချိန်၊ သည်အချိန်မှာ ဘုရင်မင်းတရား သိက္ခာကျမည့် 'မိချောင်းမင်း ရေကင်းပြ' အလုပ်မျိုးကို မိဖုရားက ရှောင်ရတော့မည် မဟုတ်လား။ သည်လိုအချိန်မှာ ဘုရင်မင်းတရားသည် ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် အရာရာကို ဆုံးဖြတ်စေသင့်ပြီ မဟုတ်လား။ ဗိုလ်ချုပ်ကြီး ပရင်းဒါးဂတ်စ်က ဘုရင်နှင့် မိဖုရားတို့ကို ဧရာဝတီ မြစ်ဆိပ်ကမ်းနားမှာ ဆိုက်ကပ်ထားသော 'သူရိယ' မီးသင်္ဘောပေါ်သို့ ကြွချီရန် တောင်းပန်သည်။ ဘုရင်မင်းတရားသည် ရနိုင်သလောက် အချိန်ကို ဆွဲ၍ ရွှေနန်းတော်တွင်းမှာ နေခွင့်ရရန် ကြိုးပမ်းသေး၏။ သို့သော် ဗိုလ်ချုပ်ကြီး ပရင်းဒါးဂတ်စ်က ငြင်းပယ်သည်။ စစ်နိုင်သူ မဟုတ်လား။ သူပြောသလို လုပ်ရတော့မှာပေါ့။

ဘုရင်မင်းတရားနှင့် မိဖုရားခေါင်ကြီးတို့သည် မိဖုရား စုဖုရားငယ်၊ မယ်တော် ဆင်ဖြူမရှင်နှင့်အတူ ဧရာဝတီ မြစ်ဆိပ်ကမ်းသို့ ဆင်းခဲ့ရ၏။ ဘုရင်နှင့် မိဖုရားတို့ စီးနင်းရန် ယာဉ်ရထားဆို၍ ဘာမျှမရှိ။ သည်တော့ နွားဆွဲသော ဗီရိလှည်းတစ်စီးကို ရှာဖွေယူခဲ့ရသည်။ ဘုရင်မင်းတရားနှင့် မိဖုရား ခေါင်ကြီးတို့ ထုံးစံကတော့ နေပြည်တော်အတွင်း တိုင်းခန်းလှည့်လည်ကြလျှင် ဆင်စီး၍ ကြွချီကြသတဲ့။ ကြံ့ရပုံများကတော့ မနှိုင်းယှဉ်သာပြီ။ သီပေါဘုရင် မင်းတရားနှင့် မိဖုရားကြီးတို့ ထွက်တော်မူ နန်းက ခွာချိန်မှာ နွားလှည်း စီးပြီး ကြွချီရပါပြီ။ ကံဇာတာ နိမ့်ချိန်ကိုး။ ဘာတတ်နိုင်တော့မလဲ။

ထိုနေ့က ဧရာဝတီ မြစ်ဆိပ်ကမ်းသို့ ကြွမြန်းချိန်တွင် စုဖုရားလတ်၏ 'စရိုက်' ကို ပြက်ပြက်ထင်ထင် မြင်လိုက်ရသော မြင်ကွင်းနှစ်ရပ် ရှိခဲ့သည်။ ဘုရင်နှင့် မိဖုရားတို့ စီးနင်းလာသော ဗီရိလှည်းကို အင်္ဂလိပ် စစ်သားများက ဝဲယာနှစ်ဖက်ညှပ်၍ ခြံရံလာကြ၏။ လမ်းခရီးမှာ ဘုရင်မင်းမြတ်ကို ပြည်သူတို့က ဝင်လုလေမလား စိုးရိမ်ရသည်။ သည်တော့ လုံခြုံရေးအတွက် ကြပ်ကြပ်မတ်မတ် လုပ်သည်။ အင်္ဂလိပ် စစ်သားများသည် ဗီရိလှည်းနှင့် မနီးမဝေးမှ ခြေလှမ်းညီညီ လျှောက်နင်းလာကြ၏။



လမ်းခုလတ်တွင် မိဖုရား စုဖုရားလတ်သည် ဗီရိလှည်းမှ ခေါင်းပြူ၍ ထွက်လာ၏ မိဖုရားသည် တစ်ချက်ကလေးမှ မျက်နှာမပျက်။ သူ့ဟန်မှာ ပြုံးပြုံးရယ်ရယ်ပင် ရှိနေသည်။ မိဖုရားသည် ပျော်ပွဲစား ထွက်လာသည့် ဟန်။ ဘာကိုမှ မမှု၊ ဘာကိုမှ ဂရုမပြုသည့် ပုံသဏ္ဌာန်။

မိဖုရားသည် ဗီရိလှည်းဘေးမှ လိုက်ပါလာသော အင်္ဂလိပ် စစ်သားတွေထံသို့ ပြုံးရယ်ပြရင်း မီးခြစ်ပါသလားဟု လက်ဟန်ခြေဟန်ဖြင့် မေး၏။ မိမိလက်မှ ဆေးပေါ့လိပ်ကို ပြ၍ မီးခြစ်နှင့် မီးခြစ်ဆံ ခြစ်ဟန် လုပ်ပြခြင်း ဖြစ်သည်။ ပထမတွင် စစ်သားများသည် ဘာကို ပြောမှန်းမသိ ကြောင်စီစီနှင့် ကြည့်၏။ နောက်တော့ အဓိပ္ပာယ်ကို နားလည်သွားဟန်ဖြင့် စစ်သားတစ်ဦးက ဘောင်းဘီအိတ်ထဲမှ မီးခြစ်ကို နှိုက်ယူ၍ မိဖုရားထံ လာပေးသည်။ မိဖုရားသည် မီးခြစ်ကိုယူ၍ ဆေးလိပ်မီးညှိသည်။ ပြီးတော့ ကျေးဇူးတင်ဟန်ဖြင့် ပြုံးရယ်၍ ခေါင်းညိတ်ပြရင်း မီးခြစ်ကို ပြန်ပေးလေသည်။

မေးစရာ ရှိပါ၏။ မိဖုရားထံမှာ ဆေးလိပ်သာ ပါပြီး တကယ်ပဲ မီးခြစ် မပါလာတာလား၊ သို့မဟုတ် စစ်သားတွေထံမှ မီးခြစ်ကို တမင်တောင်းယူခြင်းကော မဖြစ်နိုင်ဘူးလား။ နန်းပလ္လင်ကို စွန့်ခွာခဲ့သော မိဖုရားသည် ဘာကိုမျှမမှု၊ ပြုံးကာ ရယ်ကာနှင့် ဆေးလိပ်သောက်မပျက် ရှိခဲ့သည်ကို နယ်ချဲ့မိစ္ဆာ စစ်သားတွေ သိအောင် သရုပ်ဆောင် ပြလိုက်ခြင်းကော မဖြစ်နိုင်ဘူးလား။ စဉ်းစားတွေးတောစရာပါ။

ဧရာဝတီမြစ်ဆိပ်ကမ်းရောက်တော့ ဘုရင်နှင့် မိဖုရားသည် သူရိယ သင်္ဘောပေါ်သို့ တက်ကြရသည်။ နေဝင်ပြီ။ အမှောင်လည်း ရောက်ပြီ။ ဆိပ်ကမ်းမှာလည်း ပြည်သူတို့မှာ ဟိုတစ်စု သည်တစ်စုဖြင့် ရှိနေကြသည်။ အမှောင်ရိပ်ခို၍ ဘုရင်နှင့် မိဖုရားကိုလာလုလျှင် မခက်ပါလား။

သူရိယ သင်္ဘောပေါ်သို့ ခပ်သုတ်သုတ် တက်စေရသည်။

သီပေါဘုရင်သည် ဘယ်လက်က မိဖုရားစုဖုရားငယ်၊ ညာလက်က မိဖုရား စုဖုရားလတ်တို့ကို တွဲလျက် သင်္ဘောကုန်းဘောင်ပေါ်သို့ လှမ်းတက်သည်။ သို့သော် လှမ်းသာလှမ်းသည်။ သူ့ခြေထောက်များက ကုန်းဘောင်ပေါ်သို့ မရောက်ကြ။ တုံ့ဆိုင်း၍ နေပါ၏။ သည်နိုင်ငံတော်၊ သည်ရွှေနန်းနှင့်၊ သည်မင်းနေပြည်တော်ကို စိုးစံခဲ့သော ဘုရင်မင်းတရား၊ ယခုတော့ စိတ်သွားတိုင်း ကိုယ်

မပါ၍ လိုရာသို့ မရောက်နိုင်တော့ပြီ။ လှမ်းလိုက်သော ခြေထောက်များက သဘော်၊ ကုန်းဘောင်ကို မနင်းမိ။ သည့်မြေနှင့် သည်နိုင်ငံတော်ကို သံယောဇဉ် မပြတ် ဖြစ်နေသည် ထင်ရဲ့။

သည်လိုအခြေအနေ မျိုးကျတော့ 'စုဖုရားလတ်'၏ အခန်းကဏ္ဍ ရောက်ပါပြီ။ နယ်ချဲ့ မိစ္ဆာကောင်တွေ ရှေ့မှာ ဘာဖြစ်လို့ ရှုံ့နေ တုံ့နှေးနေရသလဲ။ စုဖုရားလတ်က မောင်တော်မင်းဘုရား၏ လက်ကို ခပ်သွက်သွက်ဆွဲ၍ သဘော် ကုန်းပတ်ပေါ်သို့ တက်၏။ မိဖုရားက ရှေ့မှနေ၍ မိမိလက်ကို ဆွဲ၍ တက်သွားတော့ ဘုရင်မင်းတရား တုံ့နှေး၍ မနေတော့ပြီ။ သဘော်ပေါ်သို့ တစ်လှမ်းချင်း လှမ်း တက် သွားသည်။ စုဖုရားတို့ စိတ်ဓာတ်က သည်လိုပါပဲ။ မနိုင်၍ ရှုံးရသည် ဖြစ်ပေမယ့် အခွင့်ပေါ်လျှင် ကုန်းဘောင် မင်းဆက်ရဲ့ 'သွေး' ကို ရဲရဲပြလိုက်ချင်သေးသည်။

သူရိယ သဘော်ပေါ်သို့ ဘုရင်နှင့် မိဖုရားတို့ တက်ရောက်ကြသည်နှင့် သဘော်သည် မြစ်လယ်သို့ ခုတ်မောင်းသွားသည်။ ထိုနေ့ညက သူရိယ သဘော်သည် လုံခြုံရေးအတွက် မြစ်လယ်မှာပင် ကျောက်ချ ရပ်နေလေသည်။

သဘော်ပေါ်တွင် သီးသန့်အခန်းများပါရှိသည်။ ဘုရင်မင်းတရားအတွက် အထူး ပြင်ဆင်ထားသော အခန်းနှင့် မိဖုရားများ အတွက်လည်း သီးသန့် အခန်းများ ထားရှိပေးသည်။ တစ်ချိန်က သီပေါဘုရင်နှင့် လက်ဆက်ခဲ့သော စုဖုရားလတ်၏ အစ်မတော် စုဖုရားကြီးလည်း ဆင်ဖြူမရှင်နှင့်အတူ လိုက်ပါလာခဲ့သည်။ ဘုရင်မင်းတရား၏ ဆွေတော် မျိုးတော် အချို့နှင့် မိဖုရား စုဖုရားလတ်ကို မခွဲနိုင်သော အပျိုတော် အချို့လည်း ပါရှိသည်။ စုစုပေါင်း ခရီးသည် ၈၀ ခန့်ကို သဘော်ပေါ်တွင် တွေ့နိုင်ကြမည် ဖြစ်ပေသည်။

မိဖုရား စုဖုရားလတ်ထံတွင် ထိုခေတ်က ကာလတန်ဖိုးကျပ် ၇ သိန်းခန့် တန်သော ရွှေငွေ စိန်ကျောက် လက်ဝတ်ရတနာများ ပါရှိလာ၏။ ဒါကတော့ ဘုရင်နှင့် မိဖုရားတို့ထံ ပါရှိသော အတွင်းပစ္စည်းကို စာရင်းပေးပါဟု ဆို၍ ပြုလုပ်ပေးသော စာရင်းရှိ ပစ္စည်းသာ ဖြစ်၏။ ဘုရင်နှင့် မိဖုရားများ၊ သမီးတော်များ၏ ကိုယ်တွင် ဝတ်ဆင်ထားသော ပစ္စည်း၏ တန်ဖိုး မပါသေး။

မူလအစ နန်းတော်မှ ထွက်ခွာ လာစဉ်တုန်းကတော့ သည်မျှမက ပါလာသည် မှန်ပါ၏။ သို့သော် သဘော်သို့ ဆင်းစဉ်က သည်ရတနာပစ္စည်း



အထုပ်အပိုးကို ရွက်လာသော အပျိုတော် တစ်ဦးမှာ ဘေးမှ ဝိုင်းကြည့်နေသော လူအုပ်ထဲသို့ ပြေးဝင် ပျောက်ကွယ်သွားသည်။ သည်လို ပျောက်ကွယ်သွားသော အပျိုတော်တွေ ဘယ်နှစ်ဦးရှိသည်ကို မိဖုရား မသိရ။ သူတို့နှင့် အတူ ဘာ ပစ္စည်းတွေ ပါသွားမှန်းလည်း မသိရ။ မတတ်နိုင်ပြီ။ လူတာတောင် ဘယ်လို ဒုက္ခတွေနှင့် ကြုံဦးမည် မသိရ။ 'ပစ္စည်းသခါရ လူသခါရ' ပေပဲ။ သည်သို့ပင် သဘောပိုက်၍ ဖြေလိုက်ရတော့မည် မဟုတ်လား။

ရန်ကုန်သို့ သူရိယသဘော် ဆိုက်ကပ်သောအခါတွင် သီပေါဘုရင်မင်းတရားနှင့် စုဖုရားလတ် စုဖုရားငယ်တို့က တစ်စု၊ မယ်တော် ဆင်ဖြူမရှင်နှင့် သမီးတော် စုဖုရားကြီးတို့က တစ်စု လမ်းခွဲကြဖို့ ဖြစ်လာ၏။ ဆင်ဖြူမရှင်သည် သမီးတော်အကြီးနှင့်အတူ ထားဝယ်သို့ ခရီးဆက်မည် ဖြစ်သည်။ ဘုရင်နှင့် မိဖုရားတို့ကို အိန္ဒိယနိုင်ငံသို့ သယ်ဆောင်သွားမည် ဖြစ်ရာ ဆင်ဖြူမရှင်က မလိုက်လို။ သို့နှင့် သမီးတော် စုဖုရားကြီးလည်း မယ်တော်နှင့်အတူ လိုက်ပါသွားမည်ဖြစ်သည်။ 'ကျောင်းတော်က ရန်စ ရှိဖူးသော' စုဖုရားကြီးသည် ညီမတော် စုဖုရားလတ်နှင့် အတူ အိန္ဒိယနိုင်ငံသို့ မလိုက်ပါနိုင်ခြင်း အတွက် အံ့သြစရာ မရှိတော့ပြီ။

အိန္ဒိယနိုင်ငံသို့ ထွက်ခွာမည့် သီပေါဘုရင်နှင့် စုဖုရားလတ်တို့ မိသားစုသည် ပင်လယ်ကူးသဘော်ကြီး 'ကင်းနင်း' ပေါ်သို့ ပြောင်းရွှေ့ကြရသည်။ ၁၈၈၅ ခု ဒီဇင်ဘာလ ၁၀ရက်နေ့တွင် 'ကင်းနင်း' သဘော်ကြီးသည် ရန်ကုန် ဆိပ်ကမ်းမှ စတင်ထွက်ခွာခဲ့ပြီ။ မြန်မာနိုင်ငံကို အပြီးအပိုင် စွန့်ခွာခဲ့သဖြင့် ဘုရင်မင်းတရား ကြေကွဲ ဝမ်းနည်းမိသလား။ မိဖုရား စုဖုရားလတ်ကရော ရင်ထဲမှာ ဘယ်လိုခံစားနေရရှာမလဲ။ ဆွေးမြေ့နာကြည်းမှု ဖြစ်လေမလား။ မှတ်စုမှတ်ရာ မကျန်ခဲ့၍ မသိရ။ ပျော်ရွှင်နေမည် မဟုတ်သည်တော့ သေချာပါ၏။

ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ကင်းနင်းသဘော်ကြီးသည် အိန္ဒိယနိုင်ငံ မဒရပ်မြို့သို့ ဆိုက်ရောက်ခဲ့သည်။ ဘုရင်နှင့် မိဘုရားများကို မဒရပ်မြို့မှနေ၍ သက်ဆိုင်ရာ တာဝန်ခံအရာရှိတို့က ဂရုတစိုက် ကြိုဆိုကြပါ၏။ ခမ်းနားသော အိမ်ကြီးတစ်လုံးနှင့် ခန့်ညားထည်ဝါစွာဖြင့် ပြုစုကြသည်။ ဘုရင်နှင့် မိဖုရားများကို ရတနာဂီရိမြို့တွင် ထားရှိရန် စီမံထားသည်။ ရတနာဂီရိမြို့ကား ဘုံဘေမြို့မှ တောင်ဘက်သို့ ပင်လယ်ခရီး သွားရမည် ဖြစ်၏။ သို့သော်

ယခုချက်ချင်း ရတနာဂီရိသို့ ခရီးထွက်ရန် မလိုသေး။ ရတနာဂီရိသို့ မိုင် ၁၂၀ ခရီး သွားရလိမ့်မည်။ ပြီးတော့ ဘုရင့်စံနန်းအတွက်လည်း ပြုပြင်မှုများ မလုပ်ရသေး။ အရေးအကြီးဆုံး အချက်တစ်ခုလည်း ရှိသေး၏။ မိဖုရား စုဖုရားလတ်ထံတွင် နှုတ်ငုံတော် အရင့်အမာ ရှိနေ၍ပင်တည်း။ မိဖုရား မီးရှူး သန့်စင်တော်မူရန်အတွက် လိုအပ်သမျှကို မဒရပ်မြို့မှာပင် စီစဉ်ပေးရဦးမည် ဖြစ်သည်။

စုဖုရားလတ်သည် သမီးတော်တစ်ပါးကို ဖွားမြင်တော်မူပြန်သည်။ ယခုအခါတွင်တော့ သမီးတော် ဖွားမြင်လာခြင်းကြောင့် စုဖုရားလတ်ရော၊ ဘုရင်မင်းတရားပါ မည်သို့မျှ ထူးခြားသော ခံစားမှု မရှိတော့ပြီ။ ယခင့်ယခင် အခါများကတော့ မီးဖွားတော့မည် ရှိတိုင်း သားတော်ကလေး ဖွားမြင်ရန် မျှော်လင့်တကြီး ရှိခဲ့ရသည်။ သားတော်ကလေးကို ဖွားမြင်မှသာလျှင် မိမိတို့အတွက် နန်းလျာရမည်ဟု အားထား မျှော်လင့်ခဲ့ခြင်း ဖြစ်သည်။ ယခုတော့ နန်းပလ္လင်သည် အဝေးကြီးမှာ ဟိုးအဝေးကြီးမှာ ကျန်ခဲ့ပြီ။ နန်းပလ္လင်ကို ပြန်လည်အုပ်စိုးရန်ဆိုသည်က အိမ်မက်မက်၍ပင် မရနိုင်တော့သော အခြေအနေ မဟုတ်လား။ သည်တော့ ယခုအချိန်အခါမှာတော့ သမီးတော်ပဲ ဖွားဖွား၊ သားတော်ပဲ ဖွားဖွား၊ အရေးမဟုတ်တော့ပြီ။

သမီးတော်ကလေး ဖွားပြီးတော့ အနိမ့်နန်းမှာ စံမြန်းနေရသည် ဖြစ်ပေမယ့် ခေါင်းဆေးမင်္ဂလာ လုပ်ချင်သေးသည်။ သို့နှင့် ဘုရင်နှင့် မိဖုရားတို့သည် ရတနာပုံ နေပြည်တော်ရှိ ပုဏ္ဏားတော်တို့ကို ခေါ်ပေးရန် မဒရပ်ရှိ အာဏာပိုင်တို့ထံ တောင်းဆိုလိုက်၏။ သည်တွင် မဒရပ်အာဏာပိုင်တို့ အကျပ်တွေ့ရပြီ။ သည် အခမ်းအနားအတွက် မြန်မာနိုင်ငံမှ ပုဏ္ဏားတော်များ မှာယူပေးရန် မဖြစ်နိုင်ပါကလား။ ဘုရင်နှင့်မိဖုရား စိတ်ကျေနပ်အောင်လည်း ပြုစုလိုသည်။ သို့နှင့် အိန္ဒိယနိုင်ငံရှိ ပန်ချန်ဂမ့်ပုဏ္ဏားတော် တစ်ဦးကို ရှာဖွေ၍ ပေးကြသည်။ သည်မျှနှင့် ကျေနပ်ပါရန် မဒရပ်အာဏာပိုင်တို့က ဘုရင်နှင့်မိဖုရားတို့ကို တောင်းပန်ကြသည်။ ကဲ ကဲ ရှိပါစေတော့။ အရေးကြီးတာ တစ်ခုကျန်သေး၏။ သမီးတော်ကလေး၏ အချင်းဆေးရန် ရွှေလင်ပန်း လိုနေသည်၊ ဘယ်လိုလုပ်ကြမလဲ။

သည်ကိစ္စကတော့ ခက်ခဲလှသည် မဟုတ်။ အိန္ဒိယနိုင်ငံမှာလည်း ပန်းထိမ်တော်တွေ ရှိခဲ့သည် ဟုတ်လား။ ဘုရင်မင်းတရား အလိုရှိသော ရွှေလင်ပန်းပုံစံကိုသာ ပြောပါ၊ ဖြစ်နိုင်သည့် နည်းဖြင့် ရအောင် အပ်နှံပေးမည်ဟု မဒရပ်



အာဏာပိုင်တို့က ကတိပြုသည်။ သို့နှင့် ဘုရင်မင်းတရားနှင့် မိဖုရား စုဖုရားလတ်တို့ အကြိုက် ရွှေလင်ပန်းကို အိန္ဒိယ ပန်းထိမ်တော်တို့ထံမှ ရခဲ့၏။ ရွှေလင်ပန်း၏ အကျယ်မှာသုံးပေ ရှိသည်။ ပတ္တမြားကျောက်နီကလေး လုံးရေ ၁၅၀ ကို လင်ပန်း၏ နှုတ်ခမ်းဝန်းကျင်မှာ လှပစွာ စီခြယ်ထား၏။ စုစုပေါင်း ရွှေချိန်တိုလာ ၇၀၀ ရှိသည်။ ကာလပေါက်ဈေးနှင့် ကျပ် ၁၃၀၀ ခန့် တန်သည်။ ဘုရင်မင်းတရားကပင် ပတ္တမြားကျောက်နီလုံးနှင့် ရွှေသားကို ထုတ်ပေး၏။ လက်ခကိုမူ အင်္ဂလိပ် အစိုးရကပင် တာဝန်ယူလိုက်သည်။

ကျေနပ်စရာပေပဲ။ မိဖုရားခေါင်ကြီး စုဖုရားလတ်သည် နန်းပလ္လင်နှင့် အဝေးကြီးသို့ ရောက်နေစဉ်မှာပင် သမီးတော်ကလေးကို ရွှေလင်ပန်းနှင့် အချင်းဆေးနိုင်ခဲ့သည်။ ပြောစမှတ်ကြီး တစ်ခုတော့ ဖြစ်ကျန်ရစ်သည်ပေါ့။ စုဖုရားလတ်ဆိုတဲ့ မိဖုရားကဖြင့် အနိမ့်နန်းမှာ စံရသည်လို့ မာန်ကမချ၊ စိတ်ကမလျှော့၊ သမီးတော်ကလေး မီးဖွား သန့်စင်တော့ ပတ္တမြားခြယ်သော ရွှေလင်ပန်းနှင့် အချင်းဆေးခဲ့သေး မဟုတ်လားလို့၊ ကျေနပ်စရာ ကောင်းပါ၏။သို့သော် ကျေနပ်စရာ မကောင်းသည်က ရုံရွှေတော်များ ပြဿနာပင် ဖြစ်လေ သည်။ စုဖုရားလတ်ကို ခစားရန် မန္တလေးမှ နေ၍ အပျိုတော်များ လိုက်ပါ လာခဲ့သည်ကို ဖော်ပြပြီး ဖြစ်သည်။ ဘုရင်နှင့် မိဖုရားတို့ အာဏာမဲ့ချိန် ရောက်ပြီ ကိုး။ အခြေအနေ အရပ်ရပ်သည် အဖြူနှင့် အမည်းလို ကွဲပြား ပြောင်းလဲခဲ့ သည်။ ဒါကို ဘုရင်နှင့်မိဖုရားကြီးတို့က မသိမဟုတ် သိပါ၏။ သို့သော် စကားပုံရှိသလိုပါပဲ။ 'အသိခေါက်ခက် အဝင်နက်' သတဲ့။ မိမိတို့သည် ဩဇာ အာဏာမရှိတော့သည် မှန်စေ။ အစေအပါးတို့က ယခင်ကလိုပင် ဦးခိုက် ရှိသေစေလိုသည်။ ရှို့ကြောက် လေးစား ရှိစေလိုသည်။ ပုံစံက နန်းတွင်းမှာ တုန်းကလို 'စေသောကျွန်၊ ထွန်သောနွား' သို့ ရှိစေလိုသည်။ သို့သော် ဘုရင်နှင့် မိဖုရားတို့၏ အစေအပါးတွေက သည်သို့ မဟုတ်တော့ပြီ။ ရိုသေလေးစားမှု လျော့၏။ ဘုရင်နှင့်မိဖုရားတို့၏ ဩဇာကမတည်၊ သည်တွင် စိတ်ဆင်းရဲစရာ တွေကို အဆက်မပြတ်ကြုံခဲ့ရပြီ။

ပထမဆုံး ကြုံတွေ့ရသည်က တောင်ဖင် မင်းသမီး ပြဿနာ။

စုဖုရားလတ်သည် မီးဖွားပြီးစဆိုတော့ သွေးနုနု သားနုနု။ သည်တော့ မိဖုရားကို အမြဲမပြတ် ပြုစုနေရန် သူနာပြုလိုသည်။ သည်တာဝန်ကို မြန်မာနိုင်ငံ

မှ လိုက်ပါလာသော တောင်ဇင်မင်းသမီးက ယူသည်။ မိဖုရား၏ ကျန်းမာရေးမှ အစစ မိဖုရားကို ပြုစုရန် 'သူနာပြု' အဖြစ် တောင်ဇင် မင်းသမီးသည် တာဝန်ကျေစွာ ထမ်းဆောင်ခဲ့သည်။

တောင်ဇင်မင်းသမီးခမျာ သူ့ဘာသာနေတာက အကောင်းသားပဲ။ ဝတ္ထုရား ကျေပွန်သည် ဖြစ်တော့ ဘုရင်မင်းတရားကပင် စိန်ဘယက်တစ်ကုံးကို ဆုချီးမြှင့် ထားသေး၏။ သို့သော် မြန်မာပြည်မှာ ကျန်ရစ်သော မင်းသမီး၏ ချစ်ခင်ပွန်းသည် 'မောင်ဩ' က မဒရပ်သို့ လိုက်လာခဲ့၏။ မောင်ဩ၏ မေတ္တာကိုတော့ ချီးမွမ်းစရာ မကောင်းလား။ ချစ်သမျှတွေကို မြင်းမိုရ်တောင်နှင့် မဖွဲ့။ လက်တွေ့ ပြလိုက်၏။ ရေခြားမြေခြား ပင်လယ်ဒေသ တလွှားကို ဖြစ်သည့်နည်းနှင့် ဖြတ်ကျော်၍ မဒရပ်မြို့အရောက် လိုက်လာခဲ့ပြီ။ မောင်ဩသည် ဘုရင့်ယာယီစံနန်းတော်သို့ ရောက်လာ၏။

သို့သော် စံနန်းစောင့် အမှုထမ်းတို့က မောင်ဩကို ဝင်ခွင့်မပြု။ မောင်ဩကလည်း မိမိဇနီးကို လာခေါ်သည်ဟု ပြောလေပြီ။ တောင်ဇင်မင်းသမီးကလည်း ခင်ပွန်းသည်တစ်ယောက် ရေခြားမြေခြား ပင်လယ်ခြားသို့ရောက်လာပြီ ဆိုတော့ တွေ့ချင်လွန်းလှသည်။ တွေ့ပါရစေဟု တောင်းပန်သည်။ ခက်သည်က ထိုသို့သာ တွေ့ခွင့်ပြုပါလျှင် မိဖုရားကြီးကို ပြုစုမည့်သူ ရှိတော့သည် မဟုတ်။ မင်းသမီးသည် မောင်ဩနှင့် ပြန်လိုက်သွားလိမ့်မည်မှာ သေချာလှသည်။ စုဖုရားလတ်မှာ ဘာမျှ မကြံတတ် မစည်တတ် ဖြစ်ရှာပြီ။ ထို့ကြောင့် တောင်ဇင် မင်းသမီးနှင့် မောင်ဩတို့ ဇနီးခင်ပွန်း တွေ့ကြမည့် အရေးတွင် ဘုရင်နှင့် မိဖုရားတို့သည် အဖျက်သမား ဝင်လုပ်ကြလေသည်။ တွေ့ခွင့်မပြု။

သားသမီး နှစ်ယောက်ကို လက်ဆွဲ၍ လိုက်လာသော မောင်ဩကမူ သက်ဆိုင်ရာ အာဏာပိုင်တို့ထံ ချဉ်းကပ်သည်။ မိမိနှင့် သားသမီးတွေကို ဇနီးသည်နှင့်တွေ့ခွင့်မပြုဘူးလား။ တွေ့ခွင့်မပြုရင်လည်း မြန်မာပြည်သို့ ပြန်ပါတော့မည်ဟု ပြောနေ၏။ သည်သတင်းကို ကြားတော့ တောင်ဇင်မင်းသမီးခမျာ ရင်ထဲမှာ မီးတောက်ရချေသည်။

တော်ပါသေးရဲ့။ ပြဿနာကို အင်္ဂလိပ်အစိုးရက ဝင်ရှင်းပေးသည်။ မင်းသမီးကို မောင်ဩနှင့် တွေ့ခွင့်ပြုပါရန် ဘုရင်နှင့် မိဖုရားကို တောင်းပန်သည်။ လူတစ်ဦး၏ ကိုယ်ပိုင်အခွင့်အရေးကို ချုပ်နှောင်ထားရန် မသင့်ပါဟုလည်း



ပြောသည်။ ဘုရင်နှင့် မိဖုရားတို့အဖို့ ဘာတတ်နိုင်မှာလဲ။ နောက်ဆုံးတော့ မင်းသမီးကို စံနန်းတော် အပြင်သို့ ထွက်ခွင့်ပြုလိုက်၏။ မင်းသမီးထံမှာ ပေးဆင်ထားသော စိန်ဘယက်ကိုမူ စုဖုရားလတ်က ပြန်ယူထားလိုက် လေသည်။ ထင်သည့်အတိုင်းပင် မင်းသမီးသည် လင်နှင့်သားနှင့် အတူ မြန်မာပြည်သို့ ပြန်သွားလေသည်။

အနိမ့်နန်းမှာ စံမြန်းရလို့ စုဖုရားလတ် စိတ်ဓာတ်ကျလေသလား၊ မေးနိုင်ကြသည်။ စုဖုရားလတ်သည် စိတ်ဓာတ်ခက်ထန်မှုကို လျှော့လိုက်ပြီတဲ့လား။ စောကြောနိုင်ကြသည်။ ကြည့်ပါဦးတော့။ တောင်ဇင်မင်းသမီး ပြဿနာတွင် စုဖုရားလတ် စိတ်ဓာတ်ကို အကဲခတ်နိုင်လိမ့်မည်။ မင်းသမီးထံမှာ ပေးထားသော စိန်ဘယက်ကို မိဖုရားက ပြန်တောင်းလိုက်သည်တဲ့။ စိတ်ဘယက်က ဘယ်လောက် တန်ဖိုးရှိသလဲ။ မိဖုရားက နှမြောလို့ပဲ ပြန်တောင်းသည်တော့ မဖြစ်နိုင်။ ပါးကိုက်လျှင် နားကိုက်မည်ဟု မိဖုရားက ဆုံးဖြတ်လေသလား၊ စံနန်းတော်မှာ မနေတော့ဘူး ဆိုလျှင် တို့ပစ္စည်း ပြန်ပေးခဲ့ဟု စိတ်လိုက်မာန်ပါ ပြန်ယူထားလိုက်ခြင်းပဲ ဖြစ်ပေလိမ့်မည်။

မိဖုရားက စိတ်လျှော့သည် ဖြစ်စေ၊ မလျှော့သည် ဖြစ်စေ၊ မိဖုရားကို ခစားနေကြသော အပျိုတော် ကလေးများကမူ ယခင်ကလို စိတ်ဓာတ်မျိုး မရှိတော့ သည်မှာ အမှန်ပဲဖြစ်သည်။ သည်အပျိုတော်ကလေးများသည် မိဖုရားကို ချစ်လွန်း၍၊ မြတ်နိုးကြည်ညိုလွန်း၍သာ မိဝေးဖဝေးနှင့်ရေခြားမြေခြားသို့ လိုက်ခဲ့ကြခြင်းမဟုတ်လား။ သို့သော် ရက်လအတော်ကြာတော့ အပျိုတော်ကလေးတွေမှာ အိမ်ကို လွမ်းကြပြီ။ မိဖတွေကို လွမ်းကြပြီ။

သည်တွင် စုဖုရားနှင့် အပျိုတော်ကလေးတို့အကြားမှာ ကွာဟမှုက စတင်ခဲ့သည်။ အပျိုတော်ကလေးတွေက မိဖုရား၏ စကားကို နားမထောင်ချင်သလို အာဏာဖီဆန်ချင် သလိုလို ဖြစ်လာကြ၏။ တစ်နေ့တွင်တော့ ပြဿနာ၏ အစွန်းအစသည် ဘွားခနဲ ပေါ်လာခဲ့သည်။

အပျိုတော်ကလေးများကို ၆ ဦးစီပါသော အဖွဲ့နှစ်ဖွဲ့ ခွဲထားသည်။ ညအိပ်ချိန်မှာ တစ်ဖွဲ့စီက အလှည့်ကျ တာဝန်ယူ၍ မိဖုရားကို အိပ်ဖန်တော်စောင့်ရသည်။ မိဖုရားကို အပျိုတော်တွေက အိပ်ဖန်တော် စောင့်ရသည် ဆိုခြင်းမှာ ဘာဆန်းလို့လဲ၊ နန်းတော်တွင်းမှာ ရှိစဉ်တုန်းကလည်း သည်လိုပဲ အိပ်ဖန်တော်

စောင့်ကြရသည်။ အိပ်ဖန်တော်စောင့်သည် ဆိုရာ၌ တာဝန်ကျချိန် တစ်ချိန်လုံး မအိပ်ဘဲ စောင့်ရသည်။ မိဖုရားကြီး စက်ရာမှ နိုးလာလျှင် တောင်းသမျှ၊ ခိုင်းသမျှကို မဖင့်နွှေးစေဘဲ ဆောင်ရွက်ပေးရ၏။ အပျိုတော်ကလေး တစ်ဦးမှာ အိပ်ဖန်စောင့် နေစဉ် အိပ်ငိုက်မိသည်ဆိုပါစို့။ မိဖုရား၏ အရိုက်အနှက် ခံရမြဲတဲ့။ နီးရာပစ္စည်းနှင့် အပေါက်ခံကြရသတဲ့။ ဘုရင့်အပါးမှာ ခစားနေသော ပန်းတိမ်းဝန်ကလည်း အပျိုတော်ကလေးတွေကို ရိုက်သည်၊ နှက်သည်တဲ့။ တော်သေးတာပေါ့။ ရွှေနန်းတော်မှာ ရှိတုန်းကသာ သည်လို အိပ်ငိုက်ကြလျှင် သည်မျှမက အပြစ်ဒဏ် ခံကြရလိမ့်မည်။

တစ်နေ့တွင် မိဖုရား အပျိုတော် ကလေးတွေက ဆန္ဒပြကြသည်။ မြန်မာပြည် ပြန်ပို့ပေးပါဟု တောင်းဆိုကြသည်။ ဘုရင်နှင့် မိဖုရားတို့ ခိုင်းစေသမျှကို မလုပ်ဘဲ အာဏာဖီဆန်သည်။ ပြဿနာ အစကတော့ စောစောက ဖော်ပြခဲ့သော ပန်းတိမ်းဝန်ကြောင့်ပါပဲ။ အပျိုတော် ကလေးတွေမှာ အပြစ်မရှိဘဲနှင့် ပန်းတိမ်းဝန်က ရိုက်သည်ဟု ဆို၏။ ထို့ကြောင့်အပျိုတော် တစ်စုက ပြည်တော် ပြန်ဖို့ရန်သာ တောင်းဆိုနေကြသည်။

သည်ကိစ္စကို သီပေါဘုရင်၏ အိမ်တော်ဝန်ဖြစ်နေသော မစ္စတာ ဖန်ရှုဝေးက ဝင်ရှင်းရ၏။ နှစ်ဖက် ကျေကျေအေးအေး ဖြစ်အောင် စေ့စပ်ပေးခဲ့သည်။ သို့နှင့် အပျိုတော်ကလေးတွေက လုပ်ငန်းခွင်သို့ ပြန်ဝင်၏။ တစ်ဦးကလွဲ၍ အားလုံးကပင် ကြေကြေနပ်နပ် ဖြစ်သွားကြပါပြီ။ အဲ မကြေနပ်သူ တစ်ဦးကား မိဖုရား စုဖုရားလတ်။

စုဖုရားလတ်ကား စိတ်ကြီးသူ မဟုတ်လား။ ယခုချိန်အထိ စိတ်မလျှော့နိုင်သေးသူ မဟုတ်လား။ မိမိကဲ့သို့ နန်းမတော် မိဖုရားကြီးအား အာဏာဖီဆန်ခဲ့သူ အပျိုတော်ကလေးတွေကို စိတ်ကြေနိုင်၊ ခွင့်မလွှတ်နိုင်။ ထို့ကြောင့် မိမိနှင့် အဆင်ပြေသူ အပျိုတော် ၅ ဦးကိုသာ မိဖုရားအခန်းထဲသို့ ဝင်ရောက်ခစားခွင့်ပြုသည်။ ကျန်သော အပျိုတော်တွေ၏ မျက်နှာကို မိဖုရားက မကြည့်လိုပြီ။ အခန်းထဲ ဝင်ခွင့်မရှိ။ ဝေးဝေးသာ နေကြတော့။

ပြဿနာမီးပွားသည် ထိုမျှနှင့် ငြိမ်းသွားလျှင် ကောင်းပါလေရဲ့။ ယခုတော့ မငြိမ်းနိုင် မအေးနိုင်ဘဲ ဆက်၍ လောင်မြိုက်ခဲ့သည်။ သည်တစ်ကြိမ်မှာတော့ ပြဿနာ၏ လက်သည်မှာ မိဖုရားကြီး ကိုယ်တိုင်ပင် ဖြစ်နေတော့သည်။



မိမိ၏ အခန်းထဲသို့ ဝင်ခွင့်ပြုထားသော အပျိုတော် ၅ ဦးကို မိဖုရားကြီးက အထူးဂရုစိုက်၍ ဆက်ဆံသည်။ အပျိုတော်ကလေး ၅ ယောက်မှာ မိဖုရားကြီး ဆင်ပေးထားသော လက်ဝတ်ရတနာအသစ်များနှင့် ရွှေတွဲလွဲ စိန်တွဲလွဲ ဖြစ်နေကြ၏။ မိဖုရားက သည်ရတနာတွေကို ဆင်ပေးရာမှာ မိမိ မလိုလား၍ ပယ်ထားသော အပျိုတော်တွေ ရှေ့မှာ ဖြစ်သည်။ မူကတော့ တစ်ဖက်သား မခံနိုင်အောင် ဆွပေးသလို ရှိတော့၏။ ဤတွင် မိဖုရားနှင့် မသင့်မတင့်ဖြစ်သော အပျိုတော်တွေက တုန့်ပြန်ကြသည်။ သူတို့သည် မိဖုရားရှေ့မှာ၊ မိဖုရား အခန်းအနီးမှာ ဟားတိုက်၍ ရယ်မောကြ၏။ ဆူညံဆူညံ အသံတွေပြုသည်။ အော်ကြီး ဟစ်ကျယ် စကားပြောသည်။ ဒါကို ဘုရင်မင်းတရား ကိုယ်တိုင် ဝင်ရောက်တားဆီး ပါသေး၏။ ပြောလည်း ခဏပါပဲ၊ တစ်ကြိမ်ပါပဲ၊ နှစ်ကြိမ်ပါပဲ။ နောက်တော့ ဆူမြဲဆူကြသည်၊ ရယ်မြဲ ရယ်ကြသည်။ အော်ကျယ် ဟစ်ကျယ် လုပ်မြဲ လုပ်ကြလေသည်။

နောက်ဆုံးတော့ အာဏာဖီဆံနေသူ အပျိုတော် ၇ ဦးကို မြန်မာပြည် ပြန်ပို့လိုက်ရန် ဘုရင်နှင့် မိဖုရားတို့က သဘောတူကြသည်။ ထို့ကြောင့် အိမ်တော်ဝန် ဖန်ရှုဝေးသည် 'အက်စ်အက်စ်အာရှ' ပင်လယ်ကူး သင်္ဘောပေါ်သို့ အပျိုတော် ၇ ဦးကို တင်ပေးလိုက်၏။ သင်္ဘောပေါ်ရောက်တော့ အပျိုတော်ကလေးများသည် တစ်မျိုး ဖြစ်သွားကြပြန်သည်။ အရှင်နှစ်ပါးကို လွမ်းဆွတ်နေကြပြီ။ မြန်မာပြည် မပြန်လိုတော့ပါဟု ငိုယိုတောင်းပန်ကြသည်။ မိဖုရားကြီးထံ ပြန်ပို့ပေးပါဟု ပြောကြသည်။ ဘယ်သို့မျှ မတတ်နိုင်ပြီ။ သည်မိန်းကလေးတွေ၏ ပြဿနာကို ဆက်ပြီး ရင်မဆိုင်လိုသော အိမ်တော်ဝန် ဖန်ရှုဝေးသည် သူတို့ အလို မလိုက်နိုင်တော့။

အမှန်တော့ သည်ပြဿနာကလေးတွေမှာ နန်းစွန့်ခဲ့ရသော ဖြစ်ရပ်ကြီးနှင့် နှိုင်းယှဉ်သော် အသေးအမွှားမျှသာပါ။ ဘာမျှ မဖြစ်လောက်သော ကိစ္စကလေးတွေပါ။ သို့သော် သည်ပြဿနာ အသေးအမွှား ကလေးတွေက ဘုရင်နှင့် မိဖုရားတို့၏ နေ့စဉ်ဘဝကို အဖုအထစ် အနှောင့်အယှက်ကလေးအဖြစ်၊ လာ 'ခု' နေကြသည်။ သည်တော့ ဘုရင်ရော မိဖုရားပါ စိတ်မချမ်းသာ နိုင်ကြပြီ။

စဉ်းစားကြည့်နိုင်မည် ဆိုကလည်း 'ဘယ်သူမပြု မိမိမှု' ပေပဲ။ မင်းနှစ်ပါးသည် မိမိတို့၏ လက်တွေ့ဘဝကို ကြေကြေနပ်နပ် နားလည် လက်ခံနိုင်ခြင်း မရှိကြ။ ဤသည်ကပင် ပြဿနာ အလုံးအထွေးကလေးများကို လက်ယပ်ခေါ်

သလို ဖြစ်နေသည်။ ဘုရင်နှင့် မိဖုရားတို့ကသာ လက်ရှိ 'အနိမ့်နန်း' ၏ အခြေအနေကို နားလည်လက်ခံနိုင်ကြလျှင် ခွင့်လွှတ်တန်သည်ကို ခွင့်လွှတ်၊ နှစ်သိမ့်တန်သည်ကို နှစ်သိမ့်၊ စေ့စပ်ကြေအေးတန်သည်ကို ကြေအေးစေ့စပ်ခဲ့လျှင် ပြီးပြေနိုင်စရာ ရှိကောင်းပါ၏။ ယခုတော့ သည်လို မဟုတ်တော့ပြီ။

တစ်ကြိမ်တွင် ရယ်စရာကောင်းသော ဖြစ်ရပ်နှင့် ကြုံရသေးသည်။ မင်းနှစ်ပါးက စည်းကမ်း သတ်မှတ်ထား၏။ 'မိမိတို့ ရှေ့တော်သို့ အခစားဝင်သူတိုင်းသည် ဖိနပ်ချွတ်၊ ဒူးထောက်၍ ဝင်ကြရမည်'။ ဝမ်းဆွဲဆရာမ မစ္စက်ရိုက်သည် မိဖုရား အဆောင်တော်သို့ ဝင်တိုင်း ဒူးထောက်၍ ဝင်ရသည်။ ကြာတော့လည်း ဝမ်းဆွဲ ဆရာမသည် ဒူးတွေ နာလာသည် ထင်ပါရဲ့။ အိမ်တော်ဝန်ထံသို့ ဝင်၍ ပြဿနာကို တင်ပြသည်။ ထိုစဉ်က အိမ်တော်ဝန် ဖြစ်နေသူ မစ္စတာကောက်စ်က 'ဒူးထောက် ခစားရန် မလို။ သို့သော် လိုအပ်သော အရိုအသေ ပြုမှုကို ထိုက်တန် သရွေ့ ပြုမူရမည်' ဟု ပြောလိုက်သည်။

ဝမ်းဆွဲဆရာမ မစ္စက်ရိုက်သည် နောက်တစ်ကြိမ် မိဖုရားကြီးထံ အခစား ဝင်သောအခါတွင် ဒူးမထောက်တော့ချေ။ မိဖုရားကြီးက စည်းကမ်းလိုက် နာရန် သတိပေးသောအခါ မစ္စက်ရိုက်က ပြန်၍ တင်၏။ 'အိမ်တော်ဝန်က ဒူးထောက် ခစားရန် မလိုဘူးလို့ ပြောပါတယ် ဘုရား'

မိဖုရားသည် ယခုတစ်ကြိမ်တွင်တော့ ဆူဆူညံညံ မလုပ်နိုင်ရှာပြီ။ အခြေအနေကို နားလည်လို့ပဲလား။ မနိုင်၍ သည်းခံရခြင်းဖြစ်သလား။ ဘာဖြစ်လို့လဲ မသိ။ စုဖုရားလတ်သည် မသိလိုက် မသိဖာသာ နေလိုက်ရရှာတော့သည်။

သို့သော် သည်မျှနှင့် ကိစ္စရပ်မသွားပါ။ ဝမ်းဆွဲဆရာမက ဒူးထောက် ခစားခြင်း မပြုတော့ပြီကို သိကြသော ကလေးထိန်း အာရးမ ကလေးများက သည်ပြဿနာကို အိမ်တော်ဝန်ထံ လာတင်ကြသည်။ မကြာမီက မီးဖွားခဲ့သော သမီးတော်ကလေးကို ထိန်းသိမ်းပြုစုရန် အိန္ဒိယ အမျိုးသမီးငယ်ကလေးများကို အခ ပေး၍ ငှားရမ်းထားရသည်။ သူတို့က မိမိတို့လည်း ဒူးထောက်ခစား ခြင်း မပြုပါရစေနှင့်၊ ဒူးတွေအနာဖြစ်လို့ ယောင်နေပါပြီဟု ဆိုသည်။ အိမ်တော်ဝန် စိတ်ညစ်သွားသလား မသိ။ သည်ကိစ္စကို မည်သို့မျှ အဆုံးအဖြတ်မပေး။ ဘာမှ ပြန်မပြောဘဲ မျက်နှာလွှဲနေလိုက်သည်။



# ၃

ယခုအခါတွင် မဒရပ်မြို့၌ ဘုရင်နှင့် မိဖုရား၊ သမီးတော် သုံးပါးတို့ စံမြန်းနေကြသည်။ မင်းနှစ်ပါးနှင့် မိသားစုကို မကြာမီ ရတနာဂီရိမြို့သို့ ပို့ပေးရန် စီစဉ်ထား၏။ မိဖုရားသည် နိုင်ငံရပ်ခြားတွင် စိတ်အားငယ်သလား မငယ်သလားတော့ မသိ။ ဘုရင်မင်းတရား ကမူ မိမိ၏ မိသားစုအတွင်း လူဦးရေ နည်းနေ၍ ဘဝင်မကျ။ မိမိ၏ယောက္ခမတော်သူ ဆင်ဖြူမရှင် မိဖုရားကို မြန်မာနိုင်ငံထားဝယ်မြို့မှနေ၍ မိမိထံသို့ ပို့ပေးပါရန်အင်္ဂလိပ်အစိုးရထံ တောင်းဆိုလိုက်၏။ မိဖုရား မယ်တော်ကသာ ဆန္ဒရှိလျှင် သည်ကိစ္စမှာ ဘာမျှ အခက်အခဲမရှိ။ ထို့ကြောင့် အင်္ဂလိပ် အစိုးရသည် ထားဝယ်ရှိ မယ်တော် ဆင်ဖြူမရှင်၏ သဘောထားကို လှမ်း၍ မေးမြန်းသည်။ ဆင်ဖြူမရှင်သည် သားမက်တော်နှင့် သမီးတော်တို့ကို စိတ်နာနေဆဲလား မသိ။ သမီးတော် စုဖုရားနှင့် များစွာ သဘောချင်း မတိုက်ဆိုင်ဟု အကြောင်းပြ၍ ငြင်းပယ်ခဲ့သည်။

မယ်တော် ဆင်ဖြူမရှင်၏ သဘောထားက ယခုတော့ ဘယ်လိုလဲ။ နန်းမှ ဆင်းခဲ့ရစဉ် 'ပူပူနွေးနွေး' အချိန်ကာလတုန်းက ထိုသို့ မဟုတ်။ ကြည့်ပါလား။ ဘုရင်နှင့် မိဖုရားတို့ မဒရပ်မြို့ ရောက်လာသော အခါ သီပေါဘုရင်ထံမှ မယ်တော်ဘုရားထံ ကြေးနန်းရိုက်လိုက်သည်။

**'သားတော် သမီးတော်များ မဒရပ်မြို့သို့ ကောင်းစွာ ရောက်ရှိပါပြီ။ အင်္ဂလိပ်အစိုးရက ကောင်းစွာ ပြုစုသည်၊ ယခု ယာယီစံနန်းမှာ ချမ်းချမ်းသာသာစံ နေပါသည်။ မကြာမီ စာထည့်လိုက်မည်'**

ထိုစဉ်က မယ်တော် ဆင်ဖြူမရှင်ကလည်း ကြေးနန်းပြန်ခဲ့၏။ မယ်တော်၏ ကြေးနန်းစာတွင် **'ပေးပို့လိုက်သော ကြေးနန်းစာကို ရသည်။ မယ်တော်တို့ ယခုအခါတွင် 'ကလိုက်' သဘော်ပေါ်မှာ ရှိနေကြသည်။ မယ်တော်၊ ထားဝယ်မြို့'** ဟု ဖော်ပြထားသည်။

ထိုစဉ်က သည်လို တစ်ဦးနှင့် တစ်ဦး မေးလို့ မြန်းလို့ ရှိခဲ့သော ဆင်ဖြူမရှင်နှင့် သီပေါဘုရင် မိသားစုတို့ အကြားတွင် ယခုတော့ ဘယ်သို့ ဖြစ်သည် မသိ၊ မယ်တော်သည် သမီးတော် စုဖုရားလတ်ထံသို့ မလာလိုပြီဟု ဆိုနေပြန်၏။ မယ်တော် ဆင်ဖြူမရှင်သည် 'အတိတ်' ကို 'အတိတ်' မှာ မထားနိုင် ထင်ပါရဲ့။

သမီးတော် စုဖုရား၏ အတိတ်က လုပ်ရပ်တွေမှာ ပစ္စုပ္ပန်ရောက်အောင်ပဲ မယ်တော်ကို ချောက်လှန့်နေကြဆဲ ထင်ပါရဲ့။

မဒရပ်မြို့တွင် စံမြန်းနေကြစဉ် ဘုရင်နှင့် မိဘုရားတို့သည် အလှူအတန်း ကလေးများ လုပ်နိုင်ကြသည်။ ဘုရင်မင်းတရားသည် ဘာသာရေးကို အလေး ကဲခဲ့သော စာတတ်ပေတတ် ပုဂ္ဂိုလ်တစ်ဦးပဲ မဟုတ်လား။ မိဖုရား စုဖုရားလတ်က လည်း အလှူအတန်းမှာ ရက်ရောခဲ့သော အလှူဒါယကာမတစ်ဦး ဖြစ်ခဲ့တော့ မဒရပ်မြို့မှာ အလှူအတန်းလုပ်ရန် မဖင့်နွှေးခဲ့ကြ။ သို့သော် ကြီးကြီး ကျယ်ကျယ် လှူခဲ့တန်းခဲ့ရသည် မဟုတ်ပါ။ ဗုဒ္ဓဘာသာဝင် ဘုန်းတော်ကြီး အချို့ကို စံနန်းသို့ ပင့်ဖိတ်၍ ဆွမ်းနှင့် အခြားလှူဖွယ်ပစ္စည်းများ ကပ်လှူကြသည်။

တစ်ကြိမ်တွင် မိမိနှင့် မိဖုရား စုဖုရားလတ်၏ မွေးနေ့ကို ရည်စူး၍ ရန်ကုန်မြို့ ရွှေတိဂုံစေတီမြတ်သို့ ရွှေသင်္ကန်း ကပ်လှူရန် ဘုရင်မင်းတရား အကြံရသည်။ ထို့ကြောင့် အိမ်တော်ဝန်မှ တစ်ဆင့် အင်္ဂလိပ် အစိုးရထံ စာတင် လိုက်သည်။ 'ဘုရင်နှင့် မိဖုရားကြီးတို့သည် ရွှေတိဂုံ စေတီတော်မြတ်သို့ အဝေးမှ နေ၍ ရွှေသင်္ကန်း ကပ်လှူလိုသည်။ ကူညီဆောင်ရွက်ပေးပါ'။

သို့သော် ဘုရင်နှင့် မိဖုရားတို့ အလှူမမြောက်ခဲ့ပါ။ အင်္ဂလိပ် အစိုးရက ခွင့်မပြုခဲ့။ ဘုရင်နှင့် မိဖုရားတို့သည် မည်သည့်နည်းနှင့်မျှ မြန်မာနိုင်ငံနှင့် အဆက်အသွယ် မရှိစေသင့်ဟု အင်္ဂလိပ် အစိုးရက ဆုံးဖြတ်လေသည်။ တကယ် တော့ သည်ကိစ္စကား လှူရေးတန်းရေးကိစ္စမဟုတ်လား။ ဘာသာရေးကိစ္စ မဟုတ်လား။ အင်္ဂလိပ် အစိုးရသည် ဘာသာရေး ကိစ္စကလေးကိုမှ လွတ်လပ်စွာ ဆောင်ရွက်ခွင့် မပြုတော့ဘူးလား။

တစ်ခုတော့ စဉ်းစားစရာ ရှိ၏။ ထိုအချိန်တွင် မြန်မာနိုင်ငံ တစ်ဝန်း၌ ရှေးဦး နယ်ချဲ့တော်လှန်ရေး တိုက်ပွဲများ ဖြစ်စပြုပြီ။ နတ်မောက်နယ်တွင် မင်းကြီး ရွှေလရောင်တို့၊ မင်းဘူးနယ်တွင် ဗိုလ်ဥတ္တမတို့၊ ရှမ်းပြည်နယ်တွင် ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်တို့သည် ရာရာလက်နက်ကို ကိုင်စွဲ၍ နယ်ချဲ့ အင်္ဂလိပ်တို့ကို တော်လှန်တိုက်ခိုက်နေသည်။ အင်္ဂလိပ်အစိုးရသည် ရတနာပုံ နေပြည်တော်ကို သိမ်းပိုက်ရသည်မှာ လွယ်ကူပါ၏။ သို့သော် ယခုလို ပုန်ကန် တော်လှန်သူများကိုမူ နှိမ်နင်းရခက်နေလေသည်။ သည်အချိန်မှာ ဘုရင်နှင့် မိဖုရားတို့က မြန်မာပြည်မှ ရွှေတိဂုံစေတီကို ရွှေသင်္ကန်း ကပ်လိုသည် ဆိုတော့



အင်္ဂလိပ် အစိုးရကလည်း တွေးပေလိမ့်မည်။ ပူပန်ပေလိမ့်မည်။ ဘုရင်နှင့် မိဖုရား တို့၏ လုပ်ရပ်သည် မြန်မာလူထုကို စည်းရုံးသလို ဖြစ်နေမလား။

သို့နှင့်ပင် ဘုရင်နှင့်မိဖုရားတို့သည် ရွှေတိဂုံစေတီတော်အား ရွှေသင်္ကန်း ကပ်လှူရန် အစီအစဉ်ကို လက်လျှော့ကြရပြီ။

မိဖုရားသည် ပြည်ဝေး နန်းဝေး စံနေရစဉ်မှာပင် အလုံ့အပကို ခုံမင်မြတ် နိုးနေဆဲ ဖြစ်၏။ ယခုအခါတွင် ကွယ်လွန်သွားသော သားတော်ကလေး အပါ အဝင် သားတော် သမီးတော် ၄ ပါး ဖွားမြင်ခဲ့ပြီ။ တစ်သားမွေး တစ်သွေးလှသတဲ့။ ယခုအခါတွင် စုဖုရားလတ်သည် အသက်လည်း ငယ်သေးသည်။ အရွယ်လည်း တင်သေးသည်။ အလှအပကိုလည်း ခုံမင်မြတ်နိုးနေဆဲ ဆိုတော့ လှတုန်းလှဆဲပါပဲ။

မဒရပ်မြို့တွင် စံနေကြစဉ် မိဖုရားများ ဖြစ်ကြသော စုဖုရားလတ်နှင့် စုဖုရားငယ်တို့သည် သီပေါမင်းတရားထံ နံနက်တိုင်း ပြိုင်တူအခစား ဝင်ရသည်။ မိဖုရားများသည် မိမိတို့ကိုယ်ကို အထူးမွမ်းမံ ခြယ်သ၍ အလှပြင်ပြီးမှ ဘုရင်မင်း တရားထံ ခစားကြခြင်း ဖြစ်သည်။ မိဖုရားများ၏ လက်တွင် ပန်းစည်း တစ်စည်းစီ ကိုင်၍ ဘုရင်မင်းတရားအား ဆက်သကြသည်။ ထိုအချိန်မှာပင် ဆွေရေးမျိုးရေး သားသမီးရေးတို့ကို ဘုရင်မင်းတရားနှင့် မိဖုရားတို့ တိုင်ပင် ဆွေးနွေးကြရလေ သည်။

သီပေါဘုရင်နှင့် မိဖုရားများအတွက် အင်္ဂလိပ်အစိုးရ၏ စီစဉ်ပေးချက်ဖြင့် ဓာတ်ပုံဆရာတစ်ဦးသည် စံနန်းတော်သို့ မကြာခဏ အခစား ဝင်သည်။ ဘုရင်နှင့် မိဖုရားတို့ကို ဓာတ်ပုံရိုက်ရန် ဖြစ်သည်။ ဖမ်းဆီးထားသော သုံ့ပန်းဘုရင်ကို ကမ္ဘာသို့ တင်ပြရန် အင်္ဂလိပ် အစိုးရက စီစဉ်တာလည်း ဖြစ်နိုင်သည်။ သို့သော် ဘုရင်မင်းတရားနှင့် မိဖုရားကြီးတို့က သဘောမတူခဲ့။ သီပေါဘုရင် မင်းတရား၏ မင်းမြောက်တန်ဆာ ငါးပါးမှာ ရတနာပုံ နေပြည်တော်မှာ ကျန်ခဲ့သည်။ ယင်း မင်းမြောက်တန်ဆာ ငါးပါးတို့ကို မိမိတို့ထံ ပို့ရပေးမည်ဟု သီပေါမင်းက အင်္ဂလိပ် အစိုးရထံ တောင်းဆိုသည်။ မင်းမြောက်တန်ဆာ ငါးပါး ဝတ်ဆင် ပြီးမှသာ မိမိဓာတ်ပုံ အရိုက်ခံနိုင်မည်ဟုလည်း ဘုရင်က ကြေညာသည်။ သို့နှင့် အင်္ဂလိပ် အစိုးရသည် ဘုရင်မင်းတရား၏ ဓာတ်ပုံကို မရိုက်နိုင်ခဲ့။ မင်းမြောက် တန်ဆာ ငါးပါးကိုလည်း ယူမပေးခဲ့။

သီပေါဘုရင်က မိမိနှင့် မိမိရား စုဖုရားလတ်တို့ နန်းစံစဉ်က ရိုက်ထား သော ဓာတ်ပုံတစ်ပုံကို ဓာတ်ပုံဆရာထံ ပြ၏။ ဓာတ်ပုံက ရင်ဘတ်မှာ

ဆွဲထားသော လော်ကက်သီးတွင် ထည့်ထားသည့်ပုံ ဖြစ်သည်။ ဘုရင်နှင့် မိဖုရား နန်းပလ္လင်မှာ စံမြန်းနေစဉ်က ပုံဖြစ်၏။ ထိုပုံကို ပုံကြီးချဲ့ရန် ဘုရင်မင်းတရားက ဓာတ်ပုံဆရာကို ခိုင်း၏။ စုဖုရားလတ်က ဝင်၍ ကန့်ကွက်သည်။ ဓာတ်ပုံမှာ တစ်လက်မနှင့် တစ်လက်မခွဲအရွယ် ပုံသေးသေးကလေး။ ပြီးတော့ မိဖုရား၏ မျက်လုံးနေရာမှာ လည်း ဆေးသား အနည်းငယ် ပျက်နေသည်။ ထို့ကြောင့် ဓာတ်ပုံကို ကူးလျှင် လှလှပပ ရှိမည်မဟုတ်။ မိမိ၏ပုံမှာ အရုပ်ဆိုးနေမည်ဟု မိဖုရားက အကြောင်းပြ သည်။

ဓာတ်ပုံဆရာက မိမိ၏ အတတ်ပညာဖြင့် လှအောင် ကူးချဲ့ပေးပါမည်ဟု **အတန်တန်ပြော၏။ သီပေါ** ဘုရင်ကလည်း သဘောတူ၏။ သို့သော် မိဖုရား **စုဖုရားလတ်က ခေါင်း**ကို တွင်တွင်ကြီး ခါပြနေတော့ ဘုရင်မင်းတရားမှာ **ဘာမျှ မပြောသာပြီ။** မိဖုရားနှင့် ဆန့်ကျင်ဖက်လုပ်ရန် သီပေါဘုရင်မင်း**မြတ် ယခုထက်ထိ သတ္တိ မရှိသေး**ဘူးလား။ သို့မဟုတ် ရွေခြားမြေခြား တစ်နယ်**ဝေး**မှာ **နမတော် စုဖုရား စိတ်**ငြိုငြင်မည့် ကိစ္စကို ဘုရင်မင်းတရား ရှောင်လွှဲလိုသလား။

**မိဖုရားနှင့်** ဆန့်ကျင်ဘက် ဖြစ်မည့် ကိစ္စကို ဘုရင်မင်းတရားက ရှောင်မြဲ **ဖြစ်သည်က အမှန်**။ သတိရပါသေးရဲ့။ မဒရပ်မြို့သို့ ရောက်ပြီးလေးလအကြာ **သမီးတော်ကလေး** ဖွားလုဆဲဆဲတုန်းက ဖြစ်ရပ်တစ်ခု။ မိဖုရား မီးဖွားရန်အတွက် **အင်္ဂလိပ်အစိုး**ရက ဒေါက်တာ ဘရန်ဖုကို ငှားထားသည်။ သမီးတော်ကလေး **မီးဖွားတော့**မည့်ဆဲဆဲ မိဖုရားဝမ်းနာလာသောအခါ မြန်မာနိုင်ငံမှ မိဖုရား **စိတ်ကြိုက်**ခေါ်ယူလာသော 'နန်းတွင်းလက်သည်က' မိဖုရား၏ ဝမ်းဗိုက်ကို ဝင်နှိပ်ပေးသည်။ နန်းတွင်းလက်သည်က ဝမ်းဗိုက်ရှိ မနှိပ်အပ်သော နေရာတွေကိုပါ နှိပ်သောအခါ ဆရာဝန်ဘရန်ဖုက တား၏။ မရ။ သို့နှင့် ဆရာဝန်က မိမိသည် မိဖုရား၏ ကိုယ်ဝန်ကို မီးဖွားပေးရန် တာဝန်မယူပြီဟု ပြောတော့သည်။ ဘာမဟုတ်တာကလေးနှင့် ဖြစ်ရသော ပြဿနာပါပဲ။ ထိုကိစ္စကို အိမ်တော်ဝန်က သိတော့ သီပေါမင်းတရားကို မေးလာ၏။

သီပေါမင်းတရားသည် ဘာမှ ရေရေရာရာ မဖြေနိုင်ခဲ့။ ဘာဖြစ်လို့လဲ။ ဘုရင်မင်းတရားသည် မိဖုရားကို ဘာမျှ မလွန်ဆန်နိုင်သော အခြေအနေသို့ ရောက်နေသည် ထင်ရဲ့။

**သီပေါ**ဘုရင်မင်းတရားနှင့် မိဖုရား စုဖုရားလတ်တို့ မိသားစုသည် မဒရပ်မြို့တွင် ၅ လခန့် နေထိုင်ခဲ့ကြသည်။ ဘုရင်နှင့် မိဖုရားတို့သည် မိသားစု



နှင့် အတူ ၁၈၈၆ ခုနှစ် ဧပြီလ ၁၀ ရက်နေ့တွင် ရတနာဂီရိမြို့သို့ 'အက်စ်အက်စ် ကလိုက်' သင်္ဘောဖြင့် ထွက်ခဲ့ကြသည်။

ရတနာဂီရိမြို့တွင် ဘုရင်နှင့် မိဖုရားတို့အတွက် သီးသန့်အိမ်ကြီးနှစ်လုံး ငှားရမ်း ပေးထားသည်။ အင်္ဂလိပ် အစိုးရက ဘုရင့်မိသားစုကို အတတ်နိုင်ဆုံး ပြုစုရန် ကြိုးစားပေးကြပါ၏။ ရေခဲ၊ ဟင်းသီးဟင်းရွက်နှင့် အသားများပါမကျန် မဒရပ်မြို့မှ နေ၍ သင်္ဘောဖြင့် ပို့ပေးသည်။

၁၈၈၇ ခုနှစ် ဧပြီလ ၂၅ ရက်နေ့တွင် မိဖုရား စုဖုရားလတ်သည် နောက်ထပ် သမီးတော်ကလေး တစ်ပါးကို ဖွားမြင်ခဲ့ပြန်သည်။ မွေးလည်း မွေးနိုင်တဲ့ မိဖုရားပါပဲ။ မွေးလာသမျှလည်း သားတော်မပါ။ သမီးတော်တွေချည်း ဖြစ်နေသည်။ စုစုပေါင်း သမီးတော် ၄ ပါး ရှိပြီ။

ရတနာဂီရိမြို့တွင် စံမြန်းနေကြစဉ် စုဖုရားလတ်သည် ညီမတော် စုဖုရားငယ်ကို ပြုစုယုယမှု မရှိခဲ့သဖြင့် ပြဿနာ အနည်းငယ် ပေါ်ခဲ့သေးသည်။ စုဖုရားငယ်သည် ရတနာဂီရိသို့ ရောက်ကတည်းကပင် ကောင်းစွာ ကျန်းမာသည်ဟူ၍ မရှိ။ တရှောင်ရှောင်နှင့် ဖြစ်နေသည်။ အစာ ကောင်းစွာ မစား၊ ပျော်ပျော်ပါးပါး မရှိ။ သို့နှင့် ကိုယ်ခံအင်အား နည်း၍ ဖျားလိုက်နာလိုက် ဖြစ်နေသည်။ ဤသည်မှာ စုဖုရားငယ်ခမျာ စိတ်မချမ်းသာမှု ဝေဒနာကြောင့် စိတ်ထောင်းလို့ ကိုယ်ကျေ ဖြစ်နေသလား မေးစရာ ရှိသည်။ အကြောင်းမှာ ဘုရင်သည် လည်းကောင်း၊ မိဖုရားကြီးသည် လည်းကောင်း စုဖုရားငယ်ကို ပြုစုစောင့်ရှောက်မှု နည်းကြသည်။ နောက်ဆုံးတော့ စုဖုရားငယ်က တောင်းဆိုသည်။ မိမိကို ထားဝယ်မြို့ရှိ မယ်တော်ဖုရားထံသို့ ရေလမ်းမှ အမြန်ပို့ပေးပါတော့ တဲ့။

သို့သော် ထိုသို့ ပို့ပေးရန် မလိုပြီ။ ၁၈၈၈ ခုနှစ်တွင် မယ်တော်ဆင်ဖြူမရှင်သည် ရတနာဂီရိသို့ ရောက်လာတော့သည်။ ထားဝယ်မြို့တွင် အင်္ဂလိပ်အစိုးရအား ပုန်ကန်မှု အနည်းငယ် ဖြစ်ပွားခဲ့သည်။ ထိုအမှုတွင် ဆင်ဖြူမရှင်သည် တစ်နည်းမဟုတ်တစ်နည်း ပတ်သက်နေသည်ဟု ဗြိတိသျှအစိုးရက စွပ်စွဲသည်။ သို့နှင့် ဆင်ဖြူမရှင် မိဖုရားကို ထားဝယ်မှာ မထားနိုင်။ ရတနာဂီရိသို့ ပို့မည်ဟုသက်ဆိုင်ရာ အာဏာပိုင်တို့က ဆိုသည်။ သည်တော့ ဆင်ဖြူမရှင်သည် အတန်တန် တောင်းပန်ရပြီ။ 'ရတနာဂီရိသို့ မပို့ပါနှင့်။ သမီးတော် သားမက်တော်တို့နှင့်က သိပ်ပြီး အဆင်ပြေလှသည်မဟုတ်။ တခြားသင့်တော်ရာတစ်နေရာသို့ ပို့ပါ'။

အင်္ဂလိပ်အစိုးရက အလျှော့မပေး။ ရတနာဂီရိမှာ သီးခြားစံအိမ် ရပါစေမည်ဟု ကတိပြုသည်။ ရတနာဂီရိမှလွဲ၍ တခြားလည်း ပို့ရန် နေရာ မရှိဟုလည်း ဆိုသည်။ နောက်ဆုံးတော့ ၁၈၈၈ ခုနှစ် ဩဂုတ်လတွင် ဆင်ဖြူမရှင်မိဖုရားသည် သင်္ဘောအတန်တန် မီးရထား အတန်တန်စီး၍ ရတနာဂီရိသို့ ရောက်ခဲ့ရသည်။

သီပေါဘုရင်မင်းတရားက မယ်တော်ဆင်ဖြူမရှင် မိဖုရားကို ဝမ်းသာစွာ ကြိုဆိုခဲ့ပါ၏။ စုဖုရားလတ်ကလည်း သည်အတိုင်းပါပဲ။ 'ဝေးတစ်သက်သက်' ဆိုသော စကားအတိုင်း ဖြစ်လိမ့်မည်။ ဆင်ဖြူမရှင်ကို သီးခြားစံအိမ်ဖြင့် မထားပါနှင့်။ မိမိ၏ စံအိမ်မှာပင် အတူနေပါရစေဟု သီပေါဘုရင်က ဆို၏။ စုဖုရားလတ်ကလည်း သဘောတူ၏။ သို့နှင့် ဆင်ဖြူမရှင်မိဖုရားကြီးသည် သီပေါဘုရင်နှင့် စုဖုရားလတ်တို့ စံအိမ်မှာပင် ဥမကွဲသိုက်မပျက် နေခဲ့သည်။ သို့သော် သိပ်မကြာလိုက်ပါ။ 'ဥကွဲသိုက်ပျက်' ဖြစ်ပေါ်လာသည်။ အစတုန်းကတော့ 'ဝေးတစ်သက်သက်' ပါပဲ။ ယခုတော့ 'နီးတကျက်ကျက်' ဖြစ်လာပြီ။

သီပေါဘုရင်နှင့် စုဖုရားလတ်တို့က တစ်ဖက်၊ မယ်တော် ဆင်ဖြူမရှင်က တစ်ဖက် ပြဿနာ အစွန်းအစ ကလေးတွေ ပေါ်လာသည်။ တကယ်ဆိုတော့ မယ်တော် ဆင်ဖြူမရှင်မှာ အိုကြီးအိုမနှင့် နန်းကို စွန့်ခဲ့ရသည်။ ပင်လယ်ခရီးတွေ အတန်တန် သွားခဲ့၊ ကုန်းလမ်းခရီးတွေ အတန်တန် ကျော်ခဲ့ရသည်။

သည်ဒုက္ခတွေ၏ အရင်းခံ တရားခံသည် သားမက်တော်ဘုရင်နှင့် သမီးတော် စုဖုရားတို့ကြောင့် မဟုတ်လား။ သူတို့ မလိမ္မာလို့ နန်းပလ္လင်ကြီး ပြိုခဲ့ရသည် မဟုတ်လား။ တွေးမိတိုင်း 'အရိုးနာ' ရှာသော မိဖုရားသည် 'အမျိုးပါ ဆဲချင်သည် မဆဲချင်တော့ မသိ။ ဘုရင်နှင့် မိဖုရားအပေါ် မကျေနပ်ဖြစ်နေမည်တော့ အမှန်။ သည်တော့လည်း ဘုရင်နှင့် မိဖုရားတို့က တစ်ဖက်၊ မယ်တော်က တစ်ဖက် မသင့်မတင့်တွေဖြစ်၊ ပြဿနာတွေပေါ်၊ ငြင်းရ ခုန်ရ၊ အော်ရဟစ်ရ၊ ပြောရ ဆိုရ ရှိလာသည်။ ထို့ကြောင့် ဆင်ဖြူမရှင် မိဖုရားကို သီခြားစံအိမ်ဖြင့် စံစေရန် အင်္ဂလိပ် အစိုးရက စီစဉ်ရလေသည်။

နောက်တွင်မူ မယ်တော် ဆင်ဖြူမရှင်သည် သမီးတော် စုဖုရားကြီးနှင့်အတူ ရန်ကုန်မြို့သို့ ပြန်သွားခဲ့၏။ ဆင်ဖြူမရှင် မိဖုရားသည် ၁၉၀၀ ပြည့်နှစ်တွင် ရန်ကုန်မြို့၌ပင် နာမကျန်းဖြစ်၍ ကွန်လွန်ရှာခဲ့သည်။ သမီးတော် စုဖုရားကြီးမှာမူ သီလရှင် ဘဝဖြင့် အရိုးထုတ်သွားခဲ့ပြီး မင်းကွန်းတွင် ကွယ်လွန် ရှာလေသည်။



၁၉၁၀ ပြည့်နှစ်တွင် အင်္ဂလိပ် အစိုးရသည် သီပေါဘုရင်အတွက် စံအိမ်တော် အသစ်ကို ခန့်ညားစွာဆောက်လုပ်ပေးခဲ့သည်။ စံအိမ်တော်သစ်မှာ ရူပီငွေ တစ်သိန်းကျော် ကုန်ကျသည်။ ခန့်ညား လှပသော စံအိမ်တော်ပါပဲ။ ၊သည်လိုစံအိမ်တော်သစ်နှင့် စံမြန်းရသဖြင့် ဘုရင်နှင့် မိဖုရားတို့မှာ ကျေနပ်ဝမ်းသာ ရှိကြတော့မည် အမှန်၊ သို့သော် ထူးခြားသည်မှာ စုဖုရားလတ်သည် စံအိမ်တော် ဟောင်းတွင်စံစဉ်ကလည်းကောင်း၊ စံအိမ်တော်သစ်မှာ စံစဉ်ကလည်းကောင်း၊ ပြင်ပကမ္ဘာနှင့်လုံးဝအဆက်အသွယ်ပြတ်နေခြင်း ဖြစ်သည်။

မိဖုရားကြီးသည် အပြင်လောကနှင့် အဆက်အဆံ ကင်းသည်။ လေကောင်း လေသန့်ရှူဖို့ပင် စံအိမ်တော်အပြင်သို့မထွက်ခဲ့ဟုဆိုသည်။ သီပေါဘုရင်သည်သာ တစ်ခါတရံ မြင်းရထားဖြင့် ရတနာဂီရိ ဝန်းကျင် ဒေသများသို့ ထွက်၍ လည်ပတ်လေ့ ရှိခဲ့၏။ မိဖုရားကြီးက အပြင်လောကနှင့် မဆက်ဆံလိုသည်မှာ အဘယ်ကြောင့်နည်း။

နန်းကျမိဖုရား တစ်ပါးအဖြစ် မျက်နှာ မပြလို၍လား။ အရှိန်အဝါ ဩဇာ တန်ဖိုးမဲ့နေသော အချိန်တွင် မိမိတို့အပေါ် မထေ့မဲ့မြင် မရိုမသေပြုမူလာခြင်းကို ရှောင်ရှားရန် အတွက်လား၊ အဖြေကိုတော့ မိဖုရားကြီး ကိုယ်တိုင်မှပင် ကောင်းစွာ သိပေလိမ့်မည်။

စံအိမ်တော်သစ် အကြောင်းနှင့် ပတ်သက်၍ ပြောစရာ ရှိသည်က အိမ်တော်တက် မင်္ဂလာပွဲ ဖြစ်သည်။ အိမ်တော်တက် မင်္ဂလာပွဲကို ခန့်ခန့်ညားညားနှင့် ဖြစ်စေလိုသည်ကတော့ ဘုရင်နှင့်မိဖုရားတို့ ရင်တွင်းမှာ ဖြစ်ခဲ့သည့် ဆန္ဒပဲ။ သည်တော့ အိမ်တော်တက် မင်္ဂလာပွဲအတွက် ခမ်းခမ်းနားနား ဖြစ်ရန် စီစဉ်ပေးကြရသည်။ ဘုရင့်အပါးတော်မြဲ ဝန်ထောက်မင်း ဦးစံရွှေက သည်ကိစ္စကို ပြည့်စုံအောင် မြန်မာပြည်သို့ လာရောက် ကြိုးပမ်းလေသည်။

၁၉၁၀ ပြည့်နှစ် အောက်တိုဘာလတွင် ဦးစံရွှေသည် မြန်မာနိုင်ငံမှနေ၍ အိန္ဒိယပြည်သို့ ပြန်ခဲ့၏။ သူနှင့်အတူ မြန်မာပြည်၌ နာမည်ရနေသော စိန်ဗေဒါဆိုင်းအဖွဲ့၊ သံဃာတော် ဆရာတော်များထဲမှ မိုးကောင်းဆရာတော်၊ ဘောမဲ့ ဆရာတော်၊ မောက်ကျိုး ဆရာတော် စသော ဆရာတော် သံဃာတော်များ ပါရှိသွားခဲ့သည်။ စိန်ဗေဒါ ဆိုင်းအဖွဲ့တွင် ဆိုင်းအဖွဲ့ဝင် ၂၀ နှင့် စောင်းပညာရှင်

ဒေဝဣန္ဒာ မောင်မောင်ကြီးတို့ ပါဝင်၏။ ဘုရင့်စံအိမ်တော်တက် မင်္ဂလာပွဲတွင် ညှော်ခံရန် စုစုပေါင်း လူ ၈၀ ခန့် ပါသွားခဲ့၏။

စိန်ဗေဒါနှင့် ဆိုင်းအဖွဲ့သည် သီပေါဘုရင် စံအိမ်တော်သို့ ရောက်သည်နှင့် ခရီးပန်းလာသည်ကိုမျှ အပန်းမဖြေနိုင်၊ ဘုရင်နှင့် မိဖုရားတို့ကို ဆိုင်းတော်ဖြင့် ကန်တော့ရသည်။ ဘုရင့်ဘုန်းတော်ဘွဲ့ကို စိန်ဗေဒါ ဆိုင်းအဖွဲ့က သီဆိုတီးမှုတ် ညှော်ခံလိုက်ပါ၏။ သို့သော် အိမ်နိမ့်စံ နေရရှာသော ဘုရင်မင်းတရားနှင့် မိဖုရားကြီးသည်ဘုန်းတော်ဘွဲ့သီချင်းကိုကြားသောအခါ မျက်ရည်ကျမိရှာကြသည်ဟုဆို၏။

ဘုန်းမရှိတော့သော ချိန်တွင် သည်သီချင်းတော်က လှောင်ပြောင်နေသလို ဖြစ်နေလို့လား။ သို့မဟုတ် သည်သီချင်းကို ကြားရသဖြင့် ဘုရင်နှင့် မိဖုရားသည် အတိတ်ကာလ ရွှေထီးဆောင်းရသည်ကို သတိ**ရ၍ ကြေကွဲဝမ်းနည်း** ဖြစ်ကြရှာလေသလား။

မည်သို့ပင်ဖြစ်စေ တိတ်ဆိတ်ပြီး စိတ်**ချောက်ချားဖွယ်**ရာ နေထိုင်ခဲ့ရသော စံအိမ်တော်တွင် ဆိုင်းသံ သီချင်းသံ စည်စည်**ဝေဝေ ဖြစ်**နေခြင်းအတွက် ဘုရင်နှင့် မိဖုရားတို့သည် ကျေနပ်အားကျဖြစ်ကြမည် မလွဲပါ။ ဘုရင့်စံအိမ်တော်တက် မင်္ဂလာပွဲသို့ ဘုံဘေ ဘုရင်ခံ ဆာကျော့ကလပ်လည်း လာရောက်သည်။ စိန်ဗေဒါ၏ ဆိုင်းဝိုင်းကြီးမှာ မြိုင်ဆိုင်လှပါ၏။ ဂီတသင်္ကေတကို မသုံးပဲ စနစ်တကျ တီးနေခတ်နေသည်မှာ အားရစရာကြီးပဲ။ ဒါကိုမြင်တော့ ဘုံဘေဘုရင်ခံသည် အံ့သြဘနန်း ကြုံရပြီ။ ဘယ်လိုများ တီးကြ မှုတ်ကြတာလဲ။ သိပ်ပြီး ထူးဆန်းလှပါကလား။

သည်တော့ စိန်ဗေဒါက ရှင်းပြသည်။ မိမိတို့မှာ ဂီတသင်္ကေတ မလို၊ နားဖြင့် အမှတ်သညာ ပြု၍ တီးကြမှုတ်ကြရသည်။ အင်္ဂလိပ်တီးလုံး တစ်ခုကိုပင် ချက်ချင်း မှတ်သား၍ ချက်ချင်း ပြန်တီးပြပါမည်ဟု ဆို၏။ သို့နှင့် ညှော်ခံပွဲရောက် ဘင်ခရာတီးဝိုင်းက အင်္ဂလိပ်တီးလုံး တစ်ခုကို တီးပြသည်။ စိန်ဗေဒါနှင့် အဖွဲ့သည် ထိုတီးလုံးကို မြန်မာဆိုင်းဝိုင်းဖြင့် ချက်ချင်းပင် ပြန်တီးပြလိုက်၏။ ဘုံဘေဘုရင်ခံမှာ တအံ့တသြ ဖြစ်ရသည်။ မြန်မာဆိုင်း အဖွဲ့ကို ချီကျူးမဆုံး ဖြစ်ရလေသည်။

မြန်မာဆိုင်းဝိုင်းကြီး ဂုဏ်သိက္ခာ တက်ရတော့၊ ဘုရင်နှင့် မိဖုရားကြီးတို့လည်း တပြုံးပြုံး ဖြစ်ခဲ့သည်။ ထို့ကြောင့်ပင် စိန်ဗေဒါအား 'နေမျိုးဗလကျော်သူ' ဘွဲ့တံဆိပ်ပါ နဖူးစည်း ရွှေပြားနှင့် ရင်ထိုးရွှေတံဆိပ်ကို ချီးမြှင့်ပေးအပ် လိုက်လေ



သည်။ သည်နေရာတွင် ပြောစရာကလေးတစ်ခု ရှိသည်။ သီပေါဘုရင် မင်းတရားသည် စိန်ဗေဒါ၏အမှုတော်ထမ်းကောင်းပုံကို နှစ်မြို့က်လွန်းသဖြင့် မူလက 'သတိုး' ဘွဲ့ပေးရန် ကြံရွယ်ခဲ့သည် ဆို၏။ သို့သော် ဆိုင်းတော်ဖြင့် ညှော်ခံနေစဉ် စိန်ဗေဒါ၏ တစ်ပည့်တစ်ဦးက ဆိုင်းတီးမှားသွား၏။ ထိုအခါ ဒေါသကို မထိန်းနိုင်သော စိန်ဗေဒါသည် မိမိတီးနေသော ပတ်လုံးကို ချွတ်၍ ထိုတပည့်ကို ပစ်ပေါက်ခဲ့မိသည်။ သည်ဖြစ်ရပ်အတွက် သီပေါမင်းတရားက စိတ်မချမ်းမသာ **ဖြစ်ခဲ့၏**။ ဘုရင်မင်းတရားနှင့် မိဖုရားကြီးတို့ ရှုစားနေသည့်ပွဲကို သည်လို **ရုတ်ရုတ်**သဲသဲ အရေးအခင်းဖြစ်အောင်ဖန်တီးခြင်းမှာ ဘယ်လို သဘောလဲ။ ဘုရင်နှင့် မိဖုရားတို့ကို စော်ကား လေသလား။ အာဏာမဲ့ချိန်မို့ မထီလေးစား လုပ်လိုက်လေသလား။

ထို့ကြောင့်ပင် 'သတိုး' ထက် အဆင့်နိမ့်သော 'နေမျိုးဘွဲ့'ကိုသာ စိန်ဗေဒါ ရရှိခဲ့ခြင်း ဖြစ်သည်ဟု မှတ်တမ်းအချို့က ဆိုသည်။ သို့သော် ရွှေဘုံနိဒါန်းလာ ထုံးတမ်းစလေ့ စည်းကမ်းများရဆိုလျှင် 'မင်းမှာ သတိုး၊ ကျွန်မှာ နေမျိုး'တဲ့။ မင်းမျိုး မင်းနွယ်မှသာ 'သတိုး' ဘွဲ့ပေးရမြဲ ဖြစ်သည်။ မင်းမျိုး မဟုတ်မှု၊ အမှုထမ်းများကို 'နေမျိုး' ဘွဲ့ပေးရသည်။ သည်တော့ စိန်ဗေဒါ ရခဲ့သည့် 'နေမျိုးဘွဲ့'သည် အဆင့်အတန်း အလိုက်ဆိုက အမှန်ပဲ ဖြစ်ပေလိမ့်မည်။

စိန်ဗေဒါသည် နောက်တစ်နှစ်တွင်လည်း အိန္ဒိယနိုင်ငံသို့ တစ်ခေါက် ရောက်ခဲ့ပြန်၏။ သည်တစ်ကြိမ်တွင် သမီးတော်လေးပါးနားသမင်္ဂလာပွဲအတွက် ဖြစ်သည်။ သမီးတော်တို့မှာ ယခုထက်ထိ နားသမင်္ဂလာ မပြုရသေး။

နန်းတော်တွင်းမှာ ဆိုပါက သမီးတော်များကို သင့်တော်ရာ မင်းသားတွေနှင့် လက်ဆက်ပေးရန် အရွယ်ပဲပေါ့။ ယခုတော့ ရေခြား မြေခြားမှာ သမီးတော်တွေကို လက်ဆက်ပေးရန် သင့်တော်သူ မရှိ။ ပြီးတော့ လက်ထပ်မည် ဆိုလျှင်ပင် နားသ မင်္ဂလာ ပြုပြီးမှ ဖြစ်တော့မှာပေါ့။ သို့နှင့် သမီးတော် ၄ ပါး၏ နားသမင်္ဂလာပွဲကို စိန်ဗေဒါဆိုင်းနှင့် ညှော်ခံ၍ ခမ်းနားစွာ ကျင်းပခဲ့ရလေသည်။

သမီးတော်များ၏ နားသမင်္ဂလာပွဲကား အချိန်မီ ကျင်းပနိုင်ခဲ့သည်ဟု ဆိုရတော့မည်။ သမီးတော် 'ထိပ်စုမြတ်ဖုရားကြီး' သည် စံအိမ်တော်စောင့် အမှုထမ်းဖြစ်သူ အိန္ဒိယအမျိုးသားတစ်ဦးနှင့် မေတ္တာသက်ဝင်ခဲ့သည်။ ဒါကလည်း နောက်မှ သိရသည်။ သမီးတော်မှာ မျိုးခြား အမှုထမ်းတစ်ဦးနှင့် မသင့်မတော်

ဖြစ်ရတော့ ဘုရင်ရော မိဖုရားကြီးပါ များစွာ ကြေကွဲ ဝမ်းနည်း ဖြစ်ရ၏။ သို့သော် အခြေအနေအရပ်ရပ်မှာ ထိန်းမနိုင်သိမ်းမရ ဖြစ်ခဲ့ပြီ။ သည်အခြေအနေတွင် ဘယ်သို့မှ မတတ်နိုင်တော့၍ ဘုရင်နှင့် မိဖုရားတို့ခမျာ မျက်စိမှိတ်၍ ခေါင်းညိတ်လိုက်ရရှာသည်။ သမီးတော် ထိပ်စုမြတ်ဖုရားကြီး မီးဖွားသော အခါတွင်ကား မြေးမလေး 'တုတု' ကို ဘုရင်နှင့် မိဖုရားကြီးတို့က အသည်းတုန်အောင် ချစ်ခဲ့ကြလေသည်။

ပထမ သမီးတော် လက်ထပ်သွားပြီးနောက် ဒုတိယ သမီးတော်က ပြဿနာ လုပ်လာ၏။ ဒုတိယ သမီးတော်သည် သီပေါဘုရင့် လက်သုံးတော် အမှုထမ်း 'ခင်မောင်လတ်နှင့် ချိုးရာလိုက်ပြေးခဲ့၏။ မိဖုရား စုဖုရားလတ်သည် သည်ကိစ္စတွင် ဒုတိယ သမီးတော်ကို များစွာစိတ်ဆိုးခဲ့သည်။ ပထမ သမီးတော် လက်ထပ်ခဲ့သည်မှာ မိမိ၏ အမှုထမ်း ဖြစ်သော်လည်း တိုင်းခြား အမျိုးသား မဟုတ်လား။ ယခု ခင်မောင်လတ်ကား မိမိအမှုထမ်း ဖြစ်ရုံမကသေး မြန်မာအမျိုးသားလည်း ဖြစ်တော့ တကယ့် 'ငယ်ကျွန်' နှင့် မပေါင်းဖက်အပ်ဖူး မဟုတ်လား။ ဘုရင်နှင့် မိဖုရားကြီးတို့၏ သိက္ခာကိုမကသေး ကုန်းဘောင် မျိုးနွယ်၏ သိက္ခာကိုပင် ကျဆင်းစေသော ဒုတိယ သမီးတော်ကို စုဖုရားလတ်က သေခန်း ရှင်ခန်း ဖြတ်လိုက်၏။ စိတ်အနာကြီး နာလေပြီ။

အမှန်တော့ မိဖုရားသည် မွေးထုတ်ခဲ့သော အမေပေကိုး။ နာပေမပေါ့။ သို့သော် စဉ်းစားစရာ ရှိသည်က သည်ကိစ္စသည် သွေးသား ပြဿနာပေပဲ။ အချိန်တန် အရွယ်ရောက်လာသော မိန်းမပျို တစ်ဦးအဖို့ မိမိ၏ သွေးသားမှ တောင်းဆိုနေသော ဆန္ဒကို ဖြေဖျောက်လိုခြင်းမှာ သဘာဝပဲ။ သည်သဘာဝကို နားလည်သော မိဖတို့က သမီးကညာ အခါမလင့်အောင် ဆောင်ရွက်ပေးဖို့ တာဝန်ရှိသည် မဟုတ်လား။ ဘုရင်နှင့် မိဖုရားတို့သည် ယင်းတာဝန်ကို ကျေပွန်ခဲ့သလား။ မေးစရာ ရှိပါ၏။ မြန်းစရာ ရှိပါ၏။ စူးစမ်း စရာ ရှိပါ၏။ ထိုသို့မေးမြန်း စူးစမ်းခဲ့လျှင် အဖြေမှာ. . .။

# ၁၀။ ကေရိုစုဖုရား၏ နောက်ဆုံးနေ့ရက်များ

## ၁

သီပေါမင်းတရားနှင့် မိဖုရားခေါင်ကြီး စုဖုရားလတ်တို့သည် သမီးတော် များ၏ အိမ်ထောင်ရေးအတွက် လျစ်လျူမရှုခဲ့၊ စဉ်းစားတန်သလောက် စဉ်းစားခဲ့သည်မှာ အမှန်ပါပဲ။ သို့သော် ဘုရင်မင်းတရားတွင် ထုံးတမ်းစဉ်လာ မပျက်လိုသော အစွဲအလန်းရှိသည်။ ဘုရင့်သမီးတော်သည် မင်းသားစစ်နှင့်သာ လက်ဆက်ရမည်။ သို့နှင့် စုံစမ်းရှာဖွေလိုက်တော့ မြန်မာပြည်တွင် မင်းသားစစ် ဟူ၍ မရှိတော့ပြီ။ မင်းသားကပြားတွေ မင်းသား မဖြစ်တဖြစ်တွေသာ ရှိနေသည်။ သည်တော့ ဘယ်လိုလုပ်ပြီး သည်မင်းသား အမည်ခံတွေနှင့် သမီးတော်ကို လက်ဆက်ခွင့်ပြုနိုင်မှာလဲ။

သို့သော် မြင်းကမလှုပ် ခုန်ကလှုပ်လေသတဲ့။ ဘုရင်မင်းတရားနှင့် မိဖုရားကြီးတို့က မင်းသားစစ်မရ၍ သမီးတော်များ လက်ထပ်ရေးကို အလောတကြီး မစီစဉ်ပဲနေပါလျက် အင်္ဂလိပ်အစိုးရက ဝင်ပြီး ပူပန်ရှာသည်။ အင်္ဂလိပ် အစိုးရသည် မြန်မာနိုင်ငံရှိ မင်းသားငယ်တို့၏ ပညာအရည်အချင်း၊ မျိုးနွယ်၊ အလုပ်အကိုင်တို့မှစ၍စုံစမ်းသည်။ အသက်နှစ်ဆယ်အရွယ် အိမ်ထောင် မရှိသေးသူ မင်းသား ၁၂ ပါးကို တွေ့၏။ သို့သော်လည်း မင်းသားစစ်စစ် မဟုတ်ကြ။

စုံစမ်းရသမျှကို စာရင်းပြု၍ ဘုရင်နှင့်မိဖုရားထံပေးပို့သည်။ မေးခွန်းကိုပါ တစ်ပါတည်း ထည့်ပေးလိုက်၏။ 'သူတို့ထဲမှ စိတ်ကြိုက်ရွေးချယ်၍ သဘောတူသူကို သမီးတော်များနှင့် လက်ဆက် ရအောင်တဲ့...။

သို့သော် ဘုရင်မင်းတရား စိတ်ကြိုက်လည်း ရှာမတွေ့။ အင်္ဂလိပ်အစိုးရ၏ အကြံအစည်လည်း မအောင်မြင်နှင့် သမီးတော်တို့ လက်ထပ်ရေးမှာ ဝေးသည်ထက် ဝေးခဲ့၏။ ထိုစဉ်တွင် သမီးတော်များကို မိခင်သဖွယ် အုပ်ချုပ်လာသူ မိဖုရား စုဖုရားငယ်မှာ ၁၉၁၂ ခုနှစ်တွင် နာဖျားမကျန်းရှိ၍ ကွယ်လွန်ရှာသည်။ စုဖုရားငယ် ကွယ်လွန်ရှာတော့ သမီးတော်များအဖို့ အနီးကပ် ဆိုဆုံးမမည့်သူ မရှိတော့ပြီ။ ယင်းသည်ကပင် သမီးတော်တို့မှာ နီးရာလူများနှင့် လျှင်မြန်စွာ လက်ထပ်ဖြစ် စေခဲ့သလား။

နောက်တစ်ခု စဉ်းစားစရာ ရှိသည်။ သမီးတော်များသည် ခမည်းတော် မယ်တော်တို့၏ ဘဝအခြေအနေ ကျပ်တီးဆင်းရဲပုံကို မြင်ကြရသည်။ အင်္ဂလိပ်အစိုးရက ထောက်ပံ့သော လစာရိက္ခာတော်နှင့်၊ ဘုရင်နှင့် မိဖုရားတို့ အသုံးစရိတ်မှာ မကာမိခဲ့။ **အကြွေး** တင်လာသည်။ သည်တွင် စိတ်ညစ်စရာ ပေါ်လာသည်။ ဆင်းရဲ ကျပ်တီးမှုနှင့် စိတ်ညစ်စရာတွေကို ရင်ဆိုင်တိုးကြရသော သမီးတော်တို့သည် ဘာလုပ်ခဲ့ကြသလဲ။ သည်ဒုက္ခတွေကို မစဉ်းစားဘဲ ထွက်ပေါက်ရှာသည့် အနေဖြင့် ချစ်သူရှာခဲ့ကြခြင်းလည်း ဖြစ်နိုင်သည် မဟုတ် လား။

ဘုရင်နှင့် မိဖုရားတို့၏ ရတနာဂီရိစံ ဘဝဝယ် ဆင်းရဲကျပ်တည်းခဲ့ကြသည်မှာ အမှန်ပါ။ ရွှေနန်းတော်တွင်းမှာတုန်းက စာရင်းမရှိ အင်းမရှိ သုံးစွဲခဲ့ကြသော ဘုရင်နှင့် မိဖုရား။ ယခုအတိုင်းအတာနှင့် ပေးလာသော အင်္ဂလိပ်အစိုးရ၏ လစာတော်ငွေကို ဝေမျှသုံးစွဲရန်မှာ ဘယ်လိုမှ မဖြစ်နိုင်ပြီ။ မူလက ဘုရင်မင်းတရားအတွက် အင်္ဂလိပ်အစိုးရ၏ ထောက်ပံ့ကြေးငွေမှာ တစ်နှစ်လျှင် ၄၆၇၉၄ ကျပ် ဖြစ်သည်။ သို့သော် ယင်းငွေကို တစ်ပေါင်းတည်းမရ။ နောက်ပိုင်းတွင် အင်္ဂလိပ်အစိုးရကလျှော့၍ ပေးလာသည်အထိ လုပ်လာသည်။ မူလကပင် သတ်မှတ်သောငွေနှင့် မလောက်ငရှာသော ဘုရင်မင်းတရားမှာ ဟိုကချေးရ သည်ကငှားရနှင့် ကြွေးတွေ ပတ်လည်ဝိုင်းရှာပြီ။

**သီပေါဘုရင်သည် မိမိကြွေးငွေများ ပြေလည်ရေးနှင့် သက်သာချောင်ချိစွာ နေထိုင်ရေးအတွက်** မိမိပိုင်ရတနာများကို တစ်စတစ်စ ရောင်းချခဲ့ရသည်။ **နောက်ဆုံး ရောင်းစရာ** မရှိတော့မှပင် အရောင်းရပ်သွားသည်။ ဘစ်ဖက်မှလည်း



အင်္ဂလိပ် အစိုးရထံတွင် ရသင့်ရထိုက်သော မိမိအခွင့်အရေးများကို တောင်းဆိုရန် ရှေ့နေကိုပင် ငှားလိုက်သေး။ ဘုရင်မင်းတရားမှာ ရှေ့နေခများသာ မတန်တဆ ကုန်ခဲ့ရသည်။ တောင်းဆိုချက်များကိုကား ကျေနပ်လောက်အောင် မရ။

သည်ကြားထဲမှ အဆိုးရွားဆုံးကား ဘုရင်နှင့် မိဖုရားကြီးတို့ ပိုင်ဆိုင်သော **'နန်းစဉ် ငမောက်ပတ္တမြားကြီး'** နှင့် အခြား ရတနာပစ္စည်းများကို အင်္ဂလိပ်အစိုးရ အရာရှိများထံမှ ပြန်မရခြင်းပင်တည်း။

အကြောင်းဆိုက်လာတော့ ပြောလိုက်ရပေဦးမည်။ တကယ်တော့ အင်္ဂလိပ်အစိုးရ စစ်တပ်များသည် နိုင်ငံရေး ရည်ရွယ်ချက်၊ စီးပွားရေး ရည်ရွယ်ချက်များဖြင့် အထက်မြန်မာပြည်ကို သိမ်းယူခဲ့၏။ ထားတော့။ သူတို့ အလုပ်သည် မိမိတို့ ရရှိထားသော နယ်မြေဒေသ အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးပဲ မဟုတ်လား။

နန်းတော်အတွင်းရှိ ရတနာပစ္စည်းတွေကို အင်္ဂလိပ်အစိုးရ စစ်တပ်က အကြောင်း အမျိုးမျိုးပြ၍ သိမ်းယူခဲ့၏။ ဘုရင်နှင့် မိဖုရားတို့ထံမှ ရတနာပစ္စည်းတွေကိုပင် ဗိုလ်မှူးကြီး စလေဒင်က သိမ်းယူသွားသတဲ့။ နန်းတော်မှ ထွက်ခွာကာနီးတွင် စလေဒင်က ဘုရင်နှင့် မိဖုရားကို ပြောသည်။ 'အပြင်မှာ မိန်းမတွေ ယောကျ်ားတွေ စုဝေးနေကြသည်။ ဘုရင်နှင့် မိဖုရား ထွက်တော်မူစဉ်မှာ ရတနာတွေကို ဝိုင်းလု ကြလျှင် **အခက်**၊ သည်တော့ ရတနာပစ္စည်းများကို မိမိထံ စနစ်တကျ အပ်နှံထားလျှင် **အန္တရာယ်ကင်းလိမ့်မည်'**။

ဘုရင်နှင့် မိဖုရားတို့သည် **စလေဒင်၏** စကားကို ယုံလိုက်ကြ၏။ နန်းစဉ် ပတ္တမြားငမောက်ကျောက်ကြီးဖြင့် ပြုလုပ်ထားသော ဘုရင်လက်မှ လက်စွပ် အပါအဝင် ရတနာပစ္စည်း အတော်များများကို သေတ္တာကြီး နှစ်လုံးဖြင့် ထည့်၍ စလေဒင်ထံမှာ ပေးထားလိုက်ကြသည်။

ထိုနေ့က သည်လို ပေးလိုက်သော ပစ္စည်းတွေကို ဘုရင်နှင့် မိဖုရားတို့မှာ နောက်ထပ် ဘယ်တော့မှ မမြင်ကြရတော့ပြီ။ **ထိုကိစ္စနှင့် ပတ်သက်၍** အင်္ဂလန်ပြည့်ရှင် ဂျော့ဘုရင်ထံ **သီပေါဘုရင်မင်းတရားက** စာတစ်စောင်ရေးဖူးသည်။ ၁၉၁၁ ခုနှစ်က အိန္ဒိယပြည်သို့ **ဘိသိက်ခံယူရန်** ဂျော့ဘုရင် လာရောက်ခဲ့စဉ် **သီပေါဘုရင်က ရေးလိုက်သောစာ၌ 'အခြေအနေ** မပေး၍ မိမိသည် ဂျော့ဘုရင်နှင့် **လာရောက်** မတွေ့နိုင်သည်ကို ဝမ်းနည်းကြောင်း၊ မိမိပိုင် ငမောက်ပတ္တမြား

လက်စွပ်နှင့် စိန်နားကပ်အပါအဝင် ရတနာသေတ္တာကြီး နှစ်လုံးကို ဗိုလ်မှူးကြီး စလေဒင်ထံ ပေးအပ်ထားရာ ယနေ့အထိ ပြန်မရသေးကြောင်း' ဖော်ပြခဲ့၏။

စလေဒင်ထံ ပေးလိုက်သော ရတနာ ပစ္စည်းအပါအဝင် အင်္ဂလိပ် အစိုးရက သိမ်းယူသွားသော အဖိုးတန်ပစ္စည်းများ၏ တန်ဖိုးမှာ ထိုစဉ်က ကာလတန်ဖိုး ပင်လျှင် ကျပ်ကုဋေငါးထောင်ခန့် တန်သည်ဟု ဆိုသည်။ အခြားရတနာများကို ဖြင့် ထားပါတော့။ ငမောက်ပတ္တမြား တစ်လုံးတည်းပင် 'ပြည်တန်ပတ္တမြား' အဖြစ် ဆုံးဖြတ်ခဲ့သည် မဟုတ်လား၊ ငမောက်ပတ္တမြားကား ရာဇဝင်ချီ၍လာသော ပတ္တမြား ဖြစ်သည်။

အင်းဝမင်း လက်ထက်တော်အခါ မြန်မာသက္ကရာဇ် ၁၀၂၃ ခုနှစ်က ချင်းတွင်းရွာမှ 'ငမောက်' ဆိုသူက ဘုရင့်ထံ ဆက်သခဲ့၍ ငမောက်ပတ္တမြားဟု တွင်ခဲ့သည်။ ငမောက်ကျောက်မှာ ကွမ်းသီးလုံး အရွယ်ခန့် ရှိ၏။ စင်းလုံးချော ဖြစ်၍ အကွက်မဖော်ထားဟု ဆိုသည်။ တစ်ညတွင် သီပေါဘုရင်မင်းတရားက မိဖုရား အပျိုတော်များကိုခေါ်၍ ငမောက်၏ ထူးခြားသော စွမ်းအင်ကို ပြသည်။ နန်းတော်ဆောင် အတွင်းရှိ အခန်းတစ်ခန်းကို အလုံပိတ် မှောင်ချပြီး ကလပ်ပေါ်မှာ တင်ထားသော 'နန်းစဉ်ငမောက်' ပတ္တမြားကို ပြသည်။

ငမောက်ပတ္တမြားကား ညဉ့်မှောင်မှောင်တွင် မီးကဲ့သို့ ရဲရဲ တောက်နေ၏။ နွားနို့ထည့်ထားသော ပန်းကန်ထဲတွင် ထည့်ထားသော အခါ နွားနို့တွေ ပန်းနီရောင် တောက်နေသည်။ မင်းတုန်းဘုရင် မင်းတရား လက်ထက်တော်က ဖြစ်ရပ် ကလေးတစ်ခုကိုပင် သတိရသေးတော့။ ငမောက်ပတ္တမြားသည် နိုင်ငံရေး ပြဿနာ တစ်ရပ်ကိုပင် ဖြေရှင်းပေးခဲ့သေးသည် မဟုတ်လား။

ကင်းဝန်မင်းကြီး ဦးကောင်းသည် ချစ်ကြည်ရေး ခရီးအဖြစ် ပြင်သစ်နိုင်ငံတော်သို့ သွားရောက်ခဲ့၏။ ထိုစဉ်က မိုးကုတ်ရှိ ပတ္တမြားကျောက်တွင်းများမှ ကျောက်တူးဖော်ခွင့်ကို ပြင်သစ်ရတနာ ကုန်သည်ကြီးများထံ အရောင်းအဝယ် စကားပြောခဲ့သည်။ မြန်မာနိုင်ငံသို့ရောက်၍ထိုကိစ္စကို မင်းတုန်းဘုရင် မင်းတရားထံ တင်ပြတော့ ဘုရင်က သဘောမတူနိုင်။ သည်မျှ တန်ဖိုးထိုက်သော ရတနာတွင်းများကို တိုင်းခြား မနေရှင်တို့လက်သို့ အပ်ရန် ဘယ်လိုနည်းနှင့်မှ ဘုရင်မင်းတရား သဘောမတူနိုင်ပြီ။ သို့နှင့် မင်းတုန်းဘုရင် မင်းတရားသည် အားထားရသူ ရွှေပြည်ဝန်ကြီးဦးဘိုးလှိုင်နှင့် တိုင်ပင်သည်။ ရွှေပြည်ဝန်ကြီးသည် ပြင်သစ် ရတနာ ကုန်သည်ကြီးများကို ညဉ့်အချိန်တွင် နန်းတွင်းသို့ ဖိတ်၏။



အခန်းတစ်ခန်းကို အမှောင်ချပြီး နန်းစဉ် ငမောက်ပတ္တမြားကို ပြသည်။ သည်ပတ္တမြားကို အဖိုးဖြတ်ပါဟု ပြောသည်။ ပြင်သစ်ရတနာ ကုန်သည်တို့ လက်မှိုင်ချကြရ၏။ တန်ဖိုးမဖြတ်နိုင်ပါဟု ဝန်ခံသည်။ ဤတွင် ရွှေပြည်ဝန်ကြီး ဆင်ထားသော အကွက်ကို ဝင်ပြီ။ 'ဤကျောက်တစ်လုံးကိုမျှ သင်တို့ တန်ဖိုး မဖြတ်နိုင်လျှင် ဤကဲ့သို့သော ပတ္တမြားကျောက်တွေ အများအပြားထွက်မည့် ပတ္တမြားတွင်းတွေကို မည်သို့ တန်ဖိုးဖြတ်မှာလဲ' ဟု မေးလိုက်၏။ သည်တွင် အခက်အခဲတစ်ရပ် ပြီးပြေခဲ့သည်။ ပြင်သစ်သူဌေးတို့ လက်မြှောက်၍ ပြည်တော် ပြန်သွားခဲ့ရလေသည်။

ဤသို့ အဖိုးတန်သော ငမောက်ပတ္တမြား အပါအဝင် ရတနာ ပစ္စည်းများစွာကို အင်္ဂလိပ် အစိုးရက ပြန်မပေးခဲ့။ သီပေါ မင်းတရားက စာအတန်တန် ရေး၍ ပြန်တောင်းပါ၏။ မရချေ။ သည်ကဲ့သို့သော ကိစ္စရပ်များသည် ဘုရင်မင်းတရား၏ စိတ်ကိုညှင်းဆဲခဲ့ပြီ။ ထိုပြင် တစ်နေ့ထက်တစ်နေ့ တင်လာသော ကြွေးငွေများကလည်း ဘုရင်မင်းတရားအဖို့ စိတ်မချမ်းသာစရာတွေပဲ မဟုတ်လား။ အင်္ဂလိပ်အစိုးရက မဝရေစာပေးနေသော လခရိက္ခာတော်သည် ဘုရင်မင်းတရား၏ ဘဝကို ဆင်းရဲပင်ပန်းအောင် နှိပ်စက်ခဲ့ပြီ။

သည်အတွင်းမှာ ပထမသမီးတော်သည် အိမ်တော်စောင့် ဒရဝမ် အိန္ဒိယ အမျိုးသားနှင့် လည်းကောင်း၊ ဒုတိယ သမီးတော်သည် ငယ်ကျွန် ခင်မောင်လတ်နှင့် လည်းကောင်း လက်ထပ်သွားကြပြီ။ သည်ကိစ္စများကလည်း ဘုရင်မင်းတရား၏ စိတ်ကို ရက်ရက်စက်စက် ညှင်းဆဲခဲ့သည်။ သို့နှင့် သီပေါ မင်းတရားသည် သလွန်တော်မှာ ဘုံးဘုံးလဲခဲ့ရ၏။ ၁၉၁၆ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် သီပေါဘုရင် မင်းတရားသည် ရတနာဂီရိမြို့မှာပင် နတ်ရွာစံတော်မူခဲ့လေသည်။

သီပေါဘုရင် မင်းတရား နတ်ရွာစံသောအခါ ခင်မောင်လတ်နှင့် ခိုးရာလိုက်ပြေးသော ဒုတိယသမီးတော်က ခမည်းတော်၏အလောင်းကို လာရောက် ကန်တော့လိုသည်။ စိတ်ကြီးသောမိဖုရားစုဖုရားလတ်က သမီးတော်ကို လာခွင့်မပြု။ သည်မျှမိုက်မဲလှသောသမီးတော် ဝေးဝေးက နေပေရော့။ ဘုန်းတော်ကြီးဘုရားမှာ သမီးတော်၏စိတ်ဖြင့်ပင် နတ်ရွာလားခဲ့ရသည် မဟုတ်လား။

အမှန်တော့ စုဖုရားလတ်သည် အသက်လည်း ကြီးပြီ။ အရွယ်လည်း ကျပြီ။ သို့သော် စိတ်ကမလျှော့။ မိမိထင်လျှင် ထင်သလို ဆုံးဖြတ်၍ မထင်လျှင် မထင်သလို လုပ်တတ်သည်။ ယခုကိစ္စကိုပဲ ကြည့်ပါတော့။ နတ်ရွာစံ ခမည်းတော်

ဘုရင်မင်းတရားအား ဒုတိယသမီးတော်က နောက်ဆုံး ကန့်တော့မည်ကိုပင် ခွင့်မပြုတော့ပြီ။

သီပေါဘုရင်မင်းတရား နတ်ရွာစံသော် ဘုရင့် အလောင်းတော်ကို မြေမြုပ် ဂူသွင်းသင်္ဂြိုဟ်ရန် မိဖုရားကြီးက ခွင့်မပြုခဲ့ပေ။ ဘုရင့်မိဖုရား စုဖုရားငယ် ကွယ်လွန်စဉ်က မိဖုရား၏ အလောင်းကို ပထမ သစ်သားခေါင်း နောက်သံဖြူ ခေါင်းထဲမှာ အလုံပိတ်၍ အိမ်တော်ထဲမှာ သိမ်းဆည်းထားခဲ့သည်။ ယခု ဘုရင် မင်းတရား နတ်ရွာစံသော အခါတွင်လည်း ဘုရင့်အလောင်းတော်ကို သစ်သား ခေါင်းတစ်ထပ်၊ အပြင်မှ သံဖြူခေါင်းတစ်ထပ် ခေါင်းနှစ်ထပ်တွင် ထည့်၍ အလုံပိတ်ကာ စံအိမ် တော်ထဲမှာပင် သိမ်းဆည်းထားခဲ့လေသည်။

ဘုရင်မင်းတရား နတ်ရွာစံသောနေ့က ဖြစ်ရပ်ကလေး တစ်ခုမှာ အသည်း ထိတ်စရာ၊ မခံချင်စရာပါပဲ။ ထိုနေ့က ဘုရင့်အလောင်းတော် အနီးတွင် မတ်တပ် ရပ် ခစား၍ သမီးတော် သုံးပါး ငိုနေကြသည်။ အင်္ဂလိပ် အစိုးရခန့် အိမ်တော် နိုင်ငံရေး အရာရှိက သမီးတော်များကို 'ထိုင်၍ ငိုကြ' ဟု လာပြီး အမိန့်ပေးနေ သည်။ ပြီတော့ အိမ်တော် အရာရှိသည် ကုလား အစေခံများဖက် လှည့်၍ အတည်ပြောတာလား၊ ပြောင်ပြောတာလား မသိ၊ စကားတစ်ခွန်း ပြောလိုက်၏။

'ဟော့ ဘုရင်လည်း နတ်ရွာစံပြီ၊ ဒီတော့ သူတို့လည်း မင်းသမီးတွေ မဟုတ်တော့ဘူး၊ သူတို့ကို မင်းတို့ လက်ထပ်ချင်ရင် ကြိုက်ရာ ဝင်ဆွဲယူကြတော့'

အိမ်တော်အရာရှိ၏ စကားကို မင်းသမီးတွေလည်း ကြား၏။ သည်တော့ မင်းသမီးသုံးပါးစလုံးအသားဆတ်ဆတ်တုန်အောင် ဒေါသဖြစ်ကြရသည်။ ကုန်းဘောင် 'သွေး' ပါသောမင်းသမီးတွေမဟုတ်လား။ အာဏာမဲ့ချိန်မှာ သည်လို စော်ကားလာလို ခံရရိုးလား။ ထိုစဉ်က စိတ်ကြီးသော စတုတ္ထ သမီးတော် သည် ချက်ချင်းပင် စံအိမ်တော်ထဲ ပြေးဝင်သွား၏။ ပြီးတော့ ဓားရှည်တစ်ချောင်းကို ဆွဲယူပြီး နိုင်ငံရေး အရာရှိကို လိုက်ခုတ်သည်။ နိုင်ငံရေး အရာရှိမှာ အသက်ကို လု၍ ထွက်ပြေးသွားသဖြင့် ချမ်းသာရာ ရသွား၏။

ဘုရင်မင်းတရားနတ်ရွာစံတော်မူပြီးသော် အင်္ဂလိပ် အစိုးရသည် မိဖုရား စုဖုရားလတ် မိသားစုအပေါ် ထောက်ပံ့ကြေးများကို လျှော့လိုက်သည်။ ဘုရင်မင်းတရား ရှိစဉ်ကလို ငွေလုံးငွေရင်း များများ မပေးတော့ဘဲ တစ်နှစ်အတွက် ငွေတော်ကျပ် ၁၃၈၇၅ သာပေးတော့သည်။ ထိုအချိန်မှာ ပထမ ကမ္ဘာစစ်ကြီး ဖြစ်ပွားနေချိန်၊ ကမ္ဘာအရပ်ရပ်မှာ ကုန်ဈေးနှုန်းများ အဆမတန် တက်နေချိန်။



မိဖုရားကြီးသည် ထိုမျှ ငွေကလေးဖြင့် တစ်နှစ်တာအတွက် ဘယ်လိုများ သုံးစွဲရ မှာလဲ။

မိဖုရားကြီးသည် များစွာ အကျပ်အတည်း တွေ့ရာ၏။ ထို့ကြောင့်ပင် အင်္ဂလိပ် အစိုးရထံသို့ စာလွှာ အစောင်စောင် သွင်း၍ 'မိမိအား ယခုထက် ငွေပို၍ ထောက်ပံ့ရန်' တောင်းဆိုပါ၏။ မရခဲ့ချေ။ နောက်ပိုင်းတွင် မိဖုရားကို တစ်လကျပ် ၂၀၀၀ ထောက်ပံ့၏။ သမီးတော်များကို လစဉ် ကျပ် ၁၅၀ စီ ထောက်ပံ့သည်။ တစ်ဖန် မိဖုရားကြီးအား ထောက်ပံ့ငွေကို ၁၉၁၈ ခုနှစ် ဇန်နဝါရီလမှ စ၍ ၁၆၂၅ ကျပ်အထိ လျှော့ချခဲ့ ပြန်သည်။

၁၉၁၈ ခုနှစ်တွင် ပထမ ကမ္ဘာစစ်ကြီး ပြီးဆုံးသွားခဲ့၏။ သည်တွင် ကမ္ဘာ အရပ်ရပ်မှ နိုင်ငံရေး လှိုင်းဂယက်များ ငြိမ်စပြုလာပြီ။ ထိုအခါ အင်္ဂလိပ် အစိုးရက ဘုရင့်မိဖုရားကြီးနှင့် သမီးတော်များကို မြန်မာပြည်သို့ ပြန်ပို့ရန်စီစဉ်သည်။ သည်တော့ ဘုရင့်အလောင်းတော် သယ်ယူရေး ပြဿနာ ပေါ်လာလေသည်။

အင်္ဂလိပ် အစိုးရက သီပေါ ဘုရင့်အလောင်းတော်ကို ရတနာဂီရိမှာပင် ဂူသွင်းသင်္ဂြိုဟ်ရန် လိုလားသည်။ မိဖုရားကြီးကမူ ဘုရင့်အလောင်းတော်ကို မြန်မာပြည်သို့ သယ်ယူသွားမည်။ ရတနာပုံ နေပြည်တော်ရှိ ခမည်းတော် မင်းတုန်း ဘုရင်မင်းကြီး၏ ဂူသချိုင်းမှာပင် မြှုပ်နှံသင်္ဂြိုဟ်မည်ဟု ဆို၏။ အင်္ဂလိပ် အစိုးရက စဉ်းစားသည်။ ဤဘုရင့် အလောင်းတော်ကို အသုံးချ၍ မြန်မာပြည်မှာ နောက်ထပ် ဆူပူမှုများ ဖြစ်ပွားလာသော် မခက်ပါလား။ သည်သို့ ပုန်ကန်ထကြွမည် မဟုတ်ဟု ဘယ်သူက အာမခံမှာလဲ။

မိဖုရားကြီးက ဘုရင့်အလောင်းတော်မပါလျှင် မြန်မာပြည်သို့ မပြန်တော့ ပြီတဲ့။ ပြဿနာက လိပ်ခဲတင်းလင်း ဖြစ်ခဲ့၏။ ထို့ပြင် ရတနာဂီရိရှိ မိဖုရားကြီး ပိုင် မည်သည့် ပစ္စည်းကိုမှ မြန်မာနိုင်ငံသို့ သယ်ယူခွင့် မပြုနိုင်ဟု အင်္ဂလိပ် အစိုးရက ဆိုပြန်သည်။ သမီးတော်များကမူ အိမ်တော် အသုံးအဆောင် ပစ္စည်း များနှင့် မွေးထားသော ခွေးသုံးကောင်ကိုပါ သယ်ယူသွားမည်ဟု ဆိုနေပြန်သည်။

သို့သော် နောက်ဆုံးတွင် ပြဿနာသည် ပြီးပြေသွား၏။ ရတနာဂီရိရှိ ရွှေပြောင်းနိုင်သော ပစ္စည်းအချို့နှင့် ခွေးများကို မြန်မာပြည်သို့ သယ်ယူရန် အင်္ဂလိပ် အစိုးရက ခွင့်ပြုသည်။ ဘုရင့်အလောင်းတော်နှင့် စုဖုရားငယ်၏ အလောင်းတော်ကိုမူ ရတနာဂီရိမှာပင် ဂူသွင်းသင်္ဂြိုဟ်ရန် စုဖုရားလတ်က သဘောတူလိုက်လေသည်။ ဤတွင် ၁၉၁၉ ခုနှစ် မတ်လ၌ သီပေါဘုရင်နှင့်

စုဖုရားငယ်တို့၏ ရုပ်ကလာပ်များကို ရတနာဂီရိမြို့၌ပင် ဂူသွင်းသင်္ဂြိုဟ်ကြတော့၏။ ဂူသွင်းသင်္ဂြိုဟ်သည့် အခမ်းအနားသို့ စုဖုရားလတ် မတက် ရောက်ခဲ့။

ပြစ်ကတတ်ဆန်းနှင့် ပြည်ဝေး နန်းဝေး သင်္ဂြိုဟ်ခံရသော မောင်တော် ဘုန်းတော်ကြီး ဘုရား၏ နောက်ဆုံးအချိန်ကို မိဖုရားက မရှုမြင်ရက်ပြီ။

၁၉၁၉ ခုနှစ် ဧပြီလ ၁၀ ရက်နေ့တွင် မိဖုရားကြီးသည် သမီးတော် သုံးပါး၊ မြေးမလေး တုတု၊ မိဖုရားခေါင်ကြီး၏ အပျိုတော် မစ္စဒင်းရှင်း၊ မြန်မာ အမျိုးသားဘဏ္ဍာစိုး ဦးအော်ယော၊ အိမ်တော် နိုင်ငံရေးအရာရှိ အပါအဝင် အဖွဲ့ဝင် ၂၂ ဦးနှင့်အတူ ရတနာဂီရိမြို့မှ ထွက်ခွာလာခဲ့သည်။ ရန်ကုန်သို့ ရောက်ရှိသောအခါတွင် မိဖုရားခေါင်ကြီးနှင့် အဖွဲ့ကို ချာချီလမ်း (ယခု ကိုယ့်မင်း ကိုယ့်ချင်းလမ်း) ရှိ အဆောက်အဦး တစ်ခုတွင် နေရာချထားပေးသည်။ ချာချီလမ်းရှိ ယခင် ဖဆပလအဖွဲ့ချုပ် ဖြစ်ခဲ့သော အဆောက်အဦးကြီး၏ ဘေးမှ ဝင်ရသော လမ်းသွယ်အတွင်းမှာ မိဖုရား စံအိမ်တော်ရှိသည်။ စံအိမ်တော်မှာ ခန့်ခန့်ညားညား မဟုတ်တော့ပါ။ သာမန် နှစ်ထပ်တိုက်ကလေး မျှသာ ဖြစ်သည်။ ဘာမျှ ထည်ထည်ဝါဝါ မရှိ။ အင်္ဂလိပ် အစိုးရသည် အိမ်နိမ့်စံ မိဖုရားကိုပင် အဆင့်အတန်း မရှိသော အိမ်နိမ့်မှာ ထားလေပြီ။

မိဖုရားခေါင်ကြီးကို မြန်မာပြည်မှာ ပြန်လည် နေရာ ချထားသော်လည်း လွတ်လွတ်လပ်လပ် သွားလာခွင့်မရှိ။ မိဖုရားကြီးသည် မန္တလေး ရတနာပုံ နေပြည်တော်သို့လုံးဝ သွားလာခွင့်မရှိ။ တခြားလည်း ဘယ်နေရာကိုမှ လွတ်လပ်စွာ သွားလာခွင့် မရခဲ့။ မိဖုရားကြီး၏ အိမ်တော်ကို သံဆူးကြိုးများ ကာထားသည်။ ပုလိပ် အစောင့်အကြပ်များ ထူထဲစွာ ချထားသည်။ အိမ်တော် အဝင်အထွက်မှာပင် စစ်ဆေးပြီးမှ ဝင်ထွက်ခွင့် ပြုခဲ့၏။

ထိုစဉ်က မြန်မာ သတင်းစာ ဆရာများသည် 'အရှင် မိဖုရားခေါင်ကြီး စောင့်ရှောက်ရေး ကော်မတီ' ကို ဖွဲ့စည်းကြသည်။ မိဖုရားကြီးအတွက် လိုအပ်သော ဘာသာရေး လူမှုရေး အကူအညီများပေးရန် ဖြစ်သည်။ ယင်းကော်မတီတွင် ထိုစဉ်က အောင်မြင်နေသော စာရေးဆရာကြီး ဆရာလွန်း (သခင်ကိုယ်တော်မှိုင်း) နှင့် အခြားစာပေ ပညာရှင်များ ဖြစ်ကြသော နေရှင်နယ် ဦးမြင့်၊ လယ်တီပဏ္ဍိတ ဆရာ ဦးမောင်ကြီး၊ လွယ်အိတ်ကြီး ဦးဘလှိုင်၊ တတိယ သမီးတော်၏ ကြင်ယာတော် ထိပ်တင်ကိုယ်တော်ကြီး၊ မြန်မာ့အလင်း ဦးစိန်း၊ ဒေယျသတင်းစာ ပိုင်ရှင် ဆရာဒေယျ (ဦးယော) စသော ပုဂ္ဂိုလ်များ ပါဝင်ကြသည်။



သည်တွင် ကြုံရပုံကလေးကို ပြောရန် ရှိ၏။ မိဖုရားကြီး၏ စံအိမ်တော်တွင် ယင်းကော်မတီ၏ အစည်းအဝေးများကို တစ်ပတ်တစ်ကြိမ် သို့မဟုတ် တစ်[illegible] နှစ်ကြိမ် စသည်ဖြင့် တနင်္ဂနွေနေ့များ၌ ကျင်းပ၏။ လုပ်ငန်း ဆောင်တာများ[illegible] တိုင်ပင်ဆွေးနွေး ကြခြင်း ဖြစ်သည်။ ထိုသို့ ဆွေးနွေးပြီးကြသော် [illegible] ရှိသော မိဖုရားခေါင်ကြီးထံ အခစားဝင်ကြသည်။ အခစားဝင်သည် ဆို[illegible] မြန်မာ ဘုရင့်နန်းတော်မှာကဲ့သို့ပင် ဒူးတုပ်၍ ခေါင်းငုံ့ ခစားရ၏။ မော်ဖူးစေ ဆိုမှ မော်ဖူးခွင့်ရသည်။

ဆရာလွန်း (သခင်ကိုယ်တော်မှိုင်း) နှင့် အဖွဲ့ဝင်များသည် မိဖုရားကြီး စံမြန်းသော သလွန်တော်ရှေ့မှာ ခေါင်းငုံ့၍ ဒူးတုပ်ခစားနေစဉ် ပိုးထဘီသံ တရှန်းရှန်းဖြင့် မိဖုရားခေါင်ကြီး ကြွလာသည်။ မိဖုရားခေါင်ကြီးသည် နေရာတွင် ထိုင်ပြီးမှ မော်ဖူးခွင့် ရကြသည်။ သည်လိုနှင့် အာလာပသလ္လာပတွေ ပြောနေစဉ် မိဖုရားကြီးသည် သူ့ရှေ့ ကွမ်းအစ်ထဲမှ စာအိတ်များကို ယူ၍ ဆရာကြီး သခင်ကိုယ်တော် မှိုင်းနှင့် အဖွဲ့ဝင်များကို ခေါ်၍ပေးသည်။ သခင်ကိုယ်တော်မှိုင်း၏ စာအိပ်တွင် 'ဆရာလွန်း အသနားတော်မြတ်ခံရန်' ဟု မိဖုရားကြီး၏ လက်ရေးဖြင့် မပီမသ ရေးထား၏။ အခြားအဖွဲ့ ဝင်များ၏ စာအိတ်မှာလည်း နာမည် အသီးသီး ရေးထားသည်။

သခင်ကိုယ်တော်မှိုင်းက စာအိတ်ကို ဖွင့်ကြည့်လိုက်သောအခါတွင် အင်္ဂလိပ် ငွေကျပ် ၁၀ တန် တစ်ရွက် တွေ့ရ၏။ ထို့ကြောင့် 'အရှင် မိဖုရားကြီး သနား ချီးမြှင့်သော ငွေကို မယူပါရစေနှင့်' ဟု တောင်းပန်၍ ပြန်ပေးသည်။ မိဖုရားကြီးသည် များစွာ စိတ်ဆိုးသွား၏။ 'ဟဲ့ ဆရာလွန်းရဲ့၊ ကိုယ့်အရှင်သခင်က သနားတဲ့ ငွေတော်ကို မငြင်းရဘူး၊ တယ်ခက်တာကိုး' ဟု ငေါက်၏။ သို့နှင့် သခင်ကိုယ်တော်မှိုင်းခမျာ စိတ်မချမ်းမသာနှင့် ယူရသည်။ ကျန် အဖွဲ့ဝင်များလည်း ငြိမ်နေရ၏။

တကယ်တော့ အင်္ဂလိပ်အစိုးရက မဝရေစာ ပေးထားသော ငွေဖြင့် အသက်ဆက်နေရရှာသော မိဖုရားကြီးထံမှ ငွေကို ဘယ်သို့ ယူရက်ကြမှာလဲ။ မိဖုရားကြီးကား အပေးမလျော့။ သူ့ရှေ့တွင် ရှိနေသော ကွမ်းအစ် ငွေဖလားများထဲမှာ တစ်ကျပ်တန်၊ ငါးကျပ်တန်၊ တစ်ဆယ်တန်ငွေတွေကို အသင့်ထည့်ထားသည်။ အကြွေတွေလည်း ရှိ၏။ သူ့ထံ အခစား ဝင်သူတိုင်းကိုပင် ငွေဟော် ပေးကမ်းမြဲ ဖြစ်၏။ ဆရာဒေယျဆိုလျှင် တစ်မတ်၊ တစ်ကျပ်၊ ငါးကျပ် စသဖြင့်

အကြိမ်ကြိမ် ရခဲ့ဖူးလေသည်။ မယူပါရစေနှင့် တောင်းပန်လျှင် စိတ်ဆိုးမည်စိုး၍ မပြောဝံ့ဘဲ ယူခဲ့ရ၏။

ထိုအချိန်က မြန်မာပြည် အရပ်ရပ်တွင် မိဖုရားကြီးနှင့် ပတ်သက်၍သတင်းစကားဆိုသံတွေ ကြားနေရ၏။ လူသတ်တဲ့ မိဖုရားတဲ့၊ ရက်စက်တဲ့ မိဖုရားတဲ့။ သည်သတင်းစကားတွေကို မကြာခဏ ကြားရတော့ ဆရာကြီး သခင် ကိုယ်တော်မှိုင်းတို့ အဖွဲ့သည် တစ်ကြိမ်တွင် မိဖုရားကြီးထံ အခစားဝင်၍ မေးမြန်းကြည့်ကြသည်။

'အရှင်မိဖုရားခေါင်ကြီးဘုရား အမိန့်ဖြင့် မင်းတုန်းဘုရင်မင်းမြတ်၏ သားတော် သမီးတော် မင်းညီမင်းသား ၈၀ ကျော်တို့ကို သတ်ဖြတ်ခဲ့သည်ဆိုတာ အမှန်ပဲလား ဘုရား'

ထိုအခါတွင် မိဖုရားခေါင်ကြီးသည် နားထောင်နေပြီးမှ ခေတ္တ စဉ်းစားကာ ပြေဆိုခဲ့သည်။

'နင်တို့ ဘာတွေ ပြောနေကြတာလဲ၊ အဲဒီအချိန်တုန်းက ငါက အသက် ၁၉ နှစ်၊ မောင်တော်ဘုရားက ၂၀၊ နန်းတက်ကြ၊ ဘုရင်လုပ်ကြဆိုလို့သာ၊ မယ်ကော်နှင့် ဝန်ကြီးတွေခိုင်းတဲ့အတိုင်း နန်းပလ္လင်ပေါ် တက်ထိုင်ခဲ့ရတာ၊ သည်အရွယ်ဟာ ကလေးအရွယ်ပဲ ရှိသေးတယ်၊ တိုင်းပြည် အုပ်ချုပ်ဖို့ဆိုတာ ဘာမှနားလည်တဲ့ အရွယ် မဟုတ်ဘူး။ မင်းညီမင်းသားတွေကို သုတ်သင်လိုက်တယ်ဆိုတာ မဟုတ်ဘူး။ ငါတို့ နန်းတက်အပြီး ၆ လအကြာမှာ ဝန်ကြီးတွေ ပြောလို့သိရတာပဲ'

ဒါကတော့ မိဖုရားကြီး၏နှုတ်မှမိန့်ဟချက် ဖြစ်သည်။ သည်တွင် စဉ်းစားစရာ ပေါ်လာ၏။ မိဖုရားကြီးသည် တိုက်ရိုက် မငြင်းဆို၊ ငါမသတ်ဘူး မပြော။ သတ်ပြီးမှ သိရတာပဲဟု ဆိုခဲ့သည်။ အမှန်တရားသည် ဘာလဲ၊ စဉ်းစားတွေးခေါ်ကြရန် ဖြစ်နေပါပြီ။

ထိုစဉ်က ဂျီစီဘီအေ အသင်းကြီး၏ နဝမ ညီလာခံကို မန္တလေးမြို့တွင် ကျင်းပခဲ့၏။ ယင်းညီလာခံတွင် ဒီပဲယင်းဝန်ဟောင်း ဦးမြကြ သဘာပတိလုပ်သည်။ ထိုညီလာခံ၌ပင် ဦးမြကြ နယ်ချဲ့ဆန့်ကျင်ရေး ရဲရဲတောက် မိန့်ခွန်းမိန့်ကြားခဲ့သည်။ သည်တော့ မိဖုရားကြီး ရှေ့တော်သို့ အခစားဝင်ကြသော သခင်ကိုယ်တော်မှိုင်းက ထိုသတင်းကို တင်လျှောက်ကြ၏။

မိဖုရားကြီးက မေးသည်။

မိဖုရားကြီးသည် အင်္ဂလိပ် အစိုးရ အမှုထမ်းများကို ရှေ့တော်သို့ ဝင်ခွင့် မပြုခဲ့။ မတွေ့လိုဟု ငြင်းသည်။ တစ်ကြိမ်တွင် တတိယ သမီးတော်၏ မိတ်ဆွေ မစ္စတာ ဝှိုက်တင်းဆိုသူ အစိုးရအမှုထမ်း မဟုတ်သော အင်္ဂလိပ် အမျိုးသား တစ်ဦးသ[illegible] မိဖုရားကြီး၏ ရှေ့တော်သို့ ခစားခွင့် ရ၏။ သို့သော် နန်းတွင်း ထုံးစံဓလေ့ကို လက်ခံမှသာ ဖူးမြော်ခစားခွင့် ပြုမည်ဟု မိဖုရားက ဆို၏။ မစ္စတာ ဝှိုက်တင်းသည် ဒူးတုပ်၍ ရှိသေစွာ အခစားဝင်ခဲ့သည်။ သူကား ရန်ကုန်မြို့တွင် မိဖုရားကြီး စံမြန်းနေစဉ်က တစ်ဦးတည်းသာ ခစားခွင့် ရခဲ့သော မျက်နှာဖြူ အမျိုးသားပင်တည်း။

၁၉၂၅ ခုနှစ် ဒီဇင်ဘာလတွင် သီပေါဘုရင် မင်းတရား၏ မိဖုရားခေါင်ကြီး စုဖုရားလတ်သည် ရန်ကုန်မြို့ ချာချီလမ်း စံအိမ်တော်မှာပင် နတ်ရွာစံ ကံတော် ကုန်ခဲ့ရှာ၏။ မိဖုရားခေါင်ကြီး နတ်ရွာစံသောအခါတွင် မိဖုရားကြီး စောင့်ရှောက် ရေး ကော်မီတီက မန္တလေးမြို့သို့ အလောင်းတော်ကို သယ်ယူ၍ စည်ကားစွာ သင်္ဂြိုဟ်ရန် စီစဉ်ပါသေး၏။

မိဖုရားခေါင်ကြီး နတ်ရွာမစံမီက အမှာစကားတစ်ရပ် ရှိခဲ့သည်။ မိမိ နတ်ရွာစံလျှင် မန္တလေး ရတနာပုံ နေပြည်တော်ရှိ ခမည်းတော် မင်းတုန်း မင်း တရားကြီး အုတ်ဂူအနီးမှာ မြှုပ်ပါရန်၊ ပြီးတော့ ရတနာဂီရိရှိ မောင်တော် မင်းတရား၏ ရုပ်အလောင်းကိုလည်း ပြန်ယူ၍ မိမိ၏ အုတ်ဂူနှင့်အတူ မြှုပ်နှံ ရန်တည်း။

ထိုအချိန်က မြန်မာနိုင်ငံတွင် ဥပဒေပြု လွှတ်တော် အမတ်ရွေးကောက် ပွဲများ ကျင်းပနေသည်။ လွှတ်တော် ရွေးပွဲတွင် ဆာပေါ်ထွန်းက 'သရာဇပါတီ' နာမည်ဖြင့် ရွေးကောက်ပွဲဝင်၏။ သရာဇပါတီမှာ ပါတီသစ် ဖြစ်၏။ သရာဇမှာ ပါဠိစကား ဖြစ်၍ မြန်မာဘာသာဖြင့် 'ကိုယ်ပိုင်အုပ်ချုပ်ခြင်း' ဟုအဓိပ္ပာယ် ထွက်သည်။ ထိုစဉ်က ဓေယျသတင်းစာကို ဦးစီး ထုတ်ဝေနေသော ဆရာဓေယျ သည် ၅၁ လမ်းရှိ မဲရုံတွင် ဆာပေါ်ထွန်းအတွက် မဲရုံကိုယ်စားလှယ် လုပ်နေသည်။

ထိုစဉ် အရှင်မိဖုရားကြီး၏ တတိယ သမက်ဖြစ်သူ ထိပ်တင်ကိုယ်တော် ကြီးသည် မဲရုံရှိ ဆရာဓေယျထံ ပြေးလာ၍ 'အရှင်မိဖုရားကြီး မရှိတော့ဘူး၊ နတ်ရွာစံတော်မူပြီ' ဟု ပြောလာသည်။

သည်တွင် ဆရာဓေယျသည် မိဖုရားခေါင်ကြီး စောင့်ရှောက်ရေး ကော်မတီ ဝင်များကို စုရုံး၍ ချာချီလမ်း နေအိမ်သို့ ပြေးကြသည်။



ကော်မတီဝင်များသည် ချက်ချင်းပင် အစည်းအဝေး ထိုင်ကြသည်။ ဘာလုပ်ကြမလဲ စဉ်းစားကြသည်။ အားလုံးကပင် သဘောတူကြသည်။ မိဖုရား ခေါင်ကြီး၏ အလောင်းကို မန္တလေးမြို့သို့ သယ်ယူမည်။ မန္တလေး ရတနာပုံ နေပြည်တော်ရှိ ခမည်းတော် မင်းတုန်း ဘုရင်မင်းတရား၏ အုတ်ဂူအနီးတွင် သင်္ဂြိုဟ်မည်။

သို့သော် မိဖုရားခေါင်ကြီး အလောင်းကို မန္တလေး နေပြည်တော်သို့ သယ်ဆောင်ရန် အင်္ဂလိပ်အစိုးရက သဘောမတူပေ။ ထို့ကြောင့် ဘုရင်ခံ ဆာဟာ ကုတ်ဘတ္တလာသည် သည်ကိစ္စကို ဝင်တားရန် ကြံစည်ခဲ့၏။ ဘုရင်ခံသည် ညောင်ရွှေမြို့နေ စော်ဘွားကြီး ဆာစောမောင်ကို ကြေးနန်းရိုက်၍ ခေါ်၏။ ဆာစောမောင်မှာ အင်္ဂလိပ် အစိုးရက 'ဆာဘွဲ့' ဖြင့် သူကောင်းပြု ခံရသူ ဖြစ်တော့ ဘုရင်ခံ သဘောကျ လုပ်ကိုင်ပေးမည့်သူ ဖြစ်၏။

ဆာစောမောင်သည် ရန်ကုန်ရောက်ပြီး ဘုရင်ခံထံ သွားတွေ့သည်။ ပြီး တော့ ချာချီလမ်းရှိ မိဖုရားခေါင်ကြီး၏ အိမ်သို့ ရောက်လာ၏။ ဆာစောမောင် ရောက်လာစဉ်က မိဖုရားခေါင်ကြီး၏ အလောင်းပတ်ပတ်လည်တွင် ဆရာကြီး သခင်ကိုယ်တော်မှိုင်း (ထိုစဉ်က ဆရာလွန်း၊ မစ္စတာမောင်မှိုင်း) နှင့် မိဖုရားကြီး စောင့်ရှောက်ရေး ကော်မတီဝင်များ စုံညီ ရှိနေကြသည်။

ဆာစောမောင်သည် အိမ်တော်ပေါ် တက်လာသည်နှင့် ဝေါက်လိုက် ငမ်းလိုက် လုပ်လာသည်။ ပြီးတော့ ဆရာကြီး သခင်ကိုယ်တော်မှိုင်းတို့ သတင်းစာ ဆရာတစ်စုကို မြင်သော် 'ဟဲ့ အစ်မတော်ဖုရား အလောင်းတော်အနားမှာ ဘယ်က ကောင်တွေ လာပိုင်း နေကြတာလဲ။ မဆိုင်ရင်လဲ ခပ်ဝေးဝေး ဖယ်နေကြ စမ်း' ဟု ဆိုသည်။

ဆရာဓေယျနှင့် လူငယ်တစ်စုမှာ ခံပြင်းကြသည်။ သို့သော် ဆရာကြီး သခင်ကိုယ်တော်မှိုင်းကပင် ခေါင်းဆောင်၍ လူငယ်များကို ဆုံးမကာ မိဖုရားခေါင် ကြီး ရုပ်ကလာပ် အနီးမှ ရှောင်ပေးလိုက်ကြ၏။ မသာတော်အတွက် စကားပြောရ ဆိုရလျှင် မကောင်းဟု ဆရာကြီးကဆုံးမတော့ဆရာဓေယျတို့ လူငယ်တစ်စုမှာ မကျေ မနပ်နှင့်ပင် နောက်ဆုတ်ပေးလိုက် ကြရသည်။ မသာတော်ကို သပိတ် မှောက်၍ ထွက်လာခဲ့ကြ၏။

သည်လိုနှင့်ပင် မိဖုရားခေါင်ကြီး၏ အလောင်းတော်ကို မန္တလေးမြို့သို့ မသယ်ဖြစ်တော့ဘဲ ရန်ကုန်မှာပင် သင်္ဂြိုဟ်ခဲ့ကြသည်။ မိဖုရားခေါင်ကြီး၏

ဈာပနကိုခမ်းနားအောင်တော့ ကြိုးစားကြပါ၏။ အင်္ဂလိပ်အစိုးရကလည်း ဈာပနစရိတ်အတွက် ကူညီပါ၏။ သို့သော် ခမ်းနားသင့်သလောက်တော့ ခမ်းနား တင့်တယ်ခြင်း မရှိခဲ့။

တစ်ခုတော့ ထူးခြားပါ၏။ မိဖုရားခေါင်ကြီး သက်ရှိထင်ရှား ရှိစဉ်က မိဖုရားကြီးနှင့် မျက်နှာချင်း မဆိုင်ခဲ့သော မြန်မာပြည် ဘုရင်ခံ ဆာဟာကုတ် ဘတ္တလာသည် ဈာပန အခမ်းအနားသို့ အနက်ရောင် မြင်းစီးဝတ်စုံကို ဝတ်၍ မြင်းစီးပြီး တက်ရောက် လာခဲ့လေသည်။

မိဖုရားကြီးကား နတ်ရွာစံသည်အထိ ဆန္ဒတော်များ မပြည့်နိုင်ရှာပြီ။ မိဖုရားကြီး၏ ရုပ်ကလာပ်ကို ရန်ကုန်မြို့တွင်သာ၊ သာမန် မသာတော် အခမ်း အနား မျှဖြင့် သင်္ဂြိုဟ်ခဲ့ရ၏။ ရန်ကုန်မြို့ ရွှေတိဂုံ ခြေတော်ရင်းရှိ ယခု၊ သီရိ မင်္ဂလာပန်းခြံ (ကန်တော်မင်) ပန်းခြံတွင် အရှင် မိဖုရားခေါင်ကြီး စုဖုရားလတ်၏ ရုပ်အလောင်း ကို မြုပ်နှံသင်္ဂြိုဟ်ခဲ့ရ၏။

တစ်ချိန်က တန်ခိုးရှိန်ဝါ တောက်တောက်ဝင်းဝင်း ထိန်ထိန်လင်းလင်း ရှိခဲ့သော မိဖုရားခေါင်ကြီး စုဖုရားလတ်ကား ဤသို့ ဇာတ်သိမ်းခဲ့ပြီ။

မိဖုရားကြီး၏ ဖြစ်ရပ်ကို ကြည့်၍ နောက်လူတို့အဖို့ သံဝေဂ ယူစရာတွေ၊ ဆင်ခြင်စရာတွေ၊ စဉ်စားစရာတွေမှာ အနမတဂ္ဂပါတည်း။

တက္ကသိုလ်စိန်တင်

ရန်ကုန်မြို့
၁၉၇၆ ခုနှစ်။



## မှီငြမ်းပြုသောစာအုပ်များ


၁။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး (တတိယတွဲ) - ဦးမောင်မောင်တင်
၂။ နယ်လှည့်ရာဇဝင် - ဒေါက်တာသန်းထွန်း
၃။ နန်းခလေ့မှတ်တမ်းများ - မြကေတု
၄။ မန္တလေးမဟာရာဇဝင်တော်ကြီး - စစ်ကဲမင်းထင်ရာဇာ
၅။ ရက္ခနာသိခမဟာရာဇဝင် - ထိပ်တင်ဒွေး
၆။ အင်္ဂလိပ် မြန်မာ စစ်သမိုင်း - နတ်မောက်ဘုန်းကျော်
၇။ သတင်းစာများသည် သမိုင်းကို ပြောနေကြသည် - လူထုဦးလှ
၈။ မြန်မာ့အုပ်ချုပ်ရေး ပညာ - ဦးဘဦး
၉။ စိန်ဗေဒါ - ဦးဝင်းမြင့် (တာနိုင်င်)
၁၀။ သိသလောက်နှင့် မှတ်မိသမျှ (ဆောင်းပါး) - မြမျိုးလွင် (မန်းရာပြည့်မဂ္ဂဇင်း)
၁၁။ ပါတော်မူနန်းတွင်းပစ္စည်းများ(ဆောင်းပါး)- မြင့်ဆွေ (ရှုမဝမဂ္ဂဇင်း)
၁၂။ သီပေါမင်း နန်းတွင်းရေးနှင့် မြင်ကွန်းမင်း အတွင်းရေး အဏ္ဏုပွတ္တိ - အသျှင်ဥတ္တမဇုဒ္ဓိ
၁၃။ စာရေးဆရာကြီး ဇေယျ၏ ပြောပြချက်များ-
၁၄။ Into Hidden Burma Maurice Collis
၁၅။ The Deposed King Thibaw of Burma(Myanmar) in India (1885-1916) - W.S.Desai
၁၆။ Thibaw's Queen - H.Fielding
၁၇။ Mandalay The Golden - E.C.V Foucar
၁၈။ Burma After the Conquest - Grattan Gerry
၁၉။ The Lacquer Lady - Tennyson Jesse
၂၀။ The Pagoda War - A.T.Q. Stewart